


ဒို့တာဝန်အရေးသုံးပါး

ညွတ်မှုမပြိုကွဲရေး၊

ထုံ့ခိုင်မြဲရေး

## ပြည်သူ့သဘောထား

- ❖ ဖိနှိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ မီအေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး နှကျင်ကြ။
- ❖ ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❖ ~~အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုရရှိရေး~~
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ(တစ်)ခု ဖြစ်ပေါ်လာအောင် တည်ဆောက်ရေး
- ❖ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❖ စစ်မှန်သော မျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၁၇၇၀၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၇၁၃၀၆၁၁ |
| မျက်နှာဖုံးပန်းချီ | - ရဲအောင်နိုင်ခေါင် |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| ပုံနှိပ်ပြီးသည့်လ | - ဇူလိုင်လ ၂၀၁၁ |
| တန်ဖိုး | - ၂၂၀၀ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - အောင်သိန်းသန်း ပုံနှိပ်တိုက် အမှတ်(၁၃၈)၊ ဗိုလ်ချုပ်လမ်း၊ ၄၇ လမ်းထိပ်၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | - ဒေါ်ခင်မာချို ပန်းဝေဝေစာပေ ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

မင်းအုပ်စိုး ၈၉၅.၈၃
နွေဦးသက်တံ
မင်းအုပ်စိုး၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၁
၂၀၈-စာ၊ ၅ × ၇
နွေဦးသက်တံ

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | နွေဦးသက်တံရဲ့ နွေဦးသက်တံ | မင်းအုပ်စိုး | ၁ |
| ၂။ | သကြံနိရေ | အတာမောင် | ၁၀ |
| ၃။ | အစနဲ့အဆုံး | ဘုမိကျော် | ၁၆ |
| ၄။ | စက်ဘီး | ဒဿမင်း | ၁၉ |
| ၅။ | ဂမုန်းပေါင်းတစ်ထောင် | မင်းအုပ်စိုး | ၃၂ |
| ၆။ | [illegible]ကြောင့်တော့မဟုတ်ပါ | ခင်ကြည်ပြာဝင်း | ၃၈ |
| ၇။ | ပုံပြင်ပြောကြရအောင် | မောင်အောင်ခင် | ၄၆ |
| ၈။ | အငြိုးတစ်ခု၏ မျက်နှာစာများ | ပံသု | ၅၁ |
| ၉။ | အမေ့ခေါ်သံ | လူလေး | ၆၂ |
| ၁၀။ | ရင်နင့်အောင်လွမ်း | မင်းအုပ်စိုး | ၆၄ |
| ၁၁။ | တီးသံကြားရင် ကချင်တယ် | ကျော်မင်း | ၆၈ |
| ၁၂။ | ရေတက်ရေကျ | မောင်အောင်ခင် | ၇၂ |
| ၁၃။ | သူလည်းလေ ပန်းကြွေကောက်ပေမယ့် | မင်းမောင် | ၇၆ |
| ၁၄။ | အဖေနဲ့အမေအကြောင်း (၁) | မင်းအုပ်စိုး | ၈၀ |
| ၁၅။ | အဖေနဲ့အမေအကြောင်း (၂) | မင်းအုပ်စိုး | ၈၈ |
| ၁၆။ | အငြိမ့်မင်းသမီးကို ချစ်မိရင် | သစ္စာမောင် | ၁၀၀ |
| ၁၇။ | ရေမွှေး | မေသစ္စာကို | ၁၀၂ |
| ၁၈။ | အသုံးဝင်မှု | သထုံမောင် | ၁၀၅ |

# မာတိကာ


| | | | |
|---|---|---|---|
| ၁၉။ | မင်းသားမယား | ကျော်မင်း | ၁၁၁ |
| ၂၀။ | ဖိနပ် | မင်းအုပ်စိုး | ၁၂၂ |
| ၂၁။ | ပေါ်ပေါ်ကျတဲ့မိုး | ကျော်မင်း | ၁၂၉ |
| ၂၂။ | မြန်ဆုံပါရစေ | အုပ်ကြီး | ၁၃[illegible] |
| ၂၃။ | အဖေ့ကိုသာပြောပေးပါ | တန်ခူးနွယ် | ၁၃၇ |
| ၂၄။ | ပုံသကူ | မင်းအုပ်စိုး | ၁၄၁ |
| ၂၅။ | အခြားသောတမျက်နှာများ | ပံသု | ၁၄၉ |
| ၂၆။ | ကောင်းကင် | ဘုမိကျော် | ၁၅၂ |
| ၂၇။ | လှကြမ်းမျက်ရည် | ကျော်မင်း | ၁၅၄ |
| ၂၈။ | နောက်ရောက်လာတဲ့အကောင် | ဘုမိကျော် | ၁၆၅ |
| ၂၉။ | တစ်နေ့တခြား | မင်းအုပ်စိုး | ၁၆၆ |
| ၃၀။ | စောင့်ဆိုင်းခြင်း | အုပ်ကြီး | ၁၆၇ |
| ၃၁။ | ကျိုးကန်းတောင်းမှောက် | ပံသု | ၁၇၁ |
| ၃၂။ | သဲထဲရေသွန် | မင်းမောင် | ၁၈၀ |
| ၃၃။ | အဖေဆိုတာ | မင်းအုပ်စိုး | ၁၈၆ |
| ၃၄။ | ခွန်ခွာသွားသင့်မသွားသင့် | ကျော်မောင် | ၁၉၁ |
| ၃၅။ | အဝိုက | ကျော်မောင် | ၁၉၄ |
| ၃၆။ | လှကြမ်းတစ်ယောက်ရောင်းရန်ရှိသည် | ကျော်မင်း | ၂၀၀ |

# ငယ်ဘဝ ရဲ့ နွေဦးသဘော



မင်းခ

တခြားသူတွေကတော့ ဘဝဆိုတာကို ဘာနဲ့တင်စားကြသလဲမသိပါဘူး။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ဘဝကို နွေဦးကာလတစ်ခုနဲ့တင်စားချင်ပါတယ်။ နွေဦးဆိုတာဟာ နွေလည်းမပီပြင်ဘူး။ ဆောင်းလည်းမပြီးပြတ်သေးတော့ ပူရမှာ လိုလို၊ အေးရမှာလိုလို။ တစ်ခါတစ်လေမှာလည်း အခါမဲ့မိုးက ရွာချင်သလိုလို။ နွေဦးဆိုတော့ လေရူးတွေကလည်း ဝေ့လို့ဝဲလို့ တိုက်ခတ်လို့။ သစ်ပင်တွေအကုန် လုံးကတော့ အနိုးနဲ့ပြိုင်းပြိုင်း။ ရွက်ကြွေတွေဆိုတာကလည်း ဟိုတစ်စု၊ သည် တစ်စ။ နွေဦးကြောင့် သဘာဝတရားကြီးဟာ စနစ်တကျ နရီစည်းချက်မှန်ခွ မဟုတ်ဘဲ ကျောက်မီးသွေးမလောက်တော့တဲ့ မီးရထားခေါင်းဟောင်းကြီးတစ် လို တောင်ဆင်း တောင်တက်လမ်းတွေမှာ အရှိန်နဲ့ဆွဲသွားလိုက်၊ တစ်ခါတစ် တုန့်ကနဲ တုန့်ကနဲရပ်လိုက် စည်းမှန်ဝါးမှန် မရှိနိုင်သေးတဲ့ ကာလတစ်ခုပေါ့။

နွေလို့ မပီပြင်သေးတဲ့ နွေဦးပဲလေ ဒီလောက်တော့ရှိမှာပေ့ါ။ ကျွန်တော် ဘဝဟာလည်း နွေဦးတစ်ခုလိုပါပဲ။ အဆင်ပြေရတာတွေကြုံရတဲ့အခါကျတော့ လည်း ဆောင်းနှင်းလေးတွေ ပက်ဖျန်းခံလိုက်ရသလို စိမ့်ကနဲဖြစ်လိုက်၊ ကံဆိုး တွေနဲ့ မတွေ့ချင်ဘဲ ဆုံလိုက်ရတော့လည်း နွေနေပူထဲ လျှောက်လှမ်းရသလို ချွေးတပြိုက်ပြိုက်နဲ့ နဖူးကချွေး အပိစိထိကျလို့ပေ့ါ။ တစ်ရံတစ်ခါကျတော့လည်း မျှော်လင့်မထားတဲ့ ထောင့်ချိုးကွေ့တွေကနေ အဖျက်အမှောင့်တွေက အခါမဲ့ မိုးလို ဖြွန်းဖိုင်းနဲ့ ရောက်လာတတ်ကြပြန်တယ်။

နှစ်တွေများစွာကို မသိလိုက်မသိဘာသာ ဖြတ်သန်းလာခဲ့ပေမယ့် သူငယ်ချင်းမိတ်ဆွေတွေက တစ်ယောက်ပြီးတစ်ယောက် ဘူတာစဉ်တွေမှာ အလှည့်ကျ ဆင်းသွားကြပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်ဆိုတဲ့သစ်ပင်ကြီးလည်း အရိုးပြိုင်းပြိုင်းနဲ့ ဖြစ်မှန်းမသိဖြစ်လို့လာပေါ့။ တချို့တချို့ အချိန်တွေမှာ အားကုန်သုံးပြီး အမြီးတန်းအောင် ရှန်းနိုင်ပေမယ့် တစ်ခါတစ်လေကျတော့လည်း အင်ဂျင်ပိုင်မရှိတော့တဲ့ အင်ဂျင်ဟောင်းတစ်လုံးလို လူတစ်ကိုယ်လုံး ဒုက္ခတွေနဲ့ ပုလောင်ဂျွန်းဂျွန်းကျလို့။ ငွေကြေးတွေရော၊ အလုပ်ကြေးတွေရော၊ သံသရာကြွေးတွေရောကလည်း ကျွန်တော့်ဘဝမှာ ဟိုနားတစ်ပုံ သည်နားတစ်စ။ အဲဒါကြောင့်လည်း ကျွန်တော့်ရဲ့ဘဝဟာ လေရှူးတွေတိုက်တဲ့နွေဦးနဲ့ အလားသဏ္ဍာန် တူတယ်လို့ ကိုယ့်ကိုကိုယ် ခံစားမိတာပါ။

ဒီစာအုပ်မှာပါတဲ့ စာမူလေးတွေဟာ ကျွန်တော်တွေးမိသမျှ စဉ်းစားမိသမျှ စိတ်ကူးမိသမျှ ရင်ခုန်မိသမျှလေးတွေကို မရေးတတ်ရေးတတ်နဲ့ ရေးထားတဲ့ စာစုလေးတွေကို စုထုတ်ထားတဲ့ စာအုပ်ကလေးပါ။

နွေဦးမှာ သက်တံဆိုတာ ပေါ်ခဲပါတယ်။ တကယ်လို့များ ကံအကြောင်းတိုက်ဆိုင်လို့ သက်တံပေါ်ခဲ့ရင်လည်း နွေဦးမှာပေါ်တဲ့ သက်တံဖြစ်နေတဲ့အတွက် သူမှာရှိတဲ့ ရောင်စဉ်ခုနစ်သွယ်ဟာ အစွမ်းကုန် လင်းလက်တောက်ပနေမှာ မဟုတ်ပါဘူး။ နွေဦးမှာပေါ်တဲ့ သက်တံဆိုတော့ သူ့ရဲ့ ရောင်စဉ်ခုနစ်သွယ်ဟာ မှေးမှိန်နေမှာသေချာပါတယ်။

ကျွန်တော့်ရဲ့ ဒီစာအုပ်ကလေးဟာလည်း စာမျိုးစုံကို စုထုတ်ထားတဲ့ စာအုပ်ကလေးတစ်ခုဖြစ်နေတာမို့ အကြောင်းအရာစုံ၊ ပုံသဏ္ဍာန်အစုံ ပါပါတယ်။ သက်တံလေးတစ်ခုလိုပါပဲ။ ဒါပေမယ့်လည်း ကျွန်တော်ကိုယ်တိုင်က နွေဦးဖြစ်နေလေတော့ ကျွန်တော့်ဘဝမှာ ပေါ်လာတဲ့ သက်တံလေးဟာလည်း တခြားသူတွေရဲ့သက်တံတွေလို အရောင်အသွေးတောက်ပလင်းလက်စွာနဲ့ ထင်ထင်ရှားရှား လှလှပပဖြစ်မနေမှာသေချာပါတယ်။ နွေဦးမှာထွက်တဲ့သက်တံဆိုတော့ သက်တံမည်ပေမယ့်လည်း သက်တံပီမှာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း ဘယ်လို သက်တံပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ နွေဦးသက်တံလေးကို ဂုဏ်ယူဝမ်းမြောက်ပျော်ရွှင်စွာနဲ့ အမြတမ်းမော့ကြည့်နေမှာပါ။ တဖတ်ပရိသတ်ကြီးကိုလည်း ကျွန်တော့်ရဲ့သက်တံလေးကို ခဏလောက်ဖြစ်ဖြစ် မော့ကြည့်ရှုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**မင်းအုပ်စိုး**

အတာကူးတဲ့တန်ခူးလအခါမှာ နှစ်ဦးတေးသံသာ သူကလေးနဲ့ တွေ့ရ တာဟာ မေ့လည်းမမေ့နိုင်စရာ။ ကြားခဲ့ဖူးတဲ့ သီချင်းတစ်ပိုင်းတစ်စပါ။ ဘယ်သူ ရေးမှန်းလည်းမသိသလို ဘယ်သူဆိုခဲ့မှန်းလည်း မသိပါဘူး။ ဒါပေမယ့် ကျွန်တော့် ခေါင်းထဲမှာတော့ စွဲစွဲလန်းလန်း မှတ်မိနေတာပါ။ ဘာဖြစ်လို့ စွဲစွဲလန်းလန်း မှတ်မိနေတာလဲဆိုတော့ ကျွန်တော့်မှာလည်း အတာကူးတဲ့ တန်ခူးလမှာ မမေ့နိုင် စရာ အဖြစ်အပျက်တစ်ခုရှိခဲ့လို့ပါ။ အတာတူးတဲ့ တန်ခူးလ ရောက်တိုင်း ရောက်တိုင်း အဲဒီအဖြစ်အပျက်ကို ပြန်သတိရ ပြန်တွေးရင်း ကိုယ့်ကို ကိုယ်လည်း ပြန်ပြန်အပြစ်တင်မိပါတယ်။ မမေ့နိုင်စရာအဖြစ်အပျက်ဟာ အတာကူးတဲ့ တန်ခူးလရဲ့ သကြၤန်နဲ့ ပတ်သတ်ပါတယ်။

× × × × ×

မအိမ်မှတ်ရရ ကျွန်တော် ဆယ်တန်းဒုတိယနှစ်မှာပါ။ တစ်နှစ်လုံး စာမေး ပွဲအတွက် စာတွေကျက်၊ မတ်လမှာ စာမေးပွဲဖြေ စာကျက်ခဲ့တဲ့ဒဏ်၊ စာမေးပွဲက နှိပ်စက်တဲ့ဒဏ်တွေနဲ့ ကိုယ်ပန်းစိတ်ပန်းဖြစ်နေတဲ့အချိန်မှာ သကြၤန်ဟာ ကျွန်တော့် အတွက် လူရောစိတ်ရော ပြန်လည်လန်းဆန်း လာဖို့ အကောင်းဆုံး အချိန်တစ်ခုပါပဲ။ ပိုပြီး တော့ ကျွန်တော့်စိတ်ကို မြူကြွစေတာက ရှစ်တန်းကျောင်းသားအရွယ်ကတည်းက ကျွန်တော် တိတ်တခိုးချစ်ခဲ့ရတဲ့ ချစ်ဦးသူ မဖြူက ဒီနှစ်သကြၤန်မှာ အရင်တုန်းက သကြၤန်လို သူ့မိဘတွေနဲ့ ရန်ကုန်ကိုမသွားဘဲ ကျွန်တော်တို့ မြို့ကလေးရဲ့ သကြၤန်မှာပဲ ရေကစားမယ်ဆိုတဲ့အတွက် အိုင်ယာလန်ထီ ပေါက်သလိုကို ကျွန်တော် ခံစားနေရတာပါ။



အရင်သကြၤန်တွေတုန်းကတော့ သကြၤန်တွင်းလည်း မပျော်တတ်၊ လျှောက် လည်း မလည်တတ်၊ ရေလည်းမပက်တတ် တော့ အိမ်မှာပဲ စာအုပ်ဖတ်လိုက်၊ တောက်ခုံ တောက်လိုက်၊ ကြွေပစ်လိုက်၊ ခြင်းခတ်လိုက်နဲ့ ပေါ့။ တစ်ခါတလေ ရန်ကုန်ကို သကြၤန်သွား ကျတဲ့ ချစ်ဦးသူကို လွမ်း၊ ပြန်လာမယ့်ရက်ကို လက်ချိုးပြီးမျှော် အဲဒီအလုပ်တွေနဲ့ပဲ သကြၤန်

...က်တွေ ကုန်ဆုံးစေခဲ့တာပါ။ သင်္ကြန်တွင်းမှာ ဝတ်ဖို့ အဝတ်အစားဝယ်ဖို့ ပေးပို့ ...ကြန် ရက်ရောက်မှာတောင် ကြောက်နေခဲ့တဲ့ သူပါ။ တိတ်တခိုးချစ်ရတဲ့ ...ချစ်ဦးကို မြင်နေရခွင့်လေးတောင် ဆုံးရှုံးသွားမှာ စိုးတာကိုး။

ဒီနှစ်သင်္ကြန်မှာတော့ ပြောင်းပြန်ပေါ့ဗျာ။ ဧရာဝတီ ... ရယ်လဆန်းတစ်ရက်နေ့ ...ကတည်းက သူများတွေ ဧပရယ်ဖူးလ်လား မဖူးလ်လားတော့ မသိဘူး။ ...နော်ကတော့ ရူးနေပြီ။ ဘာရောဂါလဲဆိုတော့ အချစ်ဦးကို သင်္ကြန်ရေ ...ာင်းချင်တဲ့ ရောဂါပေါ့။ ဟုတ်တယ်လေ။ သူ့ကိုစပြီး ချစ်ခဲ့ရတာ ရှစ်တန်း ...ာင်းသူ ကျောင်းသားဘဝ။ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း၊ ဒုတိယနှစ် ...ယ်တန်း လေးနှစ်ရှိပြီ။ သင်္ကြန်တွင်းမှာ သူနဲ့ကျွန်တော် တစ်ခါမှ တစ်မြို့တည်း ...ာမနေခဲ့ရသလို သင်္ကြန်ရေ လောင်းခွင့်ရဖို့ဆိုတာလည်း ကတုံးနဲ့ ဘီးကိုပဲ။ ...င်ခါမှ မနီးစပ်ခဲ့ဘူး။

ဒီနှစ်သင်္ကြန်မှာတော့ ကျွန်တော်တို့မြို့လေးမှာလည်း သူနေမယ်။ ...ာယ်က မဏ္ဍပ်မှာလည်း သင်္ကြန်ကစားမယ်ဆိုတော့ သူ့ကို သင်္ကြန်ရေ လောင်း ...အတွက် အစီအစဉ်တွေချ ကြိုတင်ပြင်ဆင်ရင်း သင်္ကြန်ရေရောဂါရပြီး အရူးထ ...တော့တာပေါ့။ ဘယ်သူတွေက ပြောခဲ့မှန်းလည်း မသိပါဘူးဗျာ။ ကိုယ်ချစ် ...တဲ့ မိန်းကလေးတစ်ယောက်ကို သင်္ကြန်တွင်းမှာများ သင်္ကြန်ရေ လောင်းခွင့် ...င် အဲဒီမိန်းကလေးနဲ့ကိုယ်နဲ့ဟာ ဖူးစာဖက်တဲ့။ အဲဒီဆိုရိုးစကားလေးကို ကြားဖူး ...ားလေတော့ သင်္ကြန်တွင်းမှာ ချစ်ဦးသူကို သင်္ကြန်ရေလောင်းခွင့် ရဖို့အရေးဟာ ...နော်တို့ အရေးပေါ့ဗျာ။

အမျိုးတွေဆီကို လှည့်ပတ်တောင်းလို့ရသမျှ ပိုက်ဆံလေးနဲ့ အဲဒီအချိန် ... ကျွန်တော်တို့ လူငယ်တွေကြားမှာ ခေတ်စားနေတဲ့ ဖိုက်အိုဝမ်းဆိုတဲ့ ဂျင်း ...ာင်းဘီ စကိုင်းဘလူးအရောင်တစ်ထည် ဝယ်ပါတယ်။ ပြီးတော့ သူက တီရှပ်ဆို ...င် အနက်ရောင်လေးတွေကြိုက်တယ်လို့ ကြားဖူးထားတော့ Dalco တီရှပ် အနက် ...င်ထည် ဝယ်ပါတယ်။ အချစ်ဦးကို သင်္ကြန်ရေလောင်းမယ် ဆိုတော့လည်း ...ယ်က စုတ်စုတ်ပြတ်ပြတ်ကြီးဖြစ်နေလို့ မကောင်းဘူးလေ။ ပြီးတော့ ချစ်သူ ...ကြိုက်တဲ့အရောင်လေးနဲ့ဆိုတော့ ပိုပြီး ဆွဲဆောင်မှုရှိတာပေါ့။

အချစ်ဦးကိုလောင်းမယ့် သင်္ကြန်ရေဆိုတော့ တွေ့ကရာခွက်နဲ့ထည့်ပြီး ...ာင်းလို့လည်း မကောင်းဘူးလေ။ အဲဒီတော့ အဖိုးနဲ့အဖွားဆီက အဝေ အဝေ ...ားတဲ့ ငွေအစစ်နဲ့လုပ်ထားတဲ့ ငွေဖလားကြီးကို အမေတာယူတာသထားတဲ့ ...ကော့စ်ထဲကနေ အမေမသိအောင်ထုတ်ပြီး သူငယ်ချင်းအိမ်မှာ သွားဖို့ထားပါ

တယ်။ ပြီးတော့ သကြိန်ရေဆိုတာ မွှေးမွှေးလေးဆိုရင် ပိုကောင်းတယ်တဲ့။ အဲဒီစကားနဲ့ပဲ အစ်ကိုအကြီးဆုံးရဲ့ ရေမွှေးပုလင်းတွေထဲက တစ်ပုလင်းကို သူမသိအောင် အသာခိုးပြီး ကျွန်တော့်ဘီရိုထဲက ပုဆိုးထပ်ထဲ ထည့်ထားလိုက် တယ်။

အတာကူးတဲ့ ကန်ချူ့သမှာ အချစ်ဦးကို သင်္ကြန်ရေလောင်းဖို့အတွက် ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်ပါပြီ။ မျှော်ရင်မောတယ်ဆိုတာ အမှန်ပါပဲဗျာ။ အရင်သင်္ကြန်တွေတုန်းကဆိုရင် ဘယ်လိုဘယ်လိုရောက်ရောက်လာမှန်းမသိဘူး။ မြန်လိုက်တာ။ အခု ပြီးမှ သင်္ကြန်ကျမှပဲ တော်တော်နဲ့ မရောက်နိုင်ဘူး။

မြှော်ါရောင်ပိတောက်တွေလည်းပွင့်၊ သင်္ကြန်မိုးလေးတွေလည်း တစ်ဖွဲ နှစ်ဖွဲရွာပြီးရော ကျွန်တော်အမျှော်လင့်ကြီးမျှော်လင့်နေတဲ့ သင်္ကြန်ရောက်ပါပြီ။ သင်္ကြန်အကျနေ့မှာတော့ မနက်အစောကြီးကတည်းက ကျွန်တော် အိပ်ရာက ထပါပြီ။ ဝယ်ထားတဲ့အကျီနဲ့ ဘောင်းဘီအသစ်လေးကို တံဆိပ်ဖြုတ် ကောက်ဝတ် အစ်ကို့ဆီက ခိုးထားတဲ့ ရေမွှေးပုလင်းကို ရင်ဘတ်ထဲကောက်ထည့် မြင်ဘီး ကလေးထုတ်ပြီး မြို့လယ်က မဏ္ဍပ်ဆီပေါ့ဗျာ။ သူငယ်ချင်းအိမ်အပ်ထားတဲ့ အမေ့ငွေဖလားကြီးကိုလည်း မမေ့မလျော့ဝင်ယူရတာပေါ့။

မဏ္ဍပ်နားလည်းရောက်ရော မဏ္ဍပ်နဲ့မလှမ်းမကမ်းမှာရှိတဲ့ စားသောက် ဆိုင်ထဲဝင်မဏ္ဍပ်ကိုမြင်ရတဲ့ ခုံမှာထိုင်ပြီး အချစ်ဦးကို သင်္ကြန်ရေလောင်း ပြင်ဆင်ရပါတော့တယ်။ အမေ့ငွေဖလားကြီးကို ခုံပေါ်တင်၊ စားသောက်ဆိုင်က အိုအေစစ် ရေသန့်ငါးဘူးဝယ်ပြီး ငွေဖလားထဲထည့်၊ အစ်ကို့ဆီကခိုးလာတဲ့ ရေမွှေး ပုလင်းကို ငွေဖလားထဲ တရှူးရှူးနဲ့ပန်းထည့်လိုက်၊ နမ်းကြည့်လိုက် စိတ်ထဲမှာ သိပ်မမွှေးသေးဘူးထင်တာနဲ့ တရှူးရှူးထပ်ပန်းထည့်လိုက်တာ ပုလင်းထဲက ထွက် လာလို့ကြည့်လိုက်တော့ ရေမွှေးက ကုန်သွားပြီ။ ဒါနဲ့ပဲ စိတ်လျှော့ပြီး သင်္ကြန်ရေ စပ်ခြင်းအလုပ်ကို ရပ်ထားလိုက်ပါတယ်။ ရောက်မလာသေးတော့ မျှော်တော့ ယောင်ပေါ့။

ဟော လာပါပြီ။ အနက်ခံပေါ်မှာ အဝါပွင့်ကြီးတွေရိုက်ထားတဲ့ ကီမို ထဘီရယ်၊ စပို့ရှပ်အဝါလေးရယ် ပြီးတော့ ခေါင်းပေါ်မှာ လျှာထိုးဦးထုပ် အနက် ရောင်ကလေးရယ်ဆောင်းပြီး သူစီးနေကျ Pheasant စက်ဘီးလေးနဲ့ ရောက်လာ တယ်။ ဒီနေ့မှ ပိုလှနေသလိုပဲဗျာ။ ကျွန်တော် ရေလောင်းမှာကိုသိလို့ အခုလို ဝတ်လာသလားဆိုပြီး လိပ်တွေးတွေးလိုက်မိပါသေးတယ်။ ပိုက်ခေါင်းလေး ကိုင်ပြီး ရေကစားနေတဲ့ သူ့ကိုကြည့်ရင်းကြည့်ရင်း ကျွန်တော့်လက်တွေလည်

ငွေဖလားဆီသို့ပေါ့ဗျာ။

ဒါပေမယ့် လက်က ငွေဖလားကို မထိမိသလို လူကလည်း ထိုင်နေရာက နေ သူ့ဆီကို ထမလျှောက်မိပါဘူး။ ဘယ်လျှောက်ဖြစ်မလဲ။ ရှစ်တန်းနှစ်ကတည်း က ချစ်ခဲ့ရသလို ကြောက်ခဲ့ရတာလည်း ရှစ်တန်းနှစ်ကတည်းကလေ။ .ငယ်ချစ် ငယ်ကြောက်ဆိုတော့ သူ့မျက်နှာကို စေ့စေ့ကြည့်ဖို့ ရဲရလောင်းဖို့ ခွင့်တောင်းရမယ့် အစား ကျားတစ်ကောင်ကိုပဲ သွားတိုက်ပေးချင်စိတ်ပေါက်မိတော့တယ်။

ကျွန်တော် သူ့ကို ထိုင်ကြည့်နေရင်းနဲ့ သကြိ§န်ရေလောင်းဖို့အားမွေးတာ နက်ပိုင်းတစ်မနက်လုံးကုန်လို့ သူသာ ထမင်းစားဖို့ ပြန်သွားတယ်။ ကျွန်တော် နေရာက မထဖြစ်ဘူး။ စပ်ထားတဲ့သကြိန်ရေတွေလည်း အအေးမိတ်ကျွေပြယ်လို့ ရေပူတွေ ဖြစ်ကုန်ပြီပေါ့ဗျာ။ အမွှေးနံ့တွေတောင် ပြယ်သွားချင်သလိုလို။ သူ့ကို သကြိန်ရေလောင်းဖြစ်ဖို့ ဘယ်လိုသတ္တိမွေးရမှန်းကို မသိတော့ပါဘူး။

အလွန်ကို ကျေးဇူးတင်ချင်စရာကောင်းလှတဲ့ စားသောက်ဆိုင်ပိုင်ရှင်က ရှေ့ဘက်တော်စူးရောက်ပြီး ကျွန်တော့်ကို အကြံတစ်ခု လာပေးပါတယ်။ မင်း ဒီအတိုင်းမလောင်းရဲရင် ရဲဆေးတင်ပြီးလောင်းပေါ့တဲ့။ မြှောက်ပေးတဲ့သူများရှိလို့ ကတော့ အကုန်တက်ဖောင် ကတတ်တဲ့ကျွန်တော်ဟာ သူ့အကြံကို ခြင်းချက်မရှိ အတည်ပြုလက်ခံလိုက်ပါတယ်။ တင်လိုက်တဲ့ရဲဆေးတွေဆိုတာဗျာ တစ်ခွက်ပြီး တစ်ခွက်ပေါ့။ နေ့လည် တစ်နာရီကစပြီးတင်လိုက်တဲ့ ရဲဆေးဟာ ညနေ ငါးနာရီ ထိုးတဲ့အထိပါပဲ။

'ဟေ့ကောင် မင်း မဖြူကို ရေလောင်းရင်လည်း လောင်းတော့ ငါးနာရီ ထိုးလို့ ဟိုမှာပြန်ဖို့လုပ်နေပြီ' ဆိုပြီး တစ်ယောက်ယောက်က လာပြောတဲ့အသံ ကြောင့် ညီလာခံမှာ မိန့်ခွန်းခြွေတော့မယ့် ပါလီမန်အမတ်တစ်ယောက်ရဲ့ မျက်နှာ ပေးမျိုးနဲ့ ကျွန်တော် ထိုင်နေရာကထလိုက်ပြီး နပိုလီယံလို ခြေလှမ်းမျိုးတွေနဲ့ မဖြူရှိရာကို တစ်လှမ်းချင်းလျှောက်သွားလိုက်ပါတယ်။ လမ်းမှာရှိတဲ့ ကြံရည်ဆိုင် က ကြံဖင်ပိုင်းပြတ်တွေစိမ်တဲ့ သံပုံးကို အဆင်သင့်တွေ့တာနဲ့ ညာလက်မှာဆွဲပြီး သူလာခဲ့ပါတယ်။

ပြန်ဖို့ သူ့စက်ဘီးနားကိုရောက်နေတဲ့ မဖြူဘေးကို ကျွန်တော် ရောက် တယ်ဆိုရင်ပဲ ဝင်စတာန်ချာချီရဲ့လေသံမျိုးနဲ့

'မဖြူ နင့်ကိုငါ ရေလောင်းချင်တယ်' လို့ပြောလိုက်ပါတယ်။

ကျွန်တော့်အသံလည်းကြားရော ကျွန်တော့်မျက်နှာတို တစ်ချက်ကြည့် သက်ထဲမှာ ကိုင်ထားတဲ့ ကြံရည်ဆိုင်က သံပုံးစုတ်တို တစ်ချက်ကြည့်ပြီး

ဘာစကားမှ မပြောဘဲ ရယ်နေပါတယ်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာ၏ဆိုတဲ့ စကားကို ဒီအချိန်မှာ ကျွန်တော် အမှန်တရားတစ်ခုလို့ မှတ်ယူလိုက်ပြီး မဖြူကို ရေလောင်းဖို့အတွက် ဆုံးဖြတ်လိုက်ပါတယ်။ ဟုတ်တယ်လေ။ ကိုယ်ချစ်တဲ့ မိန်းကလေးကို အခါတွင်းမှာ သင်္ကြန်ရေလောင်းခွင့်ရရင် ဖူးစာဖက်သေချာတယ် ဆိုတာကို။

လက်ထဲကသံပုံးကို ငြင်ငြင်သာသာ ဆွဲမြှောက်၊ မဖြူရဲ့မျက်နှာကို တစ်စိမ့်စိမ့်ကြည့်ပြီး ဖွေးဖွေးဖြူနေတဲ့ သူ့ရဲ့လည်တိုင်လေးဆီကို သင်္ကြန်ရေတွေ ညင်ညင်သာသာလေး ကျွန်ုပ်ပြန် လောင်းနေလိုက်ပါတယ်။ ကျွန်တော့်ရဲ့ အချစ်စိတ်တွေပါ ပေါင်းယှဉ်လို့ပေါ့။ ကြည်နူးစရာကောင်းလိုက်တာဗျာ။ ချစ်ဦးသူ မျက်နှာလှလှလေးကို တသသငေးပြီး သင်္ကြန်ရေတွေ ဖွဖွလေးလောင်းနေရတာ ဒီကမ္ဘာမှာ ကျွန်တော် အပျော်ဆုံးပေါ့။ သိပ်ကြာကြာမပျော်လိုက်ရပါဘူး။ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ မဖြူ ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း

'နင် ငါ့ကို သက်သက်လာ အရှက်ခွဲနေတာလား၊ သွား. . .' ဆိုပြီး သူ့လက်နဲ့ ကျွန်တော့်ရင်ဘတ်ကို တွန်းထုတ်လိုက်တဲ့အချိန်မှာ လက်ထဲကသံပုံးပါ လွတ်ကျပြီး မြေကြီးပေါ်ကို ပက်လက်လန်ကျသွားပါတော့တယ်။ အဲဒီအချိန်က စပြီး အမှောင်အတိပါပဲ။

× × ×

ကျွန်တော်သတိရလာတော့ အရင်ဆုံးစတွေ့လိုက်ရတာက မျက်နှာကျက် ဖြူဖြူတွေပါ။ ဟုတ်ပါတယ်။ ဆေးရုံပေါ်ရောက်သွားတာပါ။ တစ်နေ့လုံး ဘာမှမစားဘဲ အရက်တွေ စွတ်သောက်နေခဲ့တဲ့အတွက် အစာအိမ် သွေးကြောပေါက်သွားတာရယ် မသောက်ဖူးတဲ့အရက်တွေကို နင်းကန်သောက်လို့ အမူးလွန်သွားတာရယ်၊ မဖြူတွန်းလိုက်တဲ့အရှိန်ကြောင့် ခေါင်းနဲ့ကတ္တရာလမ်း ဆောင့်မိပြီး သတိလစ်သွား တာရယ်၊ အဲဒီသုံးခုပေါင်းလိုက်တဲ့အခါမှာ ကျွန်တော် ဆေးရုံ ရောက်သွားတာပါပဲ။

အနားမှာရှိတဲ့ သူငယ်ချင်းကို ဘာဖြစ်လို့ မဖြူ ကျွန်တော့်ကိုတွန်းတာလည်းလို့ မေးကြည့်လိုက်တော့ သူငယ်ချင်းက ပြုံးစစနဲ့ ပြောပါတယ်။

'မင်းကို တွန်းရုံတင်မဟုတ်ဘူး၊ သူ့နေရာမှာ ငါသာဆိုရင် မင်းပါးကို ဘယ်ပြန်ညာပြန် ဆယ့်နှစ်ချက်လောက်ရိုက်တယ်' လို့ ပြန်ပြောတာကြောင့်

'ဟ ငါ့ကို ပါးရိုက်ရအောင် ငါ သူ့ကို ဘာလုပ်လို့လဲ၊ သင်္ကြန်ရေလောင်း တာပဲကွာ စိတ်ဆိုးစရာလား'

'အေး သင်္ကြန်ရေလောင်းတာဆိုရင် စိတ်ဆိုးစရာလည်း မဟုတ်ဘူး၊

ဆိုးမှာလည်း မဟုတ်ဘူး၊ အခု မင်းက သူ့ကို သကြြန်ရေလောင်းနေတာမှ တ်တာ'

'ငါက သူ့ကိုမလောင်းလို့ ဘယ်သူ့ကို လောင်းလို့လဲ သူ့ရဲ့မွှေးနေတဲ့ ည်ပင်းလေးကိုပဲ ငါ့ရဲ့သင်္ကြန်ရေ အေးအေးမွှေးမွှေးလေးနဲ့ ညင်ညင်သာသာ ာင်းနေတာပါကွာ'

'မင်း ရှုကြောင်မူးကြောင်တွေ လျှောက်ပြော်မနေနဲ့ မင်းလောင်းနေတာ ာဟုတ်တယ်။ ဒါပေမယ့် မဖြူရဲ့ကိုယ်ပေါ်ကို လောင်းနေတာ မဟုတ်ဘူး။ ဘားက မြေကြီးတွေကို မင်းလောင်းချနေတာ။ မင်းလောင်းတဲ့ရေတစ်စက်မှ ကို မစိုဘူး။ ပြီးတော့ မင်းလောင်းတဲ့ ရေဟာလည်း ငွေဖလားနဲ့ထည့်ထားတဲ့ ကြြန် ရေအေးအေးမွှေးမွှေး မဟုတ်ဘူး။ ကြံရည်ဆိုင်က သံပုံးအစုတ်နဲ့ ဒီဘဲမှာလည်း ကြံဖတ်တွေချည်းပဲ'

'ဟေ'

× × × × ×

အဲဒီအဖြစ်အပျက်ဟာ အတာသင်္ကြန်နဲ့ပတ်သက်ရင် မေ့မရတဲ့ န်တော့်ရဲ့ အဖြစ်အပျက်ကလေးပါပဲ။ ရဲဆေးတင်ထားတဲ့အရှိန်ကြောင့် ချစ်ဦး ကို နှစ်ယောက်သုံးယောက်တွေ့ခွဲမြင်ပြီး ဘေးကို လောင်းချလိုလောင်းချ၊ သင်္ကြန် အေးအေးမွှေးမွှေးလေး လောင်းမယ်ဆိုပြီး အမေနဲ့အစ်ကိုဆီကခိုးလာတဲ့ လားတွေ ရေမွှေးတွေကိုလည်း မူးမူးရူးရူးနဲ့မေ့၊ ညစ်ပတ်ပြီး ကြံဖတ်တွေပြည့် တဲ့ ရေတွေကို အတာရေလောင်းပါရစေလို့ ခွင့်တောင်းပြီး သူမလောင်းဘဲ း‌သွားလောင်းနေတာဟာ သူ့အတွက် စိတ်အနှောင့်အယှက် တော်တော် သွားမှာ သေချာပါတယ်။ တကယ်ဆိုရင် သူ ကျွန်တော့်ကိုပြောတဲ့ စွဲချက်ထက် တင်သင့်ပါတယ်။

အဲဒီသင်္ကြန်ကစပြီး ကျွန်တော် တိတ်တခိုးချစ်ခဲ့ရတဲ့ အချစ်ဦးရဲ့ အမုန်း ကို ကျွန်တော်ရခဲ့ရသလို သင်္ကြန်ရနံ့နဲ့ သင်္ကြန်ရေဆိုတဲ့ အသံကြားရင် ကိုယ်လုံးချမ်းပြီး တုန်တက်လာတဲ့ ရောဂါကိုလည်း ကျွန်တော်ရခဲ့ပါတယ်။ ကြောင့်လည်း အဲဒီနှစ်သင်္ကြန်ကစပြီး ဘယ်သူ့ကိုမှ သင်္ကြန်ရေလောင်းဖို့ န်တော် စိတ်မကူးတော့ပါဘူး။

တကယ်လို့ . . . ခင်များတို့လည်း ချစ်ဦးသူကို သင်္ကြန်ရေလောင်းမယ် င် ရဲဆေးတင်ချင်တဲ့ စိတ်များရှိလို့ကတော့ စဉ်းစဉ်းစားစားသာ တင်ကြပေါ့ဗျာ။

**အတာမောင်**



## A

ကျွန်မယောကျ်ာ
လည်း အင်္ဂလိပ်မာလသုတ်မ
သလို သူ အင်္ဂလိပ်မာလသုတ်ရွ
မနေဘူးဆိုတာကျွန်မသိပါတယ်
ဒါပေမဲ့ ကျွန်မဗိုက်ထဲမှာ ကိုး
ကျော် ဆယ်လနီးပါး လွယ်ထ
ခဲ့ရတဲ့ ကျွန်မရင်သွေးလေး
လွယ်လွယ်ကူကူ ချောချောမွေ့
နဲ့ လူ့လောကထဲကို ကျွန်မ
လာနိုင်ခဲ့တယ်။ စေတနာ မေ
အပြည့်နဲ့ ကျွန်မကို မီးဖွားပေး
ဆရာဝန်ကြီးနဲ့ သူနာပြုဆရာမလေးတွေကို မောနေတဲ့ကြားက အားတင်းပြုံး
လှိုက်လှိုက်လှဲလှဲပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်ရှင်" . . . လို့

## B

အမွေတကာ့အမွေထဲမှာ ပညာအမွေက အမြတ်ဆုံးလို့ ရပ်ကွက်ထဲ
လူတွေပြောတဲ့စကားကြားပြီး ကျွန်မသားလေးကို ကျောင်းထားဖို့ဆုံးဖြတ်လို
တယ်။ ဒါပေမယ့် ကျွန်မမှာသားလေးရဲ့ ပညာရေးအတွက် ပိုက်ဆံလုံလုံလော
လောက်မှ မရှိတာ။ တကယ်တမ်းသွားအပ်လိုက်တော့လည်း ဆရာမလေးတွေ
ရော ကျောင်းအုပ်ဆရာကြီးကပါ ငွေရေးကြေးရေးကိုမကြည့်ဘဲ အစစအရာ
အဆင်ပြေအောင် ဆောင်ရွက်ပေးကြပါတယ်။ ကျွန်မလည်း နှမ်းပါးလို့ သိမ်
နေတဲ့ကြားက မငုံ့မရဲနဲ့ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်ရှင်" . . . လို့

## C

"ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ" စကားပုံသာရှိတာ
သားလေးမွေးပြီးကတည်းက သူ့အဖေမှမရှိတော့တာ။ မွေးတုန်းကလည်း ကျွန်မ
သူ့အရွယ်ရောက်လို့ ကျောင်းနေတော့လည်း ကျွန်မပဲလေ။ အမေလည်း ကျွ
အဖေလည်းကျွန်မပဲပေါ့။ မရှိမဲ့ရှိမဲ့ကြားက ကျောင်းထားပေးလို့ ဘွဲ့လည်း ရ
သားလေးက အိမ်ထောင်ပြုချင်တယ်တဲ့လေ။ ဘယ်တတ်နိုင်မလဲ ကိုယ်စ

တဲ့အပင်ဆိုပေမယ့်လည်း ကိုယ်ရိုက်သိမ်းဖို့မဖြစ်နိုင်ဘူးလေ။ သားလေးမျက်နှာ မငယ်အောင် မင်္ဂလာပွဲအတွက် လိုအပ်တာတွေစီစဉ်ရတာပေါ့။ မုဆိုးမရဲ့သား ဆိုတော့လည်း နဂိုကတည်းက 'အနားပဲ့ပြီးသား ဒိုး။ ဘယ်မှာ နှုတ်ခမ်းလှနိုင်ပါ့ မလဲ'။ ဒါပေမယ့်လည်း ကောင်မလေးရဲ့မိဘတွေက ကောင်းရှာပါတယ်။ သူ့ဒိုးနဲ့ သူ့ဆန် တန်သလောက်ပဲ တောင်းဆိုကြတယ်လေ။ အဲဒီတော့လည်း သားလေးရဲ့ ယောက္ခထီးကြီးရယ်၊ သူ့ယောက္ခမနဲ့ ညီအစ်ကို မောင်နှမတွေရယ်ကို ကျွန်မမှာ ဝမ်းပန်းတသာပြောရတော့တာပေါ့။

"ကျေးဇူးတင်ပါတယ်ရှင်". . . လို့

D

ရှင်လိင်ပြန်တဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့၊ ထောင်ကထွက်တဲ့နေ့ဟာ အပျော်ဆုံးလို့ ကြားဖူးပါတယ်။ ကျွန်မက ယောကျ်ားလေးမဟုတ်တော့ အဲဒီနေ့ တွေအကြောင်း သေသေချာချာမသိပါဘူး။ ဒါပေမယ့် ဒီနေ့လေးကိုတော့ ကျွန်မ အရမ်းပျော်တယ်။ ကျွန်မသားလေး လူဝတ်ကြောင်ကိုစွန့်ပြီး သာသနာ့ဘောင်ကို ဝင်သွားတဲ့နေ့မို့လို့လေ။ မိန်းမနဲ့ကွဲပြီး စိတ်လေနေတဲ့သားလေးကို အရက်နဲ့၊ လောင်းကစားနဲ့ထဲက ဆွဲတင်ပြီး ဘုရားရဲ့သားတော်အဖြစ် ကျွန်မ ပို့ဆောင်ပေး နိုင်ခဲ့တယ်လေ။ ထမင်းရေချောင်းစီးပြီး မြိမ့်မြိမ့်သဲတဲ့ အလှူကြီးတော့ မပေးနိုင်ပါ ဘူး။ ပဲပြုတ်သည် မုဆိုးမဆိုတော့ ရှိတာလေးနဲ့ပဲ လှအောင်လုပ်ရတာပေါ့။ အကြောင်းသိမို့လို့လားမသိပါဘူး။ ကပ္ပိယကြီးနဲ့ ကျောင်းသားလေးတွေက ပရိက္ခရာရှစ်ပါးကစပြီး သိမ်ဆင်းတဲ့အထိ အကုန်လုံး ဝိုင်းကူညီကြတယ်လေ။ ကျွန်မလည်း ပီတိအပြုံးနဲ့ ကပ္ပိယကြီးကို ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်ရှင်". . . လို့

E

အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက်ဆိုတာ ဒါပါပဲ။ လူချင်းသာ လဲခွင့်ရမယ်ဆိုရင် ကျွန်မလဲလိုက်ချင်ပါတယ်။ အမေ့မျက်နှာကို မြင်ခွင့်မရတဲ့ သား၊ ဆင်းရဲတွင်းထဲမှာလူလားမြောက်ခဲ့ရတဲ့သား၊ ချစ်လွန်းလို့ ယူခဲ့မိတဲ့မိန်းမက စွန့်ပစ်ခံခဲ့ရတဲ့ သား၊ သာသနာ့ဘောင်မှာ သုံးဝါဆိုပြီးမှ ကျွန်မတဲလေးကို ပြန် လာပြီး အမေ့ရင်ခွင်မှာ နေတဲ့သား။ အဲဒီသားလေးကိုမှ သေမင်းက ခေါ်ငင်ခေါ် ပြီး ရွေးခေါ်ရက်တယ်။ မနက်စာနဲ့ ညစာ အလျှင်မီအောင်တောင် ပဲပြုတ်ရောင်း ပြီး မသေထမင်း မသေဟင်း စားနေရတဲ့ ကျွန်မ။ သားလေးရဲ့အလောင်းကို



မြေအကျလှအောင် ဘယ်လိုခွန်အားနဲ့ စီစဉ်ရမလဲဆိုတာ မသိတဲ့အချိန်မှာ အရပ်ကလူတွေရဲ့ကောင်းမှုနဲ့ ကျွန်မသားလေးကို အလှူမီနီယံအခေါင်းလှလှရယ် သူ့ဒွေးတွေတောင် မစီးနိုင်ဘူးဆိုတဲ့ ကားအကောင်းစားအမည်းကြီးရယ်နဲ့ ရေဝေးသုသာန်အရောက်ပို့ပေးပြီး သားလေးရဲ့အလောင်း ပြာကျတဲ့တိုင်အောင် အဲဒီကားကြီးနဲ့ပါလာတဲ့ အသက်ကြီးကြီး လူတစ်ယောက်ရယ်၊ ကောင်လေးတွေရယ်က ကူညီပေးကြတယ်။

ဟိုး . . . အခေါင်းတိုင်က တလူလူထွက်လာတဲ့ မီးခိုးတွေကိုကြည့်ပြီး ကျွန်မ သူတို့တစ်ဖွဲ့လုံးကို ပြောလိုက်ပါတယ်။

" ကျေးဇူးတင်ပါတယ်ရှင်" . . . လို့။

**ဘုမိကျော်**


**အလင်းဆိုင် စာပေထုတ်ဝေရေး**

အမှတ်(၅၁-C)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၈၆၁၇၃၇၈၀၊ ၀၉-၈၆၃၁၀၀၇၊ ၀၁-၅၄၉၂၅၈၊

၀၁-၅၅၇၃၆၃၊ ၀၉-၅၁၃၁၃၅၉

# ဒဿမင်း



## စက်ဘီး

ကျွန်တော် မွေးဖွားကြီးပြင်းခဲ့ရာ ာလေးဟာ မြစ်ဝကျွန်းပေါ် ဒေသမှာ ကျွန်းမြို့ကလေး ဖြစ်ပါတယ်။ ပန်းဆက်သွယ်ရေးအင်မတန် ခက်ခဲ ယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း င်း ခရီးသွားရာမှာ အသုံးပြုတဲ့ ကြောင်း ၃ ခုအနက် ရေလမ်းကိုပဲ ထားပြီး အသုံးပြုရတဲ့ မြို့ကလေး

ကျွန်တော်နေတဲ့ အချိန်တုန်း တော့ ဘယ်မြို့နယ်နှင့်မှ ကားလမ်း က်သေးသလို မြစ်ကူး၊ ချောင်းကူး ဘားဆိုတာလည်း တစ်စင်းတလေ ာင်မရှိပါဘူး။ ဘယ်နေရာကပဲဖြစ်ဖြစ် ကလေးကိုလာချင်ရင် သင်္ဘော၊ မော်တော်၊ ဘောက်တူ၊ သမ္ဗာန်၊ လှေ အစရှိတဲ့ ကြောင်းသွား ရေယာဉ်တွေကို အသုံးပြုပြီးလာရပါတယ်။ မြို့ကလေးကနေ သတစ်နေရာကို ထွက်သွားချင်တယ်ဆိုရင်လည်း ရေကြောင်းသွား ရေယာဉ် ကိုပဲ အသုံးပြုပြီးသွားကြရတာပါ။

အခြားတစ်မြို့ကို သွားချင်ရင်သာ ရေကြောင်းခရီးကို အသုံးပြုရပေမယ့် နှံ့တော်တို့မြို့ကလေးထဲမှာ တစ်နေရာက တစ်နေရာကိုသွားချင်ရင် ရေကြောင်း ကို အသုံးပြုစရာမလိုပါဘူး။ ကျွန်းမြို့ဆိုတဲ့အတိုင်း ကျောက်ပျဉ်တစ်ချပ်လို ည်ရှိနေတာမို့ မြို့ကိုဖြတ်ပြီး စီးဆင်းနေတဲ့ ချောင်းတွေရှိုးတွေမရှိတာကြောင့် င်နေရာကတစ်နေရာကို သွားချင်ရင် ကုန်းလမ်းခရီးကိုပဲ အားကိုးကြရတာပါ။

မြို့ထဲမှာ တစ်နေရာကတစ်နေရာသွားရင် သုံးစွဲစရာယာဉ်ကလည်း ခုခေတ်လို ပေါပေါများများမရှိလှပါဘူး။ သုံးစရာယာဉ် နှစ်မျိုးပဲရှိတာပါ။ ဘီးရယ်၊ ဆိုက်ကားရယ်ပါပဲ။ ကားဆိုလို့ မြူနီစပါယ်မှာရှိတဲ့ အမှိုက်တင်တဲ့ ားကြီးရယ်၊ လမ်းကြိတ်စက်ရယ်၊ မြို့နယ်မီးသတ်မှာရှိတဲ့ မီးသတ်ကား နှစ်စီးရယ် တော့ ခေတ်သစ်ကျောင်း ခေါင်းရင်းမှာ ရပ်ထားတာကြာလို့ ဒွေးချေပြီး စ်စီပြုတ်ကျနေတဲ့ ကျွန်တော့်အဘိုးအဘွားတွေပိုင်တဲ့ ကားအစုတ်ရယ် ဒါပဲ တာပါ။ ဆိုင်ကယ်ဆိုတာကတော့ အပိုလို လသွားယာဉ်လိုပါပဲ။ ကျွန်တော်တို့ သားတွေ ကြားပဲကြားဖူးပြီး သေသေချာချာကို မမြင်ဖူးခဲ့တာပါ။

စက်ဘီးနဲ့ဆိုက်ကားကို အားကိုးပြီး သွားရလာရတဲ့မြို့ဖြစ်တာကြော
တစ်မြို့လုံးရဲ့ နေရာအနှံ့မှာ အငှားဆွဲစားတဲ့ ဆိုက်ကားဂိတ်တွေရှိသလို ဆိုက်က
တွေ အများကြီးဝယ်ထားပြီး အုံနာကြေးနဲ့ငှားစားတာကလည်း ကျွန်တော်တို့မြို့
ဝင်ငွေကောင်းတဲ့ အလုပ်တစ်ခုထဲမှာပါပါတယ်။ အရမ်းချမ်းသာတဲ့သူပဲဖြစ်ဖြ
နည်းနည်းချမ်းသာတဲ့သူပဲဖြစ်ဖြစ်၊ စားနိုင်သောက်နိုင် အဆင့်လောက်ရှိတဲ့ သူ
ဖြစ်ဖြစ် တစ်နေရာရာကို သွားတော့မယ်ဆိုရင် သက်သောင့်သက်သာနဲ့သွားချ
တယ်ဆိုရင် သူ့ရဲ့ တစ်ခုတည်းသောရွေးချယ်ရာဟာ ဆိုက်ကားပါပဲ။ ဆိုက်က
ပေါ်ကို တက်ထိုင်လိုက်တာနဲ့ ကိုယ်သွားချင်တဲ့နေရာကို ပြောလိုက်ရုံပါပဲ။ မြ
ကလေးက ကျဉ်းတာကြောင့် ဆိုက်ကားဆရာတွေဟာ နေရာတိုင်းကို အလွတ်မှတ်
နေပြီး နာမည်ကြီးတဲ့လူတွေဆိုရင် အိမ်လိပ်စာ အတိအကျသိနေတာကြော
ကိုယ်သွားချင်တဲ့နေရာကို တစ်ခွန်းပြောရုံနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါတယ
ဆိုက်ကားဆိုတာ အဲကွန်းမပါတဲ့အတွက် အပူသက်သာချင်ရင်တော့ ဦးထုပ်ကလေ
ဆောင်းချင်ဆောင်း ဒါမှမဟုတ်ရင်လည်း ထီးဖွင့်ဆောင်းရုံပါပဲ။

များသောအားဖြင့်ကတော့ မြို့ထဲမှာ တစ်နေရာကတစ်နေရာကို သွားချ
ရင် ဆိုက်ကားစီးတဲ့လူတွေဟာ အသက်ကြီးနေတဲ့လူကြီးတွေနဲ့ စက်ဘီးမနင်းနို
လောက်အောင်ဝနေတဲ့လူတွေနဲ့ ဒါမှမဟုတ်ရင်လည်း စက်ဘီးမစီးတတ်တဲ့ အိမ်ရှ
တွေပဲ များပါတယ်။ ကလေးတွေ၊ လူငယ်တွေ လူလတ်ပိုင်းတွေကတော့ ယောက်
လေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် တစ်နေရာကတစ်နေရာကိုသွားရင် စက်ဘီးကို
အသုံးပြုတတ်ကြပါတယ်။ ရှစ်တန်း၊ ကိုးတန်းအရွယ် ကျောင်းသားတစ်ယော
ကျောင်းကိုလာတဲ့အချိန်မှာ စက်ဘီးစီးမလာဘဲ ဆိုက်ကားနဲ့လာမယ်ဆိုရင် မြင်လို
တဲ့သူငယ်ချင်းတိုင်းက ကောက်ချက်နှစ်ခု ချတတ်ကြပါတယ်။ ထီပေါက်လာလို့လာ
ဒါမှမဟုတ်ရင် စက်ဘီးမနင်းနိုင်လောက်တဲ့ ရောဂါတစ်ခုခု အဲဒီကျောင်းသား
ဖြစ်နေလို့လားဆိုပြီး ကောက်ချက်ချတတ်ပါတယ်။

အဲဒါကြောင့်လည်း ကျွန်တော်တို့မြို့မှာ မွေးဖွားကြီးပြင်းလာတဲ့ လူငေ
ယောကျ်ားလေးတိုင်းဟာ အတတ်ပညာနှစ်ခုကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြော
အောင် မဖြစ်မနေ သင်ယူကြရပါတယ်။ ရေကူးခြင်းအတတ်ပညာနဲ့ စက်ဘီးစီးခြ
အတတ်ပညာပါပဲ။ ကျွန်တော်တို့မြို့ကလေးရဲ့ ဘေးပတ်လည်မှာရှိနေတဲ့ မြစ်ေ
ချောင်းတွေဟာ ကျွန်တော်တို့မြို့က ကလေးတွေအတွက်တော့ ဆော့စရာ က
ကွင်းကြီးလိုပါပဲ။ အဲဒီ ချောင်းတွေမြောင်းတွေ မြစ်တွေထဲမှာ ဘောလုံးကန်ရင်က
မယ် (လတာစပ်မှာပါ)၊ ဘောလုံးပုတ်မယ်၊ ရေကူးပြိုင်မယ်၊ စိန်ပြေးမယ်၊ ဒိုင်ဗင်

င်မယ်၊ ရေထဲမှာ ဘယ်လောက်ကြာကြာ ငုတ်နိုင်သလဲ ပြိုင်မယ်။ ဆိပ်ကမ်းမှာ
ယ်ထားတဲ့ သင်္ဘောတွေရဲ့ ဝိုက်အောက်က ဘယ်နှစ်စီးကျော်နိုင်မလဲဆိုတာ ပြိုင်
ယ်၊ မြစ်လယ်ကို ဘယ်လောက်ဝေးဝေးထိ ကူးနိုင်မလဲဆိုတာပြိုင်မယ်။ အဲဒီလိုမျိုး
ပ်င်းစဉ်ပေါင်းစုံ၊ အကြောင်းအရာပေါင်းစုံနဲ့ ပျော်စရာကောင်းတဲ့ကစားကွင်းကြီး
မှာ ကစားခွင့်ရဖို့ဆိုတာ ရေကူးတတ်မှဖြစ်မှာပါ။ ရေများမကူးတတ်လို့ကတော့
ငယ်ချင်းတွေချွတ်ပြီး ပုံထားခဲ့တဲ့ ဖိနပ်တွေ၊ ပုဆိုးတွေ ဘောင်းဘီတွေ၊ အင်္ကျီတွေ
ယ်အိတ်တွေကို ငုတ်တုတ်ကလေး ထိုင်စောင့်ရုံပါပဲ။ ပျော်မြူးသောင်းကျန်းနေတဲ့
ငယ်ချင်းတွေကိုကြည့်လိုက်၊ ဘေးနားက အပုံကြီးကိုကြည့်လိုက်၊ ကိုယ့်ကိုကိုယ်
ကြည့်လိုက်နဲ့ အင်မတန်ကို အားငယ်စရာကောင်းတဲ့အချိန်ပါ။ အဲဒီလိုခံစားချက်
ခံစားရမှာစိုးတာကြောင့်လည်း နှစ်တန်းသုံးတန်းရောက်တာနဲ့ အိမ်ကသိအောင်
င်ပြီး မသိအောင်တစ်မျိုး အမျိုးမျိုးနဲ့ ရေကူးသင်ကြတော့တာပဲ။

စက်ဘီးစီးရာမှာလည်း ဒီလိုပါပဲ။ ခြောက်တန်း ခုနစ်တန်းလောက်
က်နေတဲ့ ကျွန်တော်တို့မြို့သားတစ်ယောက် စက်ဘီးမစီးတတ်ဘူးဆိုတာဟာ
ငယ်ချင်းအပေါင်းအသင်းတွေကြားမှာ ဝိုင်းအဟားခံရမယ့် ကိစ္စတစ်ခုဖြစ်သလို
င်မလေးတွေရဲ့အမြင်မှာလည်း အစွမ်းအစမရှိတဲ့ကောင်လို့ သတ်မှတ်ခံရမှာ
ချာပါတယ်။ ဘာကြောင့်လဲဆိုရင် ကျောင်းကြီးတက်ရာမှာပဲဖြစ်ဖြစ်၊ ကျူရှင်
က်ရာမှာပဲဖြစ်ဖြစ် ညနေဘက်တွေမှာ အလှဆုံးပြင်ဆင်ပြီး မြို့ကိုပတ်ကြတဲ့
င်မလေးတွေရဲ့နောက်ကို လိုက်ဖို့ပဲဖြစ်ဖြစ် မရှိမဖြစ်လိုအပ်တာ စက်ဘီးစီး
ဖို့ပါပဲ။ စက်ဘီးမရှိတာ ပြဿနာမဟုတ်ပါဘူး။ စက်ဘီးမစီးတတ်တာဟာ
သနာပါ။ ကိုယ်ကြိုက်နေတဲ့ကောင်မလေးတစ်ယောက် စက်ဘီးနဲ့သွားတာကို
က်ကလိုက်သွားချင်တယ်ဆိုရင် ပြေးလိုက်လို့မရပါဘူး။ စက်ဘီးနဲ့လိုက်မှပဲ
ပါ။ တကယ်လို့များ ပြေးလိုက်မိခဲ့တယ်ဆိုရင်လည်း သူ့အရှက်ကွဲအောင်
ယ်ဆိုပြီး ပါးရှစ်စိတ်ကွဲအောင် အရိုက်ခံရမှာသေချာပါတယ်၊ အဲဒီတော့
်ဘီးစီးတတ်ခြင်းဟာ ကျွန်တော်တို့မြို့သား လူငယ်တွေအတွက် မဖြစ်မနေကို
်မြောက်ရမယ့် အတတ်ပညာတစ်ခုပါ။

အ,သုံးလုံးသင်တန်းတို့ ဒီဇင်ဘာလမ်းလျှောက်ပွဲတို့လို ဘယ်သူကမှ
်အတင်းနှိုးဆော်ဖို့ မလိုပါဘူး။ စက်ဘီးနိုင်တဲ့အရွယ်ရောက်တာနဲ့ ကိုယ့်ဟာ
် သင်ကြတာပဲ။ မြို့သားမှန်ရင် စက်ဘီးစီးတတ်ရမယ်လို့ ဘယ်ပညာရှိကမှ
ော်မှတ်ခဲ့ပေမယ့် ကျွန်တော့်အဖေတွေခေတ်ကစလို့ မြို့သားတိုင်း စက်ဘီး
တ်ကြပါတယ်။

ကျွန်တော်ကြီးပြင်းရာ ပတ်ဝန်းကျင်ရဲ့ စရိုက်မလေ့ဟာ ကျွန်တော့်အ
လည်း ရိုက်ခတ်လွှမ်းမိုးတာမို့ စက်ဘီးစီးခြင်းအတတ်ပညာကို ကျွန်တော်လ
သင်ကြားပါတယ်။ နှစ်တန်းကျောင်းသားအရွယ်မှာပါ။

ကျွန်တော် သူငယ်တန်းကနေ နှစ်တန်းကျောင်းသားအထိ တစ်နေ့
မုန့်ဖိုးတစ်မတ်ရပါတယ်။ သူငယ်တန်းရယ် ပထမတန်းရယ်တုန်းကတော့ ရတဲ့ မု
တစ်မတ်နဲ့ ကျောင်းမှာ ကျွန်တော် မုန့်ဝဝလင်လင် စားခဲ့ရပါတယ်။ နှစ်တန်း စ
တဲ့အချိန်မှာတော့ မုန့်စပြီးငတ်ပါတယ်။ ငတ်ရတဲ့အကြောင်းရင်းကတော့ စက်ဘီ
သင်လို့ပါ။ ကျွန်တော် စောစောကရေးခဲ့သလိုပါပဲ။ စက်ဘီးမရှိတာဟာ ပြသ
မဟုတ်ပါဘူး။ စက်ဘီးမစီးတတ်တာဟာ အမိကကျပါတယ်။ သွားရေးလာရေး
စက်ဘီးကိုပဲ အားထားနေရတဲ့မြို့ဖြစ်တာကြောင့် စက်ဘီးအပိုင်မဝယ်နိုင်တဲ့သူ
အတွက် စက်ဘီးအငှားဆိုင်လေးတွေ ကျွန်တော်တို့မြို့ရဲ့ နေရာတိုင်းမှာရှိပါတ
အရွယ်စုံဆိုဒ်စုံ အမျိုးစားစုံရှိပါတယ်။ ကောင်းတာနဲ့ ညံ့တာပေါ်မှာ မူတည်ပြီး ဈေ
လည်းကွာပါတယ်။ မြို့ကလေးကကျဉ်းတဲ့အတွက် တစ်ယောက်နဲ့တစ်ယော
မျက်မှန်းတန်းပြီးနေကြတာကြောင့် ကိုယ့်ရပ်ကွက်ထဲမှာရှိတဲ့ စက်ဘီးဆိုင်က
ကိုယ်ကြိုက်တဲ့ဘီးကို အလွယ်တကူ ငှားလို့ရပါတယ်။ ငွေကြိုပေးစရာ မလို
အပေါင်ပေးဖို့လည်း မလိုပါဘူး။ ကြိုက်သလောက်အသုံးပြုပြီး ပြန်လာအ
ကျသလောက်ကို ရှင်းလို့ရပါတယ်။ အဲဒီလို စက်ဘီးငှားတဲ့ ဆိုင်မျိုးလေးတွေ
ကျွန်တော်တို့ကျောင်းရဲ့ မျက်စောင်းထိုးမှာလည်းရှိတာကြောင့် ကျွန်တော် စက်ဘီ
သင်ဖို့ ရေကန်အသင့် ကြာအသင့်ပါပဲ။ အဲဒီကာလကတည်းက စက်ဘီးအငှား
ပိုင်ရှင် ကိုစစ်မွေဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကောင်းကောင်း နားလည်ကျွမ်း
နေခဲ့တာပါ။ ကျွန်တော်တို့ တစ်မြို့လုံးမှာရှိတဲ့ စက်ဘီးအငှားဆိုင်တွေဟာ အနည်း
တော့ နာရီဝက်ကစပြီး ငှားပါတယ်။ နာရီဝက်ကနေ ကြာချင်သလောက်ကြာ
ပါတယ်။ ကြာတဲ့အပေါ်မှာမူတည်ပြီးတော့မှ ဈေးကို အလျော့အတင်းလုပ်
ညှိယူပါတယ်။ ဒါပေမယ့် ဆိုင်တိုင်းရဲ့စည်းကမ်းကတော့ ဆယ်မိနစ်သုံးလ
နာရီဝက်ပါပဲ၊ ဆယ့်ငါးမိနစ်သုံးရင်လည်း နာရီဝက်ပါပဲ။

ကိုစစ်မွေ စီးပွားရေးကျွမ်းကျင်တယ်ဆိုတာ အဲဒီအချက်မှာသာတာ
သူ့ဆိုင်မှာ ကျွန်တော်တို့ကျောင်းသားတွေအတွက် ဆယ်မိနစ်ကစပြီး ငှားလို့
တယ်။ ဆယ့်ငါးမိနစ်လိုချင်ရင်လည်းရပါတယ်။ ဆယ်မိနစ်ကို ဆယ်ပြားပေးရသ
ဆယ့်ငါးမိနစ်ဆိုတော့ ဆယ့်ငါးပြားပေါ့။ သူ့ဆိုင်မှာ စက်ဘီးအရွယ်စုံ ဆိုဒ်စုံရှိပေမ
ကျွန်တော်ဟာ ငယ်ငယ်ကတည်းက လူကောင်သေးတာကြောင့် သူ့ဆိုင်မှာရှိ

က်ဘီးတွေထဲက နံပါတ်ဝမ်းလို့ခေါ်တဲ့ အသေးဆုံး၊ အပုဆုံး စက်ဘီးလေးသာ ကျွန်တော်နဲ့ အံဝင်ခွင်ကျပါတယ်။

ကျွန်တော်တို့ မူလတန်းတုန်းက ကျောင်းတက်ရတဲ့အချိန်ဟာ မနက် ခရာကြီးအချိန်ပါ။ ကိုးနာရီခွဲရင် မုန့်စားဆင်းပါတယ်။ မုန့်စားဆင်းချိန် ခေါင်း ခေါင်းထိုးပြီးတော့ ဆရာမက အတန်းအပြင်ထွက်ခွင့်ပေးတာနဲ့ လက်ထဲမှာ ကျစ်ကျစ်ပါအောင်ကိုင်ထားတဲ့ ပိုက်ဆံတစ်မတ်နဲ့အတူ ကျွန်တော် ကိုစစ်ပွေဆိုင်ကို ပြေးပါတယ်။ ဆိုင်ကိုရောက်တာနဲ့ သေးလွန်းလို့ စီးမယ့်သူမရှိတဲ့ နံပါတ်ဝမ်း စက်ဘီး လေးကို ကျွန်တော် ဆယ်မိနစ်ငှားပါတယ်။ လက်ထဲမှာကိုင်ထားတဲ့ ပိုက်ဆံတစ်မတ် ကိုလည်း ကိုစစ်ပွေလက်ထဲ တစ်ခါတည်းပေးခဲ့ပါတယ်။ မုန့်စားဆင်းချိန် ဆယ်မိနစ်၊ အပြီးကျောင်းဆင်းချိန် ဆယ့်ငါးမိနစ်၊ စုစုပေါင်း နှစ်ဆယ့်ငါးမိနစ်အတွက် နှစ်ဆယ့် ငါးပြား။ ငွေကြိုပေးရတာ မဟုတ်ပါဘူး။ စက်ဘီးစီး အသင်ကောင်းနေတဲ့ကျွန်တော့် ဆီမှာ ယူထားရင် ကျပျောက်သွားမှာစိုးလို့ သူ့ကို အပ်ရင်းပေးခဲ့တဲ့သဘောပါ။

နံပါတ်ဝမ်းစက်ဘီးလေး ကျွန်တော့်လက်ထဲရောက်တာနဲ့ အမြန်တွန်းပြီး အသင်ကျောင်းဘေးမှာရှိတဲ့ သုခဝတီဆန်စက်ကြီးထဲကို လာပါတယ်။ နောက်က ကားလိုက်သလိုကို အမြန်တွန်းရပါတယ်။ အဲဒီအချိန်မှာ အချိန်ဆိုတာ ပိုက်ဆံ ဆိုတဲ့စကား အင်မတန်ကို မှန်ပါတယ်။ တစ်မိနစ်ကို တစ်ပြားကျပါတယ်။ ဆယ်မိ နစ်ထဲက အချိန်တွေ အလဟဿမကုန်ဖို့အတွက် စက်ဘီးကို အသားကုန်တွန်း ပါတယ်။ ဆန်စက်ဝန်းထဲရောက်တာနဲ့ ကျွန်တော့်ကို စက်ဘီးစီးသင်ပေးမယ့် ကျွန်တော့်ဆရာသမားတွေဟာ လက်ပိုက်တဲ့ကောင်ကပိုက်၊ ခါးထောက်တဲ့ကောင်က ထောက်ပြီး ရပ်စောင့်နေကြပါတယ်။ မုန့်စားဆင်းချိန်မှာ မုန့်မစားရလို့ မှုန်ကုပ် ကုပ်ဖြစ်နေတဲ့ကောင်မျိုးလည်းပါပါတယ်။ သူတို့တွေ ဘာပဲဖြစ်နေနေ ဂရုမစိုက်အား ဘဲ သူတို့လက်ထဲကို စက်ဘီးအပ်ရပါတယ်။

သူတို့လက်ထဲ စက်ဘီးရောက်တာနဲ့ ကျွန်တော်ရဲ့စက်ဘီးစီးသင်ခြင်းသင် ခန်းစာ စပါတော့တယ်။ စံချွန်နဲ့ နားပိတ်နဲ့က စက်ဘီးရဲ့ရှေ့ကနေပြီး Handle ကို ဘယ်တစ်ယောက် ညာတစ်ယောက် ကိုင်ထားပါတယ်။ ဖိုးဇော်နဲ့ ဖိုးတော့်က ဖင်ထိုင်ခုံကို တစ်ယောက်၊ နောက်ဘီးကို တစ်ယောက်က ကိုင်ထားပါတယ်။ သူတို့လေးယောက် ဝိုင်းချုပ်ထားလို့ ဆပ်ကပ်ထဲက ကျားတစ်ကောင်လို ငြိမ်ထောင် နေတဲ့စက်ဘီးကို ကျွန်တော် ကုပ်ကပ်တွယ်တက်ပါတယ်။ ကျွန်တော်က အရပ်ပု ပြီး လူကောင်သေးတာကြောင့် သူများတွေလို နှိုးနိုးခွတက်လို့ မရလို့ပဲ တွယ်တက် ပြီး စက်ဘီးပေါ်ကိုရောက်လို့ ဖင်ထိုင်ခုံမှာ ထိုင်လိုက်ပြီဆိုရင်ပဲ အရှေ့က Handle

ကို ကိုင်ထားပေးတဲ့ စံချွန်နဲ့နားပိတ်က ကျွန်တော့်ရဲ့ ဘယ်လက်နဲ့ ညာလက် နှစ်
စလုံးကို စက်ဘီးရဲ့လက်ကိုင်တွေပေါ် တင်ပေးပါတယ်။ ကျွန်တော့်ရဲ့လက်နှစ်
စလုံး လက်ကိုင်ကို မြဲမြဲကိုင်ပြီးတာနဲ့ ကျွန်တော့်ရဲ့ဘယ်ခြေထောက်နဲ့ ညာ
ထောက်ကို စက်ဘီးခြေနင်းခုံတွေပေါ် တွင် အသီးသီးတင်ပေးပါတယ်။ ပြီးတ
သူတို့နှစ်ယောက်ပါ အနောက်ကို လာပေါင်းပြီး ကျွန်တော့်ခါးကို ကိုင်တဲ့ကော
ကိုင် စက်ဘီးဖင်ထိုင်ခုံကို ကိုင်တဲ့ကောင်ကကိုင်ပြီး နောက်ကနေ ညာသံပေးတွ
ပါတယ်။ သူငယ်ချင်းလေးယောက်ရဲ့ တွန်းတဲ့အရှိန်နဲ့ စက်ဘီး ဘီးစလိမ့်တယ်ဆိုရ
Handle ကို ဘယ်ညာမယိမ်းအောင် ကျွန်တော်က ထိန်းရပါတယ်။ ကျွန်တေ
ထိန်းထားလို့ ဘယ်ညာမယိမ်းဘူးဆိုတာနဲ့ သူတို့တွန်းထားတဲ့လက်တွေကိုဖြုတ်
ရောက်တဲ့ နေရာမှာပဲ ရပ်ကျန်ခဲ့ပါတယ်။ ကျွန်တော်ရယ် စက်ဘီးရယ်၊ စက်ဘီးရ
ကျွန်တော်ရယ်ကတော့ သူတို့ တွန်းလိုက်တဲ့အရှိန်နဲ့ လိမ့်လိမ့်လိမ့်လိမ့် သွားလိုက်
ဆန်စက်ရဲ့ အုတ်တံတိုင်းကို ဝင်တိုက်တဲ့အရှိန်နဲ့ ကျွန်တော်လည်း မြောပုံပေါ်မြုတ်
ပါတယ်။ စက်ဘီးတခြား လူတခြားပါပဲ။ ဒူးပွန်းတာ တံတောင်စုတ်တာတွေ
ဝရုမစိုက်အားဘဲ အကျီနဲ့ ဘောင်းဘီမှာပေကျံခဲ့တဲ့ စပါးခွံတွေ မြာတွေကို ဖုတ်ဖတ်
ထ နံပါတ်ဝမ်းစက်ဘီးလေးကို အားကုန်တွန်းပြီး ကိုစစ်ပွေရဲ့စက်ဘီးဆိုင်ကို ပြန်အ
ရပါတယ်။ နောက်ကျပြီးအပ်လည်း ကိုစစ်ပွေက ဘာမှပြောမှာမဟုတ်ပေမ
ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရဲ့ ကြိမ်လုံးကတော့ ကျွန်တေ
တို့တင်ပါးကို ကလူအီသို့ မြူအီသို့နဲ့ မဟုတ်ဘဲ တကယ်နက်မှာသေချာပါတ
ဒါကြောင့်လည်း ကျောင်းချိန်မီအောင် အမြန်ပြေးကြရတာပါ။ အဲဒါ ကျွန်တော့်
ပထမဦးဆုံး စက်ဘီးစီးသင်တဲ့ သင်ခန်းစာအမှတ်တစ်ပါပဲ။

အမှတ်နှစ်အဖြစ် အပြီးကျောင်းဆင်းတဲ့အချိန်မှာ စပါတယ်။ ကိုစစ်
ဆိုင်ကို ကပျာကယာပြေး၊ စီးမဲ့သူမရှိတဲ့ စက်ဘီးလေးကို ကမန်းကတန်းယူပြီး သူ
ဝတီဆန်စက်ဝန်းထဲကို တွန်းရပြန်ပါတယ်။ အချိန်ကြာနေရင် ကျွန်တော့်သင်တ
ဆရာတွေက ထမင်းဆာတယ်ဆိုပြီး အိမ်ပြန်သွားမှာစိုးတဲ့အတွက်ကြောင့်
ဒီကောင်တွေလက်ထဲကို စက်ဘီးထည့်ပြီးတာနဲ့ သင်တန်းစတာပါပဲ။ မနက်တုန်း
အုတ်တံတိုင်းနဲ့စက်ဘီး မိတ်ဖွဲ့ထားတော့ ဒီကောင်တွေ သင်ခန်းစာကို နော
တစ်မျိုးပြောင်းပါတယ်။ စက်ဘီးကို ကုပ်ကပ်တက်ပြီး ကျွန်တော်ခွမိတာနဲ့ ဖိုးဇေ
ဖိုးကျော်က စက်ဘီး Handle ရဲ့ ဘယ်ညာနှစ်ဖက်ကို ကိုင်ပါတယ်။ စံချွန်ရ
နားပိတ်ရယ်က စက်ဘီးအနောက်ကနေကိုင်ပြီး သူတို့လေးယောက် ဖြည်းဖြည်းချ
တွန်းကြပါတယ်။ သူတို့တွန်းတဲ့အရှိန်ကြောင့် လည်နေတဲ့စက်ဘီး ခြေနင်းနှစ်

ပေါ်မှာ ကျွန်တော့်ရဲ့ခြေထောက်တွေ အလိုက်သင့်လိုက်တတ်အောင် ကြိုးစားနေရသလို သူတို့ထိန်းရုံလေးထိန်းပေးထားတဲ့ စက်ဘီးရဲ့လက်ကိုင်ကိုလည်း ဘယ်ညာမရမ်းအောင် ဂရုစိုက်ရပါတယ်။ အဲဒီလို တွန်းလိုက်ကြ၊ ဆတ်ကနဲ လက်လွှတ်လိုက်၊ ကျွန်တော်ယိုင်သွားရင် ပြေးပြီးလာထိန်းလိုက်၊ စိတ်ချရပြီဆိုရင် လက်ပြန် လွှတ်လိုက်နဲ့ ကျွန်တော့်ရဲ့ ဆယ့်ငါးမိနစ်စာ စက်ဘီးစီးသင်တန်း ပြီးဆုံးသွားပါပြီ။

အဲဒီမှာ ကျွန်တော့်သူငယ်ချင်းနားပိတ်က စက်ဘီးစီးခြင်းသင်တန်းနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့ Result ကို ထုတ်ပြန်ပါတယ်။ "ဟော့ကောင် မင်း စက်ဘီးစီးတတ်သွားပြီ။ နောက်နေ့ မင်းဟာမင်းစီး ငါတို့ကိုလာမသင်ခိုင်းနဲ့တော့ တို့လည်း မအားဘူးကွလို့" ပြောပါတယ်။ ဟုတ်ပါတယ် တကယ်လည်း သူတို့မအားပါဘူး။ သူတို့မှာ အလုပ်ကြီးအကိုင်ကြီးတွေရှိပါတယ်၊ မုန့်စားဆင်းချိန်ဆိုရင် ကပ်စီးနဲ့ကို အလုအယက် ဝယ်စားဖို့တို့၊ ကြာဖံသုပ်ဆိုင်သွားပြီး အလကားပေးတဲ့ ဟင်းခါးကို အပြိုင်အဆိုင်သောက်ဖို့တို့ ကျောင်းဆင်းချိန်ကျရင်လည်း ကျောင်းနောက်က ညောင်ပင်ကြီးဆီသွား ညောင်စေ့တွေကောက်ပြီး ညောင်သီးစစ်တိုက်ကြဖို့ဆိုတဲ့ အလုပ်တွေရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်လည်း သူတို့ကို စောဒကမတက်တော့ဘဲ ကိုစစ်ပွေဆိုင်ကိုပြေး စက်ဘီးလေးကိုအပ်ပြီး အိမ်ပြန်လာပါတယ်။ စိတ်ထဲမှာတော့ မြောက်ကြွမြောက်ကြွပေါ့။ သူငယ်ချင်းတွေက ကျွန်တော့်ကို စက်ဘီးစီးတတ်ပြီလို့ ပြောလိုက်တော့ ကျွန်တော့်စိတ်ထဲမှာလည်း ငါတော့ စက်ဘီး စီးတတ်သွားပြီဆိုပြီး စိတ်ကြီးဝင်နေတော့တာပါ။ အဲဒီစိတ်ဟာ ဒူးပြဖို့ နဖူးကွဲဖို့အတွက် အစပျိုးလိုက်တဲ့ စိတ်ဖြစ်ရသလို ရသမျှမုန့်ဖိုးတွေအကုန်လုံး ကိုစစ်ပွေဆီလှူရတဲ့ ဘဝမျိုးရောက်သွားတဲ့ စိတ်ဆိုရင်လည်း မမှားပါဘူး။ ပြီးတော့ အရင်တုန်းက ကျောင်းဝတ်စုံတစ်စုံကို သုံးရက်ဝတ်ပေမယ့် စက်ဘီးစီးသင်တဲ့နေ့ကစပြီး ဘောင်းဘီနဲ့ အင်္ကျီတစ်စုံကို တစ်ရက်တည်းနဲ့ မည်းအောင်ဝတ်ဝတ်ပစ်တဲ့အတွက် အမေ့ရဲ့ ရှူးကြိမ်လုံးနဲ့ ကျွန်တော့်ရဲ့ကျောပြင်ကို ဗျောတင်ခံရတာလည်း အဲဒီစိတ်ကြောင့်ပါပဲ။

နောက်နေ့မုန့်စားဆင်းချိန်မှာတော့ သူငယ်ချင်းတွေရဲ့ မင်း စက်ဘီးစီးတတ်ပြီဆိုပြီး မြှောက်ပေးလိုက်တဲ့စကားကို ယုံကြည်မိတဲ့ကျွန်တော် ငါးပဲခွဲတင်မကဘဲ စက်ဘီးပါမှောက်ပါတော့တယ်။ ထိန်းပေးမယ့်လူမရှိတဲ့အတွက် စက်ဘီးကို ဓါတ်မီးတိုင်ဘေးနားကပ်ထောင် ဓာတ်မီးတိုင်ကိုတွယ်ပြီးတော့မှ စက်ဘီးပေါ်ကုတ်ကပ်တက်၊ စက်ဘီးပေါ်ရောက်လို့ အကျအနလည်းထိုင်ပြီးရော စက်ဘီးကိုလိမ့်အောင်နင်းလည်း မထွက်နိုင်။ နောက်ကစုပြီး တွန်းပေးမယ့်လူလည်းမရှိတော့

စက်ဘီးပေါ်မှာ ကားယားခွပြီး ထိုင်နေလိုက်တာ ဆယ်မိနစ်ပြည့်တဲ့အထိပါပဲ။ စက်ဘီးနဲ့ ကျွန်တော်ကသာ ဘယ်မှမရွေ့ပေမယ့် စက်ဘီးပေါ်မှာ ကားယားခွထိုင်နေရင်း ကျွန်တော့်စိတ်ကူးနဲ့ နင်းနေလိုက်တာကတော့ တစ်မြို့လုံးကို ခုနစ်ပတ်လောက်တောင် ပတ်လိုက်ပါတယ်။ အဲဒီနေ့ မုန့်စားဆင်းချိန်ကတော့ စက်ဘီးကို တစ်ချက်တောင် မနင်းရဘဲ ကိုစစ်ပွေဆိုင်ကနေ ဆန်စက်ဝန်း၊ ဆန်စက်ဝန်းကနေ ကိုစစ်ပွေဆိုင် ယူလိုက်ပို့လိုက်နဲ့တင် ဆယ်မိနစ်ကုန်သွားသလို ပိုက်ဆံဆယ်ပြားလည်း ကုန်သွားတာပါပဲ။ ကျောင်းဆင်းချိန်မှာတော့ ထမင်းဆာလို့ အိမ်ကို အမြန်ပြန်ပြေးချင်နေတဲ့သူငယ်ချင်းတွေဆီသွားပြီး မျက်နှာငယ်လေးနဲ့ မနက်က အဖြစ်အပျက်ကို ရှင်းပြပြီး ဒီနေ့တစ်နေ့တော့ ထပ်သင်ပေးကြပါဦးကွာလို့ ပြောလိုက်တော့ ဆောင့်ဆောင့်အောင့်အောင့်နဲ့ လိုက်လာကြပါတယ်။ ဆန်စက်ဝန်းထဲရောက်တော့ မနေ့ကနေရာမဟုတ်ဘဲ နောက်တစ်နေရာကိုခေါ်သွားပါတယ်။ အဲဒီနေရာမှာ ကုန်းတက်ကုန်းဆင်းဖြစ်နေတဲ့လမ်းကလေး ရှိပါတယ်။ အဲဒီကုန်းပေါ်ရောက်တာနဲ့ ကျွန်တော့်ကို စက်ဘီးပေါ်ဝိုင်းတင်ပေးပြီး နောက်နေ့ကျ မင်းတစ်ယောက်တည်း ရ(?)ည်း ဒီမှာလာစီး အရှိန်မလိုဘူးလို့ပြောပါတယ်။ သူတို့ပြောတဲ့စကားကို ချက်ချင်းသဘောမပေါက်သေးတဲ့ကျွန်တော် ငိုင်နေတုန်းမှာပဲ စက်ဘီးလေးကို ဆင်ခြေလျှောလမ်းကလေးအတိုင်း တွန်းချလိုက်ပါတယ်။ အဆင်းအတိုင်း အရှိန်နဲ့ လိမ့်ဆင်းသွားတဲ့ စက်ဘီးလေးပေါ်မှာ ကျွန်တော်လည်း ယက်ကန်ယက်ကန်နဲ့ ပါသွားပါတယ်။ အရှိန်ကုန်လို့ စက်ဘီးရပ်တာနဲ့ စက်ဘီးလည်း အလဲ ကျွန်တော်လည်း အလဲပါပဲ။

နောက်ရက်တွေမှာတော့ သူငယ်ချင်းတွေရဲ့ လမ်းညွှန်ပြသမှုနဲ့ ဝိုင်းတွန်းမယ့်လူမရှိလည်း စက်ဘီးရွေ့တဲ့နေရာကို သိထားတာကြောင့် စက်ဘီးနဲ့ ကျွန်တော် ဘာတပြန်ကျားတပြန်ပါပဲ။ ခြေနင်းနဲ့ရိုက်မိလို့ ခြေမျက်စိကွဲသွားတာလည်း အမေ့ကို မပြရဲ၊ ကတ္တရာလမ်းပေါ်မှာ စက်ဘီးလဲလို့ ဘယ်ဘက်တံတောင် ပြဲသွားတာလည်း အမေ့ကို မပြောရဲ၊ စက်ဘီးပေါ် ခွခွပြီးအတက်ကောင်းလို့ ဘောင်းဘီဖင်ပြဲသွားတာလည်း အမေ့ကို မချုပ်ခိုင်းရဲတာကြောင့် အစ်မတွေကို ပန်းတစ်ပွင့်လာဘ်ထိုးပြီး ချုပ်ခိုင်းပါတယ်။ နှစ်တန်းတစ်နှစ်လုံး မုန့်စားကျောင်းဆင်းချိန်မှာ သူများကလေးတွေနည်းတူ မုန့်မစားဖြစ်ဘဲ နံပါတ်ဝမ်းစက်ဘီးလေးနဲ့ပဲ ကျွန်တော် အချိန်ကုန်ဖြစ်နေပါတယ်။ ပုံမှန်စီးနေတာ ကျွမ်းကျင်လာပြီဆိုတော့ တစ်ဖက်လွှတ်တွေ နှစ်ဖက်လွှတ်တွေ ကျွန်တော် ဖင်လိမ်ကပါတယ်။ နိုးနိုးကတာမဟုတ်တော့ ဒူးတွေ တံတောင်တွေ ပိုကွဲပြီး ပိုပြဲလာတာပါ။ ဒူးကွဲ တံတောင်ကွဲခံ၊ အမေ့ရဲ့ အရိုက်အနှက်ကိုခံပြီး စက်ဘီးစီးသင်လိုက်တော့ နှစ်တန်း စာမေးပွဲဖြေပြီးတဲ့အချိန်မှာ ကျွန်တော်

ဟာ စက်ဘီးတစ်စီးကို ကောင်းကောင်းစီးတတ်နေပါပြီ။

မစီးတတ်ခင်တုန်းက အစီးသင်လို့ နဖူးကွဲ ဒူးပြဲပြီး အရိုက်ခံခဲ့ရသလို စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်လာတော့လည်း ထိပ်အခေါက်ခံ နားရင်း အရိုက်ခံခဲ့ရတာပါပဲ။ ဘာကြောင့်လဲဆိုတော့ စက်ဘီးစီးတတ်ပေမယ့် ကျွန်တော့်မှာ ကိုယ်ပိုင်စက်ဘီးမရှိသေးတော့ အဖေ့အလစ်မှာ အဖေ့စက်ဘီးကို ခိုးခိုးပြီး ယူစီးလို့ပါ။ ဘယ်လောက်ပဲ နားရင်းအရိုက်ခံရခံရ ဘယ်လောက်ပဲ ထိပ် အခေါက်ခံရခံရ အဖေ့ စက်ဘီးခိုးစီးဖို့ကိစ္စကိုတော့ ကျွန်တော် လုံးဝ စိတ်မလျှော့ပါဘူး။ ခိုးပြီးစီးလို့ရတော့ လည်း သက်တောင့်သက်သာနဲ့ လူမြင်ကောင်းအောင် စီးရတာမျိုး မဟုတ်ပါဘူး။ ဖင်ထိုင်ခုံပေါ် တက်စီးရအောင်လည်း မမီ၊ ဘားတန်းပေါ် မှာ တက်စီးရအောင်လည်း မမီတော့ ခွထိုးထိုးပြီး စီးရတာမျိုးပါ။ အဖေ့စက်ဘီးဟာ ယောကျ်ားစီး Raleigh စက်ဘီး ခန့်ခန့်ညားညား၊ ကျွန်တော်ကတော့ ပုပုသေးသေး ရာဝင်အိုး ဖားကပ်သလို မျိုး ဆင်ဖြူတော် ခလောက်ဆွဲထားသလိုမျိုးပါ။ အဲဒီတော့လည်း အဖေ ထိပ်ခေါက် ခံ့တင်မဟုတ်ဘူး။ ဆောင့်ကန်မယ်ဆိုရင်တောင် သူ မလွန်လောက်ပါဘူး။

ကျွန်တော် လေးတန်းနှစ်ရောက်တဲ့အချိန်မှာ ကျွန်တော်တို့အိမ်မှာ ဥစား ကြက်တွေ မွေးနေပါပြီ။ စက်ဘီးအပေါ် အစွဲလည်းကြီးပြီး စက်ဘီးစီးရတာကို ဝါသနာပါတဲ့ကျွန်တော့်ဒုက္ခကို အမေကသိသွားတော့ ကျွန်တော့်ကို အခွင့်အရေး တစ်ခုပေးပါတယ်။ ကြက်ခြံမှာ ကြက်တွေသေရင် ရောင်းလို့ရတဲ့ပိုက်ဆံယူ ကိုယ့်ဟာ ကိုယ်စုပြီး စက်ဘီးဝယ်တဲ့၊ အမေ့ဆီက အဲဒီစကားကြားတဲ့နေ့ကစပြီး မနက်တစ်ခါ ညတစ်ခါ ကျွန်တော် ဘုရားစင်ရှေ့ပြေးတော့တာပါပဲ။ “ကြက်တွေ များများ သေပါစေဘုရား၊ ကြက်တွေ များများသေပါစေဘုရား” နဲ့ တောင်းလိုက်ရတဲ့ဆုဆိုတာ အမြုပ်ထွက်မတတ်ပါပဲ။ ကြက်ခြံမှာလုပ်နေတဲ့အလုပ်သမားတွေ ထမင်းချိုင့်လာ ယူလို့ သူတို့ခြင်းတောင်းထဲမှာ ကြက်ခြေထောက်တစ်စုံလောက်များ ထောင်ပြီး ပါလာတာတွေ့လို့ကတော့ ကျွန်တော် ပျော်လိုက်တာဆိုတာ ထိုင်မနေနိုင်အောင်ဘဲ။ ပါလာတဲ့အသေကောင်ကို ရေနွေးဖျော၊ အမွေးနှုတ်ပြီးတာနဲ့ ကျွန်တော် ကြက်သည် ဘဝရောက်ပါတယ်။ ကြက်ခြေထောက်နှစ်ချောင်း လက်ကကိုင် တစ်ဖက်မှာ ခွေးခြောက်ဖို့ တုတ်ကိုင်ပြီး ကျွန်တော် ကြက်အရောင်းထွက်ပါတယ်။ ဒိုဖြင်လူတွေကို ရောင်းခိုင်းရင် ဖြစ်ပေမယ့် သူတို့ကို ပိုက်ဆံခွဲပေးရင် ကျွန်တော့်အတွက် အရှုံးနည်း သွားမှာစိုးလို့ ကိုယ်တိုင်ထွက်ရောင်းတာပါ။ ရောင်းလို့ ရလာတဲ့ပိုက်ဆံကို လက်တိုချင် နို့မှုန့်ဘူးကို လုပ်ထားတဲ့ စုဘူးထဲကို ထည့်ရတဲ့အချိန်ဟာ ပိုပြီးပျော်စရာကောင်းပါ တယ်။ ပိုက်ဆံတစ်ခါထိုးထည့်လိုက်တိုင်း ကိုယ်ပိုင် စက်ဘီးတစ်စီးရတော့မယ် ဆိုတဲ့

အတွေးဟာ အင်မတန် ပျော်စရာကောင်းပါတယ်။ တစ်ခါတလေများ တစ်ပတ်ဆယ်ရက်ကြာတဲ့အထိ ကြက်တွေမသေရင် ကျွန်တော့် မှာနေမထိထိုင်မသာကိုဖြစ်လို့ ဘယ်သူ့အပြစ်တင်ရမှန်းလည်းမသိ ကြက်တွေသေအောင် ဘယ်လိုလုပ်ရမှန်းလည်းမသိနဲ့ တော်တော်ဆိုးတဲ့ဒုက္ခပါ။

ကျွန်တော်တို့ ငါးတန်းခြောက်တန်းအရွယ်ကဆိုရင် ပစ္စည်းအစုံနဲ့မောင်မြန်မာစက်ဘီးတစ်စီးကို ၁၆၅၀ ပေးတာနဲ့ရပါတယ်။ ပစ္စည်းအစုံဆိုတာ မားကပ်အရှည်ပါမယ်၊ ကယ်ရီယာပါမယ်၊ ချိန်းဖုံးအပြည့်ပါမယ်၊ ဒိုင်နမိုပါမယ်၊ မီးလုံးပါမယ်၊ ဒေါက်ပါမယ်၊ အဲဒီလိုစက်ဘီးမျိုးကိုပြောတာပါ။ မောင်မြန်မာစက်ဘီးအကြောင်းကို ဘာကြောင့် အဲဒီလောက် အသေးစိတ်ရှင်းပြနေရသလဲဆိုရင် ကျွန်တော် ပထမဆုံးပိုင်ဆိုင်ဖူးတဲ့ ကိုယ်ပိုင်စက်ဘီးဟာ မောင်မြန်မာစက်ဘီးဖြစ်လို့ပါ။

အမေပြောထားတဲ့စကားအတိုင်း ကြက်တွေရောင်းလို့ရတဲ့ငွေလေးတွေစုလိုက်၊ အဖေ့စက်ဘီးခိုးစီးလိုက်၊ လမ်းမှာတွေ့တဲ့စက်ဘီးလှလှလေးတွေကို ငေးကြည့်လိုက်နဲ့ပဲ ကျွန်တော့်ရဲ့လေးတန်းကျောင်းသားဘဝကုန်ဆုံးသွားပါတယ်။ ငါးတန်းတက်ဖို့ကျောင်းတွေဖွင့်တော့မယ်ဆိုတဲ့အချိန်မှာ ကျွန်တော်လည်း တစ်နှစ်ပတ်လုံးစုထားတဲ့စုဘူးကို ဖောက်ပါပြီ။ ငါးတန်းတက်တဲ့အချိန်ကျရင် ကိုယ်ပိုင်စက်ဘီးနဲ့ကျောင်းတက်နိုင်အောင်ပါ။ စုဘူးကို ဖောက်ပြီးအထဲမှာလိပ်ထည့်ထားတဲ့ ငါးကျပ်တန်၊ ဆယ်တန်၊ ကျပ်တန်လေးတွေကို ရေကြည့်လိုက်တော့ စုစုပေါင်းရှစ်ရာ့ကိုးဆယ်ရှိပါတယ်။ စိတ်ဓာတ်တစ်ဝက်တော့ကျသွားပါတယ်။ တစ်ထောင်တောင်မပြည့်တဲ့ပိုက်ဆံနဲ့ဆိုရင် စက်ဘီးကောင်းကောင်းတစ်စီးဝယ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ စုဘူးကိုကြည့်ပြီး ငိုင်နေတဲ့ကျွန်တော့်ကို အမေက သနားသွားလို့လားမသိပါဘူး။ ပိုက်ဆံ ၁၁၀ထုတ်ပေးပါတယ်။ တစ်ထောင်ပြည့်သွားအောင်လို့ပါ။ အဲဒီပိုက်ဆံကို အိတ်ထဲထည့်ပြီး မြို့ထဲမှာနေတဲ့ ကျွန်တော့်အစ်ကိုတစ်ဝမ်းကွဲ ကိုဆန်နီဆီကိုသွားပါတယ်။ သူက စက်ဘီးရောင်းလို့တော့မဟုတ်ပါဘူး။ ကျွန်တော်ငယ်ငယ်လေးထဲကနေ အရွယ်ရောက်လာတဲ့အချိန်အထိ ကျွန်တော်လိုချင်တာ ဖြစ်ချင်တာတွေအကုန်လုံးကို အမြဲတမ်းလုပ်ပေးနေကျမို့ပါ။ ကျွန်တော့်ကို ညီတစ်ယောက်၊ သားတစ်ယောက်လို သဘောထားပြီး အလိုလိုက်ခဲ့တဲ့သူပါ။ အခုလည်း သူ့ကို ပိုက်ဆံတစ်ထောင်ပေးပြီး ကျွန်တော့်အတွက် စက်ဘီးဝယ်နိုင်းပါတယ်။ ကျွန်တော့်လက်ထဲက ပိုက်ဆံ တစ်ထောင်ကိုယူ သူ့ရှေ့ဆိုင်အံဆွဲထဲထည့်လိုက်ရင်း ကိုကြီး ရအောင်ဝယ်ပေးမယ်။ မင်းစိတ်ချ လက်ချသာနေ ဆိုပြီး

ာတိပေးတာကြောင့် ကျွန်တော်လည်း အိမ်ကို စိတ်အေးလက်အေးပြန်လာခဲ့ ါတယ်။ အိမ်ပြန်ရောက်ပြီး နှစ်ရက်အကြာမှာတော့ ကိုကြီးဆန်နီရဲ့လက်ခွဲတော် ဆိုက်ကားဆရာ ဦးစွန်တိတ်ကြီး အိမ်ရောက်လာပြီး ကျွန်တော့်ကိုလာခေါ်ပါတယ်။ ျွန်တော်ဝယ်ခိုင်းထားတဲ့စက်ဘီး ဝယ်ပြီးသွားပြီမို့ လာယူပါတဲ့။ ကျွန်တော်လည်း ဦးစွန်တိတ်ဆိုက်ကားပေါ်ကို ဝမ်းသာအားရတက်ပြီး ကိုကြီးဆန်နီရှိရာ လာခဲ့ပါ ာယ်။ ကိုကြီးအိမ်လည်းရောက်ရော မင်းစက်ဘီးက ပန်းထိမ်ဖိုထဲမှာဆိုပြီး န်းထိမ်ဖိုဘက်ကို ကျွန်တော့်ကိုခေါ်သွားပါတယ်။ ပန်းထိမ်ဖိုထဲလည်းရောက်ရော ဟောဒါ မင်းစက်ဘီးဆိုပြီး ရပ်ထားတဲ့ စက်ဘီးတစ်စီးကိုလက်ညှိုးထိုးပြပါတယ်။ ျွန်တော်ကြည့်လိုက်တော့။

ကျွန်တော်ကြည့်လိုက်တော့ ပန်းထိမ်ဖိုရဲ့စဘို့ဘက်ထရံအိုးနဲ့ ထွန်းထား ဲ့ တစ်ပေမီးချောင်းရဲ့အလင်းရောင်အောက်မှာ ကျွန်တော့်ရဲ့ကိုယ်ပိုင်စက်ဘီး လေးကို တွေ့လိုက်ရပါတယ်။ မောင်မြန်မာစက်ဘီးလေးပါ။ စက်ရုံကထုတ်လာတဲ့ ့စ္စည်းစုံနဲ့စက်ဘီးအသစ်ချပ်ချွတ်လေးတော့မဟုတ်ပါဘူး။ သူများသုံးပြီးသားကို ပြန်ဝယ်ထားတဲ့ တစ်ပတ်ရစ်စက်ဘီးလေးပါ။ တစ်ပတ်ရစ်လို့ပြောတာထက် တစ် ပတ်ဟောင်းစက်ဘီးလေးလို့ပြောရင် ပိုမှန်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်စက်ဘီးလေးမှာ ဆေးလုံတဲ့နေရာဆိုလို့ တော်တော်နည်းနေသလို ရှေ့ကာယာတွေကလည်း ကတုံးဖြစ်လုနီးနေပါပြီ။ ရှေ့ဂွေ နောက်ဂွေနှစ်ခုစလုံး ကလည်း ဘရိတ်ရာတောင်ထင်နေပါပြီ။ ၁၁၈ဝ နဲ့ဝယ်လိုက်တဲ့စက်ဘီးလေးကို ၁၀၀၀ ပဲ ကျအောင် ကျွန်တော့်အစ်ကိုက ဗိတ်လျှော့လိုက်တဲ့အတွက် ကျွန်တော့် ်က်ဘီးလေးမှာ ရှေ့မားကပ်၊ နောက်မားကပ်မပါသလို ချိန်းဖုံးလည်းမပါပါဘူး။ ာယ်ရီယာမပါသလို ဗိုင်နမိုနဲ့ မီးခေါင်းလည်းမပါပါဘူး။ အဲဒါတွေအကုန်လုံး ြုတ်ရောင်းလိုက်ပြီး ဝတ်လစ်စလစ်ဖြစ်နေတဲ့ မောင်မြန်မာစက်ဘီးလေးကို ာစ်ထောင်နဲ့ ဈေးဖြတ်ပြီး ကျွန်တော့်အတွက်ဝယ်ပေးတာပါ။

ယူသွားတော့ဆိုတဲ့ အစ်ကိုရဲ့စကားဆုံးတာနဲ့ အဲဒီခေတ်က အရမ်း ာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသမီးမို့မို့မြင့်အောင်ရဲ့ပါးလေးကို ကိုင်ခွင့်ရလို့ ုိင်သလိုပဲ ကျွန်တော်စက်ဘီးလက်ကိုင်လေးကို တယုတယနဲ့ကိုင်ပြီး အိမ်အပြင် ိုတွန်းထုတ်လာပါတယ်။ အိမ်အပြင်ကိုရောက်တာနဲ့ ဘယ်ဘက်က ခြေနင်းကို ာက်နဲ့ကိုင်ပြီး အပေါ်ဘက်ကို ထောင်လိုက်ပါတယ်။ စက်ဘီးအပေါ်ရောက်ဖို့ အတွက် ခြေနင်းကိုနင်းတက်တက်ပြီး ခွရမှာမို့ပါ။ ခြေနင်းပေါ်ကို ဘယ် ခြေထောက်တင်လိုက်တာနဲ့ ငါ့ကိုယ်ပိုင်စက်ဘီးကို ငါစီးရတော့မှာပါလားဆိုတဲ့

အသိက ကျွန်တော့်ကို တော်တော်လေး စိတ်လှုပ်ရှားစေပါတယ်။ ဖင်ထိုင်ခုံပေါ်ကို တက်စီးရင်မမီတဲ့အတွက် ဘားတန်းပေါ်မှာ တစ်ခြမ်းစောင်းထိုင်ပြီးတော့ပဲ အိမ်အထိ နင်းလာခဲ့ပါတယ်။

အိမ်ရောက်တာနဲ့ မီးခွက်ကလေးကပျာကယာထွန်းပြီး ကျွန်တော့်ကိုယ်ပိုင် မောင်မြန်မာစက်ဘီးလေးကို သန့်ရှင်းရေးစလုပ်ပါတယ်။ နွေကျရင် သောက်ရေအဖြစ် အသုံးပြုဖို့ ရာဝင်အိုးထဲ ထည့်လှောင်ထားတဲ့မိုးရေတွေကို အမေမသိအောင်ခိုးခပ်ပြီး ကျွန်တော့်စက်ဘီးလေးကို ဆေးပါတယ်။ ရာဝင်အိုးထဲမှာရှိတဲ့ မိုးရေတွေတစ်ဝက်လောက်တော့ကုန်သွားပါတယ်။ ကျွန်တော့်စက်ဘီး အကောင်းစားလေးကို မြောင်းရေနဲ့မဆေးရက်တာကြောင့် သောက်ရေအဖြစ် လှောင်ထားတဲ့မိုးရေနဲ့ ခိုးပြီးဆေးတာပါ။ ပြီးတော့ အမေတွေသုံးတဲ့ရွှေဝါဆပ်ပြာတောင့်ကို တိတ်တိတ်ကလေးသွားခိုးပြီး ကျွန်တော့်စက်ဘီးလေးကို ဖင်တစ်ပြန်ခေါင်းတစ်ပြန်လောက် နှစ်ခါသုံးခါလောက်ဆပ်ပြာတိုက်ပေးပါတယ်။ ပြီးတော့မှ မိုးရေတွေနဲ့ပြန်ဆေးပြီး ဆပ်ပြာတွေကိုစင်အောင်လုပ်ပါတယ်။ မိုးရေဆေးပြီး ရွှေဝါဆပ်ပြာနဲ့တိုက်ထားတဲ့အတွက် သန့်ရှင်းစင်ကြယ်နေတဲ့ ကျွန်တော့်စက်ဘီးလေးကို ပုခုံးနဲ့မနိုင့်တနိုင်ထမ်းပြီး အိမ်ထဲသယ်လာပါတယ်။ အိမ်ထဲရောက်လို့သောက်ရေအိုးစင်အောက်မှာ ထောင်ပြီးတာနဲ့ အမေ့ဘီဒိုရှိရာကို မယောင်မလည်သွားပြီး သူ့အဝတ်ထပ်ထဲက မျက်နှာသုတ်ပုဝါတစ်ထည် ကျွန်တော်အလစ်သုတ်လာပါတယ်။ တစ်လက်စတည်း အမေ့မှန်တင်ခုံကိုပါ တိတ်တိတ်ကလေးသွားပြီး အုန်းဆီပုလင်းယူလာခဲ့ပါတယ်။ ကျွန်တော့်စက်ဘီးလေးနားပြန်ရောက်တာနဲ့ အမေ့ဘီဒိုထဲကယူလာတဲ့ မျက်နှာသုတ်ပုဝါကို ထက်ခြမ်းခွဲလိုက်ပါတယ်။ ထက်ခြမ်းခွဲပြီးတာနဲ့ မျက်နှာသုတ်ပုဝါတစ်ခြမ်းနဲ့ ကျွန်တော့်စက်ဘီးလေးကို ရေပြောင်အောင်သုတ်ပါတယ်။ ရေပြောင်အောင်သုတ်ပြီးတာနဲ့ ကျန်တဲ့မျက်နှာသုတ်ပုဝါတစ်ခြမ်းကို အုန်းဆီဆွတ်ပြီး စက်ဘီးလေးရဲ့ ကိုယ်ထည်တွေ၊ ဖောက်တွေကို ကျွန်တော်ဂရုတစိုက်လိုက်ပြီးတော့ သုတ်ပါတယ်။ အဲဒီအချိန်မှာ ရုပ်ရှင်မင်းသမီးမို့မို့မြင့်အောင်ကို သနပ်ခါးလိမ်းပေးခွင့်ရမယ်ဆိုရင်တောင် ကျွန်တော်အခုလောက်ယုယုယယနဲ့ လုပ်ပေးဖြစ်မယ်မထင်ပါဘူး။ အခုတော့ ကျွန်တော့်စက်ဘီးလေးကို အုန်းဆီဆွတ်ထားတဲ့ မျက်နှာသုတ်ပုဝါနဲ့သုတ်လိုက်၊ သုတ်ပြီးတာနဲ့ ခပ်လှမ်းလှမ်းက ရပ်ကြည့်လိုက် ပြီးရင်နောက်တစ်ခါ ပြန်သုတ်လိုက်လုပ်နေရတာဟာ မျှောက်အုန်းသီးရနေသလိုပါပဲ။

မှတ်မှတ်ရရ ကျွန်တော့်ရဲ့ကိုယ်ပိုင် မောင်မြန်မာစက်ဘီးလေးရတဲ့ညက

ကျွန်တော်တစ်ရေးမှ မအိပ်ဖြစ်လိုက်ပါဘူး။ ဘရိတ်ရာထင်နေတဲ့ ငွေတွေကို သတင်းစာစက္ကူနဲ့တိုက်လိုက် သံချေးအစက်လေးတွေ အနည်းအပါးရှိနေတဲ့ Handle ကို အမဲဆီဆွတ်ထားတဲ့ အဝတ်နဲ့တိုက်လိုက် ကိုယ်ထည်နဲ့ဖောက်ကို အုန်းဆီဆွတ်ထားတဲ့ မျက်နှာသုတ်ပုဝါနဲ့တိုက်လိုက်၊ ပြီးရင် စက်ဘီးလေးကို ရှေ့က ကြည့်လိုက် နောက်ကကြည့်လိုက် ဘေးကကြည့်လိုက် ကိုင်ကြည့်လိုက်နဲ့ ဂုဏ်ယူကျေနပ်နေလိုက်တာ တစ်ချက်ကလေးတောင်မသန်းပါဘူး။ ကျွန်တော်အရမ်းလိုချင်နေတဲ့ ကိုယ်ပိုင်စက်ဘီးလေးတစ်စီးကို ကျွန်တော့်လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ခွင့်ရပြီး ကျွန်တော့်မျက်စိအောက်မှာ အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေရတဲ့အရသာဟာ အင်မတန်ကို ပျော်ရွှင်ကျေနပ်စရာကောင်းခဲ့ပါတယ်။ တကယ်ဘမ်းက စက်ဘီးလေးက အစုတ်ကလေးပေမယ့် ကျွန်တော့်အတွက်တော့ ကိုယ်ထင်ကုတင်ရွှေနန်းပါပဲ။ အဲဒီစက်ဘီးလေးပိုင်ဆိုင်ခွင့်ရလိုက်တာဟာ ကျွန်တော့်ဘဝမှာ အပျော်ရွှင်ဆုံးအချိန်တစ်ချိန်ကို ပိုင်ဆိုင်ခွင့်ရလိုက်တာပါပဲ။


အရွယ်ရောက်လို့ အသက်တွေကြီးပြီး အလုပ်တွေလုပ်လာတော့ ရုပ်ဝတ္ထုပစ္စည်းတွေ တော်တော်များများ ပိုင်ဆိုင်ခွင့်ရလာပါတယ်။ ဒါပေမယ့် ဘယ်အရာကိုပဲ ပိုင်ဆိုင်ရ ပိုင်ဆိုင်ရ မောင်မြန်မာစက်ဘီးအဟောင်းလေးကို ပိုင်ဆိုင်ခွင့်ရဘုန်းက ပျော်ခဲ့သလိုမျိုး မပျော်ခဲ့မိတာကတော့အမှန်ပါပဲ။

ဘာတွေပဲလုပ်လုပ် ဘယ်တွေပဲသွားသွား အရမ်းလှတဲ့စက်ဘီးတစ်စီးလောက် လမ်းမှာတွေ့ခဲ့ရင်တော့ အခုချိန်ထိလည်း တမေ့တမော လိုက်ငေးကြည့်နေမိဆဲပါ။

**ဒဿမင်း**

ကျေးရွာစာကြည့်တိုက်ပဲဖြစ်ဖြစ်၊ ရပ်ကွက်စာကြည့်တိုက်ပဲဖြစ်ဖြစ်
ကျောင်းစာကြည့်တိုက်ပဲဖြစ်ဖြစ်
နွေဦးသက်တံ့ကို အလှူခံလိုပါက
စာကြည့်တိုက်နဲ့ပတ်သက်တဲ့
ထောက်ခံချက်လေးတွေ ပေးပို့လိုက်ပါ။
လှူဒါန်းဖို့အသင့်ပါပဲ။

# ဝမ္မနိုးဗေါ်င်း တပ်ဗေတောင်



## မင်းအောင်စိုး

ကမ္ဘာမြေ ပြန်လည် စိမ်းလန်းရေးတို့၊ ပတ်ဝန်းကျင် လှပသာယာရေးတို့၊ မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ရေးတို့၊ အိုဇုန်းလွှာပေါက်ကွဲမှုဒဏ်ကို ကာကွယ်ဖို့တို့ဆိုတာတွေကို ငယ်ငယ်တုန်းက ကြားလည်းမကြားဖူးသလို သိလည်း မသိခဲ့ပါဘူး။

ဒါပေမဲ့ သစ်ပင်စိုက်တာကိုတော့ ကလေးဘဝကတည်းက ဝါသနာပါခဲ့တာအသေအချာပါပဲ။ ဘယ်လောက်တောင် ဝါသနာပါသလဲဆိုရင် မစိုက်ရရင် မနေနိုင်လောက်အောင်ကို ဝါသနာပါခဲ့တာပါ။ သစ်ပင်မစိုက်မိဘဲ အိပ်လိုက်ရတဲ့ညဆိုရင် နွားပြန်တိုးတွေမရသေးတဲ့ မြို့ရှင်တစ်ယောက်လို ပူစပ်ပူလောင် ဖြစ်နေခဲ့တာပါ။

ဝါသနာဆိုတာ ဇီဇနဲ့ပတ်ဝန်းကျင်ကိုအခြေခံပြီးမှ ဖြစ်ပေါ်လာတတ်တဲ့အရာလို့ ကျွန်တော်ကတော့ ရေးတေးတေးသဘောပေါက်တာပဲ။ မွေးကတည်းက

ကွင်းထဲမှာ ပုဆိုးကွင်းသိုင်း၊ နှပ်ချိုးတွဲလောင်းနဲ့ တင်ပါးမှာ ဗွက်ပေနေတဲ့ ...းတစ်ယောက်ဟာ လေယာဉ်ပျံကြီးတစ်စီးတည်ဆောက်ဖို့အတွက် ဝါသနာ ...ာနိုင်တာ အသေအချာပါပဲ။ သူမှ လေယာဉ်ကို မမြင်ဖူးတာ။ အဲဒီတော့ ...ဖူးတဲ့ငှက်တွေကိုပဲဖြစ်ဖြစ် ငါးတွေကိုပဲဖြစ်ဖြစ် ပစ်ခတ်ဖမ်းဆီးဖို့ ဝါသနာပါ ...မယ်ဆိုတာ ယေဘုယျသဘောအရ ပြောမယ်ဆိုရင် ပိုနီးစပ်ပါလိမ့်မယ်။

ဒီသဘောပါပဲ။

အဖေ့ဘက်က တစ်မျိုးလုံးတစ်ဆွေလုံး စိုက်ပျိုးမွေးမြူခြင်းနဲ့ပဲ အသက် ...ကြတာဆိုတော့ သစ်ပင်စိုက်တာကို ဝါသနာပါလာတာ အဆန်းတော့ မဟုတ် ...း၊ တစ်ခုတော့ကံကောင်းတယ်လို့ ပြောရမှာပဲ။ မွေးမြူရေးအလုပ်ကို ဝါသနာ ...တဲ့ အတွက်ပါပဲ။ အဖေ့အစ်ကိုနှစ်ယောက်က ဥစားကြက်တွေကို စီးပွားဖြစ် ...ကြတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့များ ကြက်မွေးချင်တဲ့ဝါသနာပါလာခဲ့ရင် ...တော်ဒုက္ခရောက်မှာပါ။ တလွဲတော့မတွေးပါနဲ့။ သစ်ပင်စိုက်တယ်ဆိုတာ ...းတစ်ယောက်အတွက် အရင်းအနှီးမကြီးပေမယ့် ကြက်တစ်ကောင်ဝယ်ဖို့ ...က် အရင်းအနှီးကြီးလို့ပါ။

ပြီးတော့ ကျွန်တော့်ဝါသနာကို မြေစမ်းခရမ်းပျိုးဖို့အတွက် ပတ်ဝန်းကျင် ...ည်း အကောင်းဆုံးအခြေအနေမှာရှိလို့ပါ။ ကျွန်တော်မွေးဖွားကြီးပြင်းခဲ့တဲ့ ...က သစ်ပင်စိုက်ဖို့ မြေလွတ်တွေပေါသလို စိုက်စရာသစ်ပင်လည်း အင်မတန် ...တယ်။ စိုက်လိုက်တဲ့အပင်တစ်ပင်ရှင်သန်ဖို့အတွက် လိုအပ်တဲ့ရေဆိုတာ ...း ဘယ်နေရာမှာခပ်ယူခပ်ယူ အဆင်သင့်ရှိနေတာပါပဲ။ အိမ်ရှေ့ရေမြောင်း ... ခပ်ခပ်၊ နောက်ဖေးရေမြောင်းကပဲခပ်ခပ် အပင်တစ်ပင်ရှင်သန်ကြီးထွားဖို့ ...က် လုံလောက်တဲ့ ရေပမာဏ ၂၄ နာရီ ယူလို့ရပါတယ်။

သစ်ပင်စိုက်တယ်ဆိုတဲ့နေရာမှာ အရိပ်ရမယ့်အပင်တို့၊ အသီးစားရမယ့် ...တို့၊ အပွင့်လှလှလေးပွင့်အောင်လို့ဆိုပြီး ရွေးချယ်ရည်ရွယ်စိုက်ပျိုးရမှန်း ...းဘဝတုန်းက မသိခဲ့ပါဘူး။ မစိုက်ရရင်မနေနိုင်လို့ကို စိုက်ဖြစ်နေတာပါ ...ကောင်းလို့လည်း အမေရဲ့အရိုက်ခံဖူးသလို အပြောကောင်းလို့လည်း အမေ့ ...ကို ခံခဲ့ရဖူးပါတယ်။ ဘယ်လိုအစိုက်ကောင်းခဲ့တာလဲဆိုတော့ မျက်စိရှေ့မှာ ...သမျှအပင်တွေချိုး ကျိုးသွားတဲ့ကိုင်းကို မြေကြီးပေါ်မှာ ထိုးစိုက်ရတာ အားမရ ...ဘဲ အမေဈေးထဲကဝယ်လာတဲ့ ကြက်သွန်နီဥအကြီးကြီးတွေထဲက အညှောင့် ...လေးတွေထွက်နေတဲ့ ဥအကြီးကြီးတွေကို အမေ မသိအောင်ခိုးခိုးပြီး အစိုက် ...ခဲ့တဲ့အတွက် လက်ဆစ်တွေကို တစ်တောင်တောင်နဲ့မြည်အောင် အရိုက်ခံ

ခဲ့ရပါတယ်။

အပင်စိုက်တာကို ဝါသနာပါလို့ထင်ပါတယ်။ အပင်တွေကို ခုတ်တာ နှုတ်တာတို့ ဖြတ်တာတို့ကိုလည်း ငယ်ငယ်ကတည်းကမုန်းခဲ့တာပါ။ ကျွန်တော် ခြေရင်းနဲ့ ခေါင်းရင်းတွေမှာ ကျွန်တော်စိုက်ထားတဲ့ ဇော်စိမ်းတို့ ဇော်ကျားတို့ဆို ပေလေးဆယ်ခြောက်ဆယ်မြေကွက်ရဲ့ လွတ်နေတဲ့နေရာတွေမှာအပြည့် ခြင်ကလည်းကိုက် မျက်စိကလည်း ရှုပ်လို့ထင်ပါတယ်။ တစ်နေ့မှာ အမေ လူငှားပြီး ကျွန်တော် ကျောင်းသွားနေတဲ့အချိန်မှာ ခုတ်နိုင်းလိုက်ပါတယ်။

စာကလေး ပေကလေးတွေကို လက်တစ်ဆစ်လောက်တတ်ကတည် ဟိုဖတ်ဒီဖတ်ဆိုတော့ ဝေါဟာရအသစ်အဆန်းလေးတွေကလည်း ကျွန်တော့် ဟိုတစ်လုံး ဒီတစ်လုံးရှိပါတယ်။ ဖတ်ဖူးထားတဲ့ဝေါဟာရထဲက မိုက်ရိုးရင့်ဆို ဝေါဟာရကို ကျွန်တော့်အပင်တွေ ခုတ်လိုက်တဲ့အမေ့အတွက် ကျွန်တော်အသုံ လိုက်ပါတယ်။ အမေ့မျက်နှာကို စေ့စေ့ကြည့်ရင်း "အမေကလည်း ဒီအပင်တွေ ဘာလို့ခုတ်ပစ်ရတာတုံး။ မိုက်ရိုးရင့်လိုက်တာ"လို့ ပြောလိုက်တဲ့ သုံးတန်းကျော သား ကျွန်တော့်ရဲ့စကားအဆုံးမှာပဲ အမေရဲ့ရွှေကြိမ်လုံးဟာ ကျွန်တော့်ရဲ့ တင် ပေါ် ဖြန်းကျက်လိုက်တာ သုံးရက်လောက် ကျပ်ပူထိုးရတဲ့အထိပါပဲ။

ရည်ရွယ်ချက်တစ်ခုနဲ့ သစ်ပင်တွေကိုစိုက်ခဲ့တာတော့ မဟုတ်ပေ သစ်ပင်တွေကိုမြတ်နိုးသလို ပန်းပွင့်တွေကိုလည်း သဘောကျတတ်ပြီး လူတွေ မှာကိုနှမြောခဲ့တာလည်း ငယ်ငယ်ကတည်းကပါ။ ပန်းပွင့်တစ်ပွင့်ကို အရမ်းလှ မိန်းမတစ်ယောက်ရဲ့ခေါင်းပေါ်မှာ ပန်ထားတာရယ်၊ သူ့အပင်မှာ ပွင့်လျက်သ ရှိနေတာရယ် ဘယ်အရာကပိုလှသလဲလို့ဆိုရင် အပင်ပေါ်မှာရှိနေတာ ပိုလှတ လို့ ယုံကြည်ခဲ့တာပါ။ အဲဒါကြောင့်လည်း ကျွန်တော်စိုက်ထားတဲ့အပင်က ပွင့် တဲ့ ပန်းတွေကို လာခူးပြီးပန်ဖို့ကြိုးစားတဲ့ လမ်းထဲကအပျိုမတွေနဲ့ မနက်ခင်းတို မနက်ခင်းတိုင်း တိုက်ပွဲပြင်းထန်လေ့ရှိပါတယ်။

ပန်းပွင့်တွေလာလာခူးကြလို့ ရန်ဖြစ်ရတဲ့အကြိမ်ရေများလာတဲ့အခါ လည်းမဖြစ်ရအောင် ကျွန်တော့်ပန်းပွင့်တွေလည်း မဆုံးရှုံးရအောင် နည်းလ အမျိုးမျိုးကို စဉ်းစားကြည့်လိုက်တဲ့အခါ ခေါင်းထဲမှာအဖြေတစ်ခုရပါတယ်။ အဖြေကို ကျွန်တော် ချက်ချင်းပဲ အကောင်အထည် ဖော်လိုက်ပါတယ်။ ဘာ လိုက်တာလဲဆိုတော့ ပန်းရောင်းရန်ရှိသည်ဆိုတဲ့ ဆိုင်းဘုတ်ကို ကျွန် ကိုယ်တိုင်ရေးပြီးထောင်လိုက်တာပါပဲ။ ခုချိန်မှာပြန်တွေးကြည့်တော့ ဈေးကွ စီးပွားရေးစနစ်ရယ်၊ ပန်းချီဆွဲခြင်းအလုပ်ရယ်ကို အဲဒီအချိန်ထဲက ကျွန်

ဒါသနာပါခဲ့ပုံရပါတယ်။

ပန်းရောင်းရန်ရှိသည် ဆိုတဲ့ဆိုင်းဘုတ်ကို ကျွန်တော်ကိုယ်တိုင်ရေးပြီး အိမ်ရှေ့မှာ စိုက်ထူလိုက်တဲ့နေ့ကစပြီးတော့ လမ်းထဲကအပျိုမတွေနဲ့ကျွန်တော်နဲ့ ၀စ်ပွဲရပ်ဆိုင်းသွားသလို ကျွန်တော့်ကုတင်ခေါင်းရင်းမှာ ချိတ်ထားတဲ့ ပုသိမ် ဟာလဝါ ခန်ချိုင့်လွတ်ကလေးထဲကိုလည်း အကြွေစေ့တွေမှန်မှန်ထည့်ပြီး စုနိုင်ခဲ့ပါတယ်။ ဒါသနာပါတဲ့ သစ်ပင်စိုက်ခြင်းအလုပ်က စီးပွားရှာလို့လည်းရပါလားဆိုတာ ကျွန်တော် နည်းနည်းသဘောပေါက်လာပါတယ်။

ဟိုအပင်စိုက် ဒီအပင်စိုက်နဲ့ ကြုံရာကျပန်းစိုက်ပျိုးလာရင်းကနေ အပင် တစ်ပင်တည်းကို စွဲစွဲလမ်းလမ်းစုပေါင်းစိုက်ပျိုးဖို့ ဝါသနာပါလာတာ ကျွန်တော် ငါးတန်းကျောင်းသားနှစ်မှာပါ။ အဲဒါကလည်း လမ်းထဲကအနိုပ်သည် ဦးကျော်အေး ရဲ့ပြောစကားကြောင့်ပါ။ ငါ့တူကြီး ဟိုအပင်စိုက် ဒီအပင်စိုက်နဲ့ တွေ့ကရာအပင် စိုက်နေမယ့်အစား ဂမုန်းပင်တွေစိုက်ပါလား။ ဂမုန်းပေါင်း တစ်ထောင်ပြည့်ရင် ငါ့တူကြီး လိုတရတဲ့ဘဝမျိုး သူ့အလိုလိုရောက်လာလိမ့်မယ်။ ဂမုန်းပေါင်း တစ်ထောင်ပိုင်ရှင်ဟာ တောင်းတဲ့ဆုပြည့်တယ်ကွ လို့ပြောပါတယ်။ သူ့ရဲ့အဲဒီ စကား တစ်ခွန်းတည်းနဲ့တင် ဂမုန်းပင်တွေစုဆောင်းစိုက်ပျိုးဖို့ ကျွန်တော်ဆုံးဖြတ် လိုက်ပါတယ်။ ဂမုန်းပင်တွေကို သိပ်မြတ်နိုးလွန်းလို့တော့မဟုတ်ပါဘူး။ တောင်းတဲ့ ဆုနဲ့ ပြည့်ချင်လို့ပါ။

အဲဒီအချိန်တုန်းက ကျွန်တော့်မှာတောင်းတဲ့ဆုတွေက တော်တော်များ ပါတယ်။ မောင်ဗမာစက်ဘီးတစ်စီးလောက်လည်း လိုချင်တယ်။ စိုင်းထီးဆိုင်ရဲ့ မန္တလေးရောက်ရှမ်းတစ်ယောက်အခွေကိုလည်း ဟီတာချီအခွေနဲ့ဝယ်ချင်တယ်။ Auto Reject ပါတဲ့ National ကက်ဆက်တစ်လုံးလည်းလိုချင်တယ်။ ၈ ဗို့ ဘက်ထရီအိုးတစ်လုံးလည်းလိုချင်တယ်။ ဝက်ဝံရုပ်ပါတဲ့ အမွှေးပွလွယ်အိတ်လေး လည်းလိုချင်တယ်။ ဘာသာပြန်စာအုပ်ထဲမှာပါတဲ့ ဝက်ပေါင်ခြောက်ဆိုတဲ့အရာ ကိုလည်း စားကြည့်ချင်တယ်။ အဲဒီအရာအားလုံးကို အိမ်မှာရှိတဲ့ဘုရားမှာ ညအိပ်ခါနီးရင် ဖင်ဘူးတောင်းထောင်ပြီး နားပူနားဆာလုပ်တော့ ဘုရားတလည်း နားငြီးတယ်ထင်ပါတယ်။ တစ်ခုမှကိုဆုတောင်းမပြည့်ခဲ့ပါဘူး။

တကယ်လို့ ကျွန်တော့်မှာများ ဂမုန်းပေါင်းတစ်ထောင်ရှိခဲ့ရင် အဲဒီ အရာ တွေအားလုံး ဘုရားကို နားပူနားဆာလုပ်စရာမလိုဘဲ လိုတရပြီပေါ့။ ကျောင်းဆင်း လို့ အိမ်ရောက်တာနဲ့ လွယ်အိတ်ကို အိမ်က တိုင်ရဲ့ချိတ်မှာချိတ်ပြီး ဝရန်တာ ပေါ်တော်ဖွင့်ပါတယ်။ လက်ထဲမှာတော့ နှစ်ပေလောက်ရှည်တဲ့ ဝွတ်လုံး တုတ်တစ်

ချောင်း ကိုင်ထားပါတယ်။ တောင်ဝှေးအဖြစ်သုံးဖို့မဟုတ်ပါဘူး။ လမ်းကြို လမ်းကြား ရပ်ကွက်ကြိုရပ်ကွက်ကြား လျှောက်သွားတော့ ရန်ပြုလာမယ့်ခွေးရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ပါ။ အဲဒီအချိန်တွေတုန်းကဆိုရင် တုတ်တစ်ချောင်းကိုင်ပြီး လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားမှာ လျှောက်သွားနေတဲ့ကျွန်တော့်ကို မမြင်ချင်မှ အဆုံးပါပဲ။ ပလပ်စတစ်ကောက်တဲ့ကလေးတွေနဲ့အပြိုင်ပေါ့။ တစ်ခါတစ်လေမှာ သူတို့ရဲ့ စီးပွားပြိုင်ဘက်လို့ထင်ပြီး ရန်ပြုတာမျိုးနဲ့တောင် ကြုံခဲ့ရပါတယ်။

ဆရာဇီဝက,ကတော့ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်တယ်တဲ့။ ကျွန်တော်ကတော့ ဂမုန်းတစ်မျိုးအသစ်တွေ့ရင် ဆုတောင်းပြည့်ဖို့ နီးလာပြီဆိုပြီး မတွေ့သမျှ သစ်ပင်မှန်သမျှ ဂမုန်းဖြစ်ပါစေလို့ဆုတောင်းပြီး ဂမုန်းရှာပုံတော်ဖွင့်ခဲ့ပါတယ်။ ကျွန်တော်တို့အိမ်လေးရဲ့ လွတ်နေတဲ့မြေလွတ်တွေမှာ ကျွန်တော် ရှာဖွေစုဆောင်းလာတဲ့ ဂမုန်းတွေနဲ့ တစ်ဖြည်းဖြည်းပြည့်လာပါတယ်။

လပြည့်လကွယ်နေ့တိုင်း အမွှေးတိုင်ထွန်းရမယ်ဆိုတဲ့ ရှင်သီဝလိဂမုန်းတွေကို မပျက်မကွက် အမွှေးတိုင်ထွန်းလိုက် ရွှေရည်၊ ငွေရည်လောင်းပေးရမဲ့ မယ်တော်ကြီးဂမုန်းတွေကို အမေ့ဆီကရွှေဆွဲကြိုးကိုငှား ကျွန်တော်ရေခပ်ခပ်ချိုးနေတဲ့ ဖလားထဲကိုထည့်စိမ် အစ်မဆီက ငွေလက်စွပ်ကိုငှားပြီး လောင်းလိုက်ရတဲ့ ရွှေရည်၊ ငွေရည်ဆိုတာလည်း အစ်မလက်စွပ်ပျောက်သွားလို့ ကျွန်တော့်ကျောပြင်ကို အမေဗျောတင်ရတဲ့အထိပါပဲ။ အညီအဟောက်ကြိုက်တယ်ဆိုတဲ့ ဂမုန်းပင်ကျတော့လည်း အမေခြွေထားတဲ့ ပုဇွန်ခေါင်းတွေကို အပင်ခြေမှာ သွားသွားပုံလို့ ပုတ်စော်နံတယ်ဆိုပြီး အဖေ့ရဲ့တုတ်စာမိခဲ့တာလည်း အကြိမ်ကြိမ်ပါပဲ။ ဒါပေမယ့် ကျွန်တော်ကတော့ ဇွဲမလျှော့ပါဘူး။ ဂမုန်းပေါင်းတစ်ထောင်ပြည့်ရေး ကျွန်တော့်အရေးပါပဲ။ ဒီဇင်ဘာကျောင်းပိတ်ရက်တို့၊ နွေရာသီကျောင်းပိတ်ရက်တို့မှာ ကျွန်တော့်အဖေအမျိုးတွေရှိတဲ့ လိပ်ကမ္ဘာ၊ ကပွနန်း၊ ဆက်စု၊ ထော်ပိုင်၊ မိန်းမလှကျွန်း အဲဒီရွာတွေကို လှေတစ်စင်းနဲ့ ကျွန်တော်သွားပါတယ်။ ဒေသန္တရဗဟုသုတရှာဖို့မဟုတ်သလို အမျိုးတွေကိုချစ်လွန်းလို့လည်း လှေတစ်တန်လှည်းတစ်တန်နဲ့ သွားတာမဟုတ်ပါဘူး။ ကျွန်တော်လိုချင်တဲ့ ဂမုန်းပင်တွေရှာဖို့အတွက်ပါ။

အဲဒီလို ကြိုးစားပမ်းစားနဲ့ အားစိုက်ပြီးရှာဖွေခဲ့တဲ့အကျိုးကြောင့် ကျွန်တော့်မှာ ဂမုန်းပင်တော်တော်များများ စုဆောင်းမိပါတယ်။ ဒါပေမဲ့ တစ်ထောင်တော့မပြည့်သေးပါဘူး။

အဲဒီအချိန်မှာပဲ ကြို့မမြင်နိုင်တဲ့ ကံတရားရဲ့လမ်းညွှန်မြေပုံကြောင့် ကျွန်တော့်ရဲ့ဇာတိမွေးရပ်မြေကို စွန့်ခွာပြီး ရန်ကုန်ကို ထွက်လာဖြစ်ခဲ့ပါတယ်။ ကျွန်တော် မျှော်လင့်ချက်ကြီးစွာနဲ့ စုဆောင်းသိမ်းဆည်းခဲ့တဲ့ ဂမုန်းပင်တွေကိုတော့ ဒီအတိုင်းပဲထားခဲ့ရပါတယ်။ ရန်ကုန်ကို ရောက်တဲ့အချိန်မှာတော့ ရှင်သန်ကြီး ထွားဖို့အတွက် လိုအပ်တဲ့နေရာတစ်နေရာရဖို့ ကျွန်တော့်ကိုယ်ကျွန်တော် စိုက်ပျိုးရင်း မြေမဲ့၊ အိမ်မဲ့၊ ရေမဲ့တဲ့အရပ်တွေမှာ ကျွန်တော်ဟာ သစ်ပင်တစ်ပင် ဖြစ်မှန်း မသိဖြစ်နေခဲ့ပါတယ်။ ကလေးဘဝတုန်းက ရည်ရွယ်ချက်မရှိဘဲ သစ်ပင်တွေ စိုက်ပျိုးခဲ့တာ အပင်ဖြစ်ဖို့လွယ်သလောက် ကျွန်တော့်ကိုယ်ကျွန်တော် ရည်ရွယ် ချက်ရှိရှိ စိုက်ပျိုးခဲ့တဲ့အခါကျတော့ အမေ့ဈေးခြင်းထဲက ကျွန်တော် ခိုးခဲ့ဖူးတဲ့ ကြက်သွန်နီမှာရှိတဲ့ အညှောင့်လေးလောက်ပေါက်လာဖို့ကိုတောင် တော်တော် အားစိုက်ပြီး စိုက်ပျိုးခဲ့ရပါတယ်။ ရှင်သန်မယ်လို့ အရှိန်ယူလိုက် လောကဓံဆိုတဲ့ မုန်တိုင်းက ကြမ်းကြမ်းတမ်းတမ်း တိုက်ခတ်လိုက်၊ ပင်လယ်ရေနဲ့တူတဲ့ ဘဝအမော တွေက ဖုံးလွှမ်းသွားလိုက်နဲ့ ကျွန်တော်ဆိုတဲ့သစ်ပင် အညှောင့်ထွက်ဖို့ ဆယ်စုနှစ် နှစ်စုလောက် အားကြိုးမာန်တက် စိုက်ပျိုးခဲ့ရပါတယ်။

အဖိုးကြီးမဖြစ်သေးလို့ သူငယ်တော့မပြန်သေးပါဘူး။ ဒါပေမယ့် ငယ်ငယ်တုန်းက ရှာဖွေစုဆောင်းစိုက်ပျိုးခဲ့ဖူးတဲ့ ဂမုန်းပင်တွေကို အခုအချိန်မှာ တစ်ထောင်ပြည့်တဲ့အထိ ရှာဖွေစိုက်ပျိုးဖို့ ကျွန်တော်ကြိုးစားနေပါတယ်။ ရည်ရွယ် ချက်ကတော့ ကမ္ဘာ့မြေစိုပြေဖို့လည်း မဟုတ်သလို၊ ပတ်ဝန်းကျင် ထိန်းသိမ်းဖို့ အတွက် လည်း မဟုတ်ပါဘူး။ ဆုတောင်းပြည့်ချင်လို့ပါ။ ခုတောင်းမယ့် ဆုတွေက တော့ ငယ်ငယ်တုန်းက တောင်းခဲ့ဖူးတဲ့ဆုမျိုးတွေ မဟုတ်တော့တာတော့ အသေ အချာပါပဲ။ အသက်ကြီးလာတာနဲ့အမျှ တောင်းတဲ့ဆုရဲ့အဓိပ္ပာယ်တွေလည်း ခြားနားပြောင်းလဲကုန်ပါပြီ။ ဒါပေမဲ့ မပြောင်းလဲတာကတော့ ကိုယ်ကြိုးစားလို့ မရနိုင်ဘူး။ မရသေးဘူးဆိုရင် စိတ်သက်သာအောင် ဆုတောင်းတတ်တဲ့ အကျင့် ပါပဲ။

တစ်ခါတစ်လေ တောင်းတဲ့ဆုတွေက များလွန်းလို့ ဂမုန်းပေါင်းတစ် ထောင်ပြည့်ခဲ့ရင်တောင် တောင်းတဲ့ဆုနဲ့ပြည့်ပါ့မလားဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော် သံသယဝင်မိပါတယ်။ တောင်းတဲ့ဆုတွေထဲမှာ မဖြစ်နိုင်တာတွေလည်း ပါပါတယ်။ ဥပမာတစ်ခုပေးပါဆိုရင် အခုထုတ်သမျှ 'နွေဦးသက်တံ' စာအုပ် ကလေးတွေ အကုန်လုံးရောင်းလို့ကုန်ပါစေ ဆိုတာမျိုးပေါ့။

**ဝင်းအုင်းမိုး**

# ပီတိကြောင့်တော့မဟုတ်

အမှတ်မရှိ လမ်းမရှိ ကီလီဘောတံတားဆိုတာ တစ်ချိန်တုန်းကတော့ အင်မတန်နာမည်ကြီးခဲ့တဲ့ ဝတ္ထုခေါင်းစဉ်တစ်ပုဒ်ပါ။ အဲဒီအချိန်ကတည်းက ကီလီဘောတံတားဟာ လူပေါင်းစုံ စရိုက်ပေါင်းစုံနဲ့ အရောင်အသွေးစုံခဲ့သလို ခုချိန်ထိလည်း အရောင်အသွေး စုံနေဆဲပါပဲ။

မြစ်ဝကျွန်းပေါ်ဒေသကို ထွက်ခွာကြမယ့်သင်္ဘောတွေပဲဖြစ်ဖြစ် အထက်ဒေသကို ဆန်တက်ကြမယ့် သင်္ဘောတွေပဲဖြစ်ဖြစ် ကုန်တင်ကုန်ချပြုလုပ်တဲ့နေရာဖြစ်သလို ခရီးသည် အတက်အဆင်း ပြုလုပ်ရာနေရာဖြစ်တာကြောင့် လုပ်ငန်းပေါင်းစုံရှိနေတဲ့နေရာဆိုရင်လည်း မမှားပါဘူး။

လုပ်ငန်းပေါင်းစုံထဲကမှ လူဦးရေအများဆုံးအလုပ်ကို ပြောပါဆိုရင် ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်ပါပဲ။ အလုပ်သမားပေါင်း ထောင်ချီပြီးတော့ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတစ်ခုပါ။ အစိုးရဆီမှာ တရားဝင်မှတ်ပုံတင်ပြီး အသင်းအဖွဲ့နဲ့ လုပ်နေတဲ့ ဆိပ်ကမ်းအလုပ်သမားတွေရှိသလို ကြုံရာကျပန်း ဘောက်လာလုပ်နေတဲ့ ဆိပ်ကမ်းအလုပ်သမားတွေလည်း ရှိပါတယ်။

ကီလီဆိပ်ကမ်းမှာ ဘောက်လာလုပ်နေကြတဲ့ အလုပ်သမားတွေထဲမှာတော့ ကရင်လေးလို့မေးလိုက်ရင် ဘယ်သူ့ကိုမေးမေး သိကြပါတယ်။ သိဆို ကရင်လေး ဆယ့်သုံးနှစ်သားကတည်းက ကီလီဆိပ်ကမ်းမှာ အလုပ်သမားလာလုပ်နေတာ အခုဆိုရင် နှစ်ပေါင်း နှစ်ဆယ်ကျော်ရှာပေါ့။

နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ကရင်လေးရဲ့ အလုပ်အကိုင်ပြောင်းလဲမသွားပေမယ့် ဘဝကတော့ အများကြီးပြောင်းလဲသွားပါတယ်။ လူပျိုပေါက်ဘဝကနေ လူပျိုဖြစ်၊ လူပျိုဖြစ်ပြီး သိပ်မကြာဘူး။ ဆယ့်သုံးလမ်းထိပ်က ထမင်းဆိုင်မှာ အကူလုပ်တဲ့ ကောင်မလေးနဲ့အိမ်ထောင်ကျ၊ ကလေးသုံးယောက်ရပြီးတဲ့အချိန်မှာ ကောင်မလေးကဆုံးသွားတော့ ငယ်ငယ်ရွယ်ရွယ်မှာ ကလေးသုံးယောက်နဲ့ ကရင်လေး မုဆိုးဖိုဖြစ်ပြီး ကျန်ခဲ့တယ်။ အဲဒီတော့ ဆိပ်ကမ်းအလုပ်သမား အနှစ် နှစ်ဆယ်လုပ်နေတဲ့ အချိန်အတွင်းမှာ ကရင်လေးအတွက် အဖတ်တင်တာဆိုလို့ ကလေးသုံးယောက်နဲ့ မုဆိုးဖိုဆိုတဲ့နာမည်ပါပဲ။



နောက်အိမ်ထောင်လည်းမပြု။ သောက်သောက်စားစားလည်းမရှိဘဲ ...ပ်ကိုကြိုးစားပြီး ကလေးတွေကို ရှာဖွေကျွေးမွေးနေတာဆိုတော့ ဘဝတူ ...ပ်သမားတွေက ကရင်လေးအပေါ်မှာ ခင်မင်ကြသလို ကရုဏာလည်းသက် ...ါတယ်။ အပျော်အပါးမမက်ဘဲ သူ့ဘဝကို သားသုံးယောက်အတွက်ပဲ ...နံ့သားတာဆိုတော့ အလုပ်နဲ့ပတ်သက်လာရင် ကရင်လေးကို ဦးစားပေးကြတာ ...ပါတယ်။ ဒါကြောင့်လည်း သားသုံးယောက်ကို ဆိပ်ကမ်းအလုပ်သမားလုပ်ပြီး ...ပိုက်ဆံနဲ့ ထမင်းဝအောင် ကျွေးနိုင်ခဲ့တာပါ။

အလုပ်နဲ့ပတ်သက်ရင် အမြဲတမ်း တက်တက်ကြွကြွရှိနေတတ်တဲ့ ကရင် ...းတစ်ယောက် ဒီရက်ပိုင်းမှာ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာဟာ သူ့ရဲ့ ...ဖော်ကိုင်ဖက်တွေကြားမှာ သတိထားစရာကိစ္စတစ်ခုဖြစ်လာပါတယ်။ ...ကြောင့်လည်း သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်၊ တိုင်ပင်ဖော်တိုင်ပင်ဖက် ...ည်းဖြစ်တဲ့ ဆိပ်ကမ်းအလုပ်သမားစိုးမောင်က ကရင်လေးကို ဘာဖြစ်နေတာ ...ဆိုတာ ဖွင့်မေးကြည့်ပါတယ်။

'ဟေ့ကောင် ကရင် မင်းကိုကြည့်ရတာ ဒီရက်ပိုင်း တမှိုင်မှိုင်တတွေတွေ ...ဘာဖြစ်နေတာလဲ၊ သေသွားတဲ့မိန်းမကို သတိရနေတာလား။ နောက်မိန်းမယူဖို့ ...းစားနေတာလား'

'မဟုတ်ပါဘူးကွာ၊ ငါ့သားကြီး ပူဆာနေတဲ့ကိစ္စ ဘယ်လိုလုပ်ပေးရမလဲ ...တာ စဉ်းစားမရလို့ပါ'

'ဟ မင့်သားကြီးက ဘာများပူဆာလို့ စဉ်းစားမရဖြစ်နေတာလဲ'

'ဒီကောင် ကိုရင်ဝတ်ချင်တယ်ချည်းပဲ ပူဆာနေတယ်'

'မင်းကွာ ဒါများ ဘာစဉ်းစားစရာရှိလဲ၊ ကိုရင်ဝတ်ချင်တယ်ဆိုရင် ...န်းကြီးကျောင်းခေါ်သွားပြီး ကတုံးတုံး သင်္ကန်းစည်းပေးလိုက်ပေါ့'

'အဲဒီလောက်လွယ်မှတော့ ငါစိတ်ညစ်ပုံမလားကွာ၊ သင်္ကန်းစည်းတယ် ...ာ ပိုက်ဆံနည်းနည်းပါးပါးတော့လိုတယ်ကွ'

'ဘယ်လောက်လိုလို့လဲ'

'ဘယ်လောက်လိုမှန်းလဲမသိဘူး၊ ငါ့ဆီမှာလည်း ငွေပိုငွေလျှံ တစ်ပြားမှ ...ဘူး။ ပိုက်ဆံအပိုထွက်လာအောင် ပေါင်ရန်ရအောင်ကလည်း အိမ်မှာ ...းဘန်တာ တစ်ခုမှမရှိဘူး။ ဒီအလုပ်က ရှာလို့ရသမျှ ပိုက်ဆံတလည်း ဒီကောင် ...းသောက်ရဲ့ စရိတ်ရယ်၊ ငါ့ကွမ်းဖိုးရယ်နဲ့ ကုန်တာပဲ။ အဲဒါ သားကြီးကို ...န်းစည်းပေးဖို့အတွက် အပိုဝင်ငွေရအောင် ဘာလုပ်ရင်ကောင်းမလဲ ငါစဉ်းစား

နေတာ၊ စဉ်းစားလည်း ခေါင်းပူတာပဲရှိပါတယ်ကွာ။ ငါတို့လို အရင်းအနှီး ဘာအတတ်ပညာမှလည်း မတတ်တဲ့လူအတွက် တခြားအလုပ်ဆိုတာ တော်တော်ရှားပါတယ်'

ကရင်လေး မှိုင်နေတာကိုကြည့်ပြီး ဘာအကူအညီပေးရမလဲလို့ သွ မေးမိတဲ့ စိုးမောင်ကိုယ်တိုင်ပါ ကရင်လေးရဲ့စကားတွေကို နားထောင်ပြီး နည်းနည် မှိုင်သွားပါတယ်။ ခေါင်းကို နှစ်ချက်သုံးချက် ကုတ်လိုက်ရင်း အကြံရသွားတဲ့ပုံ

'ဟေ့ကောင် မင်း ဆိုက်ကားနင်းတတ်လား'

'ဆိုက်ကားတော့ နင်းတတ်တာပေါ့ကွ။ ဝင်းကျော်တို့ရဲ့ ကုန်တင်ဆို ကားတွေ ဧါအမြဲတက်တက်နင်းနေတာပဲ။ ကျွမ်းကျွမ်းကျင်ကျင်ကို နင်းတတ်တ

'ဒါဆိုရင် မင်းမပူနဲ့တော့။ မင်း သားလေးကို ရှင်ပြုပေးဖို့အတွက် အ ဝင်ငွေရအောင် ညဘက်တွေ မင်း ဆိုက်ကားနင်းကွာ'

'ငါက ဘယ်သူ့ဆိုက်ကားကို ဘယ်လိုသွားပြီးနင်းရမှာလဲ။ ဆိုက်ကား တယ်ဆိုတာလည်း နင်းချင်တိုင်းနင်းလို့ရတာ မဟုတ်ဘူးကွ။ ဆိုက်ကားရဖို့ စ တင်ရတယ်။ ငါ့လိုကောင်မှာ ဘာနဲ့သွားပြီး စပေါ်ပေးရမှာလဲ'

'မင်းကလည်း ငါပြောတာ ဆုံးအောင် နားထောင်ဦးလေ။ ငါ့ဦးလေ တစ်ဝမ်းကွဲဆီမှာ ဆိုက်ကား ခုနစ်စီးရှိတယ်ကွ။ ဟိုတစ်လောက နင်းနေ တစ်ယောက် အမြဲမူးနေလို့ဆိုပြီး ဦးလေးက သူ့ဆိုက်ကားကို ပြန်သိမ်းထား ရှိတယ်။ အဲဒါ ငါပြောပေးမယ်။ စပေါ်တင်စရာလည်းမလိုဘူး။ ဒါပေမယ့် တ တော့ရှိတယ်။ မင်း အုံနာကြေးကိုတော့ မှန်မှန်ပေးကွာ။ ဘယ်လိုလဲ'

'စိတ်ချသူငယ်ချင်း၊ တစ်ရက် မပျက်စေရဘူး'

သူငယ်ချင်းဖြစ်သူ စိုးမောင်ရဲ့ စောင်မမှုကြောင့် ကရင် တစ်ယောက် နေ့ခင်းဘက်မှာ ရောက်လာသမျှ သင်္ဘောတွေကကုန်တွေကို ကြိုး ပမ်းစား ထမ်းလိုက်၊ ညဘက်မှာ ဆိုက်ကားကို ဖိဖိစီးစီးနင်းလိုက်နဲ့ သားအကြီး ရှင်ပြုဖို့အတွက် ပိုက်ဆံအသည်းအသန် ရှာဖြစ်နေပါတော့တယ်။

ကုန်တင်ကုန်ချလုပ်တယ်ဆိုပေမယ့် တရားဝင် အလုပ်သမားမဟု တာကြောင့် တရားဝင်အလုပ်သမားတွေရဲ့အလစ်မှာ ခရီးသည်တွေနာ မယောင်မလည်နဲ့သွား၊ မသိမသာချွေးညှိပြီး အမျိုးလိုလို သူငယ်ချင်းလို ပစ္စည်းတွေကို သယ်ပေးပြီး သဒ္ဓါကြေးပဲရတာကြောင့် ဝင်ငွေအများကြီးမရသ ဆိုက်ကားနင်းတော့လည်း နင်းကာစဖြစ်နေတာကြောင့် ပုံမှန်ဖောက်သည်မ

ာ့နဲ့တဲ့ ဆိုက်ကားတွေ ဂိတ်မှာမရှိမှ လိုက်ရတာဆိုတော့ ဘယ်လောက်ပဲ ပင်ပန်း ကြီး ပိုက်ဆံရှာချင်ပေမယ့် ရသမျှပိုက်ဆံဟာ သမင်မွေးလိုက် ကျားစားလိုက် ဖြစ်ရင်း အကြီးဆုံးကောင်ကို သင်္ကန်းစည်းပေးဖို့ဟာ ကရင်လေးအတွက်တော့ အခက်အခဲကြီးတစ်ခုလို ဖြစ်နေဆဲပါပဲ။

ဆိုက်ကားလာနင်းတဲ့ ရည်ရွယ်ချက်ကို ဂိတ်မှာရှိကြတဲ့ ဆိုက်ကားဆရာ တွေက တဖြည်းဖြည်းနဲ့သိလာကြတော့ ကရင်လေးအပေါ်မှာ ငဲ့ညှာပြီး အခေါက် ကြီးတွေဆိုရင် အလှည့်ကျော်ပေးတတ်ကြတော့ လေးငါးလလောက် နင်းမိတဲ့ အချိန်မှာ ပိုက်ဆံနှစ်သောင်းကျော်သုံးသောင်းတော့ စုမိလာပါတယ်။ ထိုးတဲ့ ဆိုက်ကားဂိတ်ကလည်း လမ်းမတော်နဲ့ သရက်တောဘုန်းကြီးကျောင်းထောင့်မှာ ရှိတဲ့ ဂိတ်ဆိုတော့ သားအကြီးဆုံး သင်္ကန်းဝတ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကုန်ကျစရိတ် တွေကို ညဘက်ညဘက် ကျောင်းထိုင်ဘုန်းကြီးအလစ်မှာ အပြင်ကို နိုးနိုးထွက်လာ ကြတဲ့ ကျောင်းသားတွေကိုမေးပြီး ကုန်ကျစရိတ်ကို မှန်းလို့ရနေတော့ သူ့လက်ထဲ မှာ စုထားတဲ့ပိုက်ဆံလေးကိုကြည့်လိုက်၊ သားကြီးကို သင်္ကန်းစည်းပေးရင် ကုန်ကျ မယ့် ကုန်ကျစရိတ်ကိုတွက်လိုက်နဲ့ တဖြည်းဖြည်းမဝေးတော့တဲ့ ရည်မှန်းချက်ကို စိတ်ကူးနဲ့တွေးပြီး ကရင်လေး ကြည်နူးနေစပြုလာပါပြီ။

ပိုက်ဆံကိုပိုပြီး စုမိအောင်ဆိုပြီး ဆိပ်ကမ်းမှာ မနက်စာကို ထမင်းတောင် မစားတော့ဘဲ ငှက်ပျောသီးနှစ်လုံးနဲ့ အာသာဖြေတတ်သလို အရမ်းကြိုက်တဲ့ကွမ်း ကို ဖြတ်ပြီးတော့တောင် ပိုက်ဆံကို စုနေပါတော့တယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တွေအတွက် သားဦးယောကျ်ားလေးကို သာသနာ့ဘောင်အတွင်း သွတ်သွင်းပေးရ တာ အင်မတန်မွန်မြတ်တဲ့အလုပ်ဆိုတော့ အစားဆင်းရဲပြီး အလုပ်ပင်ပန်းပေမယ့် လည်း ကရင်လေးကတော့ အပြုံးမပျက်ပါဘူး။

အရင်တုန်းက အိမ်ပြန်ရောက်ရင် သင်္ကန်းစည်းပေးဖို့ တဂျီဂျီပူဆာ နေတဲ့သားကြီးကို ဘာတစ်ခုမှ ပြန်မပြောနိုင်ခဲ့ပေမယ့် အခုဆိုရင်တော့ ေအးပါကွာ၊ မကြာခင် သားဆန္ဒပြည့်ရပါစေ့မယ်'လို့ ကရင်လေးတစ်ယောက် နေကြီး အာမခံရဲစ ပြုလာပါပြီ။ ဒါပေမယ့်လည်း သုံးလက လေးလ၊ လေးလက းလအထိ ပါးစပ်နဲ့ပဲ အာမခံနေတာဆိုတော့ ကရင်လေးကိုကြည့်တဲ့ သားအကြီး ဆုံးရဲ့ မျက်လုံးတွေက မယုံသင်္ကာလည်း ဖြစ်စပြုလာပါပြီ။

နေ့ရောညရော အလုပ်တွေလုပ်နေရတာကြောင့် အရင်တုန်းကဆိုရင် ပြန် အိမ်ပြန်ဖြစ်ပေမယ့် အခုတော့ သုံးရက်မှတစ်ခါ လေးရက်မှတစ်ခါပဲ အိမ်ပြန် ဖြစ်ပါတယ်။ သားသုံးယောက်ကို စောင့်ရှောက်ဖို့ ဘေးတစ်အိမ်ကျော်မှာရှိတဲ့

ယောက္ခမတွေကိုပဲ အိမ်စရိတ်ပေးပြီး သားတွေကို အပ်ထားလို့ရတာကြောင့် ပိုက်ဆံ
ပိုရှာလို့ရတာမှန်ပေမယ့် သားတွေနဲ့တော့ တွေ့ရချိန်နည်းလာပါတယ်။

ဒီညတော့ ညဘက်ဂိတ်မှာ ဆိုက်ကားထိုးထားရင်း ပါစင်ဂျာစောင့်နေတဲ့
ကရင်လေးရှိရာကို ကျောင်းသားကြီးတစ်ယောက် ရောက်လာပြီး

'ကိုကရင် ခင်ဗျားသားကြီး သင်္ကန်းစည်းဖို့အတွက် ပိုက်ဆံစုနေတာ
ဘယ်လောက်ရသွားပြီလဲ'

'လေးသောင်းခွဲလောက်တော့ ရပြီကွ'

'ကျွန်တော် မနေ့ညက ဆရာတော်ဘုရားကိုနှိပ်ပေးရင်း ခင်ဗျား
အကြောင်းပြောပြတော့ ခင်ဗျားသားကို မနက်ကျရင် ကျောင်းကို ခေါ်လာခဲ့တဲ့
သင်္ကန်းဖိုးရော (ပရိက္ခရာ ရှစ်ပါးဖိုးရော) တစ်ပြားမှ အကုန်ခံစရာမလိုဘူးတဲ့
ဆရာတော်ဘုရားက သူတာဝန်ယူပြီး သင်္ကန်းစည်းပေးမယ်လို့ပြောတယ်။ ခင်ဗျား
သဒ္ဓါပေါက်ရင်တော့ ခင်ဗျားမှာရှိတဲ့ပိုက်ဆံနဲ့ ကျောင်းမှာ ဆွမ်းကျွေးတာတို့
အအေးကပ်တာတို့လုပ်ပေါ့ဗျာ။ အဲဒါ ခင်ဗျားဆန္ဒ ဘယ်လိုရှိလဲ။ ဒီည ဆရာတော်
ဘုရားကို ကျွန်တော်လျှောက်လိုက်မယ်'

'သင်္ကန်းတော့ ငါဝယ်မယ်ကွာ၊ တစ်သက်မှာတစ်ခါ လုပ်ရတဲ့ ဒီကုသိုလ်
ကိုတော့ ငါ့ပိုက်ဆံလေးနဲ့ ငါလုပ်ချင်တယ်။ သင်္ကန်းဝယ်လို့ ပိုတဲ့ ပိုက်ဆံကိုတော့
ကျောင်းက သံဃာတွေကို အအေးကပ်မယ်။ ပြီးတော့ ငါလုပ်သမျှကုသိုလ်
ငါ့မိန်းမအတွက်လည်း အမျှဝေလို့ရတာပေါ့။ မနက်ဖြန် မနက်ကျရင် ငါ့သားတွေ
ခေါ်ပြီး မင်းတို့ကျောင်းကို လာခဲ့မယ်'

ကျောင်းသားကြီးနဲ့ သဘောတူညီချက်ရပြီးတဲ့ နောက်မှာတော့ ပါစင်ဂျာ
လာလို့ ဆိုက်ကားနင်းနေရပေမယ့် ကရင်လေးတစ်ယောက် ပင်ပန်းတယ် မထင်
တော့ဘဲ သူရှာဖွေထားတဲ့ ချွေးနည်းစာလေးနဲ့ သားအကြီးဆုံးကို သာသနာ့ဘောင်
အတွင်း သွတ်သွင်းပေးရမယ့် အရေးကိုတွေးပြီး ကြည်နူးနေတာကြောင့် မောရမှန်း
ကို မသိတော့ပါဘူး။

နောက်တစ်နေ့မိုးလင်းတာနဲ့ ကြားတောရလမ်းကိုပြေး၊ ဇောတိက
သင်္ကန်းတိုက်က သင်္ကန်းတစ်စုံဝယ်၊ ပိုတဲ့ပိုက်ဆံနဲ့ အချိုရည်ဘူးတွေဝယ်
သားတွေရှိတဲ့ မြောက်ဒဂုံကို အမြန်ဆုံးနည်းနဲ့ ပြန်ခဲ့ပါတော့တယ်။ သား
သင်္ကန်းသွားစည်းရအောင်လို့ ပြောလိုက်တဲ့ သူ့အသံကိုကြားရင် အရမ်းပျော်သွား
မယ့် သားကြီးရဲ့မျက်နှာကို သူ့စိတ်ထဲမှာ ပုံဖော်ကြည့်ရင်း သုံးလကျော် လေး
အစားဆင်းရဲခံ၊ အအိပ်ပျက်ခံ၊ အပင်ပန်းခံပြီး အလုပ်လုပ်ခဲ့ရတဲ့ဒဏ်တွေ အလို

နှောက်သွားသလိုပါပဲ။

ရပ်ကွက်ထဲကိုရောက်လို့ သူ့အိမ်ကို လှမ်းမြင်လိုက်ရတယ်ဆိုရင်ပဲ အိမ်ရှေ့မှာရပ်ထားတဲ့ ကားအကောင်းစားတစ်စီးရယ်၊ ရုံးစုရုံးစုလူတွေရယ်ကို မြင်လိုက်ရတဲ့အတွက် ကရင်လေးရင်ထဲမှာ ထိတ်ကနဲဖြစ်သွားပြီး လှမ်းနေတဲ့ ခြေလှမ်းတွေအရှိန်မြှင့်သွားပါတယ်။ သားသုံးယောက်ထဲက တစ်ယောက်ယောက်များ တစ်ခုခုဖြစ်လို့လားဆိုတဲ့အတွေးက သူ့ရင်ကို မီးစနဲ့ ထိုးလိုက်သလိုပါပဲ။

အိမ်ရှေ့ကိုရောက်လို့ သူ့ကိုတွေ့တာနဲ့ လူအုပ်ထဲက လူတစ်ယောက်က ကိုရင့်ရဲ့ခမည်းတော် ရောက်လာပြီကွလို့ ပြောသံကြားလိုက်တော့ ဒီလူတွေ ငါ့အစီအစဉ်ကို ဘယ်လိုလုပ်သိနေတာလဲဆိုပြီး ကရင်လေးစိတ်ထဲမှာ အံ့ဩသွားပါတယ်။ အံ့ဩစိတ်ကို ခဏထားပြီး အိမ်ထဲကို လှမ်းဝင်လိုက်တာနဲ့ သူ့ရင်ထဲမှာ ဒိန်းကနဲဖြစ်သွားပါတယ်။

အိမ်မှာရှိတဲ့ ဘုရားစင်ရဲ့အောက်မှာ သူ့သားအကြီးဆုံးဂေါ်ဒင်ကဲ ဦးပြည်းကတုံးစိမ်းစိမ်းနဲ့ လက်ကတော့ထိုးထားတဲ့ သင်္ကန်းကို အကျအနဝတ်ပြီး သိက္ခာတော်ရ ဆရာတော်ကြီးတစ်ပါးလို ဣန္ဒြေရရထိုင်နေတာကို တွေ့လိုက်ရတဲ့အတွက်ပါ။ ဘာတွေဖြစ်ကုန်ပါလိမ့်ဆိုတဲ့အတွေးနဲ့ သား ကိုရင်ရှေ့မှာ ကရင်လေး ထိုင်လိုက်တယ်ဆိုရင်ပဲ ယောက္ခထီးကပြောပါတယ်။

'ကရင် မင်းရောက်လာတာအတော်ပဲ။ ဒီမှာ ကိုမိုးကျော်က ပြန်တော့မယ်လုပ်နေတာ။ ငါတို့ မနည်းဆွဲထားလို့ထိုင်နေတာ။ ကိုမိုးကျော် ဒါ မောင်ဖေးမင်းရဲ့ အဖေပဲ'

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော် မိုးကျော်ပါ။ ခင်ဗျားသားကတော့ အရွယ်နဲ့မလိုက်အောင် တော်တော် လိမ္မာတာပဲဗျာ။ ကျွန်တော်နဲ့ ဒီကောင်နဲ့ ဂေါက်ကွင်းထဲမှာ ဆုံတာ သုံးလလောက်ရှိနေပြီ။ အလုပ်လည်းကြိုးစားတယ်။ အပြောအဆိုလည်း ယဉ်ကျေးတယ်ဗျ။ အဲဒါကြောင့် သူဖြစ်ချင်တာလေး ကျွန်တော် လုပ်ပေးလိုက်တာ'

'ဗျာ. . . သားကြီးက ဘာဖြစ်ချင်လို့ ကိုမိုးကျော်က ဘာလုပ်ပေးလိုက်တာလဲ'

ဇဝေဇဝါနဲ့ ဘာဖြစ်လို့ဖြစ်နေမှန်းမသိတဲ့ ကရင်လေးကိုကြည့်ပြီး ယောက္ခထီးက ရှင်းပြပါတယ်။

'ဒီလိုကွာ ငါ့မြေးကြီးက သင်္ကန်းအရမ်းစည်းချင်နေတာ။ အဲဒါ မင်းကို ပူဆာတော့လည်း စည်းမပေးဘူးတဲ့။ ငါ့ကိုပူဆာတော့လည်း ပိုက်ဆံမှမရှိတာ

ဘယ်လိုလုပ်စည်းပေးနိုင်ပါ့မလဲ။ အဲဒီတော့ သူသက်နှန်းစည်းဖို့ သူ့ဟာသူ ပိုက်ဆံရှာမယ်ဆိုပြီး ငါတို့ခြေရင်းအိမ်က ကိုမိုးထောင်သားတွေနဲ့ ဥက္ကလာကွင်းကို လိုက်သွားပြီး ဘောလုံးအငှားငုတ်တယ်တဲ့'

ယောက္ခထီးစကားကိုကြားလိုက်ရတဲ့ ကရင်လေး အံ့ဩသွားပြီး

'သားကြီး အဲဒါတွေလုပ်နေတာ ကျွန်တော် မသိပါလား။ အဖေတို့က ရော ဘာဖြစ်လို့ ကျွန်တော့်ကိုမပြောတာလဲ'

'ကြော် ကောင်းတာလုပ်နေတာပဲကွာ။ မင်း မပြောဘူးဆိုတာကလည်း မင်းစိတ်ပူနေမှာ စိုးလို့ပါ။ အဲဒီလို ဂေါက်သီးငုတ်ရင်း ဟောဒီက ကိုမိုးကျော်နဲ့ ရင်းနှီးသွားတယ်။ ကိုမိုးကျော်ကလည်း ငါ့မြေးကြီးကို ချစ်တော့ သူ့အကြောင်းတွေ မေးရင်း သက်နှန်းစည်းချင်လို့ ပိုက်ဆံလာရှာနေတာသိသွားတော့ မြေးကြီးရဲ့ ဆန္ဒကို ဆည်းပေးမယ်ဆိုပြီး ဒီနေ့ သူ့အလုပ်အားတဲ့ရက်မှာ ငါတို့အိမ်အထိ လိုက်လာပြီး မြေးကြီးကို သက်နှန်းစည်းပေးတာပဲ။ ကျောင်းကိုတော့ ငါရော မင်းအမေရော လိုက်သွားကြတယ်။ ဟော်စရာကြီးကွာ ဒီနေ့ နေ့ဆွမ်းကပ်ဖို့လည်း ကိုမိုးကျော်က ကျောင်းမှာ စီစဉ်ခဲ့ပြီးပြီ။ သူကတော့အလုပ်ရှိသေးလို့ စောင့်ပြီးမကပ်တော့ဘူး။ ဆရာတော်ကြီးကတောင် မင်းကို မေးနေသေးတယ်။ သူ့အဖေရော မပါဘူးလား။ ခွင့်ရောမြှရဲ့လားတဲ့။ ငါလည်း ဆရာတော့်ကို လျှောက်ခဲ့ပါတယ်။ အလုပ်သွားနေလို့ မပါတာပါဘုရားလို့။ ခွင့်မပြုစရာလည်း မရှိပါဘူး ဘုရား။ သူကိုယ်တိုင်တောင် သူ့သားကို သက်နှန်းစည်းပေးချင်လို့ နေ့မအားညမအား ပိုက်ဆံရှာနေတဲ့အကြောင်း ပြောလိုက်သေးတယ်'

အရှည်ကြီးရှင်းပြနေတဲ့ ယောက္ခထီးရဲ့ စကားအဆုံးမှာတော့ သားအကြီး ကိုရင်ကိုကြည့်လိုက်၊ ဘေးမှာထိုင်နေတဲ့ ကိုမိုးကျော်ကိုကြည့်လိုက်နဲ့ ကရင်လေး အသံတိတ်နေတာကြောင့် ယောက္ခထီးက ကရင်လေးကို တံတောင်နဲ့တွတ်ရင်း

'ဟေ့ကောင် ကိုမိုးကျော်ကို ကျေးဇူးတင်စကားပြောလိုက်ဦးလေ။ ပြီးတော့ ငါ့မြေးကြီးကို ဝတ်ချ။ မင်းရဲ့သားဆိုပေမယ့် ခု သူက ဘုရားရဲ့သားတော် ဖြစ်သွားပြီ။ ငါတို့လင်မယားတောင် ငါ့မြေးကြီးကို ကန်တော့ပြီးပြီ။ ပြီးရင် ကျောင်းသွားပြီး နေ့ဆွမ်းလည်း ကပ်ရဦးမယ်'

ယောက္ခထီးရဲ့စကားကြောင့် မှင်သက်နေတဲ့ ကရင်လေးဟာ ကိုမိုးကျော် ဘက်လှည့်ပြီး

'ကျွန်တော့်သားကြီးရဲ့ ဆန္ဒကို ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနားဖြစ်အောင် ကူညီဆောင်ရွက်ပေးတဲ့ ကိုမိုးကျော်ကို ကျွန်တော် တကယ်ကျေးဇူးတင်ပါတယ်

ား၊ ဘယ်လိုပြောပြရမှန်းမသိလောက်အောင်ကို ကျေးဇူးတင်ပါတယ်'

'ရပါတယ်ဗျာ။ ဒီလောက်ကိစ္စက ကျွန်တော့်အတွက် အပန်းမကြီးပါဘူး။ ခေါင်းမှ သုံးသိန်းလောက်ကုန်တာပါ။ ညဘက် အရက်သောက်ပစ်လည်း းလောက်တော့ ကုန်နေတာပါပဲ။ ကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ ပြင်းပြင်းပြပြ ချင်တဲ့ ဆန္ဒလေးတစ်ခု လုပ်ပေးလိုက်ရတာကိုပဲ ကျွန်တော်က ဝမ်းသာနေတာ ။ ကဲ အားလုံး ကျွန်တော့်ကို ပြန်ခွင့်ပြုကြပါဦး'

အကုန်လုံးကို ခြုံငုံနှုတ်ဆက်ပြီး ဘေးနားမှာရှိတဲ့ ကားသော့နဲ့ လက်ကိုင် းကို ကောက်ကိုင်ပြီး ထွက်သွားတဲ့ ကိုမိုးကျော်ရဲ့ နောက်ကျောကို ကရင်လေး းကြည့်နေတုန်းမှာပဲ

'ဒကာကြီး ဘာလုပ်နေတာတုန်း။ ကိုရင့်ကို ကန်တော့မယ်ဆိုလည်း န်တော့ တော့လေ။ ဒကာကြီးက ကိုရင့်ကို သက်နိုးစည်းမပေးနိုင်ပေမယ့် အခု င်က ကိုရင်ဖြစ်သွားပြီ။ မြန်မြန်ကန်တော့။ ပြီးရင် ကျောင်းပြန်ပြီး ဆွမ်းဘုန်း းရဦးမှာ'

သူ့ကို သေသေချာချာကြည့်ပြီး ပြောနေတဲ့ သားအကြီးကောင်ရဲ့ စကား ဆုံးမှာတော့ ကရင်လေးတစ်ယောက် လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ားတဲ့ သက်နိုးတစ်စုံနဲ့ အအေးဘူးတွေကို လက်ကချပြီး သားအကြီးဆုံးကိုရင်ကို န်တော့ဖို့အတွက် လက်အုပ်ချီလိုက်ပါတယ်။ သက်နိုးရဲ့အရှိန်ကြောင့် ဥပမိရုပ် ပြောင်းနေတဲ့ သားဖြစ်သူကို တော်တော်ကြာကြာ စိုက်ကြည့်အပြီးမှာတော့ င်လေး ဦးချလိုက်ပါတယ်။

ဦးချလိုက်တာ သုံးကြိမ်မြောက်မှာတော့ ကရင်လေးရဲ့ မျက်ဝန်းထဲက က်ရည်စတွေ ကြမ်းပြင်ပေါ်ကို လိမ့်ဆင်းသွားပါတယ်။ လူတွေမြင်မှာစိုးလို့ ခေါင်း ပြန်မဖော်ဘဲ လက်ခုံနဲ့ အသာအယာသုတ်လိုက်ပါတယ်။ မျက်ရည်သုတ်လိုက် ဘယ်လက်က အနားမှာချထားတဲ့ သူဝယ်လာတဲ့ သက်နိုးဘူးနဲ့ တစ်ချက် ောင် ထိသွားပါသေးတယ်။

ကရင်လေးရဲ့မျက်လုံးထဲက ကျလာတဲ့မျက်ရည်တွေဟာ ပီတိကြောင့် ာတာ မဟုတ်မှန်းတော့ ကရင်လေး သူ့ကိုယ်သူ သိနေပါတယ်။

**ခင်ကြည်ဖြာဝင်း**

လူတစ်ယောက် အရွယ်ရောက်လို့ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရတဲ့အခါ သူ့ရဲ့ပြုမူပြောဆိုတုန့်ပြန်မှုတွေဟာ သူ ကလေးဘဝတုန်းက ဘယ်လိုလူတွေ အနားမှာ ကြီးပြင်းခဲ့ပြီး ကလေးဘဝကို ဘယ်လိုကုန်ဆုံးဖြတ်သန်းခဲ့သလဲဆိုတာ ရာခိုင်နှုန်းအပြည့်မဟုတ်တောင် အနည်းနဲ့အများ ပတ်သက်ဆက်နွယ်မှု ရှိ လိမ့်မယ်လို့တော့ ထင်ပါတယ်။

မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါဆိုတဲ့ မြန်မာဆိုရိုးစကားဟာ အကြောင်းမဲ့ ဖြစ်ပေါ်ခဲ့တာတော့ ဟုတ်ဟန်မတူပါဘူး။ တံငါရွာမှာ မွေးဖွားကြီး ပြင်းလာခဲ့တဲ့ ကလေးတစ်ယောက်ဟာ အင်ဂျင်နီယာတစ်ယောက်၊ ဆရာဝ တစ်ယောက်ဖြစ်လာဖို့ အင်မတန်ခဲယဉ်းပါတယ်။ မဖြစ်နိုင်ဘူးလို့ပြောတ မဟုတ်ပါဘူး။ ဖြစ်နိုင်ခြေနည်းတယ်လို့ ပြောတာပါ။

အဖေက ဆရာဝန်၊ အမေက ကျောင်းအုပ်ဆရာမကြီး။ အဲဒီမိဘနှစ် က ပေါက်ဖွားလာတဲ့သားတစ်ယောက်ဟာလည်း ငါးဖမ်းခြင်းလုပ်ငန်းနဲ့ အသ မွေးရတဲ့ တံငါသည်တစ်ယောက်ဖြစ်ဖို့ အခွင့်အလမ်း အင်မတန် နည်းပါတ ယိုနည်းငှင်းပါပဲ။ သေနတ်သံတွေ ဗုံးသံတွေနဲ့ အကြမ်းဖက်မှုဝါဒတွေ ကြီးစိုးနေ အရပ်ဒေသမှာ မွေးဖွားရှင်သန်ကြီးပြင်းလာခဲ့တဲ့ ကလေးတစ်ယောက်ဟာလ ဘုန်းကြီးတစ်ပါးဖြစ်ဖို့ထက် လက်နက်ကိုင်သောင်းကျန်းသူ တစ်ယောက်ဖြစ်သွ အခြေအနေကပိုပြီးအလေးသာပါတယ်။



ကလေးဘဝဆိုတာ တကယ်တော့ ဦးနှောက်ရော နှလုံးသားကပါ အဖြူ
ရောင်တစ်ခုပါ။ အင်မတန် အရောင်ဆိုးရလွယ်သလို အရောင်ကူးစက် ပျံ့နှံ့သွား
ဖို့ကလည်း တော်တော်လွယ်တဲ့အရွယ်တွေပါ။ လူလူချင်းသတ်ဖြတ်ကြတာတွေကို
နေ့တိုင်းမြင်တွေ့နေရတဲ့ ကလေးတစ်ယောက်ဟာ လူသတ်ကြည့်ချင်စိတ်တို့ ပေါက်
လာတတ်သလို တရားဘာဝနာပွားများ အားထုတ်ရင်း တည်ညံ့နဲ့ စာအံနေကြတဲ့
ယောဂီ သံဃာတွေကို နေ့စဉ်မြင်တွေ့နေတဲ့ ကလေးဆိုရင်လည်း သူကိုယ်တိုင်
သက်နှုးစည်းချင်စိတ်ပေါက်လာတတ်ပါတယ်။

ကလေးတစ်ယောက် မွေးဖွားတဲ့အချိန်ကနေစပြီး အရွယ်ရောက်လာတဲ့
အထိ သူထိတွေ့ဆက်ဆံရမယ့်ပတ်ဝန်းကျင်ဟာ သူ့အတွက် အရမ်းအရေးကြီးပါ
တယ်။ နူးညံ့နွေးထွေးတဲ့ ပတ်ဝန်းကျင်၊ စာနာနားလည်တတ်တဲ့ ပတ်ဝန်းကျင်၊
သိမ်မွေ့ညင်သာတဲ့ ပတ်ဝန်းကျင်ကောင်းရှိဖို့အတွက် အရမ်းလိုအပ်ပါတယ်။

ကလေးတစ်ယောက် လူ့လောကထဲရောက်လာပြီဆိုရင် အရင်ဆုံး
ဆက်ဆံပတ်သက်ရတဲ့ ပတ်ဝန်းကျင်ကတော့ အဖေအမေ၊ အဘိုးအဘွားနဲ့
ညီအစ်ကိုမောင်နှမ ဦးလေးသားချင်းတွေပါပဲ။ သူတို့တွေရဲ့ နေမှုထိုင်မှုတွေ စရိုက်
တွေဟာ ကလေးအပေါ်ကို လွှမ်းမိုးသွားနိုင်ပါတယ်။ သူတို့တွေရဲ့ ဆုံးမသွန်သင်
ပြင်နှုးကျောင်းမှုဟာလည်း ကလေးတစ်ယောက်ရဲ့ အနာဂတ်အတွက် အရမ်း
အရေးကြီးပါတယ်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ထွန်းကားခဲ့တဲ့ မလေ့ထုံးစံ ယဉ်ကျေးမှု
တစ်ရပ်ရှိပါတယ်။ အဘိုးအဘွားတွေ အဖေအမေတွေက ညအိပ်ရာဝင်တော့မယ်
ဆိုရင် မအိပ်ခင်မှာ သားသမီးမြေးမြစ်တွေကို ပုံပြင်ပြောပြတတ်တဲ့ မလေ့ထုံးစံပါ။

မြို့ပြမှာပဲကြီးကြီး၊ ကျေးလက်မှာပဲ လူလားမြောက်မြောက် ကျွန်ခဲ့တဲ့
အသက်စုနှစ် နှစ်စုက လူငယ်တွေအားလုံး ပုံပြင်ရဲ့လွှမ်းမိုးမှုကနေ မလွတ်ကင်းခဲ့ကြ
ဘူး။ ပုံပြောကောင်းတဲ့ အဖေအမေ အဘိုးအဘွား၊ ဦးလေးသားချင်းတွေဟာ
ပုံပြင်ကြိုက်တတ်တဲ့ ကလေးတွေရဲ့ အသည်းစွဲပါပဲ။

လမ်းမှာ သူငယ်ချင်းတွေနဲ့ ကစားကောင်းနေတဲ့ကလေးပဲဖြစ်ဖြစ်
ဆော့တာမရလို့ ငိုနေတဲ့ကလေးပဲဖြစ်ဖြစ် စိတ်တိုင်းမကျလို့ ဒေါသဖြစ်နေတဲ့
ကလေးပဲဖြစ်ဖြစ် ပုံပြောကောင်းသူ တစ်ယောက်ယောက်က ပုံပြောပြမယ်တော့
ဆိုတာနဲ့ အရာရာကိုမေ့ပြီး ပုံပြောပြမယ့်သူအနားကိုရောက်အောင် သူ့ထက်ငါ
ဦးအောင် အလုအယက် ပြေးတတ်ကြပါတယ်။

ပုံပြောပြမယ့်လူရဲ့အနားမှာ တန်းစီဝိုင်းပတ်ထိုင်ရင်း သူ့ဝါးစပ်က ထွက်

လာမဲ့ ဟိုး . . . ရှေးရှေးတုန်းကဆိုတဲ့ စကားသံကို စောင့်မျှော်နေရတာဟာ ကလေး တွေအတွက် တော်တော်လေးကို စိတ်လှုပ်ရှားစရာကောင်းတာပါ။ ဒီနေ့ ဘာပုံပြင် များ ပြောမှာလဲ။ မကြားဖူးသေးတဲ့ မသိသေးတဲ့ ဘယ်လိုအရာတွေများ ပါလာဦးမှာ လဲ။ ရွှေပေါက်ဆိန်ကြီးရသွားတဲ့ သစ်ခုတ်သမားလို အကြောင်းမျိုးလား၊ ဘုရင် သမက်လည်းဖြစ် ရွှေတွေ ငွေတွေ ကျောက်သံပတ္တမြားတွေကို သင်္ဘောခုနစ်စီး တိုက်နဲ့ အပြည့်ယူဆောင်လာနိုင်တဲ့ မင်းသားလေးလို ပုံပြင်မျိုးပဲ ထပ်ကြားရဦး မှာလား။

ပုံပြင်ပြောမယ့်သူ ပြောပြမယ့်ပုံပြင်ကို နားမထောင်ရသေးတာတောင် ကိုယ့်စိတ်ထဲမှာ စိတ်ကူးယဉ်ပြီး ပုံပြင်တွေတည်ဆောက်ကြည့်ရတာ ကလေး ဘဝမှာ တော်တော် စိတ်ဝင်စားစရာကောင်းပြီး ပျော်စရာလည်းကောင်းပါတယ်။

ပုံပြောပြတဲ့လူတွေရဲ့ ပုံပြင်တွေကို နားထောင်ရင်း စိတ်ကူးယဉ်နေရတဲ့ အချိန်မှာ ကလေးတွေအတွက် ဒေါသနည်းသလို လောဘလည်း မရှိသလောက် ပါပဲ။ ပျော်ရွှင်နေတဲ့စိတ်၊ အံ့ဩသွားတဲ့စိတ်၊ ကြည်နူးနေတဲ့စိတ်တွေက ပုံပြင် နားထောင်နေတဲ့ ကလေးတွေကို လွှမ်းခြုံနေတာပါ။

ကမ္ဘာကြီးပေါ်မှာရှိတဲ့ တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ပုံပြင်တွေ အသီးသီးရှိကြပါတယ်။ အဲဒီပုံပြင်တွေအားလုံးကလည်း ကလေးတွေကို ဒေါသကြီး တဲ့စိတ်တို့ လက်စားချေချင်တဲ့စိတ်တို့ လူသတ်ကြည့်ချင်တဲ့စိတ်တို့ ပေါ်ပေါက်လာ စေခြင်းမရှိဘဲ ကလေးတွေရဲ့ နှလုံးသားထဲမှာ အများအကျိုးကို ကူညီဆောင်ရွက် ပေးချင်တဲ့စိတ်၊ ကိုယ်ချင်းစာတရားထားချင်တဲ့စိတ်၊ မိဘအဘိုးအဘွားကို ရိုသေ ချစ်ခင်စေချင်တဲ့ စိတ်တွေကိုပဲ ဖြစ်ပေါ်စေတာပါ။

ပုံပြင်ထဲမှာ စရိုက်ဆိုးဆိုးနဲ့ ဇာတ်ကောင်တစ်ကောင်များ ပါလာပြီဆိုရင် ပုံပြင်နားထောင်နေကြတဲ့ ကလေးတိုင်း အဲဒီဇာတ်ကောင်ကို ဝိုင်းပြီး မုန်းလာကြ တာပါ။ ဆိုးရွားကောက်ကျစ်လှတဲ့ အဲဒီဇာတ်ကောင်ရဲ့ စရိုက်ကို ဘယ်ကလေးက မှ အတုမယူချင်သလို အားလည်းမကျတတ်ကြပါဘူး။ ပုံပြင်ရဲ့အဆုံးမှာ မကောင်း တဲ့ စိတ်ဓာတ်ရှိတဲ့သူဟာ မကောင်းတဲ့ဒဏ်ကို ခံရတယ်ဆိုတဲ့ သတိပေးသင်ခန်းစာ အမြဲတမ်းပါနေတဲ့အတွက် ကလေးတွေ အတုမယူချင်ကြတာပါ။

ငယ်ငယ်ကတည်းက ပုံပြင်တွေနားထောင်ပြီး ပုံပြင်တွေနဲ့ကြီးပြင်းလာခဲ့ ရတဲ့ ကလေးတစ်ယောက်ဟာ စိတ်ကူးယဉ်တတ်သလို မကောင်းတဲ့ အကျင့်စရိုက် တွေကိုလည်း ရှောင်ရှားရမယ်ဆိုတာ အလွယ်တကူသိနေနိုင်ပါတယ်။ ပုံပြင်တွေ နားထောင်ရင်းရခဲ့တဲ့ သင်ခန်းစာက သူ့ရဲ့သိစိတ်မှာရော မသိစိတ်ထဲမှာပါ နိုင်

နေ့ကပ်နေလို့ပါ။

လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်စုကျော်ကျော်လောက်ကစပြီး မြန်မာနိုင်ငံ အပါအဝင် တိုင်းပြည်တော်တော်များများမှာရှိတဲ့ ကလေးတွေဟာ သူတို့ရဲ့ငယ်ဘဝကို ပုံပြင်နားထောင်ရင်းနဲ့ မကုန်ဆုံးခဲ့ရတာကြာပါပြီ။

ပြောင်းလဲလာတဲ့ စီးပွားရေး အသွင်သဏ္ဌာန်ပုံစံကြောင့် အဖေ အမေ အဘိုးအဘွားတွေဟာ သူတို့ရဲ့အချိန်တွေကို သားတွေသမီးတွေ မြေးတွေကို မပေးနိုင်လို့ပါ။ အိမ်မှာရှိသမျှလူတိုင်း အကုန်လုံးအပြင်ထွက်ပြီး အလုပ်လုပ်ကြ။ ပြန်လာတော့လည်း တစ်နေကုန် အလုပ်လုပ်ထားရတဲ့ဒဏ်ကြောင့် စိတ်ရောလူပါ မောပန်းနေလို့ ကလေးတွေကို ပုံပြင်တွေပြောပြဖို့ အချိန်မပေးနိုင်တော့ပါဘူး။

ပုံပြင်နားထောင်ခြင်းဓလေ့နဲ့ ဝေးကွာလာရတဲ့ ကလေးတွေကလည်း အဖေ အမေ အဘိုးအဘွားတွေကို ပုံပြင်ပြောပြဖို့ မပူဆာကြတော့ပါဘူး။ ကလေးတွေက မပူဆာတာရယ်၊ လူကြီးတွေက အချိန်မရလို့ ပုံပြင်ပြောမပြတာရယ် နှစ်မျိုးပေါင်းလိုက်တော့ ကလေးတွေနဲ့ပုံပြင်၊ ပုံပြင်နဲ့ ကလေးတွေ ဝေးကွာလာပါတယ်။

ပုံပြင်တွေနဲ့ဝေးကွာလာပြီး ပုံပြင်နားထောင်ဖို့ အခွင့်အရေးမရတဲ့ ကလေးတွေရဲ့ဦးတည်ရာဟာ ဗီဒီယိုဂိမ်းတွေ၊ ကွန်ပျူတာဂိမ်းတွေဘက်ကို လှည့်လာတယ်။ ဂိမ်းဆိုတာကိုက ကစားပွဲ ပြိုင်ပွဲပါ။

ပြိုင်ပွဲဆိုမှတော့ တစ်ယောက်ကိုတစ်ယောက် ညှာတာတာတွေ ဖေးမတာတွေ ကိုယ်ချင်းစာတာတွေ မရှိတော့ဘဲ ငါနိုင်ရင်ပြီးရောဆိုတဲ့ စိတ်မျိုးနဲ့ ယှဉ်ပြိုင်ကစားရတာပါ။ စက်နဲ့ကစားရင်လည်း အဲဒီလိုစိတ်မျိုးထားရသလို ကလေးချင်း ကစားရင်လည်း ဒီလိုစိတ်အခံနဲ့ ကစားကြရတာပါ။

ဂိမ်းကစားနေတဲ့ကလေးတစ်ယောက်မှာ စိတ်ကူးယဉ်ခြင်းတော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် ပုံပြင်နားထောင်နေတဲ့ ကလေးတစ်ယောက်ရဲ့ စိတ်ကူးယဉ်ခြင်းမျိုးတော့ မဟုတ်လောက်ပါဘူး။ အရှိန်ပြင်းပြင်းနဲ့ မောင်းနေတဲ့ကားကို ငါကိုယ်တိုင်မောင်းလို့ရရင်၊ ဝေါကနဲဆွဲကွေ့လိုက်တဲ့ ဆိုင်ကယ်ကို ငါကိုယ်တိုင်မောင်းလိုက်ရရင်၊ တစ်ဒိုင်းဒိုင်းအသံမြည်ပြီး ပစ်နေတဲ့သေနတ်ကို ငါကိုယ်တိုင်သာပစ်လိုက်ရရင်ဆိုတဲ့ စိတ်ကူးယဉ်မှုမျိုးတွေတော့ ဝင်လာတတ်ပါတယ်။ အရွယ်ရောက်တဲ့ အဲဒီအရာတွေနဲ့များ တကယ်တမ်း ကိုင်တွယ်ယိုတွေ့ခွင့်ရပြီဆိုတာနဲ့ ငယ်ငယ်တုန်းက ယဉ်ခဲ့တဲ့စိတ်ကူးကို လက်တွေ့အကောင်အထည် ဖော်တတ်ကြပါတယ်။

ဒါကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ကားတိုက်သေတဲ့ ဆယ်ကျော်သက်တွေ၊ ဆိုင်ကယ်မှောက်သေတဲ့လူငယ်တွေ၊ သေနတ်တစ်လက်ကို လက်မှာ

ကိုင်ပြီး မဲမဲမြင်ရာလိုက်ပစ်တတ်တဲ့လူငယ်မျိုးတွေ ပိုပိုပြီးများလာတာပါ။ အဲဒီ လူငယ်တွေရဲ့ ကလေးဘဝတုန်းကသာ အပြိုင်အဆိုင်သတ်ဖြတ်ပြီး စိတ်လှုပ်ရှား ဖွယ်ရာကောင်းတဲ့ ကွန်ပျူတာဂိမ်းတွေ ကစားရင်းနဲ့ မကြီးပြင်းခဲ့ဘဲ ညင်သာ သိမ်မွေ့ပြီး ကြည်နူးစရာ သင်ခန်းစာယူစရာတွေပြည့်နေတဲ့ ပုံပြင်တွေကို နားထောင်ရင်းနဲ့သာ ကြီးပြင်းခဲ့ရမယ်ဆိုရင် ဒီလိုဖြစ်မှာ မဟုတ်ပါဘူး။

လူငယ်တွေရဲ့ရင်ထဲမှာ ရက်စက်ကြမ်းကြုတ်ချင်တဲ့စိတ်တွေ လျော့နည်း သွားအောင်၊ ရာဇဝတ်မှုကျူးလွန်ချင်တဲ့စိတ်တွေ ပပျောက်သွားအောင် ဘယ်သူ့ ရဲ့သေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ထားမျိုးနဲ့ တစ်ယောက်ကို တစ်ယောက် ပြိုင်ဆိုင်ချင်တဲ့စိတ်တွေ မရှိတော့အောင်၊ ပတ်ဝန်းကျင်နဲ့ လူ့အသိုင်းအဝိုင်းတစ်ခု လုံးကို ကိုယ်ချင်းစာတဲ့စိတ်နဲ့ ကြည့်တတ်လာအောင် လူငယ်တွေ စိတ်ကူးယဉ် တတ်ပြီး အနုပညာမြောက်တဲ့အတွေးတွေ တွေးတတ်လာအောင် အဘိုးအဘွား မိဘတွေက သားသမီးမြေးမြစ်တွေအတွက် ပင်ပန်းနေတဲ့ကြားကပဲ အချိန်လေး နည်းနည်းဖဲ့ပေးပြီး ပုံပြင်တွေပြောကြရင် မကောင်းဘူးလား။

မောင်အောင်ခင်

---

အိပ်ရာဝင်ခါနီးအချိန်မှာ
ပုံပြင်ကလေးတွေ နားထောင်ပြီး
အိပ်ပျော်သွားတတ်တဲ့
ကလေးတစ်ယောက်ရဲ့ နှလုံးသားဟာ
ဘယ်လိုနည်းနဲ့မှ
မာကျောခက်ထန်တဲ့
နှလုံးသားတစ်ခု ဖြစ်မလာဘူးဆိုတာ
အသေချာပါပဲ။
ကလေးတွေရဲ့နှလုံးသားကို
အဟာရပြည့်ဝစေဖို့အတွက်
ပုံပြင်လေးတွေ ပြောကြရအောင်လား။

---



A

တစ်လိမ့်၊ နှစ်လိမ့်၊ သုံးလိမ့်၊ လေးလိမ့်၊ ငါးလိမ့် ကျင်း၏နှုတ်ခမ်းအတိုင်း ဆာဘက်သို့ပတ်လိုက်ပြီးမှ ဂလောက်ကနဲမြည်သံနှင့် ကျင်းအတွင်းသို့ ကျသွားသည့်အချိန်တွင် ဘာဒီဟု ဝိုင်းအော်လိုက်သောအသံနှင့်အတူ အိပ်မက်ကနေ ဆတ်ကနဲနိုးလိုက်တဲ့အချိန်မှာ နာရီကိုကြည့်လိုက်တော့ မနက်(၄း၀၀)။ Tea off က မနက်(၅း၃၀)။ ဘာပဲပြောပြော ဒီနေ့မနက်ကတော့ အိပ်မက်နဲ့တင် မင်္ဂလာ ရှိနေပါပြီ။ အိပ်မက်ထဲကအတိုင်း 'ဘာဒီ'တွေများ ကျင်းတိုင်း ထိုးနိုင်ခဲ့မယ်ဆိုရင် အခု ကျွန်တော်နဲ့ရိုက်မယ့် ပါတနာတွေအားလုံး နောက်တစ်ပွဲရှုံးဖို့ဆိုရင် သူတို့ရဲ့ ခန်းတွေကို တော်တော်လိုက်ဆက်ရမယ် ထင်ပါရဲ့။

အင်းလေ အိပ်မက်ကသာကောင်းတာပါ။ ဒီဂေါက်သီးရိုက်ကစားနည်း ကို ကစားတဲ့နေရာမှာတော့ အိပ်မက်ထဲကလို တစ်ခါမှ မကောင်းခဲ့ပါဘူး။ ကျွန်တော် Range မှာ စနစ်တကျသင်ပါတယ်။ ကျွန်တော့်ဆရာပြတဲ့အတိုင်း ရိုက်ပါတယ်။ သူတို့ သတ်မှတ်သလို သုံးလပြည့်တဲ့အချိန်မှာ ကျွန်တော်ကွင်းထဲ ဆင်းပြီး ကွင်းပတ်ပါတယ်။ ဒါပေမယ့် အရာရာကို အနိုင်ရချင်တဲ့စိတ် အင်အား သုံးမှ ရမယ်၊ လုံ့လထည့်မှရမယ်လို့ အမြဲတမ်း စွဲထင်ထားတဲ့စိတ်တွေကြောင့် ရိုက်လိုက်တိုင်း သတ်မှတ်ရိုက်ချက်ထက် အဆပေါင်းများစွာ ပိုနေတတ်ပါတယ်။

Par 4 လို့ သတ်မှတ်ထားတဲ့ ကျင်းကိုတောင် တစ်ခါတစ်လေ ၁၂ ချက်လောက်ရိုက်မှ ကျင်းဝင်ပါတယ်။ အဲ့ဒီလိုမျိုး ကျွန်တော့်ရဲ့ ရိုက်ချက်တွေ ကို သိနေကြလို့ပဲလားတော့မသိဘူး သူငယ်ချင်းတွေက ဒီနေ့မနက်မှာ ဂေါက်သီး ရိုက်ဖို့ ချိန်းကြပါတယ်။ သူတို့ ချိန်းပြီဆိုကတည်းက ကျွန်တော်တလည်း ကိုယ့်

ဘက်က အဆင်သင့်ဖြစ်အောင် ပိုက်ဆံကို ညဦးကတည်းက အဆင်သင့်ထုတ်ပြီး ဂေါက်အိတ်ထဲမှာ ထည့်ထားပါတယ်။ ဒါပေမယ့် အခုမက်လိုက်တဲ့ အိပ်မက်ကတော့ အရသာရှိလိုက်တာဗျာ။ အရသာရှိတဲ့ အိပ်မက်ကို တစ်စိမ့်စိမ့်တွေးရင်းနဲ့ ဂေါက်ကွင်းရှိရာသွားဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။

၃

'ရှင် အခုချိန်ထိကလေးဆေးဖိုး ရှာလို့မရသေးဘူးလား။ ကလေးဆေးဖိုး ဒီနေ့မှ ရှာလို့မရရင် ရှင်နဲ့ကျွန်မနဲ့အကွဲပဲနော် ဒါပဲ . . .ခွမ်း' ခွမ်းကနဲကြားလိုက်ရတာ အိပ်မက်ထဲက မိန်းမရဲ့အသံ၊ အိပ်မက်ထဲမှာတောင် ကြားရတာ တော်တော်ကျက်သရေ မဲ့တဲ့ အသံပါဗျာ။ တောက် . . .တောက် . . တောက် . . တောက်ဆိုတဲ့ အုန်းမောင်းခေါက်သံကို ကြားလိုက်ရပါတယ်။ အုန်းမောင်းခေါက်သံက အိပ်မက်လား။ ခွမ်းကနဲကွဲလိုက်တဲ့အသံက တကယ့်အစစ်လား။ ဘယ်အရာ အိပ်မက်လဲ၊ ဘယ်အရာ တကယ်အစစ်လဲဆိုတာ ရေရေရာရာ ကွဲကွဲပြားပြား မဆုံးဖြတ်နိုင်ခင်မှာပဲ မထချင်ထချင်နဲ့ကျုပ်အိပ်ရာကထလိုက်ပါတယ်။

ဘဝမှာဘယ်အရာကအိပ်မက်၊ ဘယ်အရာကတကယ်လဲဆိုတာ ကွဲကွဲပြားပြားမသိဘဲ ဖြတ်ကျော်လာခဲ့တာ တော်တော်ကြာပါပြီ။ ညတုန်းက အငယ်ဆုံး သမီးလေး ကိုယ်ပူလို့ ဆေးခန်းသွားပြစရာ ပိုက်ဆံမရှိတော့ တစ်အိမ်ကျော်က ကိုဝင်းမောင်တို့ဆီက ပိုက်ဆံသွားချေး။ ကဗျာကယာဆေးခန်းကို ပြေး။ အိမ်ရောက်လို့ အမောဖြေမယ်ကြံတုန်း အကြီးကောင်က တစ်စခန်း ထလာပြန်တယ်။ ဘယ်အချိန်တုန်းကတည်းက သန့်ထားမှန်းမသိ၊ အခုမှ သူ့ခြေဖဝါးက ဓာတ်ရောင်ပြရင်း သူ့ပေါင်ရင်းကိုပါ လှန်ပြလို့ ကိုင်ကြည့်လိုက်တော့ 'အာလာလာ'နည်းတဲ့ အကျိတ်ကြီးမှမဟုတ်ဘဲ။

ဆေးခန်းသွားဖို့အချိန်လည်းမရှိတော့ အိမ်မှာရှိတဲ့ ဆရာခိုဆေးကိုပဲ လိမ်းပေးပြီး အိပ်ခိုင်းလိုက်ရတယ်။ အကြီးကောင်ကို ဆေးခန်းပြဖို့ပိုက်ဆံရယ် အငယ်မကို ဆေးခန်းပြလို့ ချေးထားရတဲ့ပိုက်ဆံရယ်ကို ပြန်ပေးဖို့အတွက်က ဒီနေ့ဂေါက်ကွင်းမှာ ဘောလုံးများများရမှဖြစ်မှာ။ ကျုပ်ကလည်းမှားမိတာပါ။ ကိုယ့်ဟာကို အေးအေးချမ်းချမ်း နေလိုရဲ့သားနဲ့ ဘယ်သူတွေကမြှောက်ပေးထားတဲ့ စကားမှန်းမသိ။ လောကမှာ တစ်ယောက်တည်းနေရင် မပြည့်စုံဘူး။ ပုံထွက်နေတဲ့အဖော်တော့ လိုက်ရှာရမယ်ဆိုပြီးပြောတာနဲ့ ကျုပ်လိုက်ရှာရင်း ပုံထွက်နေတဲ့အဖော်ဆိုတာကိုတွေ့ပြီး ကလေးတွေ လေးယောက်ရတဲ့ အထိပါပဲ။ မိတ်ကောင်းဆွေကောင်းတွေရဲ့ စောင်မမှုကြောင့် ကျုပ် ဥက္ကလာဂေါက်ကွင်းမှာ ကန်တစ်ကန်ကို ဂေါက်သီးဆယ်ဖို့ ကန်ထရိုက်ရလိုက်တယ်။

ဂေါက်သီးလေးဆယ်လိုက် ခင်အောင်မင်အောင် ပေါင်းထားတဲ့ ဆရာတွေပေး သွားတဲ့ မုန့်ဖိုးလေးကို စုလိုက်နဲ့ မိန်းမဆိုတာ ရွှေဆွဲကြိုးတွေ ဘာတွေတောင် ဆွဲလိုက်ရသေးတယ်။ ကလေးနှစ်ယောက်ကနေ သုံးယောက်၊ သုံးယောက်ကနေ လေးယောက်

...ဖြစ်လာရော စုထားတဲ့ ပိုက်ဆံလေးတွေ၊ လုပ်ထားတဲ့ရွှေလေးတွေဆိုတာ ကုတ်ို့ဆိပ် ...မှင့်လိုက်သလိုပါပဲ။ ဘယ်ရောက်သွားမှန်းကို မသိတော့ဘူး။

အင်း…တကယ့်ကို လေးလေးတွဲတွဲနဲ့ ချဖြစ်လိုက်တဲ့ သက်ပြင်းကြီးပါပဲ။ ...အတွက် ဒီနေ့ ပိုက်ဆံရဖို့လိုတယ်။ ပိုက်ဆံရမှဖြစ်မှာ။ ပိုက်ဆံများ ရှာမရလို့ကတော့ ...မက်ကို ကျွပ် မျက်ဝါးထင်ထင်တွေ့ရမှာ။ အိပ်မက်ကိုမတွေ့ရဖို့အတွက် ရေထဲကျတဲ့ ...သီးလေးတွေဆယ်ဖို့ ကျုပ်ဂေါက်ကွင်းကို သွားရတော့မယ်။ အဲဒီတော့ မပေါင်ရ ...တဲ့ အင်္ကျီတွေထဲက အကောင်းဆုံး အင်္ကျီလေးတစ်ထည်ကိုရွေး စီးလောင်ပေါက် ...တဲ့ ပုဆိုးတွေထဲက အကောင်းဆုံးပုဆိုးတစ်ထည်ကို ရွေးဝတ်ပြီး ဂေါက်ကွင်းရောက် ...ရေထဲကျလာမယ့် ဂေါက်သီးကိုဆယ်ဖို့ ရေထဲခုန်ချရမယ့် အဝတ်အစားလေးတစ်စုံကို ...ကွတ်အိတ်ထဲ ထည့်ပြီးတော့ ကျုပ်ဂေါက်ကွင်းရှိရာ ချီတက်ဖို့ ပြင်ရပါတော့တယ်။

B

ဂေါက်ကွင်းကို ကျွန်တော့်ကား ထိုးဆိုက်လိုက်တယ်ဆိုရင်ပဲ ကျွန်တော့် အမဲဖျက်ဖို့ ဝိုင်းစောင့်နေတဲ့ သူငယ်ချင်းတွေရဲ့ ကားတွေကို တွေ့လိုက်ရပါ ...ပါကင်ထဲမှာ ဟိုတစ်စီး သည်တစ်စီးနဲ့။ ဒီကောင်တွေ ဘယ်လောက်တောင် ...ကောင်းလဲဆိုရင် အခုချိန်ထိ ကျန်တဲ့ Golfer တွေရဲ့ ကားတွေ တစ်စီးမှ ...က်သေးပါဘူး။ ကျွန်တော့် ပါတနာတွေဖြစ်တဲ့ သူငယ်ချင်းလေးယောက်ရဲ့ ...တွေကိုပဲ တွေ့ရပါတယ်။ ကားကို ကပျာကယာ ပါကင်မှာထိုး ကျွန်တော်နဲ့ ...ဘမ်း "ဗိုကယ်ရီ" လိုက်နေကျဖြစ်တဲ့ ဝေဖြိုးကလည်း ကားသောကို အဆင် ...ရောက်လာလို့ သူ့ကို လိုအပ်တာတွေပြောပြီး စားသောက်ဆိုင်ထဲ ဝင်သွားတယ် ...ပဲ သမင်ပျိုတစ်ကောင် ဝင်လာတာကို တပ်မက်တဲ့မျက်လုံးတွေနဲ့ ကြည့်နေ ...သော့မျက်နှာတွေနဲ့ ကျွန်တော့်မိတ်ဆွေ လေးယောက်က ကျွန်တော့်ကို ဝိုင်း ...ပါတယ်။ ပြီးတော့ပြောမနာဆိုမနာ ငယ်ပေါင်းသူငယ်ချင်းဖြစ်တဲ့ ဇော်ဝင်း ...မ်းမေးပါတယ်။ 'ဟေ့ကောင် . . မင်း ပိုက်ဆံအလုံ အလောက်ပါရဲ့လား'တဲ့။ . . . ငါမနေ့ညကတည်းက ကြိုထည့်ထားပါတယ်' လို့ ပြောရင်း လွတ်နေတဲ့ ...ထိုင်လိုက်ပါတယ်။ မနက်စာအဖြစ် ဆီချက်ခေါက်ဆွဲတစ်ပွဲ ကျွန်တော်မှာ ...ပါတယ်။ သူတို့တွေကို ကြည့်လိုက်တဲ့အချိန်မှာတော့ အားလုံးအသီးသီးစား ... ကျွန်တော့်ကို ထပ်စားဖို့ပဲ ကျန်တော့တယ်ဆိုတဲ့ မျက်လုံးတွေနဲ့ သေသေ ...ကို စိုက်ကြည့်နေကြပါတယ်။

ကျွန်တော်လည်း မုဆိုးတွေကြားမှာ ရောက်နေတဲ့ သားကောင် ...ကောင်လိုပဲ ကိုယ့်ရှေ့မှာရှိတဲ့ ဆီချက်ခေါက်ဆွဲလေးကို အလျှင်အမြန်စား

အလိုက်တသိနဲ့ ပိုက်ဆံကိုရှင်းပေးပြီး ကွင်းပတ်ဖို့အတွက် စားသောက်ဆိုင်က
Second Corner ကို ချီတက်ခဲ့ပါတယ်။

၁

အား...ပိုက်ဆံလိုလို့လားမသိပါဘူးဗျာ။ ဒီနေ့ဘယ်လိုဖြစ်လို့များ Golfer
ဝိရိယနည်းကြသလဲမသိဘူး။ အရင်ဆို ကျုပ်ဂေါက်ကွင်းထဲရောက်တဲ့အချိန်မှာ အန
ဆုံး ကား၁၅စီး၊ အစီး၂၀လောက်တွေ့တတ်တယ်။ ဒီနေ့ကျမှ ကားလေးငါးစီးပဲတွေ့တယ်
ကျုပ် တော်တော်စိတ်ပျက်သွားတယ်။ ကျုပ်စိတ်ထဲမှာ သားနဲ့သမီးလေးအတွက် လို
တဲ့ ပိုက်ဆံရဖို့ ဂေါက်သီးလုံးတွေ ရေထဲကအများကြီး ဆယ်ရမယ်လို့ မျှော်လင့်လာခဲ့
ဒီရောက်တော့ ခဲလေသမျှသဲရေကျဖြစ်ပြီး ခေါင်းငိုက်စိုက်ကျတော့မယ့်ဆဲဆဲ ကားတ
ကို မြင်လိုက်တယ်။ (97 Surf) မိုးပြာရောင်လေး။ ဟား ကျုပ်တော်တော်ပျော်သွားတ
ဘာကြောင့်လဲဆိုတော့ အဲဒီကားပိုင်ရှင်က သီဟကျော်ဆိုတဲ့ ကားဝယ်ရောင်း
ယောက်ပဲ။ ဂေါက်သီးရိုက်နေတာ မကြာသေးသလို ကျုပ်တို့ကွင်းထဲကို ဆင်းလာ
လည်း မကြာသေးပါဘူး။ ရိုက်တာမကောင်းသလို သူ့ရိုက်ချက်တွေက ပုံမှန် Swi
လည်း မရှိသေးဘူး။ ကြုံသလို ဘောလုံးကိုထွက်အောင် ရိုက်နေတာပဲ။ ဘေးလူအ
ကတော့ မကောင်းပါဘူး။

ဒါပေမယ့် ကျုပ်တို့အတွက်ကတော့ ကောင်းတယ်။ သူကအမြဲတမ်း ဂေါက်
အသစ်တွေ ဝယ်ဝယ်လာပြီးရိုက်တယ်။ ပြီးတော့ ပိုကောင်းတာက အဲဒီဘောလုံးအ
တွေကို ကျုပ် ကန်ထရိုက်ရတဲ့ ကန်ထဲ နေ့တိုင်း သူရိုက်ရိုက်ချတယ်။ သူ့ကားကိုမြင်လို
ရတာနဲ့ မိန်းမရဲ့ပြုံးနေတဲ့ မျက်နှာကြီးကို ကျုပ်မြေးပြီး တန်းမြင်လိုက်တယ်။ ကျုပ်မိန်း
မျက်နှာကိုမြေးပြီး တန်းမြင်သလိုပဲ ကျုပ်လည်းကန်ထရိုက်ဆွဲထားတဲ့ Second
ner Short holeမှာရှိတဲ့ ကန်လေးဆီကို တန်းပြေးပါတော့တယ်။ ပြေးရမယ်
ဘယ်လောက် ပဲချမ်းချမ်း ဘယ်လောက်ပဲအေးအေး ကိုသီဟကျော်ရိုက်ချလိုက်
ရေထဲကျလာမယ့် ဂေါက်သီးကို ပန်းမောင်ဆိုတဲ့ကောင်က ဆယ်ရမှာ။ ဒီနေ့
ကျုပ်ပျော်သွားပြီ။ ပြေးနေ တဲ့ ခြေထောက်တွေတောင် မြေကြီးနဲ့မထိတော့ဘူ
ထင်တယ်။

C

အင်း. . အားလုံးကလည်း ကျွန်တော့်ကို ဖဲ့ချင်လို့ ဒီဝိုင်းကို ချိန်
ဒီပွဲကိုကစားကြတာ ကျွန်တော်ကလည်း အဖဲ့ခံရမယ်ဆိုတာ သိသိကြီးနဲ့ လ
လိုက်တာ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ပေါ့ဗျာ။ ဖဲ့ကာမှဖဲ့ ရှုံးကာမှရှုံး အလံမလှဲစေ
တိုက်ရမှာပေါ့ ဆိုတဲ့စိတ်နဲ့ ကျွန်တော့်ဂေါက်အိတ်ထဲက ဂေါက်သီးသစ်တစ်လုံ
ထုတ်ပါတယ်။ ထုံးစံအတိုင်း ကျွန်တော်ရိုက်နေကျ Pro V 1 ပေါ့ဗျာ။ ကျွန်

ယ်ရိုက အမြတ်တမ်းတားပါတယ်။ ဆရာ့လက်က မှန်လည်းမမှန်ဘဲ ရေထဲကျ
က် တောထဲရောက်သွားလိုက်နဲ့ ဒီလောက်ဈေးကြီးတဲ့ ဘောလုံးလေးတွေကို
ဖြစ်လို့ ရိုက်နေရတာလဲ ဆရာ မနှမြောဘူးလားလို့ မေးပါတယ်။

ကျွန်တော်နှမြောတာပေါ့။ ငါတစ်လုံးရိုက်လိုက်လို့များ ပျောက်သွား
င် ဒီဘောလုံးက ဈေးကြီးတယ်ဆိုတဲ့အသိနဲ့ မပျောက်အောင်ထိန်းချုပ်ပြီး
န်တော်ရိုက်ချင်တဲ့အတွက် ဒီဘောလုံးကိုရွေးချယ်ပြီး ရိုက်တာပါ။ ဒါပေမယ့်
ယ်လောက်ပဲနှမြောနှမြော၊ ဘယ်လောက်ပဲ ထိန်းချုပ်ထိန်းချုပ် မမှန်သေးတဲ့
ing ကျင့်သားမကျသေးတဲ့ လက်ကြောင့် ဘောလုံးအသစ်တွေကို ရေထဲ
တ်ချလိုက်၊ တောထဲ ရိုက်ထုတ်လိုက်နဲ့ပါပဲ။

ဒီနေ့မနက်လည်း ထုံးစံမပျက် ကျွန်တော် Pro V1 ကိုပဲ ထုတ်လိုက်ပါ
ယ်။ သူတို့က ဦးစားပေးပါတယ်။ ကျွန်တော့်ကို အရင်ထွက်ဖို့။ သူတို့အရှေ့
နေ ကျွန်တော် အရင်ရိုက်ရမယ်ဆိုတော့ Pressure မိနေပါပြီ။ ကျွန်တော်
တာပေါ့။ ကျွန်တော်ရိုက်လိုက်တဲ့ Drive Fair way ရဲ့ ဘယ်ကိုထွက်မလား
ကိုထွက်မလားဆိုတာ စောင့်ကြည့်နေတဲ့ မျက်လုံးတွေရဲ့အောက်မှာ ရိုက်ရမှာ
ကယ်ကိုမလွယ်တဲ့ အခြေအနေပါ။

ဒါပေမယ့် ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်၊ ကျွန်တော့်ရှေ့ကနေ သူတို့
iver တွေ တစ်ဖြောင်းဖြောင်းနဲ့ ရိုက်သွားတာကိုကြည့်ပြီး နောက်ကနေ အား
င်ငယ်နဲ့ လိုက်ရိုက်ရမယ့် အတူတူတော့ ငါ့ဟာငါ ရှေ့ကရိုက်ရတာပဲ ကောင်း
ယ်ဆိုတဲ့အသိနဲ့ ကျွန်တော့်Driverကို ဆွဲထုတ်လိုက်ပါတယ်။ ပြီးတော့ အကြော
 တောင့်တင်းပြီး ရှုံးမှာကြောက်တဲ့စိတ်တွေနဲ့ လေးလံနေတဲ့ ကျွန်တော့် ခန္ဓာ
ယ်ကြီးကို ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက် လှည့်ရင်း လေထဲမှာ Driver
 Freeswing တစ်ချက်နှစ်ချက်ဆွဲကြည့်ပါတယ်။ Freeswing ဆွဲပြီး သွားတဲ့
ခ်ိန်မှာတော့ ကျွန်တော့်ကယ်ရီ ပူစူးတည်ပေးထားတဲ့ ဂေါက်သီးဟာ ရိုက်ဖို့
ဆင်သင့်ပါပဲ။ ကျွန်တော် ဂေါက်သီးရှိရာ သွားပါတယ်။ ကျွန်တော့်စိတ်ကြိုက်
sition ယူပါတယ်။ ယူပြီးလို့ ရိုက်တော့မယ့်အချိန်မှာ တိုးတိုး တိုးတိုး အသံလေး
းတာနဲ့ နောက်ကို လှည့်ကြည့်လိုက်တော့ ကျွန်တော့်ပါတနာ လေးယောက်
းဟာ ကျွန်တော့်ဂေါက်သီးက ဘယ်ဘက်တောထဲပဲ သွားမှာလား ညာဘက်
ာထဲပဲ သွားမှာလားဆိုတာကို သူတို့ချင်းလောင်းနေတဲ့ မပီမသအသံတွေကို
းနေရပါတယ်။

ကျွန်တော် အသံတွေကိုမေ့လိုက်ပါတယ်။ သူတို့တွေက Golfer မပီသ
တော့ မဟုတ်ပါဘူး။ မိတ်ရင်းဆွေရင်းတွေ ဖြစ်တဲ့အတွက် နောက်တဲ့ ပြောင်တဲ့

သဘောမျိုးနဲ့ စနေကြတာပါ။ ရိုက်ဖို့ပြင်လိုက်တဲ့အချိန်မှာ ကျွန်တော့် အိပ်မက် သွားသတိရပါတယ်။ တစ်လိမ့် နှစ်လိမ့် သုံးလိမ့် လေးလိမ့် ငါးလိမ့်နဲ့ ကျင်းထဲ ဂလောက်ကနဲကျသွားပြီး ဘာဒီဆိုတဲ့အသံဟာ ကျွန်တော့်နားထဲကို သေ မောင်းတင်သံလိုပဲ ကလစ်ဆိုပြီး ဝင်လာပါတယ်။

ကျွန်တော့်လက်ထဲမှာရှိနေတဲ့ Driver ကို တီပေါ်မှာ အသင့်တင်ထ တဲ့ ဂေါက်သီးအနားကနေ Backswing ဆွဲပြီး လွှဲလိုက်ပါတယ်။ Backsw ကုန်လို့ ဘယ်လက်တင်းတဲ့အချိန်မှာ ကျွန်တော့်စိတ်ထဲမှာ ပြန်ပြီးကြားလိုက် ဘာဒီဆိုတဲ့အသံနဲ့အတူ တည်ထားတဲ့ ဂေါက်သီးကို အားရပါးရ ရိုက်လိုက် တယ်။ ကြားလိုက်ရတဲ့အသံကတော့ 'ဖောင်း'ကနဲပါပဲ။ ကျွန်တော် သိလိုက်ပ မကြည့်ပေမယ့် ကျွန်တော့်ရိုက်ချက်က အရမ်းသေသပ် ကောင်းမွန်သွားပြီဆို ဘာ့ကြောင့်လဲဆိုရင် ကြည့်စရာမလိုဘဲ အသံကြားရုံနဲ့တင် လုံလောက်နေလို့

အဲဒီအချိန်မှာပဲ ကျွန်တော် နားမစွင့်ပေမယ့် နောက်က 'ဟာ'ဆို အသံတစ်ခုကို ဇာတ်တိုက်ထားသလို ဝိုင်းအော်လိုက်သံ ကြားလိုက်ရပါတ နောက်ကို လှည့်ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်တော့်ပါတနာ လေးယောက်စ ကျွန်တော့်ကို အင်ပတန်မှ အံ့ဩမှင်သက်တဲ့အကြည့်နဲ့ ကြည့်နေကြတာပါ။ အဲ ကျွန်တော်ရှေ့ကို ကြည့်လိုက်တဲ့အချိန်မှာတော့ ဂေါက်သီးဟာ Fair way အလ မှာ ဘယ်ကိုလည်း မကွေ့ ညာကိုလည်း မဝိုက်ဘဲနဲ့ Green ရှိရာ တည့်တည့် တစ်လိမ့်လိမ့်သွားနေတာကို တွေ့လိုက်ရပါတယ်။ ပထမဆုံးကျင်း ပထမ ရိုက်ချက်မှာ ကျွန်တော့်ပါတနာတွေ အံ့ဩမှင်သက်သွားအောင် ရိုက်ပြနိုင်ခဲ့ အတွက် သူတို့ ကျွန်တော့်ကိုပြောပါတယ်။ 'ဟာ ဒီအတိုင်းဆိုရင်တော့ ငါးကျ ပေးလို့မရဘူး' လို့ ပြောတဲ့လူနဲ့ 'လေးကျင်း ပေးလို့မရဘူး' 'ခြောက်ကျင်းပေ မရဘူး' ဆိုပြီးပြောတဲ့လူနဲ့ ပွက်လောရိုက်ကုန်ပါတယ်။ ကျွန်တော့်ပါတ လေးယောက်စလုံးက ကျွန်တော့်ကိုကျင်းပိုပေးပြီး ကစားနေကြတာ ကျွန်တော် လည်း အိပ်မက်အားကိုးနဲ့ 'ရပါတယ် ကြိုက်သလောက်ပဲ ပေးကြပါလို့' ပြော ခပ်မိန့်မိန့်ကြီး ပြုံးလိုက်ပါတယ်။

ကျွန်တော့်ရဲ့ Pressure မိသွားတာကြောင့်ပဲလား။ စောစောစီ အကြောတွေ တင်းနေလို့ပဲလားတော့ မသိဘူး။ ပါတနာလေးယောက် ရိုက်လို သမျှ နှစ်ယောက်က Fair way ရဲ့ဘယ်ဘက်ကို ထွက်သွားသလို တစ်ယောက် ကန်ထဲကျသွားပါတယ်။ နောက်တစ်ယောက်က ကျွန်တော့်ဘောလုံးရဲ့ နော ဖက် ပေလေးဆယ်လောက်မှာ ရှိနေပါတယ်။

စစ်အောင်နိုင်သူ စစ်သူကြီးတစ်ယောက်ရဲ့ ခြေလှမ်းမျိုးနဲ့ ကျွန်တေ

ဘာ Chipping တင်ရမယ့် တုတ်ကလေးကို အိတ်ထဲကဆွဲထုတ် လက်ကကိုင်ပြီးရင်ကိုတော့ ခေါင်းကိုမော့ မြောက်ကြွ မြောက်ကြွနဲ့ ရှေ့ဆုံးက လျှောက်နေမိပါတော့တယ်။ ပါတနာတွေ အသီးသီးရိုက်တင်လိုက်တဲ့ ဘောလုံးတွေက Green ပေါ် ရောက်လာတဲ့သူရှိသလို ဘန်ကာထဲ ရောက်သွားတဲ့သူတွေလည်း ရှိပါတယ်။

ဂေါက်သီးနားကို ရောက်လို့ ရိုက်ဖို့ကြည့်လိုက်တော့ ကျင်းနဲ့ဘောလုံးပေခြောက်ဆယ်လောက် ကွာနေတာကို တွေ့ရပါတယ်။ Chipping လုပ်ဖို့အတွက် **Freeswing** လွှဲရင်း ကျွန်တော့်မျက်လုံးကို မှိတ်လိုက်ပါတယ်။ အိပ်မက်ကို ပြန်သတိရလာပါတယ်။ ဘာဒီဆိုတဲ့အသံကို ကျွန်တော့်နားထဲမှာ မြန်ကြားယောင်လိုက်ရင်း **Chipping** တင်လိုက်ပါတယ်။

ကျွန်တော် ထပ်ကြားလိုက်ရပါတယ်။ ဟာ. . . ဆိုတဲ့ အသံတွေပါ။ ကြည့်လိုက်တော့ Chipping တင်လိုက်တဲ့ ဘောလုံးဟာ giving ယူလိုက်လို့ ကျွန်တော်တို့ အချင်းချင်းပေးလို့ရတဲ့ ကျင်းနဲ့အနီးဆုံးနေရာကို တစ်လိမ့်လိမ့်သွားရင်း ရပ်နေပါတော့တယ်။ အိပ်မက်ထဲမှာကြားလိုက်ရတဲ့ ဘာဒီဆိုတဲ့အသံကို ကျွန်တော့်သူငယ်ချင်းတွေဆီကမလိုတမာနဲ့ပြောလိုက်တဲ့ အသံကိုကြားလိုက်ပါတယ်။

၈

ဟာ . . .အချိန်ဆိုတာဗျာ စောင့်ရင် ဝိုကြာတယ်ဆိုတာ အမှန်ပါပဲ။ ဘယ်အတွဲမှလည်း မရှိ။ ဘယ်သူမှလည်းမလာ။ ကန်ရပြေင်ရယ်ကျုပ်ရယ်၊ ကျုပ်ရယ် ကန်ရပြေင်ရယ်။ ဒီနှစ်ခုပဲရှိတဲ့ နေရာမှာ စောင့်နေရတဲ့အချိန်တွေ တော်တော်ကြာလာပြီ။ ဟိုဘက်ကျင်းက ထအော်လိုက်တဲ့ ဟာဆိုတဲ့အသံတွေ ဘာဒီဆိုတဲ့အသံတွေ ကျုပ်ကြားနေရပါတယ်။ ကျုပ်ထင်တယ်။ ကျုပ်မိတ်ဆွေ ကိုသီဟကျော်ကတော့ ဘာဒီထိုးလိုက်တဲ့ သူ့ရဲ့သူငယ်ချင်းတွေကြောင့် ဘယ်လောက်ထိအောင် ကုန်နေမလဲ၊ ဘယ်လောက်ထိအောင်ရှုံးနေမလဲ၊ သူ့ရဲ့ဂေါက်သီးတွေလည်း တောထဲကိုဘယ်လောက်တောင်ထွက်နေမလဲဆိုတာ မြေးကြည့်ရှာမလိုဘဲ ကျုပ်သိတာပေါ့။

သူတို့ အခု ဆယ်ကျင်းမှာရိုက်နေတယ်။ ပြီးရင် ကျင်းအမှတ် ၁၁ ကို ရောက်လာမယ်။ အမှတ် (၁၂) ကျင်းကျရင်တော့ ကိုသီဟကျော်ရိုက်ထုတ်လိုက်တဲ့ ဘောလုံးတွေ ရေထဲကို ဘယ်နှစ်လုံးများ ကျလာမလဲဆိုတာ မျှော်လင့်ဖို့အတွက် ကျုပ်ဒီနေရာမှာစောင့်နေပါတယ်။ စောင့်ရကျိုးနပ်မှာပါ။ ကျုပ်တို့ ဥက္ကလာတစ်ကွင်းလုံးမှာ ရေကန်ကို ကန်ထရိုက်ဆွဲထားတဲ့သူတွေအချစ်ဆုံးက ဘယ်သူလဲလို့မြောရင် ကိုသီဟကျော်ပါပဲ။

အင်မတန်ဈေးကြီးတဲ့ Pro V 1 ဆိုတဲ့ ဘောလုံးလေးတွေကို မနေမြောဘဲ တောထဲရိုက်ထုတ်တတ်သူ ရေထဲကိုရိုက်ချတတ်တဲ့သူဆိုပြီး နာမည်ကြီးလှချစ်လှခင်မျှားနေတာ သူပါပဲ။ ကိုသီဟကျော်ရိုက်ထုတ်လိုက်လို့ ရေထဲကျသွားမယ့် ဘောလုံးလေး

တွေကို ဆယ်ဖို့အတွက် ပန်းမောင်ဆိုတဲ့ကျုပ် ချမ်းချမ်းစီးစီးမှာ ရေထဲကိုဝမ်းသာအားရ ဒိုင်ဗင်ထိုးချဖို့အတွက် အဆင်သင့် စောင့်နေပါတယ်။ ချမ်းလိုတော့ မသေပါဘူးဗျာ။ ကလေးတွေ ဆေးဖိုးအတွက် သူ့ဘောလုံးလေး တွေရဖို့ အရေးကြီးတယ်။ စောင့်နေရင်းပါပဲ၊ အသံတွေက ကျုပ်ရှိတဲ့ဘက်ကို ပြေးလာနေပါတယ်။ သေချာပါတယ်။ သူတို့ကျင်းအမှတ်(၁၁)မှာ စပြီးရိုက်ဖို့တာစုနေကြပါပြီ။ (၁၁)ပြီးရင်တော့ ကျုပ်ရှိတဲ့ ကျင်းအမှတ်(၁၂)ကို သူတို့ရောက်လာကြမှာပါ။

D

အောင်ပွဲနဲ့တွေ့လိုက်ရင် စိတ်ဓါတ်တက်ကြွသွားတယ်ဆိုတာ အမှန်ပါပဲ။ ဘာဒီရထားတယ်ဆိုတဲ့အသိနဲ့ ကျွန်တော့်စိတ်တွေ တော်တော် တက်ကြွနေတယ်။ Golfer တွေရဲ့ စည်းကမ်းအတိုင်းပေါ့ဗျာ။ ဘာဒီရထားတဲ့ ကျွန်တော့်ကို ဖေ်နာပေးရမှာဆိုတော့ ဒီကျင်းမှာလဲ ကျွန်တော်ပဲ အရင်ဆုံး ရိုက်ရမှာပဲ။

ပထမကျင်းတုန်းကလို Pressure မိနေတာမျိုးမရှိဘဲ ဘာဒီရအောင် ထပ်ရိုက်လိုက်မယ်ဆိုတဲ့ စိတ်နဲ့ Driver ကို Freeswing နှစ်ချက်လောက်လွှဲပြီး Green ကိုမျှော်ကြည့်လိုက်ပါတယ်။ Long Par 4 ဆိုတော့ ကျွန်တော့်လက်နဲ့ Two on ဖို့ဆိုတာ သိပ်တော့မလွယ်လှပါဘူး။ Driver ရိုက်ဖို့ Backswingကို လွှဲတင်လိုက်တဲ့အချိန်မှာ ဘာဒီဆိုတဲ့ အိပ်မက်ထဲကအသံကို ကျွန်တော်ပြန်ကြားလိုက်ရပါတယ်။ သွေးထဲကို အင်အားတစ်ခု ဖြတ်စီးသွားသလိုပါပဲ။ Driver ကို swing လမ်းကြောင်းအတိုင်း သက်တောင့်သက်သာနဲ့ ကျွန်တော်ရိုက်ချလိုက်ပါတယ်။ ထပ်ကြားလိုက်ရပြန်ပြီ။ 'ဖောင်း'ကနဲ မြည်သွားတဲ့ အသံပါပဲ။ ဂေါက်သီးတစ်လုံးကို Impact ကျကျ ထိသွားတဲ့အသံပါ။

Fair way ရဲ့ အလယ်ကောင်တည့်တည့် ပေ (၂၈၀) လောက်မှာ ကျွန်တော့်ဂေါက်သီးလေးကို ခုန်ဆွခုန်ဆွနဲ့ တွေ့လိုက်ရပါတယ်။ ကျွန်တော့်နောက်က လိုက်ရိုက်တဲ့ ပါတနာလေးယောက်စလုံး တွဲဘက်ညီစွာနဲ့ ဘယ်တော့ထဲနှစ်ယောက်၊ ညာတောထဲ နှစ်ယောက် ဝင်သွားပါတယ်။ ကျွန်တော့်ကယ်ဒီပူစူးအားရဝမ်းသာပြုံးပျော်ပြီး လှည်းကိုဆွဲထွက်သွားတဲ့ အချိန်မှာတော့ ကျန်တဲ့ကယ်ဒီတွေရဲ့ ညည်းညူသံကို ကြားလိုက်ရပါတယ်။

တချို့အိပ်မက်တွေက နိမိတ်ကောင်းကို သယ်ဆောင်လာတတ်တယ်ဆိုတာ ဒီနေ့မနက်မှာတော့ အကြွင်းမဲ့ လက်ခံရတော့မှာပါ။ ဒုတိယ ရိုက်ချက်ဖြစ်တဲ့ Wood Three နဲ့ ရိုက်ချက်ဟာလည်း ဘောလုံးကို ကျကျနနကြီးထိပြီး Green အစပ်ကိုသွားကျ။ ထိချက်ပြင်းတာကြောင့် ကျင်းရှိရာကို တစ်လိမ့်လိမ့်နဲ့ ဂေါက်သီးလေး ချီတက်သွားပါတယ်။ Green ပေါ် ရောက်လို့ ကျင်းစိမ်ဖို့ ကြည့်

…ိုက်တဲ့အချိန်မှာ ဘောလုံးနဲ့ကျင်းဟာ ခြောက်ပေကျော်ကျော်ပဲ ကွာပါတော့…ယ်။ ဒီကျင်းမှာလဲ အိပ်မက်ထဲကအတိုင်း 'ဘာဒီ'ပါပဲ။

ယ

ကျုပ်မိတ်ဆွေကြီး ကိုသီဟကျော်တို့အတွဲဆီကတော့ 'ဘာဒီ'ဆိုတဲ့အသံတွေ…ိုင်လှိုင် ကြားနေရတော့တာပါပဲ။ ခုလောက်ဆို ကိုသီဟကျော်တစ်ယောက်ပါလာတဲ့…က်ဆံတွေ အတောင်ပေါက်ကုန် လောက်ရောပေ့။ ပါလာတဲ့ဂေါက်သီးလေးတွေလည်း…ယ်နှစ်လုံးလောက်များ ဖြုန်းပစ်ခဲ့လဲ မသိပါဘူး။ အမိကက ကျုပ်ကျင်းမှာ လေးငါးလုံး…ဖြုန်းပစ်ဖို့ အရေးကြီးတယ်။ သူ ကွင်းစပတ်တဲ့ အချိန်ကများဆိုရင် ဟောဒီကျုပ်ရှိရာ…န်ထဲကို ခုနစ်လုံးလောက် ရိုက်ချခဲ့ဖူးတယ်။ အဲဒီနေ့ကဆိုရင် ကျုပ်ရဲ့အိမ်အပြန် သိပ်…က်နှာပန်းလှခဲ့တာပေါ့များ။ အပြုတစ်ပိုင်းလောက် သောက်သွားတာတောင် လက်ထဲက…ခါက်ဆွဲကြော်ထုတ်အရှိန်နဲ့ ကျုပ်မိန်းမမျက်နှာများပြုံးလို့။ ဒီနေ့လည်း မိန်းမမျက်နှာပြုံး…မှာ မြင်ယောင်သေးတယ်။ ဟော ပြောရင်းဆိုရင်း ကျုပ်ကျေးဇူးရှင်ကြီး ကိုသီဟကျော်…စ်ယောက် တီခုံပေါ်ကို တက်လာပါပြီ။

E

တီခုံပေါ်ကို တက်လာတဲ့ ကျွန်တော့်ရဲ့ ခြေထောက်တွေ အရမ်းကို…ပေါ့ပါးသွက်လက်နေပါတယ်။ အင်းလေ ဘာဒီနှစ်လုံးတောင် ထိုးထားတယ်ဆို…ဘော့လည်း ဒီလောက်တော့ရှိမှာပေ့။ ဒီ short hole မှာ ရိုက်နေကျဖြစ်တဲ့ Iron7 …ပဲ ပူစူးက ထုတ်ပေးပါတယ်။ ရှေ့ကျင်းတွေမှာ ဘာဒီရခဲ့တဲ့ ဘောလုံးလေးကို…ဆက်မရိုက်တော့ဘဲ အမှတ်တရအဖြစ်သိမ်းထားရအောင် ဂေါက်အိတ်ထဲကို ထည့်…ပြီး ဂေါက်သီး အသစ်တစ်လုံး ကျွန်တော်ထုတ်လိုက်ပါတယ်။ Green ရှိရာကို…မ်းကြည့်ရင်း Free swing တစ်ချက်နှစ်ချက် ဆွဲလိုက်ပါတယ်။

င

ဟော . . .ကျုပ်မိတ်ဆွေကြီး ကိုသီဟကျော် Free swing ဆွဲနေပြီ။ သူလည်း အဆင်သင့်ဖြစ်နေပြီ၊ ကျုပ်လည်းအဆင်သင့်ဖြစ်မှဖြစ်မယ်။ ရေထဲကို ဆင်းရ လွယ်အောင်…ိမှာဝတ်ထားတဲ့ မုဆိုးလေးကို အသာချွတ် ဘောင်းဘီတိုလေးနဲ့ ကန်စပ်ကို သွားပြီး…ငုပ်ဖို့ အဆင်သင့် စောင့်နေလိုက်ပါတယ်။

F

Freeswing ဆွဲပြီးလို့ အဆင်သင့်ဖြစ်တာနဲ့ တီပေါ်မှာတည်ထားတဲ့…ဘောလုံးလေးကို စိတ်အေးလက်အေးနဲ့ပဲ ကျွန်တော်ရိုက်တင်လိုက်ပါတယ်။ …ဖောက်'ကနဲမြည်သံနဲ့အတူ ဘောလုံးလေး လေထဲကို မြောက်တက်သွားပါတယ်။

ကျွန်တော် အကြိမ်ပေါင်းများစွာကျခဲ့ဖူးတဲ့ ကန်ကြီးကို အရှိန်ပြင်းပြင်း ဖြတ်သန်းသွားပြီး Green အလယ်မှာ စိုက်ထားတဲ့ အလံတိုင်ရှိရာဆီ တစ်လိမ့်လိမ့်နဲ့ တိုးဝင်သွားပါတယ်။ ကောင်းလိုက်တဲ့ ကျွန်တော့်လက်ဗျာ။

ဓ

ဟာ...တော်တော်အသုံးမကျတဲ့ လက်ဗျာ။ အမြဲတမ်း ကျုပ်ကန်ထဲကို ရိုက်ရိုက်ချပြီး ဒီနေ့ ကျုမှရိုက်လိုက်တာ အလံတိုင်နားတောင်ကပ်ကျတယ်။ ဒီလူ ဘယ်လိုများ ရိုက်လိုက်ပါလိမ့်။ တော်တော်ညံ့တာပဲ။ သွားပြီ ဒီနေ့တော့ကံဆိုးပြီ။

G

ကံကောင်းလိုက်တဲ့နေ့ဗျာ။ အကြောင်းမသိတဲ့လူတွေနဲ့များရိုက်ရင် ကျွန်တော့် လက်ကို Pro တစ်ယောက်လို့တောင် ထင်သွားနိုင်တယ်။ ကောင်းလိုက်တဲ့ ရိုက်ချက်။ ဒီကွင်းမှာရိုက်လာတာ လေးလပြည့်တော့မယ်။ ဒီနေ့ကံအကောင်းဆုံးပဲ။

ည

ဒီလူ ရိုက်လာတဲ့ လေးလလောက်အတွင်းမှာ ဒီနေ့ကတော့ ကျုပ်အတွက် ကံအဆိုးဆုံးဗျာ။ ဘယ်နေ့လာရိုက်လာရိုက် ကန်ထဲအမြဲကျနေတဲ့သူလက်က ကျုပ် ပိုက်ဆံလိုတဲ့နေ့ကျမှပဲ Onတောင် Onရတယ်လို့ဗျာ။ ဈေးဦးတော့လန်ပြီ။ ဒီလို လူမျိုးရဲ့ လက်တောင် ရေထဲမကျဘူးဆိုမှတော့ ဒီနေ့တစ်နေ့လုံး ကျုပ်ကန်ထဲကို ဂေါက်သီးကျဖို့ လမ်းမမြင်ဘူး။ ဂေါက်သီးမကျဘူးဆိုရင်တော့ အိတ်ထဲကိုလည်း ပိုက်ဆံထည့်နိုင်မှာ မဟုတ်တော့ဘူး။

H

အိတ်ထဲကို ပိုက်ဆံတွေ အထပ်လိုက် အထပ်လိုက် ဝင်လာမှာတော့ ကျွန်တော်မြင်နေတယ်။ အခု သုံးကျင်းပဲရှိသေးတယ်။ ငါးထောင်တန် လေးအုပ်လောက် အိတ်ထဲရောက်လာပြီ။ နှစ်ကော်နာပြီးရင်တော့ ဆယ်အုပ်လောက် ရောက်လာမယ်ထင်တယ်၊ ပိုက်ဆံကို သိပ်စိတ်မဝင်စားပါဘူးဗျာ။ ကျွန်တော့်ကို အချဉ်လို့ထင်နေတဲ့ ဒီကောင်တွေကို ပညာပေးလိုက်ရတာပဲ ကျေနပ်ပါတယ်။ ကွင်းထဲကတက်လို့ စားသောက်ဆိုင်ရောက်ရင် ဗီစကီသောက်ရင်း သူတို့အပေါ်မှာ ပါးစပ်နဲ့ ထပ်ပြီးအနိုင်ယူရမယ်။ ပြီးတော့မှ သူတို့ပိုက်ဆံတွေ ပြန်ပေးတာပေါ့။

ဓ

ကျုပ်ထင်တဲ့အတိုင်းပါပဲ။ ဈေးဦးလန်မှတော့ တစ်နေ့ကုန် ဘယ်လိုလုပ် အဆင်ပြေတော့မှာလဲဗျာ။ လာတဲ့အတွဲကလည်းနည်း။ ရိုက်လိုက်သမျှ လူတွေကလည်း ရိုက်ချက်တွေ ကောင်းနေလိုက်ကြတာ။ ခု ညနေ ငါးနာရီသာထိုးရော ကျုပ်ကန်ထဲမှာ ဂေါက်သီးဆိုလို့ မှုံလို့တောင်ရှုစရာမရှိဘူး။ ဟာလာဟင်းလင်းဖြစ်နေတဲ့ ကျုပ်အိပ်ကပ်ထဲ

ညြဲပြီး အိမ်ကို လမ်းလျှောက်ပြန်ဖို့ ကိုယ့်အထုတ်ကိုယ်ဆွဲပြီး ဂေါက်ကွင်းထဲကနေ ယာမ်းချင်း ထွက်လာခဲ့တော့တယ်။ အိပ်မက်ထဲက အတိုင်းတော့ ဖြစ်မယ်ထင်ပါရဲ့။

I

အိပ်မက်ထဲက အတိုင်းပါပဲဗျာ။ နှစ်ကော်နာမှာ ဘာဒီလေးလုံး၊ ပါ ဘော်လုံးရတယ်။ ကျန်တဲ့ကျင်းတွေ အကုန်လုံးကလည်း ဘူဂီတွေချည်းပဲ။ ဘူဂီ ဘာဆိုလို့ တစ်ကျင်းပဲပါတယ်။ ဒီကောင်တွေကို ပါးစပ်နဲ့ အနိုင်ထပ်ယူရင်း ငါးထောင်အုပ်တွေ ကျွန်တော်ပြန်ပေးလိုက်ပါတယ်၊ ဘေးလူတွေကြား ငံပါ ကျွန်တော် မူးမူးနဲ့ အော်ပြောလိုက်တယ်။ သိန်းငါးဆယ်လောက် ဆံက အဓိကမဟုတ်ဘူး။ မင်းတို့ကို ပညာပေးလိုက်ရတာ အဓိကလို့။ . . . Short hole မှာ ကန်စောင့်တဲ့ ကိုပန်းမောင်တစ်ယောက်တောင် တ်ကလေးဆွဲပြီး အိမ်ပြန်သွားပါရောလား။

ၡ

ဘုရား...ဘုရား...နိုင်ထားတဲ့ သိန်းငါးဆယ်ကို ကိုသီဟကျော် ပြန်ပေးနေပုံလား။ ဆံက အဓိကမဟုတ်ဘူး။ နိုင်အောင်ရိုက်ပြနိုင်တာက အဓိကတဲ့။ အဲဒီ သိန်းငါးဆယ် ကိုပေးလိုက်ရင် ဒိုးပိုင်အိမ်ပိုင်လေးနဲ့လည်းနေနိုင်မယ်။ အိမ်မှာကုန်စုံဆိုင်လေး ဆိုင်လောက်လည်း ဖွင့်ထားလို့ရတယ်။ နွေနွေ မိုးမိုး ဆောင်းဆောင်း ရေကန်ထဲကို တော ခုန်ချနေရတဲ့ဝဋ်ကလည်း ကျွတ်မှာပေါ့။ အဲဒီပိုက်ဆံတွေ သူသူငယ်ချင်းတွေကို တာမဟုတ်ဘဲ ကျုပ်ကိုသာပေးလိုက်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ ခုတော့ က်ထဲကအတိုင်း တစ်ခုခုကွဲရင်ကွဲ၊ မကွဲရင် ကျုပ်မိန်းမနဲ့ကျုပ်နဲ့ ကွဲမှာသေချာပြီ။



ကျွန်တော် ငယ်ငယ်က တော်တော်ဆိုးပါတယ်။

ငယ်ငယ်ကဆိုးတယ်ဆိုတော့ အခုအချိန်မှာ လိမ္မာနေပြီလို့ ထင်ရင်ထင်

လိမ့်မယ်။ မထင်ကြပါနဲ့။

အခုချိန်ထိလည်း ဆိုးနေတုန်း မိုက်နေတုန်းပါပဲ။

ငယ်ငယ်တုန်းက ဆိုးတဲ့မိုက်တဲ့ အချိန်မှာ အမေ့အိမ် အမေ့ရင်ခွ

ရိပ်မှာဆိုတော့. . .

ကျွန်တော်ဆိုးမိမိုက်မိတဲ့ အချိန်တွေမှာ **အမေ့ခေါ်သံ** အော်သံနဲ့

မိုက်မိတာတွေကို အချိန်မီသိပြီး အမေ့ကြိမ်လုံးရဲ့ ဖိအား အမေ့ရဲ့နှု

ဆုံးမစကားတွေနဲ့ အမှားတွေကို သိပြီး လမ်းမှန်ပေါ်ကို ပြန်ရောက်ခဲ့ပါတ

လမ်းမှန်ကို ပြန်ရောက်ပေမယ့်လည်း ကိုယ်လုပ်ချင်တာကို လုပ်ခွင့်

ကိုယ်သွားချင်တာကို သွားခွင့်မရဘဲ ဆူပူကြိမ်းမောင်းရင်း ဟစ်

နေတဲ့ **အမေ့ခေါ်သံ**ကို စိတ်ပျက်မိ စိတ်ကုန်မိပါတယ်။

ငါသာလူကြီးဖြစ်လို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရင်

ကိုယ့်ဘဝကို တည်ဆောက်နိုင်ခဲ့ရင်

ငါ့ကို ဆူပူကြိမ်းမောင်းမယ့် **အမေ့ခေါ်သံ**ကနေ လွတ်မှာပဲလို့ စဉ်းစားမိရင်း လူကြီး မြန်မြန်ဖြစ်ချင်လာသလို အမေနဲ့လည်း ဝေးရာကို ထွက်သွားချင်မိပါတယ်။ အမေ့ရင်ခွင်နဲ့ဝေးရာ အမေ့အိမ်နဲ့ဝေးရာကို မြန်မြန် ရောက်ချင်နေမိတော့တယ်။

**အမေ့ခေါ်သံ**တွေကိုလည်း ထပ်ပြီး မကြားပါရစေနဲ့လို့ ကျိတ်ဆုတောင်းမိပါတယ်။ တောင်းစရာမလိုတဲ့ဆုမို့ ထင်ပါရဲ့



အချိန်တန်တော့လည်း ပြည့်တာပါပဲ။

အမေ့ရဲ့အိမ်

အမေ့ရဲ့ရင်ခွင်နဲ့ ဝေးတဲ့နေရာဆီကို

ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းမှုမှ မပါဘဲ

တပ်ကုန်ရွက်စုံလွှင့်ပြီး

ကျွန်တော် စုံကန်ထွက်လာခဲ့ပါတယ်။

ငှါ့မြင်းငါစိုင်းလိုက်

ငှါ့လှေငါထိုးလိုက်နဲ့ပဲ

ဘယ်ကမ်းမှ ကပ်လို့မရတဲ့ ခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ရပါတယ်။

အမေ့အိမ်ကို စွန့်ခွာခဲ့တဲ့အချိန်ကစပြီး ဆိုးခဲ့မိုက်ခဲ့တာတွေ တောင်ပုံရာပုံပေါ့။ ဒါပေမယ့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် ကိုယ့်လမ်းကို စိတ်တိုင်းကျ ရွေးထားတဲ့လူဆိုတော့

အပြစ်ပြောမယ့်လူမရှိ

ပြုပြင်မယ့်လူမရှိ

အမှန်ကို လမ်းတည့်ပေးမယ့်လူမရှိတော့

တက်နဲ့ရွက်မပါတဲ့ လှေပျက်တစ်စီးလိုပါပဲ။

မျောချင်ရာမျော လွင့်ချင်ရာလွင့်

မှားလိုက်တဲ့လမ်း မှားလိုက်တဲ့ကမ်း မှားလိုက်တဲ့ဘဝ

ကူသူ ကယ်သူ ဆယ်သူမဲ့ပေါ့ဗျာ။

အဲဒီအချိန်မှာ ကျွန်တော့်အသံတစ်သံကို တမ်းတမ်းတတ မျှော်လင့်တောင့်တမိပါတယ်။ ဖောင်ပျက်တစ်ခုနဲ့ ပင်လယ်ထဲမှာ မျောနေတဲ့သူတွေ မိုးရေအေးအေးကို မျှော်လင့်တောင့်တမိသလိုပေါ့။

ဘာသံလဲဆိုတော့ ကျွန်တော်ကလေးဘဝတုန်းက အရမ်းမုန်းခဲ့တဲ့ သပ်ပြီးမကြားပါရစေနဲ့တော့လို့ တိတ်တိတ်ကလေးကျိတ်ပြီး ဆုတောင်းခဲ့တဲ့ ကျွန်တော့်လမ်းမှားကို ရောက်နေတဲ့အချိန်မှာ ကြိမ်လုံးတစ်ချောင်းကို ကိုင်ပြီး သတိပေးဆုံးမနေတတ်တဲ့ **အမေ့ခေါ်သံ** ပါပဲ။

**လူလေး**

တို့နှစ်ယောက် တစ်ယောက်အနားမှာတစ်ယောက်ရှိတဲ့ အချိန်တုန်းက နင်က ငါ့ကိုမေးခဲ့ဖူးတယ်လေ။ နင့်ကို ဘယ်လောက်ချစ်လဲတဲ့။ ငါကလည်း မဆိုင်းမတွ ပြန်ပြောခဲ့ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အနားမှာရှိနေရင် ရင်နင့်အောင် ချစ်တယ်။ အဲဒီလိုပဲ တကယ်လို့များ တို့နှစ်ယောက်ဝေးသွားခဲ့ကြရင် ဘယ်လောက်တောင်လွမ်းမလဲလို့ ငါပြောဖို့အရှိန်ယူလိုက်တဲ့အချိန်မှာ နင့်ရဲ့ လက်ညှိုးလေးနဲ့ ငါ့နှုတ်ခမ်းကိုလာပိတ်ပြီး တို့နှစ်ယောက် အသက်ရှင်နေသရွေ့ ဘယ်တော့မှ မဝေးစေရဘူး။ ဝေးရမယ့်စကားကိုလည်း ငါ့နှုတ်က မပြောပါနဲ့လို့ နင်ပဲတားခဲ့တာလေ။

ဝေးရမယ့်စကားကို ပြောမှာမကြိုက်တဲ့နင်က အခုအချိန်မှာတော့ ငါ့ရင်ခွင်နဲ့ ငါ့ဘဝနဲ့ ငါ့အချစ်နဲ့ အနီးဆုံးမှာ မရှိတော့ဘူးလေ။ ဟိုး . . အဝေးကြီးက ရေခြားမြေခြား ပင်လယ်ခြားတဲ့ တိုင်းပြည်တစ်ခုရဲ့ တစ်နေရာရာမှာ နင်ရှိနေပြီး ရင်ခွင်သစ်မှာ ပျော်နေလောက်ရောပေါ့။ ဒါပေမယ့် ငါဖြေသာပါတယ်။ နင်နဲ့ငါနဲ့ လမ်းမခွဲခင် နင်ပြောသွားခဲ့တဲ့ စကားတစ်ခွန်းကို အခုအချိန်ထိ ငါ့ရင်ထဲမှာရော ငါ့နှလုံးသားထဲမှာရော ငါ့နားထဲမှာရော ကြားယောင်နေတုန်းပါပဲ။

တကယ်လို့များ မြေဦးလေးက အဖွားဘဝမှာ ဘယ်သူ့ကို အချစ်ဆုံးလဲလို့ ဘယ်ဘာသာစကားနဲ့ပဲဖြစ်ဖြစ် မေးလာခဲ့ရင် မြန်မာပြည်ရဲ့ ပုဂံမြေမှာရှိတဲ့ ရုပ်သေးရုပ်ကလေးတွေကိုကြိုးဆွဲတဲ့ ကုသဆိုတဲ့ ရုပ်သေးဆရာလေးကို အချစ်ဆုံး ပါလို့ ငါ. . ဖြေပေါ့မယ် ကုသရယ်လို့ နင်ပြောသွားခဲ့တယ်လေ။ တကယ်တော့လည်း ငါ နင့်ကို ရင်နာနာနဲ့ စွန့်လွှတ်ခဲ့ရတာပါ။

ငါ့ရဲ့ချစ်သူတစ်ယောက်၊ ငါအရမ်းမြတ်နိုးတဲ့မိန်းကလေးတစ်ယောက်



သုစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲ ထည့်ပေးလိုက်ရတယ်ဆိုတာ ာယ်တမ်းတော့ မလွယ်ပါဘူး ရတီရယ်။ ဒါပေမယ့်လည်း ငါ ဖန်တီးမပေးနိုင်တဲ့ ချိုး ငါဖန်တီးမပေးနိုင်တဲ့ အခြေအနေမျိုးတွေကို ဖန်တီးပေးနိုင်တဲ့ ကိုမိုးထက် ျာ်လိုလူမျိုးရဲ့ရင်ခွင်ထဲ နင့်ကိုငါ ထည့်ပေးလိုက်ရတာ ရင်ကွဲရပေမယ့်၊ ကြေကွဲ မယ့်၊ ရင်ကွဲရကျိုး၊ ကြေကွဲရကျိုးနပ်ပါတယ် ရတီရယ်။

အချစ်ဆိုတာ ရယူခြင်းလို့ လူတချို့က သတ်မှတ်ကြသလို အချစ်ဆိုတာ းဆပ်ခြင်းလို့လည်း လူတချို့က သတ်မှတ်ကြတယ်လေ။ ငါကတော့ အချစ်ဆို ာ ရယူခြင်းလို့လည်း မမြင်ဘူး။ ပေးဆပ်ခြင်းလို့လည်း မထင်ဘူး။ အချစ်ဆိုတာ ည့်ရဲ့ချစ်သူတစ်ယောက် ကောင်းစားဖို့အတွက်ပဲလို့ ငါကတော့ သတ်မှတ်ခဲ့တာ ရတီရယ်။ ဒါကြောင့်လည်း ငါ့ရဲ့ရင်ခွင်ထဲကို အချစ်တစ်ခုတည်းနဲ့ ဘဝရဲ့ းဘက်ရာ တိုးတက်ကြောင်းတွေ နင်သိပ်ရောက်ချင်တဲ့ မြင့်မားတဲ့ ဘဝတွေကို ို ခွတ်တိုးဝင်ဖို့ကြိုးစားနေတဲ့နင့်ကို ငါ့နှလုံးသားထဲ ငါ့ရင်ခွင်ထဲကနေ ရင်နာနာ ည့်ထုတ်ပြီး နင့်ရဲ့ဘဝတစ်ခုလုံးကို သေသည့်တိုင်အောင် နင်နေချင်တဲ့ဆန္ဒ ဘိုင်း ပြည့်ပြည့်စုံစုံ အဆင့်အတန်းမြင့်မြင့် တင့်တောင့်တင့်တယ် ထားပေးနိုင် ည့် ကိုမိုးထက်ကျော်ရဲ့ရင်ခွင်ထဲကို ငါကိုယ်တိုင်ထည့်ပေးလိုက်တာပါ ရတီရယ်။

တို့နှစ်ယောက်ရဲ့ ချစ်သူရည်းစားဖြစ်ခဲ့ကြတဲ့ နေ့တိုင်းနေ့တိုင်း တစ်နှစ် က် ဘုရားမှာ အကြိမ်ပေါင်းများစွာ တို့နှစ်ယောက်အတူတူ သစ္စာဆိုခဲ့ကြတယ် ။ သစ္စာဖောက်တဲ့သူ၊ သစ္စာမဲ့တဲ့သူ၊ ချစ်သူအပေါ် မှာ သစ္စာမထားတဲ့ သူဟာ ဆက်တိုင်း ဘဝဆက်တိုင်း ဘေးဒုက္ခအပေါင်းတွေနဲ့ ကြုံတွေ့ပါစေလို့ တို့တွေ ္စာထားခဲ့ကြတယ်လေ။ ဒါပေမယ့်လည်း ငါကိုယ်တိုင် ဘုရားရှေ့မှာသွားပြီး ိသစ္စာတွေကို တပည့်တော်ကိုပဲစူးပါစေလို့ ဆုတောင်းပေးပါ့မယ် ရတီရယ်။ ာယ်တော့ ငါ့ကိုထားခဲ့ပြီး ကိုမိုးထက်ကျော်ရဲ့ရင်ခွင်ထဲကို ဝင်သွားဖို့ဆိုတဲ့ းဖြတ်ချက်ကို နင့်စိတ် နင့်သဘောနဲ့ ချခဲ့တာမှမဟုတ်ဘဲ။ ကိုမိုးထက်ကျော်လို မျိုးကို နင့်ဘဝရဲ့ လက်တွဲဖော်အဖြစ် ရွေးချယ်သင့်တယ်လို့ နင့်ချစ်သူဖြစ်တဲ့ ကိုယ်တိုင်က တိုက်တွန်းပြီး ပြောခဲ့တာလေ။

အဲဒီတော့ ဘာပဲပြောပြော တို့တွေဆိုခဲ့တဲ့သစ္စာတွေမှန်တန်လို့ သစ္စာ ယ်ဆိုရင်တောင်မှ နင့်ကို သစ္စာမစူးစေချင်ဘူး ရတီရယ်။ နင့်ကိုယ်စား ငါ့ကိုပဲ ိသစ္စာတွေ စူးလိုက်စေချင်တယ်။ အဲဒါကြောင့်လည်း ကိုမိုးထက်ကျော်ကို ဖြေပေးလိုက်တော့မယ်လို့ နင်ငါ့ကို ပြောတဲ့အချိန်မှာ တစ်ရက်လောက်တော့ င့်ပါဦး ရတီရယ်လို့ပြောပြီး ငါ နင့်ကို တားခဲ့တာပေါ့။

ငါ့စကားအဆုံးမှာ ငါ့ကို စိတ်ပျက်လက်ပျက်နဲ့ကြည့်ပြီး ဗူးဘုရားရဲ့ Sunset ကို အမိအရဓါတ်ပုံရိုက်ချင်တဲ့ ကိုမိုးထက်ကျော်နဲ့နှင်နဲ့ အတူတူသွားကြဖို့ အတွက် ငါ့အနားကနေ နင့်စက်ဘီးကို နင်နင်းပြီး ထွက်သွားခဲ့တယ်နော်။ တကယ် ဆိုရင်တော့ အဲဒီအချိန်ကတည်းက အဲဒီအမူအရာဟာ တို့နှစ်ယောက် ဝေးကွာဖို့အတွက် နိမိတ်တစ်ခုပါပဲ ရတီရယ်။

ငါ့ကို နင်ထားခဲ့ပြီး ထွက်သွားတဲ့အချိန်မှာ ငါ့ရဲ့ဦးတည်ရာဟာ တို့ နှစ်ယောက် အမြဲတမ်းသစ္စာဆိုခဲ့တဲ့ ဘုရားဆီကိုပဲပေ့ါ ရတီရယ်။ ဘာကြောင့် ဘုရားရှင်ရဲ့ခြေတော်ရင်းကို ဦးခိုက်ရသလဲဆိုရင် တို့နှစ်ယောက်ထားခဲ့တဲ့သစ္စာ တွေ၊ တို့နှစ်ယောက်ကြားမှာရှိခဲ့တဲ့ မေတ္တာတွေ၊ တို့နှစ်ယောက်တိုင်တည်ခဲ့တဲ့ ကျိန်စာတွေဟာ တကယ်လို့များ စူးရှခဲ့မယ်ဆိုရင် နင့်ရဲ့ကိုယ်စား၊ နင့်ရဲ့ကိုယ်စား အဖြစ် ငါ့ရဲ့အပေါ်ကိုပဲ စူးရှပါစေလို့ ဘုရားရှင်ရဲ့ခြေတော်ရင်းမှာ ဦးခိုက်ရင်း ငါ တောင်းပန်ချင်လို့ပါ ရတီရယ်။

ဘာဖြစ်လို့ ငါ အဲဒီလို ဘုရားရှင်ရဲ့ ရှေ့မှာတောင်းပန်လဲ နင်သိလား သစ္စာမဲ့တဲ့သူ သစ္စာဖျက်တဲ့သူဟာ နင်မှ မဟုတ်ဘဲ ရတီရယ်။ နင်ငါ့ကို သစ္စာမဲ့ ဖြစ်အောင် နင်ငါ့ကို သစ္စာပျက်ဖြစ်အောင် ငါကပဲ နင့်ကို တိုက်တွန်းခဲ့တာလေ အဲဒီတော့လည်း တကယ်တမ်းအပြစ်ရှိတာက ငါပဲပေ့ါ ရတီရယ်။

ငါ့ကိုအရမ်းချစ်တဲ့နင်၊ နင့်ကို အရမ်းချစ်တဲ့ ငါတို့နှစ်ယောက်ကြားမှာ တဲ့ ချစ်ခြင်းတရားဆိုတဲ့ သံယောဇဉ်အနှောင်အဖွဲ့ကြိုးတွေကို တစ်စစီပြတ် တောက်ဖြစ်အောင် ဖြတ်နိုင်းခဲ့တာ ငါပါရတီရယ်။ အဲဒါဘာကြောင့်လဲ နင်သိလား နင့်ကို အရမ်းချစ်လို့ရတီ။ ငါနင့်ကိုအရမ်းချစ်လို့။ ရုပ်သေးရုပ်လေးတွေကို ကြိုးဆွဲ နေရတဲ့ ငါ့လက်က နင့်ဘဝ လှလှပပ ကနိုင်အောင် နင့်ဘဝ မြင့်သည်ထက် မြင့်နိုင်အောင် ဘယ်လိုကြိုးတွေနဲ့ ငါဆွဲပေးနိုင်မှာလဲ ရတီရယ်။ သံယောဇဉ်ဆိုတဲ့ ကြိုးကခိုင်မြဲပြီး ရစ်ပတ်နှောင်ဖွဲ့နိုင်ပေမယ့် ဘဝတစ်ခုကို ပြောင်းလဲသွားနိုင် လောက်အောင်တော့ မစွမ်းဆောင်နိုင်ပါဘူး ရတီရယ်။

အဲဒါကြောင့်လည်း ရုပ်သေးရုပ်ကလေးတွေကို အသက်ဝင်အောင် လှုပ်ရှားအောင် ကြိုးဆွဲတိုင်းကအောင် လိုရာပုံသွင်းနေတဲ့ငါ့လက်က ရုပ်သေးရုပ် မဟုတ်တဲ့ ငါ့ရဲ့ချစ်သူ ငါ့ဘဝရဲ့ ရည်မှန်းချက်အားလုံးကို ပိုင်ဆိုင်သူလို့ သတ်မှတ် ထားတဲ့နင့်ကို ကိုမိုးထက်ကျော်ရဲ့လက်ထဲ ကိုမိုးထက်ကျော်ရဲ့ ရင်ခွင်ထဲကို ငါ့လက်နဲ့ ငါကိုယ်တိုင် ထည့်ပေးလိုက်တာပါ ရတီရယ်။ ရုပ်သေးရုပ်ကလေးတွေကို ကြိုးဆွဲခဲ့တုန်းက သူတို့တွေပြုံးလည်း ငါပျော်တယ်။ သူတို့တွေ မဲ့လည်း ငါပျော်

နေခဲ့တယ်။ ဒါပေမယ့် ငါ့ဘဝရဲ့အမြတ်နိုးဆုံး ရတီဆိုတဲ့နင့်ကို ကိုမိုးထက်ကျော်ရဲ့ ရင်ခွင်ထဲရောက်အောင် ငါ့နှလုံးသားထဲမှာရှိတဲ့ခံစားချက်တွေ အကုန်လုံးမေ့ပြီး ငါ ဗွတ်အတင်း ကြိုးဆွဲလိုက်မိတယ် ရတီရယ်။ ရင်နာနာနဲ့ပေါ့ဟာ။

နင် ငါ့ကိုမေးခဲ့တယ်လေ။ တို့နှစ်ယောက် တစ်ယောက်အနားမှာ တစ်ယောက်ရှိတဲ့အချိန်မှာ ဘယ်လောက်ချစ်သလဲလို့ နင်ကမေးခဲ့တယ်လေ။ အဲဒီတုန်းက ငါကလည်း နင့်ကို ချက်ချင်းပြန်ဖြေခဲ့ပါတယ် ရတီရယ်။ တစ်ယောက် အနားမှာ တစ်ယောက်ရှိရင် ရင်နင့်အောင်ချစ်တယ်လို့။ တကယ်လို့များ တစ်ယောက်နဲ့တစ်ယောက် ဝေးခဲ့ကြရင်ဆိုတဲ့စကားကို ငါပြောဖို့ ကြိုးစားတဲ့အချိန် မှာ နင် ငါ့ရဲ့နှုတ်ခမ်းကို နင့်ရဲ့လက်ကလေးနဲ့ပိတ်ပြီး အသာအယာခေါင်းခါခဲ့တယ် နော်။ တို့နှစ်ယောက် ဘယ်တော့မှ မဝေးစေရပါဘူး ကုသရယ်တဲ့။

နင့်ရဲ့ မေးဦးလေးက ဒီကမ္ဘာပေါ်မှာ ဘယ်ယောက်ျားကို အချစ်ဆုံးလဲ လို့ မေးလာခဲ့ရင် မြန်မာပြည်ရဲ့ ပုဂံမြေမှာ ရုပ်သေးရုပ်လေးတွေကို ကြိုးဆွဲနေတဲ့ ကုသကို အချစ်ဆုံးပါပဲလို့ နင်ဖြေမယ်ဆိုပြီး ငါ့ကိုပြောခဲ့တယ်နော်။

အဲဒီလိုပါပဲ ရတီရယ်။ တစ်ယောက်နဲ့တစ်ယောက် အနားမှာရှိရင် ဘယ်လောက်ချစ်သလဲလို့ နင်မေးခဲ့တုန်းက ရင်နင့်အောင်ချစ်တယ်လို့ ငါပြောခဲ့ တယ်လေ။ ငါ့ရဲ့နှုတ်ခမ်းကို နင့်ရဲ့လက်ညှိုးလေးနဲ့ပိတ်ပြီး ငါပြောခွင့်မရခဲ့တဲ့ စကား တစ်ခွန်းကို တို့နှစ်ယောက် သေတဲ့အထိဝေးနေရတဲ့အချိန်မှာ ငါပြောပါရစေ ရတီရယ်။

တစ်ယောက်အနား တစ်ယောက်ရှိနေတဲ့အချိန်မှာ ဘယ်လောက်ချစ် သလဲလို့မေးရင် ရင်နင့်အောင်ချစ်တာပေါ့ရတီရယ်။ အဲဒီလိုပဲ ကံကြမ္မာရဲ့ သည့်စားမှုကြောင့် တစ်ယောက်နဲ့တစ်ယောက် အဝေးဆုံးကို ဝေးသွားကြရတဲ့ အချိန်မှာ ဘယ်လောက်လွမ်းသလဲလို့ နင်များ ငါ့ကိုမေးခဲ့ရင် ရင်နင့်အောင် လွမ်းမှာပေါ့ ရတီရယ်လို့ ငါဖြေဖြစ်ခဲ့မှာပါ ရတီရယ်၊ ငါဖြေဖြစ်ခဲ့မှာပါ။

နင်နဲ့ငါ ဝေးနေတဲ့အချိန်လေးမှာ နင့်ကိုငါ ဘယ်လောက်လွမ်းသလဲ ဆိုရင် ရင်နင့်အောင် လွမ်းပါတယ်ရတီရယ်။ ရင်နင့်အောင် လွမ်းပါတယ်. . . ။

(မြေကမ္ဘာမှ ပြန်လည်နိုးထသွားကြသော

မသီတာ၊ ရတနာနှင့် ချစ်ခဲ့ရသူများအားလုံးကို သတိတရ)


**မင်းအုပ်စိုး**

**၈. ၇. ၂၀၀၀**

အ.ခေါ်.ဆိုဖိ

တီး သံ ကြား ရင် က ချင် တယ်

ကျော်မင်း



နောင် မကတော့ပါဘူးလို့
ကိုယ့်စိတ်ကို အတန်တန်ထိန်းသော်လည်း
မြန်မြန်ပြီး ယိမ်းတာမို့
ချစ်မမရေ
တီးသံကြားရင် ကချင်တယ်။

အိမ်ရှေ့မျက်စောင်းထိုး၌ရှိသော ပိတောက်ပင်မှ ပိတောက်ပန်းတို့သည် ပင်လုံးကျွတ် ဝေဝေဆာဆာပွင့်လျက် သင်္ကြန်ကို ကြိုဆိုနေပုံအား အောင်ကြီး သေသေချာချာ စိုက်ကြည့်ရင်း လွန်ခဲ့သောဆယ်နှစ်က သင်္ကြန်တစ်ခုကို ပြန်လည် သတိရလွမ်းဆွတ်ရင်း မချိပြုံး ပြုံးလိုက်မိသည်။

× × ×

အဖြေရကာစ ချစ်သူမမနှင့် သင်္ကြန်တွင်းလျှောက်လည်ရန်အတွက် မှန်ရှေ့တွင် မိမိ၏ကတုံးပြောင်ပြောင်ကို ဘုန်းဆီအထပ်ထပ်လိမ်းရင်း အောင်ကြီး တစ်ယောက် ကိုယ့်မျက်နှာကို ကြည့်မဆုံးရှုမဝ ဖြစ်လျက်ရှိသည်။

ဆံပင်မရှိသော ကတုံးပြောင်ကို ဘာ့ကြောင့် ဆီအထပ်ထပ် လိမ်းရသလဲ ဆိုရင် ချစ်သူမမ လက်ကိုဆွဲပြီး ရေပက်ခံထွက်ပါက ကတုံးပြောင်ပေါ်တွင် ရေများ တင်၍ နှာမွှန်ချောင်းဆိုးဖြစ်လျှင် သင်္ကြန်ရက်အပြည့် မလည်ရမှာစိုးသောကြောင့် ဖြစ်သည်။ ယခုအချိန်လောက်ဆို ရေခဲဆိုင်မှတ်တိုင်၌ ချစ်သူမမ အလှဆုံး ပြင်ဆင်ပြီး သူ့အလာကို မျှော်နေလောက်ပြီ။ ချစ်သူမမရှိရာသို့သွားရန် အိမ် အထွက် ရပ်ကွက်အတွင်းရှိ ကာလသားခေါင်း၊ မကြာခဏရန်ဖြစ်လေ့ရှိသည့် ကျော်ဇေလင်းတို့အဖွဲ့နှင့် မျက်နှာချင်းဆိုင် ဆုံလိုက်ရာ

'ဟဲ့ အောင်ကြီး နင် ငါတို့နဲ့ လိုက်မှာလား မလိုက်ဘူးလား ပြော'

ဒိုးပတ်ကို စလွယ်သိုင်း၍ လွယ်ထားသော စိုးကျော်ဆန်းမှ မူနွဲ့နွဲ့လေး ‌မေးလိုက်ချိန်တွင် နံဘေးရှိ ဝါးလက်ခုပ်ကိုင်ထားသော မောင်မျိုးမင်းမှလည်း ဘရားသူကြီးလေသံဖြင့်

'မင်း ငါတို့အဖွဲ့နဲ့မလိုက်ရင် ရပ်ကွက်ကာလသားစာရင်းက ဖျက်ပစ် ‌ိုက်မယ်နော်၊ ဘယ်လိုလဲ'

အောင်ကြီး အလွန်စိတ်ညစ်သွားသော မျက်နှာပေးနှင့် ကတုံးပြောင် ပြောင်ကို ဖင်ပြန်ခေါင်းပြန်ပွတ်လိုက်ရင်း

'ဟာ မင်းတို့ကလည်းကွာ ငါ. . .'

'ဘာလဲ မလိုက်နိုင်ဘူးလို့ပြောမလို့လား' အရက်မူးမူးဖြင့် ဝင်ပြောသော ‌ဉာဏ်ကို အောင်ကြီး မကျေမနပ် တစ်ချက်ကြည့်လိုက်ရင်း

'မင်းကလည်းကွာ ဆုံးအောင်နားထောင်ပါဦး ငါလိုက်မှာပေါ့ကွ ဘယ်မှာလဲ အဝတ်အစားတွေ လဲရအောင် ပေး'

အောင်ကြီးစကားအဆုံးတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ကိုမီးပွားမှ ပြုံးပြုံး ကြီး ခေါင်းညိတ်လိုက်ရင်း

'အဲဒါပဲ အနုပညာသမားဆိုတာ ဒါပဲ ကဲ ဟော့ကောင်တွေ သူ့အဝတ် အစားတွေ ပေးလိုက် အဝတ်အစားလဲပြီးရင် အားလုံးကားပေါ်တက်'

ရေခဲဆိုင်မှတ်တိုင်တွင် လတ်လတ်ဆတ်ဆတ်အပြေပေးထားသော ဦးဦး ‌ားဖျားချစ်သူ ကတုံးပြောင်အောင်ကြီးကို စောင့်နေသောမမ တစ်နာရီကျော်သည် ‌အထိ ရောက်မလာသဖြင့် စိတ်မောစွာ ကားလမ်းပေါ်သို့ ကြည့်လိုက်ရာ မြို့ဆိုင် ‌ား တီးခတ်လာသော ဒိုးပတ်ဝိုင်းကို တင်ဆောင်လာသည့် ကားတစ်စီး သူ့နံဘေး ‌ီး မီးနီစောင့်ရင်း ထိုးရပ်လာသည်။

ကားပေါ်တွင်ကနေသော မင်းသားကို သေသေချာချာကြည့်လိုက်ရာ ‌တုံးပေါ်သို့ တည့်တည့်ထိုးနေသော နေရောင်ကြောင့် လိမ်းထားသော အုန်းဆီ ‌များအရှိန်ဖြင့် တပြောင်ပြောင် တလက်လက် တောက်ပနေသော ထတုံးနှင့် ‌အပြိုင် မျက်နှာပြောင်တိုက်၍ ကနေသော ချစ်ရလွန်းသူ အောင်ကြီး၏ ကတုံး ‌ပြောင်နှင့် မျက်နှာပြောင်ကို တစ်ပြိုင်တည်း မြင်လိုက်ရချိန်တွင် ရင်ထဲမှ အလိ ‌က်အလိပ်လိုက် တက်လာသော ဒေါသတို့ကို မြိုမချနိုင်သည့်အတွက် ထောက် ‌ခေါက်လိုက်ရာ အမှန်းများ ဘယ်လောက်ပါ၍ ဒေါသများ ဘယ်လောက်ပြင်းထန် ‌သည်မသိ။ ပလက်ဖောင်းပေါ်မှခေါက်လိုက်သော ချစ်သူမမ၏ ထောက်ခေါက် ‌သည် ကားပေါ်တွင် သမင်ပျိုတစ်ကောင်ကဲ့သို့ ခွင်ပြန်စွာ ကခုန်လှုပ်ရှားသော

ကတုံးပြောင်အောင်ကြီး၏ နားစည်အတွင်းသို့ လျှပ်စီးကြောင်းတစ်ခုပမာ ဝင်ရောက်သွားသည့်အတွက် အောင်ကြီး ပလက်ဖောင်းပေါ်သို့ လှည့်ကြည့်လိုက်ရာ နဂါးကိုးဆယ့်ခြောက်ကောင် ပေါင်း၍ကြည့်နေသော ချစ်သူမမ၏ မျက်ဝန်းမီးခဲ တစ်စုံကို ကြောက်မက်ဖွယ် တွေ့လိုက်ရလေသည်။

ကနေသော ကားပေါ်မှနေ၍ နင်းဂျားတစ်ယောက်၏ အိုက်တင်မျိုးဖြင့် လွှားကနဲခုန်ချလိုက်ပြီး 'ဂျက်မ'ဇာတ်ကားတွင် ခင်သန်းနုကို ကျော်ဟိန်း ခေါ်သလို သို့ 'မမ' ဟု အသံကုန်အသံပြဲအော်လိုက်ရာ ပလက်ဖောင်းပေါ်တွင် လျှောက်နေသော လူများသာမက လမ်းပေါ်၌မောင်းနေသော ကားများပါ ဘရိတ်အုပ်၍ ရပ်တန့်ကုန်ကြလေ၏။

'ဘယ်သူပြိုင်လို့လုပါတော့နိုင်' ဇာတ်ကားထဲမှ အံ့ကျော် အကယ်ဒမီ ရသည့်အခန်းတွင် ပြေးသကဲ့သို့ ချစ်မမဆီ ချော့ရန်ပြေးရာ ပြောင်နေသောကတုံး အဆီပြန်နေသောမျက်နှာ၊ ရှုံ့ချည်ပွချည်ဖြစ်နေသော နှာခေါင်း၊ ခန္ဓာကိုယ်တွင် ဝတ်ထားသည့် မင်းသားအဝတ်အစားမှ ဘော်ကြယ်များ၏အရောင်၊ ခါးတွင် ပတ်ထားသည့် တောင်ရှည်ပုဆိုးမှ ရွှေချည်ငွေချည်များ၏ လက်လက် လက်လက် အရောင်များနှင့် ပေါင်းစပ်လိုက်ရာ အောင်ကြီးကို လူဟု မထင်တော့ဘဲ အာလူး ပါဝင်သည့် တာမေနေတာ ကားထဲမှ စက်ရုပ်တစ်ကောင်ဟု ချစ်သူမမ ထင်မှတ် သွားပြီး အနားတွင် အဆင်သင့်ရှိသည့် Taxi တစ်စီးထဲဝင်၍ ဤနေရာတွင် ကမ္ဘာပြိုနေသည့်အလား ကားဆရာကို ဒလကြမ်းမောင်းခိုင်း၍ ကြောက်အား လန့်အား ထွက်ပြေးတော့သည်။

ချစ်သူမမ ပါသွားသည့် Taxi ကားနောက်သို့ ဂျက်လီပြေးသကဲ့သို့ အလျှင်အမြန်ပြေးရင်း လိုက်နေသည့် အောင်ကြီး၏နောက်တွင် ခွေးငါးကောင်၊ ခွေးငါးကောင် နောက်တွင် ကလေးဆယ့်တစ်ယောက်၊ ကလေးဆယ့်တစ်ယောက် နောက်တွင် အောင်ကြီးတို့၏ အချစ်ဇာတ်လမ်းအထွတ်အထိပ်ကို စိတ်ဝင်စား၍ အပြေးအလွှားလိုက်ကြည့်ကြသော ကိုကုသိုလ်ဦးဆောင်သည့် ဒိုးပတ်အဖွဲ့သား များ။ ဒိုးပတ်အဖွဲ့နောက်တွင် အထူးအဆန်းဆိုလျှင် ဝါသနာပါသော ပရိသတ် ကြီး၊ ဤလုတန်းကြီးကိုများ ရဟတ်ယာဉ်ပေါ်တက်၍ ဓါတ်ပုံရိုက်ပြီး ဂင်းနစ်စံချိန် အဖွဲ့သို့ ပို့လိုက်လျှင် အမျိုးအစားအစုံဆုံး သက်ရှိအတန်းရှည်ဟူ၍ ကမ္ဘာ့စံချိန် တင်နိုင်ပေလောက်သည်။

နှစ်ဆန်းတစ်ရက်နေ့တွင် အောင်ကြီးဆီသို့ ချစ်သူမမဆီမှ လူကြုံ ပါးလိုက်သည့်စကားက လူမပြောနှင့် အရိပ်တောင် မတွေ့ချင်တော့ဘူးဟု။

ချစ်ဦးသူ စွန့်ပစ်သွားသည့်အကြောင်းကို ထိုင်စဉ်းစားရင်း အသည်း
ကက်တက်ကွဲနေသည့် အောင်ကြီးအနားသို့ လူတစ်ဖွဲ့ရောက်လာ၍ မှိုင်းဝေဝေ
ဉာ်လုံးများနှင့် အောင်ကြီးလှည့်ကြည့်လိုက်ရာ ဖိုးစည်ကို ရင်ခွင်မှာပိုက်ရင်း
မ်းတမြုံ့မြုံ့ဝါးနေသည့် မိုက်တီး၊ ပုဆိုးကို စလွယ်သိုင်းရင်း ဘောင်းဘီတိုဖြင့်
သက်ခုပ်တီးကာ ခုန်ဆွခုန်ဆွ လုပ်နေသည့်ကိုဇော်၊ ပုလင်းတစ်လုံးကို လက်မှာ
ိုင်ရင်း ယိုင်တိုင်တိုင် ခြေလှမ်းများနှင့် ကိုခင်စောမျိုး၊ ပုဆိုးအဖြူ အင်္ကျီအဖြူနှင့်
သုတော်တစ်ယောက်ကဲ့သို့ဝတ်ထားရင်း လင်းကွင်းကို တစ်ချမ်းချမ်းတီးနေသော
း‌ထွန်းထွန်းတို့ကို တွေ့လိုက်ရသည်။

ကွမ်းတံတွေးကို ပစ်ကနဲထွေးလိုက်ရင်း

'ဘယ်လိုလဲ အောင်ကြီး၊ မင်း ငါတို့နဲ့ ဒိန်းနစ်လိုက်မှာလား' ဟု မိုက်တီးမှ
ေလိုက်ရာ

'ဟ ဒိကောင်မလိုက်ရင် ဝင်းထွန်းထွန်းက လင်းကွင်းနဲ့ တီးမှပေါ့ကွ'
 အတွဲ့အယောင်ဘက်တွင် ဝါသနာပါသော ကိုခင်စောမျိုးမှ ဝင်ပြောလေသည်။
ျှက်ပေးစရာမလိုဘဲ အလိုလိုနေရင်းတီးချင်နေသော ဝင်းထွန်းထွန်းမှလည်း

'အောင်ကြီး၊ မင်း ကမှာလား မကဘူးလား၊ မင်း မကရင် မင်းကတုံး
ြောင်ပြောင်ကို ငါ လင်းကွင်းနှစ်ခုကြား ညှပ်ပြီး တီးလိုက်မှာနော်'

ဝင်းထွန်းထွန်းစကားအဆုံးတွင် ချစ်ဦးသူကို တမ်းတ လွမ်းဆွတ်ကြေကွဲ
းနေသော အောင်ကြီးမှ တစ်ဖွဲ့လုံးကို ကိုဝင်းဦး အကြည့်မျိုးဖြင့် ကြည့်လိုက်
ီး တွဲတေးသိန်းတန်လေသံနှင့်

'ငါ့ ချစ်မမ ထားခဲ့တဲ့သင်္ကြန်ကတည်းက ငါ့အသည်း ကွဲခဲ့ရတာလေ
ထားခဲ့တဲ့အချိန်ကစပြီး ဘယ်တုန်းကသင်္ကြန်များ ငါ မင်းတို့နဲ့ မလိုက်ဘဲ နေခဲ့
ိ့လဲ လိုက်မှာပေါ့ ပေး မင်းသားအဝတ်အစားတွေ'

× × ×

သင်္ကြန်ရောက်သည့် အချိန်တိုင်း အချိန်တိုင်း အကအလှတားများပေါ်
ွင် ကတုံးပြောင်ပြောင်ကို ဒုန်းဆီလိမ်း၍ မည်းပြောင်သော မျက်နှာကို မိတ်တင်
ီး ဟက်တက်ကွဲနေသော နှလုံးသားတစ်စုံနှင့် ပျော်ရွှင်စွာ တခုန်နေသော
အာင်ကြီးကို ယခုနှစ်သင်္ကြန်အထိတိုင် မြင်ရနိုင်ပါသေးသည်။

**ကျော်မင်း**

# မောင်[illegible]ခင်



ဒေသစွဲဆိုတာတော့ လူတိုင်းမှာ ရှိတတ်ကြပါတယ်။ အထက်အည
ဒေသမှာ ကြီးပြင်းလာတဲ့လူတွေက တမာနံ့လေးရှိုး ထနောင်းနိုပ်အောက်ကို
လိုက်မိရင် ဇာတိကိုသတိရကြသလို တောင်တန်းတွေပေါ်မှာ ကြီးပြင်းလာကြ
လူတွေကလည်း ထင်းရှူးပင်နိုပ်အောက်ကိုရောက်လို့ လေအေးအေးတွေ တိုက်
လိုက်တဲ့အချိန်မှာ ကြီးပြင်းလာခဲ့ရတဲ့ တောင်စဉ်တောင်တန်းတွေကို လွမ်းမော
မှာပါ။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသက လူတွေကလည်း လတာရယ်၊
ရယ်၊ စီးဆင်းနေတဲ့ရေရယ် အဲဒါတွေကိုတွေ့ရင် ငယ်ငယ်က ကြီးပြင်းခဲ့တဲ့ ဒေသ
ကို သတိရတဲ့စိတ်နဲ့ လွမ်းတတ်ကြပါတယ်။

ဘဝရဲ့တောင်းဆိုမှုတွေကြောင့် မွေးဖွားရာဇာတိကို စွန့်ခွာပြီး ရေကြည်
မြက်နုရာ ရှာဖွေစားသောက်ရင်း ရုန်းကန်ဖြတ်သန်းနေကြရလို့ မောပန်းနေပေ
တစ်ခါတစ်ရံမှာ အကြောင်းတိုက်ဆိုင်ရင်တော့ ကလေးဘဝတုန်းက နေခဲ့ရတဲ့
မြေကို လူတော်တော်များများ လွမ်းတတ်ပါတယ်။ ဇာတိမြေကို လွမ်းလို့ပဲဖြစ်
အိမ်ကိုလွမ်းလို့ပဲဖြစ်ဖြစ် အလွမ်းပြေအောင်သွားထိုင်စို့ နေရာတစ်ခုခုကို ရွေးချယ်
ကီလီဆိပ်ကမ်းပါပဲ။ အဲဒီမှာထိုင်ရင် မြစ်ဝကျွန်းပေါ်ရဲ့သင်္ကေတတွေဖြစ်တဲ့ နှ
လို့လည်းခေါ်ကြတဲ့ လတာပြင်၊ စီးဆင်းနေတဲ့ ငဝ်မြစ်ကြီးရယ်၊ ငဝ်မြစ်ထဲကို မျော
လာတတ်တဲ့ ဗေဒါဘုတ်လေးတွေရယ်ဟာ အိမ်ကိုလွမ်းလို့လာထိုင်ဖြစ်တဲ့ ကျွန်
အတွက်ကတော့ အလွမ်းပြေစရာ မြင်ကွင်းတွေပါပဲ။

ပင်လယ်ထဲကနေတစ်ဆင့် တဖြည်းဖြည်းတက်လာတဲ့ ဒီရေတွေ ငဝ်မြ
သတ်မှတ်ရေချိန်ကိုရောက်နေလို့ ခဏလောက်ဒီငြိမ်ပြီး အောက်ရေတွေ စကျတဲ့
မျိုး၊ ဘောတံတားရဲ့ သံတိုင်တွေမှာ ရေမျက်နှာပြင်အရာလေးတွေ ထင်ကျန်တ
တွေ့တဲ့အချိန်မျိုးမှာ ငယ်ငယ်တုန်းက အခုလိုမျိုးပဲ ရေစတက်တဲ့ အချိန်ကနေ

သွားတဲ့အချိန်ထိ ရေထဲမှာ နှံ့နှစ်တွေကပ်ငြိလာခဲ့သည့်တိုင်အောင် မိမနိုင် ဖမနိုင် ရေထဲမှာပျော်ပါးခဲ့ကြတဲ့ ကျွန်တော့်ရဲ့ငယ်သူငယ်ချင်းတစ်သိုက်ကိုလည်း အမြဲအမှတ်ရမိပါတယ်။

ကျွန်တော့်မွေးရပ်မြေမှာရှိတဲ့ ကျွန်တော့်အိမ်ရဲ့ ပေ(၄၀၀) အကွာမှာပဲ ဘော်ချောင်းဆိုတဲ့ ရေစီးသန်လှတဲ့ ချောင်းတစ်ခု ရပ်ကွက်ထဲက လမ်းတွေရဲ့အဆုံးမှာ ကန့်လန့်ဖြတ်စီးဆင်းနေပါတယ်။ ခုလိုမျိုး ခေတ်မီကစားကွင်းတွေမရှိတဲ့ နယ်မြို့ကလေးက ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်အတွက်ကတော့ အဲဒီနတ်ချောင်းဟာ ခေတ်မီကစားကွင်း တစ်ခုလိုပါပဲ။ ချောင်းစပ်မှာ ဘောကန်လို့ရသလို လတာထောထဲမှာ ရွှံ့စစ်တိုက်လို့လည်းရပါတယ်။ ရေမြန်မြန်ကူးတတ်အောင် ပုစွန်တွေကို ရှာပြီးဖမ်းပြီး အစိမ်းစားတတ်ကြသလို တမံကျိုးလို့မျောလာတဲ့ ပေဒါဘောင်တွေနဲ့ အတူ ပါလာတဲ့ ဖောင်စီးကဏန်းတွေကို လှေကိုယ်စီနဲ့ ပျော်ပျော်ပါးပါးလိုက်ဖမ်းပြီး အိမ်မှာ လှော်စားလို့လည်းရတဲ့အတွက် နတ်ချောင်းဟာ ကျွန်တော်တို့ ကလေးတစ်သိုက်အတွက်တော့ မုန့်ဆိုင်ကြီးဆိုလည်း မမှားပါဘူး။ ရေစီးရဲ့အရှိန်ကိုအံတုပြီး ရေဆန်မှာ ရေကူးပြိုင်ခဲ့ကြသလို ရေစုန်မှာကျတော့ ထူထပ်သိပ်သည်းလှတဲ့ ပေဒါဘောင်ပေါ်မှာ ပက်လက်လှန်လှဲရင်း ပေဒါမွှေ့ရာကြီးကိုစီးလို့ ရေစုန်မှာတငြိမ့်ငြိမ့်နဲ့ ထွက်သွားရတာကလည်း ခုခေတ်မှာပေါ်လာတဲ့ ရိုလာကိုစတာရဲ့ အရသာနဲ့မလဲနိုင်ပါဘူး။

ပိုက်ဆံကုန်လည်းသက်သာ စိတ်ပျော်ရွှင်မှုကိုလည်း နည်းမျိုးစုံနဲ့ ဖန်တီးခဲ့ရတဲ့ နတ်ချောင်းထဲမှာ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် အပူအပင် ကင်းကင်းနဲ့ အမြဲတမ်းပျော်နေတတ်ကြတာ ကလေးတွေအတွက်တော့အဆန်းမဟုတ်ပေမယ့် မိဘတွေအတွက်ကတော့ နေ့တိုင်းပူပင်နေရတဲ့ ပြဿနာတစ်ခုပါပဲ။ ရေပဲနစ်မလား ချောင်းစပ်လတာထဲမှာ တိုးဝှေ့နေတဲ့ဂျပ်မြွေကိုက်လို့ပဲ မထသောအိပ်ခြင်းမျိုးနဲ့ အိပ်ပြီးသေမလား၊ ပေဒါမွှေ့ရာစီးရင်း ပေဒါဘောင်နဲ့အတူပါလာတဲ့ မြွေပွေးကိုက်လို့ပဲသေမလားဆိုတဲ့အချက်တွေဟာ လူကြီးမိဘတွေ အမြဲတမ်းတွေးပူနေရတဲ့ အချက်တွေပါ။ ဒါပေမယ့်လည်း ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် မူလတန်းကနေ အလယ်တန်းအထိ နတ်ချောင်းရဲ့ရေအလျဉ်ထဲမှာ ရေတက်တနေ ရေကျအထိ နည်းမျိုးစုံပျော်ပါးပြီး ကစားခဲ့ကြပေမယ့် တစ်ယောက်မှ အစိတ်အစင်မရှိခဲ့သလို ထိခိုက်ဒဏ်ရာလည်း မရခဲ့ပါဘူး။

ကျွန်တော်တို့ ရေမှာပျော်ပါးခဲ့တာ တကယ့်ကို ရေတက်တဲ့အချိန်ကနေ ရေကျတဲ့အချိန်ထိပါ။ ရေတက်ဦးကနေ ရေကျတဲ့အချိန်ထိဆိုရင် အနည်းဆုံး နှစ်နာရီ

လောက်ကြပါတယ်။ နှစ်နာရီ သုံးနာရီ ရေထဲမှာစိမ်နေလို့ ဖျားတယ် နာတယ်ဆို
လည်း မရှိခဲ့ပါဘူး။

နှစ်တန်း သုံးတန်းလောက်ကတည်းက ကျောင်းဆင်းလို့ အိမ်ပြန်လာ
ဆိုရင် လမ်းထဲရောက်လို့ လမ်းထိပ်ကိုလှမ်းကြည့်လိုက်တာနဲ့ မွှေးမွှေးအိအိ တရိပ်
တက်လာတဲ့ ချောင်းကြီးကိုမျှားမြင်လိုက်ရရင် ကျွန်တော်တို့သူငယ်ချင်းတွေ အရ
ပျော်ခဲ့ရတာပါ။ အိမ်ကိုအမြန်ရောက်အောင် အူယားဖားယားပြေး၊ လွယ်အိတ်
တိုင်မှာချိတ်ပြီး အပေါ်အောက်ကျောင်းယူနီဖောင်းကို အမြန်ဆုံးနှုန်းနဲ့ချွ
မိမွေးတိုင်း ဖမွေးတိုင်းပုံသဏ္ဌာန်နှင့် နတ်ချောင်းရဲ့ရင်ခွင်ထဲမှာ မြူးတူးပျော်ပါ
သုတ်ခြေတင်ကြတော့တာပါပဲ။ တရိပ်ရိပ်တက်လာတဲ့ ချောင်းကြီးရဲ့ရင်ခွင်ထဲ
ခုန်ချဖို့ပြေးကြတာ ကျွန်တော်ရယ်၊ ဖိုးကျော်ရယ်၊ ဖိုးဇော်ရယ်၊ ချက်ဖောင်းရယ်
အောင်ကြီးရယ်၊ ထွန်းလင်းရယ်ဆိုတဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်သိုက်ပါ
နတ်ချောင်းရဲ့ရင်ခွင်ထဲကို နည်းမျိုးစုံနဲ့ခုန်ချပြီး စိတ်တိုင်းကျ မြူးတူးပျော်ပါးလိုက်
တာ ရေတက်ဦးကနေ ရေပြည့်ချိန်၊ ရေပြည့်ချိန်ကနေ ရေအိချိန်၊ ရေအိချိန်က
အောက်ရေကျချိန်၊ အောက်ရေကျချိန်ကနေ ရေကျချိန်ထိတိုင်အောင်ပါပဲ။ ပါး
တစ်ပိုက်မှာ နှံ့နှစ်တွေကပ်လာပြီး ခိုက်ခိုက်တုန်မှ အိမ်ကိုပြန်ပြေးကြတာပါ။

နတ်ချောင်းရဲ့ရင်ခွင်ထဲမှာ ရေတက်ချိန်ကနေ ရေကျချိန်အထိ ကျွန်တေ
တို့ သူငယ်ချင်းတစ်သိုက် ပျော်ပျော်ပါးပါးနဲ့ ကူးခဲ့ကြတာ အထက်တန်းကျောင်းသ
ဘဝရောက်တဲ့အထိပါပဲ။ နေ့တိုင်းမကူးဖြစ်ခဲ့ကြပေမယ့် အနည်းဆုံး တစ်ပတ်
တစ်ရက်လောက်တော့ ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ကူးတတ်ကြပါတယ်
အတန်းတွေကြီးလာတော့ ငယ်ငယ်ကလို မဆော့တော့ပေမယ့်လည်း သူငယ်ချင်း
စုပြီး ချောင်းထဲမှာရေကူးနေရတာ အင်မတန် ပျော်စရာကောင်းပါတယ်။ ရေ
တက်လာရင် ကျွန်တော်တို့သူငယ်ချင်းတွေပျော်ပြီး ရေကျသွားချိန်မှာတော့ ငယ်
တုန်းကအတိုင်း ကိုယ့်အိမ်ကို ရေထဲကနေ အသီးသီးတက်ပြီး ပြန်ကြပါတ
ရေတက်ချိန်ဟာ ပျော်စရာကောင်းသလို ရေကျချိန်က အိမ်ပြန်ချိန်ပါပဲ။

အထက်တန်းကျောင်းသားဘဝ လွန်မြောက်သွားတဲ့အခါမှာတော့ လ
သမား သားသမီးတွေ၊ ရေလုပ်သား သားသမီးတွေဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်း
အကုန်လုံး ရန်ကုန်ကို တက္ကသိုလ်ကျောင်းလာမတက်ကြတော့ဘဲ စာပေး
ကျောင်းသားတွေအဖြစ်နဲ့ သူတို့မိဘတွေရဲ့ လက်ငုတ်လက်ရင်း အလုပ်တွေကို
လုပ်ဖို့အတွက် ကျွန်တော်တို့မြို့ကလေးရဲ့ ပင်လယ်ဝမှာရှိတဲ့ ရွာကလေးတွေဆီ ထွ
သွားကြပါတယ်။

အဲဒီရွာကလေးတွေမှာပဲ ကျွန်တော့်သူငယ်ချင်းတွေအကုန်လုံး အိမ်ထောင်ကျ သားသမီးတွေပွားစီးပြီး တည်ငြိမ်တဲ့မိသားစုဘဝလေးတွေကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ကျွန်တော်တစ်ယောက်သာ ရန်ကုန်မှာ ယက်ကန်ယက်ကန်နဲ့ ရုန်းကန်ခဲ့ရပါတယ်။ သိပ်မကျယ်လှတဲ့ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် လက်ပစ်ကူးရတာ ပေတစ်ရာလောက်ကျယ်တဲ့ နတ်ချောင်းကို လက်ပစ်ကူးရတာထက်ပိုပြီး ပင်ပန်းပါတယ်။ အဲဒီအချိန်မျိုးမှာ ငယ်ငယ်တုန်းက ရေတက်ကနေရေကျအထိ ကျွန်တော်နဲ့အတူတူ ကူးခဲ့တဲ့ သူငယ်ချင်းတွေကို တမ်းတမ်းတတ သတိရမိပါတယ်။ ကျွန်တော်ကသာ ဝမ်းရေးအတွက် ပင်လယ်နဲ့ဝေးတဲ့နေရာမှာ ကူးနေရပေမယ့် ပင်လယ်ဝမှာနေထိုင်ရတဲ့ သူတို့ဘဝကတော့ ကူးစရာမလိုတော့ဘဲ တည်တည်ငြိမ်ငြိမ်နဲ့ ရပ်တည်နေနိုင်ကြတာ မုဒိတာပွားစရာပါပဲ။

လောကကြီးမှာ ဘယ်အကြောင်းအရာမှ အမြဲမမှန်ဘူးဆိုတဲ့စကားဟာ အတော်မှန်တဲ့စကားပါ။ ရေတွေတက်လာလို့ပျော်တဲ့ ကျွန်တော့်သူငယ်ချင်းတွေနဲ့တဲ့အရပ်ကို တစ်ညမှာတော့ ရေတွေ အကြီးအကျယ်တက်လာပါတယ်။ ငယ်ငယ်တုန်းက ရေထဲမှာကူးလာတဲ့ ကျွန်တော့်သူငယ်ချင်းတွေ ဒီတစ်ကြိမ်မှာလည်း အားနိုက်ပြီးကူးမယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ သားကို ကျောမှာပိုး၊ သမီးကို ရင်ခွင်ထဲမှာချီ၊ မိန်းမကိုလက်ကဆွဲပြီး မလျှော့တဲ့ အားမာန်တွေနဲ့ သူတို့ကူးခဲ့ကြမှာ

- ၊

ဒါပေမယ့်လည်း ရေတွေကျသွားတဲ့အချိန်မှာတော့ ကျွန်တော့်သူငယ်ချင်းတွေအားလုံး ငယ်ငယ်တုန်းကလို ကိုယ့်အိမ်ရှိရာ အရပ်ဆီ ကိုယ်စီ ကိုယ်စီ ပြန်မတက်နိုင်တော့ပါဘူး။ ပြန်စရာအိမ်ဆိုတာလည်း မရှိတော့သလို ပြန်လာကြမယ့် ကျွန်တော့်သူငယ်ချင်းတွေလည်း မရှိတော့ပါဘူး။ ရေတက်ရင်ပျော်ပြီး ရေကျရင်အိမ်ပြန်တက်တဲ့ သူငယ်ချင်းတွေ ရေတက်မှာဘဝပျက်ပြီး ရေကျမှာ သူတို့ရဲ့ခန္ဓာကိုယ်တွေပါ ပျောပါသွားကြတော့လို့ပါ။ မြစ်ကမ်းဘေးမှာ လာထိုင်ပြီး လတာရယ်၊ မြစ်ရယ်၊ လှေဒါဘောင်တွေရယ်ကိုမြင်ပြီး အိမ်လွမ်းစိတ် သက်သာသလိုရှိပေမယ့် ရေတက်ရင်ပျော်ပြီး ရေကျသွားချိန်မှာ အိမ်ကိုအတူတူ ပြန်တတ်ကြတဲ့ သူငယ်ချင်းတွေရဲ့မျက်နှာတွေနဲ့ စကားသံတွေကို ပြန်လည်မြင်ယောင် ကြားယောင်မိလာတဲ့အခါမှာတော့ အိမ်လွမ်းတဲ့ဝေဒနာအပြင် အသက်ရှုကြပ်တဲ့ဝေဒနာတစ်မျိုးပါ တိုးလာပါတယ်။

အဲဒါကြောင့်လည်း အခုဆိုရင် ရေတက်ရေကျကို ထိုင်မကြည့်မြစ်တော့တာ တော်တော်ကြာပါပြီ။

**ဇော်အောင်ခင်**

# ဝင်းမောင်

တစ်ရက်တလေ အိပ်ရေးဝဝ အိပ်မယ်ဆိုပြီး အိပ်လိုက်တာ။ ဘယ်လိုဖြစ်လို့ မျက်စိကကြောင်နေလည်း မသိဘူး။ လေးနာရီကျော်ကတည်းက နိုးပြီး ပြန်အိပ်လို့ မရတော့ဘူး။ မပြင်ရတာ တော်တော်ကြာပြီဖြစ်တဲ့ ရောင်နီကို ကြည့်မယ်ဆိုပြီး အိပ်ရာ ကအထ မိန်းမ ဆတ်ကနဲ နိုးသွားပြီး

"မောင် ဘယ်သွားမလို့လဲ"

"ဘာရယ်မဟုတ်ပါဘူးကွာ အိပ်လို့မရတော့မယ့်အတူတူ ဝရံတာထွက်ပြီး ရောင်နီထွက်လာတာ ကြည့်ရင်ကောင်းမလားလို့"

"ဆေးခန်းနားတဲ့ရက်ကလေး မောင်ရယ် တစ်ရက်တလေ အိပ်ရေး အောင်ပြန်အိပ်ကြည့်ပါလား"

" အိပ်လို့မရတော့မယ့်အတူတူ မအိပ်တော့ပါဘူး။ ခြံထဲမှာ လမ်းလေ ဘာလေး လျှောက်လိုက်ဦးမယ်။ တစ်နေ့လာလည်း ဆေးခန်းနဲ့လူနာ၊ တစ်နေ့လာ လည်း ဆေးခန်းနဲ့လူနာ ကြာလာတော့ ကိုယ်တိုင်တောင် လူနာဖြစ်ချင်လာ မနက်စောစော လေ့ကျင့်ခန်း လုပ်လိုက်ဦးမယ်" ကျောခိုင်းပြီး ထွက်မယ်အလုပ်

"မောင်"

အနောက်ကို လှည့်ကြည့်လိုက်တော့ သူ့ကို ဆေးကျောင်းမှာ ကျွန်တော် သွားကြိုတဲ့အချိန်တွေတုန်းက ကြည့်တဲ့မျက်လုံးတွေနဲ့ ကြည့်ရင်း

"မောင် ကျွန်မကို အရင်ကလို ချစ်သေးလားဟင်"

ကျွန်တော့်စိတ်ထဲမှာ ရယ်ချင်စိတ်ပေါက်သွားပါတယ်။ အိမ်ထောင်သ ပဲ ငါးနှစ်ကျော်ပြီ။ မိန်းမက ဘယ်လိုဖြစ်ပြီး ဒီနေ့မနက်မှ ငယ်မူပြန်ချင်နေလဲမသိဘူး

"လောကမှာ ချစ်စရာဆိုလို့ ဒီမိန်းမတစ်ယောက်ပဲရှိတာဆိုတော့ ချစ် ပေါ့ကွာ အခုအချိန်ထိ ဘယ်လောက်ချစ်လဲဆိုရင် စတွေ့တဲ့နေ့တုန်းက အတိုင် ချစ်နေတုန်းပဲ။ ဘာဖြစ်လို့လဲပြော"

"မောင်အရင်လိုချစ်တယ်ဆိုရင် ဟိုး. . . အရင်တုန်းက ဆေးကျောင်း ဘဝတုန်းကလို ကျွန်မကို ခရေပန်းတွေကောက် ကြိုးလေးနဲ့သီပြီး မန အစောကြီးမှာ လာမပေးချင်ဘူးလား မောင်ရယ်"



သူပြောမှ အတိတ်ကို ပြန်သတိရတယ်။ နှင်းတွေဝေနေ အချိန်ပဲဖြစ်ဖြစ်၊ မိုးဖွဲလေးတွေ ကျနေတဲ့အချိန်ပဲဖြစ် မနက်အစောကြီးမှာ ခရေပန်းလေးတွေကောက်ပြီး ကြိ သီ။ သူ့အဆောင်ကို သွားပေးခဲ့တာတွေ ပြန်အမှတ် လာတော့ ကျွန်တော့်စိတ်ထဲမှာ အိမ်ထောင်သ ငါးနှစ်ဆိုတာကိုမေ့ပြီး ကြည်နူးတဲ့စိတ်တွေ ပြန်

ချယ်ရီလေး ဝန်းကြွေကောက်

…ာတယ်။

"ပေးချင်တာပေါ့ မိန်းမရယ်။ ကိုယ်တိုင်ကောက် ကိုယ်တိုင်သီပြီး အရင်လို …န်ပေးချင်တာပေါ့"

"ဒါဆိုရင် ဒီနေ့မနက် ပန်ပေးမလား"

ကျွန်တော် မဆိုင်းမတွပဲ ပြန်ဖြေလိုက်ပါတယ်။

"မောင်ကိုယ်တိုင်သွားကောက်ပြီး တယုတယနဲ့ အရင်လိုပဲ မင်းခေါင်းမှာ …န်ပေးမယ်။ မင်းသာ ပန်ဖို့အတွက် ဟိုး ဆေးကျောင်းသူဘဝတုန်းကလိုပဲ အလှ …ပြင်ပြီး အဆင်သင့်စောင့်နေ ဟုတ်ပြီလား" မိန်းမက ကျေကျေနပ်နပ်ကြီးပြုံးရင်း …ခေါင်းညိတ်လိုက်ပါတယ်။ ကျွန်တော်လည်း အပြင်ကိုထွက်ဖို့အတွက် ရေချိုးခန်းထဲ …င် ကိုယ်လက်သုတ်သင်ပြီး ကားပေါ်တက် မောင်းထွက်လာခဲ့တယ်။

ကားမောင်းရင်းနဲ့ ကျွန်တော်တို့လင်မယားအကြောင်း စဉ်းစားမိပါတယ်။ …ဆေးကျောင်း First year မှာချစ်သူတွေဖြစ်။ House ဆင်းတဲ့အထိလည်း အတူတူ။ …မိဘတွေကလည်း သဘောကျတာနဲ့ ကျွန်တော်တို့ကို ပေးစား။ သာယာ …မြေ့တဲ့ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်။ သူလည်း ဆရာဝန် ကျွန်တော် …ည်းဆရာဝန် ဆေးရုံနဲ့လူနာကြား မအား။ သမီးရည်းစားဘဝတုန်းက စိတ်ကူးယဉ် …ခဲ့တဲ့ တစ်ယောက်လက် တစ်ယောက်တွဲပြီး ညနေတိုင်းလမ်းလျှောက်ဖို့ဆိုတာ အခု …အချိန်မှာ တော်တော်ခဲယဉ်းသွားပါပြီ။ မနက်မိုးလင်းတာနဲ့ သူလည်း သူတာဝန်ကျရာ …ဆေးရုံကိုပြေး။ ကျွန်တော်လည်း ကျွန်တော်တာဝန်ကျတဲ့ ဆေးရုံကိုပြေး။

ဆေးရုံရောက်တာနဲ့ လူနာတွေပြောသမျှ ရောဂါအကြောင်းတွေ ထိုင် …ထောင်ရင်း သူတို့ကို Treatment တွေပေး။ ပြန်လာတော့လည်း တစ်ကိုယ်လုံး …ငိုက်ထားသလို မလှုပ်နိုင်။ အိမ်ကခိုင်းတဲ့ကောင်မလေး ချက်ပြုတ်ပေးထားတဲ့ …မင်းကိုစား။ မိန်းမနဲ့ စကားလေးတစ်ခွန်းနှစ်ခွန်းလောက်ပြောပြီး အိပ်ဆိုတော့ …င်မယားဘဝရဲ့ ကြည်နူးမှုဆိုတာတွေ ပျောက်နေပါတယ်။

အတွေးတွေနဲ့ မောင်းလာရင်း နှင်းမကွဲတကွဲဖြစ်နေတဲ့ ခရေပင်လမ်း …လေးကို ကားမီးရောင်အောက်မှာ တွေ့လိုက်ရတယ်။ ဟိုအရင်က ဆိုရင်တော့ …ခရေပင်လမ်းမှာ ပန်းလာကောက်တဲ့သူတွေ အများကြီးပဲ။ အခု ကျွန်တော့်ကားမီး …ရောင်အောက်မှာ လူတစ်ယောက်ပဲ တွေ့ပါတယ်။ ကားကို လမ်းဘေးမှာ အသာ …ပဲ ကားမှန်တွေတင် ကားတံခါးသော့ပိတ်ပြီး လမ်းပေါ်ကို ဆင်းလိုက်တယ်။

တောက်ပြောင်နေတဲ့ ကတ္တရာလမ်းပေါ်မှာ ခရေပန်းတွေ တိုတစ်ပွင့် …ဘစ်ပွင့် ကြွေကျနေလိုက်ကြတာ ပန်းချီဆရာတစ်ယောက် ဝိုတူတာကြီးချွဲခဲ့

အတွက်သရှပ်ပြထားသလိုပါပဲ။ ကျွန်တော်လည်းလုံချည်လေး တိုတိုပြင်ဝတ် ကာ
သော့လေးကို အိတ်ထဲထည့်ပြီး မိန်းမရဲ့ခေါင်းမှာ အမြတ်တနိုး ပန်ပေးဖို့အတွ
ခရေပန်းလေးတွေကို တစ်ပွင့်ချင်းစီ တစ်ပွင့်ချင်းစီ လိုက်ကောက်ပါတယ်။

အဲဒီလိုကောက်နေရင်း နောက်နားက ချောင်းဆိုးသံကြားလို့ လှည့်ကြ
လိုက်တော့ အသက် ၇၀ ကျော်လောက်ရှိတဲ့ ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယော
ခရေပန်းတွေကောက်နေတာကို တွေ့ရပါတယ်။ ဒီအရွယ်ရောက်တဲ့အထိ သူလ
သူ့မိန်းမအပေါ်မှာ အချစ်မပြယ်သေးပါလားဆိုတဲ့ အတွေးနှင့်အတူ ကျွန်တေ
အဘိုးကြီးနား ကပ်သွားပါတယ်။ အနားရောက်လို့ အဘိုးကြီးကို သေသေချာ
ကြည့်လိုက်တော့ သပ်သပ်ရပ်ရပ် ဝတ်ထားတာမှန်ပေမယ့် သူ့အကျီနဲ့ ပုဆိုးလေး
နည်းနည်းဟောင်းနေတာရယ်၊ သူစီးထားတဲ့ဖိနပ်လေး ဖင်ပါးနေတာရယ်ကို သ
ထားမိလိုက်ပါတယ်။ ဒါပေမယ့် သူ့ရဲ့မျက်နှာကတော့ ကြည်လင်သန့်စင်နေပါတယ
သူ့မျက်လုံးတွေမှာ ဇရာရဲ့အရိပ်အရောင်တွေ မတွေ့ရသေးပါဘူး။ ကျွန်တော်

'အဘိုး ပန်းလာကောက်တာလား'လို့ မေးလိုက်ပါတယ်။

သူ ကျွန်တော့်ကို တစ်ချက်မော့ကြည့်ပြီး

'အေး ဟုတ်တယ် ပန်းလာကောက်တာ လူလေးကရော'

'ဟုတ်တယ်အဘိုး ကျွန်တော်လည်း ပန်းလာကောက်တာပါ။ ကျွန်တေ
မိန်းမအတွက်လေ' ဟုပြောလိုက်ပြီး ကျွန်တော် အရှက်ပြေ တစ်ချက်ရယ်လိုက်တ

'အဘိုးရော ပန်းလာကောက်တာ အဘိုးမိန်းမအတွက်လား'

အဘိုး တုံ့ခနဲ တစ်ချက်ရပ်သွားပြီး ကျွန်တော့်ကို မော့ကြည့်ပါတယ်။

"အေးပေါ့ကွာ အဘိုးပန်းလာကောက်တာက အဘိုးရဲ့မိန်းမ အဖွ
အတွက်ပဲပေါ့"

"အဘိုးက အဖွားအတွက် ပန်းတွေလာကောက်တာဆိုတော့ အိမ်ရော
လို့ရှိရင် ပန်းတွေကိုကြိုးနဲ့သီပြီး အဖွားရဲ့ခေါင်းမှာ တယုတယ ပန်ပေးမှာပေါ့
ဟုတ်လား အဘိုး"

ကျွန်တော့်စကားကြားတဲ့အချိန်မှာ ပန်းကောက်နေတာ ခဏရပ်လိုက်
ကျွန်တော့်ကို ဖြည်းဖြည်းခြင်းမော့ကြည့်ပါတယ်။ ဒီတစ်ခါ မော့ကြည့်လိုက်
အဘိုးရဲ့မျက်လုံးမှာ စောစောက မတွေ့လိုက်ရတဲ့ ဇရာရဲ့အရိပ် လွှမ်းဆွတ်ကြေ
သွားတဲ့ အရိပ်တွေ ကျွန်တော်တွေ့လိုက်ပါတယ်။

"အဘိုးပန်းလာကောက်တာ အဖွားအတွက်တော့ ဟုတ်တယ်။ ဒါပေမ
လူလေးပြောသလို အဖွားရဲ့ခေါင်းမှာ တယုတယပန်ပေးဖို့အတွက်တော့ မဟုတ်ဘူ

"ဒါဆို အဘိုးက ဒီပန်းတွေကို ဘာလုပ်မှာလဲ"

မချိတင်ပြုံးလိုက်တဲ့ အပြုံးတစ်ခု အဘိုးမျက်နှာပေါ်မှာ ပေါ်လာပါတယ်။

"ဒီပန်းတွေကို ဘာလုပ်မှာလဲဆိုတော့ အဘိုးရဲ့မိန်းမ အဖွားလေဖြတ်ပြီး အိပ်ရာထဲက မထနိုင်တာ ၁၀နှစ်ကျော်ပြီ။ မွေးထားတဲ့ သားသမီးတွေကလည်း ပေါ်မှာဘူး။ မလိမ္မာကြတော့ သူတို့ဆီက အထောက်အပံ့လည်း မရဘူးပေါ့ကွယ်။ အဘိုးကလည်း ဒီအသက်အရွယ်ရောက်လာပြီဆိုတော့ ဒီ့ပြင်အလုပ်တွေလဲ ပင်ပင် ပန်းပန်းမလုပ်နိုင်ဘူးလေ။ ညဆိုရင် ဒီနားက အိမ်တစ်အိမ်မှာ ညစောင့်လုပ်တယ်။ ညစောင့်လုပ်ပြီး မနက်အပြန်မှာ ဒီပန်းတွေ ဝင်ကောက်တယ်။ ပန်းလေးတွေကို အဘိုးကိုယ်တိုင် ကြိုးနဲ့သီပြီး အဘိုးတို့ အိမ်နားမှာရှိတဲ့ဈေးကို ပန်းလေးတွေ သွားရောင်းတာပေါ့ကွာ။ အဲဒီပန်းတွေ သွားရောင်းပြီး ရလာတဲ့ပိုက်ဆံလေးတွေနဲ့ အဖွားအတွက် မနက်စာရယ်၊ လိုအပ်တဲ့ဆေးလေးတွေရယ် အဘိုးဝယ်ရတာပေါ့။ အဲ့တော့ စောစောက လူလေးမေးသလို ဒီပန်းကို လာကောက်တာ အဖွားအတွက် ပေါ့ဟုတ်တယ်။ ဒါပေမယ့် အဖွားခေါင်းမှာ တယုတယနဲ့ ပန်ပေးဖို့အတွက်တော့ ဟုတ်ဘူး။ ဟိုး . . . လွန်ခဲ့တဲ့ အနှစ် ၅၀ကျော် ၆၀လောက်တုန်းကတော့ အဘိုး ကိုယ်တိုင် ဖဟာဒီပန်းကလေးတွေကိုကောက် ကြိုးလေးနဲ့သီပြီး အဖွားရဲ့ခေါင်းမှာ ယုတယ ပန်ပေးခဲ့ဖူးတာပေါ့။ ဒီအချိန်မှာတော့ ပန်ပေးချင်စိတ်ရှိပေမယ့် ဘဝ အခြေအနေက ပန်ပေးဖို့ မသာတော့ပါဘူး လူလေးရယ်။ ပန်းတွေပန်ပေးလို့လည်း အဘိုးမိန်းမရဲ့ရောဂါက သက်သာမလာဘူးလေ။ မနက်စာလေးစားပြီး အားဆေး သောက်လိုက်ရင်တော့ နည်းနည်းသက်သာတာပေါ့"

စကားအရှည်ကြီးပြောလိုက်ရလို့ မောသွားတယ်ထင်ပါရဲ့။ ပန်း ဆက် ကောက်သေးပဲ ရီဝေတဲ့မျက်ဝန်းတွေနဲ့ ပန်းတွေကိုပဲ စိုက်ကြည့်နေပါတယ်။ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ ကောက်ထားတဲ့ ပန်းတွေကို ခါးပုံစထဲကရော အကျႌ အိတ်ထဲကရောထုတ်လိုက်ပြီး အဘိုးဘေးနားမှာရှိတဲ့ ဇကာလေးထဲ ထည့်လိုက်ပါတယ်။

"ကျွန်တော်လာကောက်တုန်းကတော့ မိန်းမအတွက် လာကောက်တာ။ ဒါပေမယ့် အဘိုးကောက်နေတဲ့ ပန်းလေးတွေ ကျွန်တော်ကောက်လိုက်ရင် အဖွား အတွက် နည်းသွားလိမ့်မယ်။ ကျွန်တော် မကောက်တော့ပါဘူး အဘိုးရယ်။ ကောက်ခဲ့သမျှပန်းတွေလည်း အဖွားအတွက် အဘိုးရဲ့ခြင်းထဲကိုထည့်ခဲ့ပါမယ်။ ဒါတော့ ဘယ်လိုမှတော့ သဘောမထားပါနဲ့။ ကျွန်တော် ဆရာဝန်တစ်ယောက် ပါ။ အဖွားအတွက် လိုအပ်တဲ့ ဆေးဖိုးဝါးခလေး အဘိုးကို ကျွန်တော် လှူခဲ့ပါရစေ"

'ဟေ ပန်းတွေလည်း ပေးခဲ့မယ်။ ဆေးဖိုးလည်း လှူခဲ့မယ် ဟုတ်လား'

အဲဒီလိုမေးပြီးတော့ အဘိုး တော်တော်နဲ့ စကားဆက်မပြောနိုင်ပါဘူး။ ကျွန်တော့်ကို ကြည့်နေတဲ့သူ့မျက်လုံးထဲမှာလည်း မျက်ရည်လေးတွေဝေ့တက်လာတာ ကျွန်တော်မြင်လိုက်ရတယ်။

"ဟုတ်တယ် အဘိုး။ ဒါ အဖွားအတွက် ဆေးဖိုးဝါးခအဖြစ် ကျွန်တော် လှူခဲ့တာပါ"

အိတ်ထဲမှာ လိုရမယ်ရထည့်လာတဲ့ ပိုက်ဆံတစ်သောင်းလောက်ကို အဘိုး လက်ထဲထည့်ပေးလိုက်တယ်။ အဘိုး ကျွန်တော့်ကို တစ်စုံတစ်ရာပြန်မပြောနိုင်ခင်မှာ ဘဲ အဘိုးကိုကျောခိုင်းပြီး ကားရှိရာကို တစ်လှမ်းချင်း လျှောက်လာခဲ့တော့တယ်။

ကားပေါ်တက်စက်နှိုးပြီး မောင်းထွက်လာခဲ့တဲ့အချိန်မှာတော့ ကျွန်တော် ကိုယ်တိုင်ကောက် တယုတယကြိုးနဲ့သီပြီး သူ့ခေါင်းမှာပန်းတွေပန်ပေးမှာကို ခံယူ ဖို့အတွက် ရေမိုးချိုးအလှပြင်ပြီး စောင့်နေမယ့် မိန်းမကို ဘယ်လိုပြောရမလဲဆိုတာ ကျွန်တော် တစ်လမ်းလုံး စဉ်းစားလာပါတယ်။

ဒါပေမယ့် ကျွန်တော်ယုံကြည်ပါတယ်။

သူလည်း နှလုံးသားရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ။ ကျွန်တော် ပန်းတွေ ပါမလာတာ ဘာကြောင့်လဲဆိုတဲ့ အဖြေကို သူ သေသေချာချာသိသွားရင် သူ ကိုယ်တိုင်လည်း ကျေနပ်နေမှာပါ။

ပန်းကောက်တာချင်းတူပေမယ့်
ကျွန်တော် ကောက်တဲ့ခရေပန်းကလေးတွေထက်
အဘိုး ကောက်နေတဲ့ ခရေပန်းကလေးတွေက
ပိုပြီးအဓိပ္ပါယ်ရှိတယ်ဆိုတာ
သူလည်း လက်ခံမှာပါ။

မင်းခေ...

။

ခေါင်းစဉ်တပ်ထားတဲ့အတိုင်းပါပဲ။ အဖေနဲ့အမေ့အကြောင်းကို ရေးရမှာ ကြည်နူးစရာကောင်းသလို ကြေကွဲစရာလည်းကောင်းပါတယ်။ လွမ်းဆွတ်စရာကောင်းသလို တသသဖြစ်စရာလည်းကောင်းပါတယ်။ တကယ်ဆိုရင်တော့ ကျွန်တော် ဒီစာရေးနေတဲ့အချိန်မှာ ကျွန်တော့်အနားမှာ အဖေရယ် အမေရယ် ကျွန်တော်ရယ် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး သုံးယောက်အတူတူ နေသင့်တာပေါ့။ ဒါပေမယ့် ဒီစာကို ကျွန်တော်ရေးနေတဲ့ အချိန်မှာ အမေရယ် ကျွန်တော့်အစ်ကိုရယ်၊ ကျွန်တော့်အစ်မနှစ်ယောက်ရယ် ကျွန်တော်ရယ်ကို ထားခဲ့ပြီး အဖေက ဟိုးအဝေးကြီးကို အရင်ဆုံးထွက်သွားနှင့်ပြီလေ။ ဘယ်အချိန်ကျမှ ပြန်ဆုံကြမယ်ဆိုတာ ကျွန်တော်မသိနိုင်သလို အဖေ့ကိုအရမ်းချစ်တဲ့ အမေလည်း မသိနိုင်ပါဘူး။

အဲဒီလိုပါပဲ အဖေနဲ့အမေရဲ့အကြောင်းကို ရေးနေတဲ့ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်အချိန်ထိအောင် ဆက်ပြီး ရေးနေနိုင်ဦးမလဲဆိုတာ ဘယ်သူမှ

အုပ်စိုး



# အဖေ နဲ့ အမေ အကြောင်း

အတိအကျမပြောနိုင်တဲ့ ကိစ္စတွေပါ။ ပြောနိုင်သည်ဖြစ်စေ မပြောနိုင်သည် ဖြစ်စေ ရေးနေခွင့်ရတဲ့အချိန်မှာတော့ အမေနဲ့အဖေရဲ့အကြောင်းကို ကျွန်တော် ရေးသွားချင်ပါတယ်။ အဖေနဲ့အမေရဲ့အကြောင်းကို ရေးရမယ်ဆိုရင် တစ်ထောင့်တစ်ညပုံပြင်တွေလိုပါပဲ တော်ရုံနဲ့အဆုံးသတ်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် အဖေနဲ့အမေဟာ အခြားသူတွေရဲ့ အဖေအမေနဲ့မတူပဲ အင်မတန်မှကို ဝိရောဓိတွေ ပေါင်းဆုံနေတဲ့ အဖေနဲ့အမေဖြစ်နေလို့ပါပဲ။

အဖေနဲ့အမေရဲ့အကြောင်းကို ပြောရမယ်ဆိုရင် အမေ့ရဲ့အချစ်အကြောင်းကို အရင်ဆုံးပြောရမယ်ထင်တယ်။ အမေ့ရဲ့အချစ်အကြောင်းလို့ပြောလိုက်လို့ ကလေးကလားဆန်တယ်လို့ ထင်ချင်လည်း ထင်ကြမှာပေါ့။ ဒါပေမယ့် အဖေနဲ့အမေရဲ့အကြောင်းကိုပြောရင် အမေ့ရဲ့အချစ်အကြောင်းမပါရင် မဖြစ်လို့ပါ။ အမေ့ရဲ့အချစ်ကြောင့် အဖေနဲ့အမေ ညားခဲ့သလို အဖေနဲ့အမေညားမှ ကျွန်တော်တို့

တွေ လူဖြစ်လာခဲ့ရတဲ့အတွက် အမေ့ရဲ့အချစ်က အမိကကျသလို အဖေနဲ့အမေရဲ့ ဘဝမှာလည်း အဖေ့အပေါ်မှာ အမေချစ်ခဲ့တဲ့အချစ်က အရေးကြီးဆုံး အချက် တစ်ချက်ဖြစ်ပါတယ်။

အဖေရယ် အမေရယ် မွေးဖွားကြီးပြင်းလာတဲ့ မြို့မှာ အမေ့ရဲ့မိဘတွေဟာ အင်မတန်မှ ချမ်းသာတဲ့မိသားစုဖြစ်ပြီး ငွေကြေးဂုဏ် စည်းစိမ်ဂုဏ်မောက်တဲ့ မိသားစုလည်းဖြစ်ပါတယ်။ တစ်မြို့နယ်လုံးမှာ အချမ်းသာဆုံး ဂုဏ်အရှိဆုံး မိသား တစ်စုဖြစ်ပါတယ်။

ဟိုး လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်ကျော် ခြောက်ဆယ်က တောမြို့လေးမှာ မာစီဒီးဆိုတဲ့ကားကို ဂျာမဏီအထိ ကိုယ်တိုင်မှာစီးနိုင်လောက်အောင် ချမ်းသာခဲ့တဲ့ မိသားစုဖြစ်ပါတယ်။ အဖြူနဲ့အမည်းဆိုသလိုပါပဲ။ အဖေ့ဘက်က မိဘတွေကတော့ ချို့ချို့တဲ့တဲ့နဲ့ ဆင်းရဲတဲ့ မိသားစုဖြစ်ပါတယ်။ ထမင်းတစ်လုပ်အတွက် ထင်းခုတ် မစားရပေမယ့် မြေနိုင်းတွေကို ဥယျာဉ်ခြံအဖြစ် အသွင်ပြောင်းရတာဟာ ထင်းခုတ် တာထက် ပိုပင်ပန်းပါတယ်။

မြစ်ပို့မျိုးထောင်ထားတဲ့ အပင်လေးတွေက ဥယျာဉ်ခြံတွေမဖြစ်ခင် အဲ မြေပေါ်မှာ ကန်စွန်းရွက်ကလေးစိုက်လိုက် သင်္ဘောလေးစိုက်လိုက် ငှက်ပျောလေး စိုက်လိုက်။ အဲဒီကရတဲ့ ငွေစကြေးစလေးနဲ့ သားသမီးခြောက်ယောက်ကို လောက် အောင်ကျွေးရင်း ပညာသင်ပေးနေရတဲ့ မိသားစုပဲဖြစ်ပါတယ်။ ရုပ်ရှင်ဆန်ဆန်ပြော ရမယ်ဆိုရင်တော့ ရိုမီယိုနဲ့ဂျူးလီယက်ဇာတ်လမ်းနဲ့ ရှင်မွေ့လွန်းနဲ့မင်းနန္ဒာ ဇာတ်လမ်း ဟာ အဖေနဲ့အမေရဲ့ ဇာတ်လမ်းလိုမျိုးလို့ ကျွန်တော်ထင်ပါတယ်။

ဘာကြောင့်လဲဆိုရင် တစ်မြို့လုံးမှာ အချမ်းသာဆုံးဖြစ်တဲ့ အမေဟာ တစ်မြို့လုံးမှာ အဆင်းရဲဆုံးဖြစ်တဲ့ အဖေ့အပေါ်ကို နှစ်နှစ်ကာကာ စွဲစွဲလန်းလန်း ချစ်သွားပြီး မိဘတွေ သဘောမတူတဲ့ကြားက အမွေအဖြတ်ခံပြီး အဖေ့ဘဝထဲကို ခုန်ဆင်းသွားလို့ပါပဲ။

ကျွန်တော်အရွယ်ရောက်တဲ့အချိန် စပ်စုတတ်တဲ့အချိန်မှာ သိချင်တဲ့ အကြောင်းတွေ နားမလည်တဲ့ကိစ္စတွေ အမေ့ကိုမေးဖြစ်ပါတယ်။ အဓိကအကြောင်း ကတော့ အဖေနဲ့အမေရဲ့ အကြောင်းပဲပေါ့။ အဆင့်အတန်းခြင်းမတူတဲ့ အဖေ့ကို အမေဘာကြောင့် ချစ်သွားခဲ့ရတာလဲ။ ဘာကြောင့်များ လက်ထပ်ဖို့အထိ ဆုံးဖြတ်ပြီး ရွှေဘုံပေါ်ကနေ ဆင်းရဲတွင်းထဲ ခုန်ချခဲ့ရတာလဲ။ ဘယ်လိုအချက်တွေကများ အမေ့ ကို သတ္တိတွေဖြစ်စေတာလဲလို့ အငယ်ဆုံးသားပီပီ စပ်စပ်ပေါက်ပေါက်မေးတော့ အမေ့ရဲ့မျက်လုံးတွေ ဖျတ်ကနဲလက်ပြီး နုပျိုတဲ့အပြုံးတွေနဲ့ ကျွန်တော်မေးတာ

နီးတဲ့ရှည်လက်ရှည်နဲ့ ရှင်းပြပါတယ်။ တကယ်လို့များ အဲဒီမေးခွန်း မေးလိုက်တဲ့အချိန်ဟာ အခုချိန်လို အဖေမရှိတော့တဲ့အချိန်ဆိုရင်တော့ အမေ့မျက်လုံးတွေနီးပြီး လွမ်းဆွတ်တသတဲ့ အပြုံးတွေနဲ့ ကျွန်တော်မေးတာကို သူ ရှင်းပြလိမ့်မယ်ထင်ပါတယ်။

အမေရှင်းပြတာ အရမ်းကို ကဗျာဆန်ပါတယ်။ အဆင့်အတန်းခြင်း မတူတဲ့ မင်းအဖေကို အမေ ဘယ်အချိန်မှာစပြီး ချစ်သွားလဲဆိုရင် အမေ ကိုးတန်းကျောင်းသူဘဝ ကျောင်းတက်ခေါင်းလောင်းထိုးတဲ့အချိန်မှာ တစ်ကျောင်းလုံးမှာရှိတဲ့ကျောင်းသူကျောင်းသားတွေ ကျောင်းရှေ့က ကွက်လပ်ထဲမှာရှိတဲ့ အလံတိုင်ကိုကြည့်ပြီး ကမ္ဘာမကြေ သီချင်းဆိုရတယ်။

မှတ်မှတ်ရရ။ နှင်းတွေဝေနေတဲ့ ဒီဇင်ဘာလ။ တစ်ကျောင်းလုံးမှာရှိတဲ့ကျောင်းသားကျောင်းသူတွေ ကမ္ဘာမကြေသီချင်းကို ညီညီညာညာ သံပြိုင်ရွတ်ဆိုနေကြတဲ့အချိန်မှာ နှင်းဝေနေတဲ့ ကွင်းပြင်ထဲမှာ လွယ်အိတ်ရဲ့ လွယ်ကြိုးကလေးကို နဖူးမှာချိတ်၊ လွယ်အိတ်ကလေးကို နောက်ကျောမှာထား ကျောင်းနောက်ကျလို့ အားငယ်နေတဲ့စိတ်ကို မျှိုသိပ်ပြီး ခေါင်းကလေးငုံ့ ငိုက်စိုက် ငိုက်စိုက်နဲ့ လျှောက်လာတဲ့ မင်းအဖေကို အမေမြင်လိုက်ရတဲ့ အချိန်ကတည်းကစပြီး ချစ်တာပါပဲ သားရယ်။ အမေ့သားက သူငယ်ချင်း မတူးကလည်း ပြောတယ်လေ 'ဟဲ့ အဲဒီကျောင်းနောက်ကျတဲ့ အောင်ကြည်ဆိုတာလေ အရမ်းဆင်းရဲတာ အခုလည်း မနက်အစောကြီးကတည်းက သူ့အမေကို ချဉ်ပေါင်ရွက်တွေ ကူစည်းပေးနေရလို့ နောက်ကျနေတာဟဲ့' လို့ပြောလေ မင်းအဖေကို သနားတဲ့စိတ်နဲ့ အမေ ပိုချစ်လေပေါ့သားရယ်လို့ အဖေ့ကိုသူ စချစ်တဲ့အကြောင်း အမေက ပြောပြပါတယ်။

တကယ်လို့များ အဖေသာ မဆင်းရဲခဲ့ဘူးဆိုရင်၊ ကျောင်းနောက်မကျခဲ့ဘူးဆိုရင်၊ အဖေလမ်းလျှောက်တာ ငိုက်စိုက်ငိုက်စိုက်နဲ့များ မလျှောက်ခဲ့ဘူးဆိုရင်၊ နှင်းတွေလည်း ကျမနေခဲ့ဘူးဆိုရင်၊ အဖေ့ကို အမေ ချစ်ချင်မှ ချစ်မိမှာ။ အမေများ အဖေ့ကို မချစ်ခဲ့ဘူးဆိုရင် ကျွန်တော်လည်း ဒီအချိန်မှာ ဒီစာတွေရေးဖြစ်မှာဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖြစ်ရခဲတဲ့လူ့ဘဝကို ရောက်လာစရာအကြောင်းမှ မရှိတော့တာ။

ပိုက်ဆံမရှိလို့ ဆင်းရဲလို့ ကျောင်းစရိတ်ရအောင် အမေ့ကို မနက်တိုင်းမနက်တိုင်း ချဉ်ပေါင်ရွက်တွေ ကူစည်းပေးနေရတဲ့ ကိုးတန်းကျောင်းသားလေးတစ်ယောက်ကို လက်ညှိုးညွှန်ရာရွှေဖြစ်ပြီး အဲဒီအချိန်က ကျောင်းဆရာတစ်ယောက်ရတဲ့လစာကို တစ်နေ့စာမုန့်ဖိုးအဖြစ်ရတဲ့ ကိုးတန်းကျောင်းသူလေး

တစ်ယောက်က ချစ်လိုက်မိတဲ့အချိန်ကစပြီး အဖေနဲ့အမေရဲ့ အချစ်ဇာတ်လမ်းလေး စပါတော့တယ်။

ထုံးစံအတိုင်းပါပဲ။ ကျွန်တော့်အမေဘက်က အဖိုးအဖွားတွေသိတဲ့အချိန် မှာ သဘောမတူဘူး။ မကြည်ဖြူဘူး။ ဘယ်လိုနည်းနဲ့မှ လက်သင့်မခံနိုင်ဘူးဆိုပြီး နည်းမျိုးစုံနဲ့ နှိပ်ကွပ်သလို နည်းမျိုးစုံနဲ့လည်း ဖျက်ကြပါတယ်။ ကျွန်တော် ပြောဖို့ တစ်ခုကျန်သွားပါသေးတယ်။ အဲဒါ ဘာလဲဆိုတော့ အဖေကရော အမေ့ကို ဘယ်အချိန်မှာ ချစ်သွားတာလဲ ဆိုတာပါပဲ။ အမေ့ဘက်ကတော့ ရှင်းပါတယ်။ သူ ခုနစ်တန်းအောင်လို့ ကျောင်းပြောင်းရတဲ့အချိန် အထက(၁) ဆိုတဲ့ကျောင်းကို ရောက်လာတဲ့အချိန်မှာ တစ်မြို့နယ်လုံးမှာ အချမ်းသာဆုံးလည်း ဖြစ်တဲ့၊ ရုပ်လည်း ချောတဲ့၊ ပြီးတော့ ဆံပင်ကို ဖြန့်ချလိုက်ရင် ခြေကျင်းဝတ်အထိရောက်တဲ့ အမေ့ကို မြင်မြင်ခြင်း ချစ်ခဲ့တာပါတဲ့။ ဒါပေမယ့် အဆင့်အတန်းခြင်း အခြေအနေခြင်း မတူလို့ ချစ်နေတဲ့စိတ်တွေကို ခြံထဲမှာပဲ ပေါက်တူးပေါက်လိုက် မြေသယ်လိုက် ဘုန်းပေါ် ရေလောင်းလိုက်နဲ့ပဲ ကုန်ဆုံးစေခဲ့တာပါတဲ့၊ အမေ့ဘက်ကစပြီး လိုက်လိုက် လျောလျော ဆက်ဆံတော့လည်း သူတို့နှစ်ယောက် ဇိုးကေမှာ စိုပြေသွားကြတာပေါ့။

အဖေနဲ့အမေရဲ့ အချစ်ဇာတ်လမ်းကို ပြန်စပါမယ်။ ဆင်းရဲလို့ မွဲလို့ ပင်ပန်းလို့ ဇာတာပါလာတဲ့ အမေဟာ မိဘတွေ ဘယ်လိုဖျက်ဖျက် ဆွေမျိုးတွေ ဘယ်လိုတားတား အဖေရဲ့ဘဝထဲကိုဝင်ဖို့ အချိန်ရှိသရွေ့ ပြင်ဆင်နေပါတော့တယ်။ အမေ ဘယ်လောက်ထိ အဖေ့ကိုချစ်လဲဆိုရင် အဖေ့ကိုမှမယူရရင် မြစ်ထဲဆင်းပြီး ရေထဲ ခုန်ချသတ်သေမယ်လို့ မိဘတွေကို ခြိမ်းခြောက်တဲ့အထိပါပဲ။

အဲဒီလိုမျိုးပဲ အဖေနဲ့မှ မယူရရင် ထမင်းမစားဘူးဆိုပြီး အစာငတ်ခံ ဆန္ဒပြ ခဲ့တာလည်း အမေပါပဲ။ နောက်ဆုံးမှာတော့ ဘယ်သူတွေ ဘယ်လောက်တားတား ဘယ်သူတွေ ဘယ်လောက်ဖျက်ဖျက် အဖေ့အပေါ်မှာချစ်တဲ့ အမေ့ရဲ့အချစ်က မပျက်ယွင်းဘဲ နှစ်ကိုယ်တူမပေါင်းရရင်မှ မနေနိုင်ပါဘူးဆိုတာကြောင့် အမေ့ရဲ့ အသက်အန္တရာယ် တစ်ခုခုဖြစ်မှာကိုစိုးရိမ်တဲ့ အမေ့ရဲ့ မွေးစားမိဘလည်းဖြစ် အဒေါ် လည်းဖြစ်တဲ့ ဒေါ်မမလေးမိသားစုက ဆယ်တန်းကျောင်းသူဘဝမှာပဲ အဖေနဲ့အမေ ကို လက်မှတ်ထိုးပြီး လက်ထပ်ပေးခဲ့ရလောက်အောင် ချစ်ခဲ့တာလည်း အမေပါပဲ။

အမေ့မိဘတွေကလည်း မိဘတို့ ဝတ္တရားရှိသည့်အတိုင်းပါပဲ။ အဖေနဲ့ အမေ လက်မှတ်ထိုးပြီး အဖေ့နောက်ကို အမေလိုက်သွားတဲ့နေ့ကစ အမွေပြတ် စွန့်လွှတ်လိုက်ပါတယ်။ ကျွန်တော့်အမေရဲ့အမေဟာ အဖေ့ကို ဘယ်လောက်ချစ် လဲဆိုရင် သူသေတဲ့အထိ စကားမပြောသလို မျက်နှာချင်းလည်း ဆိုင်မသွားခဲ့ပါဘူး။

ပေမယ့်လည်း အမေကတော့ အဖေ့ကိုချစ်တဲ့စိတ်နဲ့ အရာရာကိုမေ့ပြီး ဘယ်လောက်တောင် ပျော်နေသလဲဆိုရင် ကျွန်တော်တို့ မောင်နှမလေးယောက် လူ့လောကထဲကို ရောက်လာတာဟာ သက်သေပါပဲ။

စာကိုယ်လာပါပြီ။ တစ်သက်လုံး သူဌေးသမီးဘဝနဲ့ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ရွှေလင်ဗန်းနဲ့ အချင်းဆေးပြီး ရွှေဇွန်းကိုက်မွေးခဲ့တဲ့ ကျွန်တော့် အမေဟာ အဖေ့ရဲ့အမေနဲ့ တွေ့ပါပြီ။ အမေဆိုတာကလည်း ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ အငယ်ဆုံးသားကို အချစ်ဆုံးဖြစ်နေတတ်ကြတာ လောကရဲ့ သဘာဝတစ်ခုလို ဖြစ်နေပါပြီ။ ဆယ်တန်းကျောင်းသားအရွယ်ဆိုတာ အဖွားအတွက် တော့ နို့နံ့တောင်မစင်သေးတဲ့ ကလေးတစ်ယောက်လိုပဲ အဖေ့ကိုမြင်နေမှာ အမှန်ပါ ။ သူ့ရင်ခွင်ထဲ သူ့နှလုံးသားထဲက သူ့သားကို ဆွဲထုတ်သွားတဲ့ အမေ့ကို မဟာမိတ် တစ်ယောက်လို မကြိုဆိုနိုင်တာ အဖွားရဲ့အပြစ်တော့လည်း မဟုတ်ပါဘူး။

'ပညာရှိအမျက် အပြင်မထွက်နဲ့' ဆိုတဲ့စကားအတိုင်း အမေကြီးဟာ အဖေ့ရဲ့အမေကို ကျွန်တော်တို့မြေးတွေအားလုံးက အမေကြီးလို့ပဲ ခေါ်တဲ့အတွက် နောက်စာမျက်နှာမှ ကျွန်တော် ဆက်ရေးပါ့မယ်) သူအရမ်းချစ်တဲ့သားကို သူ့ရင်ခွင်ထဲက ဆွဲထုတ်သွားတဲ့ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်အပေါ် သူ့ရဲ့ အမုန်းတွေကို ညင်ညင်သာသာ ဖောက်ခွဲပါတယ်။ ညင်သာသည်ဖြစ်စေ ပြင်းထန် သည်ဖြစ်စေ အမေကတော့ အဖေ့ကိုချစ်တဲ့ သူ့ရဲ့အချစ်နဲ့ မသိလိုက်မသိဘာသာဘဲ ဖြတ်ကျော်သွားပါတယ်။

အမေကြီး အမေ့အပေါ်မှာ ဖောက်ခွဲခဲ့တဲ့ အမုန်းတွေဟာ တကယ့်ကို ညင်သာပါတယ်။ နင်တစ်လုံး ငါတစ်လုံးနဲ့ ကြိမ်းမောင်းဆဲဆို ဆူပူဝေါက်ငမ်းခြင်း မရှိဘဲ သားငါးယောက် သမီးတစ်ယောက်ရှိတဲ့ အိမ်ထောင်တစ်ခုလုံးရဲ့ တာဝန်ကို "ခင်ရီ မိန်းကလေးဆိုတာ အိမ်ထောင်ကျရင် အိမ်ထောင်မှုကို နိုင်နင်းဖို့လိုတယ်၊ အခု ညည်း ငါ့သားနဲ့ရပြီဖြစ်တဲ့အတွက် အိမ်ထောင်မှုကို နိုင်နင်းအောင် ငါသင် ပေးမယ်" ဆိုပြီး တစ်အိမ်လုံးရဲ့ ဝန်ထုပ်ဝန်ပိုးကို အမေ့ပခုံးပေါ် ပြောင်းတင်ပေး လိုက်ပါတယ်။

အိမ်အလုပ်မှန်သမျှ ကျွန်တစ်ယောက်လို အမေ့ကို ခိုင်းပါတယ်၊ ဟင်းချက်စရာ ဝယ်တာကအစ ငါးကိုင်တာအလယ် ထမင်းချက်တာအဆုံး တစ်အိမ် လုံးမှာရှိသမျှ အသက်အရွယ် သိပ်မကွာတဲ့ ခဲအိုတွေရဲ့ အကျႌ လုံချည် စွပ်ကျယ်နဲ့ အတွင်းခံဘောင်းဘီတွေ လျှော်ခိုင်းတာ အထိပေါ့။ ကျွန်တော့်အမေရဲ့ အချစ်က လည်း အင်မတန်ပြင်းထန်ပါတယ်။ အမေကြီးခိုင်းတဲ့ အဲဒီအလုပ်တွေကိုများ

သူမလုပ်ခဲ့ရင်၊ သူမလုပ်နိုင်ခဲ့ရင် သူ့ယောက္ခမက အဖိုးတန်လှတဲ့ သူ့သားနဲ့အပြီး သူ့ကို ဆင်းရဲတွင်းထဲကနေ ရွှေဘုံပေါ် ကို ကန်မျှားထုတ်လေမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ တစ်ခါမှ မလုပ်ခဲ့ဘူးတဲ့ အလုပ်တွေကို အမေ ကုန်းရုန်းပြီးလုပ်ခဲ့ပါတယ်။ တစ်အိမ်လုံးမှာ ရှိသမျှအလုပ်တွေကို အစေခံမငှားဘဲ အမေ့ကိုပဲ ခိုင်းပါတယ်။

ခိုင်းသမျှကို တစ်ချက်မညည်းဘဲ သူဌေးသမီးချွေးမ အစေခံအဖြစ်နဲ့ သူလုပ်ခဲ့ပါတယ်။ အဖေ့အပေါ်မှာချစ်တဲ့ အချစ်ရဲ့ဒဏ်ကို အမေ အဲဒီလို ခံခဲ့ပါတယ်။ သူဌေးသမီးတစ်ယောက်ဘဝကနေ အစေခံတစ်ယောက်လို အမေ အလုပ်တွေ ဘယ်လောက် လုပ်ခဲ့ရသလဲဆိုရင် ကျွန်တော် လူမှန်းသိတတ်လို့ အမေ့လက်တွေကို ကိုင်ကြည့်တဲ့အချိန်မှာ အမေ့လက်တွေမှာ လက်သည်းတွေ မရှိတော့ပါဘူး။ အဲဒီလိုပဲ ခြေထောက်တွေကို ငုံ့ကြည့်လိုက်တဲ့အချိန်မှာလည်း ခြေသည်းတွေ မရှိတော့ပါဘူး။ ကလေးတစ်ယောက်ပီပီ အလိုက်ကန်းဆိုးမသိစွာ အမေ့မှာ ဘာဖြစ်လို့ ခြေသည်းလက်သည်းတွေ မရှိတော့တာလဲလို့ ကျွန်တော် မေးလိုက်တဲ့အချိန်မှာ ဒဏ်ရာတစ်ခုကို ကာကွယ်ချင်လို့ ဟန်ဆောင်တဲ့ အပြုံးမျိုးပြုံးရင်း အမေ ကျွန်တော့်ကို ဖြေပါတယ်။ သွေးသားနုနုအချိန်မှာ ဆပ်ပြာတွေ၊ ဆပ်ပြာမှုန့်တွေကိုကိုင်ပြီး အဝတ်တွေ အကြိမ်ပေါင်းများစွာ လျှော်ခဲ့ရတော့ အမေ့ရဲ့ခြေသည်းလက်သည်းတွေလည်း ဆော်ဒါတွေစားပြီး ချွေးသွားတာပေ့ါ သားရယ်လို့ အမေဖြေပါတယ်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ အမေ ဘာဖြစ်လို့လျှော်ရတာလဲ တစ်ယောက်ယောက်ကို လျှော်ခိုင်းရင်ပြီးတာပဲ မရဘူးလားလို့မေးတော့ အမေ မလျှော်ရင် အမေကြီးက အမေ့ကို ဘယ်ကြည်ဖြူပါ့မလဲ သားရယ် အမေ့အပေါ်မှာ သူမကြည်ဖြူဘူးဆိုရင် မင်းအဖေနဲ့အမေ့ကို ကွဲအောင် သူလုပ်မှာပေ့ါ။ ဒို့မြင်လူတွေက အမေပြောရင် တစ်လ မယားပြောရင် တစ်ညဆိုပေမယ့် မင်းအဖေက သူ့အမေကို အမေ့ထက် ပိုချစ်တယ်သားရဲ့။ အဲဒီတော့ သူ့အမေက သာ မင်းမယားငါခိုင်းတာမလုပ်ဘူး ကွဲလိုက်ဆိုရင် သူကွဲမှာ သေချာတယ်။ အဲဒီလိုအဖြစ်မျိုးကို အမေ အဖြစ်မခံနိုင်ဘူးလေ့ဆိုပြီး အဖျားမှာ လှိုက်ခတ်သွားတဲ့ အသံမျိုးနဲ့ ကျွန်တော့်ကို ရှင်းပြပါတယ်။ ယောက္ခမအပေါ် အောက်မကျချင်တဲ့စိတ်ရယ် အမေ့ ခွဲရမှာကို စိုးတဲ့စိတ်တွေရယ်နဲ့ အလုပ်တွေ သိမ်းကြုံးလုပ်ခဲ့တဲ့ကျွန်တော့် အမေ ခြေသည်းလက်သည်းညှပ်ရတဲ့ တာဝန်တော့ ငြိမ်းသွားတာပေ့ါ။

အဖေနဲ့ပတ်သက်ပြီး အမေ အဲဒီလိုချစ်သလောက် တာဝန်ကျေခဲ့သလောက် အဖေ့ဘက်ကတော့ အမေနဲ့ပတ်သက်ရင် ဘာတစ်ခုမှ တာဝန်မကျေခဲ့ပါဘူး။ အမေ့ရင်ရိုပ်နဲ့ မလွတ်သေးတဲ့ သားပီပီ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကိုယ့်

ဆောင့်တာဝန်ကို ကိုယ်မယူနိုင်ခဲ့သလို ယူဖို့လည်း သူ အားမထုတ်ခဲ့ပါဘူး။ မေ့ကို လက်မှတ်ထိုးပြီး ခေါ်သွားခဲ့တာကိုက အမေကြီးရဲ့ အိမ်ကိုပါ။ သူများ ညို့ ကိုယ့်အိုးကိုယ့်အိမ် မဟုတ်ပါဘူး။ အမေ့ကို အမေကြီးအိမ်မှာထားပြီး ာင်းသားစိတ် မပျောက်သေးတဲ့ အငယ်ဆုံးသားပီပီ အမေကြီးဆီက မုန့်ဖိုး င်းပြီး သူသွားချင်တဲ့နေရာကို သွားပါတယ်။ သူလုပ်ချင်တာကို သူလုပ်ခဲ့ ယ်။ အဲဒါ ဘယ်အချိန်ထိလဲဆိုရင် အမေနဲ့ ကျွန်တော်တို့ မောင်နှမတွေကို ခဲ့ပြီး အဝေးဆုံးခရီးကို သူထွက်သွားတဲ့အထိပါပဲ။

အမေ့ရဲ့စားဝတ်နေရေးနဲ့ပတ်သက်ပြီး အဖေက တာဝန်မယူခဲ့တဲ့အတွက် ့အပေါ်မှာ အမေ အပြစ်မြင်တာမျိုး ငြူစူနေတာမျိုး ကျွန်တော် တစ်ကြိမ် ခါမှ မကြားဖူးခဲ့ပါ။ အဖေတာဝန်မယူပေမယ့် အမေ ကျွန်တော်တို့ မောင်နှမ ကို လူဖြစ်အောင် လူရာဝင်အောင် လူတန်းစေ့အောင် ဘယ်လိုကျွေးမွေး ်ရှောက်ခဲ့သလဲဆိုရင် အဖေ့ဘဝထဲကို သူဝင်လာတုန်းက သူနဲ့အတူပါလာတဲ့ တွေကို ရောင်းချပေါင်နှံတဲ့နည်းနဲ့ပေါ့။

တစ်ခါတစ်လေမှာ သားသမီးတွေကို စနီးတင်ချင်ရင် မိဘတွေကပြော ယ်။ 'ဟဲ့ နင်တို့ကို ရွှေနဲ့ဆက်ပြီး မွေးခဲ့တာ' လို့။ အဲဒီစကားဟာ ကျွန်တော် မောင်နှမလေးယောက်အတွက်တော့ အမှန်တရားပါပဲ။ ယူထားတဲ့မိန်းမကို ့အိမ်မှာတင်ထား မွေးလာတဲ့သားသမီးတွေရဲ့ စားဝတ်နေရေးကို တစ်ချက် သေးမှ ပူဖော်မရတဲ့ အဖေ့ကို ပူစရာအကြောင်းလည်းမပြောဘဲ ရှိသမျှ ရွှေ ကို ရောင်းချပြီး လူလားမြောက်အောင် အမေစောင့်ရှောက်ခဲ့တာ ကျွန်တော် န်းနှစ်ရောက်တဲ့အထိပါပဲ။ ကျွန်တော် ငါးတန်းရောက်တဲ့အချိန်မှာတော့ ့လက်ထဲမှာ ရောင်းစရာရွှေ ခြူးတစ်ပြားတောင် မရှိတော့ပါဘူး။

ကလေးဘဝကတည်းက ကံကောင်းတဲ့လူတွေထဲမှာ ကျွန်တော်လည်း ယ်ထင်တယ်။ အဖေ့ကိုယူလိုက်လို့ အမေ့ကိုပစ်ထားတဲ့ အမေ့ရဲ့အမေဟာ ်တော်မွေးတဲ့အချိန်ကစပြီး သူ့မြေးရဲ့မျက်နှာကိုကြည့်ချင်လို့ လာပြပါဆိုတဲ့ းနဲ့အတူ အမေ့ကို မေမေညွန့်က သူ့အိမ်ကိုပြန်ပြီး ဝင်ခွင့်ထွက်ခွင့် ပါမစ် းလိုက်ပါတယ်။ (အမေ့အမေကို ကျွန်တော်တို့မောင်နှမတွေအားလုံး မေမေ ့သို့ ခေါ်ပါတယ်) ဘယ်တော့များမှ အဆုံးသတ်မယ်ဆိုတာမသိတဲ့ အဖေနဲ့ ့ရဲ့ အကြောင်းကို ကျွန်တော် ဆက်ရေးပါဦးမယ်။

**မင်းအုပ်ရိုး**

# အဖေနဲ့အမေအကြောင်း

ဆွေဂုဏ်မျိုးဂုဏ်ကြီးပြီး ကြိုကြိုတက်ချမ်းသာတဲ့ တစ်ဦးတည်းသော သ ကျွန်တော့်အမေနဲ့ မြေကြီးကိုတူးဆွ အပင်ပေါက်အောင်စိုက်၊ ကျွဲပခုံးထအော ရေလောင်းမှ စိုက်ဆံရတဲ့မိသားစုကနေ ပေါက်ဖွားလာတဲ့ ကျွန်တော့်အဖေနဲ့ သွားကြတဲ့အချိန်မှာ အမေ့ဘက်မိဘတွေက သဘောမတူဘူးဆိုပြီး အမေ့ပြတ် လွှတ်လိုက်ကြတာ အမေ့ရဲ့မိဘတွေမမှားပါဘူး။

အဖေ့ဘက်ကဆင်းရဲရုံတင်မကဘဲ အဖေကိုယ်တိုင်ကလည်း အလုပ် တဲ့အတွက် အမေ့မိဘတွေလို ချမ်းသာတဲ့ မိသားစုမဟုတ်ဘဲ သာမန်မိသားစုတ ဆိုရင်တောင် သမီးရှင်တွေဘက်က သဘောတူချင်လောက်စရာမရှိပါ ဘယ်သမီးရှင်ကမှ သဘောတူလောက်စရာမရှိတဲ့အဖေ့ကို ကျွန်တော့်အမေ ရွှေပုံကြီးပေါ်ကနေ ခုန်ဆင်းပြီးယူတဲ့အတွက် အဖေ့မိသားစုက အမေ့ကို ဝမ်း တသာ လိုက်လိုက်လှဲလှဲ ကြိုဆိုကြလိမ့်မယ်လို့ ထင်စရာရှိပါတယ်။ ဒါပေမယ့် အ နောက်ကိုလိုက်လာတဲ့ အမေ့ရဲ့မင်္ဂလာဦးညဟာ သိပ်တော့ရုပ်ရှင်မဆန်ခဲ့ပါ

ခမ်းခမ်းနားနားပြင်ဆင်ပြီး ဝမ်းပမ်းတသာကြိုဆိုနေတဲ့ မိသားစုဝ ကို အိမ်ရှေ့မှာမတွေ့ရသလို သတို့သားနဲ့ သတို့သမီးကို ရွှေကြိုးတားပြီးကျီစယ်တ ငွေကြိုးတားပြီး ကျီစယ်တာတို့ မရှိပါဘူး။ အစ်ကိုလေးယောက်ဖြစ်တဲ့ ခဲအို ယောက်ဟာ အိမ်ရှေ့ညောင်ခုံးမှာတစ်ယောက်က ပုဆိုးပြဲကို အပ်ချည်နှင့် သီချုပ် နေသလို နောက်တစ်ယောက်ကလည်း ဆန်ကာခုံးထဲမှာထည့်ထားတဲ့ စံပယ် တွေကို အပ်ချည်ကြိုးနဲ့သီနေပါတယ်။ ဒုတိယမြောက် ဦးလေးဖြစ်တဲ့ ဦးကျော် ကတော့ စာဖတ်ဝါသနာပါသူပီပီ သူတို့ခေတ်က အရမ်းရေပန်းစားခဲ့တဲ့ လင်း မောင်မောင်ရဲ့ ချေခွေဘားရား အထုပ္ပတ္တိစာအုပ်ကို စိတ်ဝင်တစား ဖတ်နေပါတ အစ်ကိုအကြီးဆုံး လူပျိုကြီးကတော့ မနက်ဈေးသည်တွေကိုပေးဖို့အတွက် ချဉ် ရွက်တွေကို အမေကြီးနဲ့အတူတူ ဝိုင်းစည်းနေပါတယ်။ ယောက္ခထီးဖြစ်တဲ့ ကျွန် အဖိုး ဦးကံအေးကတော့ လက်ဖက်ကလေး တစ်ဖွန်းစားလိုက်၊ ရေနွေးကြမ်းတ

မင်းအုပ်



သောက်လိုက်နဲ့ မွေပဒစာအုပ် တစ်အုပ်ကိုစိတ်ဝင်တစားဖတ်နေပါတယ်။

အိမ်ကိုပါလာတဲ့ အသစ်စက်စက်သတို့သမီးလောင်းကလေး အသစ်စက်စက် ချွေးမလေး မနီးကလေးကို သူတို့တွေရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ စာအုပ်တွေ ယ်ပန်းတွေ၊ ချဉ်ပေါင်ရွက်စည်းတွေ၊ ပုဆိုးစုတ်တွေလောက် စိတ်ဝင်တစား မဲ့တာတော့ အမှန်ပါပဲ။ ထိုင်ပါလို့လည်း ဘယ်သူကမှ ဧည့်ဝတ်မကျေပြွန်ပါဘူး။ စ်မိသားစုလုံးက ဧည့်ဝတ်မကျေပြွန်ပေမယ့်လည်း အဖေကတော့ ဧည့်ဝတ်ကျေပြွန်ပါတယ်။ ချဉ်ပေါင်ရွက်ထိုင်စည်းနေတဲ့ သူ့အမေနားကို အသာတိုးထိုင်ရင်း 'အမေ ဒီမှာ မခင်နီပါလာပြီလေ'လို့ ပြောလိုက်ပါတယ်။

ချဉ်ပေါင်ရွက်စည်းနေတဲ့အမေကြီးက အမေ့ကို တစ်ချက်ကြည့်လိုက်ရင်း "ဘာကယ်ဆိုရင် ညည်းရော ငါ့သားရော ဒီအရွယ်တွေက ကျောင်းနေပြီး စာသင်ကြမယ့်အရွယ်တွေ။ အေးလေ ဖြစ်တာလည်းဖြစ်ပြီးပြီဆိုတော့ ပြောနေလည်းအပိုပါပဲ။ ညည်းကို ငါ တစ်ခုတော့ပြောချင်တယ်။ အပျိုဘဝ ကျောင်းသူဘဝတုန်းက ညည်းမိဘအိမ်မှာ ဘယ်လိုပဲနေခဲ့နေခဲ့ အခုယောကျ်ားရလို့ အိမ်ထောင်သည်ဖြစ်လာပြီဆိုရင်တော့ အိမ်ထောင်သည်နဲ့တူအောင် နေရမယ်။ အိမ်မှုကိစ္စတွေ နိုင်နင်းအောင်လုပ်ရမယ်။ ငါတို့အိမ်မှာတော့ လူတိုင်း အလုပ်နဲ့လက် မပြတ်လုပ်နေကြရတာပဲ။ အဲဒီတော့ ညည်းလည်း ညည်းလုပ်နိုင်တာလုပ်ပေါ့အေ"လို့ ယောက္ခမတွေ ပြောလေ့ရှိတဲ့ ဓါတ်ပြားဟောင်းကြီးတစ်ခုကို ဖွင့်ပြပါတယ်။

သူ့အဲဒီလိုပြောနေတဲ့အချိန်မှာပဲ ကျွန်တော့်အမေရဲ့စိတ်ထဲမှာ ဆုံးဖြတ်ချက်တစ်ခု ချပြီးသားဖြစ်နေခဲ့တာပါ။ အမေဟာ ငယ်ငယ်လေးကတည်းက ဘယ်သူ့အောက်မှမကျချင်သလို ဘယ်သူ့အပြစ်ပြောတာကိုမှလည်း မခံချင်တတ်တဲ့လူစားမျိုးပါ။ အမေကြီး သူ့ကို အဲဒီလိုပြောလိုက်တာဟာ အိမ်အလုပ်တွေကို လုပ်စေချင်လို့ ပြောလိုက်မှန်း သူသိပါတယ်။ သူများအပြစ်ပြောတာ မခံချင်တဲ့အမေ အဲဒီညမှာပဲ တို့လင်မယားနှစ်ယောက် အိမ်ခွဲမနေနိုင်မချင်း အမေကြီး အပြစ်တင်ခြင်း မခံရအောင် သူတတ်နိုင်သလောက် အလုပ်တွေ လုပ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒါကြောင့်လည်း ချဉ်ပေါင်ရွက်စည်းနေတဲ့ အမေကြီးကို စေ့စေ့ကြည့်ပြီး စိတ်ချပါ ကျွန်မလုပ်နိုင်သလောက် အလုပ်တွေအကုန်လုံး ကျွန်မလုပ်ပါ့မယ်။ ပေမယ့် အိမ်မှာတုန်းက ဘာတစ်ခုမှမလုပ်ခဲ့ရတဲ့အတွက် ကျွန်မ အိမ်မှုကိစ္စတို ဘာမှမလုပ်တတ်ပါဘူး၊ အဲဒီအတွက် အမေကြီးကလည်း ကျွန်မကို သင်ပေးပါ ကျွန်မဟာ ကျွန်မလည်း သင်ပါ့မယ်။ တကယ်လို့ ကျွန်မမှားတယ်ဆိုရင်လည်း ဆုံးမပါ။ ကျွန်မဘက်က ခံဖို့အသင့်ပါပဲ။ ကျွန်မရဲ့လုပ်တာတိုင်းတာ နေတာထိုင်တာ

အမေကြီးအမြင်မှာ အဆင်မပြေဘူးဆိုရင် ကျွန်မကိုမျက်နှာချင်းဆိုင်ပြီး ဆုံးမ
ပြောပါ။ နောက်ကွယ်မှာ အတင်းတော့မပြောပါနဲ့။ ကျွန်မအတင်း သူများပြော
လည်း မကြိုက်သလို သူများအတင်းကိုလည်း ကျွန်မ မပြောတတ်ပါဘူး။ ဒီအိမ်
နေတဲ့တစ်လျှောက်လုံး အမေကြီးစိတ်တိုင်းကျဖြစ်အောင် အိမ်အလုပ်တွေကို ကျွ
လုပ်ပါ့မယ်'

ဒီစကားတွေဟာ ကျွန်တော့်အဘွားနဲ့ ကျွန်တော့်အမေကြားမှာ ရှိနေခဲ့
အားပြိုင်မှုတွေရဲ့အစပါပဲ။ စကားလုံးတွေနဲ့စပြီး စစ်ပြင်ဆင်နေကြတဲ့ သဘော
ကျွန်တော့်အဖေရဲ့မိတ်ဆက်ပေးမှုကြောင့် မိသားစုဝင်တွေအားလုံးနဲ့ အမေနဲ့ 
စကားပြောပြီးတဲ့အချိန်မှာတော့ အဖေဟာ အမေ့ကို သူတို့နှစ်ယောက်အကြော
ဆက်ပေါင်းဖက်ပြီး အိပ်ရမယ့်အိပ်ခန်းဆီခေါ်သွားပါတယ်။

ရိုးကုမ္ပဏီကမှာထားတဲ့ စတီးကုတင်ကြီးပေါ်မှာ ဒန်းလော့မွေ့
အထူကြီးကိုခင်း လေအေးပေးစက်တပ်ထားတဲ့အခန်းထဲက မင်္ဂလာအိပ်ခန်း
တော့ မဟုတ်ပါဘူး။ ကျူဖျာနဲ့ကာထားပြီး ကြမ်းပြင်ပေါ်မှာ နှစ်ယောက်
သင်ဖြူးဖျာနွမ်းနွမ်းတစ်ချပ်ကိုခင်းပြီး ခေါင်းအုံးအသစ်နှစ်လုံးတင်ထားတဲ့ အိပ်
ဟာ ကျွန်တော့်အဖေနဲ့အမေရဲ့ မင်္ဂလာအိပ်ခန်းပါပဲ။

မိဘတွေရဲ့ လက်ထဲမှာတုန်းကတော့ ကုတင်ပေါ်မှာ မွေ့ရာခင်
ပန်ကာနဲ့မှ အိပ်တတ်တဲ့အမေဟာ သူ့အတွက်အဖေပြင်ဆင်ပေးထားတဲ့ အဲဒီ မင်
အိပ်ခန်းမှာပဲ ကျေကျေနပ်နပ် ကြည်ကြည်နူးနူးနဲ့ မင်္ဂလာဦးညကို ဖြတ်သန်
နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခဲ့ပါတယ်။ အမေကတော့ ကျွန်တော့်ကို ပြုံးတဲ့
ပြောခဲ့ပါတယ်။ 'အနေဆင်းရဲပေမယ့်လည်း မင်းအဖေကို အမေက ချစ်တာဆို
အဲဒီလိုအိပ်ရပေမယ့်လည်း ကိုယ်ထင်ကုတင်ရွှေနန်းပေါ် ငါသားရယ်'တဲ့။ အဲဒီစ
ပြောပြီး အမေအဝေးကြီးကို အကြာကြီးငေးနေခဲ့ပါတယ်။ ကုတင်ရွှေနန်းပေါ်
အဖေနဲ့အမေ ကြည်နူးချစ်ကြည်နေတာကို ပြန်မြင်ယောင်နေတာပဲဖြစ်မယ်
ကျွန်တော်တော့ထင်ပါတယ်။ တကယ်လို့များ ဒီစာရေးနေတဲ့အချိန်မှာ ကျွန်တော်
သားအမိနှစ်ယောက်ရဲ့အနားမှာ အဖေများရှိနေဦးမယ်ဆိုရင် အမေပြုံးတုံးတုံးလု
ဟိုညလေးကို မှတ်မိသေးလား လအရမ်းသာလို့ တို့နှစ်ယောက် အပြင်ထွက်
တာလေလို့ အမေကမေးလိုက်မယ်ဆိုရင် ဘာစကားမှပြန်မပြောဘဲ အမေ့ကိုပြုံးကြ
နေမှာ သေချာပါတယ်။

အဖေနဲ့အမေရဲ့ မင်္ဂလာဦးညမှာ ရွှေကြီးတားတဲ့လူမရှိ ခဲဖိုးတောင်
လူမရှိ ချွေးမငယ်ငယ်ချောချောလေးကိုရလို့ ဝမ်းသာကြတဲ့လူမရှိ ညီမလေး

ဘောထားရမယ့် ခယ်မတစ်ယောက်တော့ ငါတို့ကောက်ချေပြီဆိုပြီး ဝမ်းသာမယ့် ...မရှိ၊ ဒဲဒီလိုမရှိခြင်းတွေအများကြီးနဲ့ အမေ့ရဲ့မင်္ဂလာဦးညဟာ ကြီးကျယ်ခမ်းနား ...နေခဲ့တာပါ။

နောက်တစ်နေ့မနက်မှာတော့ အမေ့အစ်ကိုကြီးရဲ့မိန်းမ ဒေါ်သိန်းလှဟာ အမေ့ကို စိတ်မချတဲ့အတွက် အမေကြီးတို့အိမ်ကို ရောက်လာပါတယ်။ ကြီးကြီး ဒေါ်သိန်းလှဟာ မေမေနဲ့ဆိုရင် သမီးယောက်မဆိုပေမယ့် အမေ့အပေါ်မှာ တကယ့် ...မအရင်းလေးတစ်ယောက်လို ချစ်ခင်ခဲ့တာပါ။ ဒါ့ကြောင့်လည်း သူ့ညီမလေး ...မွေ့ပြတ်စွန့်လွှတ်ခဲ့ပြီး ယောကျ်ားမျက်နှာ တစ်ရွာထင် လိုက်သွားတယ်ဆိုတော့ ...တတ်နိုင်သလောက်လေး အားပေးကူညီဖို့အတွက် အင်မတန်ခေါင်တဲ့ အောင် ...ပြေလို နေရာမျိုးကို အရဲစွန့်ပြီးသူလိုက်လာတာပါ။ တကယ်လို့များ မေမေ့ဆီကို ...လာတွေ့တယ်ဆိုတာ မေမေညွှန့်တို့သိသွားလို့ကတော့ ချေမြှုကန်ရှေ့က နှစ်ထပ် ...က်ကြီးပေါ်ကနေ သူခေါင်းနဲ့ဆင်းရမှာပါ။

ကြီးကြီးဒေါ်သိန်းလှက အမေကြီးကိုစပြောပါတယ်။ အမေဟာ တစ်ဦး ...ည်းသောသမီးဖြစ်တဲ့အကြောင်း၊ ကျောင်းသူတစ်ယောက်ဖြစ်တဲ့ အကြောင်း၊ ...မေ့ကိုသူ့မိဘတွေက ပင်ပန်းတဲ့အလုပ်လည်း မခိုင်းသလို အိမ်မှုကိစ္စဆိုတာလည်း ...တစ်ခုမှမခိုင်းတဲ့အကြောင်း၊ တစ်ဦးတည်းသောသမီးဖြစ်တဲ့အတွက် ချေမွှေးမီး ...လာင်၊ လက်မှေးမီးမလောင်အောင်ထားတဲ့အကြောင်း၊ ဘာမှမလုပ်ခဲ့ဖူးတဲ့အတွက် ...မှလည်းမလုပ်တတ်ကြောင်း၊ ဖြစ်နိုင်ရင် အမေ့ကို အဲဒီအလုပ်တွေ မခိုင်းစေချင် ...ဲ့ အကြောင်း၊ သံတမန်တစ်ယောက်ရဲ့ စကားလုံးမျိုး လေယူလေသိမ်းမျိုးနဲ့ ...မေကြီးကို လာနားချတာပါ။

ကြီးကြီးဒေါ်သိန်းလှ လာပြောသွားပြီး ပြန်သွားတာနဲ့ သူချစ်တဲ့ယောကျ်ား ...အမေ မငြိုငြင်အောင်ရယ် အမေကြီးကို သူပေးခဲ့တဲ့ကတိ တည်ဖို့အတွက်ရယ် ...ဘာလုပ်ရမလဲလို့ အကြိတ်အနယ်စဉ်းစားပါတယ်။ ဘာကြောင့် အကြိတ်အနယ် ...စဉ်းစားရသလဲဆိုရင် ကျွန်တော့်အမေဟာ သူ့မိဘတွေ အိမ်မှာနေတုန်းက အိမ် ...လုပ်ဆိုတာကို ယောင်လို့တောင် မလုပ်ခဲ့ဖူးပါဘူး။ အခု တကယ်တမ်း အိမ်မှု ...ငှလုပ်ရမယ်ဆိုတော့ သူ့မှာ ဘာအတွေ့အကြုံမှမရှိသလို ဘယ်ဟာကိုမှလည်း ...မယ်ရရ တတ်မြောက်ထားတာမရှိပါဘူး။ ဒါနဲ့ပဲ အိမ်ထဲမှာရော အိမ်ပတ်ဝန်း ...ကျင်မှာပါ သူဘာလုပ်နိုင်သလဲဆိုတာကို အမေလိုက်ရှာပြီးကြည့်ပါတယ်။ အတဲခတ် ...တယ်။ အိမ်ရှေ့မြောင်းပေါ်မှာ ဖြတ်ခင်းထားတဲ့ သစ်သားတံတားပေါ်မှာ ထော်ထောင် ...ခုံး အောက်ကတစ်ရွေ့ရွေ့စီးဆင်းနေတဲ့ ရေတွေကို ကြည့်နေရင်းကြည့်နေ

ရင်းမှာပဲ အမေဟာ သူလုပ်နိုင်တဲ့အလုပ်ရဲ့အဖြေကို တွေ့သွားပါတယ်။

ကျွန်တော်တို့ရပ်ရွာတွေမှာ အဲဒီအချိန်ကနေစပြီး အခုအချိန်အထိပိုက်လိုင်းနဲ့ ရေပေးဝေတဲ့စနစ်မရှိသေးပါဘူး။ သောက်ရေကို ကန်ထဲကခပ် ရာဝင်အိုးထဲမှာထည့်ပြီး လှောင်ထားကြသလို သုံးရေကိုတော့ အိမ်ရှေ့မြောင်းထဲမှာ အမြဲတမ်းအတက်အကျရှိနေတဲ့မြောင်းရေကို ပုံးနဲ့ခပ် ကွန်ကရစ်စည်ထဲပဲဖြစ်ဖြစ်၊ စည်ပိုင်းပြတ်ထဲပဲဖြစ်ဖြစ်၊ ငါးဆယ်ဝင်အိုးထဲပဲဖြစ်ဖြစ် ထည့်ပြီးသုံးကြတာပါ။

အိမ်ထောင်စုကြီးရင်ကြီးသလို လူများရင်များသလို ရေကုန်တဲ့ပမာဏကွာခြားတတ်ပါတယ်။ တစ်မိသားစုလုံးစိုက်ပျိုးရေးလုပ်ပြီး သားလူပျိုတွေ အများကြီးရှိနေကြတဲ့ အမေကြီးအိမ်မှာ သုံးရေဆိုတာ အမြဲမပြတ်လိုအပ်နေတာပါ။ အဲ လိုအပ်ချက်ကနေစပြီး အမေဖြည့်ဆည်းပါတယ်။ အိမ်ရှေ့မြောင်းထဲကရေကို သံပုံးနဲ့ ခပ်ပြီးတော့ စည်ပိုင်းပြတ်ထဲထည့်ရတာ ဘယ်ဆရာနဲ့မှ သင်ဖို့မလိုသလို အခ သင်တန်းမှလည်း တက်ဖို့မလိုတဲ့အတွက် ရက်ပိုင်းအတွင်းမှာ ကျွမ်းကျင်သွား တယ်။

တစ်နေ့လုံးအတွက် လိုတဲ့သုံးရေကို အမေ့လက်နဲ့ သူကိုယ်တိုင်ခပ်ပြီး စည်ပိုင်းပြတ်ထဲမှာ အမြဲမပြတ်အောင် ဖြည့်ပေးထားပါတယ်။ တစ်ချိန်တုန်းက ပတ္တမြား၊ နီလာ၊ စိန်လက်စွပ်တွေကို တစ်နေ့တစ်မျိုးမရိုးအောင် ဝတ်ဆင်လာခဲ့တဲ့ အမေ့ရဲ့နူးညံ့ပျော့ပျောင်းတဲ့ လက်သွယ်သွယ်လေးတွေဟာ ရေတွေဆွဲရပါများလာ တော့ ရေပုံးကသံချောင်းနဲ့ ပွတ်တိုက်ပြီး အသားမာတွေတက်လာတာကြောင့် လက်ချောင်းလေးတွေ ကြီးလာပါတယ်။ အဲဒီလို လက်ချောင်းတွေ ကြီးလာတဲ့အတွက် လက်မှာဝတ်ထားတဲ့ လက်စွပ်တွေလည်း မတော်တော့ အကုန်ချွတ်ပြီး သိမ်းထား လိုက်ရပါတယ်။

ဒါဟာ အမေ့အတွက်တော့ နိမိတ်တစ်ခုပါပဲ။ နောင်တစ်ချိန်မှာ အဖေ အလုပ်မလုပ်လို့ ပိုက်ဆံမရှိတဲ့အတွက် သားသမီးတွေရဲ့ စားဝတ်နေရေးအတွက် အဆင်ပြေအောင် သူ့မိဘလက်ထက်ကဝတ်စားလာခဲ့တဲ့ အမေ့ရဲ့လက်ဝတ်လက် စားတွေကို တစ်ခုချင်းတစ်ခုချင်းရောင်းချပြီး စားသောက်ကြရတဲ့အတွက် အမေ့ လက်ဝတ်လက်စား ဘာတစ်ခုမှ ဝတ်စရာမလိုဘဲ အကုန်ချွတ်လိုက်ရလို့ပါ။ ဗေဒင် နိမိတ်ဆိုတာ တကယ်မှန်ပါတယ်။

ကျွန်တော့်အမေ ရေဆွဲရလွန်းလို့ လက်တွေအသားမာတက်ပြီး လက် ချောင်းလေးတွေနဲ့ လက်စွပ်လေးတွေ ခွဲလိုက်ရပေမယ့် အမေကတော့ အပြုံးမပျက် ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် လက်စွပ်လေးတွေနဲ့သူနဲ့ ခွဲရပေမယ့် အဖေနဲ့သူ

မခွဲရတဲ့အတွက်ပါ။ အမေ ခြံထဲကပြန်လာတာပဲဖြစ်ဖြစ် အပြင်ကပြန်လာတာပဲ ဖြစ်ဖြစ် ရေဆွဲနေတဲ့အမေ့ကိုတွေ့ရင် မခင်နီရယ် ဘာဖြစ်လို့ အလေးခံပြီးဆွဲနေရတာ လဲ၊ ငါဆွဲမှာပေါ့ ပေးပုံးဆိုပြီး အမေ့လက်ထဲကပုံးကို တစ်ခါမှမယူခဲ့ဖူးပါဘူး။ ရေဆွဲနေတဲ့ အမေ့ကို မြင်ပေမယ့်လည်း သူနဲ့မဆိုင်သလိုပဲ အိမ်ပေါ် တက်သွားပြီး သူ့အမေနဲ့ စကား ပြောချင်ပြောနေတတ်တာပါ။ အဲဒီလို အဖေနေပေမယ့်လည်း ကျွန်တော့်အမေကတော့ ဝိုင်းစုနိုင်သိန်းပြောသလိုပြောရရင် 'အပြစ်မမြင်ပါဘူး ချစ်ချင်တာပဲ သိတယ်နော့' လို့ ပြောရမလို ဖြစ်နေတာပါ။

ဝိုင်းစုတို့က အခုမှ အဲဒီလို ချစ်တတ်တာ။ ကျွန်တော့်အမေက လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်လောက်ကတည်းက သူတို့ချစ်တာထက် ပိုချစ်ခဲ့တာဆိုတော့ ခေတ်တော်စောတယ် ပြောရမှာပေါ့ဗျာ။ အမေသိပ်ချစ်တဲ့အဖေကတော့ အမေ ရေဆွဲ နေတာရော၊ လက်တွေ အသားမာတက်လို့ ကြီးလာတာရော၊ အမေ လက်စွပ်ဝတ်လို့ မရတော့တာရော၊ ဘာတစ်ခုမှသတိမထားမိသလို မလုပ်ပါနဲ့မိန်းမရာလို့လည်း တစ်ခွန်းမတားခဲ့ပါဘူး။ သူနဲ့မဆိုင်သလို ခပ်မဆိတ်နေခဲ့တာလည်း ကျွန်တော့် အဖေပါပဲ။ အမေကသာ အိမ်တာဝန်တွေကို သူနိုင်သလောက် လုပ်နေပေမယ့် ကျွန်တော့်အဖေကတော့ အိမ်အလုပ်ကို မလုပ်သလို စီးပွားရေးကိုလည်း မလုပ်ပါဘူး။ အဖေနဲ့အမေညားပြီးလို့ နှစ်ဆယ့်ငါးနှစ်လောက်ကြာတဲ့အထိ ပိုက်ဆံရမယ့်အလုပ်ကို ဘာတစ်ခုမှမလုပ်ဘဲ အိမ်ထောင်ဦးစီးတာဝန် မကျေပွန်ခဲ့ပေမယ့် ယောက်ျား တစ်ယောက်ရဲ့တာဝန်ကိုတော့ အဖေ တက်တက်ကြွကြွကြီးကို ကျေပွန်ခဲ့ပါတယ်။

ဘာကြောင့် အဲဒီလိုပြောရသလဲဆိုရင် အဖေနဲ့အမေညားပြီးလို့ တစ်နှစ် ကျော်ကျော်အကြာမှာပဲ ကျွန်တော့် အစ်ကိုကြီးကို မွေးခဲ့လို့ပါ။ အမေက အဖေ့ကို ဘယ်လောက်တောင်ချစ်သလဲဆိုရင် အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ တာဝန်မကျေ ပွန်လို့ အဖေ့ကိုအပြစ်မပြောသလို ယောက်ျားတစ်ယောက်ရဲ့ တာဝန်ကို တက်တက် ကြွကြွနဲ့ အရမ်းကိုကျေပွန်နေတဲ့အဖေ့ကိုလည်း အမေ အပြစ်မပြောခဲ့ပါဘူး။ အဲဒီလို အပြစ်မပြောခဲ့တဲ့အတွက်လည်း ကျွန်တော့်အစ်ကို အကြီးဆုံးရယ်၊ အစ်မ အကြီးဆုံး ရယ်၊ အစ်မအလတ်ရယ်ဟာ တစ်ယောက်နဲ့တစ်ယောက် တစ်နှစ်ကြီး တစ်နှစ်ငယ် ခြားပြီးမွေးလာတာ သက်သေပါပဲ။

ခေတ်အဆက်ဆက်မှာ ဘယ်တုန်းကမှမတည့်ခဲ့တဲ့ ယောက္ခမနဲ့ချွေးမ ရန်ပွဲကို စစ်ပြေငြိမ်းအောင် အသုံးချလိုက်တဲ့ ကျွန်တော့်အမေရဲ့နည်းဟာ အရမ်း သင်္ဘောသိမ်မွေ့ပါတယ်။ ဒါပေမယ့် သူတော့ တော်တော်လေး ခံဝန်နေပါတယ်။ အမေသုံးခဲ့တာ ဘာနည်းလဲဆိုတော့ မျက်စိအောက်မှာမြင်သမျှ သူလုပ်နိုင်တယ်

လုပ်တတ်တယ်လို့ ထင်ရသမျှကိစ္စတိုင်းကို ဘယ်သူ့အခိုင်းမှမခံဘဲ သိမ်းကျုံးလုပ်ခဲ့တာပါ။ ရေခွဲတဲ့အလုပ် တတ်ပြီးတဲ့အချိန်မှာတော့ အမေတစ်ဆင့်တက်ပြီးလုပ်တဲ့အလုပ်ကတော့ ထမင်းချက်တာပါပဲ။

ထမင်းချက်ရတယ်ဆိုပေမယ့် လွယ်လွယ်ကူကူ သက်သောင့်သက်သာတော့မဟုတ်ပါဘူး။ မြို့အလုပ် လယ်အလုပ်ကို မိုးလင်းကနေမိုးချုပ် လုပ်နေကြတဲ့ ယောက်ျားငါးယောက်ခြောက်ယောက် စားနိုင်တာ သာမန်လူတွေထက် နှစ်ဆလောက်တော့ပိုပါတယ်။ မနက်တစ်ပြည်၊ ညတစ်ပြည် ပုံမှန်ချက်ရတာပါ။ နို့ဆီဘူး တစ်လုံးချက်တောင် ယောင်လို့မချက်ခဲ့ရဖူးတဲ့ ကျွန်တော့်အမေ ဆန်တစ်ပြည်ချက်အိုးနဲ့ ကောင်းကောင်းကြီးဒုက္ခရောက်ပါတယ်။ နှစ်ရက်၊ သုံးရက်နဲ့တော့ ရေကိုမမှန်းတတ်သေးတဲ့အတွက် ထမင်းဟာ ပျော့သွားလိုက် မာသွားလိုက်ပါပဲ။

ယောက္ခထီးနဲ့ခဲအိုတွေက အလုပ်ကြမ်းသမားတွေ ဖြစ်တဲ့အတွက် ဆာလောင်နေတဲ့သူတွေဆိုတော့ ပျော့လည်းစားသလို မာလည်းစားလိုက်ကြတာပါပဲ။ ထမင်းပေါ်မှာ ဘာခံစားချက်မှမရှိပါဘူး။ ခံစားချက်ရှိတာကတော့ အမေကြီးပါ။ ညင်သာသိမ်မွေ့တဲ့ စကားလုံးလေးတွေနဲ့ အမေ့ကိုတိုက်ခိုက်တတ်ပါတယ်။

'ခြော်ဗ် ငါ့ချွေးမလေးလည်း ယောကျ်ားတော့ယူတတ်တယ်၊ ထမင်းတော့ အပေါက်အလမ်းတည့်အောင် မချက်တတ်သေးပါလား'တဲ့။ သူ့ငွေသိုးဘဝနဲ့ ဘယ်သူ့အပြောမှမခံခဲ့ရတဲ့ကျွန်တော့်အမေ။ သူအရမ်းချစ်တဲ့ ယောကျ်ားရဲ့အမေပြောတဲ့စကားကို ကြားလိုက်ရတဲ့အချိန်မှာတော့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုယောက္ခမကို ကတ်ကတ်လန်အောင် ပြန်ပြောတာမျိုးမရှိဘဲ နောက်တစ်ခါအဲဒီအပြောမျိုးမခံရအောင် ငါဘက်က ပိုပြီးကြိုးစားမယ်ဆိုတဲ့ မာနနဲ့ နောက်နေ့တွေက စပြီး ထမင်းကိုမပျော့မမာချက်တတ်အောင် သူကြိုးစားပါတော့တယ်။

ဒါဟာ ဒုတိယအနေနဲ့ တတ်မြောက်သွားတဲ့ အမေ့ရဲ့အတတ်ပညာတစ်ခုပါပဲ။ သုံးလှမ်းမြောက်ခြေလှမ်းအနေနဲ့ ယောက္ခမအိမ်မှာ ယောက္ခမကြည်ဖြူဖို့အတွက် အမေနောက်တစ်ခုလုပ်ပါတယ်။ အဲဒါကတော့ တစ်အိမ်လုံးမှာရှိတဲ့ အဝတ်အစားတွေအားလုံး သန့်စင်ပြောင်လက်အောင် လျှော်ဖွပ်တဲ့အလုပ်ပါပဲ။ အဝတ်အစားလျှော်တာ သိပ်ခက်ခဲတဲ့အလုပ်မဟုတ်ပေမယ့် မီးပူတိုက်တဲ့ နေရာမှာတော့ နည်းနည်းအခက်အခဲရှိပါတယ်။ ပုဆိုးခေါက်တာနဲ့ ထမီခေါက်တာ မတူသလို ရှပ်အင်္ကျီခေါက်တာနဲ့ တီရှပ်ခေါက်တာလည်းမတူပါဘူး။

ကိုယ့်အဝတ်အစားကိုတောင် လျှော်ဖွပ်မီးပူတိုက်ခြင်း တစ်ခါမှမရှိခဲ့တဲ့ ကျွန်တော့်အမေ အခုတော့ သူချစ်တဲ့ယောကျ်ားနဲ့ မခွဲရဖို့အတွက်ရယ်၊ သူမချစ်

ပေမယ့် သူ့ယောက်ျားချစ်တဲ့အမေကြီး သူတို့လင်မယားအပေါ်မှာ မငြိုငြင်အောင် ယ်အတွက် ကြိုးစားပမ်းစားတိုက်လိုက်တာ မီးပူတိုက်ခြင်းအတတ်ပညာကိုလည်း အောင်အောင်မြင်မြင် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားပါတယ်။

အချစ်ဝတ္ထုတွေထဲကလို မိန်းမလုပ်တဲ့သူက မီးပူလေးတိုက်၊ ဘေးက ယောက်ျားက ယပ်ကလေးခပ်ပေး၊ အဝတ်ကလေးကူခေါက်ပေးဆိုတဲ့ ခံစားမှုမျိုးနဲ့ အချိန်မျိုး အမေ့ဘဝမှာမကြုံခဲ့ရသလို ရှိလည်းမရှိခဲ့ပါဘူး။ အမေတစ်ယောက်တည်း အိမ်ရှေ့မြောင်းထဲကရေတွေကို တစ်အိမ်လုံးကလူတွေ အဆက်မပြတ်သုံးရဖို့အတွက် ာက်ဖဝါးတွေအသားမာအတက်ခံပြီး နေ့စဉ်ရက်ဆက် ရေခွဲနေရတဲ့အချိန်တွေ နက်တစ်ပြည်၊ ညတစ်ပြည်ကို မနိုင်မနင်းပုံပြီး ထမင်းချက်နေရတာတွေ ရှစ်ယောက် ိုးယောက်ဝတ်ထားတဲ့ အဝတ်အစားတွေကို တစ်ယောက်တည်းက နိုင်ခံပြီး လျှော်ဖွပ်မီးပူတိုက်တဲ့အလုပ်တွေ လုပ်နေတဲ့အချိန်မှာတော့ အမေ့နားမှာ အဖေမရှိ ဘူး။ အဖေက ခြံထဲမှာလိုလို၊ သူငယ်ချင်းတွေ ဆီမှာလိုလို၊ အမျိုးတွေဆီမှာလိုလို ာစ်နေ့တစ်နေ့ အချိန်တွေ ကုန်နေတော့တာပါ။

ရေတွေခွဲလိုက်၊ ထမင်းချက်လိုက်၊ အဝတ်တွေလျှော်လိုက်နဲ့ သံသရာ ဘွလည်နေရင်းပဲ အမေ တအောအောအနစ်ပြုလာပါတယ်။ ဆံစတွေခြောက် ာသလို စားချင်သောက်ချင်တဲ့စိတ်တွေလည်း ကုန်ခန်းလာပါတယ်။ သေချာ အောင်စောင့်ကြည့်ပြီး သေချာတယ်ဆိုတဲ့အချိန်မှာတော့ အမေ့ရင်ထဲမှာ ဝမ်းသာ ပျော်ရွှင်မိသလို ပူပင်သောကလည်း ရောက်မိပါတယ်။ ကိုယ်ချစ်တဲ့ယောက်ျားနဲ့ င်သွေးလေးရတော့မှာမို့ ဝမ်းသာပျော်ရွှင်မိသလို တစ်နေ့တစ်နေ့ ဇယ်ဆက်သလို ပ်နေရတဲ့ အိမ်အလုပ်တွေရဲ့ကြားထဲမှာ ဒီကလေးကို ဘယ်လိုများ ထိန်းရမှာ လိမ့်ဆိုတဲ့ အတွေးနဲ့လည်း ပူပင်သောကရောက်ရပါတယ်။

အမေ့ရဲ့အမူအရာတွေပြောင်းလဲနေတာ တဝေ့ဝေ့အန်နေတာ မစားချင် သောက်ချင်ဖြစ်နေတာတွေကို အဖေတစ်ချက်မှ သတိမထားမိသလိုပဲ။ အမေ့ရဲ့ းလေးတုတ်တုတ်လာပြီး ဗိုက်ကလေးပူပူလာတာလည်း အဖေမသိခဲ့ပါဘူး။ ူငယ်ချင်းတွေဆီ လျှောက်လည်လိုက်၊ ခြံထဲသွားလိုက်၊ အိမ်ပြန်ရောက်တော့လည်း အမေကြီးဘေးနားကပ်ချွဲပြီး စကားတွေပြောနေတာဆိုတော့ အမေ့ကို အဖေ သတိ ထားမိတော့ဘူးပေါ့။ ကျွန်တော့်အဖေဟာ သူ့အမေကို တော်တော်ချစ်တာပါ။

ကျွန်တော့်အမေဟာ သူ့မှာ ကိုယ်ဝန်ရှိတာသေချာတော့ ညဘက်အိပ်တဲ့ အချိန်မှာ အဖေ့ကို တိုးတိုးကပ်ပြောပါတယ်။ အဲဒီလိုပြောလိုက်တော့ အခုကျွန်တော် ရိုက်နေတဲ့ မြန်မာဇာတ်ကားတွေထဲကလို အဖေက ပေးခနဲအော်ပြီး အမေ့ကို

ပွေ့ချီလိုက်တာမျိုးမရှိသလို အမေ့ဗိုက်ကလေးကို ပွတ်ပွတ်ပြီး ကုန်းကုန်းနမ်းတာ မျိုးလည်း မရှိပါဘူး။

ခြံထဲမှာစိုက်ထားတဲ့ပိန္နဲပင်က ငှက်စာဆော်တာကို သူတွေ့လိုက်တဲ့ သဘောပါပဲ။ အမေ့ကိုကြည့်ရတာ သူစိုက်ထားတဲ့အပင် သေချာပေါက် အသီးသီး မှာပဲလို့ ယုံကြည်ချက်ခိုင်မြဲထားပုံရပါတယ်။ ပြောပြီးတာနဲ့ အမေကအဖေ့ကို ယောကျ်ားလေးလိုချင်သလား မိန်းကလေးလိုချင်သလားလို့မေးတော့ ဘာရရဖြ ကွာတဲ့။ အမေကလည်း ဆက်ပြီး တကယ်လို့များ သားဦးဟာ ယောကျ်ားလေးဖြစ်ခဲ့ မယ်ဆိုရင် ငယ်ငယ်ကတည်းကစပြီး အမေ့အပေါ်မှာ အရမ်းတွယ်တာတတ်တဲ့ သားတစ်ယောက်မျိုးဖြစ်အောင်မလုပ်ဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် ကိုယ့်အား ကိုယ် တည်ဆောက်ချင်တဲ့ ယောကျ်ားမျိုးဖြစ်အောင် ပြုစုပျိုးထောင်ပေးချင်တယ်လို့ ပြောနေတုန်းပဲ ဘေးမှာရှိတဲ့ အဖေက တခေါခေါနဲ့ဟောက်သံတွေထွက်ပြီး အားပေး နေတာကြောင့် ပြောလက်စ စကားကို တစ်ဝက်တစ်ပျက်နဲ့ရပ်ပြီး အိပ်လိုက်ရပါ တော့တယ်။

အမေ့မှာ အဖေနဲ့ရတဲ့ရင်သွေးလေးလွယ်ထားပြီလို့ အမေ့ကိုပြောပြီးတာနဲ့ နောက်ရက်တွေကစပြီး သူလည်းပြင်ဆင်ပါတော့တယ်။ ဗိုက်ကြီးသည်တစ်ယောက် ရဲ့နေနည်းထိုင်နည်းတို့ ကလေးသူငယ်ပြုစုပျိုးထောင်နည်းတို့ ကိုယ်ဝန်ဆောင် အားရှိအောင် ဘာဆေးတွေ ဝယ်ရမလဲတို့ဆိုတာ မဟုတ်ပါဘူး။ ကြက်သား ဝက်သား၊ ငါး၊ ပုစွန် အစရှိတဲ့ဟင်းချက်စရာတွေကို ဘယ်လိုချက်ရမလဲဆိုတာ သူလေ့လာတာပါ။ ဝင်ငွေမရှိတဲ့ယောကျ်ားကို ယူထားမိတဲ့အတွက် ယောက္ခမ မငြိုငြင် အောင် တတ်နိုင်သလောက်အိမ်အလုပ်တွေကို ကြိုးစားလုပ်နေတယ်ဆိုပေမယ့် အခုပါးစပ်ပေါက်တစ်ပေါက်တိုးလာတော့မှာဖြစ်လို့ ယောက္ခမ ပိုပြီးကျေနပ်အောင် သူလုပ်နိုင်တဲ့အလုပ်တစ်ခုကို ထပ်တိုးပြီးလုပ်တဲ့သဘောမျိုးပါပဲတဲ့။

အရွယ်ကလည်းငယ် ချက်ချက်ချာချာလည်းရှိပြီး စကားပြောကောင်းတဲ့ အမေ့ကို အမေကြီးတို့ပတ်ဝန်းကျင်မှာရှိတဲ့ လူအားလုံးက ခင်မင်ကြသလို အမေ မသိတာ နားမလည်တာကိုလည်း ပြောဆိုသင်ပြတတ်ကြပါတယ်။ ငါးကိုင်နည်းက ဘယ်လို၊ ကြက်ကိုင်နည်းကဘယ်လို၊ ပုစွန်ခေါင်းခွဲတာကအစ ကင်ပွန်းချဉ်ရွက်မြေ တာအဆုံး သူတို့သင်ပြပေးကြပါတယ်။ ဗိုက်ထဲမှာရှိတဲ့ကိုယ်ဝန် တဖြည်းဖြည်းရင့်လာ သလိုပဲ ဟင်းချက်နည်း သင်တန်းတက်နေတဲ့ အမေ့ရဲ့အတွေ့အကြုံတွေလည်း တော်တော်လေး ရင့်ကျက်လာပါပြီ။

အဖေက အမေ့ဗိုက်ကိုကြည့် သားသားလေးမွေးမှာလား၊ မီးမီးလေး မွေးမှာ လားလို့ ကယုကယင်နဲ့ကျီစယ်ပြီးမမေးခဲ့သလို မေးရင်ကောင်းမလားလို့လည်း

င်းစားခဲ့မှာ သေချာပါတယ်။ အဖေမစဉ်းစားပေမယ့် အမေကတော့ စဉ်းစားနေပါ
ာယ်။ အဲဒါဘာလဲဆိုတော့ အဖေအပါအဝင် တစ်အိမ်သားလုံးကို ဘာဟင်းချက်
ကျွေးပြီး လက်စွမ်းပြရမလဲဆိုတာကိုပါ။ ကျွန်တော်က အမေ့ကိုမေးပါတယ်။ 'အမေ
အိမ်ထောင်သည်တစ်ယောက်ရဲ့ ပထမဦးဆုံးကိုယ်ဝန်ဟာ အရမ်းအရေးကြီးပါ
တယ်။ ကိုယ်ဝန်ရဲ့ အနေအထားမှန်မမှန်ဆိုတာစမ်းသပ်ဖို့တို့ ဘယ်လက်ိုမွေးမှာ
ဆိုတာ မှန်းဖို့တို့ ကလေးရောလူကြီးပါအားရှိအောင် ဘာဆေးသောက်ရမလဲတို့
ဘယ်သူနဲ့မွေးမှာလဲတို့ အဲဒါမျိုးတွေနဲ့ပဲ အချိန်ကုန်စဉ်းစားနေရမှာမျိုး မဟုတ်ဘူးလား'
ဆိုတော့။

ကျွန်တော့်အမေက ကျွန်တော့်မေးခွန်းလည်းဆုံးရော ကျွန်တော့်
ခေါင်းလေးကို ညင်ညင်သာသာပွတ်ပြီး နားမလည်တဲ့တပည့်တစ်ယောက်ကို ဆရာ
တစ်ယောက်က ရှင်းပြတဲ့လေသံနဲ့ ရှင်းပြပါတယ်။ 'သားလေးရယ် ယူထားတဲ့
ယောက်ျားက အလုပ်မရှိ ဝင်ငွေမရှိတဲ့ ကျောင်းသားအရွယ် လူငယ်လင်မယားကို
မင်းအမေကြီးတို့မိသားစုက အလကားတင်ကျွေးထားရတာလေ။ အဲဒီကြားထဲ ပါးစပ်
ပေါက်တစ်ပေါက်က နောက်ထပ်တိုးလာဦးမှာ။ အဲဒီလိုအချိန်မျိုးမှာ အမေက အိမ်မှု
ကိစ္စတွေ ပိုမလုပ်ဘဲ ငါ့သားပြောတဲ့အကြောင်းတွေ လိုက်စုံစမ်းစဉ်းစားနေရင်
အမေကြီးက အမေ့ကို သူ့အိမ်ပေါ်က ကန်ချမှာပေါ့သားရဲ့ အဲဒီလို ကန်ချလိုက်
တော့ရော မင်းအဖေက သူ့အမေနဲ့ခွဲပြီး မေမေ့ဆီလိုက်လာမယ်လို့ မင်းထင်လား
ေးသေး'

'တကယ်တော့သားရယ် အခြေအနေဆိုတာ အချိန်အခါနဲ့ဆိုင်တယ်
သားရဲ့ အဲဒီအချိန်မှာများ မင်းအဖေက စီးပွားရေးတွေကို အားသွန်ခွန်စိုက်လုပ်လို့
အမေတို့မိသားစု မတောင့်မတမကြောင့်မကြ စားနေနိုင်မယ်ဆိုရင် မင်းပြောသလို
အမေ့ဗိုက်ကိုဂရုစိုက်မှာပေါ့သားရယ်။ ဆင်းရဲနေတဲ့အချိန်မျိုးမှာ လုပ်ချင်တာထက်
လုပ်သင့်တာကို ပိုဦးစားပေးရတယ်သား' တဲ့။ ကျွန်တော် ဉာဏ်မီသလောက်
စဉ်းစားကြည့်တော့လည်း အမေပြောတာမှန်နေတော့ ဓာတကမတတ်တော့ဘဲ
ဒီ့အကြောင်းတွေ ဆက်နားထောင်လိုက်ပါတယ်။

သူ့ရဲ့ ကျန်းမာရေးနဲ့ ဗိုက်ထဲမှာရှိတဲ့သန္ဓေသားရဲ့ကျန်းမာရေးကို မစဉ်းစား
အားတဲ့အမေဟာ သူ့အရမ်းချစ်တဲ့ သူ့ယောက်ျားရဲ့မိသားစုကို ချက်ကျွေးဖို့အတွက်
ဟင်းကိုတော့ အကြိတ်အနယ်စဉ်းစားပါတယ်။ ပထမဦးဆုံးချက်ကျွေးမယ့်ဟင်း
စဉ်းစားတဲ့အချိန်မှာ သူ့အိမ်ထောင်မကျခင် သူ့သူငယ်ချင်းအိမ်ထောင်သည်
တစ်ယောက်ရဲ့အိမ်ကို သွားလည်တဲ့အချိန်မှာ အဲဒီသူငယ်ချင်းက ယောက္ခမအိမ်မှာ
အချက်များတဲ့ဟင်းကို အမေသတိရပြီး လင်တော်မောင်နဲ့တစ်အိမ်လုံးကို ချက်ကျွေးဖို့

ဆုံးဖြတ်လိုက်ပါတယ်။ ဟင်းကတော့ ကကတစ်ရေချိုချက်ပါ။

ဟင်းအမျိုးအစား အတိအကျဆုံးဖြတ်ပြီးတဲ့အမေဟာ ယောက္ခမလက် ဈေးခြင်းတောင်းကိုလက်ပြောင်းယူပြီး အဲဒီနေ့မနက်က ဗိုက်တကားကားနဲ့ ဈေး ထွက်ပါတယ်။ ဗိုက်ထဲမှာရှိတဲ့ရင်သွေးလေးအတွက် လိုအပ်တာတွေဝယ်ဖို့ မဟုတ်ပါဘူး။ အဖေနဲ့သူ့မိသားစု လျှာရင်းမြက်မြက်စားရအောင် ကကတစ်ရေ ဟင်းချက်ဖို့အတွက်ပါ။

သူ့စိတ်တိုင်းကျ ရှစ်ဆယ်သားလောက်ရှိတဲ့ ကကတစ် တစ်ကောင်ဝယ် အမေ အိမ်မှာစိတ်တိုင်းကျ လက်စွမ်းပြပါတော့တယ်။ ခြံထဲမှာသစ်ပင်စိုက်၊ မြေ ပေါက် မြက်ရှင်းပြီးလို့ မောမောပန်းပန်းနဲ့ပြန်လာတဲ့အိမ်သားတွေကို သူချက်ပြု ထားတဲ့ ကကတစ်ရေချိုချက်နဲ့ထမင်းကျွေးပါတယ်။

ပထမဦးဆုံးလွယ်ထားရတဲ့ ကိုယ်ဝန်အတွက် ဂုဏ်ယူဝံ့ကြွားပြီး ဘယ်သူ မှ ကြွားလို့မရပေမယ့် သူ့ရဲ့ပထမဦးဆုံးလက်ရာကိုတော့ တစ်အိမ်သားလုံး ခပ်ကြွားကြွားပြောပြီး ကျွေးပါတယ်။ အဲဒါ ကျွန်မကိုယ်တိုင်ချက်ထားတဲ့ ကက ရေချိုချက်၊ စားကြည့်ကြပါဦးတဲ့။

အမေ့စကားဆုံးတာနဲ့ အလုပ်ပင်ပန်းလို့ ဆာလာကြတဲ့ ကျွန်တော့်အ အပါအဝင် သူတို့ညီအစ်ကိုသားအဖတွေအကုန်လုံး ခေါင်းမဖော်နိုင်အောင် အား တရစားကြပါတော့တယ်။ သူတို့အားရပါးရစားနေတာကို အမေဟာ ကျေနပ် မျက်လုံးတွေနဲ့ကြည့်ပြီး တပြုံးပြုံးဖြစ်နေပါတယ်။ ဒါပေမယ့် အမေ့အပြုံး သိပ်ကြ ရှည်မခံလိုက်ရပါဘူး။ တစ်ခုခုကို သတိရလိုက်တဲ့အတွက် အမေ့မျက်နှာပေါ် အပြုံးတွေပျောက်သွားပြီး ထမင်းဝိုင်းမှာစားသောက်နေကြတဲ့သူတွေကို စိုးရိမ်တဲ့မျ လုံးတွေနဲ့ သူလိုက်ကြည့်နေပါတယ်။ ဘာကြောင့် အမေစိုးရိမ်နေတာလဲဆို ဟင်းချက်တဲ့နေရာမှာ အမှားတစ်ခု ဖြစ်သွားလို့ပါ။

အဲဒီအမှားကဘာလဲဆိုရင် ဟင်းချက်တဲ့တစ်ချိန်လုံး ဟင်းအိုးထဲကို ထည့်ဖို့မေ့သွားတဲ့အတွက် ဆီတစ်စက်မှမထည့်မိဘဲ ကကတစ်ရေချိုချက်ဆို နာမည်နဲ့လိုက်အောင် ရေတွေနဲ့ပဲချက်လိုက်မိတာပါ။ အဲဒါကြောင့် နင့်ဟင်းကြီး ညီလိုက်တာဟာလို့ ဘယ်သူကများ ဘယ်အချိန်မှာ ပြောမှာပါလိမ့်ဆိုတဲ့အတွေ နဲ့ စိုးရိမ်မကင်းဖြစ်ပြီး လိုက်ကြည့်နေတာပါ။

သူ့ပန်းကန်ထဲမှာထည့်ထားတဲ့ ထမင်းနဲ့ဟင်းကို အဲဒီနေ့ညက အ တစ်လုပ်တောင်မစားလိုက်မိပါဘူး။ စိုးရိမ်တဲ့စိတ်နဲ့ ရင်ကတဒိတ်ဒိတ်ခုန်နေတေ ဆာတာလည်းသတိမရနိုင်တော့ပါဘူး။ မှုနေမိလို့ပါ။ ဒါပေမယ့် အားလုံးစားပြီ ထမင်းဝိုင်းကသာ အသီးသီးထသွားကြတယ်။ အမေ့ကို ဘယ်သူမှ ဘာမှပြောမသွ

ဘူး။

အားလုံးစားသောက်သွားကြတဲ့ပန်းကန်တွေကို ဆေးကြောသိမ်းဆည်းပြီး အမေအိမ်ရှေ့ကိုထွက်လာပါတယ်။ ထမင်းစားပြီးလို့ ထန်းလျက်ခဲ ကိုက်လိုက် က်ဖက်ရည်ကြမ်းသောက်လိုက်နဲ့ ဆက်ရက်မင်းစည်းစိမ်နဲ့ ငြိမ့်နေတဲ့ သူ့ခဲအို နှုန်တော်ဦးလေးဦးမြင့်သိန်းနားကပ်ပြီး ကိုမြင့်သိန်း စာစောတ‌ စားလိုက်ရတဲ့ဟင်း ကောင်းသလားလို့မေးတော့ အေး ကောင်းပါတယ် နင့်လက်ရာမဆိုးပါဘူးတဲ့။

သူ့ဆီကအဲဒီစကားကြားတော့မှပဲ အမေသက်ပြင်းချနိုင်တော့တယ်။ ထမဦးဆုံးကိုယ်ဝန်ကို အမေလွယ်ထားရတဲ့အချိန်မှာ ကြုံတွေ့ရတဲ့ ရင်မောဖွယ်ရာ အတွေ့အကြုံတစ်ခုပါ။ သူပထမဦးဆုံးလွယ်ထားရတဲ့ ကိုယ်ဝန်နဲ့မပတ်သက်ပါဘူး။ ထမဦးဆုံးချက်ဖူးတဲ့ဟင်းတစ်ခွက်နဲ့ပဲ ပတ်သက်တာပါ။

ယူထားတဲ့ယောက်ျား အလုပ်မရှိတဲ့အတွက် ယောက္ခမအိမ်မှာကပ်နေ တဲ့ချွေးမတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အမေရဲ့ဘဝဟာ ပထမဦးဆုံး ကိုယ်ဝန်ကို ချတစိုက်နဲ့ရင်တမမဖြစ်ပြီး ပြုစုပျိုးထောင်နေရတဲ့ အခြေအနေမျိုးမဟုတ်ဘဲ ထမဦးဆုံးချက်လိုက်မိတဲ့ဟင်းနဲ့ပတ်သက်ပြီး ဂရုစိုက်စိတ်ပူနေရတဲ့ ဘဝမျိုးပါ။

နောက်ရက်တွေကစပြီး သူ့လက်ကိုသူ ယုံသွားတဲ့အမေဟာ လင်တော် မောင်နဲ့ မိသားစုတွေ လျှာရင်းမြက်မြက်စားနိုင်အောင် ဟင်းတစ်မျိုးပြီးတစ်မျိုး ချိုးရအောင် ချက်ကျွေးပါတော့တယ်။ ဘယ်နေ့ကို ဘာချက်ရင်ကောင်းမလဲလို့ ဒွေးစားနေရတာနဲ့ပဲ လွယ်ထားတဲ့ငါ့ရင်သွေးလေး ဘယ်အချိန်မှာဘယ်သူနဲ့ မွေးရ လဲဆိုတာ အမေမေ့နေခဲ့တာပါ။ အမေကတောင် မေ့ပြီဆိုမှတော့ အဖေကလည်း သတိကိုမရတာပါ။

တစ်ရက်ပြီးတစ်ရက် ဟင်းတွေ လက်တက်လာတာနဲ့အမျှ အမေ့ဗိုက်ကြီး လည်း တစ်ရက်ပြီးတစ်ရက် ကြီးကြီးလာပါတယ်။ အမေ့ဗိုက်ကိုကြည့်ပြီး အမြင် တော်တဲ့အတွက် ခြေရင်းအိမ်က ဒေါ်စိန်အေးကပဲ အမေ့ကို သားဖွားဆရာမ ဒေါ်နော်မူဆေးဆီခေါ်ပြီး ဗိုက်အပ်ပေးခဲ့ရပါတယ်။ အဲဒီခနီးမှာလည်း အဖေမပါ ခဲ့ပါဘူး။ အဖေမပါလို့ အမေစိတ်ဆိုးသလားလို့များ ကျွန်တော်တမေးရင် 'အမြှ မြင်ပါဘူး။ ချစ်ချင်တာပဲ သိတယ်နော့'လို့ ကျွန်တော့်ကို သိချင်းများ ဆိုပြမလား သိပါဘူး။

**ခင်အုန်းမှီ**

# သစ္စာမော်



အချစ်ဆိုတာ တော်တော်ဆန်းကြယ်ပါတယ်. . .။
ငယ်ငယ်တုန်းကတည်းက ကြားဖူးခဲ့ရသလို
အခုချိန်ထိလည်း ကြားနေရဆဲ စကားကတော့
အချစ်ဆိုတာ
ပိုင်ဆိုင်ခြင်းလား
ပေးဆပ်ခြင်းလားဆိုတာပါပဲ။
ပိုင်ဆိုင်ဖို့ကြိုးစားတဲ့ လူတွေကို
ပေးဆပ်ဖို့ အသင့်ပြင်ထားတဲ့ လူတွေက
အတ္တကြီးတယ်လို့ ပြောကြသလို
ပေးဆပ်ဖို့ အသင့်ပြင်ထားတဲ့ လူတွေကိုလည်း
ပိုင်ဆိုင်ဖို့ကြိုးစားတဲ့ လူတွေက
လူပျော့လူညံ့တွေလို့ ပြောတတ်ကြပါတယ်။



အချစ်မှာ မျက်စေ့မရှိဘူးလို့ ပြောကြပေမယ့်
ချစ်ခြင်းရဲ့အစပြုလားရာကတော့ မျက်စေ့ကစတာပါ။
ကိုယ့်မျက်စေ့နဲ့ ကြည့်လိုက်လို့ မြင်လိုက်ရတဲ့အမြင်ဟာ
နှလုံးသားကို လှုပ်ခတ်သွားတယ်ဆိုရင်
ချစ်ခြင်းဆိုတာ မွေးဖွားဖို့ နှလုံးသားမှာ သန္ဓေတည်လာပါပြ
ယေဘုယျပြောရရင်တော့
ယောက်ျားလေး တော်တော်များများဟာ
လှပတဲ့ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတွေကိုမြင်လိုက်
ချစ်ဖို့ကြိုးစားကြည့်ကြတာပါပဲ။



အဆင်းလှတာကိုအရင်မြင်လိုက်ရလို့ချစ်ကြိုက်သွား
အချင်းပါလှတဲ့သူဆိုရင်တော့ လက်ထပ်ဖို့အထ
ရည်ရွယ်ဆုံးဖြတ်ကြပါတယ်။
အဆင်းအရမ်းလှတဲ့ အငြိမ့်မင်းသမီးတစ်ယောက်
ချစ်မိသွားတဲ့ယောက်ျားတစ်ယောက်ရဲ့ခံစားချက်
ကျွန်တော်တို့ တွေးကြည့်ကြရအောင်။



ိးရောင်အောက်မှာ မှုန်နှံ့သာ ခြယ်ကာသပြီး
အလှကြီးလှနေတဲ့ မင်းသမီးကို
သူချစ်တာဟာ
စင်ပေါ်မှာ မြင်နေရတဲ့ ရုပ်ကိုပဲ ချစ်တာလား
မနက်မိုးလင်းလို့
မိတ်ကပ်တွေဖျက်လိုက်ရင်ပေါ်လာတဲ့
နဂိုရုပ်ကိုရော
သူချစ်နိုင်ပါ့မလား။
သူအရမ်းချစ်တဲ့
အငြိမ့်မင်းသမီး ကနေတာကို
သူ့လိုမျက်လုံးမျိုးတွေနဲ့ပဲ ကြည့်နေတဲ့
ကျန်တဲ့ ယောကျ်ားတွေအပေါ်မှာရော
သူဘယ်လိုသဘောထားမှာလဲ။
ဒီလိုမျက်လုံးမျိုးတွေနဲ့ ကြည့်ရပါ့မလားဆိုပြီး
သူပေါက်ကွဲနေမှာလား။



ဒါမှမဟုတ်
သူအရမ်းချစ်တဲ့ သူ့ချစ်သူ အငြိမ့်မင်းသမီးဟာ
မြင်တဲ့ယောကျ်ားတိုင်းက
ငေးမောကြည့်ရလောက်တဲ့
အလှကိုပိုင်ဆိုင်ထားတယ်ဆိုပြီး
သူကျေနပ်နေမှာလား။



ဘယ်လိုခံစားရတယ်ဆိုတာ
သေသေချာချာ သိရအောင်
စာဖတ်ပရိသတ်ကြီးနဲ့ ကျွန်တော်တို့လည်း
အငြိမ့်မင်းသမီးတစ်ယောက်ကို
ချစ်ကြည့်လိုက်ကြရင်
မကောင်းဘူးလား။
မီးရောင်အောက်ကိုတော့
မဝင်ကြဘူးလေ။



# အငြိမ့်မင်းသမီးကို ချစ်မိရင်

ဟိုအရင်တုန်းကတော့ ရေမွှေးဆွတ်တဲ့သူတွေကို ကျွန်မစိတ်ထဲ
တော်တော်အဝင်မကျခဲ့တာပါ။ တစ်နေ့တစ်ခါ ရေမှန်မှန်ချိုးမယ်။ ကိုယ်ဝတ်
အဝတ်အစားကို သန့်သန့်ရှင်းရှင်း လျှော်ဖွပ်မီးပူတိုက်မယ်။ တစ်ကိုယ်ရည်သန့်ရှ
ကို စနစ်တကျပြုလုပ်မယ်ဆို ရေမွှေးဆွတ်တဲ့အလုပ်ဟာ လိုကိုမလိုအပ်တဲ့ကိစ္စ
လူတော်တော်များများဟာ ရေမွှေးဆွတ်ခြင်း အလေ့အထကို မလုပ်မဖြစ်ကိုလုပ်ရမ
ယဉ်ကျေးမှုလိုအပ်ချက်တစ်ရပ်လို သတ်မှတ်ပြီး လိုက်နာနေကြတာပါ။

လူနေမှုအဆင့်အတန်း နိမ့်ကျတဲ့ လူတန်းစားပဲဖြစ်ဖြစ်၊ လူနေမှုအဆ
အတန်း မြင့်မားတဲ့လူတန်းစားပဲဖြစ်ဖြစ် သူတို့ရဲ့အိမ်တွေမှာ ရေမွှေးတစ်ပုလင်း
အနည်းဆုံးရှိတတ်ပါတယ်။ လူနေမှုအဆင့်အတန်းပေါ် မူတည်ပြီး တန်ဖိုးခြင်း
တော့ ကွာသွားတာပေါ့။

တန်ဖိုးတွေ အစားစားရှိသလို တံဆိပ်တွေ၊ အရောင်တွေ၊ အနံ့တွေလည်း
အစားစားရှိပါတယ်။ ကိုယ့်မှာရှိတဲ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ရေ
တစ်ပုလင်းကို လိုချင်တဲ့အချိန်မှာ ဝယ်လို့ရနိုင်တာကလည်း လူတွေ ရေမွှေးဆွ
အတွက် အားသာတဲ့အချက်တစ်ချက်ဖြစ်စေခဲ့တာပါ။ ကျွန်မသိသလောက်ပြေ
ရင်တော့ ကမ္ဘာပေါ်မှာရှိတဲ့ တိုင်းပြည်တွေ လူမျိုးတွေထဲမှာ ပြင်သစ်နိုင်ငံဟာ ရေ
ထုတ်လုပ်ရောင်းချမှုကို အများဆုံးလုပ်ကိုင်ပြီး ရေမွှေးကိုလည်း အများဆုံးသုံးစွဲ
လူမျိုးတွေပါ။ သူတို့တိုင်းပြည်က အရမ်းအေးတာကြောင့် သုံးလေးရက်မှတစ်ခါ ရေ
လေ့ရှိတော့ ခန္ဓာကိုယ်ကထွက်လာတဲ့ အနံ့အသက်တွေကို ရေမွှေးဆွတ် ဖျန်း
ဖျန်းရင်း ကမ္ဘာပေါ်မှာ ရေမွှေးအသုံးဆုံးလူမျိုးဖြစ်လာတာပါ။

ကျွန်မတို့တိုင်းပြည်မှာတော့ သူတို့နိုင်ငံလောက် မအေးပေမ
ရေမွှေးသုံးစွဲသူကတော့ သူတို့နိုင်ငံလိုများတာပါပဲ။ လူငယ်သ
ရည်းစားနဲ့ ချိန်းတွေ့မယ့်လူတွေ၊ အထက်အရာရှိနဲ့ သွား
မယ့်လူတွေ၊ မင်္ဂလာပွဲဖိတ်ပွဲတက်ရမယ့် လူတွေဟာ ရေ
ကိုပိုဦးစားပေးပြီး ဆွတ်လေ့ရှိကြပါတယ်။ ကျွ
အရွယ်ရောက်လို့ ရေမွှေးဆွတ်ခြင်းကိစ္စကို စိတ်
စားပြီး ဂရုတစိုက်လေ့လာကြည့်တဲ့အခါမှာ ရေ
ဆွတ်ခြင်းရဲ့နောက်ကွယ်မှာ လေးနက်တဲ့ အဓိ
သက်ရောက်မှုတွေရှိနေတာလည်း တွေ့လာရတ
တစ်ဖက်သားကို ဆွဲဆောင်ဖို့ ရေမွှေးဆွတ်တဲ့လူ
ကိုယ်မှာရှိတဲ့အနံ့အသက်ကို ကာကွယ်ဖုံးအုပ်ချင်
ရေမွှေးဆွတ်တဲ့လူတွေ၊ ကိုယ့်အဆင့်တန်းကိုပြချင်

[illegible]

ရေ
မွှေး



ရေမွှေးဆွတ်တဲ့လူတွေ အစရှိတဲ့လူတွေကို သတိထားမိလာပါတယ်။ သာမန်ကြည့်မယ်ဆိုရင် ရေမွှေးဆိုတာ အလှကုန်ပစ္စည်းတစ်ခုလို့ သတ်မှတ်လို့ရပေမယ့် ထဲထဲဝင်ဝင် လေ့လာကြည့်လိုက်တဲ့အခါမှာတော့ လူတွေရဲ့အတ္တကို ဖုံးကွယ်ချင်လို့ပဲဖြစ်ဖြစ်၊ လှစ်ဟထားချင်လို့ပဲဖြစ်ဖြစ် အသုံးချလို့ရမယ့် ကြားခံပစ္စည်းတစ်ခု ဖြစ်မှန်းသိဖြစ်နေတာကိုပါပဲ။

ရေမချိုးရသေးတဲ့သူတွေ သူတို့ခန္ဓာကိုယ်ရဲ့အနံ့အသက်ကို ဖုံးကွယ်ဖို့ရေမွှေးဆွတ်တတ်ကြသလို ပြည့်စုံကြွယ်ဝသူတွေကလည်း သူတို့ရဲ့ကြွယ်ဝချမ်းသာမှုကို အနံ့နဲ့ပြတဲ့အနေနဲ့ ရေမွှေးဆွတ်တတ်ကြပါတယ်။ ရည်မှန်းချက်ခြင်း ကွာခြားပေမယ့် အသုံးချလိုက်တဲ့ပစ္စည်းခြင်းကတော့ အတူတူပါပဲ။

ရေမွှေးဆိုတဲ့အရာကို နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလမ်းလမ်း အသုံးချစွဲလမ်းနေတဲ့သူတွေရှိပေမယ့် ကျွန်မဘဝမှာတော့ ရေမွှေးနဲ့ပတ်သက်ရင် တော်တော်လေး အလှမ်းဝေးခဲ့ပါတယ်။ ကျွန်မမှာပတ်ဝန်းကျင်ကို ရေမွှေးနဲ့ဖုံးကွယ်ဖို့အတွက် အနံ့အသက်ဆိုးတွေမရှိခဲ့သလို ကျွန်မမိသားစုရဲ့ အခြေအနေကလည်း ရေမွှေးအနံ့နဲ့ ကြွားဝါလောက်အောင် မချမ်းသာကြဘူးလေ။ အဲဒါကြောင့် ဖုံးကွယ်ဖို့ပဲဖြစ်ဖြစ်၊ လှစ်ဟဖို့ပဲဖြစ်ဖြစ် ကျွန်မအတွက်တော့ ရေမွှေးတစ်ပုလင်းဟာ တကယ်ကို မလိုအပ်ခဲ့ပါဘူး။

တစ်ခါတစ်ရံတော့ ဆုံးဖြတ်ချက်တို့၊ ရည်မှန်းချက်တို့၊ ယုံကြည်ချက်တို့ဟာ အခြေအနေနဲ့အချိန်အခါပေါ်မူတည်ပြီး ပြောင်းလဲသွားတတ်တယ်ဆိုတာကျွန်မကိုယ်တွေ့ဆိုတော့ ယုံလိုက်ရပါတယ်။ ဘယ်တုန်းကမှ ဆုံဖြစ်လိမ့်မယ်လို့ထင်မှတ်မထားခဲ့တဲ့ ရေမွှေးနဲ့ကျွန်မဟာ ကျွန်မကျောင်းပြီးလို့ ဝန်ထမ်းဘဝကိုရွေးချယ်လိုက်တဲ့အချိန် ပထမဦးဆုံးအလုပ်ရဲ့ အင်တာဗျူးကို သွားဖြေမယ့်အချိန်မှာပဲဆုံတွေ့ဒူးတွေ့ တွေ့ရပါတော့တယ်။

အင်တာဗျူးကိုသွားဖို့အတွက် မှန်တင်ခုံရှေ့မှာ အဝတ်အစားပြင်ပြီးအသင့်ထွက်လာတဲ့ကျွန်မကို အမေက ပုလင်းလေးတစ်လုံး ထိုးပေးပါတယ်။ ဆွတ်သွားတဲ့။ ကျွန်မက လိုလို့လားအမေရယ်လို့ မေးလိုက်တော့ လိုတာပေါ့တဲ့။ ကိုယ်ဟာ တခြားတစ်ယောက်ဆီက တစ်ခုခုလိုချင်ပြီဆိုရင် အဲဒီလူက ကိုယ့်ဆီမှာစိတ်ဝင်စားမှုများများရှိအောင် လုပ်ရသလို ကိုယ့်အပေါ်မှာ အဲဒီလူ သဘောကျနှစ်သက်အောင်လည်း အတတ်နိုင်ဆုံး ပြင်ဆင်ထားဖို့လိုတယ်။ မိန်းကလေးတစ်ယောက်ဟာ တစ်ဖက်သားကို ရုပ်နဲ့အသံနဲ့တင် ဆွဲဆောင်နိုင်ရုံမကဘဲ အနံ့နဲ့ပါဆွဲဆောင်နိုင်ရမယ်တဲ့။ ကျွန်မကို အရှည်ကြီးရှင်းပြတယ်။

ကျွန်မလည်း နားငြီးသက်သာပြီးရောဆိုပြီး အမေ့လက်ထဲက ရေမွှေး

ပုလင်းကို လှမ်းယူလိုက်ပါတယ်။ တစ်ခါမှလည်း မဆွတ်ဖူးတော့ ဘယ်နေရာ
ဆွတ်ရင်ကောင်းမလဲလို့ စဉ်းစားမိကြည့်တော့လည်း အဖြေမပေါ်တာနဲ့ ပခုံး
ဖက်ကို တစ်ချက်စီဆွတ်လိုက်ပါတယ်။

အမေပြောတဲ့ အနံ့နဲ့လည်း ဆွဲဆောင်ရတယ်ဆိုတဲ့ စကားရဲ့အဓိပ္ပါ
ကို အင်တာဗျူးအခန်းထဲ ဝင်လိုက်တဲ့အချိန်မှာပဲ ကျွန်မသဘောပေါက်သွားပါတယ်
အဲကွန်းတွေဖွင့်ထားပြီး တံခါးကို အလုံပိတ်ထားတဲ့အခန်းထဲကို ကျွန်မဝင်လိုက်တာ
CVformတွေနဲ့ အလုပ်ရှုပ်နေတဲ့ လူကြီးနှစ်ယောက်ဟာ ခေါင်းထောင်လာပြီး လေ
က တစ်စုံတစ်ရာကို ရှာဖွေနေကြပါတယ်။ ကျွန်မ အရင်ထွက်သွားတဲ့ မိန်းကလေး
ချွေးနံ့၊ ချွေးနံ့တွေကြောင့် အာရုံနောက်နေတဲ့ သူတို့နှစ်ဦးဟာ ကျွန်မဆွတ်လာ
ရေမွှေးအနံ့ကြောင့် စိတ်ပေါ့ပါးလန်းဆန်းသွားတယ်ဆိုတာ သူတို့မျက်နှာကိုကြည့်
နဲ့ သိနိုင်ပါတယ်။ အနံ့ကနေစပြီး သတိထားမိတဲ့ကျွန်မကို သူတို့ပိုပြီး စိတ်ဝင်စာ
လာအောင် အသံနဲ့အမူအရာကိုပါ အကောင်းဆုံးဖြစ်အောင်ကြိုးစားပြီး သူ
မေးတဲ့မေးခွန်းတွေကို ဖြေခဲ့ပါတယ်။ အဲဒီအလုပ်ကို ကျွန်မ ရလိုက်ပါတယ်။

အခုတော့ ကျွန်မ အဲဒီအလုပ်မှာ မဟုတ်တော့ပါဘူး။ အဲဒီအလုပ်ထ
အဆင့်အတန်းမြင့်တဲ့ကုမ္ပဏီတစ်ခုရဲ့ လစာကောင်းတဲ့နေရာတစ်ခုမှာ ကျွန်
အလုပ် လုပ်နေတာပါ။ အလုပ်တွေကို တစ်ခုကနေတစ်ခု လှေကားထစ်တက်သ
*တက်ပြီး ကျွန်မပြောင်းလဲခဲ့တာပါ။* ရေသေဒိုင်လိုဘဝမျိုးတော့ မဖြစ်ချင်ဘူးလေ
ဒါကြောင့်လည်း လိုအပ်မယ်ထင်တဲ့ အရည်အချင်းတွေအကုန်လုံး ကြိုးစားအားထု
ပြီး ဆည်းပူးခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်မ အလုပ်နဲ့လစာဟာ လှေကားထစ်တွေ
လို မြင့်တက်လာတာပါ။ တစ်ခုတော့ရှိတယ်။ အလုပ်တွေ တစ်ခုပြီးတစ်ခု ပြောင်း
သွားတာနဲ့အမျှ ကျွန်မသုံးတဲ့ရေမွှေးတွေရဲ့ တံဆိပ်တွေလည်း ပြောင်းပြောင်းသွား
ပါတယ်။ လစာတွေ တိုးတိုးလာသလို အိမ်မှာလည်း ရေမွှေးပုလင်း အခွံအလွတ်တွေ
တိုးတိုးလာပါတယ်။

ကျွန်မ စဉ်းစားကြည့်မိတယ်။ ရေမွှေးပုလင်းတွေ ကွယ်ပျောက်သွားမယ်
ဆိုရင် ရေမွှေးဆိုတဲ့အရာတွေ မရှိတော့ဘူးဆိုရင် လူတွေရဲ့နေမှုထိုင်မှု ယဉ်ကျေး
တွေဟာ တစ်စုံတစ်ရာ ပြောင်းလဲသွားနိုင်တယ်လို့ ကျွန်မထင်မိတယ်။ ဘာကြော
လဲဆိုရင် လူတွေကြားမှာ တစ်ယောက်နဲ့တစ်ယောက် ဟန်ဆောင်ဖုံးကွယ်
ဖြစ်ဖြစ် လှစ်ဟဖော်ထုတ်ဖို့အတွက်ပဲဖြစ်ဖြစ် ရေမွှေးဆိုတဲ့ ကြားခံပစ္စည်း တင်
လိုကို လိုအပ်နေလို့ပါ။ အထူးသဖြင့် ကျွန်မအတွက်ပေါ့။

မေသဉ္ဇာ


ရွှေတောင်ကြားရပ်ကွက်အတွင်းရှိ လမ်းမတစ်ခု၏ဘေးတွင် ပေ ၄၀၀ ပတ်လည်ခန့်ကျယ်ဝန်းသော ခြံအကျယ်ကြီးနှင့် အိမ်ကြီးတစ်လုံးရှိသည်။ အိမ်ကြီး၏ အရှင်သခင်မှာ အသက် ၄၅ နှစ်အရွယ်ခန့်ရှိသည့် ဦးမိုးထက်မြင့်။ ရိုးရိုးသားသားနှင့် ကြိုးစားမှုကြောင့် နာမည်နှင့်လိုက်သော ဘဝတစ်ခုကို ပိုင်ဆိုင်ထားသည်။ စီးပွားရေး ကိုနားလည်ကျွမ်းကျင်သကဲ့သို့ တိုင်းရေးပြည်ရေးနှင့် ကမ္ဘာ့အရေးကိုလည်း မျက်ခြည် ပြတ်မခံသောကြောင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲလုပ်ကိုင်သည့် ဆယ်စုနှစ် အတွင်း အောင်မြင်မှုများစွာကိုပိုင်ဆိုင်ပြီး ကြီးပွားလာသူတစ်ယောက်ဖြစ်သည်။

တရုတ်ပြည်သို့ ပန်းပုရုပ်နှင့်ပန်းချီကားများ တင်ပို့ရောင်းချသည့် လုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာတစ်မျိုးဖြစ်သော ကျောက်စိမ်းရိုင်းတုံးများကို လေလံဆွဲ၍ အသားတုံးများပြန်သွေးကာ နိုင်ငံတကာသို့တင်ပို့ရောင်းချနေသော လုပ်ငန်း၊ ပြည်သူပိုင် တန်တစ်ရာဆန်စက်များကို လေလံပစ်၍ ပုဂ္ဂလိက များအားလုပ်ကိုင်ခွင့် ပေးရာ ကျိုက်လတ်မြို့၊ မြောင်းမြမြို့နှင့် ပုဇွန်တောင်မြို့နယ်တို့တွင်ရှိသော ဆန်စက်



# သထုံမောင်

# အသုံးဝင်မှု



သုံးလုံးကိုအပိုင်ဝယ်ယူ၍ ဆန်စပါးကြိတ်ခွဲရောင်းချသော လုပ်ငန်း၊ အဖိုးတန် လက်ဝတ်ရတနာများ ရောင်းချသည့်လုပ်ငန်း စသည့် လုပ်ငန်းများစွာကို လုပ်ကိုင် ရင်း အချိန်နှင့်အမျှ ပိုက်ဆံရနေသူတစ်ဦးဖြစ်သည်။

ဦးမိုးထက်မြင့်နှင့်တွေ့လိုက်လျှင် အခွင့်လမ်းများ အခွင့်ရေးများ မျက်စိ တမှိတ် လျှပ်တပြက်အတွင်း ပိုင်ဆိုင်နိုင်ခွင့်ရှိသောကြောင့် ဦးမိုးထက်မြင့်နှင့် တွေ့ခွင့်ရရန် ကြိုးစားနေသူများကလည်း မနည်းလှ။ ဦးမိုးထက်မြင့်နှင့် တစ်ဝိုင်း ထဲထိုင်၍အရက်သောက်ခွင့်ရရန်သော်လည်းကောင်း၊ တစ်ဝိုင်းထဲထိုင်၍ ညစာ စားခွင့်ရရန်သော်လည်းကောင်း၊ ကြိုးစားကြသည့်သူများလည်း မနည်းလှ။ ကြိုးစား သည်ဆိုလျှင်လည်း ကြိုးစားလောက်ပါသည်။ ဦးမိုးထက်မြင့်နှင့် နာရီဝက်လောက် အတူထိုင်၍ စကားပြောခွင့်ရလိုက်လျှင်ပင် စီးပွားရေးလုပ်ငန်းတစ်ခုမဟုတ်တစ်ခု

လုပ်ကိုင်ရန် အခွင့်အရေးရရှိသွားပြီး အမြတ်ငွေများမှာလည်း သိန်းပေါင်းရာ ထောင်နှင့်ချီ၍ ရရှိသွားတတ်ကြသည်။

ဦးမိုးထက်မြင့်ထိုင်လေ့ရှိသည့် ရုံးခန်းခွဲများသို့လာရောက်၍ စောင့်ဆိုင်းနေသည့် ဧည့်သည်များကို ရှင်းလင်းရသည်မှာ သူ့ဝန်ထမ်းများ၏ နေ့စဉ်အလုပ်တစ်ခု လိုဖြစ်နေသည်။ လက်ကိုင်ဖုန်းများကို ရန်ကုန်မြို့တွင်နေထိုင်ကြသည့် လူတန်းစား တော်တော်များများ ကိုင်တွယ်အသုံးပြုနေကြသော်လည်း ဦးမိုးထက်မြင့်၏ လက်ကိုင်ဖုန်းနံပါတ်ကို သူ၏မိတ်ဆွေအရင်းအချာများကိုယ်တိုင် မသိသကဲ့သို့ သူ၏လက်ထဲ တွင်လည်း ဖုန်းကိုင်ထားသည်ကို တစ်ကြိမ်တစ်ခါမှ မြင်ဖူးတွေ့ဖူးခြင်းမရှိကြပါ။

ယနေ့လည်း မနက်(၇)နာရီထိုးသည်နှင့်တပြိုင်တည်း ဦးမိုးထက်မြင့်၏ အိမ်ရှေ့သို့ ကားသုံးစီး ရှေ့ဆင့်နောက်ဆင့် ဆိုက်ရောက်လာပြီး ကားပေါ်မှ လူငယ် စီးပွားရေးသမားများဟု မြင်လိုက်ရုံဖြင့်သိသာသော အမျိုးသားသုံးယောက် ဆင်းလာ ကာ ခြံတံခါးနံဘေးအုတ်တံတိုင်းပေါ်တွင် တပ်ဆင်ထားသော ကင်မရာကိုကြည့်၍

"ကျွန်တော် နေလမင်း ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ တင်ဝင်းမောင်ပါ၊ ဦးမိုးထက်မြင့်ကို ပတ္တမြားလေးတွေပြချင်လို့လာတာပါ"

သူ၏စကားဆုံးသွားသည်နှင့် အုတ်တံတိုင်းတွင် မြှုပ်နှံထားသောစပီကာမှ

"ဦးမိုးထက်မြင့်မရှိပါဘူး ခရီးသွားနေပါတယ်"

ဟူသော အသံပေါ်ထွက်လာပါသည်။ အားကြီးမာန်တက်ဖြင့် ကားပေါ်မှ ဆင်းလာသော တင်ဝင်းမောင် စိတ်ပျက်ပြီးလှည့်ထွက်သွားသည်နှင့် ဒုတိယအမျိုး သား ခြံရှေ့သို့ နှစ်လှမ်းခန့်လျှောက်လာကာ ကင်မရာကိုကြည့်၍

"ကျွန်တော့်နာမည် လှမြင့်ပါ။ မြင်းခြံဇာတိပါ။ ကျွန်တော့်မှာ မန္တလေး နန်းတွင်း ပန်းချီကျော်ကြီးတွေဖြစ်တဲ့ ဆရာချုံနဲ့ဆရာပိုက်တို့ရဲ့ ပန်းချီကား ဆယ်ကား ရှိပါတယ်။ ဦးမိုးထက်မြင့် စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော်ပြချင်ပါတယ်"

မြင်းခြံမှ လှမြင့်ဆိုသူ၏စကားဆုံးသွားသည်နှင့် တပြိုင်နက်တည်း အုတ်တံ တိုင်းထဲရှိ စပီကာမှ

"ဦးမိုးထက်မြင့်မရှိပါဘူး. . ခရီးသွားနေပါတယ်"

မိန်းမပျို၏အသံ ထပ်မံထွက်ပေါ်လာသည်နှင့် ပန်းချီပွဲစားလည်း ကားဆီ သို့လျှောက်သွားကာ ဦးမိုးထက်မြင့်၏အိမ်ရှေ့မှ မောင်းထွက်သွားပါတော့သည်။

နောက်ဆုံးကျန်နေသည့် တစ်ယောက်ကတော့ လာမိမှမထူးတော့ပါဘူးဟု သဘောထားသည့်ပုံစံဖြင့်

"ကျွန်တော်မုံရွာက တင်ဝင်းလှိုင်ပါ မုံရွာမြို့ရဲ့အပြင်ဘက်မှာ ကျွန်တော်

တဲ့မြေလွတ်ကလေး တစ်ရာလောက်ရှိပါတယ်။ အဲဒီနေရာမှာ ရေန်တွင်းတစ်တွင်း မ်းတူးကြည့်တော့ ရေနံကြောကိုတွေ့ရသလို ထွက်လာတဲ့ရေနံတွေကလည်း ည်အသွေးကောင်းပါတယ်။ အဲဒီမြေကို ဦးမိုးထက်မြင့် စိတ်ဝင်စားမယ်ဆိုရင် ာင်းချင်လို့ လာအဆက်အသွယ်လုပ်တာပါ"

တင်ဝင်းလှိုင် စကားဆုံးသွားသည်နှင့် စပီကာမှ ကောင်မလေး၏အသံ ပြန်ထွက်ပေါ်လာပါသည်။

"ဦးမိုးထက်မြင့် မရှိပါဘူး ခရီးသွားနေပါတယ်"

နှစ်ခါကြားဖူးပြီးသား အဖြေစကားကိုပင် ထပ်မံကြားလိုက်ရသည့်အတွက် င်ဝင်းလှိုင်လည်း စိတ်ပျက်လက်ပျက်ဖြင့် ကားကို မောင်းထွက်သွားပါသည်။

ထိုအချိန်တွင် ဦးမိုးထက်မြင့်မှာ သူ့အိမ်ကြီး၏ညှိခန်းထဲ၌ နံနက်စာကို းသောက်ရင်း ဖုန်းခွဲအသီးသီးမှ ရောက်လာကြသော သူ၏မန်နေဂျင်း ဒါရိုက်တာများ တစ်နေ့တာလုပ်ဆောင်ရမည့်ကိစ္စများ သူသိချင်သောအချက်များ သူလုပ်ကိုင်စေ သည့် အချက်များကို မှာကြားနေခြင်းဖြစ်သည်။ ခြံရှေ့ရှိ စပီကာမှ ပြောနေသော ကောင်မလေး၏ အသံမှာလည်း လူကိုယ်တိုင်ပြောနေခြင်းမဟုတ်ဘဲ လူတစ်ယောက် ကားပြောပြီးသွားသည်နှင့် ထိုအသံပေါ်လာအောင် ခေတ်မီဒီဂျစ်တယ်နည်းပညာ ားဖြင့် စီမံဆောင်ရွက်ထားခြင်းပင်။

အချိန်နှင့်အမျှ ဝင်ငွေရှိနေသော ဦးမိုးထက်မြင့်၏ဘဝတွင် ကြိုတင်တွေ့ နှင့်တောင်းမထားသော ဧည့်သည်တစ်ယောက်ကို မည်သည့်အခါမှ လက်ခံတွေ့ ခြင်း၊ စကားပြောခြင်းမရှိခဲ့ပါ။ Appointment ယူမည်ဆိုလျှင်လည်း အနည်းဆုံး ပတ်ခန့် အချိန်ယူရပါသည်။ ဦးမိုးထက်မြင့်ဘဝတွင် အချိန်ကရှားသလို အချိန် င်းအလုပ်လုပ်နေသည့်အတွက်ကြောင့် လူတိုင်းကို မတွေ့နိုင်ခြင်းဖြစ်သည်။ ဆိုလျှင်လည်း နံနက်စာ စားနေသောအချိန်တွင် အစားစားနေရင်း သူ့ဝန်ထမ်း ားကို ညွှန်ကြားပြောဆိုနေခြင်းဖြစ်သည်။

မန်နေဂျင်းဒါရိုက်တာများအား မှာကြားစရာရှိသောကိစ္စများ မှာကြားပြီး ားသည့်အချိန်တွင် အပြင်ထွက်ရန် အဝတ်အစားလဲနေရင်း သူ၏အတွင်းရေးမှူး ယောက်မှ တစ်နေ့တာအတွင်း ဦးမိုးထက်မြင့် တွေ့ဆုံရမည့် လူများ၏နာမည်၊ အချိန်များကို တာဝန်ယူထားရသောလုပ်ငန်း ကဏ္ဍအလိုက် အသီးသီး ပြကြရပါသည်။

ဦးမိုးထက်မြင့် အဝတ်စားလဲပြီးသွားသောအချိန်၌ အတွင်းရေးမှူး ယောက်၏ တင်ပြပြောဆိုမှုမှာလည်း အဆုံးသတ်သွားပါသည်။ ဤသို့ အချိန်ကို

အကျိုးရှိရှိအသုံးချတတ်သောကြောင့်လည်း ဦးမိုးထက်မြင့် ယခုကဲ့သို့ ချမ်းသာ ကြွယ်ဝလာခြင်းဖြစ်သည်။

"နေ့ခင်းဆယ့်နှစ်နာရီမှာတွေ့ဖို့ ချိန်းထားတဲ့ ဟောင်ကောင်က ကျောက်စိမ်းကုန်သည်တွေကို ဒီနေ့မတွေ့ဖြစ်ဘူးလို့ ဖုန်းဆက်လိုက်၊ နေ့လည် သုံးနာရီမှာတွေ့ရမယ့် အိန္ဒိယက ပဲကုန်သည်တွေကို လေးနာရီပြောင်း ချိန်းလိုက် အခု ပုဇွန်တောင်ကရုံးခန်းကိုသွားမယ်၊ ပြီးရင် ဆာကူရာကရုံးခန်းကို ဆယ့်တစ်နာရီ အရောက်သွားမယ်. . နေ့လည်နှစ်ချက်ခွဲမှာ ရတနာဆိုင်က ရုံးခန်းကိုသွားမယ် ညနေငါးနာရီမှာ သံလွင်လမ်းက ရုံးခန်းကို သွားမယ်။ အဲဒီရုံးခန်းလေးခုစလုံး ငါ ဘယ်ညွှန်သည်နဲ့မှ မတွေ့ချင်သလို ဘယ်သူနဲ့မှလည်း ဖုန်းမပြောချင်ဘူး လာစောင့်နေတဲ့သူရှိရင်လည်း ပြန်ခိုင်းလိုက်ကြ။ ငါ ဒီနေ့ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး"

အတွင်းရေးမှူးလေးယောက်ကို မှာကြားပြောဆိုပြီးသည်နှင့် တပြိုင်တည်း အိမ်ရှေ့ပေါ်တီကိုအောက်တွင် အဆင်သင့်ရပ်ထားသော ၂၀၁၁ ခုနှစ်ထုတ် မာစီး ကားပေါ်သို့ တက်သွားပြီး ကိုယ်တိုင်မောင်းထွက်သွားပါတော့သည်။ အတွင်းရေး လေးယောက်လည်း လင့်ခရူဆာကားပေါ်သို့တက်ကာ လိုက်သွားကြပါတော့သည်။

ပိုက်ဆံကျိကျိတက်ချမ်းသာသော်လည်း ဒရိုင်ဘာမငှားဘဲ ကား ကိုယ်တိုင်မောင်းခြင်းကလည်း ဦးမိုးထက်မြင့်၏ စရိုက်တစ်ခုဖြစ်သည်။ သူပြော ရှိသောစကားမှာ ဒရိုင်ဘာမောင်းသောကားကိုစီးလျှင် ရုံးတစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းသွားလာရာ၌ သူမောင်းသည့်အချိန်ထက် နှစ်ဆခန့်ပိုကြာသောကြောင့် အချိန်ကုန်သက်သာစေရန် မောင်းခြင်းဖြစ်သကဲ့သို့ ဒရိုင်ဘာများမောင်းပါက ကား မဆင်မခြင်မောင်းသောကြောင့် ကားများနာသဖြင့် ကိုယ်တိုင်မောင်းရခြင်းဖြစ် သည်ဟု ပြောလေ့ရှိသည်။

လူတကာမှ တွေ့ချင်မြင်ချင် မိတ်ဆွေဖြစ်ချင်သော ဦးမိုးထက်မြင့်၊ သူနှင့် လက်ဆွဲနှုတ်ဆက်ခွင့်ရရန်အတွက် ဘယ်လောက်ပဲကုန်ကုန် အကုန်အကျခံ မည်ဟု တောင်းဆိုခြင်းကို ခံခဲ့ရသည့် ဦးမိုးထက်မြင့်၊ အရက်ဝိုင်းတွင် အတူယှဉ်တွဲ ထိုင်ခွင့်ရပါက ၂ ဂရိတ် အရည်အသွေးရှိ ငါးရတီဂိုက် စိန်တစ်လုံးကို ပေးပါမည်ဟု စီးပွားရေးသမားများ လောကတွင် ဆုကြေးသဖွယ် တင်စားခြင်းခံခဲ့ရသော ဦးမိုးထက်မြင့်တစ်ယောက် အရှယ်ကောင်းတုန်း စီးပွားရှာ၍ ကောင်းတုန်းအချိန်၌ပင် လူအများမလွန်ဆန်နိုင်သည့် သေခြင်းတရားနှင့် Appointment ယူမထား ရုတ်တရက်တွေ့ဆုံသွားပါသည်။

အချိန်နှင့်အမျှ စဉ်းစားတွေးခေါ် တွက်ချက်နေရသော ဦးမိုးထက်မြင့်၏ ဦးနှောက်ကို ထောက်ပံ့ကူညီပေးနေသည့် သွေးကြောလေးတွေမှာ အလုပ် လုပ်ရသည့်ဒဏ်၊ ပင်ပန်းသည့်ဒဏ်ကို မခံနိုင်သည့်အတွက် ပြတ်ထွက်သွားခြင်း ဖြစ်ပါသည်။ ဦးမိုးထက်မြင့် အသက်ရှင်စဉ်က ပြောခဲ့ဖူးသော စကားအရ သူသေလျှင် မြှုပ်လည်းမမြှုပ်နှင့်။ ဂူလည်းမသွင်းနှင့်။ အမှတ်တရဆိုပြီး အရိုးပြာကိုလည်း ဒုတ်ဂူ မလုပ်နှင့်။ သမီးတွေ ခဏခဏပြောင်းနေရတာ ကျန်တဲ့လူတွေ အလုပ်ရှုပ်တယ် မီးသင်္ဂြိုလ်ပြီး ပြာတွေကိုလွှင့်ပစ်လိုက်ဟု ပြောခဲ့ဖူးသောစကားကြောင့် မိသားစုက အလောင်းကို ရေဝေးသုသာန်၌ပင် ပြာကျသည်အထိ မီးသင်္ဂြိုလ်လိုက်ကြပါသည်။

ထိုအချိန်က ရန်ကုန်မြို့ကြီးတွင် အပူလှိုင်းများ ဖြစ်နေသဖြင့် အပူချိန်ဒီဂရီ အရမ်းမြင့်နေသောကြောင့် ဦးမိုးထက်မြင့်၏ မိသားစုမှာ လိုက်ပါပို့ဆောင်ကြသောမိတ်ဆွေများ အပူဒဏ်သက်သာရန် ဈာပနချမည့်အချိန်ကို ညနေငါးနာရီကို ရွေးချယ်လိုက်ပါသည်။ ရေဝေးကိုရောက်၍ အလောင်းကိုထုတ်ယူပြီး မိသားစုဝင်များနှင့် ရင်းနှီးခင်မင်သော မိတ်ဆွေများက ခဏကြည့်ပြီး မီးသင်္ဂြိုလ်စက်ထဲသို့ ဦးမိုးထက်မြင့်အလောင်းအား ပို့လိုက်ကြသည်။ အခေါင်းနှင့်အလောင်းကို မီးသင်္ဂြိုလ်စက်ထဲထည့်ပြီးသည်နှင့် အချိန်နှင့်အမျှ အလုပ်လုပ်နေကြသောလူတွေပီပီ မိမိကားပေါ် မိမိတက်ပြီး အသီးသီးပြန်သွားကြပါသည်။

မပြန်နိုင်သေးသည့်လူမှာ မီးသင်္ဂြိုလ်စက်ကိုင် ဖိုးထောင်ဖြစ်သည်။ ဦးမိုးထက်မြင့်၏ မိသားစုဝင်တွေက အရိုးတစ်စမှ မကျန်စေဘဲ ပြာကျအောင် မီးရှို့ပေးပါဟု သေသေချာချာမှာခဲ့ပြီး လက်ဘက်ရည်ဖိုး တစ်သောင်းပေးသွားသောကြောင့် စိတ်ရှည်လက်ရှည်ထိုင်ပြီး ပြာကျအောင် မီးရှို့ပေးနေခြင်းဖြစ်သည်။

ပုံမှန်ဆိုလျှင်တော့ ဦးခေါင်းနှင့် တင်ပဆုံရိုးများကို ပြာကျသည်အထိ မီးမရှို့ဖြစ်ပါ။ အခြားစက်တွေထဲမှာရှိသော တစ်နေကုန်ရှို့ထားသည့် အလောင်းပြာတွေကို ကားများပေါ်သို့ တင်ပြီးကြသောကြောင့် ဟိုဘက်စက်မှ ကျော်တင့်တစ်ယောက် အရက်ဆိုင်သွားရန်အတွက် ဖိုးထောင်အား မျှော်နေသည်။ တစ်နေ့တစ်နေ့ပုံသဏ္ဍာန်မျိုးစုံ အနံ့အသက်မျိုးစုံဖြင့် အလောင်းများကို ကိုင်တွယ် မီးရှို့နေရသောကြောင့် အလုပ်သိမ်းချိန်ဆိုလျှင် အရက်ဖြူလေးတစ်လုံးလောက်သောက်ပြီးမှ အိပ်ပျော်စားဝင်ကြသည်မှာ သူတို့၏သဘာဝပင်။ ကျော်တင့်နှင့်အတူတူ အရက်ဆိုင်သွားရန်အတွက် ဦးမိုးထက်မြင့်၏ပြာများအား ဂေါ်တစ်ချောင်းဖြင့် တွန်းလှည်းပေါ် ကော်တင်ရင်း ပြာသိမ်းသည့်ကားရှိရာသို့ တွန်းလာပါသည်။ ထွက်လာသောဖိုးထောင်ကို တွေ့သည်နှင့် ကျော်တင့်မှ

"မင်းကလည်း ကြာလိုက်တာကွာ ငါက မင်းကိုယ်မင်းများ မီးရှို့နေ သလားလို့ ဘာဖြစ်လို့ ဒီလောက်ကြာနေရတာလဲ"

"ဒီမှာကွာ မသာတစ်လောင်းကို ပြာကျသွားအောင် မီးရှို့ပေးပါဆိုပြီး ငါ့ကို သေသေချာချာမှာသွားတာနဲ့ အချိန်ကြာသွားတာ မင်းစောင့်နေရတဲ့အတွက် အမြည်းငါကျွေးမယ်။ သူတို့ ငါ့ကို ပိုက်ဆံတစ်သောင်းပေးသွားတယ်ကွ"

"မလိုပါဘူးကွာ အမြည်းက ငါ့ဆီမှာပါပြီးသား၊ စေတနာရှိရင် အဖြူအစေး မင်း ငါ့ကို ဒီနေ့ အနီတိုက်၊ အမြည်းကတော့ ဟော ဒီမှာ ရှယ် ပေ့ကောင်ရေ"

ကျော်တင့်သည် ပြောပြောဆိုဆို ညာလက်မှာဆွဲထားသည့် ပုဆိုးစုတ်နှင့် ချည်ထားသော အထုပ်ကိုဖြည်ပြလိုက်သည်။ တစ်ချိန်တည်းမှာပင် ဖိုးထောင်က လည်း ဦးမိုးထက်မြင့်၏ပြာများကို ဂေါ်နှင့်ထိုး၍ ကားပေါ် သို့ပစ်တင်လိုက်သည်။

"ဟ ဖြည်းဖြည်းလုပ်ပါ ဖိုးထောင်ရာ မင်းပြာတွေက ငါ့ဟောင်ကောင် သားလေးတွေကို ပေကုန်လို့ မစားရဖြစ်နေပါဦးမယ်။ နေ့လည်တုန်းက ကားတိုက် လို့သေသွားတဲ့ခွေးအသေကောင်ဆီက အသားကောင်းတွေကို ဖြတ်ယူထားတာ မင်းပြာတွေ ပေသွားလို့ အဖိုးတန်အသားလေး လွှင့်ပစ်နေရပါဦးမယ်"

"မင်းကလည်းကွာ အဖိုးတန်တဲ့ဟောင်ကောင်သားကို ဒီပြာတွေကြောင့် ဘယ်အပျက်စီးခံပါ့မလဲ မင်းအထုပ်ကို ပြန်သိမ်းပြီး နောက်ခဏဆုတ်နေ"

ကျော်တင့်ကိုပြောပြီးသည်နှင့်တပြိုင်တည်း အရက်ဆိုင်သွားရန်အတွက် နောက်ကျနေသော ဖိုးထောင်သည် ဦးမိုးထက်မြင့်၏ပြာများကို အလျင်အမြန် ကားပေါ် သို့ ပစ်တင်နေတော့သည်။ ကျော်တင့်မှာလည်း အမြည်းထုပ်ကလေးအား ပြာပေမှာစိုးသည့်အတွက် ခပ်လှမ်းလှမ်းအထိသွား၍ ရပ်စောင့်နေသည်။ ပြာတွေ ပေသွားပါက တယုတယဖြတ်ယူထားရသော ဟောင်ကောင်သားလေးတွေ အလကားဖြစ်ကုန်မှာစိုးရသည်။

အချိန်မရသည့်အတွက် ဖိုးထောင်မှ ပြာများကို ဂေါ်ဖြင့် ကတိုက်ကရိုက် ကော်ကော်ပြီးတင်နေသောကြောင့် ဦးမိုးထက်မြင့်၏ အရိုးပြာများသည် ကားပေါ်မှာ တချို့ လှည်းပေါ်မှာတချို့ လမ်းပေါ်မှာတချို့ လေထဲမှာတချို့နှင့် ဟိုတစ်စ သည်တစ်စ ပြန့်ကျဲသွားသည်။ အနားတွင်ရပ်နေသော ကျော်တင့်မှာလည်း သူ၏ ခွေးသားများအပေါ်သို့ ဦးမိုးထက်မြင့်၏ အလောင်းပြာများ ကျရောက်သွားပါက အသားများ မကောင်းမှာစိုးသည့်အတွက် လက်နှင့်ကွယ်ကာကွယ်ကာ လုပ်နေ တော့သည်။

**သထုံမောင်**

ပြောပြန်ရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်ဦးမယ်။
ပြောဘဲကလည်းနေလို့မရတော့ဘူး။ ကျွန်မရင်ထဲမှာ မွန်းကျပ်နေရတာတွေများ
နဲ့လို့ တစ်ယောက်ယောက်ကိုတော့ ပြောပြလိုက်ချင်တယ်။ ကိုယ့်ဝမ်းနာ ကိုယ်သာ
ဆိုတဲ့ စကားအတိုင်းပဲ ကိုယ့်ရင်ထဲမှာ ဖြစ်နေတဲ့ဒုက္ခတွေ အပူတွေကို ကိုယ်ကိုယ်
င်ကမှ ပြောမပြရင် ကျန်တဲ့လူတွေ ဘယ်လိုသိနိုင်မှာလဲ။ ပြီးတော့ ဒီအပူတွေ
ဒုက္ခတွေကို တစ်ယောက်ယောက်ကို ဖွင့်ပြောမပြရဘူးဆိုရင်လည်း ကျွန်မ
ယ်လိုမှ နေပျော်မှာမဟုတ်ဘူး။

ကျွန်မအသက်ကိုပြောရရင် အခုမှ သုံးဆယ့်ငါးကျော်လို့ သုံးဆယ့်ခြောက်
ကို ရောက်ရုံရှိပါသေးတယ်။ ဒါပေမယ့် ကျွန်မကိုများမြင်လိုက်ရင် တစ်ချိန်တုန်းက
င်းသမီးပေါက်စနတစ်ယောက်ဖြစ်ခဲ့ဖူးတယ်၊ အရမ်းချောခဲ့တယ်၊ အရမ်းလှခဲ့တယ်၊
ခုအချိန်မှာ ကျွန်မရဲ့အသက်က သုံးဆယ့်ခြောက်နှစ်ပဲရှိပါသေးတယ်ဆိုတဲ့ စကား
ဘယ်သူကမှ ယုံမှာမဟုတ်သလို ဘယ်သူကမှလည်း လက်ခံမှာ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုရင် ကျွန်မရဲ့ရုပ်ရော၊ ကျွန်မရဲ့ဆံပင်တွေရော၊ ကျွန်မရဲ့
င်တွေပါ အရွယ်နဲ့မမျှအောင် အိုမင်းရင့်ရော်နေလို့ပဲ။ အရွယ်နဲ့မမျှအောင် အိုမင်း
င့်ရော်နေရတဲ့ အဓိကအကြောင်းက ဘာလဲဆိုရင် ကျွန်မ မင်းသားမယား ဖြစ်နေ
ပဲ။ ရုတ်တရက်တော့ ကျွန်မပြောလိုက်တဲ့ စကားက အံ့ဩစရာစကား၊ အမြေရှာ
တဲ့စကား ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မရှင်းပြလိုက်ရင် မင်းသား
ားတစ်ယောက်ဖြစ်တဲ့အတွက် ဘာကြောင့်အရွယ်ကျသွားတယ်၊ ဘာကြောင့်
တွေအိုစာသွားတယ်၊ ဘာကြောင့် ရင်ထဲမှာ မွန်းကျပ်သိပ်သည်းနေရတယ်ဆိုတာ
သိသွားနိုင်သလို ကျွန်မတို့ မင်းသား
မယားတွေရဲ့ ဘဝတွေကိုလည်း စာနာ
နားလည်တတ်လာမှာပါ။ တကယ်
တော့ မင်းသားမယားဆိုတာ ကျီးအာ
သီးတစ်လုံးလိုပါပဲ။ အပြင်ကကြည့်
လိုက်ရင်သာ လှနေပေမယ့် အထဲမှာ
တော့ တကယ့်ကို စိတ်ညစ်စရာ
ကောင်းလောက်အောင် ရုပ်ပျက်
ဆင်းပျက်နဲ့ ခဏ လောက်နေကြည့်ဖူး
တဲ့သူတိုင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ
ဖြစ်သွားနိုင်လောက်တဲ့ ဘဝတွေပါ။
အကျိုးသင့်အကြောင်းသင့်



သေသေချာချာသိအောင် ကျွန်မရဲ့ ငယ်ဘဝကစပြီးပြောပြမှ ဇာတ်ရည်လည
လိမ့်မယ်ထင်ပါတယ်။ ကျွန်မကြီးပြင်းခဲ့ရတဲ့ မြို့ကလေးဟာ မြစ်ဝကျွန်းပေါ်ဒေသ
အလှဆုံးမြို့လို့ ပြောရလောက်တဲ့မြို့ ဖြစ်သလို ရာဇဝင်တွေထဲမှာလည
တစ်ခမ်းတနားနဲ့ ပါဝင်ပတ်သက်ခဲ့တဲ့ မြို့ကလေးပါ။ စာရေးဆရာ
ဦးတင်ဦး(ကျူရှင်)ရဲ့ လေနဲ့ပြောရရင်တော့ ဆင်တစ်ကောင်တည်းပေါ်
စီးချင်းထိုးတဲ့ ဗျည်းနွဲ့နဲ့ငရက်နွဲ့တို့ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ကြတဲ့ မြို့ကလေး
မြို့စားမင်းကြီးလောက်ဖျား တန်ခိုးထွားခဲ့တဲ့ မြောင်းမြမြို့ကလေးပါပဲ။ ကျွ
ကြီးပြင်းခဲ့တာ အဲဒီမြောင်းမြမြို့ကလေးမှာပါပဲ။

နယ်မြို့လေးတွေရဲ့ထုံးစံ၊ မြို့ကကျဉ်းသလို တစ်မြို့လုံးမှာရှိတဲ့ ရပ်ကွ
တွေထဲမှာ နေထိုင်ကြတဲ့လူတွေအကြောင်းကိုလည်း တစ်ယောက်စကား တစ်ယော
နားနဲ့ သိနေကြတာပါပဲ။ အဲဒီလိုသိတာကိုက ကျွန်မရဲ့ဘဝ ဒုက္ခရောက်ဖို့ အင
တာပါပဲ။ ကျွန်မရဲ့အဖေက အသားဖြူပြီး အရပ်မြင့်သလို ကျွန်မရဲ့အမေကလ
ရှေးစကားနဲ့ပြောရရင်တော့ လုံးကြီးပေါက်လှပေ့၊ အဖေကလည်း ယော
ပီပီသသ ခန့်ခန့်ချောချော၊ အမေကလည်း ခန္ဓာကိုယ်အချိုးအစားပြေပြစ်ပြီး အ
လှတဲ့သူဆိုတော့ အဖေနဲ့အမေနဲ့က မွေးထုတ်လိုက်တဲ့ကျွန်မဟာ သူငယ်ချင်းတွေ
ယှဉ်ရပ်လိုက်ရင် ထင်းကနဲပေါ်နေတာ အဆန်းတော့ မဟုတ်ပါဘူး။

ကျွန်မ ရှစ်တန်းကျောင်းသူဘဝရောက်တဲ့အချိန်မှာ ကျွန်မတို့ ရော
တိုင်းရဲ့ ၂၆မြို့နယ် လှယဉ်ကျေးမယ်ပြိုင်ပွဲလုပ်တယ်။ အဲဒီမှာဝင်ပြီး ယှဉ်ပြိ
အတွက် ကျွန်မတို့မြို့မှာလည်း မြောင်းမြမယ်ရွေးပွဲကျင်းပတယ်။ ရပ်ကွက်တစ်
လူတစ်ယောက် ကိုယ်စားပြုပြီး ဝင်ပြိုင်ကြရတာပေ့။ ကျွန်မတို့ ရပ်ကွက်ကို ကိုယ်
ပြုပြီး လှယဉ်ကျေးမယ် ဝင်ပြိုင်ဖို့အတွက် ရပ်ကွက်လူကြီးတွေက ကျွန်မကို ရွေးခ
လိုက်ကြတယ်။ ရှစ်တန်းကျောင်းသူဆိုပေမယ့် အဖေကလည်းထွား၊ အမေကလ
ထွားတာကြောင့် ကျွန်မခန္ဓာကိုယ် အဆစ်အပေါက်ဟာ လှယဉ်ကျေးမ
တစ်ယောက်အဖြစ် ဝင်ပြိုင်ရလောက်အောင် ဖွံ့ဖြိုးနေသလို အသက်ငယ်
ရှစ်တန်းကျောင်းသူအရွယ်မှာပဲ ကျွန်မအပျိုဖြစ်နေပါပြီ။

မြောင်းမြမြို့ရဲ့ ရပ်ကွက်ပေါင်းစုံ လှယဉ်ကျေးမယ်ပြိုင်ပွဲမှာ မြောင်းမြ
ဘွဲ့ကိုယှဉ်ပြိုင်သူတွေ အားလုံးအပေါ်မှာ အမှတ်ပေါင်းများစွာနဲ့ ကျော်ဖြတ်ပြီး ကျွ
ရရှိခဲ့ပါတယ်။ တကယ်ကို မျှော်လင့်မထားတာပါ။ အဲဒီထက်ပိုပြီးထူးဆန်းတာ
ဧရာဝတီတိုင်းရဲ့မြို့တော်ဖြစ်တဲ့ ပုသိမ်မြို့မှာကျင်းပတဲ့ ၂၆မြို့နယ်မှာရှိတဲ့ မယ်
အားလုံးစုပြီးပြိုင်ရတဲ့ ဧရာဝတီမယ်ဘွဲ့ကို ကျွန်မရလိုက်တာပါပဲ။ အသက်က

ာလည်းငယ်၊ ပညာကလည်း မပြည့်စုံသေးတော့ ရလိုက်တဲ့မယ်ဘွဲ့အပေါ်မှာ ကျွန်မ ာကယ်ကို သာယာခဲ့မိတာပါ။ ကျွန်မရဲ့အဖေနဲ့အမေလည်း ပါတာပေါ့လေ။

ရောဝတီမယ်ဘွဲ့ရလိုက်တာဟာ လင်ဆိုးမယားဖြစ်ဖို့ ကျွန်မဘဝကို ံခါးဖွင့်ပေးလိုက်သလိုပါပဲ။ ရောဝတီမယ် ရွေးပွဲကျင်းပတော့ လူကြီးတွေရဲ့အစီ အစဉ်နဲ့ ကျွန်မတို့ရဲ့ပြိုင်ပွဲကို မှတ်တမ်းတင် ဗီဒီယိုရိုက်ဖို့အတွက် ရန်ကုန်ကနေ ီဒီယို ရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့ကိုခေါ်ပါတယ်။ အဲဒီရိုက်ကူးရေးမှာ ကင်မရာမင်း အဖြစ်ပါလာတာက ဦးတင့်ဆန်းပါ။ အမျိုးသမီးသရုပ်ဆောင် မမျိုးမျိုးခိုင်ရဲ့ ယောကျ်ားပေါ့။

မယ်ဘွဲ့ရလို့ လူကြီးတွေချီးမြှင့်တဲ့သရဖူကို ဆောင်းပြီးဆင်းလာတဲ့ ကျွန်မကို ီးတင့်ဆန်းက အနားလာပြီးပြောပါတယ်။ ညည်းရဲ့မျက်နှာ ညည်းရဲ့ခန္ဓာကိုယ် ာဆစ်အပေါက်နဲ့ ရန်ကုန်မှာဆိုရင် သေချာပေါက်မင်းသမီးဖြစ်တယ်။ အခု အောင် မြင်နေတဲ့ မင်းသမီးတွေအကုန်လုံး တစ်ယောက်မှ ညည်းလောက်မလှဘူးတဲ့။

သူ့ရဲ့ အဲဒီစကားက မိုးပေါ်ကို ပျံတက်တော့မယ့် မှိုင်းဝနေတဲ့ မီးပုံးပျံ ကြီးကို နိုက်ထရိုဂျင်ဓါတ်ငွေ့တွေ မှုတ်သွင်းလိုက်သလိုပါပဲ။ အသက်လေးငယ်ပြီး အလှဂုဏ်မောက်နေတဲ့ ကျွန်မအတွက် မြေကြီးနဲ့ခြေထောက် မထိချင်လောက် အောင်ကိုဖြစ်သွားတာပါ။ ရောဝတီမယ်ဘွဲ့ရလာတဲ့ကျွန်မကို တစ်မြို့လုံးက ာမ်းလုံးညွတ်အောင် ကြိုဆိုကြသလို သဘောဆိပ်ကနေ အိမ်ရောက်တဲ့အထိလည်း ကျွန်မတို့မြို့မှာ တစ်စီးတည်းသာရှိတဲ့ မာဇဒါဂျစ်နဲ့ အိမ်ရှေ့ရောက်အောင် လိုက်ပို့ ပေးတယ်။ အဖေနဲ့အမေဆိုတာ ဘယ်ပြောကောင်းမလဲ။ မျက်နှာတွေဆိုတာ ပြုံးလို့။

ကျွန်မလည်း အဲဒီနေ့ကစပြီး ကျောင်းဆက်နေဖို့ စိတ်မဝင်စားတော့သလို ာအလုပ်မှလည်း လုပ်ချင်စိတ်မရှိတော့ဘူး။ ကျွန်မရင်ထဲမှာရှိနေတာ၊ ကျွန်မ ခေါင်းထဲမှာရှိနေတာက တိုင်းမယ်ရွေးပွဲတုန်းက ရန်ကုန်ကနေ ဗီဒီယိုလာရိုက်တဲ့ ဦးတင့်ဆန်းရဲ့ ညည်းရုပ်ညည်းရည်နဲ့သာဆိုရင် ရန်ကုန်မှာမင်းသမီးဖြစ်နိုင်တယ် ဆိုတဲ့ စကားပါပဲ။

သူ့စကားကြောင့် မာန်တက်နေတဲ့ကျွန်မဟာ ရန်ကုန်ကိုတက်ပြီး င်းသမီးလုပ်ချင်တဲ့အကြောင်း အဖေနဲ့အမေကို ပူဆာပါတယ်။ သာမန်မိသားစု အဆင့်မှာပဲရှိတဲ့ အဖေနဲ့အမေဟာ ကျွန်မ ရောဝတီမယ်ဘွဲ့ရလာတဲ့အချိန်တုန်း က တစ်မြို့လုံးမှာ မျက်နှာပွင့်ပြီး ခေါ်ချင်ပြောချင်သူတွေ များလာတာကို ကိုယ် င် ခံစားခဲ့ရတာဆိုတော့ တကယ်လို့များ မင်းသမီးအဖေနဲ့အမေဖြစ်ခဲ့ရင် တစ်နိုင်ငံ းက လိုက်လိုက်လှဲလှဲ ခေါ်ချင်ပြောချင်ကြမှာပဲဆိုတဲ့အတွေးနဲ့ ကျွန်မရဲ့တောင်းဆို

ချက်ကို စက္ကန့်မဆိုင်းဘဲ ခွင့်ပြုခဲ့ပါတယ်။

အဖေနဲ့အမေရဲ့ သဘောတူညီချက်ကိုရတာနဲ့ ကျွန်မတို့မိသားစု ရန်ကု

ကို ထွက်လာခဲ့ပါတယ်။ ပေးထားခဲ့တဲ့ ကင်မရာမင်းဦးတင့်ဆန်းရဲ့ လိပ်စာကိုစုံစမ်း သူ့အိမ်ကို ရောက်အောင်သွားပါတယ်။ အကျိုးအကြောင်းလည်းသိရော သူနဲ့အ ရင်းနှီးတဲ့ ဒါရိုက်တာစိန်သံမဏိရဲ့အိမ်ကိုခေါ်သွားပြီး ကျွန်မနဲ့မိတ်ဆက်ပေးပါတယ်

အဲဒီအချိန်တုန်းက လူရွှင်တော် ကိုမော့စ်ဟာ မင်းသားအဖြစ် လျှမ်းလျှ တောက် အောင်မြင်နေတဲ့အချိန်ပါ။ ဒါရိုက်တာ ဦးစိန်သံမဏိနဲ့လည်း ကားေ အဆက်မပြတ်ရိုက်နေတဲ့အချိန်ပေါ့။ သန်လျင်မြို့ ဘုရားကုန်းမှာရှိတဲ့ အမေပုခြံဆိ ရှုတင်ခြံအကျယ်ကြီးထဲမှာ ဇာတ်ကားတွေ ရိုက်နေတာပါ။ ဦးစိန်သံမဏိက ကျွန်မ ခြေဆုံးခေါင်းဆုံးကြည့်ပြီး သမီးလေးရုပ်ရည်နဲ့ဆို သရုပ်ဆောင်များကောင်းလို့ကတော လျှမ်းလျှမ်းတောက် မင်းသမီးဖြစ်မှာသေချာတယ်တဲ့။

သူ့ရဲ့အဲဒီစကားက ကျွန်မတို့မိသားစုအတွက်တော့ မီးလောင်ရာလေ လိုက်သလိုပါပဲ။ ဒါရိုက်တာ ဦးစိန်သံမဏိအိမ်ကအပြန် လမ်းတစ်လျှောက် မိသားစုသုံးယောက် အတွေးကိုယ်စီနဲ့ပေါ့။ အဖေနဲ့အမေကလည်း မင်းသမီးမိ များဖြစ်ရင် ဘယ်လိုနေရမလဲဆိုတဲ့အတွေးတွေနဲ့ အံ့သြကြည်နူးနေသလို ကျွန် ကိုယ်တိုင်ကလည်း နိုင်ငံကျော်မင်းသမီးတစ်လက် ဖြစ်သွားလို့ကတော့ ဘယ်လော တောင် မျက်နှာပွင့်မလဲဆိုတာတွေးပြီး စိတ်ထဲမှာ ရင်ခုန်နေမိတာ အမှန်ပါ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်တုန်းက မင်းသားမင်းသမီး အရမ်းရှားသ မင်းသားမင်းသမီးဈေးကလည်း ကောင်းနေသေးတယ်လေ။ အောင်မြင်ကျော်ကြား မင်းသားပဲဖြစ်ဖြစ် မင်းသမီးပဲဖြစ်ဖြစ် နှစ်နှစ် သုံးနှစ်အတွင်းမှာ နောက်ဆုံးေ ကားကိုစီးပြီး ခြံနဲ့ဝင်းနဲ့နေနိုင်တဲ့ အချိန်ကိုး။

ဒါရိုက်တာ ဦးစိန်သံမဏိရယ်၊ မင်းသား ကိုမော့စ်ရယ်၊ ကင်မရာမ ဦးတင့်ဆန်းရဲ့ကျေးဇူးကြောင့် ရန်ကုန်ရောက်ပြီး တစ်ပတ်အကြာမှာပဲ ကျွန်မ ဗီဒီ ရိုက်ရပါတယ်။ ခေါင်းဆောင်မင်းသမီးနေရာမှာတော့ မဟုတ်ဘူးပေါ့။ ဒါပေမ လည်း ဖြတ်လျှောက်နေရာကလည်း မဟုတ်ပါဘူး။ ကာရိုက်တာလေးတစ်ခုရ ကျွန်မရဲ့အရည်အချင်းကို ပြခွင့်ရတဲ့နေရာလေးပါ။ ဝါသနာကလည်းပါ၊ မိဘတွေ ကလည်းသဘောတူ အခြေအနေကလည်းပေး ကျွန်မကလည်း သရုပ်ဆောင် အလုပ်တစ်ခုကိုပဲ ခေါင်းထဲထည့်ပြီးလုပ်ရတာဆိုတော့ အဲဒီကား ရိုက်ပြီးတဲ့အချိန် ဒါရိုက်တာရော၊ မင်းသားရော လုပ်ဖော်ကိုင်ဖက်တွေ အကုန်လုံးက ပိုင်းပြီး ချီးမွ ကြပါတယ်။

အဲဒီကားရဲ့ကျေးဇူးကြောင့်ပဲ နောက်တစ်ကားလည်းရိုက်ရော ဦးစိန်ညွှန့်မောင်က ကျွန်မကို ခေါင်းဆောင်မင်းသမီးနဲ့အပြိုင် လုပ်ခွင့်ရတဲ့ နေရာတစ်ခုကိုပေးပါတယ်။ အသက်ကလည်းငယ်၊ လုပ်ချင်ကိုင်ချင်စိတ်ကလည်း အရမ်းပြင်းထန်နေတာဆိုတော့ အဲဒီဇာတ်ရုပ်ကိုလည်း ကျွန်မ ပိုင်ပိုင်နိုင်နိုင်သရုပ်ဆောင်နိုင်ခဲ့ပါတယ်။

တိုတိုပြောရရင် ကျွန်မရဲ့ရုပ်ရည်ရယ်၊ ငယ်ဂုဏ်ရယ် ကြိုးစားအားထုတ်မှုရယ်၊ ဆက်ဆံရေးကောင်းမွန်မှုရယ်ကြောင့် အချိန်တိုအတွင်းမှာပဲ တိုင်းကျော်ပြည်ကျော် အရမ်းအောင်မြင်တဲ့မင်းသမီးတစ်ယောက်မဟုတ်ပေမယ့် တိုင်းသိပြည်သိမင်းသမီးငယ်တစ်ယောက်တော့ ဖြစ်ခဲ့ပါတယ်။ မင်းသမီးဖြစ်ပြီဆိုတော့ ကားရိုက်ကလည်း တောက်လျှောက်ရှိတာပေါ့။ အဲဒီအချိန်တုန်းက အက်ရှင်ကားတွေ ခေတ်စားတဲ့အချိန်ဆိုတော့ ကျွန်မတို့မင်းသမီးတွေလည်း အက်ရှင်ကားတွေပဲ ရိုက်ရတာပေါ့။ အဲဒီတော့လည်း အက်ရှင်မင်းသားတွေနဲ့ပဲ အမြဲတမ်းထိတွေ့ ဆက်ဆံနေရတာပါပဲ။

အောင်မြင်ကျော်ကြားစပြုနေတဲ့ မင်းသမီးငယ်ဘဝကနေ မင်းသားမယားဖြစ်ဖို့ အဲဒီအက်ရှင်ကားတွေရိုက်တာက စတာပါပဲ။ ဇာတ်ကြမ်းကားဆိုတော့ ထုံးစံအတိုင်း မင်းသားက မင်းသမီးကိုကယ်၊ မြင်းတစ်ကောင်တည်းပေါ်မှာ မင်းသားနဲ့မင်းသမီး စီး။ မြင်းစီးပြီဆိုကတည်းက မင်းသမီးက မင်းသားရင်ခွင်ထဲမှာ နေရတာပါ။ ဆိုင်ကယ်စီးတော့လည်း ရင်ခွင်ထဲမှာမနေရဘဲ နောက်မှာထိုင်နေရတယ်ဆိုပေမယ့် ပြုတ်မကျအောင်ရော ဇာတ်လမ်းရဲ့သဘောအရပါ မင်းသားကို နောက်ကနေ ဖက်ထားရတာပါ။

အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဆိုသလိုပဲ။ ရိုက်ရဖန်များ၊ တွဲရဖန်များတော့ ကျွန်မနဲ့မင်းသား လူငယ်သဘာဝ ချစ်မိသွားကြတာပါပဲ။ လုပ်ငန်းချင်းကလည်းဆက်စပ်နေ၊ အမြဲတမ်းလည်း ထိတွေ့နေရတာဆိုတော့ အတွေ့ကို မရှောင်နိုင်ဘူးဆိုတဲ့စကားလိုပဲ ကျွန်မချစ်သူမင်းသားက ကျွန်မကို နိုးပြေပါလေရော။ အဲဒီအချိန်က အက်ရှင်မင်းသားတွေ ခေတ်ကောင်းနေတဲ့အချိန်ဆိုတော့ ကျွန်မယောကျ်ားမင်းသားမှာ တိုက်ပိုင် ကားပိုင်နဲ့ပါ။

ကျွန်မ လင်နောက်လိုက်သွားတော့ အဖေနဲ့အမေဆိုတာ ရင်ကွဲပက်လက်ပေါ့။ သူတို့ကိုယ်တိုင်လည်း အောင်မြင်ကျော်ကြားတဲ့ မင်းသမီးတစ်ယောက်ရဲ့မိဘတွေဖြစ်ချင်သလို ကျွန်မကိုလည်း တိုင်းကျော်ပြည်ကျော် မင်းသမီးဖြစ်စေချင်ကြတာလေ။ မင်းသားတွေ မိန်းမယူလိုက်ရင် သိပ်ပြီးမသိသာပေမယ့် မင်းသမီးငယ်တွေ ယောကျ်ားယူလိုက်ရင် ပရိသတ်ရဲ့အားပေးမှု လျော့သွားတာဆိုတော့

သူတို့ရင်ကွဲမယ်ဆိုလည်း ကွဲချင်စရာပါ။

ရကာစကတော့ ကျွန်မတို့လင်မယားနှစ်ယောက် မိုးမမြင်လေမမြင်ပေါ့။ ယောကျ်ားက အောင်မြင်တဲ့ အက်ရှင်မင်းသား။ မိန်းမက ကျော်ကြားစပြုနေတဲ့ မင်းသမီးငယ်။ လင်ရောမယားရော ဇာတ်ကားတွေ ရိုက်လိုက်ရတာမှ နားရက်တောင်မရှိဘူး။ တကယ်လို့ ကျွန်မကိုငှားတဲ့လူမရှိဘူး ရက်အားနေတယ်ဆိုရင်လည်း ကျွန်မရဲ့ယောကျ်ားမင်းသားရဲ့ ဇာတ်ကားမှာ ဝင်ရိုက်လိုက်တာပါပဲ။ ယောကျ်ားက လျှမ်းလျှမ်းတောက်မင်းသားဆိုတော့ ပရိုဂျူဆာတွေ ဒါရိုက်တာတွေကလည်း မငြိုငြင်ရဲဘူးလေ။ ကျွန်မတို့လင်မယားနှစ်ယောက်ရဲ့စကား အမြဲအောင်နေတာပေါ့။ အလုပ်ကလည်းမှန်၊ ဝင်ငွေကလည်းကောင်းဆိုတော့ လက်ညှိုးညွှန်ရာ ရေဖြစ်ပြီး လူ့ဘဝဆိုတာ အရမ်းပျော်စရာကောင်းပါလားဆိုတဲ့အချိန်ပေါ့။

ဒါပေမယ့်လည်း အနိစ္စအမြဲမရှိဆိုတဲ့စကားဟာ ဒီပြင်လူတန်းစား ဒီပြင်အလုပ်တွေအတွက် သိသာချင်မှသိသာပေမယ့် ကျွန်မတို့မင်းသားမင်းသမီးတွေအတွက်တော့ တကယ်ကိုသိသာပါတယ်။ အက်ရှင်ဇာတ်ကြမ်းကားတွေချည်း ကြည့်ရဖန်များလာတဲ့ ပရိသတ်ဟာ အပြောင်းအလဲတစ်ခုအနေနဲ့ ဟာသကားတွေကို တောင်းဆိုလာတဲ့အချိန်မှာ ပရိုဂျူဆာတွေ ဒါရိုက်တာတွေကလည်း သူတို့ ပိုက်ဆံရဖို့အတွက် ပရိသတ်အကြိုက်လိုက်ရတာပါပဲ။ ပရိုဂျူဆာတိုင်းက ဒါရိုက်တာတိုင်းကို ဟာသကားတွေချည်းပဲ ရိုက်ခိုင်းတော့တာပါ။ အဲဒီအချိန်ကစပြီး ကျွန်မတို့လင်မယားနှစ်ယောက်စလုံး ငုတ်တုတ်မေ့တာပါပဲ။

မင်းသားမင်းသမီးဆိုတာ အောင်မြင်နေတဲ့အချိန်မှာ အင်မတန်ကိုကြည်နူးပျော်ရွှင်စရာကောင်းပြီး လူတကာက အားကျရပေမယ့် အလုပ်မဖြစ်တော့တဲ့အချိန် နာမည်ကျသွားတဲ့အချိန်ကျရင် ကျွန်စုတ်တဲ့ သရက်စေ့လောက်တောင် ပြောင်ပြောင်ရောင်ရောင် မရှိတော့ပါဘူး။

ပြီးတော့ လူတကာသိနေတဲ့မျက်နှာကြီးတွေနဲ့ လမ်းဘေးမှာဈေးရောင်းဖို့တို့ ဆိုင်ထွက်ဖို့တို့ လူတွေနဲ့ ရောနှောဆက်ဆံရတဲ့ စီးပွားရေးလုပ်ဖို့တို့ဆိုတာ တော်တော်ကို မလွယ်တာပါ။ တွေ့သမျှလူတိုင်းက ကိုယ့်ကိုသိနေတော့ မြင်သမျှလူတိုင်းကို ပြောပြနှုတ်ဆက်နေရတာနဲ့တင် အလုပ်လုပ်ဖြစ်တဲ့ဆီ မရောက်ပါဘူး။ အဲဒီလိုမှ ပြုံးမပြပြန်ရင် နှုတ်မဆက်ပြန်ရင်လည်း မာနကြီးလိုက်တာဆိုပြီး ထောပနာအပြုခံရဦးမှာလေ။

ဟာသကားတွေ ခေတ်ကောင်းပြီး အက်ရှင်ကားတွေ မရိုက်ရတဲ့ တစ်နှစ်လုံး ကျွန်မတို့လင်မယားနှစ်ယောက်စလုံး အိမ်မှာပဲ ထိုင်နေရတာပါ။ လူကသာ

ထိုင်နေပေမယ့် အသုံးစရိတ်တွေ ငွေကုန်ကြေးကျတွေကတော့ ဘယ်ထိုင်နေပါ့မလဲ။ ဒီလိုအပေါက်ရှာပြီး မရရအောင် ထွက်တာပါပဲ။ ပိုဆိုးတာက ကျားကြီးရင် ခြေရာကြီးတယ်ဆိုတဲ့စကားအတိုင်း အောင်မြင်ကျော်ကြားတဲ့ မင်းသားဖြစ်ခဲ့ဖူးတဲ့ ကျွန်မယောကျ်ားက ဝင်ငွေမကောင်းတော့ပေမယ့် သူ့ရဲ့ အသုံးစရိတ်ကို လျှော့မပစ်နိုင်တာပါပဲ။

ကျွန်မကိုယ်တိုင်လည်း ကားရိုက်နားပြီး တစ်နှစ်လောက်အထိတော့ အသုံးစရိတ်ကို ချက်ခြင်းမလျှော့နိုင်ပါဘူး။ လက်က အကျင့်ပါနေပြီလေ။ သုံးလေးငါးလလောက်နားပြီးရင် အက်ရှင်ကားတွေ ပြန်ခေတ်ကောင်းလာမှာပဲဆိုတဲ့အတွေးနဲ့ သုံးမာမာနေခဲ့တာပါ။ ဒါပေမယ့် ကိုးလနဲ့လည်း ခေတ်မကောင်း။ ဆယ်လနဲ့လည်း ခေတ်မကောင်း၊ တစ်နှစ်ကျော်တာတောင် ခေတ်မကောင်းလာတော့ အိမ်ရှင်မပီပီ ကျွန်မကစပြီးအသုံးစရိတ်ကို လျှော့ရတာပါပဲ။ ရှော့ပင်း ထွက်တာတို့၊ ခင်နာသွားတာတို့၊ ညစ်ခံပွဲသွားတာတို့၊ ဆိုင်ဖွင့်ပွဲ သွားတာတို့တွေ တဖြည်းဖြည်းနဲ့ ရှောင်ရတော့တာပါ။ မရှောင်လို့လည်း မရဘူးလေ။ မင်းသမီးဟောင်း မင်းသားမယားဆိုတော့ ကိုယ်သွားတဲ့ပွဲနဲ့ လိုက်လျောညီထွေဖြစ်အောင် တူတူတန်တန်တော့ ဝတ်ရတာပဲ။

ပွဲတစ်ပွဲတက်ဖို့ အဝတ်အစားတန်ဖိုးဆိုတာ နည်းတာမဟုတ်တော့ ပွဲတွေကို စပြီးရှောင်ရတော့တာပဲ။ နောက်တစ်ခါ ကားငှားခတွေကလည်း ဈေးကြီးလာတော့ ကားငှားပြီးသွားရမယ့် နေရာမျိုးတွေဆို မသွားချင်တော့ဘူး။ ကျွန်မတို့မှာရှိတဲ့ အက်စ်အီးဆလွန်းလေးက ကားမရိုက်ရဘဲ ထိုင်နေရတဲ့ ခြောက်လလောက်မှာပဲ ရောင်းလိုက်ရတယ်လေ။ အဲဒီတုန်းက ကားဈေးတွေကလည်း ဒီလောက်မကြီးတော့ (သ)နံပါတ် အက်စ်အီးဆလွန်းကို ဆယ့်သုံးသိန်းခွဲနဲ့ ရောင်းစားလိုက်ရတယ်။ ရောင်းလို့ရတဲ့ပိုက်ဆံကလည်း လေး ငါးလတောင် အသုံးမခံပါဘူး။ ကုန်တာပါပဲ။

အပိုင်ဝယ်ထားတဲ့ တိုက်ခန်းလေးကလည်း သားဦးလေးမွေးတော့ ရောင်းလိုက်ရတာပေါ့။ ကျွန်မတို့ငယ်ငယ်တုန်းကသာ လူတစ်ယောက်မွေးဖို့ ငွေကုန်ကြေးကျမများပေမယ့် မင်းသားမယား၊ မင်းသမီးဟောင်းဆိုတော့ ဂျာနယ်တွေထဲမှာပါရင် တင့်တယ်အောင် ဈေးကြီးကြီးပေးရတဲ့ဆေးရုံမှာတက်ပြီး မွေးရသေးတာလေ။ ဒါ့မှလည်း လာမေးတဲ့လူတွေအတွက်ရော ကျွန်မတို့လင်မယား အတွက်ပါ ဂုဏ်ရှိတော့မှာပေါ့။

မနမြောဘဲတော့ ဘယ်နေပါ့မလဲ။ ဝင်ငွေမရှိတဲ့အချိန်မှာ ကုန်တဲ့ပိုက်ဆံဆိုတော့ အိမ်ရှင်မပီပီ ပိုနမြောတာပေါ့။ ဒါပေမယ့်လည်း မင်းသားမယားဆိုတဲ့

ဂုဏ်နဲ့ညီအောင် နေရထိုင်ရတော့လည်း သုံးလိုက်ရတာပဲ။ အဲဒါကြောင့် အခုဆို ရင် သားကြီးကိုတောင် ပြောမိတယ်။ မင်းကိုမွေးတာ တိုက်ခန်းတစ်ခန်းနဲ့ လဲပြီး မွေးခဲ့ရတာလို့။ ခုဆိုကိုယ်ပိုင်တိုက်ခန်းမရှိလို့ သူများတိုက်ခန်းကိုပဲ နှစ်ချုပ်နဲ့ငှားနေ တော့တာ။

ကျွန်မတို့လင်မယား ထိုင်နေရတဲ့ တစ်နှစ်ခွဲလည်းကျော်ရော အက်ရှင် ကားလေးတွေ ကြိုကြားကြိုကြား ပြန်ရိုက်လာကြတယ်။ လင်ရော မယားရော ဝမ်းသာလိုက်တာ ပြောစရာတောင် လိုမယ်မထင်ပါဘူး။ ဒါပေမယ့်လည်း တစ်နှစ် နှစ်နှစ်အတွင်းမှာ ခေတ်ရေစီးက ဘယ်လိုပြောင်းသွားတယ်မသိပါဘူး။ ပေါ်လာ လိုက်ကြတဲ့ မင်းသားအသစ်တွေ၊ မင်းသမီးအသစ်တွေ။ ကားပြန်ရိုက်ရပေမယ့် ကျွန်မယောက်ျားမင်းသားရော၊ ကျွန်မရော ခေါင်းဆောင်မင်းသား၊ မင်းသမီးနေရာ ပြန်ရိုက်ခွင့်မရတော့ဘူး။ အထူးသဖြင့်တော့ ကျွန်မပေါ့။ ယောက်ျားကလည်း ကလေးကလည်းမွေးထားတော့ အရင်တုန်းက မယ်တွဲ့ရထားတယ်ဆိုတာ ကျိန်ပြော ရင်တောင် မယုံနိုင်လောက်အောင် ခါးကတုတ်ပြီး ဗိုက်ကထွက်လာ တော့တာပါ။ ခေါ်တော့ ရိုက်ကြပါတယ်။ ဒါပေမယ့်လည်း ကျွန်မကိုယ်တိုင်ကိုက မင်းသမီးစိတ် ကလည်းကုန်၊ အိမ်မှုကိစ္စကလည်း များဆိုတော့ ငယ်ငယ်တုန်းက ဖြစ်ချင်ခဲ့တဲ့ အောင်မြင်ကျော်ကြားတဲ့ မင်းသမီးဘဝကို ခေါင်းထဲကထုတ်ပြီး မင်းသားမယား ပီသအောင်ပဲ နေရတော့တာပေါ့။

မင်းသားမယားပီသအောင် နေရတယ်ဆိုတာ ပြောတော့သာလွယ်တာ တကယ်တမ်းနေရတဲ့ကျွန်မအဖို့တော့ ဝါးလုံးခေါင်းထဲ ဆင်ဝင်သလိုပါပဲ။ မွန်းကျပ် ပိတ်လှောင်ပြီး ထွက်ပေါက်ကိုမရှိတာပါ။ နာမည်ကိုက မင်းသားမယားလေ။ ဘယ်ပွဲ သွားသွား၊ ဘယ်နေရာပဲသွားသွား၊ ဘယ်သူနဲ့ပဲတွေ့တွေ့ အမျိုးသားက ဘာလုပ်လဲ လို့မေးရင် မျက်နှာကလေးမော့၊ ရင်ကလေးကော့ပြီး မင်းသားလေလို့ ပြောရတာပေါ့။ အဲဒီ အခါကျတော့ တစ်ဖက်လူရဲ့ အံ့ဩသွားတဲ့ဟန်ရယ်၊ အထင်ကြီးသလိုလို ဂုဏ်ယူ သလိုလိုဖြစ်သွားတဲ့ အမူအရာရယ်က ကျွန်မအတွက်ကျေနပ်စရာပါ။

မင်းသားမယားဖြစ်ရတဲ့အတွက် ကျေနပ်စရာဆိုတာက အဲဒီအခိုက် အတန့်လေးပါပဲ။ ကျန်တဲ့အချိန်တွေမှာတော့ မင်းသားမယားဖြစ်ရတာ အင်မတန် ကို စိတ်ဆင်းရဲပူလောင်စရာကောင်းပါတယ်။ အောင်မြင်ကျော်ကြားနေတဲ့ စူပါတန်း ဝင်နေတဲ့ မင်းသားမယားတွေကိုပြောတာမဟုတ်ဘူးနော်။ ကျွန်မယောက်ျားလို မင်းသားဟောင်း မင်းသားဆွေး မင်းသားပုံမပျက်သေးတဲ့ မင်းသားမဟုတ်တဲ့ မင်းသားတစ်ယောက်ရဲ့ မယားဘဝကိုပြောတာပါ။

တကယ်ပြောတာ။ ခြစားနေတဲ့စာအုပ်တစ်အုပ်ကို ကြည့်လိုက်ရင် အပြင်န်းကကြည့်မယ်ဆိုရင် စာအုပ်ပဲလေ။ ဒါပေမယ့် အဲဒီစာအုပ်ဟာ လှန်ကြည့်လို့ရသလို ကိုင်ကြည့်လို့လည်း မရတော့ပါဘူး။ စာအုပ်အမည်ခံယူထားပြီး ဖတ်လို့မရတော့တဲ့ စာအုပ်တစ်အုပ်ဟာ ပိုင်ရှင်အတွက်တော့ အကျိုးမရှိပါဘူး။ ကျွန်မယောက်ျားလည်း အဲဒီလိုပါပဲ။ မင်းသားလို့သာပြောပေမယ့် မင်းသားတစ်ယောက်ရသင့်တဲ့ သရုပ်ဆောင်ကြေး၊ မင်းသားတစ်ယောက် ရထိုက်တဲ့ ကာရိုက်တာနဲ့ င်းသားတစ်ယောက်ကို ပေးသင့်ပေးထိုက်တဲ့အခန်းတွေ အပေးမခံရဘဲ တက်လာသမျှမင်းသားသစ်ကလေးတွေကို ပို့ပေးနေရတဲ့ ဇာတ်ပို့သာသာပဲရှိတဲ့ သရုပ်ဆောင်တစ်ယောက်ပါ။ အဲဒီတော့လည်း ခြစားနေတဲ့ စာအုပ်နဲ့ ဘာများထူးဦးမှာလဲ။

ဟိုး အရင်တုန်းက ကျွန်မယောက်ျားမင်းသား၊ စူပါမင်းသားဖြစ်နေတဲ့အချိန်တုန်းကတစ်ကားကို သရုပ်ဆောင်ကြေး နှစ်သိန်းရတယ်။ အခု ဗီဘက်ခေတ်မှာကျတော့ စူပါဖြစ်နေတဲ့မင်းသားတွေရဲ့ သရုပ်ဆောင်ကြေးက သိန်းလေးဆယ်နဲ့ခြောက်ဆယ်ကြားမှာရတယ်။ ကျွန်မယောက်ျားမင်းသားရဲ့ သရုပ်ဆောင်ကြေးကတစ်ကားရိုက်ရင် သုံးသိန်းရတယ်။ တစ်လကို သုံးလေးကားရိုက်ရလို့ကတော့ မပူရပေမယ့် ကျွန်မယောက်ျားမင်းသားက တစ်လတစ်ကား ရိုက်ရဖို့တောင် အနိုင်နိုင်ရယ်။ ဟို ပရိုဂျူဆာကိုဖားရ၊ ဟို ဒါရိုက်တာကို မျက်နှာချိုသွေးရ၊ ဟို တက်သစ်စမင်းသားသစ်ကလေးကို အဆင်ပြေအောင်ပေါင်းရနဲ့ ရုပ်ရှင်နဲ့ဗီဒီယို နယ်ပယ်တစ်ခုလုံးမှာရှိတဲ့ ပတ်သက်ရာပတ်သက်ကြောင်းတွေကို သူ့အဖေအရင်း ထက်တောင်ဖားရသေးတယ်။ အဲဒီလောက်ဖားတာတောင် တစ်လတစ်ကား ရိုက်ရဖို့ အနိုင်နိုင်။

တစ်လတစ်ကားရိုက်ရလို့ သုံးသိန်းဝင်တယ်ဆိုရင်လည်း မီးဖိုချောင်စရိတ်ရယ်၊ အိမ်စရိတ်ရယ်ကို ခြိုးခြိုးခြံခြံသုံးစွဲရင် လောက်နိုင်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မဘဝက မင်းသားမယားဆိုတော့ တစ်ချို့နေရာတွေမှာ ခြိုးခြံချွေတာလို့မရဘူးလေ။ အလွယ်ဆုံးဥပမာကိုပေးပါဆိုရင် မင်္ဂလာဆောင်တို့၊ မွေးနေ့ပွဲတို့ပေါ့။ လက်ဖွဲ့ပေးတာပဲဖြစ်ဖြစ်၊ မွေးနေ့လက်ဆောင်ပေးတာပဲဖြစ်ဖြစ် မင်းသားမယားဆိုတော့ သာမန်ကာလျှံကာပေးလို့မရဘူးလေ။ ကိုယ့်ရဲ့နာမည်၊ ကိုယ့်ရဲ့အဆင့်အတန်းနဲ့ လိုက်လျောညီထွေဖြစ်မယ့် ပစ္စည်းမျိုးကိုပဲ ပေးရတာပေါ့။

အဆိုးဆုံးကတော့ အဲဒီလိုပွဲတွေကို သွားပြီဆိုရင် ဘတ်စ်ကားနဲ့သွားလို့ရသလို၊ တက္ကစီနဲ့လည်းသွားလို့မရဘူး။ မင်းသားမယားတစ်ယောက်က မင်းသားမယားတွေအများကြီးရှိနေတဲ့ပွဲတစ်ပွဲကို တက္ကစီနဲ့သွားရင် ကျွန်မယောက်ျား မင်းသားသိက္ခာကျမှာပေါ့။ အဲဒီတော့လည်း ဘလက်တက္ကစီကိုပဲ အားကိုးရတော့တာ။

ဘလက်တက္ကစီဆိုမှတော့ ရိုးရိုးတက္ကစီတွေထက်ပိုပြီး ဈေးကြီးတာပေါ့။ ကြီးလည်း ဘယ်တတ်နိုင်မလဲ။ မငှားမဖြစ်ငှားရတာပေါ့။ ဘာကြောင့်လဲဆိုတော့ ကျွန်မက မင်းသားမယားလေ။

နောက်တစ်မျိုးဒုက္ခရောက်တာရှိသေးတယ်။ အဲဒီလို ပွဲလမ်းသဘင်တွေ သွားမယ်ဆိုရင် ယောကျ်ားတွေအတွက်က မသိသာပေမယ့် ကျွန်မတို့ မိန်းကလေး တွေအတွက်ကျတော့ အဓိက အရေးကြီးတာတစ်ခုရှိတယ်။ အဲဒါကတော့ လက်ဝတ် လက်စားလေ။ သာမန်အိမ်ထောင်ရှင် မိန်းမတစ်ယောက်အတွက်တောင် ပွဲတစ် သွားရင် လက်ဝတ်လက်စားက အရေးကြီးတာဆိုတော့ ကျွန်မတို့လို မင်းသမီး ဟောင်းတစ်ယောက်၊ မင်းသားမယားတစ်ယောက်အတွက် အဲဒီကိစ္စက တော်တော် အရေးပါပါတယ်။

ယောကျ်ားမင်းသားကလည်း ကားရိုက်မမှန် ဝင်ငွေမဖြောင့် ကျွန်မ ကိုယ်တိုင်ကလည်း ဒိုပြင်းစီးပွားရေးမလုပ်တတ်တော့ ကျွန်မတို့တစ်အိမ်လုံးမှာ ရွှေတို့ စိန်တို့၊ အဖိုးတန်ကျောက်မျက်ရတနာတို့ဆိုတာ မှုံလို့တောင် ရှာစရာမရှိဘူး။ အဲ တော့လည်း ပွဲတစ်ပွဲသွားရတော့မယ်ဆိုရင် ဗိုလ်ချုပ်ဈေးက ပစ္စည်းအတုတွေ ငှားတဲ့ဆိုင်ကိုပဲ ပြေးရတော့တာပေါ့။ ဟုတ်တယ်လေ။ ကျွန်မတို့လို ဈေးကွက် မဝင်တော့တဲ့ မင်းသားတစ်ယောက်ရဲ့မယားကို ဘယ်ရတနာဆိုင်က သူတို့ပစ္စည်း အစစ်တွေကို ယုံယုံကြည်ကြည်နဲ့ ငှားပါ့မလဲ။ ဒီတော့လည်း အတုပဲ အားကိုးရတော့ တာပေါ့။ အတုဆိုပေမယ့်လည်း အလကားရတာတော့ မဟုတ်ဘူးနော်။ ပိုက်ဆံပေး ပြီး ဝယ်ရတာ။ လက်ဝတ်ရတနာအတုတစ်စုံလောက် အပိုင်ဝယ်ထားရင် မရဘူး လားလို့ မေးချင်ရင်မေးကြမှာပေါ့။ ဒါပေမယ့် ကျွန်မက မင်းသားမယားလေ။ တစ်ပွဲ တစ်ပွဲ ဝတ်တဲ့လက်ဝတ်လက်စားတူနေလို့ ဘယ်ဖြစ်ပါ့မလဲ။ အဲဒီတော့လည်း ပွဲတစ်ပွဲရှိရင် ဗိုလ်ချုပ်ဈေးကို တစ်ခါပြေးရတော့တာပေါ့။

လက်ဝတ်လက်စားဆိုတာ ကျွန်မယောကျ်ား မင်းသားအဖြစ်နဲ့ လျှမ်း လျှမ်းတောက်ဖြစ်ခဲ့တုန်းက ကျွန်မမှာလည်း စိန်တစ်ဆင်စာ၊ ပုလဲတစ်ဆင်စာ အပြည့်ရှိခဲ့တာပါ။ ကိုယ်ပိုင်တိုက်ခန်းရယ်၊ ကိုယ်ပိုင်ကားရယ်၊ ကိုယ်ပိုင်တဲ့ ရတနာ အစစ်တွေနဲ့ ကျွန်မဘဝပြည့်စုံခဲ့တာပါ။ အဲဒီအချိန်တုန်းကရခဲ့တဲ့ မင်းသားကြေး နှစ်သိန်းဆိုတာဟာ အခုအချိန်မှာရတဲ့ မင်းသားဟောင်းကြေး သုံးသိန်းထက် အများ ကြီးတန်ဖိုးရှိပါတယ်။

အခု ဒီဘက်ခေတ်မှာရတဲ့ မင်းသားဟောင်းကြေး သုံးသိန်းဆိုတာ ရွှေ ဝယ်စုဖို့ဝေးလို့ ထမင်းကိုတောင် မနည်းနပ်မှန်အောင်စားရတာ။ ပြောရင်လည်း

ချင်မှယုံကြမှာပါ။ ဒါပေမယ့်လည်း အစတုန်းက ကျွန်မပြောခဲ့သလိုပဲ မင်းသား
ယားတစ်ယောက်ရဲ့ဘဝကို ဘေးလူတွေသိအောင် ပြောပြချင်လွန်းလို့ပါ။

ကားရိုက်ရှိရင် သရုပ်ဆောင်ကြေးရတဲ့အတွက် ကျွန်မတို့မိသားစု စားဝတ်နေရေးပြေလည်တယ်ဆိုပေမယ့် တစ်ခါတစ်လေမှာ ကျွန်မယောကျ်ား တစ်လကို ကားရိုက်ရပေမယ့် ကျွန်မ မပြုံးနိုင်မပျော်နိုင်ဘဲ သူ့ရှေ့မှာသာ ဟန်ဆောင်နေမယ့် သူ့နောက်ကွယ်မှာ သူမသိအောင် ကြိတ်ပြီးမျက်ရည်ကျရတဲ့ အကြိမ်တွေ လည်း မနည်းတော့ပါဘူး။

ဘာဖြစ်လို့လဲဆိုတာ သိချင်ကြမှာပေါ့နော်။ ကျွန်မပြောခဲ့သလိုပဲ သူရတဲ့ သရုပ်ဆောင်ကြေးက တစ်ကားကိုသုံးသိန်းလေ။ တစ်လကို သုံးကားရိုက်ရရင် ကိုးသိန်းပေါ့။ ဒါပေမယ့် သူရိုက်ရတဲ့ကားတွေမှာ သူပါရတဲ့ဇာတ်ကောင်စရိုက်တွေက ဆင်းရဲခန်းတွေ၊ ပိုက်ဆံရှိတဲ့ ဇာတ်ရုပ်မျိုးတွေဆိုရင် အဲဒီဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်ညီတဲ့ အကျီအဝတ်အစားဝယ်ရတာက သုံးသိန်းမှ မကတာ။ သူကတော့ မင်းသားဟောင်းဆိုတော့ အဝတ်အစားတွေဝယ်ရလေ၊ လှလှပပ ဝတ်ရလေ သဘော ကျလေပေါ့။ ကျွန်မသာ သူမသိအောင် မီးဖိုချောင်ထဲမှာ ဒူးနဲ့မျက်ရည် ကျိတ်ပြီး သုတ်နေရတာ။

ဘုရားကိုစူးရစေရဲ့။ ဆုတောင်းတိုင်းသာပြည့်မယ်ဆိုရင်လေ၊ ကိုးအသီး တစ်လုံးနဲ့တူတဲ့ဘဝ၊ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဖြစ်နေတဲ့ ဘဝ၊ နံသာရှိပြီး အဆံမရှိတဲ့ဘဝ၊ ဝမရှိဘဲ ဝီလုပ်နေရတဲ့ဘဝ၊ အဲဒီလို ဘဝမျိုးတွေကို ကျွန်မ ဆက်ပြီးမဖြတ်သန်းချင်တော့သလို ထပ်ပြီးလည်း မကြုံချင်တော့ပါဘူး။ ဘယ်ဘဝလဲလို့ ကျွန်မကို မေးဦးမလို့လား။ မင်းသားမယားဘဝလေ။


ဆုတောင်းတိုင်းသာပြည့်မယ်ဆိုရင် ဖြစ်လေရာဘဝမှာ မင်းသားမယား မဖြစ်ရပါစေနဲ့။ ဖြစ်မယ့်အစား သူတောင်းစားမယားပဲ ဖြစ်ပါရစေလို့ ဆုတောင်းချင်ပါတယ်။ ဘာကြောင့်လဲ ကျွန်မ ဒီလိုပြောတာပါ။ သူတောင်းစားမယားဖြစ်ရတာ လူဆင်းရဲပေမယ့် စိတ် ဆင်းရဲဘူး။ မင်းသားဟောင်းတစ်ယောက်ရဲ့မယား၊ မင်းသားဒွေးတစ်ယောက်ရဲ့ မယား၊ ဈေးကွက်မရှိတော့တဲ့ မင်းသားတစ်ယောက်ရဲ့မယား၊ တန်းမဝင်တော့တဲ့ မင်းသားမယားဖြစ်ရတာ လူရောစိတ်ရော တော်တော်ဆင်းရဲပါတယ်ရှင်. . . . .

ကျော်မင်း

ကမ္ဘာလောကကြီးထဲမှာ မွေးဖွားကြီးပြင်းပြီး အရွယ်တွေရောက်လာ
အခါကျတော့ လူ့ဘဝမှာ ပိုင်ဆိုင်တာတွေ တော်တော်များလာသလို ပိုင်ဆိုင်
တာတွေလည်း များလာပါတယ်။

အဲဒီလိုပါပဲ မပိုင်ဆိုင်ရတာတွေတော်တော်များလာတော့ မပိုင်ဆိုင်
တော့တဲ့အရာတွေလည်း တော်တော်များလာပါတယ်။ ပိုင်ဆိုင်ခြင်းအတွက် အ
တွေကုန်သွားလိုက် မပိုင်ဆိုင်ခြင်းအတွက် အချိန်တွေကုန်သွားလိုက်နဲ့ပဲ ငယ်
မှုတွေ ယုံကြည်မှုတွေကို တစ်စတစ်စ ဝါးမြိုခံရရင်းနဲ့ ခရီးဆုံးမှာ နားခိုရမယ့်ဘု
ရုံတစ်ခုဆီကို ကျွန်တော်တို့တွေဟာ အချိန်တွေကိုကျော်ဖြတ်ရင်း စောင့်ဆိုင်း
ကြရတာပါ။ စောင့်ဆိုင်းနေတယ်ဆိုပေမယ့် တစ်နေရာထဲမှာ မတ်တပ်ရပ်
ငိုက်ပြီး မလှုပ်မယှက် စောင့်ဆိုင်းနေကြရတာမျိုး မဟုတ်ပါဘူး။ လမ်းပေါင်းများ
ကို လျှောက်လှမ်းရင်း ဖြတ်သန်းရင်းနဲ့ စောင့်ဆိုင်းနေကြရတာပါ။

လျှောက်လှမ်းကြတဲ့နေရာမှာ ကောင်းတဲ့လမ်းတွေပါသလို ကြမ်းတ
ခက်ထန်တဲ့ လမ်းတွေလည်း ရှိပါတယ်။ အဲဒီလိုလမ်းတွေကို ဖြတ်သန်းကျော်
လျှောက်လှမ်းကြရတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ကူဖော်လောင်ဖက်လည်း
လက်တွဲဖော် လက်တွဲဖက်လည်းဖြစ်ပြီး အတူမခွဲမခွာ ကပ်လျက်ပါနေတာက
ကျွန်တော်တို့ရဲ့ ဘယ်ခြေထောက်နဲ့ညာခြေထောက်မှာ စီးနင်းထားတဲ့ ဖိနပ်ဆို
အရာပဲဖြစ်ပါတယ်။ ကျွန်တော်ငယ်စဉ်ကလေးဘဝမှာ ပိုင်ဆိုင်ခဲ့ရလို့ ပျော်ရွှင်
တဲ့အရာကိုပြောပါဆိုရင် မှတ်မှတ်ရရကတော့ ဖိနပ်ကလေးတစ်ရံပါပဲ။ သုံးနှစ်



မင်း
အုပ်
စိုး

အရွယ်လောက်မှာ ကျွန်တော့်အ
က ဖိနပ်ကလေး တစ်ရံဝယ်ပေ
တယ်။ ကတ္တီပါသား အနီရဲရဲနဲ့ ယ
ထားတဲ့ နှိပ်စီလေးပါတဲ့ ကွင်းထော
လေးနဲ့ ဖိနပ်ကလေးပါ။

သုံးနှစ်သားအရွယ်ဆို
အသိဉာဏ်လေးထဲမှာတောင် အ
ဖိနပ်လေးနဲ့ ပတ်သက်ရင် အ
စိတ် မှတ်မိနေပါတယ်။ အောက်
ခင်းထားတဲ့ အခင်းက သားရေ
အနက်ကလေးဖြစ်ပါတယ်။ အ
သားရေအနက်ကလေးပေါ်မှာ
မချော်အောင် ချော်လဲတာ

ကာကွယ်ပေးနိုင်အောင် သံဇကာကွက်လို အကွက်စိပ်လေးတွေနဲ့ သားရေသား ပေါ်မှာ ရိုက်နှိပ်ထားတာလည်း ပါပါတယ်။ အဲဒီဖိနပ်လေးကိုစီးပြီး လမ်းလျှောက်တဲ့ အချိန်မှာတော့ ကိုယ့်ကိုယ်ကို မြေကြီးနဲ့ မထိတော့ဘူးလို့ ထင်ရမတတ် မြူးမြူး ကြွကြွနဲ့ လမ်းလျှောက်ဖြစ်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ ပထမဆုံးပိုင်ဆိုင်မှုရတဲ့ ဖိနပ်ကလေးပါ။ ဒါပေမယ့် အရွယ်ရောက်လာတဲ့အတွက် ဖိနပ်ကလေးနဲ့ကျွန်တော် တော်တော့ပါဘူး။ မတော်တော့တဲ့ ဖိနပ်ကလေးကို လွှင့်မပစ်ရက်ပါဘူး။

ကျွန်တော်အိပ်တဲ့ ကုတင်ခြေရင်းလေးမှာပဲ ဖိနပ်ကလေးကို တွဲလောင်း လေး ချိတ်ထားပါတယ်။ ဪ ဒီဖိနပ်လေးကို ငါစီးခဲ့တာပါလားဆိုတဲ့အသိနဲ့ ကျွန်တော်ကျေနပ်ပြီး ပျော်နေပါတယ်။ အဲဒီဖိနပ်ပြီးတော့ ကျွန်တော် နောက် တဆင့် စီးခွင့်ရတဲ့ဖိနပ်ကလေးကတော့ ရာဘာသားအပျော့နဲ့ ပြုလုပ်ထားတဲ့ ကြိုးသိုင်းဖိနပ်ကလေးပါ။ ဖိနပ်ကလေးကိုစီးပြီး လျှောက်သွားရင်း ကျွိကျွိနဲ့ မြည်တဲ့ အသံလေးကြားရတာ ကလေးဘဝမှာတော့ အင်မတန် ပျော်စရာကောင်းတဲ့ အသံ ပါ။ အဲဒီအသံလေး ပိုပြီးမြည်လာအောင် အဲဒီအသံလေးကို ကျယ်ကျယ် ကြားရ အောင် လမ်းလျှောက်တဲ့အခါမှာ ဖနောင့်လေးနဲ့ဆောင့်ဆောင့်ပြီး မြောက်ကြွ မြောက်ကြွနဲ့ လျှောက်ရတဲ့အရသာက တော်တော်ကို ပျော်စရာကောင်းပါတယ်။ ကျွန်တော်တို့ အရွယ်ရောက်လာတဲ့အခါမှာ နွေမိုးဆောင်းဆိုတဲ့ ရာသီဥတုသုံးပါး ပေါ်မှာ နင်းကျော်ဖြတ်သန်းရမှာဖြစ်တဲ့အတွက် နွေဆိုရင် နွေမှာစီးဖို့ဖိနပ် မိုးဆိုရင် မိုးမှာစီးဖို့ဖိနပ် ဆောင်းဆိုရင် ဆောင်းမှာစီးဖို့ဖိနပ်ဆိုပြီး တတ်နိုင်တဲ့မိသားစု တွေက ကိုယ့်သားသမီးတွေကို ဖိနပ်လေးတွေ ဆင်ကြပါတယ်။

နွေမှာဆိုရင်တော့ အပူဒဏ်သက်သာစေဖို့ ကတ္တီပါဖိနပ်လေးကို စီးကြ ပါတယ်။ မိုးတွင်းမှာဆိုရင် ဗွက်တောတွေ၊ ရွှံ့တောတွေဖြတ်တဲ့အခါ ခြေထောက်ကို ကာကွယ်ပေးနိုင်အောင် ပလပ်စတစ်ဖိနပ်ကိုစီးကြပါတယ်။ ဆောင်းတွင်းရောက် လာတဲ့အခါမှာ စောစောစီးစီးလမ်းလျှောက်ရင် ချမ်းချမ်းစီးစီး မဖြစ်ရအောင် "ဝေါကင်းရှူး"လို့ခေါ်တဲ့ ကလေးစီးဖိနပ်လေးတွေကို ခြေစွပ်လေးတွေစွပ်ပြီး ကျွန်တော်တို့စီးကြပါတယ်။ အဲဒီဖိနပ်လေးစီးတဲ့ အချိန်ကတော့ ပိုပြီးတော့ပျော်ပါ တယ်။ ဝေါကင်းရှူးဖိနပ်လေးစီး မနက်စောစောမှာ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့ဆိုတဲ့အသံနဲ့ လမ်းလျှောက်ရတဲ့အရသာဟာ တော်တော်ပျော်စရာ ကောင်းပါတယ်။

အလယ်တန်းကျောင်းသားဘဝ ရောက်လာတဲ့အခါ ဖိနပ်တွေအပေါ် ပိုပြီးတော့ စိတ်ဝင်စားတတ်လာပါတယ်။ စာလေး မတောက်တခေါက်ဖတ်လာတဲ့

အတွက် လူရဲ့စိတ်နေစိတ်ထားဟာ သူ့ရဲ့ခြေထောက်နဲ့ ဖိနပ်မှာပြနေတယ်ဆို
စကားလေး ဖတ်ဖူးထားတော့ လူတစ်ယောက်ကိုတွေ့တာနဲ့ ဖိနပ်တွေကို သ
ထားပြီး ကြည့်တတ်လာတယ်။ ဒီလူ ဘာဖိနပ် စီးထားလဲ သူစီးထားတဲ့ ဖိနပ်
အဖိုးတန်တဲ့ဖိနပ်လား ဈေးအပေါစားဖိနပ်လား။ နောက် ဒီလူဟာ ဖိနပ်
ဘယ်လိုစီးနင်းသလဲ သူ့ရဲ့ဖိနပ်က ထိပ်များပြတ်နေမလား။ ဖနောင့်ရာများထင်
မလား။ ခေါင်းကပြုတ်ထွက်သွားတဲ့အတွက် ချိတ်နဲ့များ ထိုးထားသလားဆို
တွေကို သတိထားပြီးကြည့်မိပါတယ်။

တစ်ဖက်သားရဲ့ ခြေထောက်မှာစီးထားတဲ့ ဖိနပ်တွေကိုကြည့်ရင်း
တစ်ဖက်လူရဲ့ စိတ်နေစိတ်ထားကို လေ့လာရတာကိုလည်း စိတ်ဝင်စား
ပါတယ်။ ပြီးတော့ ကျွန်တော်စီးတဲ့ဖိနပ်တွေကို ပိုပြီးစိတ်ဝင်စားလာပါတယ
ခုနစ်တန်းကျောင်းသားအရွယ်မှာ ကျွန်တော် လိုက်လိုက်လှဲလှဲနဲ့ သည်းသ
လှုပ်လှုပ် စီးချင်ခဲ့တာကတော့ ဆင်ခြောက်ကောင်ဆိုတဲ့ ဖိနပ်ပဲဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ မြို့လေးမှာ ဆင်ခြောက်ကောင်ဆိုတဲ့ ဖိနပ်
ဝယ်လို့မရနိုင်ပါဘူး။ (၇) တန်းကျောင်းသားအရွယ် ကျွန်တော့်အတွက်လည်
ဆင်ခြောက်ကောင်ဖိနပ်ဟာ ဆိုဒ်မရှိပါဘူး (လူကလည်း ညှက်လွန်းလို့ပါ)။ အဲ
အတွက်ကြောင့် ကျွန်တော်ဆင်ခြောက်ကောင်ဖိနပ် စီးချင်တဲ့စိတ်ကို ကြိတ်မှိ
မျိုသိပ်ပြီး (၈)တန်းရောက်တဲ့အထိ ကျွန်တော်အောင့်ပြီး စောင့်ခဲ့ပါတယ်။ (၈)တ
ရောက်တဲ့အချိန်မှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ရမယ်လို့ ကျွန်တော်မဆုံးဖြ
ပါဘူး။ ဘာဆုံးဖြတ်ထားသလဲဆိုတော့ ဒီ(၈)တန်းနှစ်မှာ ငါဆင်ခြောက်ကော
ဖိနပ်ကို စီးဖြစ်အောင်စီးမယ်ဆိုတဲ့ စိတ်ကိုဆုံးဖြတ်ထားပါတယ်။ ဆင်ခြော
ကောင်ဖိနပ်ရဲ့တန်ဖိုးက အဲဒီအချိန်မှာ ကျွန်တော်ရတဲ့မုန့်ဖိုးနဲ့ မဝယ်နိုင်သ
ကျွန်တော့်မိဘတွေကို ဝယ်နိုင်းရင်လည်း ဝယ်ပေးမှာမဟုတ်ပါဘူး။

အဲဒီတော့ ဆင်ခြောက်ကောင်ဖိနပ် စီးခွင့်ရအောင် ဉာဏ်နီ ဉာဏ်န
တွေ ကျွန်တော်ထုတ်ပါတယ်။ ကျွန်တော့် အဖိုးအဖွားတွေမှာ ကေ(၂၀)ကျော်ရှိ
ဥယျာဉ်ခြံကြီးရှိပါတယ်။ ခြံထဲမှာ အုန်းပင်တွေ၊ မာလကာပင်တွေ၊ သဘော်ပင်တွေ
ကွမ်းသီးပင်တွေ၊ စံပယ်ပင်တွေ၊ စားပင်သီးပင်တွေ တော်တော်များများရှိပါတယ

ကျောင်းပိတ်တဲ့နေ့တိုင်း အဲ့ဒီခြံထဲကို ကျွန်တော်သွားပါတယ
မာလကာသီး အလုံးလှလှလေးတွေ၊ သဘော်သီး အလုံးလှလှလေးတွေ၊ စံပယ်ပ
အပွင့်ကြီးကြီးတွေ ကျွန်တော်ခူးပါတယ်။ ခူးပြီးတာနဲ့ ကျွန်တော်တို့မြို့မှာရှိ
ကျွန်တော်တို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းသော ပိုက်ဆံတတ်နိုင်သော လူကြီးတွေ

သွားပြီး အဲဒီအသီးအနှံတွေနဲ့ ကန်တော့ပါတယ်။ အဲ့ဒီလိုကန်တော့တဲ့အခါ သူတို့တွေက ကျွန်တော့်ကို မုန့်ဖိုးဆိုပြီး ပိုက်ဆံလေးတွေ ပြန်ပေးပါတယ်။ သူတို့ ပေးတဲ့ မုန့်ဖိုးဆိုတဲ့ပိုက်ဆံဟာ အဲ့ဒီအသီးအနှံကို ရောင်းလိုက်ရင် ရမယ့် ပိုက်ဆံ ထက် ပိုပြီးများနေတဲ့အတွက် ကျွန်တော် သူတို့ကို လိုက်ကန်တော့တာပါ။ ပိုက်ဆံ လေးတွေ ယူလာပြီး ကျွန်တော့်ရဲ့ ဝက်ဝံစုဘူးလေးထဲကိုထည့်ပါတယ်။ ထည့်တဲ့ အချိန်မှာ တစ်ခုတည်းသော ရည်မှန်းချက်နဲ့ ပျော်နေပါတယ်။ ဘာလဲဆိုတော့ ဒီတန်းနှစ်မှာ ဆင်ခြောက်ကောင်ဖိနပ်တော့ စီးရတော့မယ်ဆိုတဲ့စိတ်နဲ့ ပျော်နေ တာပါ။

အဲဒီလိုပါပဲ၊ ခြံထဲကခူးထားတဲ့ စံပယ်ပန်းလေးတွေကိုလည်း ကျွန်တော် သိပါတယ်။ သိပြီးတာနဲ့ ကျွန်တော်တို့အမျိုးထဲက ပန်းမြတ်နိုးတဲ့ အဒေါ်တွေကို လက်ဆောင်လိုက်ပေးပါတယ်။ ပေးတဲ့အချိန်မှာ သူတို့က ကျွန်တော့်ကို မုန့်ဖိုး ပြန်ပေးကြပါတယ်။ ခြံထဲကနေ အသီးလေးတွေခူးလိုက် လက်ဆောင်ပေးလိုက် ရောင်းလိုက် မုန့်ဖိုးလေးတွေရလိုက် စုလိုက်နဲ့ ခြောက်လပတ် စာမေးပွဲဖြေပြီးတဲ့ အချိန်မှာ ဆင်ခြောက်ကောင် ဖိနပ်တစ်ရံဝယ်နိုင်တဲ့ သုံးရာကျော်ဆိုတဲ့ ပိုက်ဆံကို ရပါတယ်။ ပိုက်ဆံသုံးရာကျော်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး ရန်ကုန်ကို သွားမယ့် လူကြုံကောင်းကောင်းကို စောင့်ပါတယ်။ ရှာပါတယ်။

ကျွန်တော့်ဦးလေးက ကြက်တွေမွေးထားတဲ့အတွက် ကြက်ပေါက် စလေးတွေကို ရန်ကုန်သွားပြီး သယ်မယ်ဆိုလို့ ဦးလေးဆီကို ပိုက်ဆံလေးတွေ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဆင်ခြောက်ကောင်ဆိုဒ် အသေးဆုံးလေးတစ်ရံ ဝယ်လာပေးဖို့ ကျွန်တော်သွားပြောပါတယ်။ သူရန်ကုန်သွားဖို့ သင်္ဘောကြီးပေါ် တက်ပြီး သင်္ဘောကမ်းကခွာသွားတဲ့အထိ ရင်ထဲမှာ တော်တော်ကိုလှုပ်ရှားပြီး ကျန်နေခဲ့ပါတယ်။ ငါမှာလိုက်တဲ့ ဖိနပ်လေးမှ ပါပါ့မလား။ ငါပေးလိုက်တဲ့ ပိုက်ဆံ လေးကိုများ သူသုံးပစ်လိုက်လေမလားဆိုတဲ့စိတ်က သူပြန်မလာမချင်း ကျွန်တော့် ကို အိပ်ရေးပျက်စေခဲ့ပါတယ်။

သူပြန်လာတော့မယ်လို့ သိတဲ့အချိန်မှာ သင်္ဘောဆိပ်ကို စောစော ရောက်သွားတဲ့အတွက် ကျွန်တော့်အရင် ဘောပေါ်မှာ လူတစ်ယောက်မှ မရှိပါ ဘူး။ ဘောရှိရာကိုနီးကပ်လာတဲ့ သင်္ဘောကြီးကို ကြည့်နေရတာဟာ လှိုင်းပုတ် လို့ သင်္ဘောကြီးလှုပ်နေသလိုပဲ ကျွန်တော့်ရဲ့ရင်ထဲမှာလည်း ဆင်ခြောက်ကောင် ဆိုတဲ့ ဖိနပ်တစ်ရံရဲ့ပုတ်ခတ်မှုကြောင့် တဒိတ်ဒိတ်နဲ့လှုပ်နေပါတယ်။ ငါယယ် ကတည်းက စီးချင်ခဲ့တဲ့ဖိနပ်ကလေး ငါလိုချင်ခဲ့တဲ့ဖိနပ်ကလေး ငါရတော့မယ်ဆိုတဲ့

အတွေးက တစ်ဖက်။ ပါရောပါလာမှာလားဆိုတဲ့ သံသယကတစ်ဖက်နဲ့ ကျွန်တော့် ရင်ထဲမှာ တုန်ခါနေပါတယ်။

ကျွန်တော့်ဦးလေး ဘောပေါ်ကို သူ့ပစ္စည်းတွေနဲ့ လှမ်းတက်လာတဲ့ အချိန်မှာ ကျွန်တော်အရင်ဆုံးမေးလိုက်တာက 'ဦး ကျွန်တော့်အတွက် ဖိနပ် ပါလာရဲ့လား' ဆိုတဲ့ မေးခွန်းပါ။ သူ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး 'အေး ပါတယ်'လို့ပြောလိုက်တဲ့အချိန်မှာ ကျွန်တော်အရမ်းပျော်သွားပါတယ်။ အိမ်ရောက် တဲ့အထိ မစောင့်နိုင်ဘဲ ဆိုက်ကားပေါ်ရောက်တဲ့အချိန်မှာ 'ဦး ကျွန်တော့် ဖိနပ်ဘူး လေးရော' ဆိုတော့ သူကျွန်တော့်ကို ထုတ်ပေးပါတယ်။

ကျွန်တော် အိမ်ရောက်တဲ့အထိ မစောင့်ပါဘူး။ ဖိနပ်ဘူးလေးကို ဖွင့် လိုက်ပါတယ်။ ဖွင့်လိုက်တဲ့အချိန်မှာ စက္ကူပါးပါးလေးတစ်ထပ် အုပ်ထားတာ တွေ့ပါတယ်။ စက္ကူအပါးလေးကို ဖယ်လိုက်တဲ့အချိန်မှာ သားရေစိမ်းအလွှာလေး တစ်လွှာ တွေ့ပါတယ်။ သားရေစိမ်းလေးကနေကိုင်ပြီး လှန်ကြည့်လိုက်တဲ့ အချိန် မှာတော့ မဟူရာရောင်တောက်ပနေတဲ့ ဆင်ခြောက်ကောင်ဖိနပ်လေးကိုတွေ့ပါ တယ်။ ဆင်လေးတွေ ခြောက်ကောင်က စက်ဝိုင်းခြမ်းပေါ်ရဲ့အလယ်မှာ လေထဲကို ပျံဝဲတက်တော့မလိုပုံလေးပါတဲ့ ဖိနပ်လေးတစ်ရံကို ကျွန်တော်တွေ့ရပါတယ်။

အိမ်ရောက်တာနဲ့ အရင်ဆုံးလုပ်တာက ကျွန်တော့်ရဲ့ခြေထောက်လေး တွေကို ရေဆေးပါတယ်။ ရေဆေးပြီးတာနဲ့ ကျွန်တော့်ရဲ့ပုဆိုးနဲ့ သုတ်တယ်။ သုတ်ပြီးတာနဲ့ ဆင်ခြောက်ကောင်ဖိနပ်လေးကို လက်ကကိုင်ပြီးတော့ တယုတယ စွပ်ကြည့်ပါတယ်။ စွပ်လိုက်တဲ့အချိန်မှာ ကျွန်တော်စီးလိုက်တဲ့ဖိနပ်က ကျွန်တော့် ခြေထောက်ထက် လက်တစ်လုံးလောက် ပိုထွက်နေပါတယ်။ ဒါပေမယ့်လည်း စီးချင်တဲ့စိတ်၊ မြတ်နိုးတဲ့စိတ်နဲ့ ခြေထောက်ကို နောက်ဆုတ်ပြီးစီးတဲ့အခါမှာ ကျွန်တော့်ခြေထောက်က အဲဒီဖိနပ်နဲ့ အံဝင်ခွင်ကျဖြစ်နေတယ်လို့ ကျွန်တော့်စိတ် ထဲမှာ ထင်နေပါတယ်။

မနက်မိုးလင်းလို့ ကျောင်းသွားရမယ့်အချိန်မှာ ခြေထောက်ကို သုတ်လိုက်၊ ဘယ်တုန်းကမှ တိုက်ချွတ်ဆေးကြောခြင်းမရှိတဲ့ ကျွန်တော့်ရဲ့ခြေသည်း တွေကို ပိုက်စုတ်နဲ့တိုက်လိုက် ဆင်ခြောက်ကောင်ဖိနပ်လေးကို စီးကြည့်လိုက်နဲ့ ဟန်တပြင်ပြင်ဖြစ်နေပါတယ်။ ဟိုအရင် ကျောင်းသွားလို့ရှိရင် တွေ့သမျှ ဗွက်အိုင် တွေကို ဖြတ်ပြေး၊ ခုန်ပေါက်၊ ဟိုလူ့ဖိနပ်တက်နင်းလိုက် ဒီလူ့ဖိနပ်တက်နင်းလိုက်နဲ့ ကျောင်းသွားခဲ့ပေမယ့် ဒီနေ့မှာ အရမ်းဣန္ဒြေရနေပါတယ်။ ဗွက်အိုင်တစ်ခုကို တွေ့ပြီဆိုတာနဲ့ ဗွက်အိုင်ကို ရန်မူနေတဲ့ ကျားတစ်ကောင်လို ကြောက်ရွံ့ထိတ်လန့်

နဲ့ ကွေ့ပတ်ရှောင်တိမ်း။ အရင်တုန်းက သူများရဲ့ဖိနပ်ကို တက်နင်းခဲ့တဲ့အတွက် ည့်ကိုပြန်ပြီး နင်းနိုင်တယ်လို့ထင်ရတဲ့သူမျိုးနဲ့တွေ့ရင် ခပ်ဝေးဝေးကနေ ှောင်ပြေးရင်းနဲ့ ကျောင်းရောက်အောင်သွားပါတယ်။

ကျောင်းရောက်လို့ လှေခါးထစ်တွေ တက်တဲ့အချိန်မှာ အရင်တုန်းက ြမ်ဖန်များစွာ တက်ခဲ့ဖူးတဲ့လှေခါးတွေဟာ ဒီနေ့မှ တက်ရတာ ပိုပြီးတော့ ပေါ့ပါး း သလိုပါပဲ။ လှေခါးကိုသာ တက်နေပေမယ့် ကျွန်တော့်ရဲ့ မျက်လုံးတွေက ဖိနပ် ကြည့်ပြီးတော့ပဲ တက်နေခဲ့တာပါ။ လှေကားထစ်မှာ ကြိမ်လုံးနဲ့ ခါးထောက်ပြီး စောင့်နေတဲ့ ကျွန်တော်တို့ရဲ့ဆရာကြီး ဦးသန်းစိန်ကို သတိမထားမိဘဲ ဝင်တိုက် ဲ့အထိ ဖိနပ်အပေါ်မှာ ကျွန်တော်စွဲလန်းမိတာပါ။

ကျွန်တော်တို့ကျောင်းမှာ သူငယ်ချင်းတွေအချင်းချင်း ဖိနပ်ချွတ်လိုက် ိနပ်ကို ယူတယ် လွှင့်ပစ်တယ်၊ လွယ်အိတ်ထဲ ထည့်ပြီးဖွက်တယ်၊ အဲဒါမျိုးတွေ ်တတ်တဲ့အတွက် ကျွန်တော့်ဖိနပ်ကို မချွတ်မိအောင် သတိကပ်နေရတာဟာ င်ရတဲ့စာတွေ တစ်လုံးမှနားထဲကို မရောက်ဘဲနဲ့ ကျွန်တော့်ဖိနပ်ရယ် ကျွန်တော် ယ် သူများယူမှာရယ် လွယ်အိတ်ထဲ အဖွက်ခံရမှာရယ် လွှင့်ပစ်ခံရမှာရယ်ဆိုတဲ့ သယထဲမှာပဲ ဝဲလည်နေပါတော့တယ်။ တစ်နေ့လုံးလည်း သင်တဲ့စာကို ျွန်တော်စိတ်မဝင်စားနိုင်ပါဘူး။

ကျောင်းဆင်းတဲ့အချိန်ရောက်တော့ ဩော် ငါ့ဖိနပ်လေး လမ်းလျှောက် ြန်ရင် နာမှာပဲ။ ဆိုက်ကားနဲ့ပြန်ရင် ဖိနပ်လေး ပိုသက်သာမှာပဲ ဆိုတဲ့အတွေးနဲ့ ိုက်ကားဆရာတွေရဲ့နောက်က ဆိုက်ကားကို ခိုးပြီးတော့ တွယ်လိုက်ပြီး ပြန်ပါ ာယ်။ အဲ့ဒီအချိန်ကနေစပြီး ကျွန်တော်ဟာ ကျောင်းဆင်းချိန်မှာ လမ်းလျှောက် ပြန်တော့ဘဲနဲ့ ဆိုက်ကားကိုခိုးစီးပြီး လိုက်တတ်တဲ့အကျင့်ကိုရခဲ့တာပါ။

ညအိပ်တော့မယ်ဆိုတဲ့အချိန်မှာ ဖိနပ်လေးနဲ့ ကျွန်တော်နဲ့ ပြဿနာ ြီးကြီးကျယ်ကျယ် ဖြစ်လာပါတယ်။ ဖိနပ်လေးကို ဘယ်နားမှာချွတ်ပြီး ညအိပ်ရ လဲဆိုတဲ့ ကိစ္စပါ။ ကျွန်တော်ဖိနပ်ချွတ်မှာ ချွတ်ကြည့်တော့လည်း ကျွန်တော့်ဖိနပ် လေးကို စိန်တံချူနဲ့ချူပြီး ယူသွားမှာကို ကျွန်တော်အရမ်းစိုးရိမ်တဲ့အတွက် အိမ်ထဲ ှာပဲထားပါတယ်။

ထားတဲ့အခါကျတော့ အမေနဲ့အစ်ကိုကများ တက်နင်းလို့ ခေါင်ကျိုး သွားမလားဆိုတဲ့စိတ်နဲ့ ကျွန်တော် အိပ်ရာထဲကနေထပါတယ်။ ထပြီး ဖိနပ်လေး ားဖို့အတွက် ပုဏ္ဏားကွယ်ကို သွားပါတယ်။ ပြီးတော့ ကျွန်တော့်ကုတင်ပေါ် ြန်တက်ပြီး အိပ်ဖို့ ကြိုးစားကြည့်တဲ့အချိန်မှာ ပုဏ္ဏားကွယ်ထဲမှာများ ထည့်ထား

ရင် ငါ့ဖိနပ်လေး ကြွက်ကိုက်သွားမလားဆိုတဲ့စိတ်နဲ့ ပုဏ္ဏားကွယ်ကနေ ထယူ တယ်။ ပုဏ္ဏားကွယ်ကနေထယူပြီး ဘာလုပ်လဲဆိုတော့ ကျွန်တော့်ကုတင်အောက် ထားပါတယ်။ ကုတင်အောက်မှာ ထားပေမယ့် ကြွက်သံတွေက ဘရောဘရော ဖြတ်ပြေးနေတဲ့အတွက် အိပ်လို့မရဘဲ ကျွန်တော့် ဖိနပ်လေးကို တစ်ခါသွားပြန် ကျွန်တော့် ပုဆိုးအဟောင်းလေးနဲ့ သုတ်ပြီးတော့ ကျွန်တော့် ကုတင်ပေါ်မှာ ဖိန လေးနှစ်ဖက်ကို ထောင်ထားလိုက်ပါတယ်။ ကျွန်တော် ပက်လက်အိပ်နေရာက ခေါင်းလေးကြွပြီးကြည့်လိုက်ရင် ကုတင်ပေါ်မှာ ထောင်ထားတဲ့ ဖိနပ်နှစ်ဖက် ကျွန်တော်တွေ့ရတယ်။ အဲ့ဒီတော့မှပဲ စိတ်ဒုံးဒုံးချပြီး ကျွန်တော် အိပ်ပျော်သွား တယ်။ ဆင်ခြောက်ကောင်ဖိနပ်နဲ့ ကျွန်တော် ဘယ်အရွယ်အထိ တစ်ကုတင်တည်း အိပ်ခဲ့သလဲဆိုတော့ ကျွန်တော် (၁၀)တန်းရောက်တဲ့အထိပါပဲ။

အခု ကျွန်တော်အရွယ်ရောက်လာတဲ့အခါမှာလည်း ဖိနပ်များစွာကို စီး ပါတယ်။ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်စေမယ့် ဖိနပ်မျိုးတွေပေါ့။ ဒါပေမယ့် ဖိနပ်ကိုသာ ဂရုတစိုက် စနစ်တကျ ဇီဇာကြောင်စွာ ဘယ်ပွဲမှာတော့ ဘယ်ဖိန ဘယ်လိုနေရာမှာတော့ ဘယ်ဖိနပ်ဆိုပြီး ရွေးချယ် နေပေမယ့် အဲ့ဒီဖိနပ်တွေ အသုံးချစီးနင်းပြီး လျှောက်လှမ်းရမယ့်လမ်းကိုတော့ ဖိနပ်လော စိတ်ဝင်စားလေ့မရှိသလို စနစ်တကျ ရွေးချယ်လေ့လည်း မရှိခဲ့ပါဘူး။

တစ်ခါတလေမှာ ဖိနပ်ကောင်းကိုသာ မက်ပေမယ့် လမ်းကောင်း မမက်တာ။ ဖိနပ်ကိုသာတန်ဖိုးထားပြီး ကိုယ်လျှောက်ရမယ့်လမ်းကို တန်ဖိုးမထား တာမျိုးတွေပေါ့။ ဖိနပ်တစ်ရံ ပျောက်သွားမှာကို စိုးရိမ်မိပေမယ့် ကိုယ်လျှောက် မယ့် လမ်းပျောက်သွားမှာကို မစိုးရိမ်မိတာမျိုးတွေပေါ့။ တကယ်လို့မှား ငယ်ဘဝတုန်းက ဖိနပ်တွေပေါ်မှာ ကျွန်တော် တန်ဖိုးထားသလို ဖိနပ်တွေပေါ်မှာ မြတ်နိုးသလို ကျွန်တော်လျှောက်ခဲ့တဲ့လမ်းတွေကိုလည်း တန်ဖိုးထား မြတ်နိုးခဲ့မယ် ဆိုရင် လမ်းမှားဆိုတာ ရောက်သွားမှာမဟုတ်ပါဘူး။ လမ်းမှားလမ်းကြမ်းကို ရောက်မသွားခဲ့ဘူးဆိုရင် ကျွန်တော့်စိတ်နဲ့ ခြေထောက်ရဲ့သယ်ဆောင်ရာ မညည်းညူပဲ အမြဲတမ်းထပ်လျက်ပါနေရတဲ့ ဖိနပ်ကလေးတွေလည်း စိတ်ချမ်းသာ ပျော်ရွှင်မှာပါ။

မင်းအုပ်စိုး

ပျော်မောင်

# ယောင်ပေါက်ကျခဲ့ပြီ



ခု ဒီအုပ်စုဆိုရင် ကျုပ်ဆီကို ရောက်လာတာ မနက်အစောကြီး ကတည်းက။ ကျုပ်ကို အရက်ဖြူတစ်လုံးပေး ပိုက်ဆံငါးထောင် ခါးကြားထဲ အတင်းထိုးထည့်ရင်း “နေရာကောင်းကောင်းရှာပေး”တဲ့။ ကျုပ်လည်း အရက်တစ်လုံးရယ် ပိုက်ဆံငါးထောင်မျက်နှာရယ်နဲ့ အကောင်းဆုံးနေရာ ရှာပေးတာပဲ။ ဒီနေရာကျတော့လည်း မကြိုက်။ ဟိုနေရာကျတော့လည်းမလိုချင် ဒီနားကျတော့လည်း လမ်းနဲ့နီးလို့ ဟိုနားကျတော့လည်း ချုံထဲရောက်နေလို့ဆိုပြီး ချေးများနေတာနဲ့ ကျုပ်လည်း စိတ်မရှည်တော့တာနဲ့ ဇရပ်ထဲမှာဝင်ထိုင်ပြီး သူတို့ပေးတဲ့ အရက်သောက်ရင်း နေရာကောင်းလိုက်ရွေးနေတဲ့သူတို့ကို ကြည့်နေလိုက်တော့တယ်။

ဘယ့်နှဲ့ဗျာ အသက်ရှင်တုန်းကတော့ ဘယ်နေရာမှာ ဘယ်လိုနေခဲ့သလဲ မသိဘူး။ အခု သေမှပဲ နေရာကောင်းလိုချင်နေလိုက်ကြတာ။ လာလိုက်တာနဲ့ နေရာကောင်းမှာ မြှုပ်ပေးပါ။ နေရာကောင်းမှာ ဂူသွင်းပေးပါဆိုတဲ့ လူချည်းပဲ။ အသက်ရှင်နေတုန်းက နေချင်သလိုနေကြ၊ လုပ်ချင်တာတွေလုပ်ကြ။ သေမှ နေရာကောင်းတယ်လိုချင်ကြတာပဲ။ အသက်ရှင်နေတုန်းကတော့ ဘယ်လောက်များချစ်၊ ဘယ်လောက်များ ဂရုစိုက်သလဲမသိဘူး သေသွားတဲ့အခါကျမှ ငါ့သမီးလေး မခွဲနိုင်လို့ပါ၊ ငါ့သားလေး မခွဲနိုင်လို့ပါ။ အမယ်လေး အမေရယ် မသွားပါနဲ့ဦး။ အဖေရဲ့ သမီးတို့ကို ခွဲသွားပြီလား။ ငိုလိုက်ကြတာ ငိုလိုက်ကြတာများ သချိုင်းထဲမှာလာချတဲ့ မသာမှန်သမျှ မငိုတဲ့မသာဆိုတာ မရှိဘူး။ ငိုလိုက်ရင်လည်း ဇာတ်မင်းသား၊ ဇာတ်မင်းသမီးတွေတောင် အရှုံးပေးရတယ်။ ဖွဲ့နွဲ့ပြီး ငိုလိုက်ကြတာ ကြားရဖန်များလာတော့ အဲဒီငိုတဲ့အသံ၊ အဲဒီပြောတဲ့အသံတွေဟာ ကျုပ်အတွက်တော့ ရယ်စရာလိုကို ဖြစ်နေတော့တာပဲ။

ကျုပ်က ဒီသင်္ချိုင်းထဲမှာနေတာ အနှစ် ၅၀ရှိပြီ။ မွေးကတည်းက ဆိုပ်တော့။ လင်သေလို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုတဲ့မယား။ သိပ်မကြာဘူး နောက်လင်ယူတာပဲ။ မယားသေလို့ ကိုယ့်ပါတစ်ခါတည်း ခေါ်သွားပါခင်ရယ်လို့ ပြောတဲ့ယောကျ်ား တစ်နှစ်မပြည့်ဘူး နောက်မိန်းမယူကြတာပဲ။ ဒီလိုပဲ အဖေရယ် သမီးတို့ကိုထားခဲ့ပြီလား တော့ ဆိုပြီး ကျယ်ကျယ်အော်ငိုတဲ့ အသုဘ အဲဒါ အမွေရမှာသေချာလို့။ အမယ်လေး အမေရဲ့ သမီးတို့ကို ဆက်ပြီးဆေးကုဖို့လေး ပြုစုဖို့လေး ဘာဖြစ်လို့များ ထပ်မပေးတော့တာလဲလို့ ပြောပြီး ငိုတယ်ဆိုရင် သေချာတယ် အသက်ရှင်နေတဲ့အချိန်မှာ ဂရုမစိုက်ခဲ့လို့၊ မကုပေးခဲ့လို့၊ မပြုစုခဲ့လို့ သူတို့လုပ်ခဲ့တဲ့ အပြစ်တွေ သူတို့အမှားတွေ ဖုံးကွယ်ချင်တာတွေကို သင်္ချိုင်းရောက်မှ လူတွေရှေ့မှာ လိုင်စင်ရသလို အော်ဟစ်ပြီးတော့ ဖွင့်ထုတ်ကြတာ ကျုပ်သိတာပေါ့။

ကျုပ်သိလာလို့လည်း လူတွေကို မုန်းမုန်းလာတာ။ နဂိုကတည်းက သင်္ချိုင်းထဲ နေတဲ့လူဆိုတော့ အခုဆိုရင်သင်္ချိုင်းထဲကနေ သင်္ချိုင်းအပြင်တောင် မထွက်ချင်တော့ဘူး။ လူတွေအကြောင်း ပြောရရင်တော့ ပြောမဆုံးပေါင် တောသုံးတောင်ပါပဲဗျာ။ တချို့များ ၁၇နှစ်၊ ၁၈နှစ်အရွယ် ကောင်မလေးတွေသေလို့ မြေမြှုပ်တော့မယ်ဆိုရင် အမယ်လေး ကျွန်မသမီးလေးကို မြေကြီးထဲ မချပါနဲ့ဦး။ ကျွန်မသမီးလေးရဲ့ ရုပ်လှလှလေးကို ဝအောင်ကြည့်ပါရစေဦးဆိုပြီး အခေါင်းတို့ အလောင်းတို့ကို ဖက်တွယ်ထားလိုက်တာ တစ်သက်လုံးမလွှတ်တော့မယ့် အတိုင်းပဲ။ ဘေးကနေ ကျုပ်ဝင်ပြောလိုက်ချင်တယ်။ ခင်ဗျား ဝအောင်ကြည့်ချင်တယ်ဆိုရင်လည်း အဲဒီအလောင်းကို အိမ်ပြန်သယ်သွား။ အလွန်ဆုံးကပ်နိုင် လေးရက် ငါးရက်ပေါ့ဗျာ။ ငါးရက်ကျော်လို့ ခြောက်ရက်ထဲကူးပြီဆိုတာနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတဲ့မသာ အအေးခန်းထဲသာ မထည့်နိုင်လို့ကတော့ ကားတက်လာပြီပေါ့။ ကဲ ခင်ဗျားသမီး ခင်ဗျားထိုင်ကြည့်ဆို ကြည့်ကြမလား။ ဘယ်ဗျာ ကြည့်ဖို့နေနေသာသာ အနားတောင် တစ်ယောက်မှ ကပ်မှာမဟုတ်ဘူး။

ဒီလိုပဲ တချို့ ကျုပ်သားလေးကို မြေနက်နက်တူးပြီး မြှုပ်ပေးပါ။ ကျွန်မသမီးကိုလည်း မြေနက်နက်တူးပြီးမြှုပ်ပေးပါနဲ့ အပိုတွေလာလာပြောတယ်။ သေပြီးသား မသာပဲဗျာ ဘယ်သူကတူးဖော်ပြီး စားမှာမို့လို့လဲ။ ကျုပ်သင်္ချိုင်း ကျုပ်လောက်စောင့်ရှောက်တာ ကျုပ်ပဲရှိတယ်။ နက်နက်တူးပြီးမြှုပ်လည်း အရိုးကျမှာပဲ။ မနက်တနက်တူးပြီးမြှုပ်လည်း အရိုးကျမှာပဲ။ ဘာမှမထူးတာတွေ လာပြောနေတယ်။

ကျုပ်ဆိုရင် ကျုပ်မိန်းမနဲ့ ကျုပ်သားမယားတွေကို အကုန်ပြောထားတာ။ မင်းတို့ငါရှိနေတဲ့အချိန်မှာ ငါ့ကိုဂရုစိုက်ချင်စိုက် မစိုက်ချင်နေ။ ဒါပေမယ့် မင်းတို့

ါသေရင်တော့ မငိုကြနဲ့။ ဒီသချိုင်းထဲမှာ ငါအပိုင်စားရတယ်ဆိုပြီး မင်းတို့ငါ့ကို နေရာကောင်းကောင်းမှာ မြှုပ်စရာလည်းမလိုဘူး။ ကျွင်းနက်နက်တူးစရာလည်းမလို ဘူး။ ကြုံတဲ့နေရာမှာ ကြုံသလိုသာမြှုပ်လိုက်လို့ တစ်ခါတည်း အပြတ်ပြောထားတာ။ ပြောလည်း လုပ်မှာပါပဲ။ ကျုပ်မွေးထားတဲ့ သားတွေအကြောင်း ကျုပ်သိတာပေါ့။ လေးကောင်လုံး တစ်ကောင်မှ အသုံးမကျဘူး။ အဖေရယ်ဆိုပြီးတော့လည်း ဂရုစိုက် ရကောင်းမှန်း မသိဘူး။

ဩော် ငါတို့အဖေ အသက်ကြီးပြီ၊ ငါတို့ ဝိုင်းလုပ်ရမှာပါလားဆိုပြီးတော့ လည်း နားမလည်။ အကြီးဆုံးကောင်က ဖဲရိုက်တယ်။ ဒုတိယကောင်က အရက် သောက်တယ်။ တတိယကောင်က မိန်းမပွေတယ်။ နောက်ဆုံးကောင်ကျတော့လည်း ကိုယ့်အဆင့် ကိုယ့်အနေအထားနဲ့ ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ အဆိုတော် ဖြစ်ချင် ာယ်တဲ့။ အားအားရှိ ဟိုဘက်ရပ်ကွက်က ကာရာအိုကေဆိုင်သွား အသံကျင့်တယ် ဆိုပြီး ကျုပ်ရှာဖွေထားတဲ့ ကုတ်ခဲ့တွေ ဖြုန်းနေတော့တာပဲ။ သူတို့အမေဆိုတာလည်း ဆောင်းထားတဲ့ ပိုက်ဆံလေးတွေ အကုန်လုံး ဒီကောင်တွေကြီးလာမှပဲ တဖြည်းဖြည်း ကုန်တော့တာ။

ဒါကြောင့် ကျုပ်ကလည်း ဒီကောင်တွေကို အပြတ်ပြောထားတာ။ မင်းတို့ ါသေရင်လည်း မငိုနဲ့ ပါးစပ်ကလည်း ဘာမှမပြောနဲ့။ တစ်သက်လုံးလည်း းညည်းလာတာဗျာ။ သေတဲ့အချိန်လေးမှာတော့ ဒီကောင်တွေကြောင့် နား ထပ် ည်းချင်တော့ဘူး။

လူတွေဗျာ တစ်နေ့တစ်နေ့ သေလိုက်ကြတာ။ မသေတဲ့နေ့ရယ်လို့ ရှိဘူး။ အနည်းဆုံး သုံးလောင်းတော့ ရောက်လာတာပဲ။ ရောက်လာရင်လည်း တစောက ကျုပ်ပြောသလိုပေါ့။ အကောင်းဆုံးနေရာကလေးမှာ မြှုပ်ပေးပါ။ ျင်းနက်နက် တူးပေးပါ။ မသာကို ပြာကျအောင် ရှို့ပေးပါ။ အဲဒီလိုသာပြောကြတာ။ နောက်တစ်နှစ်လောက်ကြာလို့ရှိရင် မြေပုံပဲဖြစ်ဖြစ်၊ ဂူပဲဖြစ်ဖြစ် ဘယ်သူမှ လာ ကြည့်ကြတော့ဘူး။ ကျုပ်ပဲ ဒီသချိုင်းကို သန့်ရှင်းရေးလုပ်ရတာ။ မြက်ရှင်းတာ လည်း ကျုပ်။ ခြုံရှင်းတာလည်း ကျုပ်။ တွင်းသစ်ဖော်တော့လည်း ကျုပ်။ ဂူဟောင်း ရှင်းတော့လည်း ကျုပ်။ ဟို ခွေးမသားလေးကောင် တစ်ချက်ကလေး လှည့်ကြည့်ဖော် ရဘူး။ တစ်ယောက်တည်း လုပ်ရတာဆိုတော့ မောချက်ကတော့ ကမ်းကုန်ပေါ့ဗျာ။

အခု အမောပြေတာမှ ဘယ်လောက်ရှိမတုန်း ခြောက်နှစ်ပေါ့။ ဒွားအို နောက်ကျသမီးလို့ ပြောရမလားမသိပါဘူး။ သမီးလေးမွေးတယ်။ သမီးလေးက ဒီကောင်တွေနဲ့ တခြားစီဗျာ။ မွေးလာကတည်းက ကောင်းကျိုးပေးလိုက်တဲ့သမီး

သူမွေးတဲ့နေ့မှာပဲ ကျုပ်ဘဝမှာ မပေါက်စဖူး ဆယ်သိန်းထီတွေ ဘာတွေပေါက်လို့ ကလေးရဲ့ဥပမိကလည်း ကျုပ်သမီးလို့တောင် မထင်ရဘူးဗျာ။ ဖြူဖြူဖွေးဖွေး ဝဝ ကစ်ကစ် ချစ်စရာလေး ကျုပ်နေတဲ့ သချိုင်းနဲ့တောင်မတန်ပါဘူး။ ကျုပ်ဆို ဒီသချိုင်း ထဲ သေတပန်သက်တဆုံး ခေါင်းချမယ်လို့ ဆုံးဖြတ်ထားတာ သမီးလေး မွေးလာမှပဲ သချိုင်းထဲကနေပြောင်းပြီး ရပ်ကွက်ထဲနေဖို့ စိတ်ကူးမိတယ်။

ဟုတ်တယ်လေ ကျုပ်သမီးရဲ့ဥပမိရုပ်နဲ့ သချိုင်းနဲ့က တန်မှမတန်တာ။ သမီးလေးက ကျုပ်ဆိုလည်း သိတတ်တယ်ဗျ။ ခုနစ်လ ရှစ်လလောက်ကတည်းက ကျုပ်အသံကို ကြားလို့ကတော့ သူ့အမေနို့ စို့နေရာကနေ ဒန့်ဒန့်ဒန့်ဒန့်နဲ့ကို ဖြစ်နေတာ။ စကားလည်း စပြီးပြောတတ်ရော ဘယ်စကားက စပြောတယ်မှတ်တုန်း။ ဖေဖေ့ ဖေဖေ့နဲ့ စခေါ်တာ ကျုပ်များဗျာ အဲဒီနေ့က အိပ်လို့တောင် မပျော်ဘူး။ သမီးလေးများ ဘယ်အချိန်ထပ်ခေါ်ဦးမလဲ ဘယ်အချိန် ထပ်ခေါ်ဦးမလဲနဲ့ အိပ်နေတဲ့ သူ့အနားမှာ ထိုင်စောင့်နေလိုက်တာ မိုးကိုလင်းရော။ အရွယ်လေး တဖြည်းဖြည်း ရောက်လာတာနဲ့ ကျုပ်ကိုသိတတ်ချက်များဗျာ။ ကျုပ်များ အိမ်ပြန်ရောက်လို့ကတော့ ဖေဖေကြီးကို ထမင်းကျွေးမယ် ထမင်းကျွေးမယ်ဆိုပြီး သူကိုယ်တိုင် ထမင်းဇလုံလေး ကိုင်လာပေးတာ။ အဲဒီလောက်ထိ သိတတ်တာ။ ဟိုကောင်တွေနဲ့များတော့ ကွာပ။

ဟော ဟိုမှာ ဟိုလူအုပ်တော့ ကျုပ်ဆီလာနေကြပါပြီ။ သူတို့လိုချင်တဲ့ နေရာကောင်း တွေ့လာပြီထင်ပါရဲ့။ ကျုပ်ထင်တာ မလွဲပါဘူး။ ဟိုး အနောက် ဘက်ထောင့်က ညောင်ပင်ကြီးအောက်မှာရှိတဲ့ မြေမို့မို့လေးကို သူတို့ရွေးလာတာ လေ။ ဒီနေရာက လူတော်တော်များများ ကြိုက်တဲ့နေရာပေါ့ဗျာ။ အပင်အောက် မှာလည်းရှိတယ်။ မြေကြီးတွေကလည်း မြင့်တယ်ဆိုတော့ ကြည့်လိုက်တာနဲ့ သူက ထင်ထင်ရှားရှား ရှိတာကိုး။

ဘယ်ရမလဲ ကျုပ်ကလည်း ပြောလိုက်တယ်။ ဒီနေရာကိုလိုချင်တယ် ဆိုရင် ခင်ဗျားတို့ ကျုပ်ကိုထပ်ပေးရမယ်ဆိုတော့ သူတို့နှစ်သောင်းထပ်ပေးသွား တယ်ဗျ။ ဒီနေ့တော့မဆိုးဘူး တွက်ခြေကိုက်တယ် ပြောရမှာပဲ။ သေပြီးတာတောင်မှ နေရာကောင်းယူချင်တဲ့လူတွေနဲ့ တွေ့ရတာမဟုတ်လား။ အနိစ္စနဲ့သင်္ခါရကို မသိတဲ့ လူတွေကြားထဲမှာ ကျုပ်ကတော့ တရားတွေလည်းရ အမြတ်တွေလည်းထွက်ပေါ့ဗျာ။ နှစ်သောင်းဆိုရင်တော့ သမီးလေးကို အင်္ကျီတစ်ထည်လောက်တော့ ဝယ်ပေးဦးမယ် လို့ တွေးနေတုန်း အငယ်ဆုံးကောင် ကျုပ်ဆီကို အူယားဖားယားနဲ့ ပြေးလာတယ်။ ပြောလိုက်တဲ့စကားက ကျုပ်နားကို မိုးကြိုးပစ်ချလိုက်သလိုပါပဲဗျာ။

ဖြစ်မှဖြစ်ရလေ သမီးလေးရယ်။ ဘာဖြစ်လို့များ သမီးလေးကိုမှ သေမင်း

ာ ရွှေးခေါ် ရတာတုန်း။ ဒီမှာဗျာ သုံးမရတဲ့နွား လေးကောင်တောင်ရှိတယ်။ သေချင်းသေ အသုံးမကျတဲ့ဒီကောင်တွေ သေပါလား။ ဒါမှမဟုတ်ရင်လည်း ကျုပ်သမီးလေးကိုယ်စား ကျုပ်သေပါတော့လားဗျာ ဟင်။ ကျုပ်သမီးလေးက အခုမှ ခြောက်နှစ်ပဲရှိသေးတယ်။ မြွေကိုက်လို့ သေရတယ်တဲ့ဗျာ။

အမယ်လေး သမီးလေးရယ် သမီးလေး ဒီလိုဖြစ်မယ်မှန်းသာသိရင် ဒီသချိုင်းထဲမှာ အဖေမနေပါဘူး သမီးရဲ့။ သမီးငယ်ငယ်လေးကတည်းက ဟိုဘက်ယ်ကွက်ထဲကို အဖေပြောင်းမှာပေါ့ သမီးရဲ့။ အိမ်ပြောင်းမယ်ဆိုပြီး စုစုထားတဲ့ ငွက်ဆံတွေကို အဖေ ဖဲရိုက်မပစ်ပါဘူး သမီးလေးရဲ့။ သမီးလေး ဒီလိုဖြစ်ရတာ အဖေ ဒီသချိုင်းထဲမှာနေလို့။ ရသမျှပိုက်ဆံတွေကို အဖေအရက်တွေ သောက်ပစ်နေလို့ သမီးလေးရဲ့။

ဘာ သမီးလေးကို မြေမြှုပ်ကြတော့မယ်ဟုတ်လား။ မမြှုပ်ကြပါနဲ့ဦးကွာ မြှုပ်ကြပါနဲ့ဦး။ ငါ့သမီးလေးမျက်နှာကို ငါဝအောင် ကြည့်ပါရစေဦး။ အမလေး သမီးရေ ဖေဖေကြီးကို ဖေဖေ ဖေဖေနဲ့ ချစ်လှပါချည်ရဲ့ဆိုပြီး အခုတော့ အဖေကြီးကို တစ်ယောက်တည်း ထားခဲ့ပြီလား သမီးလေးရဲ့။ သမီးလေးမရှိရင် ဖေဖေကြီးကို ဘယ်သူက ထမင်းခူးကျွေးမှာတုန်း။ သမီးလေးမရှိရင် ဖေဖေကြီးကို ဘယ်သူက ဆရချပ်ပေးမှာတုန်း သမီးလေးရဲ့။ နေကြပါဦးကွာ အခေါင်းမပိတ်ကြပါနဲ့။ အခေါင်း မပိတ်ကြပါနဲ့ဦး။ ငါ့သမီးလေးမျက်နှာကို ငါဝအောင်ကြည့်ပါရစေ။ ငါကြည့်နေပါရစေဦးကွာ။ ဟိုကောင်တွေ မင်းတို့တူးထားတဲ့ ကျင်းတွေကရော နက်ရဲ့လားဟင်။ နက်နက်တူးကြပါကွာ။ ငါ့သမီးလေးအခေါင်းကို သေသေချာချာ မြှုပ်ပေးကြပါကွာ။ နေရာကရော ဒီသစ်ပင်အောက် တောင်ကုန်းပေါ်မှာထက် ကောင်းတဲ့နေရာ ဒီသချိုင်းထဲမှာ မရှိကြတော့ဘူးလားကွ ဟင်။

ငါ့သမီးလေးကို ငါနေရာကောင်းကောင်းလေးမှာ မြှုပ်ချင်တာ။ မပိတ်ကြပါနဲ့ဦးကွာ။ မပိတ်ကြပါနဲ့ဦး။ ငါ့သမီးလေး မျက်နှာကို ငါဝအောင် ကြည့်ပါရစေဦး။ သမီးရယ် အဖြစ်ဆိုးလှချည်လား။ ဟေ့ကောင်တွေ ငါ့သမီးလေးအလောင်းကို ငါ့လက်ထဲက မဆွဲကြနဲ့။ မြေကြီးထဲ မချကြပါနဲ့ဦးကွာ။ ဒီပြင် မသာတွေ အများကြီး ကျုပ်ကြုံခဲ့ဖူးပါတယ်ဗျာ။ ငိုချင်စိတ် မပေါက်ခဲ့ပါဘူး။ ဒါပေမယ့် ခုကျမှ ကျုပ်မျက်လုံးထဲက ဘာဖြစ်လို့ မျက်ရည်တွေ ကျကျလာမှန်း မသိပါဘူး။

'တောက်'

ဟိုအရင်အချိန်တုန်းကတော့ ကျွန်တော်တို့ချစ်ခြင်းကို ခွဲမယ့်သူမရှိသေးတဲ့အတွက် အေးအတူပူအမျှ နွေနွေ ပိုးပိုး ဆောင်းဆောင်း နှစ်ဦးသား မခွဲအတူကြည်ဖြူပြီး နေခဲ့ကြတာပေါ့။ ကျွန်တော့်ရင်ခွင်ထဲမှာ သူက မှေးစက်ခိုဝင် ကြည်နူးပျော်ရွှင်နေသလို ကျွန်တော်ကလည်း သူ့ကို ထွေးပွေ့ခွင့်ရထားတဲ့အတွက် ပီတိအပြုံးနဲ့ ဂုဏ်ယူကျေနပ်လို့မဆုံး ရှိခဲ့တာပေါ့။

သူ့ဘဝကို နေဒဏ် မိုးဒဏ် နှင်းဒဏ်မခံရအောင် ခိုင်ခံ့တဲ့အကာအရံတွေ လုံခြုံတဲ့အမိုးအကာတွေနဲ့ ဖုံးအုပ်ကာကွယ်ပေးထားခဲ့တယ်လေ။ ချစ်လှန်းတဲ့စိတ်နဲ့ ရင်ခွင်ထဲမှာသူထိုင်နေတာတောင် နာမှာစိုးလို့ စပါးပင်စိမ်းစိမ်းလေးတွေကို တယုတယစိုက်ပျိုးပြီး သူ့ကိုထိုင်နိုင်းခဲ့တာလည်း ကျွန်တော်ပါပဲ။ အပြည့်အဝလုံခြုံတဲ့ ကျွန်တော့်ရဲ့အရိပ်အောက် စပါးပင်စိမ်းစိမ်းလေးတွေစိုက်ထားတဲ့ ကျွန်တော့်ရဲ့ရင်ခွင်ထဲမှာ ကျေကျေနပ်နပ် သူထိုင်နေရင်း သူ့ဆီရောက်လာသမျှလူတွေ ဥတုရာသီနဲ့ အမောပြေဖို့ ဘဝရဲ့အမောတွေပြေဖို့ သူ့အစွမ်းကုန် ပေးဆပ်နေတုန်းကလည်း ကျွန်တော်က ပါရမီဖြည့်ဖက်တစ်ယောက်အနေနဲ့ ဝမ်းသာလို့မဆုံး တပြုံးပြုံးပေါ့။

ခရီးဝေးကြီးကိုဖြတ်သန်းလာတဲ့လူတွေ နိုင်တဲ့ဝန်ထက်မကာ ထမ်းပိုးလာရတဲ့လူတွေ အရိပ်နဲ့အေးမြခြင်းကို ငွေကြေးနဲ့မဖန်တီးနိုင်တဲ့ လူတွေအတွက်တော့ ကျွန်တော်တို့အတွဲဟာ မြင်လိုက်တာနဲ့ သူတို့ရဲ့ရင်ကို အေးချမ်းသွားစေပါတယ်။



နှစ်ယောက်သား ချစ်ချစ်ခင်ခင် လက်တွဲညီညီနဲ့ လူတွေရဲ့အကျိုးကို ပျော်ပျော်ပါးပါးကြီး သယ်ပိုးလာခဲ့ကြတာပေါ့ဗျာ။ သူနဲ့ကျွန်တော် အခုလိုမျိုး ပြန်မဆုံနိုင်တော့လောက်အောင် ဝေးသွားကြလိမ့်မယ်လို့ ထင်မထားခဲ့မိတာ အမှန်ပါပဲ။

ဝေးကြဖို့အတွက် စဖန်တီးခဲ့တဲ့ ညနေခင်းတစ်ခုကို အခုအချိန်ထိ ကျွန်တော် မေ့လို့မရဘူးဗျာ။ လဒေနှစ်ချောင်းငင်တစ်ကောင် သေရည်မူးမူးနဲ့ရောက်လာပြီး ကျွန်တော့်ရင်ခွင်ထဲမှာ ထွေးပိုက်ထားတဲ့ သူ့ရဲ့ဗိုက်ထဲကနေ လိုချင်တာတွေကို အငမ်းမရခပ်ယူ ဒလကြမ်းလည်းမျိုချပြီးရော သူ့ခေါင်း

ပေါ်မှာ တင်ထားတဲ့ ဒန်သတ္တုနဲ့လုပ်ထားတဲ့ ပန်းကလေးကို ယူသွားတယ်ဗျာ။

သူပန်ထားတဲ့ ဒန်ရောင်ပန်းကလေး မရှိတော့ဘူးဆိုမှတော့ သူနဲ့ ကျွန်တော်နဲ့ရဲ့ ဖြစ်တည်နေမှုဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလည်းဆိုပြီး ဝမ်းနည်း လက်လက်ငိုလိုက်ရတာ မိုးစင်စင်လင်းတဲ့အထိပါပဲ။ မနက်ကျတော့ ကျွန်တော် တို့နှစ်ယောက်အဖြစ်ကို မကြည့်ရက်တဲ့ ရပ်ကွက်ထဲက စိတ်ကောင်းရှိတဲ့ လူ တစ်ယောက်က သူ့ခေါင်းမှာ ပန်းကလေးတစ်ပွင့် အစားထိုးပြီးပန်ပေးလိုက်တယ်။ သတ္တုပန်းကလေးတော့ မဟုတ်တော့ဘူး။ ပလပ်စတစ်နဲ့လုပ်ထားတဲ့ ပန်းနီနီလေး ဖြစ်သွားပြီ။

အဲဒီပန်းနီနီလေးလည်း သူ့ခေါင်းမှာ သိပ်ကြာကြာမပန်လိုက်ရပါဘူး။ သေရည်တွေမူးနေတဲ့ လရေးနှစ်ချောင်းငင်တွေ၊ ရူးနေတဲ့ လရေးနှစ်ချောင်းငင်တွေ ရူးမနေပေမယ့် အသိစိတ်ခါတ်မပြည့်ဝတဲ့ လရေးနှစ်ချောင်းငင်တွေ ရောက် ရောက်လာပြီး သူ့ခေါင်းပေါ်က ပန်းကလေးတွေကို ယူယူသွားကြတယ်ဗျာ။ ကြာလာ တော့လည်း သူ့ကို ပန်းကလေးတွေ ခဏခဏ ပြန်ဝယ်ပေးနေရတာ ရပ်ကွက်ထဲက လူတွေ စိတ်ပျက်လာကြတယ်ထင်ပါရဲ့။ သူ့ပန်းကလေးနဲ့ကျွန်တော့်ကို သံကြိုးကြီး တစ်ချောင်းနဲ့တွဲခတ်လိုက်ကြတယ်။

ကြည့်ရတာ ရုပ်ဆိုးလိုက်တာဗျာ။ လူတကာကို စိတ်ချမ်းသာအောင် အမောပြေအောင် အေးမြသွားအောင် ဖန်တီးပေးနေတဲ့ ကျွန်တော်တို့ကိုယ်မှာ သံကြိုးကြီးခတ်လျက်သား ရှိနေတာကို မြင်လိုက်ရတဲ့လူတွေ အမောဆို့စိတ်ပျက် သွားနိုင်သလို ကျွန်တော်တို့ကိုယ်တိုင်လည်း လူတွေပေါ်မှာ ကောင်းကျိုးတွေပဲ ဆောင်ကျဉ်းပေးနေရဲ့သားနဲ့ အချုပ်အနှောင်ခံရတဲ့ အခုလိုမျိုးဖြစ်ရတာ ရင်နာတယ်ဗျာ။

ရင်ကလည်းသိပ်ကြာကြာမနာလိုက်ရပါဘူး။ တစ်ညမှာတော့ သေရည် တွေကို ပုလင်းပါရေညှစ်သောက်လာတဲ့ လရေးနှစ်ချောင်းငင်တွေ ရောက်လာပြီး သူနိုင်သမျှဝန်ကလေးနဲ့ ထမ်းထားသမျှကို သောက်လိုက်ရတာတောင် မတင်းတိမ် ကျေနပ်နိုင်ဘဲ ဘာဖြစ်လို့ကုန်သွားရတာလဲလို့ နင်ပဲငဆ အပြစ်တင်ပြီး ကျွန်တော့် ရင်ခွင်ထဲမှာ စပ်ပေါင်းပင်စိမ်းစိမ်းလေးတွေနဲ့ တယုတယတင်ထားတဲ့ သူ့ကို ကြမ်းကြမ်း တမ်းတမ်း ဆွဲယူသွားပြီး ခပ်လှမ်းလှမ်းလည်းရောက်ရော ရိုက်ခွဲဖျက်ဆီးလိုက်ကြ တယ်ဗျာ။

လမ်းသွားလမ်းလာတွေ မောပန်းဆာလောင်နေတဲ့လူတွေ အမောရယ်မှ ပြေပါစေတော့ဆိုပြီး စိတ်ကောင်းစေတနာကောင်းရှိတဲ့ ရှေးလူကြီးတွေ ဖန်တီး တည် ဆောက်ခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ကို စိတ်ဓာတ်အဆင့်အတန်း နိမ့်ကျတဲ့

ယဉ်ကျေးမှုမမြင့်မားတဲ့ လရေးနှစ်ချောင်းငင်တွေ ဖျက်ဆီးလိုက်လို့ သူနဲ့ ကျွန်တော့်
ခင်ဗျားတို့ တွဲလျက်မမြင်ရတာကြာပြီလေ။

သတိထားမိလို့ ဂရုစိုက်ကြည့်မယ်ဆိုရင် မြို့ကလေးတွေရဲ့ လမ်းထောင့်
တွေမှာ ရပ်ကွက်ကလေးတွေရဲ့ သစ်ပင်ရိပ်အောက်မှာ သူပြန်အလာကိုမျှော်ရင်း
ကျွန်တော် တဖြည်းဖြည်းဆွေးနေတာ ခင်ဗျားတို့တွေ့မှာပါ။ ခံစားနေရတဲ့ ရင်ထဲက
ဝေဒနာသက်သာမလားဆိုပြီး ဒီကဗျာလေးတောင် ညည်းမိသေးတယ်။

ပြန်မလာဖြစ်တော့မှန်းလည်း သိပါတယ်
လွမ်းနေတော့လည်း
မျှော်မိတာပေါ့
နွေဆိုရင်လည်း နွေအလျောက်
ဆောင်းဆိုရင်လည်း ဆောင်းမို့
မိုးကျတော့လည်း မိုးပေါ့
ဥတုသုံးပါးမရွေးခဲ့ပါဘူး
မိုးမှာမျှော်တော့
မိုးစက်ကလေးတွေဝင်လာတယ်
ဆောင်းမှာမျှော်တော့
နှင်းပွင့်ကလေးတွေရောက်လာတယ်
နွေမှာမျှော်တော့
ကျနေကလေးထိုးလာပြန်ရော
နွေ မိုး ဆောင်း
အကြိမ်ကြိမ်ပြောင်းပြီး
တကယ်လို့များ
ကျွန်တော်ကိုယ်တိုင်
ဆွေးသွားရင်တော့ .
မျှော်ဖြစ်တော့မှာ
မဟုတ်တော့ပါဘူး. . . ။ ။

လမ်းဘေးရေအိုးစင်

အုပ်ကြီး

"စံပယ်ပန်းတွေရမယ် စံပယ်ပန်းတွေရမယ် အစ်ကိုကြီးကားထဲမှာချိတ်ဖို့
်းတွေဝယ်ပါဦးလား"

မီးနီမိနေတဲ့ ရှေ့ဆုံးကားဆီ အပြေးအလွှားသွားပြီး အော်ရောင်းနေပေ
ယ့် ကားသမားအစ်ကိုကြီးကတော့ ကျွန်တော့်ဘက်ကို တစ်ချက်တောင် လှည့်
ည့်ဖော်မရဘဲ သူ့ရဲ့လက်ကိုင်ဖုန်းနဲ့ပဲ စကားတွေအဆက်မပြတ်ပြောနေပါတယ်။
ကြည့်ရတာ ဝယ်မယ့်ပုံမပေါ်လို့ နောက်ကားပြောင်း ရောင်းတော့လည်း
ိမထူးပါဘူး။ ကားထဲက အစ်ကိုကြီးနဲ့အစ်မကြီး နှစ်ယောက်တည်း စကား
ပြောနေလိုက်ကြတာ မတွေ့ရတာ ဆယ်နှစ်လောက်ရှိမယ့်ပုံပဲ။

ဟိုး နောက်ဆုံးကားတွေအထိ အမြန်ပြေးပြီးရောင်းလိုက်တော့ တက္ကစီ
ားထဲက မိန်းမဝဝကြီးတစ်ယောက် ငါးရာဖိုးဝယ်တာနဲ့ ဈေးဦးတော့ ပေါက်
ွားပါတယ်။ ဒီနေ့ကံကောင်းတာ တစ်ခါတလေ ညနေခြောက်နာရီကတည်းက
ောင်းတာတောင် (၈)နာရီ(၉)နာရီရောက်တဲ့အထိ ဈေးဦးပေါက်ချင်မှပေါက်တတ်တာ။
ောက်တာမကြာသေးဘူး။ ငါးရာဖိုး ရောင်းရပြီ။ အရမ်းကံကောင်းတဲ့နေ့တွေ
ိုရင်တော့ ကားမည်းမည်း မြင့်မြင့်ကြီးတွေနဲ့ ရုပ်ချောချော အသားဖြူဖြူ အစ်မကြီး
တွေကပါလာသမျှ ပန်းအကုန်လုံး ဝယ်သွားတတ်ကြတယ်။ အဲလိုနေ့မျိုးဆိုရင်



အိမ်ကို စောစောပြန်လို့ရတယ်။ ညီလေးတို့ ညီမလေးတို့နဲ့လည်း ကစားလို့ရတယ် ရောင်းမကောင်းတဲ့နေ့ဆိုရင်တော့ ညတစ်နာရီနှစ်နာရီလောက်မှ အိမ်ပြန်ရောက်တာ

အဲဒီလိုညမျိုးဆိုရင်တော့ ဟနေတဲ့ပျဉ်ပြားကြားကနေ ကျွန်တော့်လင သန်းလေးသွင်းပြီး အိမ်တံခါးဂျက်ကိုဖြုတ် အသာပြန်ပိတ် အိပ်နေတဲ့အမေနဲ့ ညီလေ တွေညီမလေးတွေ မနိုးအောင် ဝါးကြမ်းခင်းကို ခပ်ဖွဖွနင်းပြီး မီးဖိုချောင်ထဲမှာ အမေ ပြင်ပေးထားတဲ့ ငါးပိရည်ရယ် အာလူးပြုတ်တစ်လုံးရယ် ထမင်းရယ်နဲ့ တစ်ညသ ဆာနေတဲ့ ဗိုက်ကိုဖြည့်ပြီး အမေ့ဘေးဝင်ကွေးလိုက်တာနဲ့ တခါတည်းအိပ်ပျော်သွား တာပဲဗျာ။

အဖေအရက်မူးပြီး အိမ်အပြန် ကားတိုက်ခံရလို့ဆုံးပြီးကတည်းက ကျွ တော်လည်း စံပယ်ပန်းရောင်းလာရတာ ဘာလိုလိုနဲ့ အဖေဆုံးတုန်းက ကိုးလ ရှိတဲ့ညီမလေးတောင် လေးနှစ်ပြည့်ပြီ။ ညီမလေးက လေးနှစ်ဆိုတော့ ကျွန်တော်က ဆယ့်နှစ်နှစ်ပြည့်ပြီပေါ့။ အလတ်ကောင်ကလည်း ခုနစ်နှစ် ကျော်သွားပြီပေ ဒီကောင်ကလည်း ခုနစ်နှစ်သာဆိုတယ် ကျွန်တော့်အကျီတွေ ဝတ်လို့တော်နေပြ ထမင်းကောင်းဟင်းကောင်း မစားရတာတောင် တော်တော်ထွားတဲ့အကောင် အမေနဲ့တူတာလည်းဖြစ်မှာပေါ့။ အမေကအရပ်မြင့်တယ်။ ကျွန်တော်ကတော အဖေနဲ့တူတာ။ အရပ်ပုပု အသားညိုညိုဆိုတော့ အချို့က ကျွန်တော့်ဆို ကလေး ထင်တာ။ ဘာရမလဲ ကျွန်တော်ကလည်းပြောလိုက်တာပေါ့။ ကျွန်တော့်အသ ဆယ့်နှစ်နှစ်ပြည့်ပြီ။ လူကြီးဖြစ်နေပြီ။ တစ်အိမ်လုံးကို ရှာကျွေးနေတာ။ အိမ် ကျွန်တော်အိမ်ထောင်ဦးစီးပဲလို့။ အဲဒီအိမ်ထောင်ဦးစီးဆိုတဲ့တာဝန်ကို အဖေသေပြ ရက်လည်ကတည်းက ကျွန်တော်ရလိုက်တာပဲ။

ကျွန်တော် အိမ်ထောင်ဦးစီးဖြစ်တော့မှပဲ အိမ်ကဆီပုလင်းထဲ ဆီပြည နိုင်သလို တစ်ပတ်ကိုတစ်ခါလောက် မိသားစုလည်း အသားဟင်းစားဖြစ်တော တယ်။ အဖေ့အလုပ်က ပိုက်ဆံလည်း တော်တော်ရပါတယ်။ လိုင်းကားမောင်း ယာဉ်မောင်းပေါ့။ ဒါပေမယ့် အဖေက သူရှာလို့ရသမျှ သောက်ပစ်တာနဲ့ပဲ ကုန်တာ အိမ်ကိုပိုက်ဆံပြန်ပါလာတဲ့နေ့ဆိုတာ တော်တော်ကိုရှားပါတယ်။ ပိုက်ဆံမပါလာ တဲ့ကြားကပဲ တစ်ခါတလေ အပေါင်းသင်းတွေဆုံလို့ အရမ်းမူးလာတဲ့နေ့ဆိုရင် အမေ ကိုရိုက်လား နှက်လားလည်းလုပ်တတ်သေးတယ်။ အဖေ ရှာတဲ့ပိုက်ဆံနဲ့ မလောက် တာကြောင့် အမေ့ဘက်ကအမွေရထားတဲ့ အိမ်ကလေးကို လမ်းထိပ်က တရုတ်တွေ ဆီမှာ အိမ်ဂရံပေါင်ထားတာပဲ သုံးနှစ်ကျော်ကြာသွားပြီ။ မရွေးနိုင်သေးဘူး။

အဖေက ကားမောင်းတယ်ဆိုတော့ ကားနဲ့အကျိုးပေးတယ်လို့ပဲ ပြော

လောက်မသိဘူး။ သူသေတော့ ကားတိုက်ခံရလို့သေတယ်။ သူသေတဲ့အတွက် ကျွန်တော်တို့မိသားစု သိန်းနှစ်ဆယ်ကျော် လျော်ကြေးရလိုက်ပါတယ်။ အဲဒီရလိုက်တဲ့ လျော်ကြေးနဲ့ပဲ ပေါင်ထားတဲ့ အိမ်ဂရံကို ပြန်ရွေး၊ ကြွေးပူတွေဆပ်၊ အဖေ့မသာ မြဲကျအောင်လုပ်လိုက်တာပဲ။ ပိုတဲ့ပိုက်ဆံလေးကို လမ်းထဲကလူတွေဝိုင်းပြီး ပြောကြ တာနဲ့ ဆိုက်ကားလေးတစ်စီးဝယ်ပြီးတော့ အမေက ဆိုက်ကားအုံနာထောင် ထားတယ်။

အုံနာခ တစ်နေ့ထောင့်ငါးရာရတယ်။ ထောင့်ငါးရာဆိုတဲ့ ပိုက်ဆံနဲ့ ကျွန်တော်တို့မိသားစု ဘယ်လိုမှစားလို့မလောက်ဘူး။ မလောက်တဲ့အတွက် တစ်အိမ်ကျော်ကခေါ်မြကြီးတို့ အကြံပေးတာနဲ့ပဲ မင်္ဂလာဒုံဘက်က စံပယ်ခြံတွေထဲ မှာ စံပယ်တွေသွားယူ အိမ်မှာသီ။ ညနေရောက်တာနဲ့ ရွှေဂုံတိုင်မီးပွိုင့်မှာ စံပယ်ပန်း သွားရောင်းတဲ့တာဝကို ကျွန်တော်အလိုလိုရောက်လာခဲ့ပါတယ်။ ပန်းရောင်းရလို့လည်း စိတ်မပျက်ပါဘူး။ အမေ့အတွက်လည်း ဆေးဖိုးပေးနိုင်တယ်။ ညီလေး ညီမလေး အတွက်လည်း ထမင်းဖိုးရှာပေးနိုင်တယ်။ ကျောင်းစရိတ်လည်း ပေးနိုင်တယ်။

အဲဒါကြောင့် အိမ်ထောင်ဦးစီးတာဝန်ကို ကျွန်တော် ပျော်ပျော်ပါးပါးကြီး ထမ်းဆောင်နေပါတယ်။ ကျွန်တော်ဆယ့်လေးနှစ်ပြည့်လို့ရှိရင် အိမ်မှာရှိတဲ့ဆိုက်ကား နင်းလို့ရပြီ။ ဆိုက်ကားနင်းမယ်။ ဆိုက်ကားနင်းရင်းနဲ့ ကားမောင်းသင်မယ်။ ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ ကျွန်တော်ကားမောင်းမယ်။ လိုင်းကားမောင်းသမားတွေထဲမှာ အဖေ့မိတ်ဆွေသူငယ်ချင်းတွေ အများကြီးကျန်ခဲ့ပါတယ်။ အဖေ့မိတ်ဆွေဆိုတဲ့ အတိုင်း အကုန်လုံး အရက်ကိုကြိုက်ကြတဲ့လူတွေချည်းပါပဲ။ အရက်ကိုကြိုက်ကြတဲ့ အတွက် သူတို့တွေလည်း တစ်ယောက်ပြီးတစ်ယောက် အဖေ့နောက်ကို လိုက်သွား ကြပါတယ်။ သူတို့တွေအဲဒီလိုလိုက်သွားတာ ကျွန်တော့်အတွက် တစ်ခုတော့ ကောင်းတယ်။

အဖေက ကျွန်တော်တို့မိသားစုကို ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ရုတ်တရက် ကြီးထားခဲ့တာဆိုတော့ ကျွန်တော်တို့ မိသားစုကို စိတ်ပူရင်ပူနေမှာလေ။ အဲဒီတော့ အဖေ့သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် အဖေ့နောက်လိုက်သွားကြတဲ့ အချိန်မှာ အဖေ့သူငယ်ချင်းတစ်ယောက် နေမကောင်းဖြစ်နေတယ် အသည်းအသန် ဖြစ်နေတယ်ဆိုရင် အဲဒီလူကြီးဆီ ကျွန်တော် မရောက် ရောက်အောင်သွားတယ်။ သွားပြီးရင် အဲဒီလူကြီးနားသွားပြီး ကျွန်တော် ကိုယ့်ကိုကိုယ် မိတ်ဆက်တယ်။

အဖေ့နာမည် ပြောလိုက်တာနဲ့ သူတို့တွေရဲ့ မျက်လုံးတွေထဲမှာ မှတ်မိတဲ့ အရောင်တွေပေါ်လာတတ်ကြတယ်။ ပြီးတာနဲ့ ကျွန်တော် အဲဒီလူကြီးနားကို

ဘယ်သူမှမကြားအောင် တိုးတိုးလေးကပ်ပြောတယ်။ "အဖေနဲ့တွေ့ရင်ပြောပေး ကျွန်တော်တို့မိသားစုကို စိတ်မပူပါနဲ့။ အဖေ့တုန်းက ထမ်းခဲ့တဲ့ အိမ်ထောင်ဦး တာဝန်ကို ကျွန်တော်ဆက်ပြီး တာဝန်ယူနေပါတယ်။ ကျွန်တော်တို့မိသားစု အဆင် ပြေနေပါတယ်။ အဖေ့ကိုတွေ့ရင် ပြောပေးနော် ဦးလေး" ဆိုပြီး အမြဲတမ်းမှာပါတယ်။

အခု ဒီညလည်း ကျွန်တော်စောစောပြန်ချင်တယ်။ အဖေနဲ့အရင်း ဆုံးပေါင်းခဲ့တဲ့ အဖေ့ရဲ့အချစ်ဆုံးသူငယ်ချင်းလည်း အရက်သောက်တဲ့ဒဏ်ကြောင့် အသည်းခြောက်တယ်ဆိုလား ဘာလား နေရရင်သုံးလပဲတဲ့။ ဒီလူကြီးဆီကိုလည်း ကျွန်တော်သွားပြောရဦးမယ်။

"ကျွန်တော်စံပယ်ပန်းရောင်းတာ အဆင်ပြေတယ်ဆိုတဲ့ အကြောင်း ဆယ့်လေးနှစ်ပြည့်ရင် အိမ်ကဆိုက်ကားနင်းမယ်ဆိုတဲ့ အကြောင်း၊ ဆယ့်ရှစ်နှစ် ပြည့်ပြီဆိုတာနဲ့ အဖေမောင်းခဲ့တဲ့ယာဉ်လိုင်းမှာ ကျွန်တော် ဒရိုင်ဘာဝင်လုပ်မယ် ဆိုတဲ့ အကြောင်း မိသားစုကိုဘာမှစိတ်မပူနဲ့ဆိုတဲ့ အကြောင်း"

အဲဒီလူကြီးကနေ တဆင့် အဖေ့ကိုမှာရမယ်။

သူတို့တွေကိုလည်း ကျွန်တော်တောင်းပန်ပြီးတော့မှ မှာတာပါ။ မှာရတာ ကလည်း အဖေ စိတ်ပူမှာစိုးလို့ပါ။ အဖေနဲ့တွေ့ရင် ကျွန်တာတွေမပြောရင်နေပါ။

"ကျွန်တော်တို့ တစ်မိသားစုလုံး အဆင်ပြေပြေနဲ့ စားဝတ်နေရေး ပြေလည် နေတယ်ဆိုတဲ့ အကြောင်းကို အဖေစိတ်ချမ်းသာသွားအောင် အဖေစိတ်အေးအောင် အဖေ့ကိုသာ ပြောပေးပါ"

လို့ ဆိုတဲ့စကားကိုပဲ မှာတာပါ။

အခုလည်း အဖေ့ဆီကို လိုက်သွားခါနီး အဖေ့သူငယ်ချင်းဆီ ကျွန်တော် အရောက်သွားပြီး အဖေ့ကို တွေ့ရင်ပြောပေးပါလို့ မှာရဦးမယ်။

ကျွန်တော်ဒီည အိမ်စောစောပြန်မှ ဖြစ်မယ်။

ကျွန်တော့်အဖေရဲ့အချစ်ဆုံးသူငယ်ချင်းနားကပ်ပြီး အရင်လူတွေတုန်း ကပြောခဲ့တဲ့ စကားတွေကို ဒီဦးလေးကြီးကိုလည်း ထပ်ပြောရင်း

"အဖေကိုသာ ပြောပေးပါ" လို့ သေသေချာချာ မှာရမှာမို့ပါ။

တန်ခူးနွယ်



# ပုံ့သကူ

မောင်းအုဖရု

ဝရံတာသို့ထွက်သည့် တံခါးကိုဆွဲဖွင့်လိုက်တော့ အပြင်တွင်ကျနေသော နှင်းစက်နှင်းမှုန်များက အိမ်ထဲသို့ဝင်လာကြသည်မှာ အလုအယက်။ ဇန်နဝါရီလရဲ့ နေဦးမနက်ဦးတွင် ကျသည့်နှင်းမို့ထင်ပါရဲ့။ ပို၍ အေးစက်မွှေးမြနေသယောင်။ တစ်ညလုံး မဂ္ဂဇင်းကိစ္စအတွက် အလုပ်ရှုပ်နေသဖြင့် အိပ်စက်ခြင်းနှင့် ဝေးကွာခဲ့ရသော မျက်လုံးများမှာ နှင်းစက်နှင်းမှုန်တို့ကြောင့် အိပ်ချင်စိတ်တို့ ဝေးလွင့်ပြီး ကြည်လင်တောက်ပလာသလို။ မဂ္ဂဇင်းတစ်အုပ်ဖြစ်အောင် လုပ်ရသည်မှာ ဘောလုံးကွင်းပတ်ပြေးရတာထက် ပို၍ပင်ပန်းမှန်း ကိုယ်တိုင်လုပ်ကြည့်မှပဲ သိရတော့သည်။ ကလေးဘဝတုန်းကတော့ နှင်းတွေကျသည့် ဒီလိုဆောင်းနံနက်ခင်းတွေမှာ ရှိသမျှ စောင်တွေနှင့် ခေါင်းမြီးလုံအောင်ခြုံ၍ နှူးနှပ်အိပ်အောင် ကွေးနေကျ။ အသက်ကြီး၍ အရွယ်တွေ ရောက်လာတော့လည်း ထိုစည်းစိမ်တို့နှင့် ဝေးခဲ့ရသည်မှာ ဆယ်ကမ္ဘာလောက်ပင်ကြာပြီလား စိတ်ကထင်သယောင်။

ကလေးဘဝကို စဉ်းစားလိုက်မိတော့မှပဲ ဒီလိုနှင်းတွေ တစ်ဖွဲဖွဲကျနေသော မနက်ခင်းမျိုးမှာ ကျွန်တော်တို့မောင်နှမတစ်သိုက် အပျော်ကြီး ပျော်ခဲ့ရသည့် အကြောင်းတွေကို ပြန်ပြောင်းတွေးတောရင်း လွမ်းဆွတ်တသစိတ်နှင့် ပြန်လိုချင်နေမိသည်။

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်တုန်းကလို မြူတွေဆိုင်းနေလို့ အိမ်ရှေ့လမ်းမကို မမြင်ရတဲ့ မနက်ခင်းမျိုး နှင်းတွေပိန်းပိတ်အောင် ကျလွန်းလို့ ကိုယ့်လက်ဖဝါးကိုတောင် ပြန်မမြင်ရတဲ့ မနက်ခင်းမျိုး အဲဒီလို မနက်ခင်းမျိုးတွေကို ကမ္ဘာကြီးပူနွေးလာတဲ့ ဒီလိုအချိန်မျိုးမှာ ပြန်ကြုံတွေ့ရဖို့ဆိုတာ သိပ်မသေချာတော့ပါ။ ကမ္ဘာမြေကြီးဟာ အရာရာပြောင်းလဲစပြုနေသလို ကျွန်တော်တို့တွေရဲ့

စိတ်ခံစားချက်တွေဟာလည်း နေရာတော်တော်များများမှာ ပြောင်းလဲပြုလာကြ
ပါပြီ။

ဟိုးအရင် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကဆိုရင် အခုလိုမျိုး နှစ်သစ် တစ်နှစ်ကနေ နောက်တစ်နှစ် ကူးပြောင်းတော့မည့်အချိန် နှင်းတွေဝေနေတဲ့ မြူတွေ ဆိုင်းနေတဲ့ မနက်ခင်းတစ်ခုကိုရောက်ဖို့အတွက် ကျွန်တော်တို့ မောင်နှမတစ်တွေ စိတ်မောစွာ စိတ်စောစွာ ညမအိပ်ဘဲနဲ့ စောင့်ခဲ့ကြဖူးပါတယ်။ ကျွန်တော်တို့တွေ ညမအိပ်ဘဲ မိုးလင်းတဲ့အထိ ဆောင်းအအေးတွေကြား နှင်းရနံ့တွေကြားမှာ ချမ်းချမ်းစီးစီး ဘာကြောင့် ထိုင်စောင့်နေကြတာလဲဆိုရင် ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေအားလုံး လိုချင်မက်မောရတဲ့ အဖွားရဲ့ "ပုံသကူ"ဆိုတဲ့ အလှူလေး ကြောင့်ပါပဲ။

"ပုံသကူ" ဆိုတဲ့စကားကို အခုခေတ်မြို့ပေါ်မှာ ကြီးပြင်းကြတဲ့ လူငယ် တော်တော်များများ နားလည်နိုင်လိမ့်မည်လို့ ကျွန်တော်မယုံကြည်သလို "ပုံသကူ" ဆိုတဲ့ ဝေါဟာရလေးကြောင့် သူတို့ဘဝမှာ ပျော်ရွှင်မှုလည်း ရခဲ့ကြလိမ့်မယ်လို့ မထင်ပါဘူး။ ဘာကြောင့် အဲဒီလို ပြောနိုင်တာလဲဆိုရင် မြို့ပေါ်မှာ ရှင်သန်ရပ်တည် နေကြတဲ့ လူတန်းစားနဲ့ "ပုံသကူ" ဆိုတဲ့ အလှူဒါနပုံသဏ္ဌာန်ဟာ သိပ်ဆက်စပ်လို့ မရလို့ပါ။

ကျွန်တော့်အဖွားက ရွှေဘိုမြို့အနီးက ဆိပ်ခွန်ဆိုတဲ့ ဇာတိလေးမှာ မွေးဖွားကြီးပြင်းပြီး ကျွန်တော့်အဖိုးနဲ့ရတဲ့အတွက် မြစ်ဝကျွန်းပေါ်ကို ပြောင်းရွှေ့ လာတဲ့ အညာသူစစ်စစ်ဖြစ်ပါတယ်။

အညာသူ အညာသားတွေဟာ အလှူလုပ်တဲ့နေရာမှာ ကျွန်တော်တို့ အောက်ပြည်အောက်ရွာက လူတွေနဲ့မတူဘဲ ပျော်စရာကောင်းတဲ့ အလှူလေးတွေကို ကိုယ့်မှာရှိသမျှ ကိုယ့်မှာနိုင်သလောက် ပိုက်ဆံလေးနဲ့ဖန်တီးပြီး ရွာရွာဖွေဖွေ လှူတတ်ကြတဲ့ လူမျိုးတွေဖြစ်ပါတယ်။ ကျွန်တော်ငယ်ငယ်က အညာမှာ တစ်နှစ်ကို တစ်ခါလောက် သွားပြီးရှင်ပြုချင်ပါတယ်။ အညာထိသွားပြီး ဘာကြောင့် ရှင်ပြု ချင်ရတာလဲဆိုရင် အညာထုံးစံက ရှင်ပြုပွဲတွေမှာ အလှူငွေတွေ ကူပါတယ်။ ကတုံး တစ်လုံးအဆုံးခံပြီး ကျွန်တော် မုန့်ဖိုးတွေ အများကြီးရချင်လို့ပါ။ စေတနာပဲ မှန်လို့လား မပြောတတ်ပါဘူး။ ကျွန်တော် အညာမှာ တစ်နှစ်မှ ရှင်မပြုခဲ့ရပါဘူး။

ကျွန်တော့်အဖေရဲ့ အမေ အညာသူစစ်စစ်ဖြစ်တဲ့ ကျွန်တော်အဖွားဟာ မုဆိုးမအနေနဲ့ ရပ်တည်လာခဲ့တာ သူ့အသက် ငါးဆယ့်ရှစ်နှစ်အရွယ်က စလို့ပါပဲ။ ကျွန်တော် ခုနစ်နှစ်သားရောက်တဲ့အချိန်မှာ မုဆိုးမသက် အနှစ် နှစ်ဆယ် ကျော်ပါပြီ။

မုဆိုးမတစ်ယောက်မှာရှိတဲ့ အင်အားလေး။ မုဆိုးမတစ်ယောက်မှာရှိတဲ့ ငွေကြေးအသပြာလေးနဲ့ တစ်နှစ်ကနေတစ်နှစ် ကူးပြောင်းတဲ့အချိန်မှာ သူတတ်နိုင်သလောက်အလှူဒါနလေးပြုပါတယ်။ အဲဒီအလှူလေးကလည်း အယုတ်အလတ် အမြတ်မရွေးဘယ်သူ့ကိုမှရည်ရွယ်ပြီး လှူဒါန်းတာမျိုးမဟုတ်ဘဲ တွေ့သမျှလူ မြင်သမျှလူကောက်ရတဲ့လူရဲ့ စိတ်ထဲမှာ ပျော်ရွှင်ဝမ်းသာသွားစေမယ့် "ပုံသကူ" ဆိုတဲ့ အလှူပဲဖြစ်ပါတယ်။

အဲဒီဥယျာဉ်ခြံမြေထဲမှာပဲ အဖိုးနဲ့အဖွား အလုပ်လုပ်ရင်း ကျွန်တော့်ဘကြီးတွေ ဦးလေးတွေ အဒေါ်နဲ့ ကျွန်တော့်အဖေတို့ မွေးဖွားကြီးပြင်း လာခဲ့ကြပါတယ်။ အဖိုးဆုံးသွားတဲ့အချိန်မှာ အဖွားအတွက် ကျန်ရစ်ခဲ့တာက ဧက (၂၀)ကျော်ရှိတဲ့ဥယျာဉ်ခြံမြေပါပဲ။ လင်ယောကျ်ားမရှိပေမယ့် လင်ယောကျ်ား ထားရစ်ခဲ့တဲ့ ဥယျာဉ်ခြံမြေတစ်ခုနဲ့ အဖွားဟာ လူ့လောကအလယ်မှာ ဘယ်သူ့အကူအညီကိုမှစောင့်မျှော်ရာမလိုဘဲ တင့်တောင့်တင့်တယ်နဲ့ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ အဲဒါကြောင့်လည်း "ပုံသကူ"ဆိုတဲ့အလှူလေးကို နှစ်စဉ်မပြတ် လှူနိုင်ခဲ့တာပါ။

အဲဒီ ဥယျာဉ်ခြံမြေက အုန်းသီးလေးရောင်းလို့ရတဲ့ ပိုက်ဆံ၊ ကွမ်းသီးလေးခူးအခြောက်လေးလှမ်းပြီး ရောင်းလို့ရတဲ့ပိုက်ဆံ၊ ငှက်ပျောခိုင်လေးခူး ဆန်အိုးထဲမှာထားနည့်လာတဲ့အချိန်မှာ ရောင်းလို့ရတဲ့ ပိုက်ဆံ၊ သံပုရာသီး အလုံးလှလှလေးတွေခူးဖောက်သည်ပေးလို့ရတဲ့ပိုက်ဆံ၊ အဲဒီပိုက်ဆံလေးတွေအားလုံးကို အဖွားရဲ့ဒုတိယသားဖြစ်တဲ့ လူပျိုကြီး ဦးမြငြိမ်းက အဖွားကိုပေးရင် အဖွားက သုံးပုံပုံပါတယ်။ တစ်ပုံက သူတို့သားအမိ နှစ်ယောက်စားဖို့ တစ်ပုံက ခြံထဲကို ပြန်ထည့်ဖို့ နောက်တစ်ပုံကိုတော့ အထုပ်ကလေးနဲ့ထုပ်ပြီး သူ့ရဲ့ကုတင်ခြေရင်းမှာရှိတဲ့ သံသေတ္တာလေးထဲကိုသည့်ပါတယ်။ တစ်နှစ်ပြည့်တဲ့အခါ အဲဒီအထုပ်ကလေးတွေ အထုပ်ကလေးတွေပေါင်းထုပ်လိုက်တဲ့အချိန်မှာ "ပုံသကူ" ဆိုတဲ့ အလှူဒါနတစ်ခုကို ခမ်းခမ်းနားနားဟုတ်တောင် ပျော်စရာကောင်းအောင် ပြုနိုင်လောက်တဲ့ ငွေကြေးလေးတွေထွက်လာပါတယ်။

အဖွားမှာ သားသမီး စုစုပေါင်း ခြောက်ယောက်ရှိပါတယ်။ သားငါးယောက်သမီးတစ်ယောက်ပါ။ ကျွန်တော့်ရဲ့ အဖေက အငယ်ဆုံးသားပါ။ အဖေဟာ သူ့အမေကို အရမ်းချစ်သလို အမေကလည်း အရမ်းချစ်တဲ့ သားတစ်ယောက်ဆိုရင်လည်း မမှားပါဘူး။ တစ်ဦးတည်းသောသမီးဖြစ်တဲ့ ကျွန်တော်တို့ရဲ့ အဒေါ်ကတော့အဖွားနဲ့ဝေးရာ ပုသိမ်မြို့မှာနေတဲ့အတွက် အဖွားအနားမှာ သားငါးယောက်နဲ့မြေးတွေပဲရှိပါတယ်။ အဖွားက အသက်ကြီးပြီဖြစ်တဲ့အတွက် သူ့ရဲ့ "ပုံသကူ" အလှူ

ကို သူကိုယ်တိုင်မလုပ်နိုင်တဲ့အခါကျတော့ တစ်နှစ်ကို တစ်ယောက်စီ သူ့ရဲ့ သားတွေ ထဲကနေ ရွေးပြီးတော့ "ပွဲသကူ" အလှူကို လုပ်ခိုင်းပါတယ်။

အဲဒီလိုလုပ်ခိုင်းတဲ့အချိန်မှာ အဖွားမွေးထားတဲ့ သားငါးယောက်ရဲ့ စိတ်ဓါတ်ငါးမျိုးကို ကျွန်တော်တို့မြေးတွေတွေ့ရသလို ရယ်စရာကောင်းတဲ့ အဖြစ် အပျက်လေးတွေ ပျော်စရာကောင်းတဲ့ အဖြစ်အပျက်ကလေးတွေ တွေ့ကြုံရပါ တယ်။ ဒီအမေကမွေးတဲ့ ဒီသားတွေဆိုပေမယ့် လူအမျိုးမျိုး စိတ်အတွေတွေ ဆိုသလိုပါပဲ။

အဖွားရဲ့ အကြီးဆုံးသား နာမည်က ဦးသောင်းမြင့်လို့ခေါ်ပါတယ်။ သူဟာ သူ့မိသားနဲ့အတူ ဘိုကလေးမြို့ (၁)ရပ်ကွက်ရဲ့ (၃)ဖြတ်လမ်းမှာ နေပါတယ်။ တူတွေ တူမတွေ အားလုံးက ဦးသောင်းမြင့်ကို ဘကြီးသောင်းလို့ ခေါ်ပါတယ်။ ဘကြီးသောင်း ကို "ပွဲသကူ" ပစ်ခိုင်းတဲ့နှစ် ရောက်ရင်တော့ ကျွန်တော်တို့အားလုံးက '(၃)ဖြတ်လမ်း မှာပဲ သွားစောင့်မယ်။ သူ့အိမ်ရှေ့ကနေ စောင့်လို့ရှိရင်တော့ရမှာပဲ' ဆိုတဲ့ စကားလေး ရှိပါတယ်။ အမှန်ပါပဲ ခင်ဗျာ။ ကျွန်တော်တို့ရဲ့ ဘကြီး "ပွဲသကူ" ပစ်တဲ့နှစ်တွေ ဆိုရင် အဲဒီ "ပွဲသကူ"ဟာ (၃)ဖြတ်လမ်းတစ်လမ်းတည်းပဲ ပစ်ပါတယ်။ အထူးသဖြင့် သူ့အိမ်ထဲမှာ သူ့မိန်းမရဲ့ ခြင်ထောင်ဘေးမှာ သူ့ကလေးတွေရဲ့ ခြေရင်းမှာ ပိုပြီး ပစ်ပါတယ်။ မနက်မိုးလင်းတာနဲ့ သူ့မိန်းမနဲ့သူ့ကလေးတွေ ပျော်ပျော်ပါးပါးကြီး ကောက်ကြပါတယ်။ အများနဲ့သက်ဆိုင်ခြင်းမရှိသော "ပွဲသကူ" ပေါ့ဗျာ။ အဲဒီအချိန် တုန်းကတော့ ကျွန်တော် ဘကြီးကို အရမ်းမုန်းခဲ့ပါတယ်။ ကလေးအရွယ်ဖြစ်တဲ့ အတွက် "ပွဲသကူ" ကောက်လို့ရတဲ့ ပိုက်ဆံလေးတွေနဲ့ ဝီဝီ ဝီဝီမြည်တဲ့ မော်တော် ကားလေးဝယ်မယ်၊ တစ်ခုခုနဲ့တိုက်လိုက်ရင် ဖျွမ်းထိုးသွားတဲ့ သံချပ်ကားလေး ဝယ်မယ်ဆိုပြီး တစ်နှစ်လုံးစိတ်ကူးထားသမျှ နေလာနှင်းပျောက်ပါပဲဗျာ။

ဒုတိယမြောက်သားဖြစ်တဲ့ လူပျိုကြီးဦးမြငြိမ်း "ပွဲသကူ" ပစ်တဲ့နှစ်ကျရင် တော့ တစ်မျိုးခင်ဗျ။ လူပျိုကြီး၊ အပျိုကြီးတို့ ထုံးစံပါပဲ တစ်ခါတလေမှာ တွေးတဲ့ အတွေးအခေါ်တွေ စဉ်းစားတာတွေဟာ တစ်မျိုးပါပဲ။ သူ့ကိုပစ်ခိုင်းတဲ့အခါ တစ်နှစ် လုံးစုပြီးမှလုပ်ရတဲ့ အလှူတစ်ခုကို မနက်ခင်းလေးတစ်ခင်းနဲ့အပြီးသတ်လိုက်ရင် မတန်ဘူးဆိုပြီး အဖွားပေးလိုက်တဲ့ ပိုက်ဆံအကုန်လုံးကို ဧက (၂၀)ကျော်ကျယ်တဲ့ ခြံဝန်းကြီးထဲမှာ အနှံ့အပြား သူလိုက်ပစ်ပါတယ်။ အဲဒီနှစ်မှာဆိုရင် ကျွန်တော်တို့ မောင်နှမတစ်တွေအကုန်လုံး ချမ်းချမ်းစီးစီး နှင်းတွေဝေနေတဲ့ မနက်ခင်းမှာ ဘုန်းပင် တက်သူတွေ၊ ကန်စွန်းရွက်ခူးသူတွေ၊ ကွမ်းသီးပင်တက်သူတွေ မလာခင် ပိုက်ဆံတွေ ကို တွေ့ရအောင် လောဘဇောတွေတက်ပြီး ချမ်းရမှန်းမသိ အေးရမှန်းမသိ

နွံ့အလိမ်းလိမ်း ဖွက်အလိမ်းလိမ်းကြားမှာ လူးလိုလူး။ နည်းနည်းလေး ထိရင်တောင်မှ သားတဲ့ ကျူတောထဲကို ဖြတ်ိုးလိုတိုး ကိုက်လိုက်မိရင် ဖင်ထောင် အောင်ကိုက်တဲ့ ခါချဉ်အသိုက်တွေကြားထဲ ခါးတောင်းမြှောင်အောက်ကျိုက်ပြီး မွှေလိုမွှေ။ တစ်ခြံလုံး ဟာ ကျွန်တော်တို့မောင်နှမတွေရဲ့ "ပုံသကူ" ဈေးအောက်မှာ ထောင်းလမောင်း သနေတော့တာပါပဲ။ ဘယ်လောက်ပဲရှာရှာ တစ်ထောင်ဖိုးပစ်တယ်ဆိုရင် အဲဒီနေ့ မနက်မှာ ကျွန်တော်တို့ရတာ တစ်ဆယ်ဖိုးလောက်ပဲရှိပါတယ်။ နောက်ရက်တွေ နောက်ရက်တွေကျမှ စံပယ်ပန်းခူးရင်း ငါးမျှားရင်း ကန်စွန်းရွက်ချိုးရင်း ဟိုနားက တစ်စ ဒီနားကတစ်စ ပိုက်ဆံလေးတွေ ရတတ်ပါတယ်။ (ခြံလုပ်သားတွေနဲ့ သုကောက်ရင်းပေါ့) ဒါပေမယ့်လည်း ကိုယ်လိုချင်တဲ့အချိန်မှာ လိုချင်သလောက် ပိုက်ဆံကိုမရတဲ့အတွက် ဘကြီးကိုတော့ စိတ်တိုမိတာပါပဲ။ ဒီဘဝမဟုတ်ဘူး ဘဝအဆက်ဆက် သံသရာအဆက်ဆက် မိန်းမမရတဲ့ လူပျိုကြီးပဲ ဖြစ်ပါစေလို့ အသေအချာကို ကျိန်စာတိုက်ခဲ့တာပါ။ ငယ်သေးတော့ ကိုယ်ချင်းစာရမှန်းလည်း မသိခဲ့ဘူးလေ။

တတိယမြောက် ဦးလေးနာမည်က ဦးကျော်သိန်းပါ။ သူ့မိသားစုနဲ့အတူ ကျွန်တော်တို့မြို့ရဲ့ (၈)ရပ်ကွက် (၆)လမ်းမှာ နေပါတယ်။ သူ "ပုံသကူ" ပစ်ရတဲ့ နှစ်ရောက်ရင်လည်း ကျွန်တော်တို့ မောင်နှမတစ်တွေကြားမှာ ပြောလေ့ပြောထရှိတဲ့ စကားတစ်ခွန်းရှိပါတယ်။ ဒီနှစ် (၆)လမ်းရဲ့ ဟိုဘက်ထိပ်ဒီဘက်ထိပ်မှာ သွားစောင့် ကြမယ်ဆိုတဲ့ စကားပါ။ အမှန်ပါပဲခင်ဗျာ သူပစ်တဲ့နှစ်ဆိုရင်လည်း သူ့မိန်းမရှိရာ သူ့မိန်းမရဲ့ အမျိုးတွေရှိရာ (၆)လမ်းတစ်လမ်းတည်းပဲ ပစ်ပါတယ်။ သူ့မိန်းမဘက်က အမျိုးတွေနဲ့ ကျွန်တော်တို့ မောင်နှမတစ်သိုက် နှင်းဝေတဲ့ မြူဆိုင်းတဲ့ မနက်ခင်းမှာ ချွေးတလုံးလုံးထွက်ပြီး ဟိုဘက်တွန်းလိုက် ဒီဘက်တွန်းလိုက်ပေါ့ဗျာ။ မိန်းမနဲ့ မိန်းမ အမျိုးတွေကို သိတတ်တယ်ဆိုပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေ အရမ်းမုန်း ကောင်းခဲ့တာပေါ့။

အဒေါ်က ပုသိမ်မှာနေတော့ အဒေါ့်ကို မပစ်နိုင်းဘဲ အဖေ့အထက်က ဦးလေးကို အလှည့်ကျော်ပြီး ပစ်နိုင်းတတ်ပါတယ်။ သူ့နာမည်က ဦးမြင့်သိန်းပါ။ သူကတော့ လောကကြီးကို ရယ်မောစရာလို့ မြင်မှတ်ထားပြီး အရာရာကို ပေါ့ပေါ့ ပါးပါးနဲ့ သူထင်တာကိုပဲ သူလုပ်တဲ့သူဖြစ်ပါတယ်။ "ပုံသကူ" ပစ်ရတဲ့နှစ်ဆိုရင် အဖွားပေးလိုက်တဲ့ပိုက်ဆံကို နှစ်ပုံအတိအကျခွဲပါတယ်။ တိကျတဲ့နေရာမှာ ပြား တောင်မစွန်းစေရပါဘူး။ အဲဒီလိုခွဲပြီးပြီဆိုရင် တစ်ပုံကို သူ့ရဲ့ ရှုမငြီးတဲ့ ချစ်ဇနီးချောရဲ့ လက်ထဲကိုအပ်ပါတယ်။ ကျန်တဲ့တစ်ပုံကိုတော့ အဖွားရဲ့ "ပုံသကူ"ကို မုဆိုးချောင်း

ချောင်းနေတဲ့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေရဲ့ လက်ကလွတ်အောင် ကျွန်တော်တို့နဲ့ဝေးရာ မြို့တစ်ဖက်စွန်းမှာ ပိုက်ဆံကို တစ်ပြားခြင်းစီ တစ်ပြားခြင်းစီ လိုက်ပြီးချေပါတယ်။ အဲဒီတော့ တွေ့တဲ့လူအဖို့ကလည်း "ပုံသကူ" ပစ်လို့ ပစ်မှန်းမသိ။ သူများကျပျောက်တဲ့ ပိုက်ဆံကို ကောက်ပဲရသလိုလို ဆက်ပဲရှာရမှာလိုလို။ ဘာလိုလို ပျော့ အမြဲဖြစ်ပါတယ်။ သူ "ပုံသကူ" ပစ်တဲ့နှစ်မှာ သူ့မိန်းမကို တစ်ဝက်တိတိ ပေးသလို ကျွန်တော်တို့ တူတွေတူမတွေကိုလည်း ကျန်တဲ့တစ်ဝက် ပေးစေချင်ခဲ့မိပါတယ်။ လိုချင်သလို မပေးတော့ စိတ်ဆိုးမိတာပေါ့ဗျာ။

လာပါပြီ။ ဒီတစ်ခါ ကျွန်တော့်အဖေရဲ့ "ပုံသကူ" ပစ်ရမဲ့ နှစ်ပါပဲ။ သူ့အစ်ကိုတွေလို ခြံထဲမှာပစ်မလား အမေ့ခြင်ထောင်ဘေးမှာ ပစ်မလား ကျွန်တော်တို့ အိပ်ရာဘေးမှာ လာချထားမလား အမေ့ကိုပဲ တစ်ဝက်တိတိ ခွဲပေးမှာလား လားပေါင်းများစွာနဲ့တွေးရင်း ကျွန်တော်တို့ မောင်နှမလေးယောက် ပျော်နေတာပေါ့ဗျာ။ အပျော်ဆုံးကိုပြောပါဆိုရင် ကျွန်တော်ပါပဲ။ အငယ်ဆုံးဆိုတော့ အကဲဆုံးပေါ့ဗျာ။ အဖေ့လိုပဲ အမေကိုချစ်တဲ့သား အမေကချစ်တဲ့သားဆိုတော့ အဖေကများ အမေ့ကိုပေးလိုက်ရင် အမေက ငါ့ကိုပေးမှာပဲဆိုတဲ့အတွေးနဲ့ လေထဲမှာတင် ဆောက်လိုက်တဲ့ တိုက်တွေ တိုက်တွေ အိမ်ယာစီမံကိန်း အသေးစားလောက်ရှိတယ်။ အရွယ်ကလည်း ဆယ်နှစ်ကျော်လို့ ဆယ့်နှစ်နှစ်သားဖြစ်လာ။ အတန်းကလည်း ခုနစ်တန်း။ ဝက်ဝံပုဆိုးအစိမ်းလေးများ ဝတ်ပြီးကျောင်းသွားလိုက်ရရင် မွှေးမွှ လွယ်အိတ်အရုပ်လှလှလေးနဲ့များလွယ်ပြီး အတန်းတက်လိုက်ရရင် ရှေ့ဆုံးတန်းမှာ ထိုင်နေတဲ့ ကောင်မလေးက နှစ်ခါလောက်တော့ လှည့်ကြည့်မှာပဲဆိုပြီး ခုနစ်တန်း ကျောင်းသားတစ်ယောက် ရင်ခုန်လို့ ကောင်းနေတာပေါ့ဗျာ။

အမေကြီးပေးလိုက်တဲ့ ပိုက်ဆံတွေထည့်ထားတဲ့ လွယ်အိတ်ကလေးကို လွယ်ပြီး မျက်စောင်းထိုးမှာရှိတဲ့ အိမ်ကို အဖေပြန်လာတဲ့အချိန်ဟာ ခုခေတ်စကားနဲ့ပြောရရင်တော့ ကျမ်းသစ္စာကျိန်ပြီးလို့ ပြန်လာတဲ့ ဗိုဘားမားကို သူ့သားသမီးတွေ ကြည့်နေသလိုပေါ့ဗျာ။ အဖေ့ဆီမှာ မျှော်လင့်ချက်တွေရှိနေတယ်လေ။

ယောင်လို့တောင် အဖေ့အနားကို ကပ်လေ့ကပ်ထမရှိတဲ့ ကျွန်တော်တို့ မောင်နှမလေးယောက်ဟာ အဲဒီညမှာတော့ အဖေ့ကို မျက်စိအောက်ကနေ အပျောက်မခံတော့ပါဘူး။ အဖေ့ခြေသလုံးကို နှိပ်ပေးတဲ့လူ အဖေစားဖို့ လက်ဖက် သုပ်ပေးတဲ့လူ အဖေ့အတွက် ရေနွေးထည့်ပေးတဲ့လူ အဖေနှစ်နှစ်ခြိုက်ခြိုက် သောက်လေ့ရှိတဲ့ ဆေးပြင်းလိပ်ကြီးကို အစည်းလိုက် ဘေးချပေးတဲ့လူနဲ့ ကျွန်တော် တို့ မောင်နှမတစ်တွေ ခြေချင်းကို လိမ်နေတာပါပဲ။ လူထိန်းသာထားပြီး လက်ပြ

ယ်ဆိုရင် အဲ့ဒီလူထိန်း မူးပြီးလဲသွားနိုင်ပါတယ်။ ကျွန်တော်တို့တွေက လွန်းထိုး နေတာကိုး။ ဘယ်အချိန်များ အဖေက ကျွန်တော်တို့ကိုခေါ်ပြီး လွယ်အိတ်ထဲက က်ဆံတွေ လက်တစ်ဆုပ်ကြီးပေးမလဲ ဒါမှမဟုတ်ရင်လည်း အမေ့ကိုလှမ်းခေါ် ပြီး တစ်ဝက်တိတိများပေးမလားနဲ့ မျှော်လိုက်ရတာ ညစာစားဖို့တောင် မေ့တဲ့ အထိပါပဲ။

အဲဒီလိုနဲ့ အဖေက ရေနွေးသောက်လိုက် လက်ဖက်သုပ်လေးစားလိုက် ဘေးမှာချထားတဲ့ ပိုက်ဆံထုပ်ကြီးကိုကြည့်လိုက် ကျွန်တော်တို့ကလည်း အဖေ့ မျက်နှာကိုကြည့်လိုက် ပိုက်ဆံထုပ်ကြီးကိုကြည့်လိုက် နာရီကိုကြည့်လိုက်နဲ့ပေါ့ ခင်ဗျာ။ အဖေခေါ်မယ့်အသံကို နားစွင့်ထားရတာ အရမ်းချမ်းလှတဲ့ ဆောင်းညအလယ်မှာ တောင် နားရွက်ကလေးတွေကိုထောင်ပြီး ပူလို့။ ဒါပေမယ့်လည်း သန်းခေါင်သာ ကျော်သွားတယ် အဖေကတော့ တုတ်တုတ်တောင်မလှုပ်သလို အမေကလည်း အဖေ့ဘေးနားက ပိုက်ဆံထုပ်ကို ယောင်လို့တောင် လှည့်မကြည့်ဘဲ ဘုရားရှိခိုးပြီး အိပ်ရာဝင်ပါတယ်။ အကြီးသုံးယောက် အိပ်သွားကြပေမယ့် လိုချင်တာတွေရှိလို့ မအိပ်သေးဘဲ ပေစောင့်နေတဲ့ ကျွန်တော်လည်း အမေအိပ်ရာဝင်ပြီဆိုတော့ မအိပ် ချင်အိပ်ချင်နဲ့ အိပ်ရာရှိရာဆီ ပေစောင်းစောင်းနဲ့ သွားရတာပါပဲ။ ကုတင်ပေါ်ကို သွဲ့ချလိုက်ပေမယ့် ခြင်ထောင်အမိုးမှာ မြင်နေတာ ပိုက်ဆံတွေရယ် ဝက်ဝံပုဆိုး အစိမ်းလေးရယ် နီညိုရောင်မွေးပွလွယ်အိတ်ကလေးရယ်၊ ဂျွမ်းထိုးတတ်တဲ့ သံချပ် ားလေးရယ်ပါ။

သေချာပါတယ်။ ဒီအရာတွေ အကုန်လုံး မနက်မိုးလင်းရင် ကျွန်တော် ပိုင်ဆိုင်ရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီနှစ် "ပွဲသကူ" ပစ်တာ ကျွန်တော့်ရဲ့ အဖေလေ။ မနက်မိုးလင်းလို့ အိပ်ရာကနိုးလာရင် ကျွန်တော့်ကုတင်ခြေရင်းမှာ ကျပ်စေ့ပုံလေးတစ်ပုံ ကျွန်တော်မျက်နှာသစ်တဲ့နေရာမှာ ကျပ်စေ့ပုံလေးတစ်ပုံ ပြီးတော့ အမေကနေတဆင့်ရမယ့် အမေ့ဝေစု ကျွန်တော့်ဝေစု။

တစ်ကယ်တမ်း ကျွန်တော်နိုးလာတော့ ကုတင်ဘေးမှာလည်း နတ္ထိ မျက်နှာ သစ်တဲ့နေရာမှာလဲ ဗလာ၊ မီးဖိုထဲမှာ ထမင်းကြော်နေတဲ့ အမေ့ကို သွားမေး တော့လည်း အဖေထွက်သွားပြီတဲ့။ ကပျာကယာ ခြံထဲကိုပြေးဆင်းကြည့်တော့ နှင်းငွေ့တွေကြားမှာ အိမ်ရှေ့မြေပြောင်ပြောင်က ကျွန်တော့်ကို ပြောင်ပြနေသလိုလို။ ကျွန်တော်မျှော်လင့်ထားတဲ့ ကျပ်စေ့ပုံသော်လည်းကောင်း ငါးမူးစေ့ပုံသော်လည်း ကောင်းမရှိတဲ့အပြင် ပြားစေ့တစ်စေ့တောင်မရှိပါဘူး။

အိမ်ထဲကို ပြန်ဝင်ပြီး အမေ့ကို အကျိုးအကြောင်း မေးကြည့်တော့ သူ

"ပုံသကူ" ပစ်တဲ့နှစ်မှာ သူ့သားသမီးတွေဖြစ်တဲ့ ကျွန်တော်တို့ တစ်ကျပ် တစ်ပြား မရအောင် ကျွန်တော်တို့ အိပ်မောကျနေတဲ့အချိန်မှာ ကျွန်တော်တို့အိပ်နဲ့ အဝေးဆုံး မြို့အပြင်မှာ သွားပစ်တယ်တဲ့။ အမေ့စကားကို ကြားလိုက်ရတဲ့အချိန်မှာ ကျွန်တော် အဖေ့ကို အရမ်းမုန်းသွားတယ်။

အဖွားရဲ့ ပိုက်ဆံတွေကို ကျွန်တော်တို့ အရမ်းလိုချင်နေတာ သူသိရက်နဲ့ တစ်ပြားတစ်ချပ်မှမပေးဘဲ ထွက်သွားတဲ့အဖေ့ကို နားလည်းမလည်ဘူး။ သူ့အော နားမှာ အလွယ်တကူရှိနေတဲ့ လွယ်အိတ်ထဲကနေ ပိုက်ဆံ လက်တစ်ဆုပ်လောက်များ ကျွန်တော်တို့မောင်နှမတွေကို နှိုက်ပေးလိုက်ရင် ဘယ်သူကမှ သိမှာမဟုတ်ပါဘူး။ အလွယ်တကူနဲ့ပေးလို့ရပါတယ်။

ဒါပေမယ့် သူပေးမသွားဘူး။

အဲဒီတော့ စေ့စေ့တွေးလေ အဖေ့ကို မုန်းလေပေါ့ဗျာ။ လိုချင်တာမရရင် မုန်းတတ်တဲ့ ငယ်သူတွေရဲ့ စိတ်ပေါ့။

အခု ကျွန်တော် လူ့လောကကြီးကို နှစ်တော်တော်ကြာကြာ ဖြတ်သန်းခဲ့ပြီး ပါပြီ။ ကျွန်တော်မုန်းခဲ့တဲ့အဖေ ကျွန်တော်နားမလည်နိုင်ခဲ့တဲ့အဖေလည်း ကျွန်တော် တို့အနားမှာ မရှိတော့ပါဘူး။ ပိုချဲ့ဝေးတဲ့ ခရီးကိုထွက်ဖို့ ကျွန်တော်တို့ မိသားစုကနေ အစောဆုံး ထွက်ခွာသွားပါပြီ။

ဒီအချိန်မှာများ ကျွန်တော့်အဖွားက ကျွန်တော့်အဖေကို "ပုံသကူ" ပစ်ခိုင်း သလို ကျွန်တော့်အမေကများ ကျွန်တော့်ကို "ပုံသကူ" ပစ်ခိုင်းခဲ့ရင် အဲဒီပိုက်ဆံ ထုပ်ထဲက ပိုက်ဆံကို ကျွန်တော့်ရဲ့ သမီးလေး "ရှင်တန်ခူးမေ" လိုချင်တာတွေဝယ်ဖို့ နှိုက်ပေးလိုက်ရင် သူကျွန်တော့်ကို အရမ်းချစ်သွားမှာပါ။

ဒါပေမယ့် ကျွန်တော်ကလည်း ကျွန်တော်မချစ်တဲ့အဖေနဲ့ တော်တော် များများ သွားတူနေတော့ အဖေ့ကို ကျွန်တော်မုန်းခဲ့သလို ကျွန်တော့်သမီးလည်း ကျွန်တော့်ကို မုန်းဦးမှာပဲ။

"ပုံသကူ"ဆိုတဲ့အသံကြားရင်

ကျွန်တော် အဖေ့ကို ပြန်ပြန် သတိရနေမိပါတယ်။

အခုအချိန်မှာ "ပုံသကူ"ပစ်တဲ့လူတွေ များများလာလို့ပါ။

**မင်းအုပ်နိုး**

ဪ် အလုပ်ရှုပ်ပါတယ်ဆိုမှဗျာ။ ပူရအိုက်ရတဲ့အထဲ ကျွန်တော့်အကြောင်းများ သိချင်ရတယ်လို့။ ကျွန်တော့် အသက် ၂၄ နှစ်ရှိပြီ။ ခုချိန်ထိ ကျွန်တော့်အကြောင်းကို တခုတ်တရလာမေးတဲ့သူဆိုလို့ တစ်ယောက်မှမတွေ့ဖူးဘူး။ ဦးလေး ဘာစိတ်ကူးပေါက်လို့ ကျွန်တော့်ကိုလာမေးရတာလဲ၊ ဪ် ကျွန်တော့်ဘဝအကြောင်းကို စိတ်ဝင်စားလို့ ဟုတ်လား။ ကျွန်တော်တော့ ကျွန်တော်တို့ဘဝဟာ စိတ်ဝင်စားစရာ ကောင်းတယ်လို့ တစ်ခါမှမထင်ခဲ့မိပါဘူးဗျာ။ မရယ်နဲ့ဦးလေး။ ကျွန်တော် တကယ်ပြောတာ။ ကျွန်တော့်အကြောင်းမှ မဟုတ်ပါဘူး။ ကျွန်တော့်အဖေအကြောင်းရော အမေ့အကြောင်းရော၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးတွေ အကြောင်းရော၊ သူငယ်ချင်းတွေအကြောင်းရော လူတွေစိတ်ဝင်စားစရာ မကောင်းဘူးလို့ထင်တာပဲ။

ဘာဖြစ်လို့လဲဟုတ်လား။

အကျိုးနဲ့အကြောင်းတော့ ခိုင်ခိုင်လုံလုံရှိတာပေါ့ ဦးလေးရာ။ ကျွန်တော့်ကို မွေးတုန်းကတော့ ဧရာဝတီတိုင်း ပင်လယ်ဝမှာရှိတဲ့ ဖျာပုံဆိုတဲ့မြို့မှာမွေးခဲ့တာ။ အဖေနဲ့အမေပြောတာကတော့ အဲဒီမြို့မှာကျွန် တော် ၇နှစ်သားအရွယ်လောက်ထိ နေခဲ့တယ်လို့ပြောတာပဲ။ ကြေညာမြက်နုရာဆိုပြီး ကျွန်တော်အရွယ်ရောက်တဲ့ အချိန်မှာ ရန်ကုန်ကိုပြောင်းလာကြတယ်။ ငွေထုပ်ငွေထည်လည်းမပါ ရွှေစငွေစလည်းမရှိဆိုတော့ ရန်ကုန်မြို့ မြောက်ဒဂုံမှာရှိတဲ့ (ထားဝယ်ချောင်) သုသာန်ဘေးက ကျူးကျော်ရပ်ကွက်မှာ အခြေချတာပေါ့ဗျာ။

ကျွန်တော်ပြောတဲ့ စိတ်ဝင်စားစရာမရှိဘူးဆိုတာ အဲဒါပြောတာ။ ပြောင်းလာပြီးနေတဲ့ နေရာကလည်း စိတ်ဝင်စားစရာ နေရာမဟုတ်။ တွေ့ကြုံပေါင်းသင်းဆက်ဆံရတဲ့ လူတွေကလည်း စိတ်ဝင်စားစရာ တစ်စက်မှမရှိ။

ဘယ်လောက်အထိအောင် စိတ်ဝင်စားစရာမရှိဘူးလဲဆိုရင် ကျွန်တော်တို့နေတဲ့ အရပ်ဒေသမှာရှိတဲ့လူတွေ အသက်ရှင်ခြင်း၊ သေခြင်းဆိုတာကိုက ကျန်တဲ့လူတွေအတွက် စိတ်ဝင်စားစရာမရှိတာ။



ဟော ကြည့် ဦးလေးက မေးတုန်းကမေးပြီး အခုကျတော့မျက်လုံးပြူးပြီး ကျွန်တော်တို့ပတ်ဝန်းကျင်မှာနေတဲ့လူတွေရဲ့ အသက်ရှင်ခြင်း၊ သေခြင်းဆိုတာက ဆန်ထည့်လာတဲ့ ကျွတ်ကျွတ်အိတ်တစ်လုံးလိုပဲ။

မမျှော်လင့်ထားတဲ့အချိန်မှာ ပေါက်ရင်လည်းပေါက်မယ်။ ပြဲရင်လည်း ပြဲမယ်။ တစ်စစီ ပွင့်ထွက်သွားရင်လည်း ပွင့်ထွက်သွားလိမ့်မယ်။ လမ်းပေါ်မှာ ကျနေတဲ့ ဆန်စေ့တွေကို ကိုယ်ပိုင်ကားနဲ့သွားနေတဲ့ လူတွေကဂရုမစိုက်သလိုပဲ ကျွန်တော် နေတဲ့ ပတ်ဝန်းကျင်ကလူတွေရဲ့ ရှင်ခြင်းသေခြင်းတွေကိုလည်း ဘယ်သူကမှ ဂရုမစိုက်ဘူး။

ဩော် ဦးလေးကမယုံသလို ကြည့်ပြန်ပြီ။ လူ့အသက်တို့ ဘဝတို့ဆိုတာ ဖူးဖူးမှုတ်ပြီး တရိုတသေထားချင်တဲ့နေရာမှာသာထားတာပါ ဦးလေးရာ။ ကျွန် တော်တို့ပတ်ဝန်းကျင်မှာတော့ ကျွတ်ကျွတ်အိတ်ထဲမှာရှိတဲ့ ဆန်တစ်ပြည်ရယ် ခွေးတစ်ကောင်ရဲ့အသက်ရယ်၊ လူတစ်ယောက်ရဲ့ဘဝရယ် အတူတူပဲဗျ။

မင်းဘာဖြစ်လို့ အဲဒီလိုပြောတာလဲဟုတ်လား။ မဖြစ်နိုင်ပါဘူးကွာလို့ ဦးလေးက ကားအမည်းကြီးအရိပ်ကိုခိုပြီး ငြင်းနေတယ်နော်။ တကယ်ကြုံခဲ့ရတာပါ ဦးလေးရယ်။ ငယ်ငယ်ကတည်းက ကျွန်တော်နဲ့ ဆေးလိပ်ဖင်စီခံပစ်ဖက် ဖိုးဇော် ဆိုတဲ့အကောင် သူ့အဖေနေမကောင်းလို့ သူ့အဖေကိုယ်စား အမှိုက်သိမ်းတဲ့ကားနဲ့ လိုက်သွားတာ ညဘက်လည်းရောက်ရော အိပ်ငိုက်ပြီး အမှိုက်သိမ်းတဲ့ကားထဲမှာ အိပ်ပျော်နေတာ အဲဒါကားကြီးက တံခါးပိတ်ပြီး အမှိုက်တွေရော သူ့ကိုရော လှီးဖြတ်ပစ်လိုက်တာ ဖိုးဇော်ဆိုတာ တစ်စစီပေါ့ဗျာ။

မနက်လည်းရောက်ရော သူ့အဖေက မူးမူးနဲ့ပြောလိုက်တာ ဒီလောက် အအိပ်မက်တဲ့အကောင် မြန်မြန်သေအေးရောတဲ့။ မြေပုံတို့ ဂူတို့ဆိုတာဝေးလို့ သေစာရင်းလေး ကမ္ဘာကယာပြေးလုပ်ပြီး အနားမှာရှိတဲ့ ထားဝယ်ချောင်သုသာန် မှာပဲ အဲဒီကောင်အပိုင်းအစတွေမီးရှို့ပစ်လိုက်တာ သူ့ညီလေးညီမလေးတွေဆိုရင် ဒီကောင့်အလောင်းမီးရှို့လိုက်လို့ ထွက်လာတဲ့မီးခိုးတွေကိုကြည့်ပြီး ဟာ အစ်ကိုကြီး မိုးပေါ်ရောက်သွားပြီ မိုးပေါ်ရောက်သွားပြီဆိုပြီး ခုန်ပေါက်ပျော်မြူးနေလိုက်ကြတာဗျာ။ ရှင်ပြုကကြွသွားတဲ့ ပိုက်ဆံတွေရသလိုမျိုးပဲ။

ဦးလေး မအံ့ဩနဲ့ ထပ်ပြောဦးမယ်။ ကျွန်တော်တို့ရဲ့ မျက်စောင်းထိုးက လမ်းကြိတ်စက်မောင်းတဲ့ ဦးကျော်ရှင်ရဲ့မိန်းမ ဒေါ်အေးမြင့်ကြီး ဆိုရင်လည်း ညဘက် ညဘက်မြို့ထဲမှာ အမှိုက်သိမ်းတဲ့အလုပ်လုပ်တာ အရမ်းပိုက်ဆံရတယ်။ ဆေးခန်းတို့ ဆေးရုံတို့ရှေ့မှာများ အမှိုက်သိမ်းရတယ်ဆိုရင် ဒေါ်အေးမြင့်ကြီးဆိုတာ ပြုံးလို့။

ဘာဖြစ်လို့လဲ ဟုတ်လား။ ဦးလေးကလည်း ဆေးခန်းတို့ဆေးရုံတို့က အမှိုက်တွေကိုသိမ်းရရင် ပုလင်းခွံတို့ ပတ်တီးစတို့လိုမျိုး ပြန်ရောင်းစားလို့ရတဲ့ အမှိုက်တွေ အများကြီးပါတယ်လေ။

ဒါပေမယ့် အဲဒီပစ္စည်းတွေသိမ်းတဲ့ အခါတိုင်း ဒေါ်အေးမြင့်ကြီးလက်ကို ဘစ်ခုမဟုတ်တစ်ခုနဲ့ စူးတာပေါ့ဗျာ။ စူးတော့လည်း သွေးထွက်တာပေ့ါ။ သွေးထွက် သမယ့် ဒေါ်အေးမြင့်ကြီးကတော့ ပျော်လို့ သွေးများများထွက်လေ ပိုက်ဆံများများ ရလေကိုး။

သုံးလေးနှစ်ပဲကြာတယ် ဒေါ်အေးမြင့်ကြီး တပိန်ပိန် တလိမ်လိမ်ဖြစ်ပြီး သေပါလေရော။ ဦးကျော်ရှင်နဲ့ သူ့သားသမီးတွေက ဘာပြောတယ်မှတ်လဲ။ အအိပ် အစားမှ မှန်အောင်မနေတာ သေမှာပေ့ါတဲ့။ သေစာရင်းတောင် လုပ်မယ့်သူမရှိလို့ ကျွန်တော့်အဖေပဲ သွားလုပ်ပြီး အဲဒီအသုဘကိစ္စ စီစဉ်လိုက်ရတာ။ သူတို့မသာအိမ် က ဆူညံလို့ပေ့ါဗျာ။

ငိုနေကြတာတော့ မဟုတ်ဘူး။ အသုဘ စရိတ်ကျေအောင်ဆိုပြီး ရပ်ကွက် လူကြီးက မျက်နှာလွှဲထားတဲ့ဖဲဝိုင်းမှာ အပြိုင်အဆိုင် ရိုက်နေကြလို့လေ။

ဪ ကျွန်တော်ပြောပါတယ်။ လူတစ်ယောက် သေသွားလို့ မိသားစု ရဲ့ ပတ်ဝန်းကျင်မှာ လှုပ်လှုပ်ခတ်ခတ်ဖြစ်ပြီး စိတ်မကောင်းတာတွေ စိတ်ဆင်းရဲတာတွေ ကျွန်တော့်ပတ်ဝန်းကျင်မှာ မရှိပါဘူးလို့။

စကားတော့ကောင်းတယ် ဦးလေးရယ် ဟိုမှာကျွန်တော့်ကိုခေါ်နေပြီ။

ဗျာ ကျွန်တော့်အလုပ်လား။

လမ်းပေါ်မှာပေါက်နေတဲ့ အပေါက်တွေကို ကျောက်စလစ်ခင်းတဲ့ သူတွေ ခင်းပြီးရင် ကျွန်တော်က ကတ္တရာလောင်းတယ်လေ။ ပြီးတော့ ကျွန်တော့်အဖေတို့ ဦးလေး ဦးကျော်ရှင်တို့က လမ်းကြိတ်စက်ကြီးနဲ့ ကြိတ်တာပေ့ါ။

ဗျာ. . ဘာဆုတောင်းသလဲ ဟုတ်လားဦးလေး။

အလုပ်ကနေ စောစောပြန်လို့ရပြီး ကျွန်တော်မမူးတဲ့ညတွေဆိုရင်တော့ ဘုရားကိုယ်တော်မြတ်စေတီကြီးကို လှမ်းကြည့်ပြီး ကတ္တရာလမ်းတွေ များများပျက်ပါစေ။

ကျွန်တော်သေရင်

အဖေနဲ့အမေ ငိုပါစေလို့ ဆုတောင်းတာပေ့ါဗျာ။ ။

ကမ္ဘာကြီးပေါ်မှာ အသက်ရှင်ရပ်တည်နေကြတဲ့ လူမျိုးတိုင်း လူမျိုးတိုင်
မှာရှိတဲ့ လူသားတိုင်းဟာ ကောင်းကင်ကြီးကို တစ်ကြိမ်မဟုတ်တစ်ကြိမ် မော့ကြည်
ဖူးကြမှာပါ။ နေ့ဘက်မှာကြည့်မယ်ဆိုရင် တိမ်ကင်းစင်တဲ့နေ့တွေမှာ ထိန်ထိန်သ
နေတဲ့ နေမင်းကြီးကို မြင်ရသလို၊ ညဘက်တွေမှာ ကြည့်မယ်ဆိုရင်လည်း တိမ်ကင
စင်ခဲ့မယ်ဆိုရင် တဖျတ်ဖျတ်တောက်ပနေတဲ့ ကြယ်ကလေးတွေနဲ့ ထိန်ထိန်သ
အောင်လင်းနေတဲ့ လမင်းကြီးကို တွေ့ဖူးကြမှာပါ။

တစ်ကြိမ်မက ကြည့်ဖူးခဲ့တဲ့သူတွေလည်းရှိမှာပါ။ ဒါပေမယ့် ကျွန်တေ
သိရသလောက် ခန့်မှန်းကြည့်ရသလောက် လူသားတွေကောင်းကင်ကို မော့ကြည
တတ်တာ ဘယ်အချိန်တွေမှာလဲဆိုရင် အားငယ်ဝမ်းနည်းပြီး စိုးထိတ်သိမ်ငယ်နေ
အချိန်တွေမှာပါ။ လူတော်တော်များများဟာ ပျော်ရွှင်နေတဲ့အချိန်၊ အောင်မြင်နေ
အချိန်မှာ အပေါ်ကို သိပ်ပြီးမကြည့်တတ်ကြသလို ကြည့်လည်းမကြည့်ချင်ကြပါဘူ
ကိုယ့်ထက်သာတဲ့လူ၊ ကိုယ့်ထက်မြင့်တဲ့လူ၊ ကိုယ့်အပေါ်မှာ ဘယ်သူမှ မရှိတော့
ဆိုတဲ့ ထင်တစ်လုံးနဲ့ ခြေဖျားကိုထောက်၊ ရင်ကိုကော့၊ ခေါင်းကိုမော့ပြီး နေချင်တ
ကြတာ အောင်မြင်သူတွေရဲ့ သဘာဝပါ။ အဲဒါကြောင့်လည်း ဝမ်းသာပျော်ရွှ
အောင်မြင်နေကြတဲ့အချိန်မှာ ကောင်းကင်ကြီးကိုသော်လည်းကောင်း၊ အပေါ်ကိုသေ
လည်းကောင်း မော့မကြည့်တတ်ကြပါဘူး။

ဒါပေမယ့် ဘဝမှာ ရှုံးနိမ့်မှုတွေနဲ့ရင်ဆိုင်ရပြီဆိုတဲ့အချိန်မှာ အားငေ
ကြောက်ရွံ့လာလို့ ခိုလှုံရာရှာတဲ့အချိန်မှာ ကောင်းကင်ကြီးကို မော့ကြည့်တတ်ကြ
လူတော်တော်များများရဲ့ တူညီတဲ့အချက်တစ်ခုပါပဲ။ နိမ့်ကျနေပြီ၊ အားငယ်နေ
စိုးထိတ်နေပြီဆိုရင် ခိုလှုံရာကို ရှာတတ်ကြပါတယ်။ ကောင်းကင်ကြီးရဲ့ တစ်နေရာ
မှာများ ခိုလှုံခွင့်ရမလားဆိုတဲ့စိတ်နဲ့ ကောင်းကင်ကြီးကို မော့ကြည့်တတ်ကြပါတယ်



ကောင်းကင်

ဘူမိကျော်

တစ်ခါတလေတော့ ဘဝမှာထွက်ပေါက်ပိတ်တဲ့ အခါမျိုးကျရင်လည်း ကိုယ်လိုချင်တဲ့ အရာတွေကို ကောင်းကင်ကြီးဆီကများ ရလာလိမ့်မလားဆိုတဲ့ ကလေးစိတ်မကုန်တဲ့ အတွေးနဲ့ ကောင်းကင်ကြီးကို မော့ကြည့်တတ်ကြပါတယ်။

ဘာကြောင့် မော့ကြည့်ဖြစ်တာလဲဆိုရင် ကလေးဘဝအရွယ် ဥမယ် အမမြောက်တဲ့ အချိန်တုန်းက ကောင်းကင်ကြီးကို ကြိမ်ဖန်များစွာမော့ကြည့်ပြီး လိုချင်တဲ့အရာတွေ၊ ရချင်တဲ့အရာတွေကို ကောင်းကင်ကြီးဆီကနေ တောင်းခံခဲ့ဖူးပါတယ်။ အရုပ်လိုချင်တဲ့အခါ ကောင်းကင်ကြီးကိုမော့ကြည့်ပြီး

“ကောင်းကင်ကြီးရေ အရုပ်ပေးပါ” လို့ ပါးစပ်က အော်တယ်။

သကြားလုံးလိုချင်တဲ့အခါ ကောင်းကင်ကြီးကို မော့ကြည့်ပြီး

“ကောင်းကင်ကြီးရေ သကြားလုံးတွေပေးပါ”လို့ တောင်းတတ်ကြပါတယ်။

တောင်းလိုက်တယ်ဆိုရင်ပဲ ကောင်းကင်ကြီးဆီက ကျွန်တော်တို့ တောင်းလိုက်တာတွေ ချက်ချင်းကျလာတတ်ပါတယ်။ အဲဒါကြောင့်လည်း ကလေးဘဝတုန်းကဆိုရင် ကောင်းကင်ကြီးကို ကျွန်တော်တို့ ချစ်ခဲ့ကြတာပါ။ တကယ်တော့ ကောင်းကင်ကြီးရေ သကြားလုံးတွေချပေးပါလို့ အော်ပြောရင်း မော့ကြည့်နေတဲ့ အချိန်မှာ အနောက်မှာရှိတဲ့ အဖေက သကြားလုံးလေး ပစ်ပေးလိုက်တာပါ။ ကောင်းကင်ကြီးရေ အရုပ်တွေပေးပါလို့ ပြောတဲ့အချိန်မှာလည်း အမေက အရုပ်လေးတွေ ပစ်ပေးလိုက်တာပါ။ ဒါကို ကျွန်တော်တို့ မသိခဲ့ရတဲ့အတွက် ကောင်းကင်ကြီးက ပေးတာပဲလို့ထင်ပြီး ကောင်းကင်ကြီးကိုပဲ ကျေးဇူးတင်နေတတ်ပါတယ်။

အရွယ်တွေရောက်လာလို့ ကြီးပြင်းလာတဲ့အချိန်မှာ ကောင်းကင်ကြီးဆီကနေ လိုချင်တာတွေတောင်းတဲ့ အချိန်မျိုးမှာတော့ ငယ်ငယ်ကလို ကျွန်တော်တို့ကို အနောက်ကနေ တိတ်တဆိတ်ပစ်ချပေးမယ့် အဖေနဲ့အမေ မရှိတော့တဲ့အခါ ကောင်းကင်ကြီးဆီကလည်း ကျွန်တော်တို့ ဘာမှမရတော့ပါဘူး။ မရတော့တဲ့ အချိန်မှာ ကောင်းကင်ကြီးကို စိတ်ထဲက အပြစ်မြင်ချင်လာပါတယ်။

ကောင်းကင်ကြီးရဲ့အောက်မှာ နေထိုင်ရင်း ကျွန်တော်တို့တွေရဲ့ စိတ်ခံစားချက်တွေကသာ ကောင်းကင်ကြီးအပေါ်မှာ အရောင်အမျိုးမျိုး ပြောင်းလဲနေတာပါ။ ကောင်းကင်ကြီးကတော့ တိမ်တွေ အရောင်အမျိုးမျိုး ပြောင်းလဲတာကလွဲလို့ ကျွန်တော်တို့ ငယ်ငယ်တုန်းကလိုပဲ ကျယ်ပြန့်မြဲ အဆုံးအစမရှိမြဲ လူတွေရဲ့အလိုကို တတ်နိုင်သမျှ လိုက်နေမြဲပါပဲ။ ဒါတောင်မှ ကောင်းကင်ကြီးမှာ ဒဏ်ရာတွေဗရပွနဲ့ပါ။ အခုကျမှ တက်ဖာဖို့တော့ ကြိုးစားနေကြလေရဲ့။

ဘုမိကျော်



မြန်မာနိုင်ငံရဲ့ ရုပ်ရှင်နဲ့ဗီဒီယိုလောကမှာတော့ ကျုပ်ကနာမည်တစ်လုံးနဲ့ နေတဲ့သူပါ။ နာမည်ကြီးပေါ့ဗျာ။ နာမည်ကြီးဆိုတော့ ထုတ်ဝေသူလား၊ စူပါ ဒါရိုက်တာလား၊ မိဂါစတားမင်းသားလား ထင်ချင်ထင်ကြလိမ့်မယ်။ ဒါတွေ တစ်ခုမှ မဟုတ်ဘဲ ကျုပ်ကလူကြမ်းပါ။ မင်းစိန်လူကြမ်း၊ လူကြမ်းမင်းစိန်ဆိုတာ ကျုပ်တို့ လောကမှာ အားလုံးသိတယ်။ ကျုပ်ဒီလောကထဲရောက်လာတာ နှစ်ကလည်း မနည်း တော့ဘူးလေ။ ကျုပ်သားအကြီးဆုံးကောင် တစ်သက်ပေါ့။ တစ်ချိန်တုန်းက နာမည် ကြီးခဲ့တဲ့ စူပါစတား ရဲကိုကိုနဲ့ကျုပ်နဲ့က ဒီလောကထဲကို တစ်ချိန်တည်း၊ တစ်နေ့တည်း တစ်ပြိုင်တည်းဝင်ခဲ့ကြတာ။

မင်းသားနဲ့အတူတူ ဒီအလုပ်ကို စလုပ်ခဲ့တယ်ဆိုတော့ ကျုပ်ကိုမင်းသား လုပ်ဖို့လို့ မထင်နဲ့နော်။ ကျုပ်ကစဝင်လာကတည်းက လူကြမ်း၊ လူကြမ်းမင်းစိန် မင်းစိန်လူကြမ်း။ တကယ်တော့လည်း တပည့်မကောင်း ဆရာ့ခေါင်းဆိုသလိုပါပဲဗျာ၊ အဲဒီ ရဲကိုကိုကြောင့် ကျုပ်ဒီလောကထဲကိုရောက်လာခဲ့ရတာ။ "မွဲချင်တဲ့ ခွေး ပြာပုံ တိုး" "သေချင်တဲ့ကျွဲ တောပြောင်း" ဆိုတာမျိုး။ အဟုတ်ပြောတာ။ ကျုပ်ဘဝက ဒီလောကထဲရောက်မှ ကျွဲဖြစ်လိုက်ရ ခွေးဖြစ်လိုက်ရနဲ့။

ရုပ်ရှင်နယ်ထဲ မရောက်ခင်ကဆို ကွန်ဖူးသင်တန်းဆရာအဖြစ် ကျုပ် ဂုဏ်ရှိခဲ့တာပေါ့ဗျာ။ သင်တန်းကို ရောက်လာသမျှ သင်တန်းသားတိုင်းက ဆရာ ဆရာနဲ့ ဆရာဆိုတာကို မိုးမွှန်အောင် အခေါ်ခံခဲ့ရတာ။ ရုပ်ရှင်နယ်ထဲလည်းရောက် ရော ကိုယ့်ကပြန်ပြီးခေါ်လိုက်ရတာ မှန်ထိုးတဲ့ကောင်လည်း ဆရာ၊ မီးထိုးတဲ့ကောင် လည်း ဆရာ၊ ကလပ်ရိုက်တဲ့ကောင်လည်း ဆရာ၊ ရှုတင်မန်နေဂျာလည်း ဆရာ ကင်မရာမင်းလည်း ဆရာ၊ မင်းသားလည်း ဆရာ၊ ဒါရိုက်တာလည်း ဆရာ

နဲ့ဂျူဆာလည်း ဆရာ၊ မြင်မြင်သမျှအကုန်လုံး ဆရာကောင်တွေချည်းပါပဲဗျာ။ ခေါ်လိုက်ရတဲ့ ဆရာဆိုတာ မိုးမွှန်နေတော့တာပါပဲ။

ဖြစ်ရပုံများပြောပါတယ်။ ကျုပ်ဟာကျုပ် သင်တန်းဆရာလေး လုပ်စားနေရတာ မချမ်းသာပေမယ့် ဘယ်သူ့မှ အောက်မကျခဲ့ရသလို ဘယ်သူ့မှလည်း ဆရာ မခေါ်ခဲ့ရပါဘူး။ တစ်နေ့တော့ ကျုပ်သင်တန်းကို ရဲကိုကိုဆိုပြီး လျှမ်းလျှမ်းတောက်ဖြစ်လာမယ့် မင်းသား ရဲကိုကို အလောင်းအလျာလေးရောက်လာတယ်။

ရုပ်ရှင်ရိုက်ဖို့အတွက် ဖိုက်တင်သင်ချင်လို့ သင်ပေးပါဆိုပြီးပြောတော့ ကျုပ်လည်း တတ်သလောက်မှတ်သလောက် ဆရာစားမချန် အကုန်သင်ပေးတာပဲ။ ကောင်ကလည်း "တောက်မယ့်မီးခဲတရဲရဲ"ဆိုတော့ အပင်ပန်းခံပြီး ကြိုးစားရှာပါတယ်။ တစ်နှစ်လောက်အတွင်းမှာ ခြေထွက်လက်ထွက်တွေဆိုတာ ဝိုးကနဲ ဝိုးကနဲနေတာပဲ။ ဘရိတ်ကလည်း ကောင်းသလားမမေးနဲ့။ ဖယောင်းတိုင်ခြောက်တိုင်ထုပ်ထွန်းထားရင်တောင် သူ့လက်သီးတစ်ချက်နဲ့ မီးသေတယ်။ ဒီကောင့်ကို အသင်ကောင်းလိုက်တာ ကျုပ်ဘဝဒုက္ခရောက်ဖို့ ကိုယ့်ဆေးကိုယ်ဖော်လိုက်သလိုပါပဲ။

ကျုပ်ဆီမှာ ကစားတာ တစ်နှစ်ကျော်ကြာလို့ ကိုယ်ခံပညာ ကျွမ်းကျင်သွားပြီဆိုတဲ့အချိန် ဗီဒီယိုရိုက်ဖို့ လုပ်တော့တာပဲ။ အဲဒီမှာစပြီး ဝကျတော့တာ။ သူနဲ့ယှဉ်ပြီးထိုးမယ့်လူ သူ့အထာကိုကျွမ်းကျင်တဲ့လူ လူကြမ်းထဲမှာမရှိဘူးဖြစ်နေတယ်။ ဆိုးတာက သူနဲ့ယှဉ်ပြီးထိုးရမယ့်လူကြမ်းက ရုပ်လည်း ချောရမယ်ဆိုတော့ ရုပ်ချောချောနဲ့ အထိုးအကျိတ်ကောင်းတဲ့လူကြမ်း ရုပ်ရှင်လောကမှာ ရှာလို့ မရဘူးဖြစ်နေတယ်။ အဲဒီမှာတင် တပည့်ကျော်က ကျုပ်ကို သူနဲ့ယှဉ်ပြီး ရိုက်ရမယ့် လူကြမ်းအဖြစ်သရုပ်ဆောင်ခိုင်းပါတယ်။

အဲဒီအချိန်တုန်းက ကျုပ်ရုပ်ရည်ကလည်း တော်တော်ချောချောကိုး။ အဝတ်အစားများ ဆင်လိုက်ရင် ရဲကိုကိုထက်တောင် သာချင်သေးတယ်။ လိုရင်းပြောရရင် အဲဒီကားကစပြီး ကျုပ် လူကြမ်းလုပ်ဖြစ်သွားတာပဲ။ ရုပ်ရှင်ရဲ့ အရသာကိုသဘောကျပြီး ရုပ်ရှင်ပိုး ဝင်သွားတာလည်း အဲဒီကားက စလို့ပဲပေါ့ဗျာ။

ရုပ်ရှင်အရသာဆိုလို့ တလွဲတော့ မစဉ်းစားနဲ့နော်။ အင်မတန် စိတ်လွတ်ကိုယ်လွတ်ရှိပြီး ပျော်ပျော်ပါးပါးနဲ့နေလို့ရတာ ရုပ်ရှင်ရဲ့အရသာပဲ။ အိမ်မှာ ဘာတွေပဲဖြစ်လာဖြစ်လာ ရိုက်ကွင်းရောက်တာနဲ့ ဒါရိုက်တာက ရယ်ဆိုရယ်ကြ၊ ငိုဆိုငိုလိုက်ကြ၊ ထိုးဆိုထိုးလိုက်ကြနဲ့ အိမ်မှာဖြစ်ပျက်ခဲ့သမျှတွေ အကုန်မေ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ရယ်လိုက် မောလိုက် နောက်လိုက် ပြောင်လိုက် စားလိုက် သောက်လိုက် ရေမဟုတ်ဘူးနော်) နေရတာ ရုပ်ရှင်ရဲ့အရသာပဲ။

ရုပ်ရှင်ပိုးဆိုတာလည်း အဲဒီလိုပဲဗျ။ တစ်ခါတလေ အလုပ်ထဲမှာ အဆင် မပြေလို့ ငွေရေးကြေးရေး အခက်အခဲရှိလို့ ဒီအလုပ်မလုပ်တော့ဘူး။ နောက်အလု ပြောင်းလုပ်မယ်လို့ဆုံးဖြတ်ပြီး အိမ်ပြန်လာတစ်ညအိပ်။ နောက်နေ့မနက်လည်း ကျရော မျက်နှာသစ် ရေမိုးချိုးပြီးတာနဲ့ လက်ကရှူတင်အိတ်ကို အလိုလိုကော ကိုင်ပြီး ခြေထောက်တွေကလည်း သုံးဆယ့်ငါးလမ်းဆီကို အလိုလိုဦးတည်ရက်သား ဖြစ်နေပါတယ်။

ရုပ်ရှင်ပိုးဆိုတာ အဲဒါကိုပြောတာ။ နတ်ကတော်များ နတ်ဗိုးသံကြားရင် မနေနိုင်သလို၊ လက်ဝှေ့သမားများ ဝိုန်းဗောင်းအသံကြားရင် မနေနိုင်သလို၊ ကျွန်ုပ် လည်း ရှူတင်ဆိုတဲ့အသံကြားရင် ခန္ဓာကိုယ်ထဲမှာ ရုပ်ရှင်ပိုးပေါင်း သောင်းခြော ထောင်ပိုင်းထိုးလို့ အက်ရှင်ဆိုတဲ့အသံကို နားထဲက အလိုလိုကြားလာပြီး ဘိုက်တင် လည်း လုပ်ချင်နေတော့တာပဲ။ ဟန်ရေးတပြင်ပြင်နဲ့။ တာထွက်ခါနီး ပြိုင်မြင်းတွေ နှာမှုတ်လိုက် ခွာရုပ်လိုက် ဟီသံပေးလိုက်နဲ့ပေါ့။

ရဲကိုကိုနဲ့ တစ်နေ့တည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ရုပ်ရှင်လော ထဲ ရောက်လာခဲ့တဲ့ကျွန်ုပ် ထိုးလိုက်ရတာဗျာ သူရိုက်တဲ့ကားတိုင်းပဲပေါ့။ လူမ သူမသိ ရဲကိုကိုဘဝကနေ တက်သစ်စမင်းသားရဲကိုကို စူပါစတားမင်းသားရဲကို ဆိုပြီးဖြစ်လာတဲ့အထိ ကျွန်ုပ် တောက်လျှောက်ပါခဲ့တာပေါ့။ သူ စူပါစတားမင်းသ ဖြစ်နေတဲ့အချိန်မှာ ကျွန်ုပ်ကလည်း စူပါစတား လူကြမ်းပေါ့။ ရဲကိုကိုနဲ့ကျွန်ုပ်နဲ့ ဆရာတပည့်လို၊ သူငယ်ချင်းလို၊ လုပ်ဖော်ကိုင်ဖက်လိုဖြစ်နေတော့ သူ့ကိုငှားတဲ့ကာ တိုင်း ကျွန်ုပ်က အော်တိုမစ်တစ်ပါပြီးသားဖြစ်နေတာပေါ့။ စူပါစတား လူကြမ်းမင်းစိ လူကြမ်းမင်းစိန် စူပါစတားပေါ့။

အဲဒီအချိန်တုန်းကတော့ ဒိုပြင်မင်းသားနဲ့တွဲရိုက်ဖို့တို့ ဇာတ်ကားရိုက်ခွ ရအောင် သုံးဆယ့်ငါးလမ်းက လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ဖို့တို့ ဇာတ်ကား ရိုက် ရှူတင်မန်နေဂျာတွေကို ရိုက်ခွင့်ရအောင် ဖားဖို့တို့၊ မင်းသားတွေရဲ့ နောက်လိုက် တပည့်ကျော်တွေကို ပုလင်းတို့ ပုဆိုးတို့ လက်ဆောင်ပေးဖို့တို့ ဆိုတာတွေကို လုံးလုံး နားမလည်ခဲ့သလို လုပ်လည်းမလုပ်ဖြစ်ခဲ့ပါဘူး။ လုပ်ဖို့လည်း မလိုဘူးလေ။

ကျွန်ုပ်မင်းသားက တစ်လကို လေးငါးကား ရိုက်နေရတော့ ကျွန်ုပ်လည်း တစ်လကို လေးငါးကား ပုံမှန်ရိုက်နေရတာပဲ။ ရှူတင်မန်နေဂျာ တစ်ယောက်ယော ကများ ကိုမင်းစိန် အားလားလို့မေးရင် ဘယ်အခန်းလဲ ဘယ်ကာရိုက်တာလဲလို့ မေ မနေတော့ဘဲ ဒီတစ်လလုံးမအားဘူးလို့ ပြောလိုက်တာပဲ။ ကျွန်ုပ်က သူတို့နဲ့ရိုက် ထမင်းစားရတာမှ မဟုတ်တာ။ ကျွန်ုပ်မင်းသားနဲ့ကျွန်ုပ် ရိုက်ရက်ကို ပြည့်လို့။

အဲဒီအချိန်တုန်းကများဆိုရင် ကျုပ်မိန်းမတစ်ကိုယ်လုံး ရွှေပင်ပေါက်နေသလားလို့ ထင်ရတယ်။ အိမ်မှာလည်း အပေါ်စက်အောက်စက်တို့ ရေခဲသေတ္တာတို့ ဒေလာင်းတို့နဲ့ မိန်းမဆိုတာ ဇိမ်ကိုကျလို့။ ကျုပ်ကိုတောင် ပြောလိုက်သေးတယ်။ ရုပ်ရှင့်ရုပ်ရှင့်ရည်နဲ့ မင်းသားလုပ်လို့ရပြီ။ ကျွန်မက ပရိုဂျူဆာလုပ်ပေးမယ်။ တစ်ကားလည်းနဲ့ပေါက်ပြီး မင်းသားဖြစ်သွားရင် ကျုပ်ပါဂျဲရိုးစီးလို့ရပြီတဲ့။

ကျုပ်တို့ခေတ်တုန်းက ပါဂျဲရိုးက အကောင်းဆုံးကိုး။ အက်စ်အီးနဲ့ ပါဂျဲရိုးစီးနိုင်တဲ့လူဆိုရင် သူဌေးပဲ။ ကျုပ်ကလည်း မင်းသားဖြစ်သွားရင် လွှတ်လွှတ်လပ်လပ်သောက်ရမှာစိုးတဲ့အတွက် မိန်းမအစီအစဉ်ကို ခေါင်းခါလိုက်တယ်။ အခုလည်း ပါဂျဲရိုးမစီးနိုင်ပေမယ့် မပူမပင်နေရတာပဲ။ ဒီလောကထဲရောက်လာပြီးမှ မွေးတဲ့ သတိယသားတောင် ခမည်းလိုတယ်ဆိုလို့ ရွှေဆွဲကြိုး သုံးကျပ်သားတောင် လုပ်ထားပေးလိုက်သေးတယ်။

အခုပြန်တွေးရင် အခုဒေါသဖြစ်တယ်ဗျာ။ အလုပ်လုပ်လို့ကောင်းနေတုန်း အရမ်းအောင်မြင်ကျော်ကြားနေတုန်းမှာ ကျုပ်စူပါစတားမင်းသားက ဒီအလုပ်ကို စိတ်မပါတော့ဘူးဆိုပြီး ရပ်ပစ်လိုက်တယ်။ သူက စိတ်မပါတော့ဘူးဆိုပြီး ရပ်ပစ်လိုက်နိုင်ပေမယ့် သူနဲ့စခဲ့တဲ့ရုပ်ရှင်ပိုးက ကျုပ်တစ်ကိုယ်လုံး ပျံ့နေပြီ။ ဝင်လာတုန်းက အတူတူဝင်လာပေမယ့် ထွက်သွားတဲ့အချိန်မှာတော့ ကျုပ်က ကျန်နေခဲ့တယ်လေ။

ဒါပေမယ့်လည်း ကျုပ်အတွက် အလုပ်မရှားပါဘူး။ ရုပ်လည်း ချောတယ်၊ ကိုက်တင်လည်းကောင်းတယ်၊ အထိုးအကြိတ်ကလည်း ပြောစရာမလိုဘူး။ အခံတွေ အကျတွေဆိုတာလည်း ကတ္တရာလမ်းလည်းမရှောင် သံပတလင်းလည်းမရှောင် ဖဲ့မြေလည်းမရှောင်ဘဲ ခံတဲ့ကျတဲ့ကောင်ဆိုတော့ ထိုးဖို့ခေါ် ချင်တဲ့ မင်းသားတွေဆိုတာ သက်ငါးချောင်းမကဘူး။ ဖိုက်တင်ကားတွေကလည်း ခေတ်ကောင်းတာကိုး။

ရဲကိုကို မရှိတော့ပေမယ့် သီဟတင်စိုးရှိတယ်။ နေထက်လင်းရှိတယ်။ နေရဲလင်းရှိတယ်။ ကျော်ရဲအောင်ရှိတယ်။ အောင်ပိုင်ရှိတယ်။ ကြိုက်တဲ့မင်းသားနဲ့ လိုက်ပြီး ထိုးစမ်းပါလေ့ဗျာ။ တစ်ခါတစ်လေများ ပြင်ဦးလွင်တို့၊ ပုပ္ပါးတို့ဘက်ကို ကားနှစ်ဆယ် ကားသုံးဆယ်နဲ့တက်သွားရင် အနည်းဆုံးသုံးလေးလကြာတယ်။ ကျုပ်ရဲ့ တတိယမြောက်သားဆို ကျုပ်ပုပ္ပါးကို ကားရိုက်သွားနေတုန်းမွေးတာ။ ရန်ကုန်ပြန်ဆင်းလာတော့ ဒီကောင် လေးလသား ဖြစ်နေပြီ။

ဒါရိုက်တာတွေကလည်း ဇာတ်ကြမ်းကို တကယ်နိုင်နိုင်နင်းနင်း ကိုင်တွယ်ရိုက်ကူးနိုင်တဲ့ ဒါရိုက်တာတွေ။ မြန်အောင်မြစိန်၊ စိန်သံမဏိ၊ ဓနုအောင်သိန်း၊ ဘွန်းအောင်ဇော်၊ အေဝမ်းမောင်လှမျိုး၊ မိုးပွား ရိုက်လိုက်ကြတဲ့ အကြမ်းဇာတ်ကား

တွေ။ အိမ်ကမိန်းမတွေဆိုရင် လွမ်းလွန်းလို့ လိုက်လာရတဲ့ အထိပဲ။

ကျုပ်တို့ထဲက လူကြမ်းတွေဆိုရင်လည်း ပုပ္ပါးသူတို့ ပြင်ဦးလွင်သူတို့ ဆည်ပေါက်သူတို့နဲ့ အိမ်ထောင်ကျလိုက်ကြတာလည်း မနည်းမနောပေါ့ဗျာ။ နေ့ခင်းဘက်ဆို ထိုးလိုက်ကြ၊ တိုက်ပွဲတွေ တိုက်လိုက်ကြ၊ ညဘက်ဆိုလည်း သောက်လိုက်ကြ မူးလိုက်ကြ ဆိုလိုက်ကြနဲ့ပေါ့ဗျာ။

ဇာတ်ကြမ်းတွေရိုက်တာဆိုတော့ ပင်ပန်းတာပေါ့ဗျာ။ ဒါပေမဲ့ ဘယ်လောက်ပင်ပန်းပင်ပန်း ကျုပ်တို့တစ်ချက်မညည်းဘူး။ ပင်ပန်းလေ ပိုက်ဆံရလေ ပျော်စရာကောင်းလေ။ ပြီးတော့ ကိုယ်လည်း ဝါသနာပါတဲ့အလုပ်လေ။ ဘယ်လောက်တောင် ဝါသနာကြီးကြသလဲဆိုရင် ကျုပ်တို့လူကြမ်းတွေထဲမှာ မကျိုးဖူး မပဲ့ဖူးတဲ့လူ၊ မကွဲဖူး မပြဲဖူးတဲ့လူ တစ်ယောက်မှမရှိဘူး။ ခြေကျိုးမယ်၊ လက်ကျိုးမယ် ဒူးပြုတ်မယ်၊ လက်မောင်းအဆစ်ပြုတ်မယ်၊ နှာခေါင်းရိုးကျိုးမယ်၊ သွားကျိုးမယ် ခေါင်းကွဲမယ်။ အဲဒီဒဏ်ရာမျိုးတွေ သုံးလေးခုကတော့ ကျုပ်တို့လူကြမ်းတိုင်းမှာ ရှိတာပဲ။

တမင်လုပ်တာမှ မဟုတ်တာဘဲဗျာ။ ရိုက်ကွင်းမှာ မတော်တဆ အလုပ် လုပ်ရင်းထိတာပဲ။ တစ်ယောက်နဲ့တစ်ယောက်လည်း ငွေမယူကြပါဘူး။ မင်းသားတွေကလည်း တော်ကြပါတယ်။ သူတို့ကြောင့်ပဲ ဒဏ်ရာရရ ကျုပ်တို့ အချင်းချင်း ထိလို့ ဒဏ်ရာရရ တကယ်ကို စေတနာအပြည့်နဲ့ ဂရုစိုက်ကြပါတယ်။ သိဟတင်စိုးတို့ နေရဲလင်းတို့ နေထက်လင်းတို့ဆိုတာ ကျုပ်တို့လူကြမ်းတွေ ဒဏ်ရာရလို့ကတော့ သူတို့ပိုက်ဆံနဲ့ စိုက်ပြီးဆေးကုပေးကြတာ။ ဒီပြင်မင်းသားတွေလည်း သူတို့လိုပါပဲ။

အဲဒီတော့လည်းဗျာ ဘယ်လောက်ကျိုးကျိုး၊ ဘယ်လောက်ကွဲကွဲ၊ ဘယ်လောက်ပြဲပြဲ စိတ်ထဲမှာနာတယ်လို့ကို မထင်တော့တာ။ မျက်ရည်ကျဖို့ ဆိုတာဝေးလို့ အင်းကနဲတောင် တစ်ချက်မညည်းခဲ့ဘူးပါဘူး။ ကြိုက်သလောက်ထိုး၊ ကြိုက်သလောက်ကွဲ မျက်ရည်ကျဖို့ဆိုတာဝေးလို့ ပိုက်ဆံရှင်းပေးလိုက်တာနဲ့ အဲဒီဒဏ်ရာကြီးတန်းလန်း အရက်ဆိုင်ကိုပြေးတော့တာ။ ကျုပ်တို့ လူကြမ်းလောကမှာကလည်း အဲဒီ ကျိုးပဲ့ကွဲတဲ့ဒဏ်ရာတွေများမှ ဆရာကောင်ဖြစ်တာဗျ။ ဒဏ်ရာဆိုတာ အလုပ်ရဲ့ သင်္ကေတပဲ။ ဒဏ်ရာများများရှိတဲ့သူဟာ အလုပ်များများလုပ်ရလို့ပေါ့။

အချိန်တွေများဗျာ ဘယ်လိုကုန်သွားမှန်းမသိပါဘူး။ အကြီးဆုံးသားလေး တစ်လသားမှာ ဒီလောကထဲ စဝင်လာတဲ့ကျုပ် အခုဆိုရင် အငယ်ဆုံးသမီးက ရှစ်တန်းရောက်နေပြီ။ လူကြမ်းလုပ်သက်အတွင်းမှာ ကလေးလေးယောက် အဖေ တင်လာတဲ့ သဘောပေါ့။

ဒါတောင် အိမ်မှာမနေရဘဲ ခရီးထွက်နေရတဲ့ ရက်တွေကများလို့ ကျုပ်သားအကြီးဆုံးက ဒီနှစ်ဘွဲ့ယူရမှာဆိုတော့ ကျုပ်လူကြမ်းလုပ်သက် အနှစ် နှစ်ဆယ်ကျော်ပြီပေါ့ဗျာ။ ကျုပ်စိတ်ထဲ ခဏလေးလို့ထင်နေတာ အချိန်တွေကလည်း ကုန်တာ မြန်လိုက်တာဗျာ။ အချိန်တွေကုန်လွန်သွားသလို ကျုပ်တို့ရဲ့ အလုပ်အကိုင် တွေလည်း တော်တော်ပြောင်းလဲသွားတယ်။ အဲဒီတော့ ကျုပ်တို့ မိသားစုရဲ့ဘဝလည်း အလိုလိုနေရင်း ပြောင်းလဲသွားတော့တာပေါ့ဗျာ။

ရုပ်ရှင်နဲ့ဗီဒီယိုနယ်မှာ ကျုပ်တို့နဲ့အတူတူရိုက်ခဲ့တဲ့ဒါရိုက်တာကြီးတွေဆို ရင် တော်တော်များများသွားနှင့်ကြပြီ။ လက်တွဲညီညီနဲ့ထိုးခဲ့ကြတဲ့ မင်းသားတွေဆို တာကလည်း အသက်တွေကြီးလာပြီး မထိုးနိုင်ကြလို့ ဇာတ်ကြမ်းကားတွေ မရိုက်ကြ တော့ဘူး။ အိမ်ထောင်ရေးဇာတ်လမ်းတို့ ဟာသဇာတ်လမ်းတို့ပဲ ရိုက်နေကြတယ်။ နောက်တက်လာတဲ့ မင်းသားတွေကလည်း ကိုရီးယားမင်းသားတွေကို အားကျလို့ လားမသိပါဘူးဗျာ အချစ်ကားတွေချည်းပဲ ရိုက်နေကြတယ်။ သူတို့ အချစ်ကားတွေ ရိုက်ပြီး မင်းသမီးတွေနဲ့ နာနာချစ်လေ ကျုပ်တို့လူကြမ်းတွေ များများမွဲလေပေါ့ဗျာ။

ဒီပြင်လူတော့မသိဘူး ကျုပ်ဆိုဘယ်လောက်မွဲသွားသလဲဆိုရင် အရင် တုန်းက ရွှေပင်သီးသလိုဝတ်ခဲ့တဲ့ကျုပ်မိန်းမ အခုဆိုရင်နားပေါက်တောင် ပြန်ပိတ် တော့မယ်။ သမီးအငယ်ဆုံးလေးက ၈ တန်းကျောင်းသူဆိုတော့ အပျိုဖြစ်ပြီလေ။ ရွှေလေးဘာလေး ဝတ်ချင်စားချင်မှာပေါ့ ရွှေဝယ်ဆင်ဖို့မပြောနဲ့ အဝတ်အစားတောင် အသစ်မဝယ်ပေးနိုင်လို့ ပုံပုံစတိုးနဲ့ညားနေတာကြာပြီ။ အဲဒီမှာက အရွယ်စုံ၊ ဆိုဒ်စုံ ကြိုက်တာရွေးပြီးဝယ်လို့ရတယ်။ ကျုပ်တို့တစ်အိမ်သားလုံး ပုံပုံစတိုးကို အားကိုးနေရ တာ ကြာလှပေါ့။ ဒုတိယကောင်တုန်းက ရွှေသုံးကျပ်သားခမည်းပေးတယ်ဆိုတာ အငယ်ဆုံးသမီးလေးက မယုံဘူး။ အခုဆိုရင် အိမ်မှာ အပေါစက်အောက်စက် လေး လို့ ရေဒီယိုအစုတ်တောင် မရှိတော့ဘူး။ ရောင်းလို့ရတဲ့ဟာရောင်း ပေါင်လို့ရတဲ့ဟာ ပေါင်ပေါ့ဗျာ။ တကယ်တော့လည်း ပေါင်တယ်လို့သာပြောတာပါ။ ပေါင်တဲ့ပစ္စည်းပြန် ရွေးနိုင်တယ်လို့ မရှိပါဘူး။

တကယ်တော့ ကျုပ်အိမ်မှာ များများပြီးတိုးတိုးလာတာက အပေါင်ဆုံး လက်မှတ်တွေပါပဲ။ အိမ်ဆိုရင်လည်း အရင်တုန်းက ပေ၄၀×၆၀ပေါ်မှာ ဆောက် ထားတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကိုဖျက် မြေကိုထက်ဝက်ပိုင်းပြီးရောင်းစား၊ ဖျက်လိုက် တဲ့အိမ်က သွပ်နဲ့ပျဉ်းကတိုးတိုင်တွေကိုရောင်းစားပြီး တစ်ထပ်မနိမ့်မိုးပျဉ်ကာ အိမ်လေး ပဲဆောက်နေတာ ခုဆို ငါးနှစ်တောင်ပြည့်လုရော့မယ်။

ဟိုအရင်တုန်းက ယောင်လို့တောင်ခြေဦးမလှည့်ခဲ့တဲ့ ၃၅ လမ်းကို မနက်

လင်းတာနဲ့ ကျုပ်ရောက်နေတတ်ပြီ။ ဟိုရှုတင်မန်နေဂျာတွေ့လည်း ဖားလိုက်၊ ဒီရှုတင်မန်နေဂျာတွေ့လည်းဖားလိုက်ပေါ့ဗျာ။ လမ်းထဲကိုများ ရှုတင် ကားတစ်စီး တစ်လေ မောင်းဝင်လာရင် ကျုပ်မိန်းမနဲ့ကျုပ် သမီးရည်းစားချိန်းတွေ့တုန်းက ကျုပ်ဆီကိုသူလျှောက်လာတဲ့အချိန်မှာ ရင်ခုန်သလိုမျိုးပဲ လမ်းထဲကို တစ်လိမ့်ချင်း မောင်းဝင်လာတဲ့ရှုတင်ကားကြီးကိုကြည့်ပြီး ရင်တွေတထိတ်ထိတ်နဲ့ခုန် ဆုတွေ တောင်းလိုက်ရတာလည်း အကြိမ်ကြိမ်ပေါ့ဗျာ။ အခုဝင်လာတဲ့ရှုတင်အဖွဲ့မှာ ဒေးလီး ပါပါစေ။ ဒေးလီး ပါပါစေနဲ့ဆိုပြီး။

ရှုတင်မန်နေဂျာတစ်ယောက်ယောက်ကများ မင်းစိန်အားသလားလို့မေး ရင် ဘာဇာတ်လဲ ဘာကာရိုက်တာလဲ ဘယ်နှစ်ခန်းလဲလို့ ကျုပ်မမေးနေတော့ဘဲ ကပျာကယာခေါင်းလေးညိတ် ဘေးမှာချထားတဲ့အထုပ်လေး အလျင်အမြန်ဆွဲပြီး သုတ်သုတ်သုတ်သုတ်နဲ့ ရှုတင်ကားပေါ် တက်ထိုင်နေလိုက်တော့တာပဲ။

တကယ်ဆို ကာရိုက်တာတို့ အဝတ်အစားတို့ အရေးကြီးတာသိပေမယ့် ကျုပ်တို့မှာရှိတဲ့အဝတ်အစားနဲ့ပဲ ပြောသမျှကာရိုက်တာနဲ့ ဖြစ်အောင်လုပ်နေရတော့ အပိုတွေပဲ မေးမနေတော့ပါဘူး။ မြန်မြန်ရိုက် ဒေးလီးထုတ် ဒါအဓိကပဲလေ၊ တစ်ခါတလေ လမ်းထဲလာဖို့ လမ်းစရိတ်မရှိလို့ အိုးပေါင်ခွက်ပေါင်ပြီး လမ်းစရိတ် လုပ်ခဲ့ရတော့ ဒေးလီး မြန်မြန်ထုတ်ပြီး အိမ်ပြန်ရောက်ဖို့ အရေးကြီးတယ်လေ။ ကျုပ်ရောက်မှ ပါတဲ့ပိုက်ဆံနဲ့ ဒန်အိုးတွေပြန်ရွေး ဆန်ဝယ် ဟင်းချက်စရာဝယ်ပြီး ညစာချက်ရမှာ။

အခုဆိုရင် မင်းသားတွေရဲ့တပည့်ကျော်လေးတွေကို ကျုပ်အဖေထက် တောင်ပိုပြီး ဂရုစိုက်ပြုစုရသေးတယ်။ မှရသေးတယ်။ ဖားရသေးတယ်။ ဟုတ်တယ် လေ မင်းသားဆိုတာ ကျုပ်တို့ကို ခေါင်းထဲထည့်ပြီး သတိရမှာ မဟုတ်ဘူး။ မင်းသား နောက်က တပည့်ကျော်တွေကိုပဲ ကပ်ထားရတာ။ ရှုတင်မန်နေဂျာတွေကိုလည်း ကန်ထရိုက်များခေါ်လို့ကတော့ တစ်သောင်းလောက် မဖြစ်မနေပေးရတာ။ မုန့်ဖိုး မပေးမိလို့ကတော့ နောက်တစ်ခါ ဒေးလီးတောင်မပါဘူးမှတ်ပဲ။

ဒီနေ့တော့ ကျုပ်သုံးဆယ့်ငါးလမ်းထဲကို ခုနစ်နာရီ မထိုးခင်ကတည်းက ရောက်နေတာ။ မရောက်လို့လည်းမဖြစ်ဘူး။ ဒီရက်ပိုင်း ပိုက်ဆံလိုနေတာ ရောင်း စရာပေါင်စရာဆိုလို့ အိမ်မှာအဖိုးတန်တာ ဘာတစ်ခုမှမရှိဘူး။ ဒီရက်ပိုင်း ပိုက်ဆံ ရမှဖြစ်မှာ။ အထူးသဖြင့် ဒီနေ့ပေါ့ဗျာ။

ကျုပ်သားအကြီးဆုံးကောင်က မနက်ဖြန်ဆို ဘွဲ့ယူဖို့ အစမ်းလေ့ကျင့် ရမယ်။ အစမ်းလေ့ကျင့်တာရော၊ အစိမ်းကြီးယူတာရော ပိုက်ဆံကလိုမှာပဲ။ ပြီးတော့

မနက်ဖြန်ကျရင် ရှစ်တန်းကျောင်းသူ အငယ်ဆုံးသမီးကို ကျောင်းအပ်ရမယ်။ ပိုက်ဆံစောင့်ရင်းစောင့်ရင်းနဲ့နေလာခဲ့တာ မနက်ဆိုကျောင်းကဖွင့်ပြီ။ ကျောင်းတက်ရင်းနဲ့ဘစ်ခါတည်း တက်အပ်အပ်ရတော့မှာပဲ။

မနေ့ညက ကျုပ်ညစ်ညစ်နဲ့ထိုင်နေတုန်း သားကြီးနဲ့သမီးငယ် အနားရောက်လာပြီး သားကြီးကမဝံ့မရဲနဲ့ပြောရှာတယ်။ အဖေပိုက်ဆံရှာမရလို့ အဆင်မပြေရင် သားဘွဲ့တက်မယူပါဘူး။ အဝေးရောက်နဲ့ယူလည်းရပါတယ်တဲ့။ သမီးကလည်းပြောရှာတယ်။ အဖေကြီးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေရင် သမီးတစ်နှစ်လောက်လိုက်ရမလားလို့ပြောတယ်။ ဒီတစ်နှစ်လုံးကျောင်းမတက်ဘဲ အထည်ချုပ်မှာဝင်လုပ်ရင် နောင်နှစ်ကျောင်းစရိတ်အတွက် မပူရတော့ဘူး ဖေကြီးရဲ့လို့ ကျုပ်မျက်နှာကို မရဲတရဲကြည့်ပြီးပြောရှာတယ်။

ရင်ထဲ မကောင်းလိုက်တာဗျာ။ ဒါနဲ့ပဲ ကျုပ်အားတင်းပြီး သားနဲ့သမီးကိုကတိပေးလိုက်ပါတယ်။ သားကြီးဘွဲ့ယူဖို့အတွက်ရော သမီးလေးကျောင်းအပ်ဖို့ရောမနက်ဖြန်ညနေပေးမယ်လို့ ကတိပေးခဲ့တယ်။ အဖေတစ်ယောက်အနေနဲ့ ပေးခဲ့တဲ့ကတိတည်ဖို့ ဒီနေ့မနက်အစောကြီးကတည်းက ကျုပ်၃၅လမ်းထဲကို ရောက်နေတာ။မျှော်ရင်မောတယ်ဆိုတာ အရင်ကတည်းကသိခဲ့ပေမယ့် ဒီနေ့မနက်ကျမှ ပိုမောသလိုပဲဗျာ။ ကျုပ်ပြန်အလာကို အားကိုးတကြီး မျှော်လင့်ရင်းစောင့်နေရှာတဲ့ သားကြီးနဲ့သမီးလေးရှိရာကို ကျုပ်လက်ချည်းသက်သက်နဲ့ မျက်နှာအောက်ချပြီး မပြန်ချင်ဘူး။

ဒီနေ့ကျမှ ဘယ်လိုဖြစ်တယ်ဆိုတာ မသိပါဘူးဗျာ။ လမ်းထဲကို ရှုတင်ကားတွေအဝင်နည်းလိုက်တာ။ ပထမဆုံးဝင်လာတဲ့ကားကိုမေးလိုက်တော့ မောင်မျိုးမင်းအဖွဲ့ကတဲ့။ မောင်မျိုးမင်း ရှုတင်ဆိုကတည်းက ကျုပ်စိတ်လျှော့လိုက်ပါပြီ။ သူကမင်းသားအသစ်ကလေးတွေနဲ့ သရဲကားပဲ အရိုက်များတာဆိုတော့ ကျုပ်တို့လိုလူကြမ်းတွေအတွက် နေရာမရှိဘူးလေ။

ဒုတိယကားဝင်လာလို့ ကျုပ်အပြေးအလွှားသွားကြည့်လိုက်တော့ဒါရိုက်တာက ကုသိုလ်တဲ့။ ဒီဒါရိုက်တာကလည်းဗျာ လူရွှင်တော်ကနေ ဒါရိုက်တာဖြစ်လာတယ်ဆိုပေမယ့် သူရိုက်သမျှကားတွေက ဒရာမာဇာတ်လမ်းတွေချည်းပဲ။အငိုကောင်းတဲ့ သရုပ်ဆောင်တွေနဲ့တော့ သူနဲ့ အံဝင်ခွင်ကျပေါ့ဗျာ။ ကျုပ်တို့လိုထိုးမှကြိတ်မှစားရမယ့်လူကြမ်းတွေနဲ့ သူနဲ့က မြဒါးတစ်လမ်း သံတစ်လမ်းတွေပါ။ဒါနဲ့ပဲ စိတ်ကိုလျှော့ ဓမ္မာရုံရှေ့မှာရှိတဲ့ ကျုပ်ရဲ့အဝတ်အစားထုပ်လေးဆီကို ပြန်လျှောက်လာပြီး စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေလိုက်မိတော့တယ်။

ကဆုန်လဆိုပေမယ့်လည်း ပူလိုက်တဲ့နေဗျာ။ ကျွတ်ကျွတ်ကို ဆူလို့

နေမြင့်လာလေ အပူရှိန်ကပိုများလာလေပါပဲ။ ဒါပေမဲ့ အဲဒီအပူရှိန်ထက် ကျွ ရင်ထဲကအပူရှိန်က ပိုပြီးကြီးနေတယ်။ ဆယ်နာရီကျော်ပြီ။ အခုအချိန်အထိကာ ထရိုက်လည်းမရ၊ ဒေးလီးလည်း မပါ။ ကျုပ်ဘယ်လိုမျက်နှာနဲ့များ အိမ်ပြန်ရမှာလဲ တွေးလိုက်မိလေ ရင်ထဲမှာ ပူလာလေပဲ။

ကျုပ်တွေးကောင်းကောင်းနဲ့တွေးနေတုန်း ကျုပ်ရှေ့မှာလူရိပ်တစ်ခု လာရပ်လို့ ဖျတ်ခနဲ မော့ကြည့်လိုက်တယ်။ သရဝဏ် ကုမ္ပဏီကမန်နေဂျာသင်းသင်း ကျုပ်ရှေ့မှာရပ်နေတာ ကျုပ်တွေ့လိုက်တယ်။ အစ်ကိုဆီက ဖုန်းလာတယ်။ ရှုတင်မှာ လူကြမ်းတစ်နေရာ ကန်ထရိုက်လိုလို့ လမ်းထဲက အဆင်ပြေတဲ့လူတစ်ယောက်ရှာ ပြီး လွှတ်လိုက်ပါတဲ့ အဲဒါ ဦးမင်းစိန် မြခွါညိုအိမ်ရာကို အမြန်ဆုံးရောက်အောင် သွားလိုက်ပါ။ အဲဒီမှာ အစ်ကို ရှုတင်ရှိတယ်လို့လည်း ပြောလိုက်ရော ကျုပ် ဘယ်လို ဝမ်းသာမိမှန်း မသိတော့ပါဘူးဗျာ။

သူ့စကားဆုံးတာနဲ့ အနားမှာချထားတဲ့ အဝတ်ထုပ်ကလေးကို ဆုတ်ကာ ဆွဲယူပြီး အမြန်ဆုံးသုတ်ခြေတင်ခဲ့တယ်။ ကောင်မလေးကိုတောင် နှုတ်မဆက်ခဲ့ မိဘူး။ အဆင်သင့်တွေ့ခဲ့တဲ့ တက္ကစီကားကိုလက်ပြတားပြီး ရှုတင်အိမ်ယာကို မောင်းခိုင်းလိုက်တယ်။ တော်ပါသေးတယ်။ သားကြီးနဲ့ သမီးလေးအတွက် လိုနေတဲ့ ပိုက်ဆံရဖို့အတွက် နတ်ကောင်းနတ်မြတ်တွေက မ,စတာထင်တယ်။

ရှုတင်အိမ်ရှေ့လည်းရောက်ရော ကားပေါ်က ကဗျာကသီဆင်း ခြံပေါက်ဝ မှာ ဖုန်းတစ်လုံးနဲ့အလုပ်ရှုပ်နေတဲ့ ရှုတင်မန်နေဂျာ သဥ္ဇာဆီကနေ ကားခရှေ နှစ်ထောင်တောင်းပေးလိုက်တယ်။ ရှုတင်မန်နေဂျာပီပီ စောစောစီးစီး ပိုက်ဆံထွက်ရ တော့ သွားကျိုးပါးကျိုးနဲ့ ပါးစပ်က ပွစိပွစိလုပ်ပြီး ကျန်နေခဲ့ဂလေရဲ့။ ကျုပ်အိမ်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ ဧည့်ခန်းဆက်တီမှာ နေကာမျက်မှန်အမည်းကြီးတပ် ဦးတစ်လုံးဆောင်ပြီး မှုန်ကုပ်ကုပ်နဲ့ထိုင်နေတဲ့ ဒါရိုက်တာကို တွေ့လိုက်ရတယ်။ ရုပ်ကို ကြည့်ရတာ မှုန်ကုပ်ကုပ်နဲ့ဆိုတော့ ကုမ္ပဏီပိုင်ရှင်ဒါရိုက်တာ ဘာတွေအလိုမကျ ဖြစ်နေလဲမသိဘူး။

သူနဲ့စကားပြောရင် တော်တော်သတိထားပြီးပြောမှ။ မလိုတစ်မျိုး လိုတစ်မျိုးနဲ့ တော်တော်လက်ပေါက်ကပ်တဲ့ ဒါရိုက်တာ။ ကျုပ်ကို သူမြင်အောင်ဆိုပြီး သူ့ရှေ့မှာမယောင်မလည်နဲ့ သွားရပ်ပြလိုက်တယ်။ မျက်မှန်အမည်းကြီးထဲက ဘယ်အချိန်မြင်သွားမှန်းမသိပါဘူး။ ဟေ့လူ ဘာလာလုပ်တာလဲတဲ့။ ကျုပ်လည်း အူယားဖားယားနဲ့ သင်းသင်းက ကန်ထရိုက်လူကြမ်းတစ်ယောက် လိုတယ်ဆိုလို့ ငါ့ကိုလွှတ်လိုက်တာလို့ပြောတော့ စကားလည်းဆုံးရော ဒါဆိုအဝတ်အစားလဲ

နိုက်မယ်တဲ့။

ကျုပ်လည်း ပါလာတဲ့ ပုဆိုးထုပ်လေးဖြေပြီး အကောင်းဆုံးအကျီနဲ့ ပုဆိုး
ဲလိုက်တယ်။ ကျုပ် မှတ်မိသေးတယ်။ ဒီအကျီနဲ့ ပုဆိုးလေးက ရဲလေးနဲ့ လင်းလင်း
ံလာဆောင်တုန်းက ဝတ်ခဲ့တဲ့ဟာလေးပေ့ါ။ အတိတ်ပြန်ရောက်သွားတဲ့ စိတ်ကို
အချိန်မီသတိကပ်ပြီး ဧည့်ခန်းထဲ လှမ်းဝင်လိုက်တယ်။ ဒီဒါရိုက်တာက ပြောရတာ
ဟုတ်ဘူး။ အဝတ်အစားလဲတာကြာလို့ဆိုပြီး ဆဲချင်ဆဲတတ်တာ။

ကျုပ်လည်း ဧည့်ခန်းထဲရောက်ရော ရိုက်မယ်ဆိုတဲ့အသံနဲ့အတူ မီးချိန်
ိင်းနေတဲ့ ဒါရိုက်တာကို တွေ့လိုက်တယ်။ အန်တီချိုနဲ့ မမို့ကို ဒိုင်ယာလော့ ချနေရင်း
ကျုပ်ဘက်ကို လှည့်ကြည့်လိုက်တယ်။ ကျုပ်ကို မြင်တယ်ဆိုရင်ပဲ နဂိုကတည်းက
ုန်ကုပ်ကုပ်ဖြစ်နေတဲ့ သူ့ရဲ့မျက်နှာ ပိုပြီး ဖိုစာသွားသလိုပဲ။

အလိုမကျတဲ့လေသံနဲ့ ခင်ဗျားအခုထိ အဝတ်အစားမလဲသေးဘူးလားတဲ့။
ကျုပ်ကလည်း လဲပြီးပြီလေလို့ ပြန်ပြောလိုက်တော့ လက်ထဲမှာ ကိုင်ထားတဲ့
ဇာတ်ညွှန်းစာရွက်နဲ့ ကျုပ်မျက်နှာကို တည့်တည့်ချိန်ပြီး ခင်ဗျား အခုရိုက်ရမယ့်
ဇာရိုက်တာက မမို့ရဲ့ယောကျ်ား အန်တီချိုရဲ့သမက် ဒီတိုက်ကြီးတစ်ခုလုံးရဲ့ ပိုင်ရှင်
ခင်ဗျားအခု ဝတ်စားထားတဲ့အတိုင်းရိုက်မယ်ဆိုရင် ကျုပ်ဇာတ်ကို တဲစုတ်ပေါ် ရွှေ့ပြီး
ဇာတ်ပြောင်းပစ်ရမှာ။ ခင်ဗျား အဝတ်အစားတွေ သွားပြန်လဲတဲ့။ ငှက်ဆိုးထိုးသံလို
ပေါ်လာတဲ့ ဒါရိုက်တာရဲ့အသံကြောင့် သရုပ်ဆောင်တွေရော စက်အဖွဲ့တွေရော
ဇာရိန်းအဖွဲ့ကလူတွေရော ကျုပ်ကို ဝိုင်းကြည့်နေကြတယ်။

ကျုပ် ရုတ်တရက်ဘာလုပ်ရမှန်း မသိဘူး။ ဟောလူ ခင်ဗျားကို အကျီလဲခိုင်း
နေတယ်လေလို့ ထပ်ပြောလိုက်တဲ့ ဒါရိုက်တာရဲ့ အသံကြောင့် ကျုပ်သူ့မျက်နှာကို
ရဲတရဲကြည့်ပြီး ပြောလိုက်ပါတယ်။ ငါ့မှာ အဝတ်အစားပါမလာဘူးလို့။ ဒါဆိုရှုတင်
ားယူပြီး ခင်ဗျားအိမ်ပြန်လေ။ ဟိုကောင် အညာသား မင်းစိန်ကို သူ့အိမ်လိုက်ပို့
ပေးလိုက်။ အဝတ်အစားယူပြီး အမြန်ဆုံးနည်းနဲ့ ရောက်အောင်ပြန်လာခဲ့ တဲ့။

ကိုင်း ဘယ်လိုလုပ်ကြမလဲ ကျွန်တော့်ကို အိမ်ပြန်အဝတ်အစားယူခိုင်း
နေပြီ။ ကျွန်တော့်မှာချမ်းသာသမျှ အဝတ်အစားက ဒါအကုန်ပဲလေ။ စိတ်ကိုတင်း
သတ္တိကိုမွေးပြီး ငါအိမ်ပြန်ယူလို့လည်း အိမ်မှာအဝတ်အစား မရှိတော့ဘူးလို့လည်း
ပြောလိုက်ရော နဂိုကမှဒေါသကြီးတတ်တဲ့ ဒါရိုက်တာရဲ့မျက်နှာ နီရဲသွားပြီး ဒါဆို
ခင်ဗျား ကျုပ်ရှုတင်ကို ဘာလာလုပ်တာလဲ အနုပညာတစ်ခုဖန်တီးတဲ့နေရာမှာ
ခင်ဗျားဘက်က ဘာတစ်ခုမှ အားမစိုက်ဘဲနဲ့များ ပိုက်ဆံအချောင်လိုချင်လို့ရမလား။
ခင်ဗျား ဒီအလုပ်လုပ်စားနေတာ အနှစ်နှစ်ဆယ်မကတော့ဘူး။ ဒီလို ကာရိုက်တာ

မျိုးကို ဒီလိုအဝတ်အစားမျိုးနဲ့ ရိုက်လို့မရဘူးဆိုတာလည်း ခင်ဗျားသိတယ်။ ဒါနဲ့များ ခင်ဗျား သူများပိုက်ဆံကို အလကားလိုချင်သေးတယ်။ ခင်ဗျား ကျုပ်ရှုတင်က ထွက်သွားတော့ဗျာ တဲ့။

သူ့စကားလည်းဆုံးရော ကျုပ်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား လိုက်မိတယ်။ ဒါပေမယ့်လည်း အချိန်မီ ကိုယ့်စိတ်ကို ပြန်ထိန်းထားလိုက်တယ်။ သူပြောတာလည်း မှန်ပါတယ်။ မှားနေတာက သူမှမဟုတ်ဘဲ။ ကျုပ်လေ ရပ်နေရာ က ချာကနဲလှည့်ပြီး အခန်းထောင့်မှာချထားတဲ့ ကျုပ်ပုဆိုးထုပ်ကလေးကိုယူပြီး အိမ်အပြင်ကို အမြန်ဆုံးထွက်လာခဲ့တယ်။

ဇာတ်ပို့ ဇာတ်ရံ သရုပ်ဆောင်တွေ၊ စက်အဖွဲ့တွေ၊ ကရိန်းသမားတွေ ကြားထဲက ဖြတ်လျှောက်လာပေမယ့် ကုမ္ပဏီပိုင်ရှင်ဒါရိုက်တာက နှင်ထုတ်လိုက်တဲ့ ကျုပ်ကို ဘယ်သူကမှလည်း နှုတ်မဆက်ရဲကြဘူးလေ။ မသိသလို မမြင်သလို ဟန် ဆောင်နေကြတယ်။ ရှုတင်အိမ်ရဲ့ ခြံဝင်းတံခါးကြီးကို ဘေးဘက်လူဝင်ပေါက်ကနေ ကျော်ထွက်လို့ အပြင်လည်းရောက်ရော ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျာ။ မမို့ရဲ့ ယောကျ်ား အန်တီချိုရဲ့ သမက်အဖြစ်သရုပ်ဆောင်ဖို့အတွက် အဝတ်အစားမရှိလို့ ကျုပ်ကို နှင်ထုတ်လိုက်တဲ့ ဒါရိုက်တာကိုပဲ မကျေမနပ်ဖြစ်ရမှာလား။ ကျုပ်ကိုကျုပ် မကျေမနပ်ဖြစ်ရမှာလား။

ကျုပ်အဖြစ်ကို အန်တီချိုရော နားလည်မှာလား။ မမို့ရော နားလည်မှာ လား။ ဒါရိုက်တာကရော နားလည်မှာလား။ အိမ်ကိုပြန်ရောက်လို့ မိန်းမနဲ့ကလေးတွေ ကို ဒီအကြောင်းပြောပြရင်ကော သူတို့ကျုပ်ကို နားလည်နိုင်ကြပါ့မလား။ ဘွဲ့ယူဖို့ ပိုက်ဆံစောင့်နေတဲ့သားကြီးကိုရော ကျုပ်ဘယ်လိုပြောရမလဲ။ ကျောင်းအပ်ဖို့အတွက် ကျုပ်ကိုမျှော်နေတဲ့ သမီးကလေးကိုရော ဘယ်လိုပြောရမလဲ။

စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိပါဘူးဗျာ။ မင်းသားတွေထိုးတာ ကန်တာ ကို ကွဲပြကျိုးပဲ့အောင် ခံခဲ့ရတဲ့ကျုပ်။ ဒါရိုက်တာတွေခိုင်းသမျှ ပွန်းပဲ့စုတ်ပြတ်ကွဲ အောင် လုပ်ခဲ့တဲ့ကျုပ်။ ဘယ်လောက်ပဲ အရိုးကျိုးကျိုး၊ အသားပြုပြု၊ သွေးထွက်ထွက် မျက်ရည်တစ်စက်မကျခဲ့တဲ့ ကျုပ်။ အခုလမ်းပေါ်မှာ မတ်တပ်ရပ်ရင်း ကျုပ်မျက်လုံး ထဲကမျက်ရည်တွေ ပါးနှစ်ဖက်ပေါ်ကို တစ်ပေါက်ပေါက် စီးကျလာတယ်။

ဟုတ်တယ်။ လူကြမ်းမင်းစိန်၊ မင်းစိန်လူကြမ်းဆိုတဲ့ကျုပ် အခုမျက်ရည် ကျနေတယ်။ လူကြမ်းမျက်ရည်ပေါ့ဗျာ။

**ကျော်မင်း**

ကျုပ်တို့ထဲကို နောက်ဆုံးရောက်လာတဲ့ကောင်ကတော့ ပြောတာပဲ။ သူလာခဲ့တဲ့အရပ်က အရမ်းလွတ်လပ်ပြီး ပျော်စရာကောင်းတယ်တဲ့။ ကောင်းကင်ဆိုတာကြီးကလည်း အဆုံးအစမရှိ ပျံသန်းချင်သလောက် ပျံသန်း။

တောအုပ်တွေဆိုတာကလည်း နားခိုချင်သလောက် နားခို မြက်ခင်းစိမ်းဝိုင်းတွေကတော့ ပျံသန်းလေရာမှာ မျက်စေ့တစ်ဆုံးပါပဲ။ ပျံချင်သလောက်ပျံ နားချင်တဲ့အချိန်မှာနား အိပ်ချင်တဲ့ အချိန်မှာအိပ်။ လွတ်လပ်ခြင်းရဲ့ အရသာကို အပြည့်အဝရတယ်ဆိုပဲ။

ဒါနဲ့ ကျုပ်ကမေးကြည့်ပါတယ်။ အဲဒီလို အဝေးဆုံးထိသွား အမြင့်ဆုံးထိပျံပြီး အလွတ်လပ်ဆုံးဆိုတဲ့ ဘဝမှာ နေရတော့ တစ်ခါတလေမှာ အန္တရာယ်တွေများ မတွေ့မိဘူးလားပေါ့။

သူကချက်ချင်းပဲ ပြန်ပြောပါတယ်။ အဆုံးအစမဲ့တဲ့ ကောင်းကင်အောက်မှာ လွတ်လွတ်လပ်လပ်ပျံသန်းပြီဆိုမှတော့ အန္တရာယ်ဆိုတာ အချိန်မရွေး နေရာမရွေး ကျရောက်နိုင်တာပေါ့တဲ့။


အဲဒီအဖြေကိုလည်းကြားရော နောက်တစ်ခွန်း ထပ်မေးလိုက်တယ်။

ပျံချင်တဲ့နေရာထိပျံ နားချင်တဲ့နေရာမှာ နားတဲ့အခါကျတော့ စားချင်တာကိုရော စားချင်တဲ့အချိန်မှာ စားရသလားဆိုတော့ တစ်ခါတလေပဲ စားချင်တာကို စားရတယ်တဲ့။ စားချင်တဲ့အချိန်မှာ စားချင်တာကို စားရတာမျိုးတော့ အခုအချိန်ထိ မကြုံသေးပါဘူးတဲ့။

သူ့အဖြေလည်းဆုံးရော ကျုပ်သူ့ကိုပြောပြလိုက်တယ်။ မြက်ခင်းစိမ်းစိမ်းတွေလည်း မရှိဘူး။ ကျယ်ပြန့်တဲ့ ကောင်းကင်လည်း မရှိဘူး။ ပျံချင်သလောက်လည်း ပျံလို့မရဘူး။ ဒါပေမယ့် အန္တရာယ်ဆိုတာ ဘယ်တော့မှ မကျရောက်ဘဲ စားချင်ချင် မစားချင်ချင် အချိန်မှန်မှန်လည်း စားရတယ်။ အတောင်ညောင်းလည်း သက်သာတဲ့ မင်းရောက်နေတဲ့ ဒီဘဝမှာပဲ

ငါတို့လိုပျော်အောင် . . . မင်းနေလို့။





# တစ်နေ့တခြား



မင်းအုပ်စိုး

သမီးလေးရေ ဖြစ်နိုင်ရင်တော့ အချိန်တန်လို့ ရောက်မယ့်အရွယ်ကို ရောက်မလာဘဲ ဒီအရွယ်မှာပဲ တန့်ရပ်နေစေချင်တယ် သမီးလေးရယ်။ အဲဒီလို ပြောလို့ ဖေဖေ့ကို အတ္တကြီးတယ်လို့ ပြောရင်လည်း ဖေဖေခံရမှာပဲ။ ကလေးတိုင်း လူကြီးမြန်မြန်ဖြစ်ချင်ကြတာ သဘာဝပဲလေ။

လူကြီးတိုင်းကလည်း ကလေးပြန်ဖြစ်ချင်ကြတာ သဘာဝတရားကို မသိလို့တော့ မဟုတ်ပါဘူး သမီးလေးရယ်။ ဒါပေမယ့် အသက်ကြီးလာလေလေ လူ့ဘဝကြီးကို ဖြတ်သန်းရလေလေဆိုတော့ ခါးသီးတဲ့အတွေ့အကြုံတွေ လက်သင့် မခံချင်တဲ့ အဖြစ်အပျက်တွေနဲ့ ကြုံရဆုံရတိုင်း အပူအပင်ကင်းတဲ့ အပြစ်ဆိုတာ မရှိတဲ့ ကလေးဘဝကို ပြန်လိုချင်မိကြတာပေါ့။

ဖေဖေဆိုရင်လည်း ငယ်ငယ်က လူကြီးအရမ်းဖြစ်ချင်ခဲ့တာ။ အသက်ကြီးလို့ အရွယ်ရလာတော့လည်း ကလေးဘဝကို ပြန်လိုချင်မိသလို ကလေးဘဝမှာ ရှိနေသေးတဲ့ သမီးလေးကိုလည်း လူကြီးဖြစ်မလာစေချင်ဘူး သမီးလေးရယ်။ မနက်မိုးလင်းလို့ မျက်စေ့နှစ်လုံးဖွင့်လိုက်ရင် တွေ့လိုက်ရတဲ့ သမီးလေးရဲ့မျက်နှာမှာ သဘာဝတရားအရ သက်ယူတတ်မြောက်ထားတဲ့ ပြောင်းလဲမှုတစ်ခုခုကို ပုံမှန် တွေ့နေရတာပဲလေ။

ဪ ငါ့သမီးလေး သဘာဝတရားကို သင်ယူရင်း တဖြည်းဖြည်းနဲ့ လူလားမြောက်လာပါလားဆိုပြီး အဖေတစ်ယောက်ရဲ့ အသိနဲ့ သဘောကျမိပေမယ့် ငါ့သမီးလေး အရာရာကို သင်ယူရင်း တစ်ရက်ပြီးတစ်ရက် ကြီးပြင်းလူလားမြောက် လာရင် ငါလည်း တဖြည်းဖြည်းနဲ့ အသက်ကြီးလာပြီး သေဖို့နီးလာပါလားလို့ တွေးမိ လိုက်တော့ လူတစ်ယောက်ရဲ့အသိနဲ့ ရင်ထဲမှာပူတယ် သမီးလေးရယ်။

သမီးလေးရေ ဖြစ်နိုင်ရင်တော့ ဒီအရွယ်မှာပဲ ဖေဖေတို့သားအဖ နှစ်ယောက်စလုံး တန့်ရပ်နေချင်တယ် သမီးလေးရယ်။ အဲဒီလိုပြောလို့ ဖေဖေ့ကို အတ္တကြီးတယ်လို့မပြောရဘူးနော်။ ဘာကြောင့်လဲဆိုတော့ သမီးလေးအရွယ် ရောက်လာတာနဲ့အမျှ ဖေဖေတို့သားအဖ တစ်နေ့တခြား။ ။

မင်းအုပ်စိုး

အခုအချိန်မှာများ ငွေကြေးစည်းစိမ်ဥစ္စာတွေ ပြည့်စုံနေရင် စောင့်ဆိုင်းခြင်း ...တဲ့ ဝေါဟာရကို ဘယ်တော့မှပြန်မမြင်နိုင်အောင် ပိုက်ဆံပုံကြီးနဲ့ဖုံးပြီး ဖို့ပစ်လိုက် ...ဘယ်။ ဘယ်ဘဝကအကျိုးပေးလည်း မသိပါဘူး။ စောင့်ဆိုင်းခြင်းဆိုတဲ့ ဝေါဟာရ ...ိတ်ဆွေဖြစ်လာလိုက်တာ တကယ့်ကိုငယ်ပေါင်းကြီးဖော်လိုပါပဲ။ မွေးကတည်းက ...ပါတော့။

မွေးကာနီး အမေဗိုက်နာနေတော့ ဆေးရုံပေါ်မှာ စောင့်လိုက်ရတာ။ အဖေကလည်း ပိုက်ဆံမရှိတော့ (OG)တွေလည်း ဘယ်ငှားနိုင်မလဲ။ တာဝန်ကျ ...ရာဝန် အရောက်ကိုစောင့်ပြီး မွေးခဲ့ရတာ။ လူ့လောကကြီးထဲကို ဝင်လာချင် ...န်းလို့ အမေ့ဗိုက်ကို အတင်းတိုးဝှေ့ ကန်ကြောက်နေခဲ့တဲ့ ကျွန်တော် အဲဒီအချိန် ...တည်းက စောင့်စားရခြင်းဆိုတဲ့ အရသာနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့တော့တာပဲ။

အရွယ်ရောက်လို့ ကျောင်းအပ်တော့လည်း သူများတွေလို ကျောင်းလက်ခံ ...နေ့မှာ မအပ်နိုင်ဘဲ ကျောင်းအပ်ဖို့ ခရီးအဝေးကြီးကို ပိုက်ဆံသွားရှာနေတဲ့ အမေ့ ...န်အလာကိုစောင့်ပြီး ကျောင်းအပ်ခဲ့ရတာလည်း မမေ့နိုင်စရာတစ်ခုပါ။ တစ်ခါ ...လေ ကျောင်းချိန်နီးနေတာတောင် အမေ့ဆီကမုန့်ဖိုးမရလို့ ကျောင်းလွယ်အိတ် ...လေး အသာကိုင်ရင်းစောင့်နေခဲ့ရတာလည်း နေ့ပေါင်းများစွာပါပဲ။

လေးတန်းကျောင်းသား အရွယ်ရောက်လို့ အတန်းထဲမှာ ကျောင်းသား ...စ်ယောက်ကို ဇလာစာအုပ် သုံးဒါဇင် ထုတ်ပေးတော့လည်း သွင်းစရာပိုက်ဆံ ...ရှိသေးလို့ အကြာကြီးစောင့်ပြီး ထုတ်ခဲ့ရ ...တာလဲ ကျွန်တော်ပါပဲ။ ငါးတန်းကျောင်း ...သားအရွယ်ရောက်လို့ ကျောင်းသားတိုင်း ...ချင်တပ်မက်တဲ့ ပစ္စည်းကိရိယာအစုံနဲ့ ...ကွန်ပါဘူးလေးတွေ ထုတ်ပေးတော့လည်း အဖေခရီးသွားနေလို့၊ အမေ့အလုပ်တွေ အဆင်မပြေလို့ ပိုက်ဆံမပေးနိုင်တဲ့အတွက် ...ကွန်ပါဘူးလေးကို လိုချင်ပေမယ့် အကြာကြီး ...စောင့်ခဲ့ရတာလည်း ကျွန်တော်ပါပဲ။

ဆယ်တန်းကိုရောက် စာမေးပွဲ ...ပြီး အောင်စာရင်းထွက်တော့မယ့်မနက် ...ာ ပြည့်စုံတဲ့သူတွေက ညပိုင်းအချိန်က ...တည်းက အောင်စာရင်းသွားကြည့်ဖို့

## စောင့်ဆိုင်းခြင်း



## အုပ်ကြီး

ပြင်ဆင်နေကြပါတယ်။ ကျွန်တော်ကတော့ အိမ်စောင့်မရှိတာကြောင့် သော့ခတ် လို့မရတဲ့ အိမ်ရှေ့တံခါးပိတ်လို့မရတဲ့ ပြတင်းပေါက်တွေကြောင့် အိမ်ရှေ့ တစ်ယောက်တည်းစောင့်ရင်း အောင်စာရင်းကြည့်ပြီးပြန်လာတဲ့ သူငယ်ချင်းတွေ အောင်တယ်လို့ပြောမှ စောင့်နေရင်းတန်းလန်း သက်ပြင်းချခဲ့ရတာပါ။

စောင့်ဆိုင်းခြင်းဆိုတဲ့ ဝေါဟာရကို နားလည်အောင် ကြိုးစား၊ ငယ်သူငယ် ချင်းတစ်ယောက်လို အဆင်ပြေအောင်နေ၊ ရပ်ဆွေရပ်မျိုးတစ်ယောက်လို အလိုက် တသိဆက်ဆံရင်းနဲ့ပဲ တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်လာပါတယ်။ အဖေ က စီးပွားရေးမကောင်း၊ အမေက အလုပ်အကိုင် အဆင်မပြေတဲ့ကြားထဲက သားကြီးဩရသကို ပညာတတ်ကြီးဖြစ် ဘွဲ့တွေရအောင် တက္ကသိုလ်ကို ပို့လိုက် တယ်။ ပညာတတ်ကြီးဖြစ်လို့ ဘွဲ့တွေရပြီးရင် ပန်ကာအောက်က ကျွန်းစားပွဲကြီး အကျအနထိုင်ရတဲ့ အရာရှိကြီးတစ်ယောက်တော့ ဖြစ်မှာပဲဆိုတဲ့ မျှော်လင့်ချက် တက္ကသိုလ်ကိုပို့လိုက်ကြရတာဆိုတော့ အဖေနဲ့အမေလည်း ပိုက်ဆံမရှိခြင်း နပန်းလုံး။ ကျွန်တော်လည်း စောင့်ဆိုင်းခြင်းနဲ့ နပန်းတွေ လုံးခဲ့ရတာပေါ့ဗျာ။

အဆောင်လခပေးစရာမရှိလို့ စောင့်၊ အဆောင်ထမင်းဖိုးပေးစရာမရှိလို့ စောင့်၊ ဖတ်စာအုပ်ဖိုး ပေးစရာမရှိလို့စောင့်၊ ဖိုးလ်ကြေးသွင်းစရာမရှိလို့ စောင့်၊ ဖိနပ် ကုတ် ဝယ်စရာမရှိလို့စောင့်၊ အကြောင်းအရာတွေသာ ပြောင်းသွားတယ်။ အိမ်က ပိုက်ဆံအလာကို စောင့်ခဲ့ရတဲ့ ကျွန်တော့်ဘဝကတော့ ပြောင်းမသွားပါဘူး။ တက္ကသိုလ်တက်နေတဲ့ တစ်ချိန်လုံးမှာ ကျွန်တော်မစောင့်ခဲ့ရတာဆိုလို့ ချစ်သူ ရည်းစားကောင်မလေးပါပဲ။ ဖွတ်ဖွတ်မွဲနေတဲ့ကောင်ကို ဘယ်သူမှလည်း စိတ်မဝင် စားတော့ ကျွန်တော့်မှာ ကြိုက်ရမယ့်သူလည်းမရှိ ချစ်ရမယ့်သူလည်းမရှိ စောင့်ရမယ့် သူလည်း မရှိဘူးပေါ့။

စောင့်ဆိုင်းခြင်းနဲ့ ရင်းနှီးတဲ့နေရာမှာတော့ ဘွဲ့ယူဖို့အတွက် ဘွဲ့ဝတ်စုံ တွေဝတ်ပြီး ဘွဲ့နှင်းသဘင်ထဲဝင်တော့မယ့်အချိန်မှာ ဆောင်းလိုက်မိတဲ့ ဘွဲ့ဦးထုပ် တော်တော်လေး သေးနေပါတယ်။ ဘွဲ့ဝတ်စုံငှားဖို့ ပိုက်ဆံကို စောင့်ရင်းစောင့်ရင်း ဘွဲ့ယူမယ့်နေ့ကျမှရပြီး အထဲဝင်ကာနီးမှ ဘွဲ့ဝတ်စုံက ရောက်လာလို့ ကပျာကယာ ကောက်ဝတ်ရတာဆိုတော့ ကိုယ်နဲ့အံဝင်ခွင်ကျ ဘယ်ဖြစ်ပါတော့မလဲ။ မိဘတွေ နေ့ကလည်း ပိုက်ဆံမရှိလို့ မသွားနိုင်ခဲ့ဘူးလေ။ အနားက အမြင်မတော်တဲ့ဆရာ သူ့ကိုယ်ပိုင်ဘွဲ့ဝတ်စုံကနေ ဦးထုပ်ကိုသွားယူပေးလို့ အဆင်ပြေသွားပါတယ်။ ဝင်တာနောက်ကျလို့ ပိတ်ထားတဲ့တံခါးဝမှာ စောင့်နေတဲ့ ဆရာ၊ ဆရာမတွေကို အသနားခံခွင့်တောင်းပြီး ဝင်ခဲ့ရတာလည်း ကျွန်တော်ပါပဲ။

အခုလည်း စောင့်ရပြန်ပြီ။ မနက်ကိုးနာရီ အင်တာဗျူးဆိုလို့ မြို့ပြင်ကနေ ခြောက်နာရီကတည်းက ကားစီးပြီး ဒီပန်းဆိုးတန်းလမ်းမှာ လာစောင့်နေလိုက်တာ အခုဆို ဆယ်နာရီတောင်ထိုးပြီ။ ကိုယ့်ကိုကိုယ် ဝိရိယကောင်းလှပြီလို့ ထင်နေတာ။ အင်တာဗျူးမယ့်ရုံးခန်းကို ရှစ်နာရီမှာ ကျွန်တော်ရောက်တော့ ကျွန်တော့်ရှေ့မှာ ရောက်နေတဲ့လူတွေ နည်းတာမှမဟုတ်ဘဲ။

အဲဒီတော့လည်း ငယ်ပေါင်းကြီးဖော်နဲ့ ထပ်ပြီးနပန်းလုံးရတော့တာပေါ့။ လက်ထဲမှာတော့ ဘွဲ့လက်မှတ်မိတ္တူရယ်၊ ထောက်ခံစာတွေရယ်၊ ပြီးတော့ ဘာသာစကားသုံးလေးခုကို ကောင်းမွန်စွာတတ်မြောက်ကြောင်း သင်တန်းဆင်းလက်မှတ်တွေရယ်၊ ကွန်ပျူတာကုမ္ပဏီနှစ်ခုသုံးခုရဲ့ သင်တန်းဆင်း လက်မှတ်တွေရယ်၊ အထပ်လိုက်ကိုင်လို့ပေါ့ဗျာ။ အခုခေတ်ကလည်း အလုပ်ရဖို့ဆိုတာ ဘွဲ့လက်မှတ်တစ်ခုတည်းနဲ့ လုံလောက်တော့ လက်မှတ်တွေအများကြီးရအောင် မရှိရှိတဲ့ကြားက ရုန်းကန်ကြိုးစားပြီး တက်ထားရတာပေါ့။

စောင့်နေရင်းနဲ့ပဲ ဗိုက်ထဲက တဂွီဂွီမြည်လာမှ အိမ်က ဘာမှ စားမလာဘဲ ရေတစ်ခွက်ပဲ သောက်လာတဲ့ ကိုယ့်အဖြစ်ကို သတိရလာမိတယ်။ အိတ်ထဲမှာပါလာတဲ့ ပိုက်ဆံနဲ့ ဘယ်အရာမျိုးကို ဝယ်စားရင် ဗိုက်ပြည့်လာမလဲဆိုတာကို အချိန်ပိုင်းအတွင်းမှာ လျှပ်တစ်ပြက်တွက်ချက်ရင်း ဘေးနားပတ်ဝန်းကျင်ကို ကြည့်လိုက်မိတယ်။ သစ်သားဗန်းလေးကို လည်ပင်းမှာ နိုင်လွန်ကြိုးနဲ့ ဆွဲချိတ်ထားတဲ့ ကွမ်းယာ၊ ဆေးလိပ်၊ သကြားလုံး၊ ဘီကေ၊ ရှောက်သီး ဆေးပြားလိုက်ရောင်းနေတဲ့ ဆယ့်နှစ်နှစ်အရွယ်လောက်ရှိတဲ့ ကောင်လေးရဲ့ဗန်းထဲမှာ ငှက်ပျောသီးတစ်ဖီးတွေ့လိုက်တယ်။

ဒါနဲ့ ကောင်လေးကို အသာလှမ်းခေါ်ပြီး ငှက်ပျောသီးတစ်လုံး ဘယ်လောက်လဲဆိုတော့ တစ်ရာလို့ပြောတာနဲ့ နှစ်လုံးဝယ်လိုက်မိတယ်။ အိတ်ထဲမှာ ရှိနေတဲ့ နှစ်ရာတန် ခပ်နွမ်းနွမ်းလေးကို ထုတ်ပေးလိုက်တဲ့အချိန်မှာတော့ ကောင်လေးက ကျွန်တော့်ကိုတစ်လှည့် လက်ထဲမှာ ကိုင်ထားတဲ့ဘွဲ့လက်မှတ်နဲ့ ကျန်တဲ့လက်မှတ်တွေရယ် ပြီးတော့ ကိုယ့်အလှည့်ကျလို့ တစ်ယောက်ပြီးတစ်ယောက် တက်သွားတဲ့ လူတွေရယ်ကိုကြည့်ပြီး ကျွန်တော့်ကို မေးပါတယ်။

"အစ်ကိုတို့ ဘာလုပ်နေကြတာလဲ"

ကျွန်တော်ကလည်း ကျေကျေနပ်နပ်ပြန်ဖြေလိုက်ပါတယ်။

"အလုပ်လာလျှောက်တာပေါ့ကွာ"

ကောင်လေးက စိတ်ဝင်စားတဲ့ဟန်နဲ့ကြည့်ရင်း ဘာအလုပ်လဲလို့ ထပ်မေးပါတယ်။ "ကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်းပေါ့ကွာ"လို့ ကျွန်တော်လည်း ပြီးစလွယ်ဖြေ

လိုက်ပါတယ်။ အဲဒီအချိန်မှာ ကောင်လေးက ကျွန်တော့်မျက်နှာကို ကြည့်လိုက် လက်ထဲက စက္ကူလိပ်တွေကိုကြည့်လိုက်နဲ့ ထပ်မေးပါတယ်။

"အလုပ်ရရင် လစာဘယ်လောက်လဲအစ်ကို"

အဲဒီအခါမှာတော့ ကျွန်တော်ဟာ ကောင်လေးရဲ့မျက်နှာကို သေသေချာချာငုံ့ကြည့်ပြီး ဂုဏ်ယူဝင့်ကြွားတဲ့လေသံနဲ့ ခုနစ်သောင်းကနေ တစ်သိန်းကြားတော့ရမှာပေါ့ကွာလို့ ခပ်ကြွားကြွားလေးပြောလိုက်ပါတယ်။ ငုံ့ကြည့်နေတဲ့ ကျွန်တော့်မျက်နှာကို ကောင်လေးက စေ့စေ့ကြည့်ရင်း ခုနစ်သောင်းခွဲနဲ့တစ်သိန်းကြားလို့ အံ့ဩတကြီး ရေရွတ်လိုက်ပါတယ်။ ကျွန်တော် သိလိုက်တာပေါ့။ ဒီလောက်လစာဆိုရင် သူ့လိုလမ်းပေါ်မှာ အလုပ်လုပ်နေတဲ့ ပညာမတတ်တဲ့ ကလေးတစ်ယောက်အတွက် အရမ်းများနေတဲ့ ငွေကြေးဆိုတာ။

ကျွန်တော့်အဖြေကြောင့် ကလေးခမျာ ရင်ထဲမှာများ ထိခိုက်သွားမလားဆိုပြီး ငုံ့ကြည့်လိုက်တဲ့အခါမှာတော့ ကောင်လေးက သူ့ဗန်းကိုကြည့်ရင်း ပြောနေတဲ့စကားသံကို ကျွန်တော်ကြားလိုက်ရတဲ့အချိန်မှာတော့ ဝမ်းပဲနည်းရမှာလား ရှက်ပဲရှက်သွားရမှာလား။ ဘယ်လို ခံစားရမှန်းကို မသိတော့ပါဘူးဗျာ။

သူကတော့ ကျွန်တော့်မျက်နှာကို မကြည့်ပါဘူး။ သူ့ဗန်းလေးသူ ကြည့်ပြီး ပြောနေတာပါ။ မနက်ရှစ်နာရီကနေ ညခုနစ်နာရီခွဲအထိ တစ်နေ့လုံးလိုက်ရောင်းရင် ဒီထုံးတစ်ဖိုးကုန်တယ်။ ထုံးတစ်ဖိုးကုန်လို့ အရင်းနုတ်လိုက်ရင် အမြတ်နှစ်ထောင့်ငါးရာကျန်တယ်။ ဆေးလိပ်က တစ်ဘူးကုန်ရင် ငါးရာမြတ်တယ်။ သကြားလုံးတို့ ပီကေတို့က ရာထုတ်တစ်ထုတ်ကုန်ရင် ခြောက်ရာစီမြတ်တယ်။ တစ်နေ့ကုန်ရောင်းလို့ ပစ္စည်းတွေ အကုန်မကုန်ဘဲ တစ်ဝက်ပဲကုန်ဦး ကျွန်တော့်အတွက် အမြတ်က တစ်ရက်ကို လေးထောင်နဲ့ခြောက်ထောင်ကြားမှာရှိတယ်။ ကျွန်တော် ဒီအလုပ်လုပ်နေတာ သုံးတန်းအောင်ပြီးကတည်းကပဲလို့ပြောပြီး ထွက်သွားပါတော့တယ်။

အဲဒီအချိန်မှာပဲ အင်တာဗျူးအခန်းထဲက လှမ်းခေါ်သံကြားရပါတယ်။

'မိုးထက်ကျော်ရှိလား မိုးထက်ကျော်'

အင်တာဗျူးအခန်းကို တစ်လှည့် ကျွန်တော့်ကို ကျောခိုင်းပြီး တရွေ့ရွေ့ထွက်ခွာသွားတဲ့ကောင်လေးကို တစ်လှည့် လက်ထဲက စက္ကူလိပ်ကြီးကို တစ်လှည့် တစ်လှည့်စီတစ်လှည့်စီကြည့်ရင်း ကျွန်တော့်နာမည်ကို ခေါ်နေပေမယ့် ဘာကိုမှန်း မသိဘဲ ရပ်စောင့်နေလိုက်တာ ကျွန်တော်ကိုယ်တိုင် ကျောက်ရုပ်ဖြစ်သွားတဲ့အထိပါပဲ။

ဘုပ်ကြီး




အရေးထဲမှာဗျာ အချိန်ကမရ ဘူးခွံတွေကနည်းလို့ စိတ်ညစ်နေရတဲ့အထဲ ဦးလေးက ဘာတွေမေးချင်သေးလို့လဲ။ ကျွန်တော်နဲ့ကျွန်တော့်မိသားစုအကြောင်း ဟုတ်လား။ ပြဿနာပဲ မနောက်ပါနဲ့ဦးလေးရယ် ကျွန်တော်က မင်းသားမဟုတ်၊ အဆိုတော်လည်း မဟုတ်၊ ဘာဖြစ်လို့ ကျွန်တော့်အကြောင်း သိချင်နေရတာလဲ။ ထွေးရေးဖို့ ဟုတ်လား။ ဦးလေးစကားကို ကျွန်တော် သိပ်တော့မယုံပါဘူး။ ဒါပေမယ့် ကျွန်တော့်အကြောင်းကို စိတ်ဝင်တစားမေးနေတော့လည်း ကျွန်တော့်ဘက်က ပြောပြရမှာပေါ့။

ကျွန်တော့်နာမည်က ရဲဝင်းကျော်၊ ဇာတိချက်မြှုပ်က ပြည်မြို့နယ်၊ ဇီးကုန်း ကျေးရွာအုပ်စု၊ သပြေစိန်ရွာက။ အဲဒီရွာမှာမွေး အဲဒီရွာမှာပဲကြီးပြီး ဆယ့်ကိုးနှစ်သား အထိ ရွာမှာပဲယာလုပ်ခဲ့တာ။ ဘာဖြစ်လို့ ရန်ကုန်ပြောင်းလာတာလဲ ဟုတ်လား။ အားအားယားယား ဘယ်သူကတော့ အလကားပြောင်းချင်ပါ့မလဲဦးလေးရယ်။ လျှပ်စစ်မီးမရှိ နိုက်ကလပ်မရှိလည်း ကိုယ့်ရပ်ကိုယ့်ရွာမှာပဲပျော်တာပေါ့။

ပျော်ရာမှာမနေ တော်ရာမှာနေရမယ်ဆိုတဲ့ စကားပုံလိုပေါ့။ ရွာမှာက ယယ်ပိုင်ယာပိုင်လည်းမရှိ သူများယာ သီးစားခယူပြီးလုပ်ရတာဆိုတော့။ မိုးလေ ကောင်းလို့ သီးနှံမထွက်ရင် အလွန်ဆုံးတောင့်ခံနိုင် နှစ်မိုးပေါ့ဦးလေးရာ။ ကျွန်တော် တို့မိသားစုလည်း နှစ်မိုးလောက်တော့ တောင့်ခံလိုက်ပါတယ်။ ဘယ်လိုမှ

ဆက်တောင့်ခံလို့ မရတော့တာနဲ့ ဖောင်ဖျက်ပြီးထွက်လာခဲ့တော့တာပဲ။ မိသားစု ဘယ်နှစ်ယောက်ရှိလို့လဲဟုတ်လား။ အများကြီးမရှိပါဘူး ဦးလေးရယ်။ အဖေရယ် အမေရယ်၊ ကျွန်တော်ရယ်၊ ပြေးကြည့်မှ ဒီသုံးယောက်ပဲရှိတာပါ။ သူများတွေလို မိသားစုတစ်ဒါဇင်လောက်များ ရှိလို့ကတော့ တော်သေတာ ကြာလှပေါ့။

ဖောင်ဖျက်ပြီးထွက်လာတယ်ဆိုပေမယ့်လည်း မိသားစု အကုန်လုံး ထွက်လာတာမျိုးတော့ မဟုတ်ပါဘူး။ ရွာက အိမ်ကလေးမှာ အဖေကကျန်ခဲ့တယ်။ အမေနဲ့ ကျွန်တော်ပဲ စီးပွားရှာဖို့ ရန်ကုန်ကိုစွန့်ပြီး တက်လာခဲ့တာ။ ဘာဖြစ်လို့ အဖေ့ကိုပါ ခေါ်မလာခဲ့တာလဲ ဟုတ်လား။ မေးမှမေးရက်တယ် ဦးလေးရာ အလုပ်ရမယ် မရဘူး သေသေချာချာမသိရသေးတဲ့ရန်ကုန်ကို တစ်မိသားစုလုံး ပြုံပြီးတက်လာရင် ရန်ကုန်မှာပြုံငတ်နေတော့ ဘယ်သူကကျွေးမှာတုန်း။

ကျွန်တော်တို့သားအမိဆိုရင် အလုပ်မရခင်စပ်ကြား ရွာကဘုန်းကြီးတစ်ပါး ခန်းနေဖြစ်နေတဲ့ သရက်တောကျောင်းတိုက်ထဲက ဘုန်းကြီးကျောင်းတစ်ကျောင်း မှာကပ်နေရင်း မသေထမင်း မသေဟင်းလေးစားနေခဲ့ရတာ။ တောင်မင်း မြောက်မင်း မကယ်နိုင်ဆိုသလို အဖေကလည်း ကျွန်တော်တို့ကိုလှမ်းပြီး ပိုက်ဆံမပို့နိုင်၊ ကျွန်တော် တို့ကလည်း အဖေ့ဆီကို ပိုက်ဆံမပို့နိုင်ဖြစ်နေခဲ့ကြတာ။ ရွာကအဖေနဲ့ ရန်ကုန်က ကျွန်တော်တို့သားအမိ အပြိုင်ငတ်နေခဲ့ကြတာပေါ့ဗျာ။

အဖေက ရွာမှာ ဘာလုပ်ပြီးကျန်ခဲ့လဲ ဟုတ်လား။ အရင်းမစိုက်ရတဲ့ အလုပ်ပဲလုပ်တာပေါ့ဗျာ။ ရွာလယ်ကန်ကြီးထဲက ရေတွေကို ပုံးတစ်ပုံးနဲ့ခပ်၊ ထမ်းပိုး တစ်ချောင်းနဲ့ ရှေ့နောက်ထမ်းပြီး ရေထမ်းဖို့လူမရှိတဲ့အိမ်တွေကို တစ်ထမ်းတစ်ရာနဲ့ လိုက်ရောင်းတာပေါ့ဗျာ။ တစ်ထမ်းတစ်ရာပဲရတယ် ဟုတ်လားလို့ ဦးလေးကမေး တာလား။ အဲဒီတစ်ရာတောင် တစ်ချို့အိမ်တွေက မပေးနိုင်ဘူးဦးလေးရဲ့။

ပိုက်ဆံ ရှားချက်ကတော့ ကျွန်တော်တို့ရွာတွေမှာ ကမ်းကုန်ပဲ။ နေ့စား တစ်ထောင်ရတဲ့ အလုပ်ဆိုတာ ကျွန်တော်တို့ရွာတွေမှာတော့ တော်တော်ဝင်ငွေ ကောင်းတဲ့အလုပ်ပဲ။ ရန်ကုန်နဲ့တော့ တခြားစီပေါ့ ဦးလေးရာ။

အခု ဒီပန်းခြံထဲမှာ ကျွန်တော်ဘာအလုပ်လုပ်နေလဲဟုတ်လား။ မလော ပါနဲ့ဦးလေးရာ။ အေးအေးဆေးဆေးပေါ့။ နေ့တွက်မကိုက်လို့ စိတ်ဆင်းရဲနေ တော့လည်း ကျွန်တော်တို့အကြောင်းတွေ ဦးလေးကိုပြောပြလိုက်ရင် ရင်ထဲမှာ နည်းနည်းတော့ ပေါ့သွားတာပေါ့။ အမေက ပန်းခြံမှာ သန့်ရှင်းရေးအလုပ်ရတယ်။

ကျွန်တော်တို့ ကံဇာတာတက်လာတယ်လို့ပြောရမှာပေါ့ဗျာ။ အမေရတဲ့ အလုပ်က နေစရာအိမ်ခန်းလည်းပေးတယ်။ အဲဒီတော့ ကျွန်တော်တို့ သားအမိ

စ်ယောက်အတွက် ကျောနှစ်နေရာစာမပူရတော့ဘူးပေါ့ဗျာ။ အမေက တနေကုန် သန့်ရှင်းရေးလုပ်၊ ကျွန်တော်ကတော့ ပန်းခြံထဲမှာတစ်နေကုန် ဟိုသွားဒီသွား ဟိုကြည့်ဒီကြည့်ပေါ့ဗျာ။ ဒီအသက်အရွယ်ကြီးနဲ့ ဘာအလုပ်မှ မလုပ်ဘူးလားလို့ ကျွန်တော့်ကိုမေးတယ်။ ဦးလေးက တစ်ဖက်သားကို အပြစ်တင်ဖို့ပဲ စဉ်းစားနေ ဘာကိုး။ ကျွန်တော်ပြောတာ ဆုံးအောင်နားထောင်ပါဦး။

ဒီအလုပ်ကို အမေရကာစ တစ်လလောက်တုန်းကဆိုရင် ကျွန်တော့် အတွက် မြင်မြင်သမျှ တွေ့တွေ့သမျှတွေက အထူးအဆန်းတွေချည်းပါပဲဗျာ။ ကျွန်တော်ကိုယ်တိုင် ရည်းစားမထားခဲ့ဖူးပေမယ့် ကျွန်တော့်သူငယ်ချင်း အောင်မောင်း တို့ ဖိုးတာတို့မှာ ရည်းစားတွေအသီးသီးရှိကြပါတယ်။ သူတို့ ရည်းစားတွေက ရွာရဲ့ ကွမ်းတောင်ကိုင်တွေပဲပေါ့။ သမီးရည်းစားချိန်းတွေ့တယ်ဆိုရင် တစ်ရွာလုံး အိပ်မော ကျ လူခြေတိတ်တဲ့အချိန်ကျမှ ဘယ်သူမှမသိအောင် လူမသိသူမသိ ခိုးပြီး တွေ့ကြ ရတာ။

အဲဒီလိုညမှောင်မှောင်မှာတွေ့တာတောင် ဖက်တာတို့ နမ်းဖို့တို့ဆိုတာဝေး သို့ လက်ကလေးတောင် ကိုင်လို့ မရဘူး။ ပုဝါတစ်ကမ်း လက်တစ်လှမ်းနေကြရတာ။ ဘယ် ဒီပန်းခြံထဲမှာတော့ အဲလိုမဟုတ်ပါဘူးဗျာ။ တကယ်ကို ယိုသူမရှက် မြင်သူရှက် ပဲ။ တစ်ယောက်နဲ့တစ်ယောက် ဖက်လိုဖက်၊ နမ်းလိုနမ်း၊ ပွေ့လိုပွေ့နဲ့ စမြင်ဖူးကာစ တုန်းကဆိုရင် ရဲရဲတောင် မကြည့်ရဲဘူး။ သစ်ပင်တို့ ခြုံတို့ကွယ်ပြီး ချောင်းကြည့်ရတာ။

တကယ့်ကို နိုင်ငံခြားကားကြည့်နေရသလိုပါပဲဗျာ။ ရောက်ကာစ တစ်ပတ် လောက်တုန်းကဆို ထမင်းချိုင့်နဲ့ကို အတွဲလိုက်ချောင်းတာ။ ကြာတော့လည်း ချောင်းတဲ့သူကိုယ်တိုင် မောလာတော့တာပါပဲဗျာ။ အခုများတော့ အတွဲတွေကို အဖက်လုပ်ပြီးတော့တောင်မကြည့်တော့ပါဘူး။ သူတို့ဘာတွေပစ်ထားသလဲဆိုတာပဲ စိတ်ဝင်စားတယ်။

ရှပ်ရှင်တို့ ဗီဒီယိုရိုက်တာတို့ မြင်ဖူးသလား ဟုတ်လား။ မြင်ဖူးချက်ကတော့ ကမ်းကုန်ပဲပေါ့ဦးလေးရာ။ ပထမဆုံး စပြီးမြင်ဖူးတဲ့နေ့ကဆိုရင် အဲဒီရုပ်ရှင်အဖွဲ့ ကိုတင်ထားတဲ့ကားကြီးထွက်သွားတော့မှ ကျွန်တော်လည်း အိမ်ပြန်တာ။ မင်းသား မင်းသမီးက မင်းမော်ကွန်းနဲ့အိန္ဒြာကျော်ဇင် ဦးလေးရဲ့။ မင်းမော်ကွန်း ချောချက်က တော့ဗျာ အသားကိုထုံးသုတ်ထားသလားထင်ရတယ်။ ဖွေးဥနေတာပဲ။

ဒါကြောင့်လည်း မင်းသားဖြစ်တာဗျ။ အိန္ဒြာကျော်ဇင်ကရော မချောဘူး သား ဟုတ်လားဦးလေး။ ဦးလေးမို့လို့ မေးရက်တယ်ဗျာ။ ချောလိုက်တာမှ နေတာပဲ။ ကျွန်တော်တို့ရွာမှာရှိသမျှ ကွမ်းတောင်ကိုင်တွေပေါင်း သူတို့ဆီက

လှတာတွေ တစ်ခုခြင်းစီယူ မိန်းမတစ်ယောက်လုပ်ပြီး အိန္ဒြာကျော်ဇင်နဲ့ ယှဉ်ကြ
မယ်ဆိုရင် ခြေဖျားတောင် မမီနိုင်ပါဘူး ဦးလေးရာ။ မင်းသမီးက လှလွန်းတေ
ကျွန်တော်ဘယ်လောက်တောင် ငေးကြည့်သလဲဆိုရင် သူ့မျက်လုံးထဲက အမှ
ကလေးတောင် မြင်လိုက်ရတယ်။

အဲဒီညအိပ်တော့လည်း အိပ်မက်ထဲမှာ အိန္ဒြာကျော်ဇင်နဲ့ပေါ့ဗျာ။ အိန္ဒြ
ကျော်ဇင်က ကျွန်တော့်ကိုမရလို့ဆိုပြီး ငိုလိုက်တာဦးလေးရာ လူးလိမ့်နေတာ
မရယ်နဲ့ဦးလေး ကျွန်တော် တကယ်ပြောနေတာ။ အိပ်မက်ပဲဗျာ။ သူ့မက်ချင်ေ
မက်မှာပေါ့။ ကျွန်တော်လည်း ဘယ်သိပ့်ါမလဲ။

ဗျာ ကျွန်တော့်နာမည်ဟုတ်လား။ ရဲဝင်းကျော်လို့ ဦးလေးကို အစကတည်
က ပြောပြီးပြီလေ။ ဦးလေး မေးချင်တာတွေမေးပြီးပြီပဲဗျာ။ ကျွန်တော် ပြောချင်တ
တွေကို ခဏလေးနားထောင်ပေးစမ်းပါ။ ဟုတ်ပါတယ်။ ဦးလေးမေးတဲ့ ကျွန်တေ
အလုပ်အကြောင်းကိုပဲပြောမလို့ပါပဲ။

မှတ်မှတ်ရရ အဲဒီအိန္ဒြာကျော်ဇင်ရဲ့ရုပ်ရှင်ကို သွားကြည့်လိုက်မိတဲ့နေ့
ကပြီး ကျွန်တော်လည်း ဒီအလုပ်ရတာပဲ။ ဖြစ်ပုံက ဒီလိုဗျ ဦးလေးရဲ့။ အဲဒီနေ့
မင်းသမီးကို ကျွန်တော်ကြည့်နေရင်း ကြည့်နေရင်း မင်းသမီးက ရောင်စုံအိတ်လေ
ထဲက မုန့်လေးတွေ နှိုက်နှိုက်စားတယ်။ ပြီးတော့ အဲဒီအိတ်ကလေးကို လွှင့်ပစ်လိုက်
တယ်။

ကျွန်တော်လည်း မင်းသမီးပစ္စည်းဆိုတော့ အပြေးအလွှား သွားကောက်ပြီ
အမှတ်တရသိမ်းဖို့ယူထားလိုက်တယ်။ တစ်ခန်းလည်းရိုက်ပြီးရော မင်းသမီးက
သံဘူးနီနီလေးထဲကနေ အရည်တွေမော့သောက်ပြီး လွှင့်ပစ်လိုက်ပြန်ရော။ ကျွန်တော်
လည်း သံဘူးလေးကချစ်စရာကောင်းတာရယ်၊ မင်းသမီးနှုတ်ခမ်းနဲ့ ထိထားတာရယ်
ကြောင့် အပြေးအလွှားသွားကောက်ပြီး မင်းသမီးနှုတ်ခမ်းနဲ့ထိတဲ့နေရာလေးကို နှစ်
လောက်နမ်းကြည့်ပြီး လျှာလေးနဲ့လျက်ကြည့်လိုက်တော့ ချိုတိုတိုမွှေးတေးတေးလေး
ဗျ။ အဲဒီအနံ့နဲ့အရသာလေးကို သဘောကျလွန်းတာကြောင့် မင်းသမီးဘယ်အချိ
မှာ ထပ်သောက်ဦးမလဲဆိုပြီး ကျွန်တော်အရိပ်တကြည့်ကြည့် ကြည့်နေတာ။ အဲဒီနေ့
ကသူ သုံးဘူးသောက်တယ်။ ကျွန်တော်လည်း သုံးဘူးစလုံး အပြေးအလွှားသွား
ကောက်တာပဲ။

မင်းသမီးသောက်တဲ့ဘူးကို ကောက်ရင်းနဲ့ မင်းသားသောက်တဲ့ဘူးကိုရေ
ကျန်တဲ့လူတွေသောက်တဲ့ဘူးတွေကိုပါ ကျွန်တော်ရောကောက်ပြီး သူတို့ကားကြီး
ထွက်သွားတော့ အိမ်ပြန်လာတယ်။ သံဘူးတွေတစ်ပွေ့တစ်ပိုက်နဲ့ အိမ်ပြန်လာတဲ့

ကျွန်တော့်ကို ဆင်ရုပ်ကြီးရှေ့မှာ ကိုကုလားကြီးကတွေ့တော့ မေးပါလေရော။ ဒီလူနာမည်ဟုတ်လား။ ဦးလေးကလည်း အရေးထဲဗျာ။ ကိုကုလားကြီး နာမည်ကို ပန်းခြံတစ်ခုလုံး ဘယ်သူမှမသိဘူး။ အသားမည်းလို့ ကုလားကြီးလို့ပဲခေါ် နေကြတာ။

ကိုကုလားကြီးနာမည်အကြောင်းရှင်းပြနေရတာနဲ့ ကျွန်တော်ပြောလက်စ စကားဘယ်နားရောက်သွားပါလိမ့်။ အေး ဟုတ်တယ် ဟုတ်တယ် ကိုကုလားကြီး ကျွန်တော့်ကို မေးတဲ့နေရာရောက်သွားပြီ။ ဦးလေးကမဆိုးဘူး တော်သားပဲဗျ။ ကျွန်တော်ပြောသမျှစကားကို ဂရုတစိုက်နဲ့နားထောင်နေသားပဲ။ အဲဒါ ကိုကုလားကြီး က မေးတယ်ဗျ။ မင်း အဲဒီဘူးခွံတွေငါ့ကိုရောင်းမလားတဲ့။

ဘုရားကိုစူးရပါစေရဲ့ဗျာ။ အဲဒီဘူးခွံတွေ အဲဒီလိုရောင်းစားလို့ရမှန်း မသိ တာအမှန်ပါ။ ဦးလေးပဲ စဉ်းစားကြည့်လေ။ တစ်ယောက်က မလိုချင်လို့ လွှင့်ပစ် ထားတဲ့ပစ္စည်းကို တခြားတစ်ယောက်က ပိုက်ဆံပေးပြီးဝယ်တယ်တဲ့။ ကျွန်တော်တို့ ဆီမှာဆိုရင်တော့ ကိုကုလားကြီးလိုလူမျိုးကို အရူးလို့ပြောကြမှာ။

ကျွန်တော်လည်း အမှတ်တရသိမ်းထားဖို့ကောက်လာတယ်ဆိုပေမယ့် ကိုကုလားကြီးပေးတဲ့ပိုက်ဆံက မက်လောက်စရာဖြစ်နေတော့ သူ့ကိုရောင်းလိုက်ရော ဗျာ။ သူကပြောလိုက်သေးတယ်။ ကောင်လေး နောက်ရက်တွေလည်း အဲဒီလို ကောက်ပြီး ငါ့ကိုလာရောင်းတဲ့။ အဲဒီနေ့အဲဒီအချိန်ကစပြီး ကျွန်တော်လည်း ဒီအလုပ် ကို ရတော့တာပါပဲဗျာ။

ဘာအလုပ်လဲဆိုတော့ အခု ဦးလေးမြင်တဲ့အတိုင်းပဲလေ။ ပန်းခြံတစ်ခု လုံးကို ပြုံပြုံစင်အောင်သွား။ ကျိုးကန်းတောင်းမှောက်ကြည့်ပြီး တွေ့သမျှဘူးခွံတွေ ကျွတ်ကျွတ်အိတ်ထဲ လိုက်ကောက်ထည့်ပြီး ကိုကုလားကြီးဆီ ပြန်ရောင်းတဲ့အလုပ် ပေါ့ဗျာ။ စီးပွားဖြိုင်ဘက်တွေ ဘာတွေမရှိဘူးလားလို့ ဦးလေးကမေးလိုက်တာလား။ ဘယ်မရှိဘဲနေပ့ါမလဲဗျ။

အရင်းမစိုက်လေ့ထိုးလိုက်ရသလို ငွေအရင်းအနှီး ဘာမှမရှိဘဲ ပိုက်ဆံ အသားတင်ရတဲ့အလုပ်ဆိုတော့ အပြိုင်အဆိုင် ကောက်ချင်တဲ့သူတွေ အများကြီးပေါ့ ဦးလေးရာ။ ဒါပေမယ့် သူတို့ထက်တစ်ပန်းသာတာက ကျွန်တော်က ဒီပန်းခြံထဲမှာ နေပြီး အမေကလည်း ဒီပန်းခြံထဲကဝန်ထမ်းပဲဆိုတော့ သူတို့ ကျွန်တော့်ကို ဘယ်ယှဉ် နိုင်မှာလဲ။ ကျွန်တော့်ဘက်က ပိုင်ရာဆိုင်ရာတွေနဲ့ကိုင်လိုက်ရင် စီးပွားဖြိုင်ဘက်တွေ ထွက်ထွက်ပြေးသွားရတာချည်းပဲ။

ကောက်တဲ့အချိန်မှာကြုံရတဲ့ အတွေ့အကြုံဟုတ်လား။ ကောက်တဲ့ အချိန် ကနေ အခုအချိန်ထိ တွေ့သမျှကြုံသမျှ ပြောရရင်တော့ ဦးလေးရာ ပြောမဆုံးပေါင်

တောသုံးတောင်ပါပဲ။ ပြီးအောင်ပြောရရင် ဦးလေးလည်း အိမ်ပြန်ရမှာ မဟုတ်သလ ကျွန်တော်လည်း ညစာစားရမှာမဟုတ်ဘူး။

အဲဒီတော့ဗျာ ကျွန်တော့် အတွေ့အကြုံတွေထဲက မှတ်မှတ်ရရဖြစ်သွားတ ကိစ္စတွေလောက်ပဲ ပြောပြတော့မယ်။ ကုန်ကြမ်းမရမှာစိုးလို့ ဟုတ်လား။ မပူပါ ဦးလေးရာ အခုကျွန်တော် ပြောပြသလောက်နဲ့တင် ဦးလေးအတွက် ကုန်ကြမ်းေ ကုန်ချောရောရနေပါပြီ။

ကျွန်တော် ဒီအလုပ်ကိုစလုပ်ပြီး တစ်ပတ်လောက်အကြာမှာပဲ ရေက စပ်နားက ခုံတန်းလျားလေးပေါ်မှာ အတွဲတစ်တွဲထိုင်နေကြတယ်ဗျ။ အစ်မကြီး လက်ထဲမှာလည်း အပြာရောင်သံဘူးလေးကိုင်ထားတယ်။ ကျွန်တော့်အတွ လက်လွှတ်မခံနိုင်တဲ့ အခွင့်အရေးလေ။ ဒါနဲ့ကျွန်တော်လည်း အဲဒီ အတွဲနားကမခွ ဘဲ သူတို့အတွဲကို ကွက်ကြည့်ကွက်ကြည့်လုပ်နေတာပေ့ါဗျာ။ ထိုင်နေတဲ့အစ်ကိုကြ က ကျွန်တော့်ကို လှမ်းကြည့်တာတော့ သတိထားမိသား။

သိပ်ကြာကြာမစောင့်လိုက်ရပါဘူး။ အစ်မကြီးက အဲဒီဘူးအပြာလေး အနောက်ဘက်လွှင့်ပစ်လိုက်တယ်။ ကျွန်တော်လည်း ဝမ်းသာအားရ ပြေးကော တာပေ့ါ။ လက်ထဲလည်းရောက်ရော ဘူးလေးထဲကအနံ့လေးက မွှေးတာနဲ့ ဘူးထဲ ကျန်လိုကျန်ငြား မော့သောက်လိုက်မိတယ်။ သောက်ပြီးလို့ ဘူးနဲ့နှုတ်ခမ်းခွါ အချိန်မှာပဲ ကျွန်တော့်မျက်နှာကို ခွပ်ကနဲနေအောင် အထိုးခံလိုက်ရတယ်။

ဗျာ ဘယ်သူက ဘာဖြစ်လို့ထိုးတာလဲဟုတ်လား ဦးလေး။ ဘယ်သူရှိဦးမလ ဦးလေးရာ။ စောစောတုန်းက ထိုင်နေတဲ့အတွဲက အစ်ကိုကြီးပေ့ါ။ သူ့ရည်းစား လည်း တစ်ချိန်လုံးလာလာကြည့်တယ်။ ပြီးတော့ သူ့ရည်းစားနှုတ်ခမ်းရာပေနေ နေရာကို လာနမ်းတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ထိုးတာပဲ။ ရှင်းပြလိုက်ရတာ တစ်ကိုယ်လုံ ဇောချွေးတွေရော ကြောက်ချွေးတွေရော ရွှဲရွဲစိုတဲ့အထိပါပဲဦးလေးရာ။ မရယ်နဲ့ဦးလေ ရဲ့ အဲဒါတကယ်ဖြစ်ခဲ့တာ။ အဲဒီအချိန်ကစပြီး နောက်ဆို ဘယ်လောက် မွှေးတဲ့ဘူး ဖြစ်ဖြစ် ကောက်ပြီးတာနဲ့ အိတ်ထဲ တန်းပြီးပစ်ထည့်လိုက်တော့တာပဲ။

ကျွန်တော် အရမ်းစိတ်ညစ်တဲ့အတွဲတွေလည်း ရှိတယ်။ ကောင်လေးက တစ်ဘူး၊ ကောင်မလေးကတစ်ဘူး။ တစ်ယောက်တစ်ဘူးစီကိုင်ပြီး သောက်လိုက စကားပြောလိုက်လုပ်နေတော့ နှစ်ဘူးရမှာပဲလို့ အပိုင်တွက်ပြီး အဲဒီအတွဲနားမှ အကျအန ထိုင်စောင့်နေလိုက်တယ်။

ဟာ ဦးလေးကလည်း ချောင်းဖို့မဟုတ်ပါဘူး။ ဒီအလုပ်လုပ်ကတည်းက အတွဲတွေဘာပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ ကျွန်တော် စိတ်မဝင်စားတော့ဘူး

ကျွန်တော်စိတ်ဝင်စားတာ သူတို့လွှင့်ပစ်မယ့် သံဘူးလှလှတွေပဲ။ ကျွန်တော် အပြောကောင်းနေတုန်း ဦးလေးကဖြတ်ဖြတ်မေးတာ ဒုက္ခရောက်တယ်ဗျာ။ အဲဒီ စောစောကဘူးကိုယ်စီနဲ့သောက်နေတဲ့အတွဲကို ကျွန်တော်ထိုင်စောင့်နေလိုက်တာ မနက်ဆယ်နာရီကနေ ပန်းခြံပိတ်တဲ့ ညနေခြောက်နာရီအထိပဲ။

သူတို့နှစ်ယောက်ကတော့ ဘာတွေစားထားလို့ ဗိုက်ပြည့်နေလဲမသိပါဘူးဗျာ။ ထမင်းဆာတဲ့ပုံလည်း မပေါက်၊ ဗိုက်ဆာတဲ့ပုံလည်း မပေါက်ပါဘူး။ တစ်ယောက်လက်ကိုတစ်ယောက် တင်းတင်းဆုပ်ပြီး ပြောလိုက်ကြတဲ့စကားများဗျာ တစ်ချက်မှမနားဘူး။ ကျွန်တော်လား ကျွန်တော်ကတော့ ဗိုက်ဆာတာပေါ့ဦးလေးရာ။ ဒါပေမယ့်ဘယ်လောက်ဆာဆာ အိမ်ပြန်မစားရဲဘူးလေ။

မနက်ဆယ်နာရီကတည်းက စောင့်နေခဲ့ရတာဆိုတော့ ကျွန်တော့်ဘက်ကပေးခဲ့ရတဲ့ အရင်းအနှီး တော်တော်များနေပြီ။ ကျွန်တော် ထမင်းသွားစားတုန်းများသူတို့လွှင့်ပစ်လိုက်လို့ တစ်ယောက်ယောက်ကောက်သွားရင် ကျွန်တော်ရင်ကျိုးရမှာ။ သေချာတာကတော့ဦးလေးရာ သူတို့ပန်းခြံပိတ်ရင် ဒီနေရာကတော့ထရမှာ။ သူတို့ထတာနဲ့ အဲဒီနှစ်ဘူး ကျွန်တော်ရပြီ။

အဲဒီမျှော်လင့်ချက်နဲ့ပဲ ကျွန်တော်ထမင်းဆာတာကိုမေ့၊ ဗိုက်ထဲက တဂွီဂွီနဲ့မြည်နေတဲ့အသံကို မကြားချင်ယောင်ဆောင်ပြီး ပေစောင့်နေလိုက်တယ်။ ပန်းခြံပိတ်ဖို့ ဂလိုင်လည်းလိုက်ခေါက်ရော အဲဒီအတွဲလည်း နေရာကထရတော့တာပဲ။ အဲဒီမှာပဲ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်တော့တာပဲ ဦးလေးရာ။ ဘာဖြစ်လို့လဲဟုတ်လား။

ဘာဖြစ်ရမှာလဲဦးလေးရာ အဲဒီအတွဲက သူတို့သောက်ပြီးသားအခွံတွေကိုကြုံတဲ့နေရာမလွှင့်ပစ်ဘဲ လက်ကလေးနဲ့ ညှစ်ဖိချေပြီး သူတို့အိတ်ထဲ အသီးသီးပြန်ထည့်သွားကြတယ်။ မနက်စာငတ်ပြီး ဖင်ပူအောင်စောင့်ရတာပဲ အဖတ်တင်တယ်ဦးလေးရာ။ အဲဒီလို စည်းကမ်းရှိတဲ့ လူတွေနဲ့ကြုံရတော့ အရင်းရှုံးတယ်ဦးလေးရဲ့။

အရက်လာသောက်တဲ့လူတွေရော ဒီပန်းခြံထဲမလာဘူးလား ဟုတ်လားဦးလေး။ လာတာပေါ့ဦးလေးရာ ဘယ်မလာဘဲ နေပါ့မလဲ။ ဒီမှာက လေကောင်းလေသန့်လည်းရတယ်။ သစ်ရိပ်တွေကြောင့်လည်း အေးတယ်ဆိုတော့ နေ့ခင်းနေ့လည်မှာ အေးအေးလူလူ သောက်ချင်တဲ့သူတွေက ဒီမှာလာသောက်တတ်ကြတယ်လေ။ လာသောက်တဲ့လူတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် မှတ်မှတ်ရရကြုံဖူးတာရှိတယ်။ ပြောပြမှာပေါ့ဦးလေးရာ ဘယ်လိုဖြစ်လို့လာနေတာလဲ။ ဒီတစ်ခုပြောပြီးရင်တော့ ကျွန်တော်ပြန်တော့မယ်။ ဒီနေ့ကတွက်ခြေမကိုက်သေးဘူး။

အဲဒီနေ့က ဟိုဘက်ခြ[illegible]ရှိတဲ့ကရဝိတ်ကြီးနဲ့ တည့်တည့်ကမ်းစပ်မှာ လူလေးယောက် အရက်ထိုင်သောက်နေကြတာ အရက်ပုလင်းတွေရော ဘီယာဘူးတွေရော အလိုက်ကြီးပဲပေ့ဦးလေးရာ။ ကျွန်တော်လည်း ရွှေပုံကြီးတော့ အလွတ်မခံဘူးဆိုပြီး ထမင်းချိုင့်နဲ့ ထိုင်စောင့်နေလိုက်တယ်။ ဗျာ ထမင်းချိုင့်ဘာဖြစ်လို့ ဆောင်တာလဲ ဟုတ်လား။ ဟိုတစ်ခါအတွဲကတည်းက ပညာရသွားပြီလေဦးလေးရဲ့။

အဲဒီကတည်းက ထမင်းချိုင့် ဆောင်တတ်လာတာပဲ။ သူတို့က ဘီယာတွေသောက်လိုက်၊ ဘူးခွံတွေလွှင့်ပစ်လိုက် ကျွန်တော်ကလည်း သူတို့လွှင့်ပစ်တဲ့ဘူးခွံတွေကို ပြေးကောက်လိုက် အိတ်ထဲထည့်လိုက်နဲ့ ပျော်စရာကောင်းလိုက်ပုံများဦးလေးရာ ရွာကဘုရားထီးတင်ပွဲမှာ ပိုက်[illegible]ကောက်နေရတဲ့အတိုင်းပဲ။ ပုလင်းတွေဆိုတာလည်း တစ်လုံးပြီးတစ်[illegible]ပေ့။ သူတို့ဝိုင်းသိမ်းလို့ထတဲ့အချိန်မှာ ကျွန်တော်ဆီ ဘီယာဘူးခွံတွေ မြေဩချဲ့အိတ်နဲ့တစ်လုံးရတယ်။

သူတို့ပြန်မယ်လုပ်တော့ ကျွန်တော်လည်း ကိုကုလားကြီးဆီသွားဖို့ ပြင်ရတော့တာပေ့။ အဲဒီအချိန်မှာပဲ သူတို့အထဲက အသားမည်းမည်း ဗိုက်ရွှဲရွှဲ ကွမ်းတပျစ်ပျစ်စားတတ်တဲ့လူကြီးက ကျွန်တော့်ကိုတွေ့သွားပြီး လှမ်းခေါ်တယ်။ အနားရောက်တော့ မင်းစည်ပင်ကလားလို့မေးတယ်။ ကျွန်တော်က မဟုတ်ပါဘူးလို့လည်း ဖြေရော ဒါဆိုရင်မင်းဘာဖြစ်လို့ ဒါတွေကို လိုက်သိမ်းနေရတာလဲတဲ့။ အမှန်အတိုင်းပဲ ရောင်းစားဖို့ပါလို့ ပြောလိုက်တယ်။

ရောင်းစားရင် ဘယ်လောက်ရမလဲလို့မေးတော့ စိတ်တွက်နဲ့တွက်ကြည့်ပြီး တစ်သောင်းလောက်တော့ရနိုင်တယ်လို့ ပြောလိုက်တယ်။ ဒီမှာတင် အဲဒီဦးလေးကြီးက ပြောပါလေရောဗျာ။ ဘာပြောလဲဟုတ်လား ဦးလေး။ မလောပါနဲ့ဗျာ ပြောမှာပေ့။ ကျွန်တော်လည်း အိမ်ပြန်ချင်နေပါပြီ။ ဦးလေးနဲ့စကားပြောရတာ အချိန်တော်တော်ကုန်သွားလို့ မမှောင်ခင် ဟိုအပင်ပေါ်က ကျီးကန်းတွေလိုပဲ ပန်းခြံတစ်ခုလုံးပတ်ပြီး ကျီးကန်းတောင်းမှောက်လိုက်ကြည့် ဘူးခွံတွေလိုက်ရှာရဦးမှာ။

စောစောက လူကြီးက ဘာပြောလိုက်တာလဲဆိုတော့ မင်းအဲဒါတွေရောင်းစားလို့ တစ်သောင်းရမယ်ဆိုရင် ငါ့ကို ငါးထောင်ပေး။ အဲလိုပြောတော့ နောက်နေတယ်ထင်တာနဲ့ အစ်ကိုကြီးရာ မနောက်ပါနဲ့လို့ပြောလိုက်ရော မင်းကိုနောက်နေတာမဟုတ်ဘူးကောင်လေး အတည်ပြောနေတာ။ မင်း ဘာအရင်းမှ မစိုက်ရဘဲ တစ်သောင်းရမယ့်ကိစ္စမှာ ငါတို့အရင်းစိုက်ထားတဲ့လူတွေကို မင်းတစ်ဝက်တော့ပေးသင့်တယ်တဲ့။ ကျွန်တော့်လို ဘူးခွံကောက်ပြီး ရောင်းစားနေရတဲ့ လူတစ်ယောက်အိတ်ထဲမှာ ဘယ့်လိုလုပ် ပိုက်ဆံငါးထောင် အဆင်သင့်ရှိပုံမလဲဦးလေးရာ။

ဒီလို ကျွန်တော့်မှာ မပါဘူးလို့လည်းပြောလိုက်ရော မင်းကောက်ထားသမျှ ပုလင်းခွံ တွေ ဘူးခွံတွေ ငါတို့ကားပေါ် တင်လိုက်တဲ့။

ကျွန်တော်လည်း ကြောင်တောင်တောင်နဲ့ ကားပေါ် သွားတင်လိုက်တော့ တို့လည်း ကားပေါ် တက်ထိုင်ကြတယ်။ စောစောကလူကြီးက ကားမထွက်ခင် ကွမ်းတံတွေး ပျစ်ကနဲတစ်ချက်ထွေးလိုက်ရင်း ကျွန်တော့်ကို ပြောသွားတယ်။ းက အလကားရတဲ့ပစ္စည်းကိုတောင် လောဘကြီးပြီး တစ်ဝက်မပေးချင်တော့ တစ်ပြားမှမရတော့ဘူးပေါ့ကွာတဲ့။ ပြောပြီး ကားမောင်းထွက်သွားတယ်။ ကျွန်တော့် အိတ်ထဲမှာ တစ်ပြားမှမပါတာကို သူမှမသိဘဲကိုဦးလေးရဲ့။

ဒီလို လူကတ်  တွေနဲ့လည်းကြုံခဲ့ဖူးတာပဲ။ ဂဲ ကျွန်တော်ပြောရတာလည်း ပြီ။ ဦးလေ  ရတာလည်း နားငြီးလှရောပေါ့။ သွားတော့မယ်ဗျာ။ ဟင် ပိုက်ဆံနှစ်ထောင် ဘာအတွက်ပေးတာလဲ ကျွန်တော့်အကြောင်းတွေ ပြောပြလို့ တ်လား။ မယူပါဘူး ဦးလေးရယ်။ ကျွန်တော့်အကြောင်းပြောပြရတာ ဘာအရင်း က်ရတာမှတ်လို့ ဦးလေး ပြန်သိမ်းထားလိုက်ပါ။

ဗျာ ခါးကြားက ဘာအိတ်ကြီးလဲ ဟုတ်လား။ မြွေရေခွံအိတ်လေ ဦးလေး ။ ညှော်လာများလို့ ပစ္စည်းများများရတဲ့နေ့ဆိုရင် အိတ်တစ်လုံးတည်းနဲ့ မဆန့်ဘူး လေ။ ဒါကြောင့် အိတ်အပိုယူလာရတာ။ ဒီနေ့တော့ သယ်ရတာလေးတာပဲ အဖတ် ာင်တယ်။ မစွံပါဘူး။ ဂဲ သွားပြီဦးလေးရေ နောင်လမ်းတွေ့ရင်လည်း နှုတ်ဆက် ပေါ့ဗျာ။

ဗျာ ဘာဆုတောင်းလဲ ဟုတ်လား ဦးလေး။

ဘာဆုတောင်းသလဲဆိုရင် ရွာမှာကျန်ခဲ့တဲ့ အိမ်ကလေးကို ဒီတစ်မိုးမှာ က်ကယ်အသစ်မိုးနိုင်ဖို့အတွက် ပိုက်ဆံများများရအောင် ဒီပန်းခြံထဲကို ညှော်သည် တွေ များများလာပါစေ။ အချိုရည်ဘူးတွေ များများသောက်ပါစေ။ ပြီးတော့ ည်းကမ်းမရှိဘဲ ဘူးတွေကို ဟိုပစ်ဒီပစ် ပစ်ကြပါစေ။ လူကတ်တွေနဲ့လည်း မတွေ့ရ ပါစေနဲ့။ အဲဒီလိုမျိုးတွေ ဆုတောင်းတာပေါ့ဗျာ။

ဒီညတော့ တောင်းရမယ့်ဆု ထပ်တိုးသွားပြီ။ ဘာဆုလဲ ဟုတ်လား။ အရည်မရအဖတ်မရနဲ့ ပေါက်တတ်ကရတွေ လျှောက်မေးနေတဲ့ ဦးလေးလိုလူမျိုးတွေ ကို နောက်ထပ်တစ်ခါ မဆုံပါရစေနဲ့လို့ပေါ့ဗျာ။

မရယ်နဲ့ဦးလေး ကျွန်တော် တကယ်ပြောနေတာ။

**ပြီး**



# သဲ တဲ ရေ

# မင်းမှော

မြင်လိုက်ရတဲ့မြင်ကွင်းက ဒေါ်မြင့်ရဲ့ရင်ထဲမှာ တော်တော်ကိုစိတ်ထိခိုက် ကြေကွဲစေပါတယ်။ လမ်းထိပ်မှာ ကွမ်းယာရောင်းတဲ့ ကွမ်းယာသည် ကျော်မင်းက မြေကြီး မှာ ပက်လက်လန်လဲနေတဲ့ မောင်သောင်းစိန်ရဲ့ ရင်ဘတ်ပေါ် ခွထိုင်ပြီး မျက် ဟယ်ပြန်ညာပြန်ထိုးနေတဲ့ မြင်ကွင်းအား မကြည့်ရက်တော့တာကြောင့် လက ထဲမှာကိုင်ထားတဲ့ ဈေးခြင်းတောင်းကို ကပျာကယာပစ်ချပြီး ကျော်မင်း သောင်းစိန်ရှိရာကို အပြေးတစ်ပိုင်းသွားလိုက်ပါတော့တယ်။

"ဟဲ့ မောင်ကျော်မင်း ဘာဖြစ်လို့ အားနည်းတဲ့သူကို အနိုင်ကျင့်နေ တာလဲ"

"ကျွန်တော် အနိုင်ကျင့်နေတာ မဟုတ်ဘူးဒေါ်မြင့်၊ ဒီကောင် စော စီးစီး ဆိုင်ကိုလာပြီး ကျက်သရေယုတ်နေလို့ ကျွန်တော်ဆုံးမနေတာ"

"မင်းကို မောင်သောင်းစိန်က ဘာများလုပ်မိလို့လဲကွယ်"

"ဘာလုပ်ရမလဲ ဒေါ်မြင့်ရယ်၊ ဈေးဦးတောင်မပေါက်သေးတဲ့ဆိုင်ကို လာပြီးတော့ ပိုက်ဆံတောင်းတယ်လေ၊ ပိုက်ဆံတောင်းလို့ တစ်ရပ်ကွက်တည်းသား ချင်းတွေဆိုပြီး ကျွန်တော်က သနားလို့ ပိုက်ဆံနှစ်ရာပေးတော့ ပိုက်ဆံနှစ်ရာ မယူဘဲ ပိုက်ဆံတစ်သိန်းပေးပါတဲ့၊ မနက်စောစောစီးစီး ပြဿနာမဖြစ်ချင်လို့ မင်းငါ့ဆိုင်က ထွက်သွားပါတော့ကွာလို့ ပြောနေတာကို နားမထောင်ဘဲ ပိုက်ဆံ တစ်သိန်းဖွတ်တောင်းနေလို့ ကျွန်တော်ဒီကောင့်ကို ဆုံးမနေတာ"

"မင်းကလည်းကွယ် မောင်သောင်းစိန်အကြောင်းသိရဲ့သားနဲ့ ဘာ

ိုလုပ်ရတာလဲ၊ ကဲ မောင်သောင်းစိန် ထ ထ ဒေါ်မြင့်အိမ်ကိုလိုက်ခဲ့နော်"

ဒေါ်မြင့်ရဲ့ပြောစကားအဆုံးမှာတော့ ကွမ်းယာသည်ကျော်မင်းရဲ့ ာက်သီးချက်ကြောင့် မြေကြီးပေါ်မှာ ပက်လက်လန်လဲကျနေတဲ့ မောင်သောင်းစိန် ာ လဲနေရာကနေ သူ့ရဲ့လွယ်အိတ်ကလေးရယ်၊ ထီးကလေးရယ်၊ ဦးထုပ်ကလေး ယ်ကို ကောက်ကိုင်ပြီး ဒေါ်မြင့်ကို မော့ကြည့်ပြီးမေးလိုက်ပါတယ်။

"ကျွန်တော် ဘယ်ကိုလိုက်ရမှာလဲ ဒေါ်မြင့်"

"ဒေါ်မြင့်အိမ်ကိုပေ့ါ မောင်သောင်းစိန်ရယ် လာ ထ ထ" ဒေါ်မြင့်ရဲ့ ကားဆုံးတာနဲ့ အထိုးခံလိုက်ရတဲ့ဒဏ်ကြောင့် နှုတ်ခမ်းမှာစွန်းထင်းနေတဲ့ သွေးစ တွေကိုသုတ်ရင်း မောင်သောင်းစိန် ထရပ်လိုက်ပါတယ်။ ဒေါ်မြင့်နှင့် မျက်နှာချင်း ိုင်ရပ်မိတဲ့အချိန်မှာ ဒေါ်မြင့်ကို အားကိုးတကြီးနဲ့ ကြည့်ရင်း

"ကျွန်တော် ဒေါ်မြင့်နဲ့လိုက်ခဲ့လို့ရှိရင် အစ်ကိုကြီးအတွက်လိုနေတဲ့ ရှ့နေခ တစ်သိန်းရမှာလားဟင်"

"ရမှာပေ့ါမောင်သောင်းစိန်ရယ် ဒေါ်မြင့်ပေးမှာပေ့ါ ဒေါ်မြင့်နဲ့လိုက်ခဲ့နော်"

မောင်သောင်းစိန်ကို အိမ်လိုက်ခဲ့ဖို့ ခေါ်လာခဲ့တဲ့ ဒေါ်မြင့်ရဲ့ရင်ထဲမှာ တော့ မောင်သောင်းစိန်နဲ့ပတ်သက်ပြီး အတွေးပေါင်းများစွာဟာ သူ့ရဲ့ဦးနှောက် ထဲမှာ နေရာယူနေပါတော့တယ်။ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်များ မောင် သောင်းစိန်ဟာ သူ့အစ်ကိုကြီး သောင်းတင်ရယ်၊ သူ့ညီ သောင်းဝင်းရယ်၊ သူ့ညီမ သောင်းခင်ရယ်လို ညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံရတာလဲဆိုတာ စဉ်းစား ရလောက်အောင်ကို ဖြစ်နေပါတော့တယ်။

မောင်သောင်းစိန်ကိုခေါ်လာတဲ့ ဒေါ်မြင့်ဟာ သူ့အိမ်ကိုရောက်တာနဲ့ အိမ်ရှေ့က ဧည့်ခန်းထဲမှာ မောင်သောင်းစိန်ကို ထိုင်ခိုင်းပြီး ဈေးခြင်းတောင်းကို ီးဖိုချောင်မှာ သွားထားလိုက်ပါတယ်။ ထားပြီးတာနဲ့ ဧည့်ခန်းထဲကခုံပေါ်မှာ ိုင်နေတဲ့ မောင်သောင်းစိန်အနားကိုကပ်ထိုင်ရင်း. .

"မောင်သောင်းစိန် ဘာဖြစ်လို့ စောစောစီးစီး သူများကွမ်းယာဆိုင်မှာ ိုက်ဆံတောင်းနေရတာလဲ"

"ကျွန်တော် သူ့ကွမ်းယာဆိုင်မှာ ပိုက်ဆံသွားတောင်းနေတာ ကျွန်တော့် အတွက်မဟုတ်ပါဘူး ဒေါ်မြင့်ရယ်"

"မင်းအတွက်မဟုတ်ရင် ဘယ်သူ့အတွက် မင်းက ပိုက်ဆံတောင်းနေ ရတာလဲ။ ပြီးတော့ သူများဆီက ပိုက်ဆံတောင်းတယ်ဆိုတာ တစ်ရာမျိုး နှစ်ရာမျိုး လောက်ဆိုရင်တော့ ကောင်းတာပေ့ါကွယ် တစ်ထောင်လောက်တောင်းတယ်

ဆိုရင်တော့ မသင့်တော်ဘူး။ အခု မင်းက တစ်သိန်းတောင် တောင်းတယ်ဆို
တော့ လွန်တာပေါ့ကွယ်"

ရပ်ကွက်ထဲမှာ ရပ်မိရပ်ဖတစ်ယောက်လို ဖြစ်နေတဲ့အတွက် မောင်
သောင်းစိန်ကို ဆုံးမစကားတွေ ပြောနေသော်လည်း ဒေါ်မြင့်ရဲ့ရင်ထဲမှာ မောင်
သောင်းစိန်အတွက် ကြေကွဲစိတ်ကလေးကတော့ ရှိနေတာအမှန်။ ဘာကြောင့်
တောင်းတာလဲလို့ မေးလိုက်ပေမယ့် မောင်သောင်းစိန် ပိုက်ဆံတစ်သိန်း လိုက်
တောင်းနေရတဲ့အကြောင်းကို ဒေါ်မြင့်ရဲ့ရင်ထဲမှာ သိနေသလိုပါပဲ။

"သူများတွေဆီက ပိုက်ဆံလိုက်တောင်းနေတာ ကျွန်တော့်အကျိုး
အတွက် မဟုတ်ပါဘူး ဒေါ်မြင့်ရယ်။ လူသတ်မှုနဲ့ အချုပ်ခံနေရတဲ့ ကျွန်တော့်
အစ်ကိုကြီး အချုပ်ကလွတ်အောင် ရှေ့နေငှားပေးဖို့အတွက် ရှေ့နေခရအောင်
ကျွန်တော် လိုက်တောင်းနေတာပါ။ တစ်ယောက်ကို တစ်ရာတောင်းရင် ကျွန်တော်
လူတွေအများကြီးကို အချိန်တွေအကြာကြီး လိုက်တောင်းနေရမှာပေါ့။ အချိန်တွေ
ကြာနေရင် ကျွန်တော့်အစ်ကိုကြီး အချုပ်ထဲမှာ အကြာကြီးနေရမှာပေါ့။ အဲဒါ
ကြောင့် တစ်ယောက်ကိုတစ်သိန်း တောင်းနေတာပါ ဒေါ်မြင့်ရယ်"

မောင်သောင်းစိန်ရဲ့စကားအဆုံးမှာတော့ မောင်သောင်းစိန်ပြောသမျှကို
နားထောင်နေတဲ့ ဒေါ်မြင့်ရဲ့မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ ဝဲကနဲတက်လာ
ပါတယ်။ စကားပြောတာ အရှိန်ရနေတဲ့ မောင်သောင်းစိန်ကတော့ သိစိတ်ကင်းမဲ့
နေတဲ့သူပီပီ သူပြောချင်တဲ့စကားတွေကို ဆက်ပြီးပြောနေပါတော့တယ်။

"အစ်ကိုကြီးက ကျွန်တော့်ကို အရမ်းအားကိုးတာဒေါ်မြင့်ရဲ့ ကျွန်တော်
သာ ရှေ့နေငှားမပေးနိုင်ဘူးဆိုရင် အစ်ကိုကြီးထောင်ကျမှာ အဲဒါကြောင့်
အစ်ကိုကြီးကို ရှေ့နေငှားပေးဖို့ ပိုက်ဆံလိုက်တောင်းနေတာ"

မိသားစုအပေါ်မှာ သိတတ်တဲ့ မွေးချင်းတစ်ယောက်ကို ဘာဖြစ်လို့များ
အားလုံးက ပိုင်းပယ်စွန့်ပစ်ပြီး ချန်ထားခဲ့ကြပါလိမ့်လို့ ဒေါ်မြင့်စဉ်းစားရင်း
မောင်သောင်းစိန်တို့ မိသားစုအကြောင်းကို တွေးနေမိပါတော့တယ်။

× × ×

မောင်သောင်းစိန် ငယ်ငယ်တုန်းမှာပဲ အဖေနဲ့အမေဆုံးသွားတဲ့အတွက်
အစ်ကိုအကြီးဆုံးရယ် သူ့အောက်ကညီလေးရယ် အငယ်ဆုံးညီမလေးရယ်ကို
မောင်သောင်းစိန်က သူ့အဖေရဲ့လက်ငုတ်လက်ရင်းပညာ အမွေဖြစ်တဲ့ အနီ
သည်လုပ်ငန်းနဲ့ ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်လာခဲ့တာပါ။

ညီအစ်ကိုမောင်နှမတွေအပေါ်မှာ သူဘယ်လောက်ပဲ သိတတ်သိတင်

းတင့်ရှောက်စောင့်ရှောက် အစ်ကိုအကြီးဆုံးကလည်း မောင်သောင်းစိန်အပေါ် ဂ မငဲ့ညှာသလို ညီလေးနဲ့ညီမအငယ်ဆုံးကလည်း ရှာဖွေကျွေးမွေးနေတဲ့ ကျေးဇူး ှင်ဆိုပြီး ချစ်ခင်အားကိုးတာမျိုး အသိအမှတ်ပြုတာမျိုးမရှိခဲ့ပါဘူး။

အစ်ကိုအကြီးဆုံးဖြစ်တဲ့ သောင်းတင်က မောင်သောင်းစိန်ဆီက တောင်း ှိုရသမျှပိုက်ဆံကို အရက်သောက် ဖဲရိုက်ပစ်သလို ညီအငယ် သောင်းဝင်းက ည်း သူတစ်ယောက်တည်းရဲ့ဘဝကောင်းစားဖို့ နိုင်ငံခြားမှာသွားပြီး အလုပ် ုပ်ချင်တဲ့စိတ်နဲ့ အဖေနဲ့အမေထားခဲ့တဲ့ အိမ်ကလေးကိုရောင်းပြီး အမွေခွဲဖို့ ကြိုးစားနေတာပါ။ အငယ်ဆုံးဖြစ်တဲ့ ညီမလေးကတော့ အရက်နံ့တွေ လောင်း ကစားနံ့တွေ ဆင်းရဲတဲ့အနံ့တွေနဲ့ ဖုံးလွှမ်းနေတဲ့ ဒီအသိုင်းအဝိုင်း ဒီပတ်ဝန်းကျင် ကနေ ခွန့်ခွာသွားဖို့အတွက် အားကိုးရမယ့် ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ဖို့ အချိန်တိုင်းကြိုးစားနေတာပါ။ အဲဒီလို ညီအစ်ကို မောင်နှမတွေရဲ့ကြားမှာ မောင်သောင်းစိန်ဟာ သူတတ်ထားတဲ့ အနှိပ်ပညာလေးနဲ့ သူ့ညီအစ်ကို မောင်နှမ တွေကို ခါးမလှပေမယ့် ဝမ်းဝအောင် အတတ်နိုင်ဆုံး ရှာဖွေကျွေးမွေးနေခဲ့တာပါ။

ညဘက်တွေဆိုရင်လည်း အပိုဝင်ငွေရအောင်ဆိုပြီး ဆိုက်ကားတစ်စီး နဲ့ပိုက်ဆံရှာနေတတ်တာ မောင်သောင်းစိန်ပါပဲ။ အဲဒီလို မောင်သောင်းစိန် ပင်ပန်း ကြီးနဲ့ ဆိုက်ကားနင်းနေတဲ့အချိန်၊ အနှိပ်နှိပ်နေတဲ့အချိန်တွေမှာ သူ့အစ်ကိုကြီး က အရက်ဆိုင်မှာထိုင်ပြီး အရက်သောက်နေသလို သူ့ညီကလည်း ဘယ်အချိန် ကျမှ သွားရမှန်းမသိတဲ့ နိုင်ငံခြားအကြောင်းကို သူငယ်ချင်းတွေနဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ အာပေါင်အာရင်းသန်သန်ပြောနေတတ်ပါတယ်။

× × ×

အတိတ်ကိုစဉ်းစားရင်း လက်ရှိအချိန်ကိုမေ့နေတဲ့ ဒေါ်မြင့်ဟာ မောင် သောင်းစိန်ရဲ့စကားကြောင့် အတွေးရေယာဉ်ကြောမှာ မျောနေရာကနေ မောင် သောင်းစိန်မျက်နှာကို ကြည့်လိုက်မိပါတယ်။

"ဒေါ်မြင့် ကျွန်တော် အစ်ကိုကြီးကို ရှေ့နေငှားပေးဖို့အတွက် ပိုက်ဆံ လိုက်ရှာလိုက်ဦးမယ်နော်"

"ဘယ်ကိုသွားပြီး ဘယ်မှာရှာဦးမလို့လဲ မောင်သောင်းစိန်ရယ်။ မင်းညီမ လေးက သူဌေးနဲ့ရပြီး သူဌေးကတော်ဖြစ်နေတာပဲ။ သူ့ဆီကို သွားတောင်းပါ့လား"

ဒေါ်မြင့်ရဲ့စကားအဆုံးမှာတော့ ညှော်ခန်းထဲက ခုံပေါ်မှာထိုင်နေတဲ့ မောင်သောင်းစိန်ဟာ ဒေါ်မြင့်ရဲ့မျက်နှာကိုစေ့စေ့ကြည့်ပြီး မျက်လုံးထဲက မျက်ရည် တွေဟာ တလိမ့်လိမ့်စီးကျလာပါတော့တယ်။

"ညီမလေးဆီကို ကျွန်တော်သွားပြီးပြီ ဒေါ်မြင့်ရဲ့။ သူနဲ့သူ့ယောကျ်ား အပြင်သွားဖို့ ကားကြီးနဲ့ထွက်အလာမှာ ကျွန်တော် လမ်းလယ်ခေါင်ကနေရပ်ပြီး အစ်ကိုကြီးအတွက် ရှေ့နေခကို ညီမလေးဆီကတောင်းတယ်။ ညီမလေးက ကျွန်တော့်ကို ဘာပြောလဲသိလား"

"ဘာပြောလိုက်လဲ မောင်သောင်းစိန်"

"ညီမလေးက ကျွန်တော့်ကိုပြောတယ်။ ရှင့်ကို ကျွန်မသိလည်းမသိဘူး မြင်လည်းမမြင်ဖူးဘူး။ ကျွန်မဘဝမှာလည်း ဘယ်တုန်းကမှ အစ်ကိုဆိုတာတွေ မရှိခဲ့ဖူးဘူးတဲ့။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ သူ ယောကျ်ားယူတော့မယ် လို့ ပြောတဲ့အချိန်မှာ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို ကတိတစ်ခု တောင်း ခဲ့တယ်။ သူ့ယောကျ်ားနဲ့ သူ့ယောကျ်ားရဲ့ ဆွေမျိုးသားချင်းတွေကို သူက ဥတစ်လုံး တစ်ကောင်ကြွက်ဆိုတဲ့အကြောင်း၊ သူ့မှာ ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိဘူး ဆိုတဲ့အကြောင်း၊ သူ အိမ်ထောင်ကျပြီးရင် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် စလုံးက သူနဲ့သေခန်းဖြတ်ဖို့အကြောင်း ကတိပေးခိုင်းခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် က ကတိမတည်တာပါ ဒေါ်မြင့်ရယ်။ ဒါကလည်း အစ်ကိုကြီးအတွက်ကြောင့်ပါ"

သူ့ဘဝအကြောင်းတွေပြောပြနေတဲ့ မောင်သောင်းစိန်ရဲ့ မျက်လုံးတွေ ဟာ ဒေါ်မြင့်ကိုမမြင်ဘဲ သူနဲ့အဝေးဆုံးကိုရောက်နေကြတဲ့ သူ့အစ်ကိုကြီးရယ် သူ့ညီလေးရယ်၊ သူ့ညီမလေးရယ်ကို မြင်ယောင်နေသလိုပါပဲ။ ကလေးလေး တစ် ယောက်လို တတွတ်တွတ်နဲ့ပြောနေတဲ့ မောင်သောင်းစိန်ရဲ့ မျက်နှာကိုကြည့်ရင်း ကြည့်ရင်း ဒေါ်မြင့်ရဲ့ရင်ထဲမှာ ကြေကွဲဝမ်းနည်းတဲ့စိတ်ဟာ တရိပ်ရိပ်နဲ့ လှိုက်လှိုက်တက်လာပါတယ်။

အစ်ကိုကြီးဖြစ်သူ အရက်သောက် ဖဲရိုက်ဖို့ရယ်၊ ညီလေးဖြစ်တဲ့သူ နိုင်ငံခြားသွားဖို့ရယ်၊ စုံကန်ထွက်သွားမယ့် အငယ်ဆုံးညီမရဲ့ မင်္ဂလာဆောင်စရိတ် ရဖို့ရယ်၊ သူတို့ ညီအစ်ကိုမောင်နှမတွေပိုင်တဲ့ အိမ်ကလေးကိုရောင်းချပြီး အစ်ကို့ကို အမွေခွဲပေး၊ ညီကို အမွေခွဲပေး၊ ညီမကို အမွေခွဲပေး၊ သူ့အတွက်ရတဲ့ဝေစုကို လည်း အမွေမယူဘဲနဲ့ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေကို ခွဲဝေပေးခဲ့တဲ့အထိ ညီ အစ်ကိုမောင်နှမတွေအပေါ်မှာ အချစ်ကြီးချစ်ခဲ့တဲ့ မောင်သောင်းစိန်ဟာ အခုချိန် မှာတော့ စားတော့ထမင်းဆိုင်၊ အိပ်တော့ ဘုန်းကြီးကျောင်းဆိုတဲ့ ဘဝကို ရောက် နေပါပြီ။ မောင်သောင်းစိန်ရဲ့အဖြစ်ကို မကြည့်ရက်တော့တဲ့ ဒေါ်မြင့်ဟာ

"မောင်သောင်းစိန်ရယ် မင်းအစ်ကိုကြီးကလည်း ကလေးမှမဟုတ်ဘဲ။ ပြီးတော့ သူ့အခုခံနေရတာကလည်း သူ တကယ်ကျူးလွန်ခဲ့တဲ့ အမှုအတွက်ပဲလေ

မင်း ဘာဖြစ်လို့ ကိုယ့်ဒုက္ခကို ရှာနေရတာလဲ။ အပူမီးနဲ့တူတဲ့ သံယောဇဉ်တွေကို ဖြတ်ပြီး အေးအေးချမ်းချမ်း နေလိုက်ပါတော့လားကွယ်"

"ဘယ်ဖြစ်ပါ့မလဲ ဒေါ်မြင့်ရယ်၊ အစ်ကိုကြီးက ကျွန်တော့်ကို အရမ်းအားကိုးတာဗျ၊ ညီလေးကလည်း အခု နိုင်ငံခြားမှာ။ သူ့ဘဝနဲ့သူ အဆင်ပြေနေပြီ။ ကျွန်တော်တို့ဆီကို စာတောင်မရေးဘူး။ ညီမလေးကလည်း သူ့အိမ်ထောင်နဲ့သူ အဆင်ပြေနေပြီ။ ကျွန်တော့်ကိုတောင် မသိတော့ဘူး။ အဲဒီတော့ အစ်ကိုကြီးအတွက် လုပ်ပေးရမယ့်လူဆိုလို့ ကျွန်တော်တစ်ယောက်ပဲရှိတာ။ အစ်ကိုကြီးအတွက် ရွှေနေငွေးဖို့ ကျွန်တော် ပိုက်ဆံလိုက်ရှာလိုက်ဦးမယ် ဒေါ်မြင့်ရယ်"

စကားအဆုံးမှာတော့ မောင်သောင်းစိန်ဟာ ထိုင်နေရာကနေထပြီး ဘေးမှာချထားတဲ့ သူ့ရဲ့လွယ်အိတ်ကလေးရယ်၊ အနှိပ်သည်ဘဝတုန်းကဆောင်ခဲ့တဲ့ ထီးကောက်အမည်းလေးရယ်ကိုယူပြီး ဒေါ်မြင့်ရဲ့အိမ်ထဲကနေ တရွေ့ရွေ့ထွက်ခွာသွားပါတော့တယ်။ အရမ်းချစ်တဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ခွဲရလို့ ကြေကွဲနေတဲ့စိတ်၊ သူ့ရဲ့အစ်ကိုအကြီးဆုံး လူသတ်မှုနဲ့ အချုပ်ခံနေရတဲ့အချိန်မှာ ဘာတစ်ခုမှ လုပ်မပေးနိုင်တဲ့အတွက် အားငယ်နေတဲ့စိတ်၊ ညီမအရင်းဖြစ်တဲ့သူက ရှင့်ကို ကျွန်မမသိပါဘူးလို့ အပြောခံလိုက်ရတဲ့အချိန်မှာ ရှက်ရွံ့ဝမ်းနည်းသွားရတဲ့စိတ်၊ အဲဒီစိတ်တွေ အားလုံးပေါင်းလိုက်တဲ့ဒဏ်ဟာ မောင်သောင်းစိန်ရဲ့ဦးနှောက်ကို ဖျက်ဆီးပစ်လိုက်တဲ့အတွက် သူ ယဉ်ယဉ်လေးနဲ့ ရူးသွားရရှာတာပါ။

ဝါးဦးထုပ်တစ်လုံး၊ လွယ်အိတ်တစ်လုံး၊ ထီးကောက်အမည်းတစ်ချောင်းလက်ကကိုင်ပြီး နေ့မအိပ်၊ ညမအိပ် လမ်းပေါ်မှာ တွေ့သမျှလူကို သူ့အစ်ကိုကြီးရဲ့ရွှေနေခအတွက် ပိုက်ဆံလိုက်တောင်းနေတဲ့ မောင်သောင်းစိန်ကို သတိထားပြီးကြည့်မယ်ဆိုရင် လမ်းတွေပေါ်မှာ တွေ့နိုင်ပါတယ်။ ညီအစ်ကိုမောင်နှမတွေအပေါ်မှာ သူ ဘယ်လောက်ပဲချစ်ချစ် သံယောဇဉ်နှင့် စေတနာကို တန်ဖိုးထားရကောင်းမှန်းမသိတဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ ဆုံလိုက်ရတော့ မောင်သောင်းစိန်ရဲ့ ချစ်ခြင်းမေတ္တာတွေဟာ မောင်သောင်းစိန်အတွက်တော့ သံထဲရေသွန်ပါပဲ။

လမ်းတွေပေါ်မှာ သွားရင်းလာရင်း သတိထားပြီး ကြည့်လိုက်မယ်ဆိုရင် သူ့ရဲ့အစ်ကိုကြီးအတွက် ပိုက်ဆံလိုက်ရှာနေတဲ့ မောင်သောင်းစိန်ကို ဝါးဦးထုပ်တစ်လုံး၊ လွယ်အိတ်တစ်လုံး၊ ထီးကောက်တစ်ချောင်းနဲ့ အခုအချိန်ထိ တွေ့နိုင်ပါသေးတယ်။

**မင်းမောင်**

ငယ်ငယ်ကတည်းက မဖြေချင်ဆုံးမေးခွန်းနဲ့ မကြားချင်ဆုံး မေးခွန်းဆို ပြောပါဆိုရင် အဖေ့နာမည်နဲ့ အလုပ်အကိုင်ပါပဲ။ ဘာကြောင့်မှန်းလည်း မသိပါဘူး ဗျာ။ ကျောင်းတက်ဖို့ပဲဖြစ်ဖြစ် အလုပ်လုပ်ဖို့ပဲဖြစ်ဖြစ် မိန်းမယူဖို့ပဲဖြစ်ဖြစ် အဖေ့ နာမည်နဲ့ အလုပ်အကိုင်က မရှိမဖြစ်လိုနေသလို မပါမဖြစ်လည်းပါနေတော့တာပဲ။

သူငယ်တန်းကျောင်းအပ်တုန်းက အဖေ့နာမည်နဲ့ အလုပ်အကိုင်ဆိုတာ ကျောင်းလက်ခံတဲ့လူတွေက မေးကြမှာပါ။ ဒါပေမယ့် အဲဒီအချိန်တုန်းက ကျွန်တော် အရမ်းငယ်နေသေးတော့ အဲဒီမေးခွန်းကိုမကြားလိုက်သလို အဲဒီ မေးခွန်းရဲ့အဓိပ္ပါယ် ဘယ်လောက်ထိ တာသွားတယ်ဆိုတာ ကျွန်တော်မသိခဲ့ပါဘူး။

ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း ကျောင်းအပ်တဲ့ အချိန်တိုင်းမှာ အဖေ့နာမည်နဲ့ အလုပ်အကိုင်ဆိုတာကို ကျောင်းသားလက်ခံတဲ့ ဌာနမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေက မေးခဲ့ကြမှာပါ။ ဒါပေမယ့် ကျွန်တော်မပါဘ အမေသွားအပ်တာရယ်၊ အမေနဲ့ကျွန်တော် အတူတူသွားအပ်ပေမယ့် သူငယ်ချင်း တွေနဲ့တွေ့လို့ ကျောင်းသားသစ်လက်ခံတဲ့ဌာနနဲ့ အဝေးဆုံးနေရာမှာ ကစားနေခြင်း တာတွေကြောင့်လည်း ဒီမေးခွန်းရဲ့ နှိပ်စက်တဲ့ဒဏ်က လွတ်ကင်းနေခဲ့တာပါ။

အဖေ့နာမည်၊ အလုပ်အကိုင်လို့ ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး အမေးခံလိုက်ရတာ ငါးတန်းနှစ်မှာပါ။ ကျောင်းသားလက်ခံတဲ့စာရွက်ပေါ်မှာ ဖြည့်နေတဲ့ဆရာက ကျွန်တော့်အပေါ်မှာ ဘယ်လိုအမြင်အတေးမှမရှိပေမယ့် သူ့မေး



# အဖေဆိုတာ

မင်းဒုပမိုး

လိုက်တဲ့ အဖေနာမည်နဲ့ အလုပ်အကိုင်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ရှက်ပြီး ဂုဏ်ငယ်ခဲ့တာ မှတ်မှတ်ရရ အဲဒီအချိန်က စခဲ့တာပဲ။

ထင်ချင်ထင်ပါလိမ့်မယ်။ အဖေနာမည်နဲ့ အလုပ်အကိုင် အမေးခံရတာ ဟာ ရှက်စရာ ဂုဏ်ငယ်စရာလားလို့။ ကျွန်တော့်အတွက်ကတော့ အဲဒီအချိန်မှာ အဖေ့နာမည်ကိုပြောရတာရယ် အဖေ့ရဲ့အလုပ်အကိုင်ကို ရှာဖွေပြီးပြောရတာရယ် ဟာ အရမ်းကို ရှက်စရာ ဂုဏ်ငယ်စရာဖြစ်နေပါတယ်။

အဖေ့နာမည် ဘယ်သူ၊ အလုပ်အကိုင် ဘာလို့ပြောလိုက်တဲ့အချိန်မှာ မေးတဲ့လူတွေရဲ့ မျက်နှာပြောင်းလဲမသွားသလို သူတို့ရဲ့အမူအရာတွေလည်း ပြောင်း လဲမသွားပါဘူး။ ကျွန်တော်ကကျတော့ အဖေ့ရဲ့နာမည်ဟာ ဘယ်သူလို့ ပြောလိုက် တဲ့အချိန်မှာ အဲဒီလူတွေရဲ့ မျက်နှာရော အမူအရာရော အကုန်လုံး ပြောင်းလဲသွားပြီး ကျွန်တော့်အပေါ် ဆက်ဆံနေတဲ့ အနေအထားတွေကိုပါ ဗျာများသလဲ ဖြစ်ကုန်စေချင် တာ။ အဖေဟာ တိုင်းသိပြည်သိ သူဌေးကြီးတစ်ယောက် ဒါမှမဟုတ်ရင်လည်း အုပ်ချုပ်ရေးဘက်မှာ ရာထူးကြီးကြီးရထားတဲ့ လူတစ်ယောက်။ အဲဒီလို အဖေမျိုး ဖြစ်စေချင်တာ။ ကျွန်တော်ဖြစ်စေချင်တာတွေတစ်ခုမှမဖြစ်တဲ့ အဖေဟာ ကျွန်တော့် အတွက်တော့ ရှက်စရာ ဂုဏ်ငယ်စရာပေါ့။

ကျွန်တော်ဖြစ်စေချင်တဲ့ အဖေမျိုးမဖြစ်လို့ ဂုဏ်ငယ်ပြီး စိတ်ပျက်နေရ တဲ့အထဲ ကျွန်တော်မလုပ်စေချင်တဲ့အလုပ်တွေကိုလည်း အဖေ တက်တက်ကြွကြွ လုပ်ပါတယ်။ ဘာတွေလဲဆိုတော့ ကျွန်တော်တို့ မြို့ကလေးကို တာဝန်နဲ့ပြောင်း ရွှေ့ရောက်ရှိလာတဲ့ ပါတီတို့ကောင်စီတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လူကြီးတွေနဲ့ ပြဿနာဖြစ်တဲ့ ကိစ္စတွေပါပဲ။ ကျွန်တော်က မြို့ကိုရောက်လာတဲ့ အာဏာပိုင်အဖွဲ့ အစည်းနဲ့ အဖေနဲ့ပြဿနာမဖြစ်ဘဲ ခင်အောင်မင်အောင် ပေါင်းသင်းပြီး ကျွန်တော် တို့မိသားစု ချမ်းသာလာအောင် စီးပွားရေးလုပ်စေချင်တာ။ ဒါပေမယ့် ကျွန်တော် ဖြစ်စေချင်တာက တစ်ခု၊ ဖြစ်နေတာက တစ်ခုပါ။

အုပ်ချုပ်ရေးပိုင်းက ဝန်ထမ်းတွေနဲ့ ပြဿနာဖြစ်ရတာ ကျွန်တော်တို့ မိသားစုရဲ့ ကိုယ်ကျိုးစီးပွားနဲ့လည်း မဆိုင်ပါဘူး။ အဖေ့ရဲ့မိတ်ဆွေတွေဖြစ်တဲ့ တောသူ တောင်သားတွေ လက်လုပ်လက်စားတွေနဲ့ပတ်သက်ပြီး အဖေကကြားဝင်ဝင်ရပ်၊ ရှေ့ကနေ ခေါင်းခံဖြေရှင်းတော့ အုပ်ချုပ်ရေးပိုင်းကလူတွေနဲ့ ထိပ်တိုက်တွေ့ပြီး ပြဿနာတွေဖြစ်ကုန်တာ။

ဘယ်လို ပြဿနာတွေလဲဆိုတော့ တစ်မြို့လုံးသောက်ဖို့တူးထားတဲ့ ကန်တော်ကြီးထဲက ရေတွေကိုခြံခတ်ပြီး လေလံပစ်တဲ့ကိစ္စမျိုးမှာ အဖေနဲ့ကျွန်တော်

တို့မြို့ကလေးက စည်ပင်နဲ့ပြဿနာဖြစ်တယ်။ လယ်သမားတွေဆီက စပါးတွေဝယ်ပြီး အပြင်ပေါက်ဈေးထက် နှိမ်ရှင်းပေးတဲ့အခါ အစိုးရအဝယ်ဒိုင်နဲ့ အဖေနဲ့ပြဿနာဖြစ်ပါတယ်။ အချုပ်ထဲက အချုပ်သားတွေ နေ့တိုင်း ရေဝအောင် မချိုးရတဲ့အတွက် ရဲစခန်းကလူတွေနဲ့ အဖေနဲ့ပြဿနာဖြစ်ပါတယ်။ ဆေးရုံတက်နေတဲ့ လူတွေအတွက် လိုအပ်တဲ့ဆေးဝါးတွေကို ဆေးရုံကဆေးဆိုင်မှာ ဝယ်လို့မရတဲ့အခါ ဆေးရုံအုပ်ကြီးနဲ့အဖေ ပြဿနာဖြစ်ပါတယ်။ အလှည့်ကျလာတဲ့ လမ်းမီးက နောက်ကျပြီးတော့မှ လာပြီး စောစောငြိမ်းလို့ ရပ်ကွက်ထဲမှာ သူခိုးပူတော့ အဖေနဲ့လျှပ်စစ်ရုံးနဲ့ ပြဿနာဖြစ်ပါတယ်။ အသုံးလိုတဲ့ပစ္စည်းကိုတော့ ထုတ်မပေးဘဲ၊ အသုံးမလိုတဲ့ပစ္စည်းတွေကို ထုတ်ပေးနေတဲ့ သမဆိုင်ရဲ့ အရောင်းတာဝန်ခံနဲ့ အဖေနဲ့ ပြဿနာတက်ပါတယ်။ ပြောရရင်တော့ ကျွန်တော်တို့မြို့ပေါ်မှာ အဖေနဲ့ ပြဿနာမဖြစ်ဘူးတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းဆိုတာ မရှိသလောက်ပါ။ ကျွန်တော်က အုပ်ချုပ်ရေးဝန်ထမ်းတွေနဲ့ အဆင်ပြေအောင်ပေါင်း တည့်အောင်နေပြီး သူတို့ထိုးပေးလိုက်တဲ့ လက်မှတ်တစ်ချက်နဲ့ ကျွန်တော်တို့မိသားစုကို ချမ်းချမ်းသာသာထားပေးနိုင်တဲ့ အဖေမျိုးလိုချင်ပေမယ့် ဝန်ထမ်းပေါင်းစုံနဲ့ ရန်ဖြစ်ပြီး ပြဿနာပေါင်းစုံနဲ့ အဖေ့ကိုပဲ ကျွန်တော်ရခဲ့တာပါ။ အဲဒီတော့လည်း အဖေ့ကို အဖေတော်ရတာ တော်တော် စိတ်ပျက်ဖို့ကောင်းပါတယ်။

ရုံးပြင်ကနားနဲ့ ပတ်သက်ပြီး ပြဿနာ တက်နေပါတယ်လို့ တစ်ယောက်ယောက်ကများ သူ့ကို လာပြောပြီးခါရင် ထီးတစ်ချောင်းခါးချိတ်ပြီး တက်တက်ကြွကြွနဲ့ ချက်ချင်းထလိုက်သွားတတ်တာ အဖေပါပဲ။ သူများကိစ္စနဲ့ပတ်သက်ရင် အဲဒီလို တက်ကြွသလောက် ကျွန်တော်တို့မိသားစုအရေးနဲ့ ပတ်သက်ရင်တော့ လှည့်ကြည့်ဖော်မရသလို မင်းတို့အဆင်ပြေရဲ့လားဆိုတဲ့ မေးခွန်းကိုလည်း တစ်ခါတစ်လေတောင် မေးဖော်မရပါဘူး။ ဖြစ်စေချင်တဲ့ အဖေမျိုးမဖြစ်တဲ့အတွက် ဂုဏ်ငယ်ပြီး စိတ်ပျက်နေရတဲ့အထဲမှာ မိသားစုအတွက် ပိုက်ဆံရှိရာရှိကြောင်း ဘာတစ်ခုမှ လုပ်ပေးဖော်မရလို့ ပိုပြီး စိတ်ပျက်ခဲ့တာ အမှန်ပါပဲ။

ငွေကြေးစည်းစိမ်ချမ်းသာ ပိုင်ဆိုင်မှုနဲ့ပတ်သက်ရင် အဖေသေသာသွားရောကျွန်တော်တို့အတွက် ဘာတစ်ခုမှ ဟုတ်တိပတ်တိ လုပ်ပေးမသွားပါဘူး။ ကားတို့ တိုက်တို့ ခြံတို့ဆိုတာ ဝေလာဝေးပေါ့ဗျာ။ အဖေသေတဲ့အချိန်မှာ ဥစ္စာပစ္စည်းနဲ့ ပတ်သက်ရင် အဖေ့အမွေဆိုလို့ ကျွန်တော်တို့မှာ ခွဲစရာဘာမှမရှိပါဘူး။

ကျွန်တော်ကတော့ ငယ်ငယ်ကလေးတည်းက ရှာရှာဖွေဖွေ စပ်စုတတ်တဲ့ လူမို့ အဖေ့ရက်လည်မှာ အဖေ့ဘီရိုကို မွှေနှောက်ရှာဖွေကြည့်တော့ ကဒ်ပြားငါးခု တွေ့ရပါတယ်။ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌကဒ်ရယ်၊ မြို့မိမြို့ဖအသင်း ဥက္ကဋ္ဌ

ကဒ်ရယ်၊ ဆွမ်းဆန်စိမ်း လောင်းလှူရေး အသင်း ဥက္ကဋ္ဌကဒ်ရယ်။ အခြားလူမှုရေး အသင်းနှစ်သင်းမှာ ဥက္ကဋ္ဌအဖြစ် လုပ်ထားတဲ့ ကဒ်ရယ်။ အဲဒီငါးကဒ်ကိုပဲ အဖေ့ အမွေအဖြစ် အိတ်ထဲထည့်ပြီး ရန်ကုန်ပြန်လာခဲ့ပါတယ်။

အဖေဆုံးပြီး လေးလလောက်ကြာတဲ့အချိန်မှာ မိန်းကလေးတစ်ယောက်ကို ကာယအိန္ဒြေပျက်စီးအောင် ကြံစားတယ်ဆိုတဲ့ အမှုနဲ့ ရဲစခန်းမှာ ကျွန်တော် အမှုဖွင့်ခံရပါတယ်။ ကျွန်တော့်ကို အမှုဖွင့်ပြီးလို့ တရားလို မိန်းကလေးနဲ့ သူ့အမေ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ ကောင်မလေးရဲ့ အဖေဖြစ်တဲ့သူကို အမေက အကျိုးအကြောင်းပြောပြပါတယ်။ အဖေလုပ်တဲ့သူက သူတို့ တရားခံအဖြစ် အမှုဖွင့်ခဲ့တဲ့ ကျွန်တော့်ရဲ့ အဖေနာမည်နဲ့ အလုပ်အကိုင်ကို မေးပါတယ်။ ရာထူးကြီးကြီးလား၊ တိုင်းသိပြည်သိ သူဌေးကြီးလားပေါ့ဗျာ။ အဲဒါမျိုးဆိုရင် အမှုအခြေအနေက တစ်မျိုးပြောင်းသွားနိုင်တယ်လေ။

သားအမိနှစ်ယောက်စလုံးကလည်း သူတို့စုံစမ်းထားချက်အရ ကျွန်တော့် အဖေနာမည်နဲ့ နေရပ်ကို သိနေတာကြောင့် ဦးအောင်ကြည်လို့ခေါ် ကြောင်း ဘိုကလေးသားဖြစ်ကြောင်းပြောပြပါတယ်။ သူတို့မိသားစုတွေ ပြောနေကြတဲ့အချိန်မှာ အနားမှာရှိတဲ့ သူတို့ဘကြီးက အဖေ့နာမည်နဲ့ ဇာတိကို ကြားလိုက်တယ်ဆိုရင်ပဲ ဘိုကလေးက ဦးအောင်ကြည်ဆိုရင် သူကောင်းကောင်းသိကြောင်း၊ လူမှုရေး စိတ်ဓါတ်အလွန်ပြင်းထန်ပြီး ရပ်ကျိုးရွာကျိုးကို တတ်နိုင်သလောက်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း။ အသောက်အစား လောင်းကစားကင်းပြီး သေတဲ့အထိ နာမည်ပျက်မရှိကြောင်း၊ ဒီလိုလူမျိုး၏သားတွင် ယခုလိုစိတ်ဓါတ်မျိုးရှိမည် မထင်ကြောင်း နားလည်မှုလွဲ၍ အထင်မှားသောကိစ္စသာ ဖြစ်ရမည်ဟု ကာယကံရှင် မိဘနှစ်ပါးကို ရှင်းလင်းပြောပြသောကြောင့် ရဲစခန်းတွင် တိုင်ကြားခဲ့သောအမှုကို တရားရုံးရောက်သည့်အချိန်၌ အဖေ့နာမည်ကိုငဲ့၍ တစ်ဖက်မှ အမှုကိုရုတ်သိမ်းသွားခဲ့ပါတယ်။

သူတို့ပြောခဲ့သလိုပါပဲ။ အဖေဟာ သူမွေးဖွားကြီးပြင်းခဲ့ရာ သူ့ရွာ၊ သူ့ ဒေသနှင့် သူ့ပတ်ဝန်းကျင်အကျိုးကို အမြဲတမ်းမျှော်ကိုးပြီး ဆောင်ရွက်တတ်သူပါ။ မဟုတ်မမှန်သောစကားကိုလည်း ဘယ်တုန်းကမှ ပြောလေ့မရှိခဲ့သူပါ။ နေတာထိုင်တာ သွားတာလာတာလည်း အလွန်အိန္ဒြေရတဲ့သူပါ။ အသောက်အစားကင်းပြီး ငါးပါးသီလကိုလည်း အတတ်နိုင်ဆုံးလုံခြုံခဲ့တဲ့သူပါ။

ကျွန်တော်ကတော့ အဖေနဲ့ပြောင်းပြန်ပါပဲ။ အရွယ်ရောက်တဲ့အချိန်မှာ ဇာတိကိုစွန့်ပြီး တနယ်တကျေးကို ထွက်ခွာလာခဲ့ပါတယ်။ မှသားမပါ လက်ာမချော ဆိုတဲ့ စကားကိုလည်း လက်ကိုင်ပြုထားပါတယ်။ ဘီယာတို့ အရက်တို့ကိုလည်း

ဟိုလူ့အကြောင်းပြလိုက်၊ ဒီလူ့အကြောင်းပြလိုက်နဲ့ သောက်တတ်ပါတယ်။ ငါးပါး သီလမြဲတဲ့နေ့ရယ်လို့လည်း မရှိခဲ့ပါဘူး။ နှစ်ပါး သုံးပါးကတော့ အမြဲကျိုးနေပါတယ်။

အခု ကျွန်တော် အဖေနေရာမှာ ရောက်နေပါပြီ။ အဖေတုန်းက ကျွန်တော့်ကို ဖန်တီးမပေးနိုင်တဲ့ ဘဝမျိုးတွေကို သမီးလေးအတွက် ကျွန်တော် ဖန်တီး ပေးထားနိုင်ခဲ့ပါတယ်။ ငွေကြေးစည်းစိမ် ပြည့်စုံကြွယ်ဝမှု။ ဒါပေမယ့် အဖေ ဖန်တီး ပေးခဲ့တဲ့ အင်မတန်မှကိုအဖိုးတန်တဲ့ အရာတစ်ခုကိုတော့ သမီးလေးအတွက် ဖန်တီး မပေးနိုင်ပါဘူး။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ မောင်နှမတွေကို အဖေ ဖန်တီးပြီး အမွေပေးခဲ့တဲ့ ကောင်းသတင်းဆိုတဲ့ အမွေပါပဲ။

အဖေပေးခဲ့တဲ့ အမွေဟာ အဖေသေသွားပြီးတဲ့ နောက်ပိုင်းမှာတောင် ကျွန်တော့်အတွက် လုံခြုံစေခဲ့ပါတယ်။ ဂုဏ်တက်စေခဲ့ပါတယ်။ အဖေ့သားဖြစ်ရ တာ ဂုဏ်ငယ်ခဲ့တဲ့ ရှက်ခဲ့ဖူးတဲ့ စိတ်ပျက်ခဲ့ဖူးတဲ့ ကျွန်တော်ဟာ အဖေသေသွားပြီး တဲ့နောက်မှာပဲ အဖေ့ရဲ့လုပ်ရပ်နဲ့ စိတ်ဓါတ်ရဲ့ ကောင်းသတင်းကြောင့် ကျွန်တော့် ဘဝကို အရှက်တစ်ကွဲ အကျိုးနည်းဖြစ်စေမယ့် အခြေအနေမျိုးကနေ လွတ်မြောက် စေခဲ့ပါတယ်။

ကျွန်တော့်သမီးများ အရွယ်ရောက်လို့ ကျွန်တော် ကြုံရတဲ့အဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုရင် သမီးလေး ကျွန်တော့်လို လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဖေ ကျွန်တော့်အပေါ် မှာပေးခဲ့တဲ့ ကောင်းသတင်းအမွေ လိုမျိုး ကျွန်တော့်သမီးလေးကို ကျွန်တော်မပေးနိုင်သေးလို့ပါ။ အဖေ ဖန်တီးမပေး နိုင်ခဲ့တဲ့ ငွေကြေးစည်းစိမ်နဲ့ ပြည့်စုံကြွယ်ဝမှုတွေ သမီးလေးကို ပေးထားသလို အဖေ ကျွန်တော့်ကို မပေးခဲ့တဲ့ မကောင်းသတင်းအမွေတွေကိုလည်း သမီးလေးကို ကျွန်တော်ပေးနေဖြစ်ခဲ့လို့ပါ။

အဖေဆိုတာရဲ့ အဓိပ္ပါယ်ကို စဉ်းစားကြည့်မိပါတယ်။ သားသမီးတွေကို ဘယ်လို အလုပ်မျိုးနဲ့ပဲဖြစ်ဖြစ် ချမ်းချမ်းသာသာ တင့်တောင့်တင့်တယ် ထားပေးနိုင် အောင် ကြိုးစားတာ အဖေလား။ သားသမီးတွေရဲ့ ဘဝ မြင့်မားသည်ထက် မြင့်မား အောင် လမ်းပြဦးဆောင်ပြီး လက်တွဲခေါ် ဆောင်ပေးတာ အဖေလား။ လူသေသွားပေ မယ့် သူ့ရဲ့နာမည်နဲ့ ကောင်းသတင်းတွေမသေဘဲ လောကကြီးထဲမှာ ကျန်ခဲ့တဲ့ သားသမီးတွေကို သူ့ရဲ့ကောင်းသတင်းကြောင့် ဂုဏ်တက်စေတာ အဖေလား။

အဖေဆိုတာ တစ်ခုခုနဲ့တော့ ပြည့်စုံနေမှာပါ။

**မဝင်းစုမိုး**

အကြောင်းအမျိုးမျိုးကြောင့် သွားချင်လို့ပဲဖြစ်ဖြစ် အကြောင်းအမျိုးမျိုးနဲ့ မသွားချင်လို့ပဲဖြစ်ဖြစ် ငါ့ဝမ်းပူဆာ မနေသာတဲ့အချိန်မျိုး ကမ္ဘာမီးလောင်လို့ ချနင်းစရာ သားတောင်မရှိတဲ့အချိန်မျိုးမှာ ကျွန်တော်တို့တွေဟာ ပုံသဏ္ဌာန်မျိုးစုံနဲ့ အမေ့အိမ်ကို စွန့်ခွာထွက်သွားတတ်ကြပါတယ်။

အမေ့အိမ်ကို စွန့်ခွာသွားလို့ အမေ့အိမ်နဲ့ဝေးပြီး သူများတွေရဲ့အိမ်မှာ ငှားနေရတာမျိုးပဲဖြစ်ဖြစ် အဆင်ပြေလို့ အပိုင်ဝယ်ပြီး ကိုယ့်အိမ်ကိုယ့်ယာနဲ့ နေရတာမျိုးပဲဖြစ်ဖြစ် နေခွင့်ကိုယ်စီ ရနေကြပေမယ့်

အလုပ်ထဲမှာ အဆင်မပြေတဲ့အခါ ဘဝမှာ အရှုံးနိမ့်တဲ့အခါ

မျှော်လင့်စရာ လက်ကျန်ရယ်လို့ သိပ်မရှိတော့တဲ့အခါ



ဒီအခြေအနေထက်ပိုပြီး မအောင်မြင်နိုင်တော့ဘူးလို့ သိလိုက်ရတဲ့အခါ

ကိုယ်နေနေရတဲ့ ပတ်ဝန်းကျင်ရယ် ဆက်ဆံပေါင်းသင်းနေရတဲ့

လူတွေရယ်နဲ့ အံဝင်ခွင်ကျ မဖြစ်တော့တဲ့အခါ

လျှောက်လိုက်ရင် ခဏလေးနဲ့ ရောက်မယ်လို့ထင်ထားတဲ့ ပန်းတိုင်ကို

မှုန်ဝါးဝါးတောင် တွေ့ခွင့်မရနိုင်တော့တဲ့အခါမျိုးတွေမှာ အကြောင်းအမျိုးမျိုးနဲ့ ထားရစ်စွန့်ခွာခဲ့ရတဲ့ အမေ့အိမ်ကို သတိရလွမ်းဆွတ်တဲ့စိတ် အားကိုးတွယ်တာတဲ့စိတ်တွေနဲ့ ခဏဖြစ်ဖြစ်တော့ အပြေးပြန်ချင်တတ်ကြပါတယ်။ ဒါဟာ

ရှုံးနိမ့်နေတဲ့ လူတွေရဲ့ခံစားချက်ပါ။ အမေ့အိမ်ကို စွန့်ခွာပြီး အဝေးကို ထွက်သွားကြတဲ့ လူတွေထဲမှာ လိုရာပန်းတိုင်ကို ခလုတ်မထိဆူးမငြိဘဲ ရယူပိုင်ဆိုင်နိုင်ခဲ့လို့ ကျေနပ်ပျော်ရွှင်နေကြတဲ့ လူစားတွေလည်းရှိပါတယ်။

ဒါပေမယ့် သူတို့လည်း အချိန်အားလပ်ပြန်ခွင့်သာရမယ်ဆိုရင် အမေ့အိမ်ကို ခဏဖြစ်ဖြစ် ပြန်ချင်ကြတာပါ။ ရှုံးနိမ့်နေတဲ့သူတွေဟာ အင်အားတစ်ခု ပြန်ဖြစ်ဖို့ အမေ့အိမ်ကို ပြန်လာချင်ကြသလို အောင်မြင်ပျော်ရွှင်နေတဲ့ လူတွေကလည်း အားအင်တွေဖြည့်ဆည်းပေးဖို့ အမေ့အိမ်ကို ပြန်လာချင်ကြတာပါပဲ။

ကဲ အဲဒါဆိုရင် ကျွန်တော်တို့ စဉ်းစားကြည့်ရအောင်။

အမေ့အိမ်ကိုစွန့်ခွာပြီး ထွက်လာခဲ့ကြတဲ့ ကျွန်တော်တို့တွေအားလုံး ရှုံးနိမ့်ရင်ပဲဖြစ်ဖြစ် အောင်မြင်ရင်ပဲဖြစ်ဖြစ် အမေ့အိမ်ကို ပြန်ချင်ကြတယ်ဆိုရင် အစတည်းက အမေ့အိမ်ကို စွန့်ခွာပြီး ထွက်မသွားကြဘဲ နေမယ်ဆိုရင်ရော မရဘူးလား။ မဖြစ်နိုင်ဘူးလား။

စွန့်ခွါမသွားတဲ့ဘက်ကနေ စဉ်းစားကြည့်မယ်ဆိုရင် အမေ့အိမ်မှာ မွေးခဲ့တယ်။ အမေထွန်ယက်စိုက်ပျိုးခဲ့တဲ့ အသီးအနှံတွေကို စားသုံးရင်း ကျွန်တော်တို့ လူလားမြောက်ခဲ့တယ်။ အမေပေးနိုင်တဲ့အသိ အမေသင်ပေးနိုင်တဲ့ပညာနဲ့ ကျွန်တော်တို့ ဦးနှောက်ကို ဖွံ့ဖြိုးကြီးထွားလာခဲ့တယ်။

ဒါပေမယ့် အမေ့ရင်ခွင်၊ အမေ့အိမ်ကနေ ခြံစည်းရိုးတောင် ကျော်မကြည့်ခဲ့တဲ့အတွက် ကျွန်တော်တို့တွေဟာ အရွယ်ရောက်လာခဲ့သည့်တိုင်အောင် ကလေးဆိုးကြီးလိုဖြစ်နေပြီး ကျွန်တော်တို့ကို အရွယ်ရောက် လူလားမြောက်အောင် အစစအရာရာ ဖြည့်ဆည်းပေးခဲ့တဲ့ အမေ့အိမ်ကို ဝါးတစ်ချောင်း နီးတစ်ပျစ်တောင် ကူပြင်ပေးဖော်မရတဲ့ အမေ့ကို ဒုက္ခပေးနေတဲ့ သားလိမ္မာ ကလေးဆိုးကြီးတွေ ဖြစ်နေမှာ အသေအချာပဲ။

ဒါပေမယ့်လည်း အကောင်းဘက်က ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေအကုန်လုံး အမေ့အိမ်၊ အမေ့အရိပ်မှာ ဥမကွဲ သိုက်မပျက် နေထိုင်နိုင်ကြသလို အမေ့အိမ်ကို စွန့်ခွာထွက်သွားတဲ့ သားသမီးတွေ မရှိတော့တဲ့အတွက် လောကကြီးအလယ်မှာ အမေလည်း ဂုဏ်မငယ်ရတော့ဘူး ပေါ့။ အမေ့အိမ်မှာလည်း အားကိုးရမယ့် သားသမီးတွေ မဆုံးရှုံးရတော့ဘူးပေါ့။

ဒါဆိုရင်အမေ့အိမ်ကို စွန့်ခွာထွက်သွားတဲ့ဘက်က စဉ်းစားကြည့်ရအောင်။

ကိုယ့်ဘဝကို လူတစ်လုံးသူတစ်လုံးနဲ့ ပညာတတ်ကြီး တစ်ယောက်ဖြစ်အောင် စောင့်ရှောက်မွေးမြူခဲ့တဲ့ အမေ့အိမ်ကိုစွန့်ပြီး ထွက်ခွာသွားတဲ့အတွက်

သားဆိုးတွေလို့ အပြောခံရနိုင်ပေမယ့်

အမေမပေးနိုင်တဲ့အသိ အမေ့ဆီမှာ မရနိုင်တဲ့ပညာ အမေ့အရိပ်မှာ ပန်တီးခွင့်မရနိုင်တဲ့ ဘဝမျိုးတွေကို ပတ်ဝန်းကျင်အသစ် နယ်မြေအသစ် လူအသစ်တွေကြားထဲမှာ ဖန်တီးတည်ဆောက်ခွင့်ရတဲ့အတွက် စွန့်ခွာထွက်လာခဲ့တဲ့ ကျွန်တော်တို့ရဲ့ဦးနှောက်တွေ ပိုပြီးဖွံ့ဖြိုးလာသလို မကြုံဆုံခဲ့ရဖူးသေးတဲ့ လောကဓံရဲ့ ရိုက်ခတ်မှုတွေကြောင့် ကျွန်တော်တို့ရဲ့ နှလုံးသားတွေလည်း ပိုပြီးရင့်ကျက်လာခဲ့တယ်။

အသိသစ် အတွေးသစ်တွေနဲ့ ပန်းတိုင်အသစ်တွေကို ရှာဖွေပြီး ဖျက်လုပ်လိုက်တဲ့အရုပ်တွေလိုပဲ လူအသစ်တွေ ဖြစ်လာကြတယ်။ အမေ့အိမ်မှာ နေခဲ့ရတဲ့ဘဝထက် ပြည့်စုံသာလွန်တဲ့ဘဝမျိုးကို တည်ဆောက်လာနိုင်ခဲ့တယ်။ ပြီးတော့ အမေ့အိမ်မှာ တစ်စုံတစ်ခုလိုအပ်ခဲ့တယ်ဆိုရင်လည်း အိမ်တိုင်တစ်ချောင်းပဲဖြစ်ဖြစ် သွပ်တစ်ချပ်ပဲဖြစ်ဖြစ် အချိန်မရွေး ကူမပေးနိုင်တယ်လေ။

ကျွန်တော်စဉ်းစားမိတာ ခေါင်းစဉ်တပ်ထားတဲ့ အတိုင်းပါပဲ။ စွန့်ခွာသွားသင့် မသွားသင့်ဆိုတာ။ စွန့်ခွာသွားလို့ အမေ့အိမ်အတွက် ကောင်းခြင်းတွေရှိသလို ဆိုးခြင်းတွေလည်းရှိနိုင်ပါတယ်။ ပြောင်းပြန် ပြန်စဉ်းစားကြည့်မယ်ဆိုရင် အမေ့အိမ်ကို စွန့်ခွာမသွားတဲ့အတွက် ဆိုးခြင်းတွေရှိသလို ကောင်းခြင်းတွေလည်း ရှိနိုင်ပါတယ်။

လူ့ဘဝကို အသက်လေးဆယ်အရွယ်မှာ စတာဆိုတော့ လူ့ဘဝကို ခတော့မယ့် ကျွန်တော်တို့မှာ အမေ့အိမ်ကိုစွန့်ခွာသွားတဲ့ အခြေအနေပေါ် ကောင်းခြင်းဆိုးခြင်းကို တိကျတဲ့အဖြေ မထုတ်နိုင်သေးတာ သိပ်ပြဿနာ မရှိလှသေးပေမယ့် ကျွန်တော်တို့ရဲ့ သားတွေ သမီးတွေကများ အမေ့အိမ်ကို စွန့်ခွာသွားသင့် မသွားသင့် ကျွန်တော်တို့ကို လာမေးခဲ့ရင် ကျွန်တော်တို့ ဘယ်လိုများ ဖြေရမှာပါလိမ့်။

တကယ်လို့ မိတ်ဆွေမှာ သားသမီးတွေရှိခဲ့လို့ သူတို့ကများ မေးလာခဲ့ရင် မိတ်ဆွေလည်း စဉ်းစားပြီးဖြေကြည့်ပါဦး။

အမေ့အိမ်ကို စွန့်ခွာသွားသင့် မသွားသင့်ဆိုတာ . . .။

ကျော်မောင်

တကယ်တော့ ကျွန်မတို့ရွာကလေးဟာ ကုန်းခေါင်ခေါင်မှာရှိနေတဲ့ ရွာမဟုတ်သလို တောင်တန်းတွေပေါ်မှာ မေးတင်ထားတဲ့ရွာလည်း မဟုတ်ပါဘူး။ ရန်ကုန်ကနေ မှန်လုံအမြန်ကားကြီးတွေနဲ့ လိုက်လာမယ်ဆိုရင် မကွေးမြို့ မရောက်ခင် မိုင်သုံးဆယ်လောက်အလိုမှာ ကားပေါ်ကဆင်းလိုက်ပြီး ငါးမိနစ်လောက် ခြေလျင်လျှောက်လိုက်တာနဲ့ ကျွန်မတို့ရဲ့ကန်နီရွာကလေးကိုရောက်ပါတယ်။

ကျွန်မတို့ရွာကလေးဟာ အဝေးပြေးကားလမ်းနံဘေးမှာ ရှိနေတယ်ဆိုပေမယ့် ကားလမ်းနဲ့မျဉ်းပြိုင် တည်ဆောက်ထားတဲ့ ရွာမျိုးမဟုတ်ပါဘူး။ ကားလမ်းနဲ့ ထောင့်မှန်ကျကျ တည်ဆောက်ထားတဲ့ ရွာလေးတစ်ရွာပါ။ အုတ်တိုက်ဆိုလို့ တစ်ရွာလုံးလက်ချိုးရေမှ လေးလုံးပဲရှိတာပါ။ ရွာမှာက ဖျဉ်ထောင်သွပ်မိုးအိမ်ကလေးတွေရယ်၊ သက်ကယ်မိုး ဝါးထရံကာ အိမ်ကလေးတွေရယ်က အများဆုံးပါ။

ရွာသူရွာသားတွေရဲ့ အလုပ်အကိုင်ကလည်း အညာဒေသမှာရှိတဲ့ တခြားရွာသူရွာသားတွေရဲ့ အလုပ်အကိုင်မျိုးတွေပါပဲ။ တောင်သူယာလုပ် မါးမခုတ်ပေါ့။ စီးပွားရေး လာဘ်မြင်တဲ့လူတွေကျတော့လည်း ကားလမ်းမကြီးဘေးသွားပြီး ဆီအရောင်းအဝယ်လုပ်တယ်။ ရွာဦးကျောင်းဝင်းထဲက ထန်းပင်ကနေရတဲ့ ထန်းရည်ကို ကန်ထရိုက်ဆွဲပြီး တဲလေးတစ်လုံးနဲ့ ကားလမ်းနံဘေးမှာ သွားရောင်းကြတယ်။ ဒါကလည်း သိပ်ထူးဆန်းတဲ့ အလုပ်တွေတော့ မဟုတ်ပါဘူး။ ဒီပြင်ရွာတွေမှာရှိတဲ့ ရွာသူရွာသားတွေလည်း အဲဒါမျိုး လုပ်တတ်ကြပါတယ်။

ဘေးရွာတွေမှာမရှိဘဲ ကျွန်မတို့ရွာမှာပဲ ထူးထူးဆန်းဆန်း စီးပွားရေးနဲ့ အသက်မွေးဝမ်းကြောင်းနေတဲ့ လူတစ်ယောက်ရှိပါတယ်။ သူလုပ်နေတဲ့အလုပ်ကို ရွာမှာ သူ့အပြင်လုပ်မယ့်လူမရှိသလို ရွာနီးချုပ်စပ်မှာလည်း သူ့အလုပ်မျိုးလုပ်စားတဲ့ ရွာသူရွာသားတစ်ယောက်မှ မရှိပါဘူး။ အဲဒီတော့လည်း သူ့အလုပ်က တွက်ချေကိုက်



ပြီး နားနေရတဲ့လ ဆိုတာမရှိပါဘူး။ တစ်ချို့လတွေဆို နေ့တိုင်းတောင် အလုပ်ဖြစ်သေးတယ်။ ဘာအလုပ်လဲဆိုတော့ အငိုကူအလုပ်ပါ။

အငိုကူအလုပ်ဆိုတာ မကြုံဖူးတဲ့လူတွေကတော့ ဘာအလုပ်မှန်းသိမှာ မဟုတ်ပါဘူး။ ကျွန်မတို့ အညာဒေသတွေမှာ လူတစ်ဦးတစ်ယောက် သေဆုံးသွားရင် ဆွေမျိုးပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကိုယ်တတ်နိုင်သလောက် ဝိုက်ဆံပဲဖြစ်ဖြစ်၊ ဆီတို့ နှမ်းတို့ပဲဖြစ်ဖြစ် အကူသဘောမျိုးပေးတတ်ကြပါတယ်။

ဘာမှပေးစရာမရှိလောက်အောင် ဆင်းရဲတဲ့လူတွေကျတော့လည်း အသုဘအိမ်မှာပဲဖြစ်ဖြစ်၊ အသုဘချသွားတဲ့ လမ်းတစ်လျှောက်မှာပဲဖြစ်ဖြစ်၊ သင်္ချိုင်းမှာပဲဖြစ်ဖြစ် သေဆုံးသွားတဲ့လူရဲ့နာမည်ကိုခေါ်ပြီး ဘေးကနေကြားရသမျှလူ အကုန်လုံး ငိုချင်စိတ်ပေါက်သွားလောက်အောင် သေဆုံးသူရဲ့နာမည်ကို တဖွဖွရွတ်ပြီး ငိုကြွေးတတ်ပါတယ်။ အဲဒါမျိုးကို အငိုကူတယ်လို့ခေါ်ပါတယ်။

ဒေါ်တင်မြင့်ကြီး ဒီအလုပ်ကို အရင်က စီးပွားဖြစ်လုပ်တာ မဟုတ်ပါဘူး။ ဆင်းရဲလွန်းလို့ သူ့မိတ်ဆွေ အပေါင်းအသင်းတွေသေတဲ့ အခါကျတော့ သူ့မှာကူစရာ မရှိတဲ့အတွက် အငိုကူလိုက်တာပါ။ သူကိုယ်တိုင်က အဲဒီဘက်မှာ ပါရမီပါလို့လား မပြောတတ်ပါဘူး။ သူအငိုကူလိုက်တဲ့ အသုဘဆိုရင် အိမ်မှာပဲငိုငို၊ လမ်းမှာပဲငိုငို၊ သင်္ချိုင်းမှာပဲငိုငို ကြားရသူမှန်သမျှ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရတာချည်းပါပဲ။

သူကလည်းသူပဲလေ။ သေသွားတဲ့သူရဲ့မရှိမဲ့ရှိမဲ့ ကောင်းကွက်ကလေးတွေကို မတွေ့တွေ့အောင်ရှာ၊ မလွမ်း လွမ်းအောင်ပြောပြီး ငိုတော့တာကိုး။ မုန်းပါတယ်ဆိုပြီး လှည့်မကြည့်တဲ့လူတွေတောင် သူ့ငိုသံကြားလိုက်ရရင် အခေါင်းဖုံးလေး ခဏလှပ်ပါဦးဆိုပြီး အသုဘမျက်နှာကို သွားကြည့်ရတဲ့အထိ။

ရွာမှာက ချမ်းသာတဲ့လူပဲသေသေ၊ ဆင်းရဲတဲ့လူပဲသေသေ မိတ်ဆွေ အပေါင်းအသင်းဆိုတာ ရှိနေကြတော့ အသုဘလိုက်ပို့တဲ့လူကလည်း အနည်းနဲ့ အများ ရှိနေကြတာပါပဲ။ လူနည်းတာနဲ့ များတာပဲကွာမယ် ကျန်တာသိပ်မကွာဘူး။ တစ်ခုပဲ ဒေါ်တင်မြင့် အငိုမကူတဲ့ အသုဘဆိုရင် အလိုလိုနေရင်း ခြောက်ကပ်ကပ်ကြီး ဖြစ်နေတော့တာ။ ကျန်ရစ်ခဲ့တဲ့မိသားစုက ချစ်လွန်းလို့ မခွဲနိုင်လွန်းလို့ ဘယ်လောက်ပဲ လူးလိမ့်ငိုငို ဒေါ်တင်မြင့်ငိုသလောက် လွမ်းစရာမကောင်းသလို ငိုချင်စရာလည်း မကောင်းဘူးလေ။ အဲဒီတော့ ဒေါ်တင်မြင့် အငိုမကူတဲ့အသုဘဟာ ရေခဲတုံး မထည့်ထားတဲ့ ဘုန်းကြီးပျံလိုပဲ ခြောက်ကပ်ကပ်နဲ့ ဘာလိုနေမှန်းကို မသိတော့တာ။

အဲဒီအလုပ်ကို လုပ်ဖြစ်သွားအောင် သူကိုယ်တိုင်က ကြိုးစားခဲ့တာ မဟုတ်ပါဘူး။ ပရိသတ်ကတောင်းဆိုလို့ ဒီသီချင်းကို ဆိုရတာပါလို့ အဆိုတော်တွေ

စင်ပေါ်ကပြောသလိုပဲ ရွာကလူတွေတောင်းဆိုလွန်းလို့ အငိုကူအလုပ်ကို သူစီးပွား ဖြစ်လုပ်ရတာပါ။ အဖြစ်က လူတစ်ယောက်သေလို့ ဒေါ်တင်မြင့် ရောက်မလာဘူး ဆိုရင် အသုဘအိမ်ကို လာမေးတဲ့လူတွေက ဒေါ်တင်မြင့် မလာသေးဘူးလား၊ လာပြီး သွားပြီလား၊ ဘယ်အချိန်မှာအငိုကူလာမယ်ကြားလဲ အဲသည်လိုကို မေးလာကြတော့တာ။

ဒီတော့ သေသွားတဲ့လူနဲ့ သူ့မိသားစုက ဒေါ်တင်မြင့်နဲ့ မရင်းနှီးပေမယ့် သူတို့အသုဘအိမ် စည်စည်ကားကားဖြစ်အောင် သူ့ကိုအခေါ်လွှတ်ရတော့တာ။ လွှတ်ပြီးခေါ်ခိုင်းရတယ်ဆိုမှတော့ သူ့အိမ်မှာ စားဖို့သောက်ဖို့အတွက်ရယ်၊ အသုဘ အိမ်မှာ ခုနစ်ရက်ခုနစ်လီ သူငိုနေတဲ့တစ်ချိန်လုံး သူ့သားလေးကို ချက်ပြုတ်ကျွေးမွေး ရမယ့် လူတစ်ယောက်ရယ်ကို အသုဘရှင်က စီစဉ်ပေးရတော့တာ။

အခေါ်လွှတ်လိုက်လို့ အသုဘအိမ်ကို ဒေါ်တင်မြင့် ရောက်လာပြီဆိုတာ နဲ့ ပြင်ထားတဲ့အလောင်းကိုသွားကြည့်လိုက် အိမ်ထဲမှာရှိတဲ့ အဲဒီလူရဲ့အသုံးအဆောင် ပစ္စည်းတွေကို လိုက်ကြည့်လိုက်၊ ကျန်ရစ်ခဲ့တဲ့မိသားစုကို အဲဒီလူရဲ့အကြောင်းတွေ မေးလိုက်နဲ့ သူငိုဖို့အတွက် ရိက္ခာစုတော့တာ။ သူလိုချင်တဲ့အချက်အလက်တွေ ရပြီဆိုရင်တော့ အလောင်းစင်နားကို သွားထိုင်ပြီး ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အငွေ့တစ်ထောင်းထောင်းထအောင် ဖွာတော့တာပဲ။

ဆေးလိပ်ကုန်သွားတဲ့အချိန်ဟာ သူငိုဖို့အတွက် တိုင်ပင်ပေးလိုက်တဲ့ အချိန်ပဲ။ သေသွားတဲ့လူကို နှမြောပြီး မြေကြီးထဲ မြှုပ်မပစ်ချင်လောက်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ ရင်ကွဲပက်လက်ဖြစ်လောက်အောင်ကို ငိုတော့တာ။ ကျန်ရစ်သူ မိသားစု ကလည်း သူ့ရဲ့အပြော သူ့ရဲ့အငိုတွေကြားမှာ မျက်ရည်တရွှဲရွှဲနဲ့ပေါ့။ အသုဘရှုလာ တဲ့ ပရိသတ်ဆိုတာကလည်း သူ့ရဲ့ငိုသံ သူ့ရဲ့ရှိုက်သံတွေကြားမှာ မျက်ရည်လေး တစမ်းစမ်းကိုဖြစ်လာတော့တာ။

အဲဒီတော့လည်း ဘယ်သူပဲသေသေ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ လူတစ်ယောက် အသက်ပျောက်ပြီဆိုတာနဲ့ ဒေါ်တင်မြင့်ကို ခေါ်ဖို့သတိရကြတာပဲ။ သူကလည်း အစတုန်းကတော့ ဒီအလုပ်ကို စီးပွားဖြစ်လုပ်ဖို့ ရည်ရွယ်ဟန်မတူပါဘူး။ ဒါပေမဲ့ အသုဘရှင်တိုင်းက သူတို့အိမ်တွေကို ခေါ်ခေါ်နေတော့ သူ့ရဲ့အသုံးစရိတ် ရယ်၊ သူ့သားလေးရဲ့ဆေးဖိုးနဲ့ အသုံးစရိတ်ရယ်အတွက် ပိုက်ဆံက လိုလာတာပဲလေ။ ဒါနဲ့ပဲ အသုဘရှင်က အလိုက်တသိ ပိုက်ဆံထုတ်ပေး ရင်းပေးရင်း အခကြေးငွေယူပြီး အငိုကူရတဲ့ဘဝ ရောက်လာတာ။ အသုဘရှင်တွေကတော့ သူ့ကို ပိုက်ဆံပေးရတဲ့ အတွက် စိတ်ထဲမှာ ဘာမှမဖြစ်သလို သူကလည်း အခကြေးငွေ ဘယ်လောက်ပေး ရမယ်ဆိုတာမျိုး တစ်ခါမှမတောင်းခဲ့ဖူးပါဘူး။

သူ့အလုပ်ကြီးက မင်္ဂလာမရှိဘူးဆိုပေမယ့်လည်း နားနေရတဲ့လရယ်လို့

ကျွန်မတော့ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ တစ်ခါတစ်လေများ နှစ်အိမ်သုံးအိမ်ဆုံနေရင် ဒေါ်တင်မြင့်တို့ မနက်တစ်ဆိုင်း၊ ညနေတစ်ဆိုင်း၊ ညတစ်ဆိုင်းနဲ့ သုံးအိမ်ကို သုံးဆိုင်းခွဲပြီးငိုတော့တာ။

မျက်ရည်ကလည်း ပေါသလားမမေးနဲ့။ ဘယ်အချိန် ကောက်ငို လိုက်ငို လိုက် တာရိုးကျိုးသလားမှတ်ရလောက်အောင်ပေါတာ။ သုံးလောင်းဆုံနေလို့ အကြောင်းအရာတွေ ရောများသွားမလားဆိုပြီး တစ်ခါလိုက် နားထောင်ဖူးတယ်။ အမယ်လေး တစ်ချက်ကလေး ရောမသွားဘူး။ ဒီအသုဘမှာ ဒီလူရဲ့အကြောင်း ဟိုအသုဘမှာဟိုလူရဲ့အကြောင်း ငိုနေရင်းသုံးသွားတဲ့ အသုံးအနှုန်းတွေကလည်း တစ်ယောက်နဲ့တစ်ယောက် မတူစေရဘူး။ ဖွဲ့နွဲ့ပြောသွားတဲ့အပြောတွေကလည်း မထပ်စေရဘူး။ ကျွန်မဖြင့် အံ့ဩလွန်းလို့ ဩချယူရတယ်။

ဒါကြောင့်အသုဘရှင်တိုင်းက သူ့ဆိုရင် လက်မလွှတ်နိုင်ဖြစ်နေကြတာကိုး။ လူတိုင်းက သူ့အပေါ်မှာတန်ဖိုးထားပြီး တန်းတန်းစွဲဖြစ်နေပေမယ့် သူကတော့ ဈေးမတက်ပါဘူး။ သဒ္ဒါကြေးပါပဲ။ ကျွန်မအထင်ပြောရရင် သူ့မှာ သူ့သားလေးသာ မရှိလို့ကတော့ ပိုက်ဆံတွေဘာတွေတောင် ယူမယ့်ပုံမပေါ်ပါဘူး။ သူ့ဘဝမှာ သူ့အတွက် ပိုက်ဆံကလည်း လိုမှမလိုတာ။ အသုဘအိမ်မှာ ခုနစ်ရက် ခုနစ်လီ ကြိုက်သလောက်စားနိုင်တယ်။ အကူငွေတွေထဲက လိုတာယူသုံးနိုင်တယ်။ ဒီအိမ်မှာ ပြီးတော့လည်း နောက်အိမ်မှာ သူ့အတွက် အလုပ်တစ်ခုက အဆင်သင့်ပဲလေ။ လူတွေမသေတဲ့နေ့ လူတွေမသေတဲ့လ ဆိုတာ ရှိမှမရှိတာ။

သူ အငိုကူအလုပ်ကို ပိုက်ဆံယူဖြစ်နေတာ အဓိကကတော့ သူ့သားလေး ကြောင့်ပါ။ သူ့သားလေးက အတိတ်ကံ မကောင်းရှာဘူး။ မွေးပြီး တစ်နှစ်ကျော်ကျော် အရွယ်မှာပဲ ပိုလီယိုရောဂါဖြစ်လို့ အောက်ပိုင်းသေသွားရှာတယ်။ ဖတဆိုးသားလေး ဖြစ်တဲ့အပြင် ဒုက္ခိတလေးဆိုတော့ ချစ်လိုက်တာ သည်းသည်းကိုလှုပ်လို့။ ကလေး ကလည်း ချစ်မယ်ဆိုချစ်ချင်စရာ အောက်ပိုင်းသေနေပေမယ့် ရုပ်ကလေးက ချောချောလေး။ အသားဖြူဖြူနဲ့။ သူရှာလို့ရသမျှပိုက်ဆံ သူ့သားလေးအတွက်ပဲသုံးရှာ တာ။ ပေါ်သမျှအဝတ်အစား သူ့သားလေးခါးပေါ်ကို ရောက်ပြီးသားပဲ။ ရွှေဆိုရင် လည်း သူ့သားလေး အပေါ်ပိုင်းတစ်ခုလုံးပြည့်လို့။ ဒေါ်တင်မြင့် သူ့သားကို ချစ်ချက် ကတော့ကမ်းကုန်ပဲ။

တစ်ရက်မှာတော့ ကျွန်မတို့ရွာရော ရွာနီးချုပ်စပ်ကပါ စိတ်ဝင်တစားနဲ့ စောင့်ကြည့်နားထောင်ရမယ့် အဖြစ်တစ်ခုကြုံရတယ်။ သူ့ရဲ့သားလေး အဆုတ် အအေးမိလို့ဖျားတာကနေ အဖျားမကျဖြစ်ပြီး ရုတ်တရက်သေပါလေရော။ သူ့သား လေး သေသွားလို့ စိတ်မကောင်းဖြစ်ပေမယ့် ကျွန်မတို့အားလုံးရဲ့ရင်ထဲမှာက သူ့သား

လေးရဲ့ အသုဘမှာ သူဘယ်လိုပြောပြီး ဘယ်လိုငိုမလဲဆိုတာကို ကြားချင် မြင်ချင်တဲ့ ဆန္ဒက ပိုများနေတယ်။

ဟုတ်တယ်လေ။ သူနဲ့သွေးမတော်သားမစပ်လူတွေ သေသွားတာတောင် ကြားရသူအားလုံးရဲ့ရင်ထဲမှာ မချိတင်ကဲဖြစ်သွားလောက်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြီး လွမ်းအောင်ငိုတတ်တဲ့ ဒေါ်တင်မြင့်၊ သူ တုန်နေအောင်ချစ်တဲ့ သူ့ရဲ့ တစ်ဦးတည်း သောသားလေးရဲ့ အသုဘမှာ ဘယ်လောက်တောင် ဖွဲ့နွဲ့ပြီး ဘယ်လိုတွေ ငိုလိုက်မလဲ ဆိုတာ ရွာသူရွာသားတွေအကုန်လုံး ကြားချင်မြင်ချင်ကြတော့တာပေါ့။

ရွာက အကြီးဆုံးအုတ်တိုက်ကြီးမှာနေတဲ့ ဦးဘမောင်ကြီးသေတုန်း [illegible] ဒေါ်တင်မြင့်သားလေး အသုဘလောက် မစည်ဘူး။ သူ့သားလေးရဲ့ အသုဘကို လာလိုက်ကြတဲ့ လူတွေလူတွေဆိုတာများ ပွဲခင်းကြီးကျနေတာပဲ။ တချို့ ရွာသူတွေများဆို လှည်းဆင်ပြီးတော့တောင်လာတယ်။ သူတို့အိမ်နားမှာဆိုရင် သူ့သား လေးကို မြေမချခင် သုံးရက်လုံးလုံး ကြက်ပျံမကျပေါ့။

တစ်ကယ်တော့လည်း လာသမျှလူတွေက ပွဲကြည့်သလို ကြည့်ဖို့လာကြ တာပဲလေ။ လူတွေကသာ နားထောင်ချင်ကြည့်ချင်နေပေမယ့် သူကတော့ သုံးရက် စလုံး တုတ်တုတ်တောင် မလှုပ်ဘူး။ သူ့သားလေး အလောင်းမြင်ထားတဲ့ ဘေးနားမှာ ငုတ်တုတ်ကြီးထိုင်ပြီး ပြောင်းဖူးဖက်ဆေးလိပ်ကိုပဲ တစ်လိပ်ပြီးတစ်လိပ် အဆက် မပြတ် ဖွာနေတော့တာ။

လူတွေကလည်း သူတော်တော်နဲ့မငိုလေ ပိုပြီး ကြားချင်လေပဲ။ ကျွန်မ ဆိုရင် အဲဒီရက်တုန်းက သူ့ငိုသံကြားချင်လွန်းလို့ သူ့အိမ်မှာပဲ အချိန်ကုန်နေတော့ တာ။ အိမ်ကအမေ ဟုတ်နဲ့လိုက်ခေါ်ရတဲ့အထိပါပဲ။ သူကလည်းသူပဲ သုံးရက်ပြည့် လို့ အသုဘသာချရော အသံတစ်ချက်မထွက်သလို မျက်ရည်တစ်စက် မကျသေး ဘူး။ အဲဒီတော့ အသုဘလာပရိသတ်က အသုဘချမယ့်အချိန်ကို ပြောင်းပြီး မျှော်ကြ တော့တာပေါ့။ ရေဖိုးခွဲပြီးလို့ မသာဆိုင်းသာတီးရော ဒေါ်တင်မြင့်ဆီက အသံမကြား ရသေးဘူး။ သူ့သားအခေါင်းနားမှာ ပြောင်းဖူးဖက်ဆေးလိပ်ကြီး တစ်ထောင်းထောင်း ထအောင်ဖွာရင်း အိပ်မက်ထဲမှာ လမ်းလျှောက်နေတဲ့ ခြေလှမ်းမျိုးနဲ့ သုသာန်ဆီ လျှောက်နေတာကိုပဲ ကျွန်မတို့မြင်နေရတယ်။

ဆိုင်းသံနဲ့ရောပြီးထွက်လာမယ့် သူ့ငိုသံကို ဘယ်အချိန်များ ကြားရမလဲ ကြားရမလဲနဲ့ အသုဘကိုလိုက်ပို့တဲ့ပရိသတ်တွေ အကုန်လုံးနားတစွင့်စွင့်နဲ့ပေါ့။ သချိုင်းရောက်လို့ အလောင်းကို သရဏဂုံတင်ပြီး မြေချမယ်လုပ်တဲ့အထိလည်း သူ့ဆီက ဘာသံမှထွက်မလာဘူး။ သူများ အသုဘတွေတုန်းကဆိုရင် ဒီအချိန်

လောက်ဆို ဒေါ်တင်မြင့်ရဲ့ အဖွဲ့အနွဲ့အပြောအဆို အငိုအလွမ်းတွေက အမြင့်ဆုံးကို ရောက်တဲ့အချိန်ပေ့ါ။ ဘာမဆိုင်ညာမဆိုင် ဘေးကလူတွေတောင် သူ့အပြောကြောင့် မျက်ရည်ကျရတဲ့အချိန်လေ။ ရုပ်ရှင်လိုပြောရရင် ဒါဇာတ်သိမ်းခန်းဖြစ်သလို၊ ဇာတ်တစ်ခုလုံးရဲ့ အထွတ်အထိပ်ပဲလေ။ သချိုင်းမြေတစ်ခုလုံးမှာလည်း ဒေါ်တင်မြင့်ကြီးရဲ့ အဖွဲ့အနွဲ့အငိုအပြောတွေကို ကြားချင်လွန်းလို့ လိုက်ပို့ကြတဲ့လူတွေ တစ်ကွင်းလုံးပြည့်နေပေမယ့် အပ်ကျသံကြားရလောက်အောင် အကုန်လုံးငြိမ်သက်နေကြတယ်။ နားလေးတွေ ကိုယ်စီစွင့်လို့ပေ့ါ။ ဒါပေမဲ့လည်း ဒေါ်တင်မြင့်ကြီးဆီက ရှိုက်သံတစ်ချက်တောင် မကြားရသေးဘူး။ အဲဒီမှာတင် ရွာဦးကျောင်းဆရာတော်က

"ဟဲ့ တင်မြင့် နင်ငိုစရာရှိရင်လည်းငို စိတ်ကိုတင်းမထားနဲ့။ နင်အားရအောင်ငိုပြီးရင် ကလေးအလောင်း မြေချရမှာ။ ငိုလိုက် ငိုလိုက် စိတ်ကို လျှော့"

ဆရာတော်ဘုရားက အဲဒီလိုလည်းမိန့်လိုက်ရော ဒီပြင့်သူတွေရဲ့ အသုဘတွေမှာ ကြားရတဲ့လူရဲ့ရင်ထဲကို ထိန်းထားတဲ့ကြားက မျက်ရည်ကလေးစို့လာအောင်၊ လွမ်းစရာမရှိတဲ့လူကိုတောင် လွမ်းချင်စရာကောင်းလာအောင်၊ ချစ်စရာမကောင်းတဲ့လူကိုတောင်မှ ချစ်တဲ့စိတ်တွေပေါက်လာပြီး မြေကြီးထဲမြှုပ်မပစ်ရက်လောက်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့နဲ့ လွမ်းလွမ်းဆွေးဆွေးတွေ ပြောပြောပြီးငိုတတ်တဲ့ ဒေါ်တင်မြင့်ကြီးက အခုလိုပြန်ပြောလိုက်ပါတယ်။

"တပည့်တော်မ စိတ်ကိုတင်းထားတာ မဟုတ်ပါဘူးဘုရား။ ငိုနေတာပါပဲ။ ဒါပေမယ့် တပည့်တော်မရဲ့သားလေး အသုဘမှာ ဘယ်လိုတွေပြောပြီး ဘယ်လိုတွေ ငိုရမလဲဆိုတာ ဦးနှောက်ထဲမှာ စဉ်းစားလို့ မရလို့ပါဘုရား။ တပည့်တော်မရဲ့ ရင်ထဲမှာတော့ သားလေးအတွက် အချိန်တိုင်းငိုနေခဲ့တာပါ ဘုရား။ သားလေးအလောင်းကို မြေသာချလိုက်ပါတော့" တဲ့။

သွေးမတော်သားမစပ်လူတွေရဲ့ အသုဘမှာ ကြားရတဲ့လူတိုင်း ဝမ်းနည်းလွန်းလို့ မျက်ရည်စို့လာအောင် ဖွဲ့နွဲ့ပြောပြီး မလွမ်းလွမ်းအောင် ဝမ်းမနည်းနည်းအောင် အငိုကူတတ်တဲ့ ဒေါ်တင်မြင့်ကြီးတစ်ယောက် သူ့သားလေးရဲ့ အသုဘမှာ မျက်ရည်တစ်စက်မထွက် စကားတစ်ခွန်းမှ မပြောခဲ့တာကို အခုချိန်ထိ ကျွန်မတို့ ရွာနီးချုပ်စပ်မှာတော့ ပြောမဆုံးပေါင် တောသုံးတောင်ပါပဲ။

သူ့သားအရင်းအတွက် ပြောစရာစကားတွေ ဖွဲ့စရာအသုံးအနှုန်းတွေ ဘာကြောင့်များ သူ့ဦးနှောက်က ထွက်လာအောင် စဉ်းစားလို့မရပါလိမ့်။

**ကျော်မောင်**



# သူ့ကြမ်းတ…
# ရောမ်းကျော်…

## ကျော်ခင်!

အခုအချိန်မှာ ကျားမြီးများပြေးဆွဲလို့ ပိုက်ဆံ တစ်သိန်းခွဲလောက်မှာ… ရမယ်ဆိုရင် အမြီးပြေးဆွဲရုံတင်မကဘူး သွားပါနှုတ်နိုင်းရင် နှုတ်မိမှာ။ ဘယ်အ… က ဝင့်ကြွားပါလာလို့လည်းမသိပါဘူး။ ဒီအလုပ်ကိုမှစွဲစွဲလမ်းလမ်း ဝါသနာပါ… တယ်။ ဒို့ပြ…အလုပ်တစ်ခုခုကိုမှလုပ်မယ်ဆိုရင် သူဌေးမဖြစ်နိုင်တောင် ဒီအလုပ်… ထမင်းတော့ မငတ်ပါဘူး။

သေသွားတဲ့အမေကိုပဲ အပြစ်တင်ရမလိုဖြစ်နေပြီ။ ကျွန်တော့်ကိုယ်… ကြီးနဲ့တုန်းက ရွာမှာရုပ်ရှင်လာရိုက်တာနဲ့ကြုံတော့ ရိုက်ကွင်းကို ဗိုက်ကြီးတကားကား… နဲ့ နေ့တိုင်းလိုက်ကြည့်တယ်တဲ့။ ထမင်းတောင် အဖေကာမနေနိုင်လို့ ချိုင့်နဲ့လိုက်… ပေးမှ စားတာ။ အဲဒီဇာတ်အစွမ်းပြတာပဲ ထင်ပါတယ်။ လူမှန်းသိတတ်ကတည်း… ပါလိုက်တဲ့ဝါသနာဗျာ ဘယ်သူနဲ့ကစားကစား ရုပ်ရှင်ရိုက်တမ်းချည်းပဲ။

ကစားတဲ့လူတွေသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားမ… ကျွန်တော့်ရဲ့ကစားနည်းကတော့ ဘယ်တော့မှမပြောင်းဘူး။ ဒို့ပြင်ကလေးတွေ… ဘောလုံးကန်လည်း ကျွန်တော်ကတော့ ရုပ်ရှင်ရိုက်တမ်းပဲ။ သူငယ်ချင်းတွေ စစ်တိုက်… တမ်းကစားလည်း ကျွန်တော်ကတော့ ရုပ်ရှင်ရိုက်တမ်းပဲ။ သူငယ်ချင်းတွေက ကစား… တာကြာတော့ ပျင်းလာလို့ အဲဒီကစားနည်းကို ကျွန်တော့်နဲ့အတူတူ မကစားတော့… လည်း ကျွန်တော်ကတော့ ဖွဲမလျှော့ပါဘူး။ ငှက်ပျောတုံးတွေ၊ အုန်းတုံးတွေ… သစ်မောင်းတိုင်တွေနဲ့ ရုပ်ရှင်ရိုက်တမ်းကစားတုန်းပါပဲ။ ကစားတိုင်းလည်း ကျွန်တော်… က မင်းသားပေါ့ဗျာ။ မင်းသားနေရာကလွဲပြီး နည်းနည်းလေးတောင် မလျှော့… မင်းသားမှမင်းသားပဲ။

အရွယ်ကလေးရောက်လာပြီး လူပျိုပေါက်ဖြစ်လာတော့ ကျွန်… သူငယ်ချင်းတွေက ထန်းရည်သောက်တာတို့ ကြက်တိုက်တာတို့ လုပ်လာကြပေမ… ကျွန်တော်ကတော့ ရွာကဗီဒီယိုရုံမှာပြတဲ့ဇာတ်ကားတွေကို မလွတ်တမ်းကြည့်…

အိမ်ပြန်ရောက်တာနဲ့ အမေ့ရဲ့မှန်ကွဲရှေ့မှာရပ်ပြီး ကြည့်ခဲ့တဲ့ကားတွေထဲက မင်းသားတွေရဲ့ ဒိုက်တင်တွေကို တစ်မျိုးနဲ့တစ်မျိုး မရိုးရအောင် လုပ်တော့တာပဲ။ ဒိုက်တင်ဆိုတာကလည်း လုပ်ရတာတော်တော်ခက်တာဗျ။ မျက်ရည်ကျကြည့်တာ လွယ်လွယ်နဲ့မကျလို့ အမေ့ဆေးတွေထဲက တေဇောပန်းဘူးကိုယူပြီး မျက်စိနှစ်လုံး ပွတ်လိုက်မိတာ မျက်ရည်ကျရုံတင်မကပဲ အဲဒီတစ်ညလုံး မျက်နှာကို ရာဝင်အိုးထဲ စိမ်ထားရတယ်။ သရုပ်ဆောင်မှုနှင့်ပတ်သက်ရင် အဲဒီလောက်ထိအောင် အရူးအမူးဖြစ်ခဲ့တာ။

ကာလသားဖြစ်တော့လည်း ရွာကကောင်တွေ ညနေညနေဆိုရင် ပလွေကိုယ်စီနဲ့ ရွာထိပ်ကကန်ဆီထွက်သွားကြပေမယ့် ကျွန်တော်ကတော့ သဲတွေထည့်ထားတဲ့ ဂုံနီအိတ်တစ်လုံးနဲ့ လက်သီးထိုးတာတွေ၊ ခြေထော[illegible]နက်တာတွေ ကျင့်နေတော့တာပဲ။ မင်းသားတစ်ယောက်ဆိုတာ အထိုးအကြိတ်[illegible]အသတ်အပု[illegible]ကျွမ်းကျင်ရမယ်လေ။ ရေလာခပ်တဲ့ အပျိုမတွေကို ပလွေမှုတ်ပြ[illegible]၊ သီချင်းဆိုပြလိုက်လုပ်နေလို့ ကျွန်တော့်အတွက် ဘာမှအကျိုးမရှိတာ[illegible]

အသက် (၂၀) ပြည့်တာနဲ့ အမေ့ကိုခွင့်တောင်းပြီး [illegible]တော်ရွာကနေထွက်လာခဲ့တယ်။ အနုပညာလောကထဲကို ခြေစုံတင်မဟုတ်ပဲ တစ်ကိုယ်လုံးပစ်ပြီးဝင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။ အမေ့ကိုလည်းမှာခဲ့ပါတယ်။ ကျ[illegible]တော်မင်းသားဖြစ်လို့ကတော့ အမေ့ကို ရန်ကုန်မှာ တိုက်ကြီးကြီး၊ ကားကြီးကြီးနဲ့ ထားမယ်လို့ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ ရင်ထဲမှာအပြည့်ဆိုတော့ ရွာကိုစွန့်ခွါပြီး ထွက်လာတဲ့ ခြေလှမ်းတိုင်းဟာ ပေါ့ပါးသွက်လက်နေတာပေါ့ဗျာ။ တကယ်တော့အဲဒီခြေလှမ်းတွေဟာ ကျွန်တော့်ရဲ့ဘဝ ချွေးဖြစ်ဖို့အတွက် ပထမဦးဆုံးခြေလှမ်းတွေပဲ။

ရန်ကုန်ရောက်တော့ ရုပ်ရှင်ရိုက်တယ်ဆိုတာဘယ်နေရာမှန်းမသိ၊ ဗီဒီယိုရိုက်တယ်ဆိုတာ ဘယ်လိုလူတွေနဲ့ ရိုက်မှန်းမသိ၊ ဘယ်နေရာသွားပြီး ရှာရမှန်းမသိလို့ တော်တော်ဒုက္ခရောက်ပါတယ်ဗျာ။ အဲဒီကတည်းက ကျွန်တော်တည်းတဲ့ ဘုန်းကြီးကျောင်းမှာ တိုက်အုပ်ဖြစ်နေတဲ့ ရွာကဆရာတော်ကပြောပါတယ်။ မင်း ကိုယ့်ရပ်ကိုယ့်ရွာပြန်ပြီး လယ်အလုပ် ကိုင်းအလုပ်ပဲ လုပ်ပါကွာတဲ့။ အဲဒီအချိန်တုန်းက ဆရာတော်ဘုရားမပြောနဲ့ သိကြားမင်းဆင်းတားတောင် မရတဲ့အချိန်ဆိုတော့ ရှေ့သို့ပဲ။

တစ်လလောက် ဟိုမေးဒီစမ်း လုပ်လိုက်တော့ ရုပ်ရှင်နဲ့ဗီဒီယို အဖွဲ့သားတွေလူစုတဲ့နေရာ အများဆုံးရှိတဲ့နေရာက ရန်ကုန်မြို့လယ်က ၃၅လမ်းထဲမှာဆိုတာနဲ့ ဘတ်စ်ကားမစီးတတ်စီးတတ်နဲ့စီးပြီး ရောက်အောင်သွားရတော့တာ။ ၃၅လမ်းထဲလည်း ရောက်ရောဗျာ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာတွေ့ခဲ့ရတဲ့ သရုပ်ဆောင်တွေကို

လူအရှင်လတ်လတ်ကြီး မျက်စိရှေ့မှာ တွေ့ရတော့တာ။ ကျွန်တော်ဆို အံ့ဩပြီး ဝမ်းသာလွန်းလို့ အဲ့ဒီနေ့က တစ်ယောက်ပြီးတစ်ယောက် လိုက်ဖေးနေတာနဲ့တင် တစ်မနက်ကုန်သွားတော့တယ်။ သူတို့တွေ တစ်ယောက်ပြီးတစ်ယောက် ကားပေါ် တက်သွားလို့ လမ်းထဲမှာလူမရှိတော့မှပဲ ကျွန်တော့်လာရင်းကိစ္စကို သတိရတော့ တယ်။

အဲ့ဒါနဲ့ပဲ နောက်နေ့မနက်ကျတော့ ၃၅လမ်းထဲကို စောစောရောက်အောင် သွားပြီး သရုပ်ဆောင်တွေနဲ့မိတ်ဖွဲ့ဖို့ကြိုးစားရတော့တယ်။ မင်းသားသာ ဖြစ်ချင်တာ သူတို့အနားကပ်ပြီးစကားပြောဖို့ကျတော့ တော်တော်နဲ့မပြောရဲဘူး။ အဲ့ဒါကြောင့် သူတို့တွေထိုင်နေတဲ့ လက်ဘက်ရည်ဆိုင်မှာ အသာဝင်ထိုင်လိုက်တယ်။ ခဏနေ တော့ ဆိုင်ထဲကို ဇော်မှိုင်းနဲ့အံ့ကျော်ကြီးတို့ ဝင်လာကြတယ်။ ဇာတ်ကားတွေထဲမှာ သာ မှုန်းစရာ၊ ကြောက်စရာကောင်းတာ အပြင်မှာတော့ ခင်ချင်စရာကြီးတွေ။ နှစ်ယောက်စလုံး နှုတ်ခမ်းမွေးကားကားကြီးတွေနဲ့ စကားပြောလည်း ကောင်းလိုက်ကြ တာဗျာ။ သူတို့ထိုင်နေတဲ့ဝိုင်းကို သူတို့နှစ်ယောက်နဲ့ပဲ ထိန်းထားတာ။ သူတို့ငယ်ငယ် ရုပ်ရှင်ရိုက်တုန်းက တွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြလိုက် တဟားဟား ရယ်လိုက်ကြနဲ့ တကယ့်ကို ပျော်စရာကြီးပါဗျာ။ ဦးဇော်မှိုင်းကြီးက မြင်းကိုတော့ တော်တော်ဝါသနာပါပုံရတယ်။ မြင်းအကြောင်းလည်း တော်တော်သိတယ်။ မြင်းတွေ အကြောင်းများ ပြောနေလိုက်တာ အားရပါးရကြီးပဲဗျာ။ သူပြောနေတာတွေနား ထောင်ပြီး ကျွန်တော်ကိုယ်တိုင်တောင် မြင်းစီးချင်စိတ်ပေါက်လာတယ်။ မင်းသားဖြစ် ရင်တော့ မြင်းစီးရမှာပဲဆိုပြီး ကိုယ့်ကိုကိုယ် စိတ်ဖြေလိုက်ပါတယ်။

ဦးဇော်မှိုင်းကြီးတို့ဝိုင်းမှာ လူရှင်းသွားတော့ ကိုယ့်ခုံလေးကိုယ်ဆွဲပြီး အဲ့ဒီဝိုင်း ကို ကူးသွားပါတယ်။ ဇော်မှိုင်းကြီးအနားမှာထိုင်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်၊ ရွာကထွက်လာတဲ့ အကျိုးအကြောင်းတွေပြောပြပါတယ်။ ကျွန်တော့် စကားလည်းဆုံးရော ဇော်မှိုင်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး မင်းလည်း ဝဋ်ကြွေးပါလာတာကိုးလို့ပြောပါတယ်။ အဲ့ဒီအချိန်တုန်းကတော့ အဲ့ဒီစကားရဲ့ အဓိပ္ပါယ်ကို မသိခဲ့ပါဘူး။ တကယ်လို့များသိခဲ့ရင် အဲ့ဒီအချိန်ကတည်းက ရွာကို တန်းပြေးပါတယ်။ ခွေးဖြစ်ဖို့ ဇာတာပါလာတဲ့ ကျွန်တော်ကလည်း သူပြောတဲ့စကားရဲ့ အဓိပ္ပါယ်ကို စဉ်းစားမနေတော့ဘဲ မင်းသားဖြစ်ချင်လို့ ဘယ်ကနေစပြီး ဝင်ရမလဲဆို တာ တွင်တွင် မေးပါတော့တယ်။

ဇော်မှိုင်းကြီးကတော့ ပြောပါတယ်။ ဒီလောကမှာ မင်းသားတစ်ယောက် ဖြစ်ဖို့က မလွယ်တဲ့အကြောင်း၊ အချိန်ပေးရတဲ့အကြောင်း၊ ဆင်းရဲပင်ပန်းတဲ့

အကြောင်း၊ လူတစ်သန်းမှာတစ်ယောက်တောင် မင်းသားဖြစ်ဖို့ မလွယ်တဲ့ အကြောင်း။ ရုပ်ရှင်နဲ့ဗီဒီယိုလောကထဲကို ဝင်တဲ့အခါမှာ တွေ့ကြုံရင်ဆိုင်ရမယ့် ဒုက္ခတွေကိုပြောပြပါတယ်။ ပြာပုံတိုးချင်နေတဲ့ ကျွန်တော်ကလည်း သူဘယ်လောက်ပြောပြော နားမဝင်ပါဘူး။ တွေ့သမျှဒုက္ခ ကျွန်တော်ခံနိုင်တယ်ဆိုတာပဲ ပြန်ပြောပါတယ်။ ဇော်မှိုင်းကြီးက နားငြီးလာလို့ထင်ပါတယ်။ အဲဒါဆိုလည်း မင်း နောက်နေ့ကစပြီး ငါ့ဆီလာ ငါနဲ့လျှောက်လိုက်ခဲ့ဆိုပြီး ပြောပါတယ်။ မျှော်လိုက်တာဗျာ။ ကျွန်တော့်လို တောကတက်လာတဲ့ လူတစ်ယောက်အတွက် နိုင်ငံကျော်သရုပ်ဆောင်ကြီး ဇော်မှိုင်းက သူ့အနားမှာခေါ်ထားပြီး လေ့လာခွင့်ပေးတယ်ဆိုတော့ အတိုင်းထက်အလွန် ဝမ်းသာနဲ့ကုန်ကြွားပေါ့ဗျာ။

နောက်ရက်တွေကစပြီး မနက်ဆိုဥ၅လမ်းထဲသွား သူ့အထုပ်ရယ် ကျွန်တော့်အထုပ်ရယ်ဆွဲပြီး သူ့အနောက်ကလိုက်။ လိုက်သမျှရိုက်ကွင်းထဲမှာ တွေ့သမျှသရုပ်ဆောင်တွေကို အငမ်းမရငေးပြီး မင်းသားဖြစ်ဖို့အတွက် ကျွန်တော်လေ့လာဆည်းပူးရတော့တာပေါ့ဗျာ။ ဆရာနဲ့လိုက်ရင်းလိုက်ရင်း လေးငါး ခြောက်လကြာတော့ ရွာသားအခန်းတို့ လူမမာအခန်းတို့၊ သေနတ်မှန်ပြီးသေတဲ့ အလောင်းအဖြစ် သရုပ်ဆောင်ရတဲ့အခန်းတို့မှာ ကျွန်တော် စပါလာရတယ်။ အဲဒီတော့လည်း ရွာမှာရှိတဲ့အမေ့ဆီ စာလှမ်းရေးပြီးကြွားတာပေါ့။ အမေ့သား မကြာခင် မင်းသားဖြစ်တော့မယ်လို့။

ဦးဇော်မှိုင်းကြီးနဲ့ လိုက်ရင်းလိုက်ရင်း ၁နှစ်လောက်ကြာလာတော့ စကား တစ်ခွန်းနှစ်ခွန်းလောက်ပြောရတဲ့ အခန်းတွေမှာ ဝင်သရုပ်ဆောင်ရတယ်။ နှစ်နှစ်လောက်ကြာလာတော့ ကာရိုက်တာလေးဘာလေးရလာရောဗျာ။ ကာရိုက်တာဆိုတာ ဇာတ်ကောင်စရိုက်အတိအကျရှိတဲ့ သရုပ်ဆောင်နေရာကို ပြောတာပါ။ ကျွန်တော်က မင်းသားလုပ်မဲ့သူဆိုတော့ ရုပ်ကလေးကလည်းရှိ အသားလေးကလည်းဖြူ ဆရာကလည်းသင်ပေးထားတော့ အထိုးအကြိတ်ကလည်းတော်တော်ကျွမ်းကျင်နေပြီ။ အဲဒီတော့လည်း နေရာရလာတာပေါ့ဗျာ။

ဒီအလုပ်ထဲရောက်ပြီး ၃-၄နှစ်လောက်ကြာလာတော့ ကိုယ့်ကိုကိုယ်သတိထားမိလာတယ်။ ကျွန်တော့်ရုပ်၊ ကျွန်တော့်ရည်၊ ကျွန်တော့်ပညာ အရည်အချင်းနဲ့ ဘယ်လိုနည်းနဲ့မှ မင်းသားမဖြစ်နိုင်ဘူးဆိုတာကိုပါ။ မင်းသားဆိုတာပြောတော့သာ လွယ်တယ်။ တော်တော်ခက်တဲ့ နေရာပဲဗျာ။ အဲဒါကြောင့် ကျွန်တော်လည်း ကိုယ့်စိတ်ကိုလျှော့ပြီး လူမှန်နေရာမှန် ပြန်နေလိုက်တယ်။ ဘယ်နေရာလဲဆိုတော့ လူကြမ်းနေရာပေါ့ဗျာ။ ကျွန်တော် ဒီလောကထဲ စဝင်တဲ့အချိန်ကတည်းက

ဦးဇော်မှိုင်းက ကျွန်တော့်ကို နာမည်ရွေးပေးထားတယ်။ ထင်ပေါ်ကျော်ကြားတဲ့ လူတစ်ယောက်ဖြစ်အောင် ကျွန်တော့်နာမည်ကို ထင်ကျော်တဲ့။ အဲဒီတော့ ထင်ကျော် လူကြမ်း လူကြမ်းထင်ကျော်ပေ့ါဗျာ။

မင်းသားလုပ်မယ်ဆိုပြီး ရွာကတက်လာတဲ့ကျွန်တော် လူကြမ်းဘဝနဲ့ ထိုးလိုက်ကြိတ်လိုက် [illegible]ကိုက်သောက်လိုက်နဲ့ သံသရာလည်နေတော့တာပဲ။ ရန်ကုန်မှာ အမေ့ကို အိမ်ကြီးကြီးဆောက်ပြီးထားဖို့နေနေသာ ကျွန်တော် တစ်ယောက်တည်းနေဖို့ တဲပုတ်တောင်မဝယ်နိုင်လို့ သန်လျင်ကလူကြမ်း ကိုစောလွင် ကြီးအိမ်မှာသွား[illegible]နေရတယ်။

[illegible]ဘယ်လောက်ညှံ့သလဲဆိုရင် အကြမ်းကားရိုက်တဲ့ ဒါရိုက်တာတွေ ကလည်း တစ်ယောက်ပြီးတစ်ယောက်ဆုံးသွား။ အခုခေတ် မင်းသားလေးတွေ ကလည်း ဖိုက်တင်[illegible]ဆိုရင် ပင်ပန်းတော့မရိုက်ချင်ကြဘူး။ ထိုးမှုကြိတ်မှု ထမင်းစား ရတဲ့ ကျွန်တော်တို့လူကြမ်းတွေလည်း တဖြည်းဖြည်းနဲ့ မွဲသထက်မွဲပြီး ဝေသည် ထက် ဝေ[illegible]တွေ့တာပေ့ါဗျာ။

ဝင်ငွေကမမှန် အလုပ်ကမကောင်းဘူးဆိုကာမှ မိန်းမကယူလိုက်မိတော့ ပိုဆိုးတော့တာပေ့ါ။ မိန်းမကလည်း ဝေးဝေးလံလံ ရှာစရာမလိုပါဘူးဗျာ။ ဒေါ်ထားအဖွဲ့ထဲက မေသူဆုံပဲ့တောင်မလေးပါ။ ၃-၄ ကားလောက် ကျွန်တော်နဲ့ တွဲရိုက် လိုက်ပြီး ယူဖြစ်သွားတာပါ။ သနားတာလည်းပါမှာပေ့ါ။ ကျွန်တော့်မိန်းမက ခြေတစ် ဖက်ဆာနေရှာတယ်။ လမ်းလျှောက်ရင် ထော့နဲ့ထော့နဲ့ပေ့ါ။ ဒါပေမယ့်လည်း ချစ်မိပြီဆိုတော့ ထော့နဲ့ထော့နဲ့လေးကပဲ တစ်မျိုးကြည့်ကောင်းနေပြန်ရော။ လူ့စိတ်ဆို တာအခက်သားဗျာ။ ထိုင်နေရင်းကို ကျွန်တော်တွေးလိုက်တာ။ ကျွန်တော့်ကို အမေ ကိုယ်ဝန်ဆောင်ထားတာကနေ ကျွန်တော်မိန်းမရတဲ့အထိ ရောက်သွားတာပဲ။

အခုကျွန်တော်ထိုင်နေတာ ၃၅လမ်းက သရဝဏ်ကုမ္ပဏီရှေ့မှာပါ။ အကြောင်းကတော့ ကုမ္ပဏီပိုင်ရှင်ဒါရိုက်တာကို စောင့်နေတာ။ သူ့ကိုဖမ်းရတာ လေကိုဖမ်းရတာထက်တောင် ခက်သေးတယ်။ သူ့ရုံးကဝန်ထမ်းတွေ ဝင်မေးလိုက် ရင်လည်း မသိဘူးဆိုပြီး တညီတညာတည်းလိမ်တော့တာ။ သူ့မိန်းမ သွားမေးလည်း မသိဘူးဆိုတာပဲ ပြောတော့တာ။ ဝန်ထမ်းတွေက မသိဘူးဆိုရင်တောင်မှ မိန်းမ လုပ်တဲ့သူက သိရမှာပေ့ါ။ ပိုက်ဆံရှိတဲ့လူတွေများ လိမ်ကိုလိမ်တယ်။ သူ့ယောက်ျား ဆီက ပိုက်ဆံချေးမှာငှားမှာစိုးလို့ ကြိုပိတ်နေတယ်ဆိုတာ ကျွန်တော်သိတာပေ့ါ။

တကယ်လည်း ပိုက်ဆံချေးဖို့ပါ။ ပိုက်ဆံချေးချင်လွန်းလို့ လမ်းထဲကို လာလာထိုင်ပြီး သူ့ကိုစောင့်နေတာ (၅)ရက်ရှိပြီ။ ဒီနေ့ကတော့ သေချာပေါက်မိမှာပဲ။

ဒီနေ့ကုမ္ပဏီမှာ သူ့ကားဖြန့်တယ်လေ။ ကားဖြန့်တဲ့နေ့တိုင်း လမ်းထဲကိုသူလာတယ်။ လာတဲ့အချိန်ကတော့ အတိအကျမရှိဘူး။ တစ်ခါတစ်လေ မနက်(၅)နာရီလောက် လည်းလာသလို၊ တစ်ခါတလေကျတော့လည်း ညနေ (၄)နာရီမှ ရောက်ချင်ရောက် လာတာ။ အဲဒါကြောင့် မနက်(၅)နာရီကတည်းက ကျွန်တော် အိမ်ကထွက်လာပြီး သူ့အလာကို ထိုင်စောင့်နေတာ။ တကယ်လို့များ ညနေ(၄)နာရီလောက်မှလာမယ် ဆိုရင်တော့ ကျွန်တော် မနက်စာငတ်ပြီပေါ့။ မွဲနေတဲ့အချိန်ဆိုတော့ ထမင်းဖိုးမပြောနဲ့ လိုင်းကားခတောင် ကျွန်တော်မနည်းရှာကြံပြီး ထွက်လာရတာ။

မွဲနေတဲ့အချိန်ဆိုပြီးပြောတော့ ချမ်းသာတဲ့အချိန်များရှိလို့လားလို့ ထင်ချင် ထင်မယ်။ ချမ်းသာတဲ့အချိန်ဆိုတာ တစ်ခါမှ မရှိခဲ့ဘူးပါဘူးဗျာ။ မွဲတဲ့ အချိန်ချည်း ပါပဲ။ ဒါပေမယ့် ဒီတစ်ခါမွဲတာက လက်ထိပ်ခေါ်နေတယ်ဗျ။ အလုပ်ကမကောင်း ပိုက်ဆံမရှိတဲ့အချိန်ကျမှ မိန်းမကလည်း ကလေးမွေးတယ်။ ကိုယ့်အပြစ်ဆိုတော့ သူ့ကိုလည်း သွားပြီးအပြစ်တင်လို့မရဘူးလေ။ မရှိရှိအောင် ရှာကြံပြီး မွေးရတာပဲ။ လမ်းထိပ်က ကိုတင်အောင်ကြီးဆီသွားပြီး ရှစ်ကျပ်တိုးနဲ့ ပိုက်ဆံတစ်သိန်းချေးလိုက် တယ်။ ၃လအတွင်း အတိုးမှန်မှန်ပေးပြီး ၃လပြည့်တဲ့နေ့ကျရင် ချေးထားတဲ့ပိုက်ဆံ ပြန်ဆပ်ပါ့မယ်လို့ ဝန်ခံကတိတော့ လက်မှတ်ထိုးခဲ့ရတာပေါ့။

အခုဆို ၃လကျော်လို့ ၅ရက်တောင်စွန်းနေပြီ။ ဟိုလူကြီးကလည်း အိမ်လာပြီး နေ့တိုင်း တောင်းနေတာ။ ကျွန်တော်လည်း ကားရိုက်မရှိတော့ ပေးစရာ ဆိုလို့ အသားပဲလှီးပေးဖို့ရှိတယ်။ လှီးပေးလို့ အကြွေးကျေမယ်ဆိုရင် ကြိုက်တဲ့နေရာက အသားလှီးပေးပါတယ်ဗျာ။ ခက်တာက ကျွန်တော့်အသားမလိုချင်ဘဲ သူ့ပိုက်ဆံပဲပြန် လိုချင်နေတာပါ။ ဒီနေ့မှ သူ့ပိုက်ဆံပြန်မပေးရင် ရဲစခန်းမှာအမှုဖွင့်ပြီး အချုပ်ထဲထည့် မယ်တဲ့။ သူက ပြောရင်ပြောတဲ့အတိုင်းလုပ်တဲ့လူစား။ ရပ်ကွက်ထဲမှာ သူ့အကြွေး မဆပ်နိုင်လို့ ထောင်ကျသွားတဲ့လူတွေ လေးငါးယောက်လောက်ရှိတယ်။ ဒီနေ့မှ သူ့ပိုက်ဆံအကြွေးကိုမဆပ်နိုင်ရင်တော့ ဒီလူတွေလမ်းကိုလိုက်ရမှာ။

အဲဒါကြောင့်လည်း အင်မတန်ဖမ်းရခက်တဲ့ ကုမ္ပဏီပိုင်ရှင်ဒါရိုက်တာကို လာစောင့်နေတာ။ အမြဲတမ်းမှုန်ကုတ်ပြီး စကားပြောရတာ အဆင်မပြေပေမယ့် သူစိတ်ကောင်းဝင်တဲ့အခါမှာတော့ လူကြမ်းတွေကိုကူညီတတ်ပါတယ်။ စိတ်ကောင်း ကလည်း တစ်နှစ်လုံးမှ တစ်ခါလောက်ဝင်တတ်တာ။ မဖြစ်လို့သာ သူနဲ့မျက်နှာချင်း ဆိုင်စကားပြောရမှာ။ မျက်မှန်အမည်းကြီး အမြဲတပ်ထားတဲ့ ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ နဲ့ စကားပြောရမှာထက်စာရင် ကျားအမြီးပဲ ပြေးဆွဲလိုက်ချင်တယ်။ ဘာကြောင့်ဆို ၂၄နာရီမှာ ၂၅နာရီလောက် သူက အမြဲစိတ်တိုနေတာ။

ပြောရင်းဆိုရင်းပဲ ဆရာသမားရဲ့ကား လမ်းထဲဝင်လာပါပြီ။သူ့ရုံးခန်းရှေ့မှာ ကားရပ်ပြီး ကားပေါ်ကဆရာသမားဆင်းလာပါပြီ။ ကျွန်တော်တို့ဘက်ကို တစ်ချက်လှည့်ကြည့်ပြီး လက်ဖက်ရည်ဝိုင်း တစ်ဝိုင်းပြင်ထားလိုက် စားချင်တာစား သောက်ချင်တာသောက်တဲ့။ သူကတော့ ရုံးခန်းထဲဝင်သွားလေရဲ့။ မျက်နှာနဲ့လေသံကို နားထောင်ကြည့်ရတာ ဒီနေ့မိုးလေဝသ ကောင်းပုံရတယ်။

ကျွန်တော်တို့လည်း မုန့်စားကျောင်းဆင်းတဲ့ကလေးတွေလို လက်ဘက်ရည်ဝိုင်းလေး ကပျာကယာပြင် ကိုယ်စားချင်တာလေးတွေ အသီးသီး မှာကြတော့တာပေါ့။ ကျွန်တော်ကတော့ စောစောကတည်းက အနံ့ရပြီးသရေကျနေတဲ့ ဆိတ်စွပ်နဲ့ နံပြားမှာလိုက်တယ်။ ကျွန်တော်တို့စားသောက်နေတုန်းပဲ ဆရာသမားဆင်းလာပါတယ်။ ထုံးစံမပျက် မျက်မှန်အမည်းကြီးတပ်လို့ပေါ့။ အရက်ရယ်၊ ဘီယာရယ်၊ ရေရှယ်၊ ရေနွေးကြမ်းရယ်ကလွဲပြီး ကျန်တာဘာမှမသောက်တတ်တဲ့ သူ့အကျင့်အကြောင်း ဆိုင်[illegible] ရေနွေးကြမ်းတွေပဲ ခွသောက်နေလေရဲ့။

ဒီနေ့မိုးလေဝသ တော်တော်ကောင်းနေပုံရတယ်။ ရယ်စရာမောစရာတွေ ထိုင်ပြောနေလေရဲ့။ နာရီဝက်လောက်လည်းထိုင်ပြီးရော ခွန်ချိုကို သူ့ရုံးခန်းထဲက ပိုက်ဆံတစ်သိန်း သွားယူခိုင်းတယ်။ ခွန်ချိုလည်း ပြန်လာရော ဝိုင်းမှာထိုင်နေသမျှ လူကြမ်းတိုင်းကို မုန့်ဖိုးဆိုပြီး တစ်ယောက်တစ်သောင်းပေးတယ်။ သူ့အကျင့်က ဒီလိုပဲ။ စိတ်ကောင်းဝင်နေတဲ့အချိန်ဆိုရင် လူကြမ်းတွေကို မုန့်ဖိုးပေးနေကျ။ ပြီးခဲ့တဲ့လကလည်း သူ့သမီးလေးမွေးနေ့ဆိုပြီး လမ်းထဲမှာရှိသမျှလူကြမ်းတွေကို တစ်ယောက်တစ်သောင်း ပေးသွားသေးတယ်။

သူ့ သမီးလေးကိုတော့ တော်တော်ချစ်တယ်။ ကျွန်တော်မွေးထားတာလည်း သမီးလေးဆိုတော့ သမီးချင်းကိုယ်ချင်းစာပြီး ကျွန်တော်ချေးမဲ့ပိုက်ဆံကို ချေးမှာ သေချာတယ်။ တွေးနေတုန်းပဲ မင်းတို့ပြန်ချင်တဲ့ကောင်ပြန်ကွာဆိုပြီး ရုံးခန်းထဲမပြော မဆို ဝင်သွားလေရဲ့။ ဟာ အဲဒါမှဒုက္ခပဲဗျာ လာစောင့်နေတာ ၅ရက်ရှိပြီ။ တွေ့တော့လည်းမပြောလိုက်ရဘူး။ ဒီနေ့မှ အဲဒီပိုက်ဆံတစ်သိန်းခွဲမရရင်လို့ကတော့ သွေးနုသားနုနဲ့မယားရယ်၊ သုံးလ သမီးလေးရယ်ကိုခွဲပြီး ထောင်ထဲဝင်ရမှာ သေချာတယ်။ ဘာလုပ်လို့လုပ်ရမှန်းကို မသိတော့ပါဘူးဗျာ။

သူ့ဆီက ပိုက်ဆံချေးလို့ရမှ အဆင်ပြေမှာဆိုတော့ ပြန်ထွက်လာအောင်ပဲ စောင့်ရုံရှိတော့တာပေါ့။ တစ်ဝိုင်းထဲထိုင်နေတုန်း ပြောရမယ့်စကား မပြောလိုက်မိတာ ကိုယ့်ပါးစပ်ကို ပိတ်ပိတ်ရိုက်ပစ်လိုက်ချင်တယ်။ ကျန်တဲ့ကောင်တွေကတော့ တစ်သောင်းစီရသွားလို့ ပျော်ရွှင်မြူးတူးပြီး အိမ်ပြန်သွားကြလေရဲ့။ အိမ်စားရိတ်

ခုရက်စာလောက် ဖူလုံသွားသလို ဇလည်း ခုရက်စာလောက် သောက်လို့ရပြီလေ။ ကျွန်တော့်မှာတော့ ကိုယ်ဒုက္ခနဲ့ကိုယ် လက်ထဲမှာရှိတဲ့ ပိုက်ဆံတစ်သောင်းကြည့်ပြီး တော့လည်း မပျော်နိုင်။ ပြန်အလာကို စိုးရိမ်တကြီးနဲ့ စောင့်မျှော်နေတဲ့ မိန်းမဆီပြန် ချင်ပေမယ့်လည်း ပြန်လို့မရ။ ပိုက်ဆံမရှိတဲ့ဘဝများ တော်တော်ဆိုးပါတယ်ဗျာ။

ရတနာမိုးကြီး ရွာချသလိုပဲ။ ဆရာသမား ခွဲစိတ်ခန်းထဲကနေ ပြန်ထွက် လာတယ်။ သူ့သမီးလေးကိုချိုလို့။ သူ့သမီး ကတုံးပြောင်ပြောင်ကို နေပူမှာစိုးလို့ ရောင်စုံထီးလေးဆောင်းထားတယ်။ လမ်းတစ်ဖက်ကိုကူးပြီး သူ့ရုံးခန်းရှေ့က ပို့စတာ တွေကိုလက်ညှိုးထိုးပြနေလေရဲ့။ ဒီတစ်ခါတော့ ရှုတောင့်ရခဲအခွင့်အရေးကို အဆုံးရှုံးမခံနိုင်တာကြောင့် ထိုင်နေရာကနေ အူယားဖားယားနဲ့ ပြေးသွားလိုက်တယ်။

အနားရောက်တာနဲ့ ဆရာသမားလက်ထဲမှာကိုင်ထားတဲ့ ထီးကိုယူပြီး ထီးတော်မိုးလုပ်နေလိုက်တယ်။ သူ့သမီးက သူ့ကိုနမ်းလိုက်တဲ့ သူ့ကအသူ့သမီးကို နမ်းလိုက် နဲ့ တော်တော်ကြည်နူးနေပုံရတယ်။ အချိန်ကောင်းဆိုပြီး ပြောမလို့ ပါးစပ်ပြင်လိုက် တုန်း မင်း ဆူးလေဘုရားလမ်းက ရွှေမြို့တော် ထမင်းဆိုင်ကိုသိလားတဲ့ မေးပါတယ်။ ပုတ်သင်ညို အကောင်တစ်ရာလောက်ပေါင်းပြီး ခေါင်းညိတ်သလို ညိတ်ပြလိုက် တော့ ဘဲသားဟင်းတစ်ပွဲ သွားဝယ်ဆိုပြီး ပိုက်ဆံနှစ်ထောင် ထုတ်ပေးလိုက်ပါတယ်။

နေအရမ်းပူနေတာကို ဂရုမစိုက်အားဘဲ သိန်းနှာမြင်းမသာတောင်လို့ ဆိုင်ကိုပြေးပါတယ်။ မောလည်း မမောနိုင်ပါဘူး။ ပန်းလည်း မပန်းအားပါဘူး။ ဆိုင်ရောက်တော့ ကောင်တာကလူကို ပိုက်ဆံတစ်သိန်းခွဲတစ်ပွဲပေးမဲ့ဆိုတော့ ကြောင်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ ကိုယ့်အမှားကိုယ်သတိရပြီး ဘဲသားဟင်း တစ်ပွဲပေးပါလို့ စပ်ဖြဲဖြဲမျက်နှာနဲ့ ပြောင်းပြောရတယ်။ ဟင်းထုပ်လည်းလက်ထဲ ရောက်ရော ဆရာသမားဆီ ကျွန်တော်ဒုန်းစိုင်းပြီး ပြန်ပြေးတော့တာပဲ။

သူတို့သားအဖ အခုထိ ရုံးခန်းထဲပြန်မဝင်သေးဘူး။ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်နဲ့ ရပ်နေကြတယ်။ ပြေးလာရလို့မောနေပေမယ့် အသက်တောင် ဝအောင်မရှူတော့ဘဲ သူ့လက်ထဲကို ဟင်းထုပ်ထည့်ပေးလိုက်ပါတယ်။ ရုံးခန်းထဲ ပြန်ဝင်ဖို့ သူခြေလှမ်းစတာကြောင့် အခွင့်အရေးကိုထပ်ပြီး အဆုံးမခံနိုင်တာနဲ့ သူ့ရှေ့မှာရပ်ပြီး ကျွန်တော့်ပြဿနာကို သူသနားအောင် ရှင်းပြပါတယ်။

မိန်းမကလေးမွေးလို့ ပိုက်ဆံချေးထားရတဲ့အကြောင်း၊ သကြီန်ပြီးကတည်း က ကားရိုက်မရှိတဲ့အကြောင်း၊ အဝတ်အစားနဲ့ အိမ်ထောင်ပရိဘောဂတွေ ပေါင်နှံ ရောင်းချပြီးစားသောက်နေရတဲ့အကြောင်း၊ သမီးလေးကလည်း နေမကောင်းလို့ ဆေးဝယ်တိုက်နေရတဲ့အကြောင်း၊ အကြွေးကို ဒီနေ့မှမဆပ်နိုင်ရင် ကျွန်တော်

အဖမ်းခံရမယ့် အခြေ ...င်း၊ အဖမ်းခံရရင် သမီးလေးနဲ့မိန်းမ ဒုက္ခရောက်မယ့် အကြောင်းတွေကို သူသဘောပေါက်နားလည်ပြီး ကျွန်တော်တို့မိသားစုကို သနား လာအောင် သေသေချာချာကို ရှင်းပြလိုက်ပါတယ်။

ရှင်းပြပြီးတဲ့ကျွန်တော့်စကားလည်းဆုံးရော စောစောကကြည်လင်နေတဲ့ သူ့မျက်နှာ လငပုတ်ဖမ်းသွားသလိုပါပဲဗျာ။ နဂိုကတည်းကမှ ဆိုးလှတဲ့ရုပ်ကို မျက်မှောင်ကြီးကုတ်ပြီး ပြောပါတယ်။ မင်းတို့ကိုငါမကြိုက်တာ အဲဒါပဲထင်ကျော် အလုပ်ကျတော့ လက်ကြောတင်းအောင် မလုပ်ချင်ဘူး။ အရက်ကျတော့ တမြမြ လုပ်တယ်။ ကိုယ့်တစ်ဝမ်းတခါးတောင် ဝအောင်ရှာမစားနိုင်သေးဘဲ မိန်းမကျတော့ ယူတယ်။ ဝင်ငွေမရှိဘဲ ကလေးမွေးတယ်။ အခု တစ်သောင်းအလကားရတော့ တစ်သိန်းခွဲလောက်များ အချောင်ရမလားဆိုပြီး မင်း ငါ့ကိုပေါက်တတ်ကရတွေ လာပြောတယ်။ ပိုက်ဆံတော့မရဘူး လက်သီးပဲရမယ်။ ငါ့ကုမ္ပဏီမှာ ဘယ်တော့မှ မင်း ကားလာမရိုက်နဲ့တဲ့။

ဒေါသတကြီးပြောပြီး သူ့ရုံးခန်းထဲဝင်သွားလိုက်တာဗျာ။ တစ်ချက်ကလေး တောင် လှည့်ကြည့်မသွားဘူး။ အကြင်နာတရား ကင်းမဲ့တဲ့လူ၊ ကိုယ်ချင်းစာတရား မရှိတဲ့လူ၊ ကိုယ့်လက်အောက်က လုပ်ဖော်ကိုင်ဖက်ကို ငဲ့ကြည့်ဖော်မရတဲ့လူ တကယ် ဆိုရင်သူမှ ... တော့လိုပဲ သမီးနဲ့မိန်းမနဲ့ပါဗျာ။ နည်းနည်းလောက်တော့ စာနာနားလည် သင့်ပါတယ်။ ပိုက်ဆံတစ်သိန်းခွဲဆိုတာ သူ့အတွက် အရက်တစ်လုံး ဖိုးပဲရှိပါတယ်။ ကျွန်တော့်အတွက်တော့ တစ်ဘဝစာရှိတယ်ဆိုတာ ဒီလူ နည်းနည်း လေးမှ ထည့်မတွက်ဘူး။ ညနေအိမ်ရောက်လို့ ပိုက်ဆံ တစ်သိန်းခွဲ မပေးနိုင်ဘူးဆိုရင် ကျွန်တော်ရယ်၊ ကျွန်တော့် မိန်းမရယ်၊ ကျွန်တော့် သမီးလေးရယ်ရဲ့ ဘဝတွေဟာ ကြက်ဥထုပ်ကိုလှည်းကြိတ်သလို တစ်စစီ တစ်ကွဲစီ ဖြစ်တော့မှာ။

ဆွဲစရာကောက်ရိုးဆိုပြီး အားကိုးတကြီးနဲ့ သူ့ဆီကိုလာခဲ့တာ၊ မျှော်လင့်ခဲ့ မိတာ ကျွန်တော့်ရဲ့အမှားပါဗျာ။ အခုချိန်မှာများ ကျွန်တော့်ရဲ့ကိုယ်လက်အင်္ဂါ တစ်ခုခုကို ဖြတ်ရောင်းလိုက်လို့ ပိုက်ဆံတစ်သိန်းခွဲရမယ်ဆိုရင် မေ့ဆေးတွေ၊ ထုံဆေး တွေမလိုဘဲ ကျွန်တော်ဖြတ်ရောင်းပါတယ်။

အခုတော့ ကျွန်တော် ဘာလုပ်ရမလဲ ဟင် ပြောကြပါဦး။

ကျော်မင်း